


၇၅၀ ကျပ်

# မြန်မာတိုင်း(မ်)
THE MYANMAR TIMES

သင်ယနေ့ဖတ်ရမည့် အနာဂတ်သတင်းစာစောင် | myanmar.mmtimes.com | အတွဲ ၃၄၊ အမှတ် ၆၇၄ (၁၀၊ ၅ - ၅၊ ၆၊ ၂၀၁၄)



## မပြောင်းလဲသေးတဲ့ ရန်ကုန်မြို့ရဲ့ ခရီးသည် ပို့ဆောင်ရေးစနစ်
စာ – ၁၆

## ကြွက်များ သေဆုံးမှုကို သက်ဆိုင်ရာကစစ်ဆေးရာ ပလိပ်ရောဂါပိုး မတွေ့ရှိရ

ရောဝတီတိုင်းဒေသကြီးအတွင်း ကြွက်အကောင် ၁,၆၀၀ ခန့် သေဆုံးခဲ့သဖြင့် သက်ဆိုင်ရာက စစ်ဆေးစောင့်ကြည့်နေ စာ – ၉

## သန်းခေါင်စာရင်း အဆင့် ၂၊ ၃ အောက်တိုဘာကုန် ပြီးစီးရန် ခန့်မှန်း

သန်းခေါင်စာရင်းလုပ်ငန်းစဉ်များ၌ အဆင့်ရှစ်ဆင့်ရှိသည့်အနက် အဆင့် ၂နှင့် ၃ များသို့ ရောက်ရှိနေ စာ – ၇




# ဘာသာကူးပြောင်းခြင်း ဥပဒေကြမ်း အငြင်းပွား ကန့်ကွက်မှုများ ပေါ်ပေါက်
စာ – ၂

မျိုးစောင့်ဥပဒေကြမ်းကိုလည်း ယခုကျင်းပနေသည့် လွှတ်တော်အစည်းအဝေးတွင် တင်ပြဆွေးနွေးသွားရန် စီစဉ်



သတင်းအပြည့်အစုံ စာ -၃

ဓာတ်ပုံ – ဓာနည်ဖြိုး

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပြင်ဆင်နိုင်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့ ပူးပေါင်းပြုလုပ်နေသည့် လူထုဆန္ဒလက်မှတ်ရေးထိုးပွဲကို မေလ ၂၇ ရက်နေ့က စတင်ပြီး တစ်နိုင်ငံလုံး၌ ပြုလုပ်နေရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်တွင် လာရောက်လက်မှတ်ရေးထိုးနေကြသည့် အနုပညာရှင်များကို တွေ့ရစဉ်။ အဆိုပါ လက်မှတ်ရေးထိုးပွဲများကို ဇူလိုင်လ ၁၉ ရက်နေ့အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ပြည်သူများ လာရောက်လက်မှတ်ရေးထိုးကြရန်လည်း ဖိတ်ခေါ်ထားသည်။






# လွှတ်တော် အစည်းအဝေးသို့ မျိုးစောင့်ဥပဒေကြမ်း တင်မည်

အိအိတိုးလွင်

**မျိုးစောင့်ဥပဒေဟု** လူအများခေါ်ဆိုကြသည့် ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေနှင့် လူဦးရေ တိုးပွားမှုနှုန်း ထိန်းညှိခြင်းဆိုင်ရာ ဥပဒေကြမ်းနှစ်ခုကို နိုင်ငံတော်သမ္မတထံ တင်ပြထားပြီးဖြစ်ရာ လက်ရှိကျင်းပလျှက်ရှိသည့် ဒသမအကြိမ်မြောက် လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးနိုင်ရန် တင်ပြသွားမည်ဖြစ်ကြောင်း ဥပဒေကြမ်း ရေးဆွဲရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ဌေးက ပြောသည်။

"သတင်းလုံခြုံရေးကြောင့်သာ ဘယ်နေ့ဆိုတာမပြောနိုင်တာပါ။ အားလုံးတော့ ပြီးသွားပါပြီ။ နိုင်ငံတော်သမ္မတဆီလည်း ပို့ထားပြီးပြီဆိုတော့ သတင်းစာကနေ လူထုကို တရားဝင်အသိပေးပြီး လူထုက ပေးပို့လာတဲ့ အကြံပြုချက်နဲ့အတူ အခုကျင်းပမယ့် လွှတ်တော်ကို တင်နိုင်ဖို့ ကြိုးပမ်းနေပါတယ်။ မီနိုင်မှာပါ" ဟု သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေးကပြောသည်။

ရဟန်းသံဃာများအပါအဝင် နိုင်ငံသား ၁၅ သိန်းကျော် လက်မှတ်ထိုးပေးပို့ထားသော ဥပဒေလေးခုကို (ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ၊ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေ၊ တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်း ဆိုင်ရာ ဥပဒေ၊ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ဥပဒေ)တရားဝင် ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်သမ္မတက ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်သို့ သဝဏ်လွှာ ပေးပို့ခဲ့သည်။ လွှတ်တော် နာယက သူရဦးရွှေမန်းကမူ အဆိုပါ မူကြမ်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက ရေးဆွဲပြီးမှသာ ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်တင်ပြရန် ဆုံးဖြတ်ခဲ့သည့်အတွက် သမ္မတက အဖွဲ့ဝင် ၁၂ ဦးပါဝင်သည့် ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းကာ ဥပဒေလေးခုကို ရေးဆွဲရန် တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

ယင်းဥပဒေလေးခုအနက် ကိုးကွယ်ရာ ဘာသာ ကူးပြောင်းခြင်းဆိုင်ရာ(မူကြမ်း)ကို မေလ ၂၇ ရက်နေ့ နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြထားသည်။

ယင်း ဥပဒေများသည် မြန်မာနိုင်ငံအတွင်း၌ဖြစ်ပေါ်လျက်ရှိသည့် ပဋိပက္ခများကို ဖြေရှင်းရာတွင် အဓိကအကြောင်းရင်းဖြစ်သည့် လူမှုရေး မညီမျှမှုများ ပြေလည်စေရန် ရည်ရွယ်၍ မဖြစ်မနေ ပြဋ္ဌာန်းပေးစေလိုကြောင်း ရဟန်းသံဃာနှင့် လူထုအချို့က တောင်းဆိုခဲ့ခြင်းဖြစ်သော်လည်း ဥပဒေပြဋ္ဌာန်းလိုက်ခြင်းဖြင့် လက်ရှိ ဖြစ်ပေါ်နေသော ပြဿနာများကို ပိုမိုကြီးထွားစေနိုင်သည်ဟုဆိုကာ ပြည်တွင်း၊ ပြည်ပမှ နိုင်ငံတကာ အဖွဲ့အစည်းများက ရှုတ်ချလျက်ရှိသည်။

ထို့ပြင် အမျိုးသမီးများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကလည်း လူ့အခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးကို ချိုးဖောက်စေကာ သမိုင်းတွင် အစွန်းအထင်းဖြစ်မည့် လုပ်ရပ်တစ်ခုဖြစ်သည့်အတွက် ယင်းဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ပေးရန် ကြေငြာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ယင်းသို့ ထုတ်ပြန်ပြီး မကြာမီ မျိုးစောင့်ဥပဒေကို လွှတ်တော်တွင် တင်သွင်းရန် ကြိုးပမ်းခြင်းသည် နိုင်ငံရေး အမြတ်ထုတ်ရန် လုပ်ဆောင်ခြင်းမဟုတ်ဘဲ အမျိုးဘာသာ၊ သာသနာအတွက် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့၏ ဗဟိုအလုပ်အမှုဆောင် ဓမ္မစက္က ဦးမောင်မောင်က ပြန်လည်တုံ့ပြန်ခဲ့ပြီး ကန့်ကွက်ချက် ထုတ်ပြန်ခဲ့သည့် အရပ်ဘက် လူ့အဖွဲ့အစည်း ၉၇ ဖွဲ့ကို အမျိုးသားသစ္စာဖောက်များအဖြစ် သတ်မှတ်ကြောင်း အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့ (အထက်မြန်မာပြည်)က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

"ဥပဒေက ဘာမှန်း မသိသေးလို့ ကန့်ကွက်နေတယ်လို့ပဲ ယူဆပါတယ်။ ကျွန်တော်တို့ကတော့ ဥပဒေပါ အကြောင်းအရာတွေ၊ စကားလုံး၊ စကားရပ်ကအစ နိုင်ငံတကာစံနဲ့ ကိုက်ညီအောင် ရေးဆွဲထားပါတယ်။ အများပြည်သူကိုလည်း ချပြမှာ ဖြစ်တဲ့အတွက် အကြံပြုချက်တွေလည်း လက်ခံတယ်။ လွှတ်တော်မှာ ဆွေးနွေးမှာလည်း ဖြစ်တဲ့အတွက် အဲဒီအချိန်ကျရင်လည်း ဝိုင်းဆွေးနွေးနိုင်ပါတယ်"ဟု ဒေါက်တာ မောင်မောင်ဌေးကပြောသည်။ ■

# ဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း အငြင်းပွားဖွယ်ဖြစ်နေ



ကျော်ဖုန်းကျော်
ရေးသားသည်။

**ဥပဒေပြဋ္ဌာန်းပေးရေးအတွက်** ကြိုးပမ်းသည့် လှုပ်ရှားမှုများပြုလုပ်စဉ်ကတည်းက အမြင်မတူသူများအကြား အငြင်းပွားမှုများရှိခဲ့သလို၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများက အစဉ်တစိုက် ကန့်ကွက်မှုများရှိနေသည့် 'ကိုးကွယ်ရာ ဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ' မူကြမ်းကို မေလ ၂၇ ရက်နေ့တွင် အစိုးရက ထုတ်ပြန်ခဲ့သည်။

ဒုတိယရှေ့နေချုပ်ဦးဆောင်သော အဖွဲ့ဝင် ၁၂ ဦးပါ ကော်မရှင်က ထိုဥပဒေမူကြမ်းကို ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ပြည်သူများထံမှ အကြံပြုချက်များပေးပို့ရန် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်ဟု နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ထိုဥပဒေမူကြမ်းတွင် ဘာသာ သာသနာကို စော်ကားရန်၊ အကြည်ညိုပျက်စေရန်၊ ဖျက်ဆီးရန် (သို့) အလွဲသုံးစားပြုရန် အကြံဖြင့် ကိုးကွယ်ရာဘာသာကို ကူးပြောင်းပါက ထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်နိုင်သော ပုဒ်မများလည်းပါဝင်သည်ကို တွေ့ရသည်။

"လူတစ်ယောက်က ဘယ်လိုအကြံအစည်နဲ့ ဘာသာပြောင်းတယ်ဆိုတာကို ဘယ်သူက စစ်ဆေးလို့ ရမှာလဲ။ ကိုးကွယ်ရာဘာသာဆိုတာ လူတစ်ဦးချင်းစီရဲ့ ယုံကြည်မှုနဲ့ ဆိုင်တဲ့ ကိစ္စမို့ စစ်ဆေးဖို့ မဖြစ်နိုင်ပါဘူး။ ဥပဒေတစ်ခုကို ပြဋ္ဌာန်းတဲ့အခါမှာ လက်တွေ့သုံးလို့ရတဲ့ဥပဒေမျိုးကိုပဲ ပြဋ္ဌာန်းရပါတယ်။ ဒီလိုပြဋ္ဌာန်းချက်က လက်တွေ့မကျပါဘူး" ဟု တရားလွှတ်တော်ရှေ့နေ ဦးကိုနီက ဝေဖန်လိုက်သည်။

အဆိုပါပြဋ္ဌာန်းချက်သည် ရှိရင်းစွဲ တည်ဆဲဥပဒေဖြစ်သည့် ပြစ်မှုဆိုင်ရာဥပဒေတွင်ပါဝင်သော 'သာသနာညှိုးနွမ်းအောင်ပြုမှု'နှင့် အလားသဏ္ဌာန်တူနေသဖြင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက လိုရာပုဒ်မဖြင့် တရားစွဲမှုမျိုး ဖြစ်လာနိုင်သလို အငြင်းပွားမှုများရှိလာနိုင်ကြောင်းလည်း တရားလွှတ်တော်ရှေ့နေ ဦးခင်ဇော်က မြန်မာတိုင်း(မ်)ကို ပြောသည်။

ဥပဒေမူကြမ်းအရ ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူသည် မြို့နယ် သာသနာရေးမှူးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖနှစ်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးက တာဝန်ပေးအပ်သူတစ်ဦးတို့ ပါဝင်သည့် စိစစ်ရေးအဖွဲ့ထံ တင်ပြရမည်ဖြစ်သည်။

ထိုအဖွဲ့က ဘာသာကူးပြောင်းရန် လျှောက်ထားသူသည် တစ်စုံတစ်ရာ လွှမ်းမိုးမှု၊ ဖိအားပေးမှု ခံထားရခြင်းရှိ၊မရှိ၊ ကူးပြောင်းမည့်ဘာသာ၏ အနှစ်သာရကို နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးပြီး ဘာသာပြောင်းကြောင်း မှတ်ပုံတင်ထုတ်ပေးရန် ဆုံးဖြတ်မည်ဟု ပါရှိသည်။

> **ကိုးကွယ်ရာ ဘာသာဆိုတာ လူတစ်ဦးချင်းစီရဲ့ ယုံကြည်မှုနဲ့ ဆိုင်တဲ့ ကိစ္စမို့ စစ်ဆေးဖို့ မဖြစ်နိုင်ပါဘူး ...**

Equality Myanmar လူမှုအဖွဲ့အစည်းမှ ဒါရိုက်တာ ဦးအောင်မျိုးမင်းက ဘာသာကူးပြောင်းမှုကို စစ်ဆေးပြီး မှတ်ပုံတင်ထုတ်ပေးမည့်အဖွဲ့တွင် ပါဝင်မည့်သူများသည် ဗုဒ္ဓဘာသာများသာ ဖြစ်နိုင်ခြေများသဖြင့် အခြားဘာသာများ၏ ယုံကြည်မှုဆိုင်ရာကိစ္စများကိုနားလည်ရန် မလွယ်ကြောင်း၊ ထို့ကြောင့် ထိုအဖွဲ့တွင် ဘာသာပေါင်းစုံမှ ပုဂ္ဂိုလ်များပါဝင်မှသာ သင့်လျော်မည်ဖြစ်ကြောင်းပြောသည်။

ဥပဒေကြမ်း၏ ပုဒ်မ ၂၅ တွင် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ကိစ္စများကို ယခုဥပဒေ အရသာ ဆောင်ရွက်ရမည်ဟုပြဋ္ဌာန်းထားသဖြင့် မိမိယုံကြည်မှုအရ အလွယ်တကူ ဘာသာကူးပြောင်း ခြင်းသည် တရားမဝင်သည့်သဘောမျိုးသက်ရောက်နေကြောင်း ရှေ့နေ ဦးကိုနီက ဝေဖန်ခဲ့သည်။

"ကျွန်တော်က ခရစ်ယာန်ကိုးကွယ်သူဆိုပါစို့ဗျာ။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတစ်ပါးနဲ့တွေ့တဲ့အခါ အဲဒီဆရာတော်ရဲ့ဟောပြောမှုအရ ဗုဒ္ဓဘာသာကို ပြောင်းလဲ သက်ဝင်ယုံကြည်သွားပြီဆိုပါစို့။ အဲဒါက ဒီဥပဒေအရ ဆိုရင် တရားမဝင်ဘူးဖြစ်နေတယ်။ ဒါဟာ လွတ်လပ်စွာကိုးကွယ်ခွင့်ကို ချိုးဖောက်တာပဲ။ အခြေခံဥပဒေနဲ့လည်း မညီညွတ်ဘူး"ဟု ၎င်းကပြောသည်။

ဥပဒေကြမ်း၏ ပုဒ်မ ၁၆ တွင် မည်သူမျှ ကိုးကွယ်ဘာသာကူးပြောင်းခြင်းကို ဟန့်တားခြင်း၊ ပိတ်ပင်ခြင်း၊ နှောင့်ယှက်ခြင်းမပြုရဟု ပါရှိသော်လည်း ဘာသာကူးပြောင်းမှု စိစစ်ရေးအဖွဲ့က မှတ်ပုံတင်ထုတ်ပေးမှသာ ဘာသာပြောင်းလဲကိုးကွယ်ခွင့်ရှိသကဲ့သို့ ဖြစ်နေသဖြင့် ဥပဒေတွင် ရှေ့နောက်မညီမှုများရှိနေသည်။

"စိစစ်ရေးအဖွဲ့က သူတို့စံနှုန်းနဲ့မညီလို့ ဘာသာပြောင်းခွင့်မှတ်ပုံတင်မပေးပါဘူးတဲ့။ အဲဒီအဖွဲ့ကို ဘာသာပြောင်းတာ ဟန့်တားမှုနဲ့ ထောင်ချမှာလား" ဟု ဦးကိုနီက ပြောသည်။

ယခုဥပဒေသည် နိုင်ငံအတွက်ပြဋ္ဌာန်းရန် မလိုအပ်သော ဥပဒေဖြစ်ပြီး မြန်မာနိုင်ငံတွင် လိုအပ်သော ဥပဒေမှာ စင်ကာပူတွင် ပြဋ္ဌာန်းထားသကဲ့သို့ ဘာသာပေါင်းစုံ ချစ်ကြည်စွာနေထိုင်နိုင်ရေးအတွက် ဘာသာရေးဆိုင်ရာ အမုန်းစကားများကို တားမြစ်သော ဥပဒေကို ပြဋ္ဌာန်းရန်သာ လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

မဘသအဖွဲ့မှ ဥပဒေအကြံပေး ဦးအေးပိုင်နှင့် ဗဟိုအလုပ်အမှုဆောင် ဓမ္မစက္ကဦးမောင်မောင်တို့ကမူ ဥပဒေကြမ်းတွင်ထည့်သွင်းထားသည့် ပြစ်ဒဏ်များသည် နည်းနေသေးကြောင်း၊ ဘာသာ သာသနာကိုစော်ကားရန်ရည်ရွယ်၍ ဘာသာပြောင်းပါက ထောင်ဒဏ် ငါးနှစ်မှ ၁၀ နှစ်ချမှတ်သင့်ကြောင်းနှင့် ထိုအချက်ကို အကြံပြုချက်အနေဖြင့် ဥပဒေရေးဆွဲသည့်အဖွဲ့ထံ တင်ပြသွားမည်ဟု ဆိုသည်။ ■



# အခြေခံဥပဒေ ပြင်သင့်ဟု သူရ ဦးအောင်ကိုပြော

စုလှိုင်ထွန်း

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်** ဖွံ့ဖြိုးရေးပါတီ၏ ဗဟိုအလုပ်အမှုဆောင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုက ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

"အခြေခံဥပဒေကို မပြင်ဘူးဆိုရင် တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေး စာချုပ်လက်မှတ်ရေးထိုးနိုင်ပေမယ့် ဒုတိယအဆင့်ဖြစ်တဲ့ ငြိမ်းချမ်းရေးသဘောတူ စာချုပ်ကြီးကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ဖို့ အခက်အခဲများစွာ ကြုံတွေ့ရနိုင်တယ်။ စိန်ခေါ်မှု မျိုးစုံကိုလည်း ဆက်လက်ကြုံတွေ့ရနိုင်ပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တောင်မှ မရေမရာဖြစ်သွားနိုင်တယ်"ဟု ၎င်းက မေလ ၂၈ ရက်နေ့က စတင်သည့် ပြည်သူ့လွှတ်တော်အစည်းအဝေး ပထမနေ့တွင် မီဒီယာများကို ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီတို့ တောင်းဆိုနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို နိုင်ငံတကာကလည်း တောင်းဆိုနေချိန်တွင် အုပ်ချုပ်ရေးမဏ္ဍိုင်က တောင်းဆိုမှုကို မျက်ကွယ်ပြုပါက နိုင်ငံရေးအကျပ်အတည်းဆီသို့ ဦးတည်သွားနိုင်ကြောင်းလည်း ၎င်းကပြောသည်။

အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၄၃၆ ကို ဖြုတ်ပယ်သင့်သည်ဟု ပြောကြားသည်။

"မိမိဆုံးဖြတ်ချက်နဲ့ ခလုတ်နှိပ်တာမျိုး မတ်တတ်ရပ်ဆန္ဒပြုတာမျိုး မရှိတဲ့ တပ်မတော်ဟာ တစ်စုတစ်စည်းတည်း လွှတ်တော်ထဲမှာ ဖြစ်နေတယ်။ အဲဒီတစ်စုတည်းက မဲတစ်ခုတည်းဖြစ်နေတယ်။ အဲဒါက ဒီမိုကရေစီနိုင်ငံရဲ့ ပြယုဂ်နဲ့ လားလားမှ မသက်ဆိုင်ဘူး။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီမှာ လွတ်လပ်စွာ မဲပေးနိုင်ခွင့်ရှိရမယ်။ ၄၃၆ ဆိုတဲ့ ပုဒ်မက ပြင်သင့်တာတောင်မဟုတ်ဘဲနဲ့ ဖြုတ်သင့်တာတောင်ဖြစ်နေတယ်။ လွှတ်တော်ကို ဥပဒေပြုရေးအာဏာ အပြည့်ပေးတယ်ဆိုရင် ၄၃၆ က လုံးဝမလိုအပ်ဘူး"ဟု ၎င်းကပြောသည်။ ■

# အခြေခံဥပဒေ ပုဒ်မ ၄၃၆ ကို ပြင်ဆင်ရန် ဥပဒေဘောင်အတွင်းက ငြိမ်းချမ်းစွာ ကြိုးပမ်းမည်

အိအိတိုးလွင်နှင့် စုလှိုင်ထွန်း

**အမျိုးသား** ဒီမိုကရေစီ အဖွဲ့ချုပ်(အင်န်အယ်လ်ဒီ) နှင့် ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပုဒ်မ ၄၃၆ ပြင်ဆင်ရေး လှုပ်ရှားမှုများအပေါ် ဝေဖန်သတိပေးချက်အမျိုးမျိုး ထွက်ပေါ်နေသော်လည်း ၎င်းတို့အနေဖြင့် ပုဒ်မ ၄၃၆ ပြင်ဆင်ရေးကို ဥပဘောင်အတွင်းကသာ ငြိမ်းချမ်းစွာ ကြိုးပမ်းမည်ဖြစ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးကိုကိုကြီးက ထပ်လောင်းပြောဆိုလိုက်သည်။

"၄၃၆ ကို ပြင်ဖို့အတွက် ၄၃၆ ကိုပဲ သုံးပြီးတော့ ပြင်ဖို့ ကျွန်တော်တို့ ကြိုးစားနေတာဖြစ်ပါတယ်။ ငြိမ်းချမ်းတဲ့နည်း၊ တရားမျှတတဲ့နည်းတွေနဲ့ ကြိုးစားသွားမှာ ဖြစ်တဲ့အတွက် ပြည်သူအားလုံးက တစ်ခဲနက် ဝိုင်းဝန်းပါဝင်ပေးဖို့ တိုက်တွန်းပါတယ်"ဟု ဦးကိုကိုကြီးက မေလ ၂၇ ရက်နေ့၊ အင်န်အယ်လ်ဒီ ရုံးချုပ်တွင် ကျင်းပသည့် ပုဒ်မ ၄၃၆ ပြင်ဆင်ရေး ပြည်သူ့ဆန္ဒ လက်မှတ်ရေးထိုးလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားတွင် ပြောသည်။

အင်န်အယ်လ်ဒီနှင့်၈၈မျိုးဆက်တို့သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၄၃၆ ပြင်ဆင်ရေးအတွက် လူထုဟောပြောပွဲများနှင့် အတူ ဆန္ဒလက်မှတ်ကောက်ယူမှုများကို ၁၉၉၀ ရွေးကောက်ပွဲ နှစ်ပတ်လည်နေ့ ဖြစ်သည့် မေလ ၂၇ ရက်နေ့မှ စတင်ကောက်ယူခဲ့ခြင်းဖြစ်ပြီး ဇူလိုင်လ ၁၉ ရက်အထိ နိုင်ငံတစ်ဝန်းတွင် ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းလှုပ်ရှားမှုများနှင့် ပတ်သက်၍ အင်န်အယ်လ်ဒီကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က သတိပေးချက် ထုတ်ပြန်ထားသည့် အပြင် အဆိုပါ လှုပ်ရှားမှုများမှ တစ်ဆင့် တိုင်းပြည် ဆူပူမှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ပူပန်မှုများလည်း ရှိနေသည်။

အင်န်အယ်လ်ဒီပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အစိုးရရုံးစိုက်ရာ နေပြည်တော် ဥတ္တရ သီရိမြို့နယ်ရှိ ပါတီရုံးခွဲတွင် ပုဒ်မ ၄၃၆ ပြင်ဆင်ရေး ပါဝင်လက်မှတ်ရေးထိုးခဲ့သည့်အပြင် အဆိုပါ ပုဒ်မကို ပြင်ဆင်ရန် လှုပ်ရှားမှုသည် ဥပဒေဘောင်အတွင်းက ကြိုးပမ်းခြင်း ဖြစ်သည့်အတွက် တပ်မတော်သားများအပါအဝင် အစိုးရ ဝန်ထမ်းများက ပါဝင်လက်မှတ်ရေးထိုးရန် ဟောပြောစည်းရုံးမှုများ ပြုလုပ်ခဲ့သည်။



**ဇမ္ဗူသီရိမြို့နယ်၌ ကျင်းပသည့် လက်မှတ်ရေးထိုးပွဲကို လာရောက်ကန့်ကွက်နေသူအချို့အား တွေ့ရစဉ်။** ဓာတ်ပုံ - စုလှိုင်ထွန်း

မေလ ၂၇ ရက်နေ့တွင် အင်န်အယ်လ်ဒီသည် အစိုးရဝန်ထမ်းများ၊ စစ်ဘက်ဆိုင်ရာ ဝန်ထမ်းများ အများဆုံးနေထိုင်နေသည့် ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အပါအဝင် ငါးမြို့နယ်တွင် လှည့်လည်ပြီး ပုဒ်မ ၄၃၆ ပြင်ဆင်ရေးအတွက် လက်မှတ်ရေးထိုးပေးပွဲများကို ကျင်းပခဲ့သည်။

နေပြည်တော်ရှိ တပ်မတော်သားများကိုလည်း လက်မှတ်ရေးထိုးပွဲကို တက်ရောက်အားပေးကြပါရန် တိုက်တွန်းခဲ့သည်။

"တပ်မတော်သားဆိုတာလည်း နိုင်ငံ့ဝန်ထမ်းပဲ၊ ဒီတော့လက်မှတ်ရေးထိုးပွဲကို ထောက်ခံတဲ့အနေနဲ့ လိုက်လိုက်လဲ့လဲ့ လာရောက်လက်မှတ်ရေးထိုးပါလို့ မေတ္တာရပ်ခံရင်း တိုက်တွန်းချင်ပါတယ်"ဟု ပုဗ္ဗသီရိမြို့နယ်တွင် ဟောပြောစဉ် ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

အဆိုပါ လက်မှတ်ထိုးပွဲကို နိုင်ငံအနှံ့ကျင်းပရခြင်းသည် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် ပြုပြင်ပြောင်းလဲရေးများဆောင်ရွက်နိုင်ရန် လုပ်ဆောင်ရခြင်း ဖြစ်သည်ဟုဆိုသည်။

ထို့ကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပြင်ဆင်ရန် လက်မှတ်ရေးထိုးပွဲကို ဇမ္ဗူသီရိမြို့နယ် အဖွဲ့ချုပ်တွင်ကျင်းပနေစဉ် ထိုပွဲအနီးသို့ 'တိုင်းပြည်အန္တရာယ်ကျရောက်မည့် အခြေခံဥပဒေပုဒ်မ ၄၃၆ ပြင်ဆင်ခြင်းအား ရှောင်ရှားကြ' ဆိုသည့် ဆိုင်းဘုတ်များကိုင်ဆောင်သည့်ပုဂ္ဂိုလ် ၁၀ ဦးခန့်ရောက်ရှိလာပြီး ထိပ်တိုက်ဆန္ဒပြခြင်းများ ဆောင်ရွက်ခဲ့သည်။

"ဒီလက်မှတ်ရေးထိုးပွဲမတိုင်မီ ၂၄ ရက်နေ့က အုပ်ချုပ်ရေးကတစ်ဆင့် တစ်အိမ်တစ်ယောက် အစည်းအဝေးဆင့်ခေါ်တယ်။ ခေါင်းစဉ်မပါဘူး။ ဒါပေမဲ့ ပြောသွားတာတွေက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချင်တယ်ဆိုရင် ဘယ်အချက်လဲဆိုတာပြောဆိုပြီး ပြောတယ်ဆိုပေမယ့် သူတို့ပြောခဲ့တာတွေမှာ ပြင်ပေးချင်တဲ့ ဆန္ဒမရှိဘူး။ ဘယ်အချက်ကို ဘာကြောင့်မပြင်ချင်တာပါဆိုတဲ့ ပြည်သူတွေလက်ခံနိုင်တဲ့ ဖြေရှင်းချက်မျိုး သူတို့ မပြောနိုင်ခဲ့ဘူး။ လယ်ယာမြေအတွက် အမတော်ကြေးထပ်ထုတ်ပေးမယ်ဆိုတာလည်း ပြောတယ်"ဟု လာရောက်လက်မှတ်ရေးထိုးခဲ့သည့် ဒေါ်မြင့်မြင့်သန်းက ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့က ဥပဒေဘောင်အတွင်းကနေ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဥပဒေကို မချိုးဖောက်ဘူး။ သူတို့ဘက်ကလည်း ဝန်ထမ်းတွေလက်မှတ်မထိုးအောင် ခြိမ်းခြောက်မှုတွေ ရှိတယ်လို့ကြားတယ်။ ဒါကသာ ဥပဒေကို ချိုးဖောက်တာ။ ဒီလိုဆို သက်သေခိုင်လုံစွာနဲ့ တင်ပြပါ၊ ဒီအတွက် ထိထိရောက်ရောက် ပြန်လည်တုံ့ပြန်သွားမှာပါ။ တိကျသေချာတဲ့ သက်သေတွေဖြစ်ဖို့ လိုပါတယ်"ဟု ပြောသည်။ ■



MCM
**MYANMAR CONSOLIDATED MEDIA Ltd.**

**မန်နေဂျင်းဒါရိုက်တာနှင့်**
**စာတည်းမှူးချုပ် (မြန်မာ၊ အင်္ဂလိပ်)** ရော့(စ်)ဒန်ကလီ
*rsdunkley@gmail.com*
**စီမံခန့်ခွဲမှုအရာရှိချုပ်** ဝင်ဒီမာဒရီဂယ်
*madrigalmcm@gmail.com*
**ဒု-စီမံခန့်ခွဲမှုအရာရှိချုပ်နှင့်**
**စီးပွားရေးစာတည်း (မြန်မာ)** တင်မိုးအောင်
*tinmoeaung.mcm@gmail.com*
**စာတည်းမှူး (မြန်မာ)** ဆန်းဦး
*sannoo@gmail.com*
**စာတည်းမှူး (အင်္ဂလိပ်)** သောမတ်စ်ကင်း(န်)
*tdkean@gmail.com*
**စာတည်းမှူး (အထူးအချပ်ပို)** မျိုးလွင်
*myolwin286@gmail.com*
**သတင်းထောက်ချုပ်** ဇော်ဝင်းသန်း
*zawwinthan@gmail.com*
**ဒု-စာတည်းမှူးနှင့်**
**လူမှုဘဝစာတည်း (မြန်မာ)** မိုမိုသော်
*mohthaw@gmail.com*
**ဒု-စာတည်းမှူး (မြန်မာ)** အေးစပယ်ဖြူ
**အကြီးတန်းစာတည်း** မောင်သွေးသစ်
**အတိုင်ပင်ခံစာတည်း** မသီဂီ
**စီးပွားရေးစာတည်း (အင်္ဂလိပ်)** ဂျရမီမြူလန်
*jeremymullins7@gmail.com*
**ဒု-စီးပွားရေးစာတည်း (မြန်မာ)** အေးသီတာကျော်
**အကြီးတန်းလက်ထောက်စာတည်း** စန္ဒာလွင်
**အားကစားစာတည်း** ထွန်းနေအောင်
**လူမှုဘဝစာတည်း (အင်္ဂလိပ်)** ဗုစ်တနေလိုက်
**နိုင်ငံတကာစာတည်း** တင်စိန်
**ဓာတ်ပုံဌာန (မန်နေဂျာ)** ကောင်းထက်
**ဓာတ်ပုံသတင်းထောက်များ** လွင်ကိုတိတ်၊ သီရိလူ၊ အောင်ငွေးလှိုင်၊ ဇာနည်ဖြိုး
**မန္တလေးရုံးခွဲ တာဝန်ခံ** စတူးဝပ်အလန်ဘက်ကာ
*stuart.becker@gmail.com*
**မန္တလေးရုံးခွဲ ဖြန့်ချိရေးဌာန**
*mdydistribution.mcm@gmail.com*
**နေပြည်တော်ရုံးခွဲ တာဝန်ခံ** စုလှိုင်ထွန်း
*hsuhlainghtun.mcm@gmail.com*
**နေပြည်တော်ရုံးခွဲ ဖြန့်ချိရေးဌာန**
*nptdistribution.mcm@gmail.com*
**ထုတ်လုပ်ရေးဌာန**
*zarnicj@gmail.com*
**ဒီဇိုင်းဌာနဒါရိုက်တာများ** တင်ဇော်ထွေး၊ ကိုဖြိုး
**ပုံနှိပ်ဌာနမှူး** ဌေးမောင်
*uhtaymaung@gmail.com*
**မန်နေဂျာ (ပုံနှိပ်စက်)** ခင်မောင်
**ကြော်ငြာဌာနဒါရိုက်တာ** ဂျေဆီဝေ့(ချ်)
*ads.myanmartimes@gmail.com*
**ကြော်ငြာဌာန ဒု-ဒါရိုက်တာများ** ညီညီထွန်း၊ ချမ်းသာဦး၊ နေမျိုးဦး၊ နန္ဒာခိုင်
**အရောင်းမန်နေဂျာ (Classies)** ခင်မွန်မွန်ရည်
**ငွေစာရင်းမန်နေဂျာ** မွန်မွန်သာဆိုင်
*monmonthasaing@gmail.com*
**စီမံရေးရာဌာန** ခိုင်ဆုယည်၊ ဟန်ဦးခင်
*khinesu1988@gmail.com*
**ထုတ်ဝေသူ** ဒေါက်တာတင်ထွန်းဦး (မြ-၀၄၁၄၂)
**အိုင်တီမန်နေဂျာ** ကျော်ဇေယျာလင်း
*kyawzayarlin@gmail.com*
**ဖြန့်ချိရေးမန်နေဂျာ** သူဇာဝင်း
*thuzarwinn@gmail.com*
**ကြော်ငြာနှင့် လပေးဝယ်ယူရေး ကိစ္စများ စုံစမ်းရန်**
**ဖုန်း** (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈၊ **ဖက်စ်** (၉၅၁) ၂၅၄ ၁၅၈
မြန်မာတိုင်း(မ်)သတင်းနှင့် စီးပွားရေးဂျာနယ်ကို မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာ (Myanmar Consolidated Media) က ပိုင်ဆိုင်ပြီး ရွှေစင် ပုံနှိပ်တိုက် (၀၃၆၈) နှင့် စွယ်စုံမီဒီယာ (၀၈၁၀၂) က တာဝန်ယူ ပုံနှိပ်ထုတ်ဝေပါသည်။ ခေါင်းစီးစာသားမှာ အင်္ဂလိပ်ဘာသာအားဖြင့် The Myanmar Times ဖြစ်ပြီး မြန်မာဘာသာအားဖြင့် မြန်မာတိုင်း(မ်)ဟူ၍ ဖြစ်ကာ မြန်မာတိုင်း(မ်)၏အမှတ်တံဆိပ်လိုဂို(Logo) အပါအဝင် သက်ဆိုင်သော သင်္ကေတအမှတ်အသားများအားလုံးကိုလည်းကောင်း၊ စာစောင်များတွင် ပါရှိသော သတင်း၊ ဓာတ်ပုံ အစရှိသည့် အကြောင်းအရာအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာ (Myanmar Consolidated Media) ၏ စာဖြင့် ရေးသားခွင့်ပြုချက်မပါဘဲ ပြန်လည် ကူးယူဖော်ပြခြင်း မပြုကြရန်။

MCM
**Myanmar Consolidated Media Ltd.**
www.mmtimes.com
၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈။ ဖက်စ်(၉၅၁) ၂၅၄ ၁၅၈
**မန္တလေးရုံးခွဲ**- တိုက် ၈/၁၊ မန်းမန္တလာအိမ်ရာ၊ ၃၅ လမ်း (၇၀ နှင့် ၇၁ လမ်းကြား)၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
ဖုန်း (၀၂) ၆၅၃၉၁၊ ၇၄၅၈၅၊ ဖက်စ် (၀၂) ၂၄၄၆၀
**နေပြည်တော်ရုံးခွဲ**- အမှတ် ၁၀/၇၂၊ ဗိုလ်တောက်ထိန်လမ်း၊ ရန်အောင် (၁)ရပ်ကွက်၊ ပျဉ်းမနား။ တယ်လီဖုန်း (၀၆၇) ၂၃၀၆၄၊ ၂၃၀၆၅။




# ထွက်ပေါ်နေသည့် လူဦးရေစာရင်းများ မှန်ကန်မှုမရှိဟု သက်ဆိုင်ရာက ငြင်းဆို

ပြည့်သက်ဖြိုး

**သန်းခေါင်စာရင်း** ကောက်ယူသည့် လုပ်ငန်းစဉ်များမပြီးသေးသည့်အတွက် လူဦးရေစာရင်းများ ထုတ်ပြန်ခြင်းမရှိသေးသဖြင့် လက်ရှိထွက်ပေါ်နေသည့် လူဦးရေနှင့် ပတ်သက်သည့် သတင်းများမှာ မှန်ကန်မှုမရှိဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခုနောက်ပိုင်းမှာ ကောလာဟလတွေ အများကြီးထွက်ပါတယ်။ ရန်ကုန်မြို့တော် လူဦးရေ ရှစ်သန်းရှိလာပြီလို့ အစိုးရက ကြေညာတယ်ဆိုပြီးတော့ ဂျာနယ်တစ်စောင်မှာ အတိအလင်းဖော်ပြခဲ့တာတွေ ရှိပါတယ်၊ အဲဒီကိစ္စတွေကိုလည်း ဒီနေရာမှာ အတိအလင်းငြင်းပါတယ်။ အခုအချိန်မှာ ဘယ်လူဦးရေစာရင်းကိုမှ ထုတ်ပြန်ကြေညာတာမရှိပါဘူး" ဟု ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညီညီက မေလ ၂၁ ရက်နေ့က ပြောသည်။

လက်ရှိတွင် စာရင်းကောက်ယူသည့် ကွင်းများမှ အစီရင်ခံစာများအပေါ်တွင် မူတည်ပြီး ပြီးစီးမှု မည်မျှရရှိသည်ကိုသာ စာရင်းဇယား ပြုစုနေသည်ဟု ၎င်းက ပြောသည်။

"ရလာတဲ့ အိမ်ထောင်စုနဲ့ လူဦးရေစာရင်းက ကွင်းထဲက လက်ပေါင်းဇယားကနေ တက်လာတဲ့ စာရင်းဇယားတွေဖြစ်တဲ့ အတွက် အမှားတွေ အများကြီးရှိပါတယ်၊ ဒါကြောင့် အခုအချိန်မှာ ဘယ်လူဦးရေစာရင်းဇယားကိုမှ ထုတ်ပြန် ကြေညာထားတာ မရှိသေးပါဘူး။ အပြင်မှာ ဖြစ်နေတဲ့ ကောလာဟလကလည်း ရန်ကုန်မှာ ဘယ်လောက်ရှိတယ်၊ ဘယ်တိုင်းနဲ့ ပြည်နယ်မှာ ဘယ်လောက်ရှိနေတယ် ဆိုတာတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ပြည်သူ့အင်အားဦးစီးဌာနက လုံးဝအတည်မပြုပါဘူး။ နောက်ပြီး ဒီကိစ္စက မှန်ကန်တဲ့ စာရင်းဇယားတွေ မဟုတ်ဘူးဆိုတာကိုလည်း ကြိုပြီးတော့ ပြောချင်ပါတယ်" ဟု ဦးညီညီက ပြောသည်။

သန်းခေါင်စာရင်း ကြိုတင်စာရင်းဇယားများကို လာမည့် ဩဂုတ်လတွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး အပြီးသတ်စာရင်းဇယားများကို ၂၀၁၅ ခုနှစ်အစောပိုင်းတွင် ထုတ်ပြန်ပေးနိုင်ရန် ကြိုးစားနေသည်။ ■

# ဒေါ်လာသန်း ၁၃၀ ချေးယူရေး အတည်ပြုရန်ရွှေ့ဆိုင်း

**လယ်ယာ** စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့တို့ထံမှ ချေးယူမည့် အမေရိကန်ဒေါ်လာသန်း ၁၃၀ ကျော်ကို အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်က မေလ ၂၈ ရက်နေ့က ရွှေ့ဆိုင်းလိုက်သည်။

လယ်/ဆည်ဝန်ကြီးဌာန၏ စီမံချက်များတွင် ငါးနှစ်စီမံကိန်း၊ နှစ် ၂၀ စီမံကိန်းစသည့် စီမံကိန်း လျာထားချက်များတွင် ယခင်တင်ပြချက်၌ နေပြည်တော်ကောင်စီနယ်မြေပါဝင်ခဲ့ခြင်းမရှိသော်လည်း ယခုတင်ပြချက်များတွင် နေပြည်တော်ကောင်စီ ဗဟိုပြုစသည့် ခေါင်းစဉ်များဖြင့် ရေးဆွဲထားသော စီမံကိန်းများကို လွှတ်တော်အမတ်အများစုက ထောက်ပြပြောဆိုခြင်းများဖြစ်ခဲ့ပြီးနောက် ပြည်ထောင်စုလွှတ်တော် နာယကက ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်သည်။

**စုလှိုင်ထွန်း** ■

## သတင်းတိုများ

**စိုက်ပျိုးစရိတ် ကျပ်ဘီလျံ ၅၀၀ ထုတ်ချေးပေးမည်**
တောင်သူများအတွက် စိုက်ပျိုးစရိတ် ချေးငွေကျပ်ဘီလျံ ၅၀၀ ကို မိုးရာသီ စိုက်ချိန်အမှချေးယူခွင့်ကို မေလ ၂၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတွင် အတည်ပြုလိုက်သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကျပ်ဘီလျံ ၅၀၀ ကို အစိုးရက တောင်သူများထံ အမတော်ကြေးချေးယူပေးရန် ချေးယူခွင့်ကို အတည်ပြုလိုက်ခြင်းဖြစ်သည်။ မိုးရာသီအမီ ဇွန်လဆန်းတွင်ထုတ်ချေးမည်ဖြစ်ပြီး လယ်/စိုက် ဘဏ်ကပါ ဝင်ဆောင်ရွက်မည်ဖြစ်သည်။ **စုလှိုင်ထွန်း**

**အာဆီယံဘား တင်ဒါပြိုင်ပွဲ**
မြန်မာနိုင်ငံသည် (၁၁) ကြိမ်မြောက် အာဆီယံအလှည့်ကျ Bartender ချန်ပီယံပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံကိုယ်စားပြု Bartender ချန်ပီယံရွေးချယ်ပွဲကို ဇွန်လ ၃ ရက်နေ့နှင့် ၄ ရက်နေ့များတွင် ဒီဂျေဘား၌ ပြိုင်ပွဲပြုလုပ်ရွေးချယ်သွားမည်ဟု မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးခင်အောင်ထွန်းမှ ပြောသည်။ ASEAN Bartender Championship 2014ပြိုင်ပွဲကို ဇွန်လ ၂၀ ရက်နေ့တွင် မြန်မာကွန်ဗန်းရှင်းစင်တာ၌ ကျင်းပမည်။ **မြင့်ကေသီနှင့် အိအိသူ**

# မသိလိုက်ခင်မှာပဲ. . .

ကျောဖုံးမှ

ပိုသင့်တော်မယ်လို့ပဲ ထင်ပါတယ်လေ။ အိမ်သူအိမ်သားတွေ အပါအဝင် မြောက်မြားစွာသော ပြည်သူလူထုကို ဒီတစ်ပတ်အတွင်း ရုံတွေမှာ ဖမ်းစားနေတာ Amazing Spider Man 2 ပေါ့။ 3D ဆိုတော့ ပိုဂွတ်(ခ) သွားရော၊ ကျွန်တော်ကလွဲပြီး ကျန်တဲ့လူတွေ အကုန်ကြည့်ပြီးလို့ ပါးစပ်က "ရေလည်မိုက်တယ်" ဆိုတာချည်းပဲ။ တစ်ခါတလေ ရိုးရိုးလူဖြစ်ရတဲ့ဘဝကိုလည်း အားကြမိပါရဲ့၊ သွားချင်ရာသွား၊ ဝတ်ချင်ရာဝတ် ဘယ်သူမှ ကိုယ့်ကိုလိုက်ကြည့်မယ့်လူလည်းမရှိ၊ သိတဲ့လူလည်းမရှိ၊ ဘယ်လောက်ငြိမ်းချမ်းသလဲ။ ဒီခေတ်လူငယ်တွေများ ကံကောင်းတာ ပြောပါတယ်။ ဘာလိုချင်လိုချင်၊ သိချင် သိချင် အွန်လိုင်းပေါ်ကနေ ရှာလို့ဖွေလို့ ရတာတွေ အများကြီး။ ကျွန်တော့်တုန်းက ကျပြန်တော့ အမေရိကန် ရုပ်ရှင်တစ်ကားထွက်ရင် နောက်သုံးနှစ်လောက်နေမှ ဗီဒီယိုတိပ်ခွေကို Quality ကောင်းကောင်းနဲ့ ကြည့်နိုင်တယ်။ ရေဒီယိုစတေရှင်ကလည်း မြန်မာ့အသံတစ်ခုပဲရှိတယ်။ မြဝတီချန်နယ်ဆိုရင် Mid 90's လောက်ကျမှစတင်ပြီး ခံစားပိုင်ခွင့် ရှိလာတာ။ ကိုယ့်ရဲ့အကြိုက်ကို သိတဲ့လူ၊ နားလည်တဲ့လူ တစ်ခါတစ်ရံ လက်ချိုးရေစရာတောင်မရှိဘူး။ Michael Jordan သွားပြောလည်း ဘယ်သူမှမသိ။ Steven Spielberg လည်း မကြားဖူးကြ(ဟူး) ကောင်းရော။ ကာတွန်းကား၊ စက်ရုပ်ကားပြတဲ့ ရုပ်ရှင်ရုံဆို ၁၀၀ မှာ တစ်ရုံပဲ ရှိလောက်တယ်။ ဒါတောင် တစ်ခါမှ မကြုံဖူးဘူး။ အခုဆို ဒီလူငယ်တွေ ဘယ်လောက်အဆင်ပြေသလဲ၊ တစ်ခုခုထွက်ပြီ ဆိုတာနဲ့ ဟန်းဖုန်းထဲရောက်နေပြီ။ ကျွန်တော်တို့ Generation က လူတွေဟာ မရှိခဲ့လို့၊ မရခဲ့လို့၊ အနှိမ်ခံခဲ့ရလို့၊ ဟားတိုက်ကဲ့ရဲ့ခံရလို့၊ ပိတ်ပင်ဟန့်တားခံရလို့ဆိုတဲ့ အချက်အလက်တွေနဲ့ ဖိစီးပြီး အမြဲတမ်း ခေတ်နောက်ကျနေခဲ့ရတာ ညီအစ်ကိုများလည်း ငြင်းမယ်မထင်။ တစ်ခုခု လုပ်ခါနီးရင် အတွင်းစိတ်က အမြဲကြောက်လန့်သိမ်ငယ်နေတတ်ကြတယ်။ ငါသူ့လောက်လုပ်နိုင်ပါ့မလား။ ငါသူ့လောက်မှမတော်တာ၊ မချမ်းသာတာ၊ မပြည့်စုံတာဆိုတဲ့ စကားတွေနဲ့ပဲ အတွင်းမှာလှိုက်ပြီး ကိုယ်ထက်သာတဲ့ပုဂ္ဂိုလ်တွေကို မုန်းတီးတဲ့စိတ်က တောက်လောင်နေတတ်ကြတယ်။ ကျွန်တော်ပြောမယ်၊ လွန်ခဲ့တဲ့ ၁၀ နှစ်က ခင်ဗျားနဲ့ အခုခင်ဗျားနဲ့ တူသလား၊ ဒါကိုပြန်ကြည့်။ လိုချင်လျက်နဲ့ ဘာတွေ မရခဲ့သလဲ၊ ဘာတွေကိုရော ပိုင်ဆိုင်နိုင်ခဲ့သလဲ၊ ဘာကြောင့် အချိန်တချို့မှာ ဖြေသိမ့်နိုင်ခဲ့သလဲ၊ အခုထိ ပီတိစားတုန်းပဲလား? ပြောပါလိမ့်မယ်၊ ငါတို့ငယ်ငယ်တုန်းက၊ ငါတို့အချိန်တုန်းက 'ဟိုးဆရာ' အခု ခင်ဗျားတို့မငယ်တော့ဘူး။ ခေတ်ကြီးက ခင်ဗျားတို့ မသိလိုက်တဲ့ စက္ကန့်တိုင်း အမြဲတမ်း ပြောင်းလဲနေတယ်။ ကိုယ့်ရှေ့က သမ္မာတွေကို မီပြီလား၊ ကိုယ့်နောက်က ကလေးတွေရော ကိုယ့်ကို ကျော်တက်သွားပြီလား။ ကျန်ခဲ့စရာလည်း မလိုဘူး။ ခေတ် နောက်ချည်းပဲလည်း တောက်လျှောက်လိုက်နေစရာ မလိုဘူး။ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့၊ ဘယ်လိုပဲ နစ်နာခဲ့နစ်နာခဲ့ အရေးအကြောင်း ပခုံးချင်းယှဉ်ပြီး တကယ်ဖြုတ်ပြီဆိုတဲ့အချိန်မှာ ကိုယ်ကဘယ်လို သာလွန်ကောင်းမွန်အောင် အမိုက်ဆုံး လုပ်ပြနိုင်သလဲ ဆိုတာက နောက်ဆုံးကျန်ခဲ့မယ့် ခင်ဗျားရဲ့ ဆုတံဆိပ်။ အကြီးရော၊ အငယ်ရော ဘယ်သူ့ကိုမှ ကြောက်နေဖို့အချိန် မရှိတော့ပါ။

ကိုယ့်ထက်ငယ်တဲ့ကောင်တွေ ပိုကြိုးစားလို့ ပိုမိုက်သွားရင် ကိုယ်က သူတို့အတွက် ပိုတောင်ပျော်ပေးရမှာ မဟုတ်လား၊ ကျွန်တော်ကတော့ အသစ်ရော အဟောင်းရော ကြိုက်တဲ့လူလာထား အလုပ်တွဲလုပ်ဖို့ အမြဲ Ready! လူကြီးမင်းတို့ရော Ready ဖြစ်ပြီလား ???

ရန်ကုန်မြို့ကြီး မှောင်မိုက်ခဲ့တဲ့အချိန်တွေ အများကြီး ရှိခဲ့ပါတယ်။ အခုတော့ လင်းနေတဲ့ နေရာတွေ အတော်များလာတဲ့အချိန်ဖြစ်ပြီမို့ အမှောင်ဘက်ကို ပြန်မသွားကြဘဲ စိတ်တူ ကိုယ်တူ လက်ချင်းယှက်လို့ အတူတူတောက်ပကြပါစို့။ ဒီလကုန် ၃၁ ရက်နေ့၊ Myanmar Event Park (MEP) စမ်းချောင်းမှာ ကျွန်တော်တို့ရှေ့က Acid, Theory တို့ရယ်၊ ကျွန်တော်တို့ထက်ငယ်တဲ့ ASH၊ ရဲနောင်+ PBD Hood တို့နဲ့အတူ Hip Hop ရောင်စဉ်ဖြာထွက်တော့မှာဖြစ်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါတယ် ခင်ဗျား။ ■





TIGER BALM
WORKS WHEREVER IT HURTS.
နာချင်ရာ နာစမ်း . . .
TIGER BALM
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
Reg No. 1402AA1320
Tiger Balm (Red) သည်
ကြွက်သားနာကျင်ကိုက်ခဲခြင်းနှင့် အတွင်းဒဏ်ဖြစ်ခြင်းတို့ကို အလျင်မြန်ဆုံးသက်သာစေပါသည်။
Reg No. 1308AA599
Tiger Balm (White) သည်
မူးဝေခြင်းနှင့် အင်းဆက်ပိုးမွှားများကိုက်ခံရခြင်း ဝေဒနာ တို့ကိုပျောက်ကင်းစေပါသည်။
Reg No. 1308AA643
Tiger Balm (Liniment) သည်
မောပန်းနွမ်းနယ်ခြင်း၊ ကြွက်သားတောင့်တင်းခြင်း၊ နာကျင်ခြင်းတို့ကို အလျင်မြန်ဆုံးပျောက်ကင်းစေပါသည်။




• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
Our little patch
protects your little ones
Tiger Balm® Mosquito Repellent Patch & Spray
TIGER BALM
MOSQUITO
REPELLENT
SPRAY
NATURAL
NO DEET;
SAFE TO USE
Mosquito
Repellent Patch
• Long Lasting
• No Deet
• No Side Effects
ကလေးငယ်များအသုံးပြုရာတွင် အန္တရာယ်မဖြစ်စေဘဲ စိတ်ချလုံခြုံစွာအသုံးပြုနိုင်ပါသည်။
အသုံးပြုရာတွင် ဘေးဥပဒ်မဖြစ်စေပါ။
တာရှည်အသုံးခံသည့် ခြင်နိုင်ဆေးဖြစ်ပါသည်။
ရင်သွေးငယ်များဆော့ကစားစဉ်၌ဖြစ်စေ၊ မိဘနှင့် အလုပ်ဝေးနေစဉ်ဖြစ်စေ ကိုယ်ပေါ်တွင်
ကပ်ထားပေးခြင်းဖြင့် ခြင်အန္တရာယ်မှ စိတ်ချစွာနေနိုင်ပါသည်။
TIGER BALM
WORKS WHEREVER IT HURTS.

# လူမှုဘဝစီမံချက်အတွက် ဒေါ်လာ သုံးသန်း ကူညီ

ရွှေရည်စောမြင့်

**မြန်မာနိုင်ငံ** အလယ်ပိုင်း မြို့နယ်သုံးမြို့နယ်၌ လူမှုဘဝဖွံ့ဖြိုးရေး သုံးနှစ်စီမံကိန်းဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရေးနှင့် စွမ်းအားမြှင့်တင်ရေး စီမံချက် (SHINE) ကို ဆက်လက် အကောင်အထည်ဖော်ရန်အတွက် ရေနံကုမ္ပဏီတစ်ခုဖြစ်သည့် Chevron/Unocal Myanmar က အမေရိကန်ဒေါ်လာ သုံးသန်း ကူညီထောက်ပံ့ပေးခဲ့ကြောင်း အမေရိကန်အခြေစိုက် အင်န်ဂျီအိုဖြစ်သည့် ပက်(Pact) ၏ မြန်မာနိုင်ငံဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းသန်းက ပြောသည်။

"အခုကျွန်တော်တို့ ဒီစီမံချက်ကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်တဲ့ ပြင်ဦးလွင်၊ အမရာ၊ ကောလင်း စတဲ့မြို့က ကျေးရွာပေါင်း ၃၉၃ ရွာမှာ နေထိုင်သူ ၁၆၀,၀၀၀ ကျော်ရဲ့ လူနေမှုဘဝ အခြေအနေတွေကို မြှင့်တင်ပေးသွားမယ့် လုပ်ငန်းတွေ လုပ်ကိုင်သွားမှာပါ။ လုပ်ငန်းကိုလည်း စတင်ဆောင်ရွက်နေပါပြီ" ဟု ၎င်းက ပြောသည်။

စီမံချက်ကို အကောင်အထည်ဖော်ရန် အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ (USAID)၊ Chevron /Unocal Myanmar နှင့် Pact တို့အကြား Public Private Partnership (PPP) ဆိုင်ရာ သဘောတူညီချက်ကို မေလ ၂၆ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

ယခုစီမံချက်သည် SHINE ၏ ဒုတိယစီမံချက်ဖြစ်ပြီး Chevron /Uocal Myanmar နှင့် Pact တို့တွဲပြီး အဖွဲ့အစည်းနှစ်ခုအကြား ၁၀ နှစ်ကျော် ပူးပေါင်းဆောင်ရွက်ခဲ့မှု၏ နောက်ဆုံးပေါ် ထွက်လာသည့် စီမံချက်ဖြစ်သလို ထိုစီမံချက်ကို (USAID) ကလည်း ကူညီထောက်ပံ့မှုပေးထားသည်။ ■

# မန့်ဝိန်းကြီး စစ်ရှောင်ဒုက္ခသည်များ မိုးရာသီ၌ နေထိုင်စရာအခက်အခဲများ ကြုံတွေ့လာနိုင်



**ဝလုံး**
ရေးသားသည်။

**မကြာမီ** ကျရောက်တော့မည့် မိုးရာသီအတွင်း မန့်ဝိန်းကြီးဒေသအတွင်းရှိ စစ်ရှောင်စခန်းများတွင် နေထိုင်စရာအခက်အခဲများကြုံတွေ့နိုင်မည်ဟု မန့်ဝိန်းကြီး KBC နှစ်ခြင်း(ရိုးရာ)ဒုက္ခသည်စခန်းတာဝန်ခံ ဆရာတော် ဦးဇော်လက ပြောသည်။

KBC နှစ်ခြင်းဒုက္ခသည်စခန်းကို ပြီးခဲ့သည့် ဧပြီလတိုက်ပွဲများအပြီးတွင်ဆောက်လုပ်ခဲ့ပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)က ယာယီ အမိုးအကာတဲများ ဆောက်လုပ်ထားပေးသည်။

"မနေ့ညက မိုးတွေ အရမ်းသည်းတော့ အိပ်ရာတွေထဲအထိ ရေတွေဝင်တယ်၊ မြေကြီးမှာ ဒီအတိုင်းအခင်းလေးခင်းပြီး အိပ်ရတဲ့အခါကျတော့ တချို့ဖျားတာနာတာတွေလည်းရှိတယ်"ဟု KBC နှစ်ခြင်းဒုက္ခသည်စခန်းသို့ ပြီးခဲ့သည့်လက ပြောင်းရွှေ့လာသူ ကချင်တိုင်းရင်းသားတစ်ဦးက ပြောသည်။

လက်ရှိ စခန်းတွင်းရှိ ဒုက္ခသည်များမှာဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားလျက်ရှိနေပြီး မိုးရာသီတွင် ပိုမိုဖြစ်ပွားလာနိုင်ကြောင်း KBC ဒုက္ခသည်စခန်းက သူနာပြုဆရာမတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဧပြီလ အစောပိုင်းက မန့်ဝိန်းကြီးဒေသအနီး အစိုးရတပ်မ ၈၈၊ လက်အောက်ခံခလရ (၈၃)နှင့် ကေအိုင်အေတပ်များကြား သန်းခေါင်စာရင်းကောက်ယူသည့်ကိစ္စနှင့်ပတ်သက်ပြီး တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

လဂတ်ယန်နှင့် ခေါင်ခေးဒုက္ခသည်စခန်းများမှာ ကေအိုင်အေနှင့် အစိုးရတပ်များကြားတွင်



**မန့်ဝိန်းကြီးဒုက္ခသည်စခန်း၌ ကလေးငယ်တစ်ဦး ဆော့ကစားနေသည်ကို မေလ ၂၈ ရက်နေ့က တွေ့ရစဉ်။** ဓာတ်ပုံ - ဝလုံး

တည်ရှိနေပြီး တိုက်ပွဲဖြစ်ပွားစဉ်က စခန်းအတွင်းသို့ လက်နက်ကြီးများ ကျရောက်ပေါက်ကွဲခဲ့ခြင်းကြောင့် စခန်းများကိုစွန့်ခွာခဲ့ကြရသည်။

အဆိုပါဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် လဂတ်ယန် စစ်ရှောင်ဒုက္ခသည်စခန်းတစ်ခုနှင့် ခေါင်ခေး စစ်ရှောင်စခန်း နှစ်ခု ဖျက်သိမ်းထွက်ပြေးခဲ့ရသည့်အပြင် အနီးနားတစ်ဝိုက်ရှိ ဒေသခံရွာများရှိ ကချင်တိုင်းရင်းသားများနေရပ်စွန့်ခွာကာ မန့်ဝိန်းကြီးစခန်းများသို့ ခိုလှုံခဲ့ကြသည်။

"IDP ဒုက္ခသည်တွေထဲမှာတော့ ရှမ်း၊ ကချင်၊ ပလောင် လူမျိုးတွေပါတယ်၊ ကချင်နဲ့ ပလောင်ကတော့အများစုပါ"ဟု KBCဒုက္ခသည်စခန်းတာဝန်ခံ ဆရာတော်ဦးဇော်လတ်က ဆိုသည်။

မကြာသေးမီက ထွက်ပြေးတိမ်းရှောင်လာသူများအနက် ဒုက္ခသည်စခန်းများ၌ ခိုလှုံနေသူများရှိသလို မန့်ဝိန်းကြီးမြို့ပေါ်ရှိ ဆွေးမျိုးနေအိမ်များတွင် ခိုလှုံနေသူများလည်းရှိနေသည်။

"လက်ရှိကတော့ ကျွန်တော်တို့က လုံခြုံရေးတာဝန်ယူထားပါတယ်၊ တိုက်ပွဲကတော့ နောက်ထပ်ဖြစ်ပွားတာမျိုး မရှိတော့ပါဘူး။ ဒါပေမဲ့ အနီးတစ်ဝိုက်မှာက မြေမြှုပ်မိုင်းအန္တရာယ်က ရှိနေသေးတော့ ဒေသခံတွေကိုတော့ သတိပေးထားပါတယ်"ဟု တပ်မ ၈၈ က ဒုတိယဗိုလ်မှူးကြီးကျော်ဆန်းဦးက ပြောသည်။

စစ်ရှောင်စခန်းများသို့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၊ ယူနီဆက်၊ World Vision , Save the Children အပြင် ပြည်တွင်းလူမှုအဖွဲ့အစည်းများက အမိုးအကာနှင့် အစားအသောက်များကို ထောက်ပံ့လျက်ရှိကြောင်း စခန်းတာဝန်ခံများက ပြောသည်။

မန့်ဝိန်းကြီးဒေသတွင် စစ်ရှောင်စခန်း ၄ခု ရှိပြီး ယခင်ရှိနေသောဒုက္ခသည်များအပါအဝင် စုစုပေါင်း ၆,၀၀၀ ကျော်ရှိသည်။ ■



# သန်းခေါင်စာရင်း ပုံရိပ်ဖမ်းမှု အောက်တိုဘာကုန် ပြီးရန်ခန့်မှန်း



ရဲမွန်
ရေးသားသည်။

**တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်** မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်နေ့အထိ ကောက်ယူခဲ့သော သန်းခေါင်စာရင်း အချက်အလက်များသည် ယခုအချိန်တွင် စာရင်းပြုစုနေသည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအတွက် ယူကေနိုင်ငံအခြေစိုက် DRS ကုမ္ပဏီထုတ် ပုံရိပ်ဖမ်းစက်နှစ်လုံး ဝယ်ယူခဲ့ပြီး ကုလသမဂ္ဂလူဦးရေနှင့် ရန်ပုံငွေအဖွဲ့က စက်ခြောက်လုံး ငှားယူကာ ပုံရိပ်ဖမ်းယူခြင်း (scanning) များကို ဆောင်ရွက်နေသည်။

ပုံရိပ်ဖမ်းစက်၏ လုပ်ဆောင်နိုင်မှုစွမ်းရည်သည် တစ်ရက်လျှင် မေးခွန်းပုံစံရွက်ရေ ရှစ်သောင်းကျော်အထိ ဖတ်နိုင်သောကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် သန်းခေါင်စာရင်းမေးခွန်းပုံစံများ ပုံရိပ်ဖမ်းခြင်း လုပ်ငန်းကို အောက်တိုဘာလအကုန်တွင် ပြီးစီးရန် ခန့်မှန်းထားသည်။

"စက်က တစ်ရက်ကို စက်ရှစ်လုံးကို ရွက်ရေ ရှစ်သောင်းခွဲလောက် ဖတ်နိုင်ပါတယ်။ တစ်နေ့ကို နံနက်ကိုးနာရီကနေ ၁၂ အထိ၊ ညနေဆို ၁ နာရီကနေ ၅ နာရီခွဲအထိ ဖတ်ပါတယ်။ ကျွန်တော်တို့က scanning ကို လေးလအထိ မှန်းပါတယ်"ဟု ပုံရိပ်ဖမ်းခြင်းလုပ်ငန်းစဉ်တွင် တာဝန်ကျနေသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုညွှန်ကြားရေးမှူး ဦးအောင်ဖြိုးဟန်က ပြောသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် သန်းခေါင်စာရင်းပြုစုခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ဝန်ထမ်းဦးရေ ၁၆၀ သာ အသုံးပြုထားပြီး အဆိုပါ လူဦးရေဖြင့်ပင် ဩဂုတ်လအတွင်း ရွှေ့ပြောင်းလူဦးရေစာရင်းကို ထုတ်ပြန်နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်သဖြင့် ဝန်ထမ်းအင်အားမှာ အလွန်ပင် နည်းပါးသည်ကိုတွေ့ရသည်။ အဆိုပါ ဝန်ထမ်းများမှာ တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ် နံနက် ကိုးနာရီမှ ညနေခြောက်နာရီအထိ စာရင်းပြုစုခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ပုံရိပ်ဖမ်းစက်များအတွက် မြန်မာပြည်အရောင်းကိုယ်စားလှယ် Concordia ကုမ္ပဏီသည်လည်း ၎င်းကုမ္ပဏီ၏ ဝန်ထမ်းများကို



ကောက်ယူပြီးသည့်မေးခွန်းစာရွက်များအား ပုံရိပ်ဖမ်းစက်ဖြင့် ဖတ်ရှုနေသည်ကို ပြီးခဲ့သည့် ရက်သတ္တပတ်က တွေ့ရစဉ်။ ဓာတ်ပုံ - ဇာနည်ဖြိုး

စာရင်းပြုစုနေသည့် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် နေ့စဉ်တာဝန်ချထားပေးလျက်ရှိသည်။

"ကျွန်တော်တို့က စက်တွေကို သူတို့နားတဲ့ အချိန်ကြရင် ဖုန်သုတ်ပေးရတယ်။ ဖုန်က တစ်ရက်ကို နှစ်ကြိမ်လောက်သုတ်ပေးရတယ်။ အဲဒါမှ စက်က စာရွက်ကို ဖတ်တဲ့အခါကျရင် အမှားမရှိဘဲ ဖတ်နိုင်မှာဖြစ်ပါတယ်"ဟု Concordia ကုမ္ပဏီမှ အင်ဂျင်နီယာ တစ်ဦးဖြစ်သူ ကိုအောင်ကျော်ဆန်းက ပြောသည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် စာရင်းကောက်ပြီး လုပ်ငန်းစဉ်များကို အဆင့်ရှစ်ဆင့်ဖြင့် သတ်မှတ်လုပ်ဆောင်နေပြီး ပုံရိပ်ဖမ်းခြင်းကဏ္ဍသည် အဆင့် ၂ နှင့် အဆင့် ၃ တွင် ပါဝင်သည်။ အဆင့် ၂ သည် ပုံရိပ်ဖမ်းရန်အတွက် ပြင်ဆင်ခြင်းအဆင့်ဖြစ်ပြီး အဆင့် ၃ မှာမူ မေးခွန်းပုံစံများကို ပုံရိပ်ဖမ်းခြင်း ဖြစ်သည်။

အဆင့်၂တွင်ကောက်ယူသော အိမ်ထောင်စုစာရင်းများ ထပ်မနေစေရန်၊ သက်ဆိုင်ရာ အကွက်များတွင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု၊ ကောက်ကွက်အမှတ်နှင့် အိမ်ထောင်စုနံပါတ်များ မှန်ကန်စွာ ဖြည့်ထားမှုရှိ၊ မရှိကိုစစ်ဆေးရပြီး မှားယွင်းနေပါက သက်ဆိုင်ရာ ကြီးကြပ်ရေးမှူးများ၊ အကြံပေးများနှင့် ညှိနှိုင်းကာ ပြင်ဆင်မှုများ ပြုလုပ်ရကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်စိုးက ပြောသည်။

> **ကျွန်မတို့ဆီ ဝင်လာတဲ့စာရင်းတွေ အကုန်လုံးက သုညကနေ ကိုးအထိပါ။ ဂဏန်းတွေပါပဲ။ ဘာစာသားမှ မပါပါဘူး။ ကျွန်မတို့က . . . "**

ပုံရိပ်ဖမ်းခြင်းလုပ်ငန်းအတူ တစ်ပြိုင်တည်း ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းမှာ အမှားပြင်ဆင်ခြင်းနှင့် စာရင်းဇယားပြုစုခြင်း လုပ်ငန်းများ ဖြစ်သည်။ အဆိုပါလုပ်ငန်းများသည် အဆင့် ၄ တွင် ပါဝင်သည်။ ပုံရိပ်ဖမ်းစက်မှ ဖတ်လိုက်သည့် မေးခွန်းပုံစံများသည် ကွန်ပျူတာဆာဗာအတွင်းသို့ ရောက်သွားပြီး အဆိုပါ ဆာဗာမှတစ်ဆင့် စာရင်းပြုစုသည့် ကွန်ပျူတာများအတွင်းသို့ အလိုအလျောက်မျှဝေကာ လုပ်ငန်းများ ဆောင်ရွက်စေသည်။

အမှားပြင်ဆင်ခြင်းကဏ္ဍတွင် တာဝန်ယူနေသော ဦးစီးမှူး ဒေါ်တင်တင်လှက "မှန်၊ မမှန်ကို စစ်ဆေးတာလုပ်ရပါတယ်။ ပြီးသွားတဲ့ စာရင်းအချက်အလက်တွေကို ဖြစ်နိုင်ချေရှိမရှိ Editing Rules နဲ့ ပြန်စစ်ရပါတယ်။ အဖေထက်သားက အသက်ကြီးနေတာတို့၊ ကလေးငယ်က အထက်တန်းရောက်နေတာတွေရှိရင် ဖြစ်နိုင် မဖြစ်နိုင်ကို ပညာရှင်တွေက စဉ်းစားဆုံးဖြတ်ပြီး ပြင်ကြပါတယ်'ဟုပြောသည်။

"ကျွန်မတို့က မေးခွန်း ပုံစံအသစ်ကူးရင်လည်း တော်တော်လေးကို သတိထားပြီး ကူးရပါတယ်။ ပြင်မယ်ဆိုရင်လည်း အဲလိုပဲ။ ပြီးရင် စစ်တဲ့လူရော၊ ပြင်တဲ့လူပါ လက်မှတ်ထိုးပေးရပါတယ်။ သူတို့ တာဝန်ယူရမှာပါ။ မှားရင်တော့ အဲဒီလူနှစ်ယောက်စလုံး အရေးယူခံရမှာဖြစ်ပါတယ်"ဟု ဒေါ်ခိုင်ခိုင်စိုးက ပြောသည်။

သန်းခေါင်စာရင်းကောက်ယူနေစဉ် အတွင်း၌လည်း ပြည်သူအများစုက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအပေါ် ပြင်းပြင်းထန်ထန် ဝေဖန်မှုများ ထွက်ပေါ်လာခဲ့ရာတွင် အဓိကဝေဖန်ခဲ့သည့်အချက်မှာ ခဲတံအသုံးပြု၍ ကောက်ယူခြင်းပင်ဖြစ်သည်။

"အရင်ကတည်းက ယုံကြည်မှုမရှိရတဲ့အထဲ သူတို့က ခဲတံကို သုံးခဲ့တဲ့အတွက် ပိုပြီးတော့တောင် ယုံကြည်မှု နည်းသွားတယ်။ သူတို့ ဖျက်ပြီး တစ်ခုခုပြင်ရင် ဘယ်လိုလုပ်မလဲဆိုတဲ့ အတွေးမျိုးလည်း မေးခွန်းဖြေနေတဲ့ အချိန်မှာ ပေါ်ခဲ့တယ်"ဟု ကျောက်တံတားမြို့နယ်နေ ကိုအောင်ကျော်ထွန်းက ပြောသည်။

ဒေါ်ခိုင်ခိုင်စိုးက သန်းခေါင်စာရင်းစာရွက်ပုံစံကို ပုံရိပ်ဖမ်းခြင်း (Scanning) လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသောစက်၏ လိုအပ်ချက်အရသာ ခဲတံကို အသုံးပြုရခြင်းဖြစ်ကြောင်း ပြောကြားသည်။

"DRS ကုမ္ပဏီရဲ့စက်ကိုက ခဲတံနဲ့ပဲ သုံးလို့ရတာပါ။ အဖြေတွေကို ပြင်လို့လည်း ကျွန်မတို့အတွက် ဘာမှမထူးပါဘူး။ ကျွန်မတို့က လူတစ်ယောက်ချင်းရဲ့ အကြောင်းကို record (မှတ်တမ်းတင်) လုပ်တာမဟုတ်ဘူး။ registration (မှတ်ပုံတင်) ဟုတ်ပါဘူး။ အဲဒါကို နားလည်ပေးပါ။ ကျွန်မတို့က statistic (စာရင်းဇယား) လုပ်တာပါ။ registration ဆိုရင် လူတစ်ယောက်ကို ဒုက္ခပေးချင်ရင် ပြောင်းလို့ရပါတယ်။ အခုဟာက အားလုံးကိုပေါင်းထားတဲ့ statistic ပါ။ ဘာတွေထွက်လာမလဲဆိုရင် ဒီမြို့မှာ လူဘယ်နှစ်ယောက်ရှိမလဲ၊ အသက်အရွယ် အပိုင်းအခြား ဘယ်လောက်လဲ၊ ဒါတွေပဲ ထွက်လာမယ်"ဟု ၎င်းက ပြောသည်။

"ကျွန်မတို့ဆီ ဝင်လာတဲ့စာရင်းတွေ အကုန်လုံးက သုညကနေ ကိုးအထိပါ။ ဂဏန်းတွေပါပဲ။ ဘာစာသားမှ မပါပါဘူး။ ကျွန်မတို့က ဖျက်မယ့်သူရှိရင် မေးခွန်းအစောင် ၁၀၀ လောက် ဖျက်ခိုင်းချင်ပါတယ်။ အင်မတန်မှ ခက်ခဲတဲ့အလုပ်ပါ။ ဘယ်သူမှလည်း ဖျက်ဖို့စိတ်မဝင်စားပါဘူး။ ကိုယ်လုပ်ရမယ့်အလုပ်ကိုတောင် ကျွန်မတို့ မပြီးပါဘူး"ဟု ဒေါ်ခိုင်ခိုင်စိုးက ပြောသည်။

ဗဟိုသန်းခေါင်စာရင်း ကော်မတီသည် သန်းခေါင်စာရင်းစာရွက်ပုံစံများကို ပုံရိပ်ဖမ်းယူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် DRS ကုမ္ပဏီ၏ ပုံရိပ်ဖမ်းစက်များကို အသုံးပြုရခြင်း မှာလည်း သန်းခေါင်စာရင်းလုပ်ငန်းများတွင် ကူညီထောက်ပံ့ရန် ကုလသမဂ္ဂလူဦးရေနှင့် ရန်ပုံငွေအဖွဲ့နှင့် DRS ကုမ္ပဏီတို့ အကြား ချုပ်ဆိုထားသော သဘောတူစာချုပ်ကြောင့် ဖြစ်သည်။ ■



# မြေယာကိစ္စ မပြေလည်လျှင် ယုဇနကို ထပ်မံတရားစွဲရန် တောင်သူများစီစဉ်



မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (Japan's Self Defense Force)၏ စစ်ဦးစီးချုပ် General Shigeru Iwasaki အား သမ္မတ ဦးသိန်းစိန်က မေလ ၂၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ ဂျပန်စစ်ဦးစီးချုပ်သည် လေးရက်ကြာချစ်ကြည်ရေးခရီးစဉ်အဖြစ် မေလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး ထိုနေ့တွင်ပင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့သည်။ ၎င်း၏ ခရီးစဉ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဂျပန်နိုင်ငံ စစ်ဦးစီးချုပ်တစ်ဦး၏ ပထမဦးဆုံးအကြိမ် မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်သည်။ ဓာတ်ပုံ - အေအက်ဖ်ပီ



နိုနိုအောင်
ရေးသားသည်။

**ယုဇနကုမ္ပဏီက** သိမ်းယူထားသည့် ကချင်ပြည်နယ်၊ ဟူးကောင်းဒေသရှိ လယ်ယာမြေကိစ္စကို ကျေလည်စွာဖြေရှင်းပေးခြင်းမရှိလျှင် ကုမ္ပဏီအား ထပ်မံတရားစွဲမည်ဟု တောင်သူများက ပြောကြားသည်။

"အခု ဒီကိစ္စတွေ မအောင်မြင်ဘူး။ သူတို့အနေနဲ့ မဖြေရှင်းပေးဘူးဆိုရင်တော့ တရားစွဲမယ်" ဟု တောင်သူများကိုယ်စား အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဒေါ်ဘောက်ဂျာက မေလ ၂၈ ရက်နေ့က ပြောသည်။

အဆိုပါဒေသရှိ လယ်ဧက သုံးသိန်းကျော်ကို ပီလောပီနံစိုက်ပျိုးရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်ရန် နိုင်ငံတော်စီမံကိန်းဟုဆိုကာ ၂၀၀၆ ခုနှစ်တွင် လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမြင့်၏ ယုဇနကုမ္ပဏီက သိမ်းယူခဲ့သည်။ ရွာခြောက်ရွာမှ တောင်သူများစွာ၏ လယ်မြေနှင့် ဥယျာဉ်ခြံမြေ ဧကပေါင်း ၃၀,၀၀၀ ကျော်မှာ သိမ်းယူခံရသည့်အတွက် ၂၀၀၇ ခုနှစ်မှ စတင်၍ ဆုံးရှုံးခဲ့မှုများအတွက် ဖြေရှင်းပေးရန် အာဏာပိုင်များအား တောင်သူများက အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း အောင်မြင်ခြင်းမရှိသည့်အတွက် ၂၀၁၀ ပြည့်နှစ်တွင် ဒေါ်ဘောက်ဂျာအပါအဝင် တောင်သူ ၁၇ ဦးက ယုဇနကုမ္ပဏီကို တရားစွဲဆိုခဲ့သည်။

"၂၀၁၁ ဇန်နဝါရီလ အစောပိုင်းမှာ တရားသူကြီးက အမိန့်ချတယ်။ တောင်သူတွေရဲ့ နစ်နာမှုကို လယ်တစ်ဧက ၈၀,၀၀၀ နှုန်းနဲ့၊ တည်ငြင်းပင်ကို တစ်ဧကမှာ တစ်ပင်နှုန်းနဲ့ တွက်ပေးတယ်။ တစ်ဧက မရှိတဲ့အိမ်မှာတောင် အပင်အများကြီးရှိတယ်။ ကျွန်မတို့တောင်းခဲ့တာ လယ်တစ်ဧကဖိုးတောင်းတာမဟုတ်ဘူး။ နစ်နာကြေးဆိုတာ မလုပ်စားခဲ့ရတဲ့ ခုနစ်နှစ်၊ တရားစဆွဲတုန်းကတော့ နှစ်နှစ်၊ သုံးနှစ်စာပေါ့။ ဒီအတွက် ထိုက်တန်စွာလိုချင်တယ်။ ဒါပေမဲ့ တစ်ဧက ကျပ် ၈၀,၀၀၀ နှုန်းနဲ့ ဆုံးဖြတ်ပေးလိုက်တော့ မကျေနပ်လို့ အထက်ကိုတက်ခဲ့တာ။ ဒါပေမဲ့ အထက်ကလည်း ဒီအတိုင်းပြန်ချပေးတယ်။ ဒါကြောင့် ဒီသတင်းစာရှင်းလင်းပွဲကို ထပ်လုပ်ရတာဖြစ်တယ်။ နေပြည်တော်ကို အယူခံတက်တဲ့အထိ လုပ်ခဲ့ပေမယ့် ပလပ်ခံခဲ့ရတယ်"ဟု ဒေါ်ဘောက်ဂျာကပြောသည်။

ဦးဌေးမြင့်က ဒေါ်ဘောက်ဂျာနှင့်တွေ့ဆုံကာ တရားစွဲဆိုထားသော လယ်သမားများ၏ မြေကို ဦးစွာပြန်ပေးရန်၊ ဆုံးရှုံးခဲ့ရမှုများအတွက် နစ်နာကြေးပေးရန်တို့ကို ယမန်နှစ်က သဘောတူညီခဲ့သော်လည်း လက်ရှိအချိန်အထိ ဆောင်ရွက်ပေးခြင်းမရှိသောကြောင့် ထပ်မံတောင်းဆိုရခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။

"မြေသိမ်းတုန်းက တောင်သူတွေကို အစားပြန်ပေးတဲ့မြေက ကျောက်ခဲတော၊ စိုက်ပျိုးလို့မရဘူး။ အခုတစ်ခေါက် တရားစွဲတဲ့တောင်သူတွေကို အရင် ဖြေရှင်းပေးပါဆိုတော့ သူပြန်ပေးတဲ့နေရာယူလို့ပြောတယ်။ ဒါပေမဲ့ အဲဒီမြေက တခြားလယ်သမားတွေရဲ့မြေကို ပြန်ပေးတာဖြစ်နေတယ်။ အဲဒီတော့ မူလ လယ်သမားကလည်း သူ့မြေလာထိတော့ မခံဘူးလေ။ ပြဿနာတွေဖြစ်တယ်" ဟု ဒေါ်ဘောက်ဂျာက ဆိုသည်။

ဆုံးရှုံးနစ်နာခဲ့ရသော တောင်သူများမှာ ထောင်ဂဏန်းအထိရှိပြီး လက်ရှိတောင်းဆိုမှုတွင် ပါဝင်သူ တောင်သူများမှာ ရာဂဏန်းဖြစ်သည်။ တောင်သူများက ၎င်းတို့အားလုံး၏ လယ်ယာမြေများ ပြန်ပေးရန်၊ လယ်ယာမြေများကို မူလအတိုင်း ပြန်လုပ်ပေးရန်၊ နစ်နာမှုများကို ထိုက်တန်စွာ ကုစားပေးရန်နှင့် သိမ်းယူထားသော အိမ်ခြံမြေများကို ပြန်ပေးရန်၊ ဟူးကောင်းဒေသမှ ယုဇနကုမ္ပဏီ အပြီးထွက်သွားပေးရန်တို့ကို တောင်းဆိုထားသည်။

"၃၀ ရက်နေ့ကို ဆန္ဒထုတ်ဖော်ဖို့ ဗဟန်းမှာ စာတင်ခဲ့တယ်။ ဒါကိုမှ ဆက်ပြီး ဖြေရှင်းမပေးဘူးဆိုရင် တရားရုံးကိုသွားမယ်။ ကချင်ပြည်နယ် ပြန်ရောက်တဲ့အခါကျလည်း ထွန်တုံးတိုက်ပွဲတွေလုပ်ဖို့တော့ စီစဉ်ထားပါတယ်"ဟု ဒေါ်ဘောက်ဂျာက ပြောသည်။

"ဒီလို လျော်ကြေးပေးတဲ့ပုံစံကို လက်ခံနိုင်တဲ့လူမရှိဘူး။ တချို့ကတော့ စားဝတ်နေရေးကျပ်တည်းလွန်းလို့ လက်ခံထားတာရှိတယ်။ သီးပင်စားပင်ဖိုး ကျွန်မတို့နစ်နာသလောက် သူတို့ပေးနိုင်ရင် လက်ခံမယ်။ ကျွန်မတို့ကို မြေဖိုးဆိုပြီးပေးတာ လက်မခံနိုင်ဘူး။ မြေက သူတို့ကို ပေးထားတာမဟုတ်ဘူး။ ကျွန်မတို့ပြန်ယူမှာ။ မြေဖိုးပေးတာလက်ခံရင် မြေကို သူတို့ကို ပေးသလိုဖြစ်မယ်" ဟု လာဂျာပန်ကျေးရွာမှ လယ်ဧက ၂၀ ဆုံးရှုံးခဲ့ရသူ ဒေါ်ဂျီးတောင်က မြန်မာတိုင်း(မ်)ကို ပြောသည်။ ■

# RCSS ရုံး ဝင်ရောက်စီးနင်းရှာဖွေခံရမှု အစိုးရ ပြန်ဖြေရှင်းမှုကို စောင့်ဆိုင်းနေဆဲ

ရဲမွန်

**ရှမ်းပြည်နယ်အရှေ့ပိုင်း** ကျိုင်းတုံမြို့၌ ဖွင့်လှစ်ထားသည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော်တောင်ပိုင်း (RCSS/ SSA)၏ ဆက်ဆံရေးရုံးကို မေလ ၆ ရက်နေ့တွင် စစ်ဘက်ရေးရာလုံခြုံရေးအဖွဲ့က ဝင်ရောက်စီးနင်းရှာဖွေခဲ့မှုကို အစိုးရဘက်သို့ အကြောင်းကြားထားသော်လည်း ယခုအချိန်ထိ တိကျသောဖြေရှင်းချက် တစ်စုံတစ်ရာ မပေးသေးကြောင်း RCSS ၏ အတွင်းရေးမှူး(၂) ဗိုလ်မှူးလောင်ဆဲန်က ပြောသည်။

အဆိုပါဖြစ်ရပ်အတွက် ဖြေရှင်းချက်ပေးရန် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီသို့ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော်တောင်ပိုင်း( RCSS/ SSA) ၏ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးယွက်ဆစ်ကိုယ်တိုင် မေလ ၈ ရက်နေ့ကတည်းက စာပို့တောင်းဆိုခဲ့ခြင်းဖြစ်သည်။

"အခုအချိန်ထိတော့ အစိုးရဘက်က ဖြေရှင်းချက်လာတာ မတွေ့ရသေးပါဘူး။ ဘာလို့ကြန့်ကြာနေတာလဲ မသိဘူး။ ကျွန်တော်တို့ အချိန်ကာလ အတိုင်းအတာတစ်ခုအထိ စောင့်ရပါဦးမယ်။ ပြီးမှ ဘာဆက်လုပ်ရမလဲဆိုတာ အားလုံး တိုင်ပင်ပြီး လုပ်သွားရပါလိမ့်မယ်"ဟု ဗိုလ်မှူးလောင်ဆဲန်က ပြောသည်။






မြန်မာငြိမ်းချမ်းရေးစင်တာမှ အကြီးတန်းအကြံပေး ဦးလှမောင်ရွှေက အဆိုပါဖြစ်ရပ်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၏ ဒုဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်မင်းက ဆောင်ရွက်နေသော်လည်း အသေးစိတ်အချက်အလက်များကိုမူ သိရှိခြင်းမရှိကြောင်း မြန်မာတိုင်း(မ်)ကို ဖြေကြားသည်။

အဆိုပါအဖွဲ့သည် အစိုးရနှင့် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်ကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် တောင်ကြီးမြို့၌ လက်မှတ်ရေးထိုးထားပြီးဖြစ်ကာ ဆက်ဆံရေးရုံး ခုနစ်ရုံးအထိ ဖွင့်လှစ်ထားသည်။ သို့သော် စာချုပ်ချုပ်ပြီး သုံးနှစ်တာကာလအတွင်း အစိုးရတပ်နှင့် တိုက်ပွဲပေါင်း ၁၀၀ ကျော်ဖြစ်ပွားခဲ့သည်။

ကျိုင်းတုံဆက်ဆံရေးရုံး ဝင်ရောက်စီးနင်းခံရခြင်းနှင့် စပ်လျဉ်း၍ RCSS က မေလ ၂၁ ရက်နေ့တွင် ကျရောက်သော (၅၆) နှစ်မြောက် ရှမ်းပြည်အမျိုးသား တော်လှန်ရေးနေ့တွင် ထုတ်ပြန်ချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ကြိုးပမ်းမှု မအောင်မြင်ပါက လက်နက်ကိုင်နည်းလမ်းကို ကျင့်သုံးသွားမည်ဟူသောအချက်လည်း အဆိုပါ ထုတ်ပြန်ချက်တွင် ပါဝင်ခဲ့သည်။

"ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်တွေက ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို သွားနေပေမယ့် တပ်မတော်က နည်းမျိုးစုံနဲ့ နှောင့်ယှက်နေပြီး လက်နက်နဲ့ ဖြေရှင်းနေတာတွေကြောင့် ထုတ်ပြန်ချက်မှာ အဲဒီအချက်ကို ထည့်ရခြင်း ဖြစ်ပါတယ်"ဟု ဗိုလ်မှူးလောင်ဆဲန်က ပြောသည်။

> **နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းသော နည်းလမ်းဖြင့် ကြိုးပမ်းမှု မအောင်မြင်ပါက လက်နက်ကိုင် ...**

"နောက်ပြီး ပုဒ်မ ၁၇(၁)နဲ့ အရေးယူတာတွေကိုလည်း ရပ်စေချင်ပါပြီ"ဟု ၎င်းက ပြောကြားသည်။

RCSS သည် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့ ပူးပေါင်းရေးဆွဲမည့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအသစ်တွင် ၎င်းတို့၏ လိုအပ်ချက်များ၊ မူဝါဒများနှင့် ကွဲလွဲနေပါက အစိုးရနှင့်တစ်ဖွဲ့တည်း သီးသန့်လက်မှတ်ထိုးမည်ဟု ပြောကြားထားသည့် ရှမ်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့လည်း ဖြစ်သည်။ ■




ရှေ့နေများကွန်ရက်က မေလ ၂၈ ရက်နေ့တွင် စုပေါင်းတိုင်းတရားရုံးရှေ့၌ ထပ်မံဆန္ဒပြနေကြသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ဇာနည်ဖြိုး

# ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ရှေ့နေများကွန်ရက်က တရားစွဲဆိုသွားရန်စီစဉ်

ရဲမွန်

**ရန်ကုန်မြို့** ကမ်းနားလမ်းရှိ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်နှင့် မြို့နယ်ရုံးများဖွင့်လှစ်ခဲ့သည့် စုပေါင်းတိုင်းတရားရုံးအား ပုဂ္ဂလိကကုမ္ပဏီသို့ ငှားရမ်းလွှဲပြောင်းခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ရှေ့နေများကွန်ရက်က တရားလိုလုပ်ကာ တရားစွဲဆိုသွားမည်ဟု မေလ ၂၈ ရက်နေ့က ကြေညာခဲ့သည်။

စုပေါင်းတိုင်းတရားရုံးကို ဟိုတယ်အဖြစ် ပြုပြင်ဆောက်လုပ်ခွင့် ပေးလိုက်ခြင်းနှင့် ရန်ကုန်တိုင်းဒေကြီး တရားလွှတ်တော်ကို ပြတိုက်အဖြစ် ပြုပြင်ဖွင့်လှစ်ရန် သဘောတူခဲ့သည့်အပေါ် မြန်မာနိုင်ငံရှေ့နေများကွန်ရက်က မေလ ၂၈ ရက်နေ့တွင် ထပ်မံဆန္ဒပြကန့်ကွက်ခဲ့ပြီး ခွင့်ပြုမိန့်ပေးသည့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို တရားစွဲဆိုမည်ဟု ကြေညာခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ နောက်လထဲမှာ တရားစွဲသွားမှာပါ။ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ အဓိကတာဝန်ရှိတဲ့အတွက် သူ့ကိုပဲ တရားစွဲရခြင်းဖြစ်ပါတယ်။ သူတို့ကို တရားစွဲတဲ့အခါမှာ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ တရားစွဲမှာပါ။ ဒီစုပေါင်းတိုင်းတရားရုံးရဲ့ ကာလပေါက်စျေးက သိန်း ၅,၀၀၀ နီးပါးရှိတဲ့အတွက် တရားစွဲတဲ့အခါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှာပဲ စွဲသွားမှာပါ" ဟု တရားလိုအကျိုးဆောင်အဖြစ် ဆောင်ရွက်မည့် တရားလွှတ်တော်ရှေ့နေ ဦးစိုးတင့်ရီက ပြောသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းဦးဆောင်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ၂၀၁၁ ခုနှစ်တွင် တင်ဒါခေါ်ကာ စုပေါင်းတိုင်းတရားရုံးကို မြန်မာနိုင်ငံသားပိုင်ဆိုင်သည့် Flying Tiger ကုမ္ပဏီအား လုပ်ကိုင်ခွင့်အတွက် ရွေးချယ်ခဲ့ပြီး တရားလွှတ်တော်ကိုမူ ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်ကို လုပ်ကိုင်ခွင့်ပေးရန်ရွေးချယ်ခဲ့သည်။

Flying Tiger ကုမ္ပဏီသည် အခန်း ၁၈၀ ပါ နိုင်ငံတကာအဆင့်မီ ဟိုတယ်လုပ်ငန်း လုပ်ကိုင်ရာတွင် နှစ် ၇၀ သက်တမ်းငှားရမ်းခြင်းအတွက် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄ သန်းနှင့် နှစ်စဉ်ငှားရမ်းခနှုန်းအဖြစ် ဟိုတယ်ဝင်ငွေ၏ ခုနစ်ရာခိုင်နှုန်းကို နိုင်ငံတော်သို့ပေးသွင်းရန် စာချုပ်ချုပ်ထားသည်ဟု ကုမ္ပဏီမန်နေးဂျင်းဒါရိုက်တာ ဦးသောင်းထိုက်က မြန်မာတိုင်း(မ်)ကို ပြောသည်။

"ကျွန်တော်တို့က တစ်ဦးတစ်ယောက်တည်း ကိုယ်ကျိုးအတွက် လုပ်တာမဟုတ်ဘူး။ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းမှု ရှိ၊ မရှိ ဆိုတာကိုပြည်သူကပဲ သုံးသပ်ရပါလိမ့်မယ်။ ကျွန်တော်တို့ကတော့ လုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်သွားမယ်"ဟု ၎င်းက ပြောသည်။

ဟိုတယ်အဖြစ် ပြုပြင်ဆောက်လုပ်ရာတွင် ၃၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပြီး မည်သည့်အနှောင့်အယှက်မှမရှိပါက ၂၀၁၆ ခုနှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

ရှေ့နေများကွန်ရက်က တရားစွဲမည်ဟု ပြောဆိုခြင်းအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို တာဝန်ရှိသူထံ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းသော်လည်း လက်ခံဖြေကြားခြင်းမရှိပေ။ ■

# ကြွက်များသေဆုံးမှု စစ်ဆေးရာ ပုလိပ်ရောဂါပိုး မတွေ့ရှိရ

ရွှေရည်စောမြင့်

**ရောဝတီတိုင်းဒေသကြီးအတွင်း** ကြွက်များသေဆုံးမှုဖြစ်ပွားခဲ့ပြီးနောက် သေဆုံးခဲ့သည့်ကြွက်သေအချို့ကို ဓာတ်ခွဲစစ်ဆေးရာတွင် ပုလိပ်ရောဂါပိုးမတွေ့ကြောင်း ရန်ကုန်မြို့၊ အောက်မြန်မာပြည်ဆေးသုတေသန အမျိုးသားဓာတ်ခွဲခန်းမှ စစ်ဆေးချက်အဖြေကို ကိုးကားပြီး ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အခုကြွက်တွေ အစုလိုက်အပြုံလိုက်သေတယ်ဆိုရင် ပုလိပ်ရောဂါပိုး ကူးစက်ခံထားရတာကြောင့် သေတာလားဆိုပြီးတော့ စိုးရိမ်စရာရှိတဲ့အနေအထားဖြစ်တယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာနကနေ ဖြစ်ပွားရာနေရာကို သွားကြည့်စစ်ဆေးတဲ့ အခါမှာတော့ ကြွက်ဖလောင်းဆိုတဲ့ လယ်ကြွက်အမျိုးအစား ကြွက်အကောင်သေးလေး တစ်မျိုးသာသေပြီးတော့ တခြားအမျိုးအစား ကြွက်တွေမသေပါဘူး။ ဒါကြောင့် ဒီကြွက်တွေက ကူးစက်ရောဂါကြောင့် သေတာမဟုတ်ဘူးဆိုတာပြောလို့ ရပါတယ်။ နောက်ပြီးတော့ ဓာတ်ခွဲစမ်းသပ်ချက်အဖြေအရလည်း ပုလိပ်ပိုးမတွေ့ရဘူး" အဆိုပါမြို့နယ်များသို့ ကွင်းဆင်းလေ့လာခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ကူးစက်ရောဂါ ဆရာဝန်ကြီး ဒေါက်တာဖြိုးဖြိုးကျော်မှ မြန်မာတိုင်း(မ်)ကို ပြောသည်။

သို့သော် ကြွက်များအစုလိုက်အပြုံလိုက်သေဆုံးရာ နေများတွင်နေထိုင်သည့် လူများ ဖျားနာခြင်းရှိမရှိ ကို ကျန်းမာရေးဝန်ကြီးဌာနက ၁၄ ရက်အတွင်း ဆက်လက် စောင့်ကြည့်နေဆဲဖြစ်ကြောင်း ၎င်းက ပြောသည်။

"ကျွန်မတို့ အဲဒီကျေးရွာတွေမှာရှိတဲ့ ကျေးလက် ဆေးပေးခန်းတွေနဲ့ ချိတ်ဆက်ထားပါတယ်။ တခြားရောဂါကြောင့် ဖျားနာနေတဲ့ လူတွေကိုလည်း စောင့်ကြည့်ပြီး သတင်းပေးဖို့ မှာထားပါတယ်။ ဖြစ်ပေါ်လာတဲ့ အနေအထားပေါ်မူတည်ပြီး စောင့်ကြည့်ရက်ကိုလည်း တိုးချဲ့ဖို့ရှိပါတယ်။ လောလောဆယ် အဲဒီဒေသကိုတော့ ပုလိပ်ရောဂါပိုးမတွေ့ဘူးဆိုတာ အကြောင်းကြားထားပါတယ်"ဟု ဒေါက်တာဖြိုးဖြိုးကျော်က ပြောသည်။

ပုသိမ်မြို့နယ်၊ ငပုတော မြို့နယ်ရှိ ရပ်ကွက်နှင့် နေအိမ်အချို့တွင် မေလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိနှင့် လေးမျက်နှာမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာနေအိမ်အချို့၏ အနီးတစ်ဝိုက်တွင် မေလ ၂၁ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကြွက်များ အစုလိုက်သေဆုံးခြင်းများ ဆက်တိုက် ဖြစ်ပေါ်ခဲ့ပြီး၊ အဆိုပါ သုံးမြို့နယ်တွင်စုစုပေါင်း ကြွက်အကောင်ရေ ၁,၆၀၀ သေဆုံးခဲ့ကြောင်း အဆိုပါဒေသမှ ကျန်းမာရေးဝန်ကြီးဌာနသို့ ပေးပို့ထားသည့် စာရင်းများတွင် ဖော်ပြထားသည်။

ပုလိပ်ရောဂါပိုးသည် ကြွက်များမှတစ်ဆင့် လူသို့ကူးစက်ခံရတတ်ပြီး ကူးစက်ခံရပါက မနာမကျန်းဖြစ်ပြီး လူများကို အစုလိုက်အပြုံလိုက် သေဆုံးစေတတ်သည်။ မြန်မာနိုင်ငံတွင် ပုလိပ်ရောဂါပိုးကို ၁၉၇၃ ခုနှစ်ဝန်းကျင်တွင် နောက်ဆုံးတွေ့ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါဒေသသို့ ကွင်းဆင်းလေ့လာခဲ့သည် စိုက်ပျိုးရေးဦးစီးဌာနသီးနှံကာကွယ်ရေး ဒုဦးစီး

> ## ကျန်းမာရေးဝန်ကြီးဌာနက ၁၄ ရက်အတွင်း ဆက်လက် စောင့်ကြည့်နေဆဲဖြစ် .... "

မှူး ဒေါက်တာညိုမိသင်းက ကြွက်များသေဆုံးရခြင်း၏ အဓိကအကြောင်းရင်းမှာ ရာသီဥတုဖောက်ပြန်မှုနှင့် အစာရေစာပြတ်မှုကြောင့်သေဆုံးခြင်းဖြစ်နိုင်ကြောင်း ခန့်မှန်းပြောသည်။

"ဒီကြွက်တွေကလယ်ထဲမှာနေတဲ့ ကြွက်တွေပါ။ ဒါပေမဲ့ အစာရှားပါးလို့ လူတွေနဲ့နီးတဲ့ဆီကိုပြေးလာကြတယ်။ ဒါပေမဲ့နောက်ဆုံး အစာရေစာမရလို့ အစာရေစာပြတ်ပြီးတော့ သေပုံရပါတယ်။ အချင်းချင်းတိုက်ခိုက်ခံရလို့ သေတာလည်းတွေ့ရပါတယ်"ဟု ၎င်းက ပြောသည်။

ကြွက်များ၏ ဝမ်းဗိုက်ကိုစစ်ဆေးကြည့်ရှုခဲ့ရာ အစာအဆိပ်ဖြစ်ခြင်းကြောင့် သေဆုံးခြင်းနှင့် လူများထံ ကူးစက်ရောဂါဖြစ်နိုင်ခြေရှိသည့် ကြွက်သန်းများကြောင့် သေဆုံးသည့်အနေအထားကို မတွေ့ရှိခဲ့သော်လည်း ကြွက်များသေဆုံးရခြင်းအကြောင်းရင်းကို ပိုမိုတိကျစွာအဖြေထုတ်စေနိုင်ရန် နိုင်ငံတကာမှ ကြွက်ဂေဟပညာရှင်အဖွဲ့အစည်းအား လေ့လာပေးရန် အကူအညီတောင်းခံထားသည်ဟု ၎င်းက ပြောသည်။ ■



# ပူးပေါင်းအဖြေရှာဖို့ လိုလာတဲ့ မြန်မာနိုင်ငံရဲ့ ရေစီမံခန့်ခွဲမှု

အေးစပယ်ဖြူ
ရေးသားသည်။

**အဝါရောင်ရေပုံးတွေရဲ့** အလယ်မှာ အမျိုးသမီးတစ်ဦးအလုပ်များနေပါတယ်။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာ မြို့နယ်ထဲမှာရှိတဲ့ ရေနံတွင်းဟောင်းတစ်ခုဆီက သွယ်ယူထားတဲ့ ရေပိုက်ထဲကရေတွေကို ပုံးတခုစီမှာ ပြည့်သွားအောင် သူကသတိထားပြီး ဖြည့်နေတာပါ။

"ဒါကရွာသူရွာသားတွေ နေ့စဉ်သောက်သုံးရေအတွက် ရေခပ်ရတဲ့ပုံစံဖြစ်ပါတယ်။ ကြီးအုံကြီးဝဆည်နားမှာရှိတဲ့ ရေနံတွင်းဟောင်းက ရေတွေကို အဲဒီနားမှာရှိတဲ့ ၁၀ ရွာလောက်က အားထားနေရပြီး မသန့်ရှင်းတဲ့ ရေတွေကို သောက်သုံးနေရတဲ့ အခြေအနေပါ။ ရေအတွက် လူတစ်ယောက်အမြဲထားပြီး အိမ်ရှင်မတွေ အနေနဲ့ရေကို အဲဒီလိုပုံစံနဲ့ နေ့စဉ်ရှာရပါတယ်" ဟု ပွင့်ဖြူမြို့နယ်အခြေစိုက် အော်ဂဲနစ်စိုက်ပျိုးရေးနှင့် တောင်သူရေးရာဖွံ့ဖြိုးရေး အစုအဖွဲ့က ဦးညွန့်ဝင်းက ပြောပါတယ်။

ပွင့်ဖြူမြို့နယ်နဲ့ စေတုတ္တရာမြို့နယ်တို့ဟာ အရင်ကသောက်သုံးရေအတွက် မုန်းချောင်းကို အဓိကအားထားခဲ့ရတဲ့ ဒေသများဖြစ်ခဲ့ပြီး မုန်းချောင်းပေါ်မှာ ဆည်တည်ဆောက်မှုများကြောင့် ရွှေ့ပြောင်းခံခဲ့ရတဲ့ ကျေးရွာတွေမှာ သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

"မုန်းချောင်းပေါ်မှာ ဗူး(ဗူးဝ) ရေလှောင်တမံ၊ စေတုတ္တရာ (မုန်း) ရေလှောင်တမံ၊ ကြီးအုံကြီးဝ ရေလှောင်တမံနဲ့ မယ်ဇလီရေလွှဲဆည်တွေရှိပါတယ်။ ကြီးအုံကြီးဝရေလှောင်တမံနဲ့ စေတုတ္တရာရေလှောင်တမံတွေ တည်ဆောက်မှုအတွက် ၂၀၀၀-၀၁ ခုနှစ် လောက်မှာ ကျေးရွာပေါင်း ၃၁ ရွာလောက်ရွှေ့ပြောင်း ခံခဲ့ရပါတယ်။ ရေကို တောင်အောက်ကနေ သယ်ရတယ်။ ရွာတွေက တောင်ပေါ်ကို ရွှေ့ပေးထားရတယ်ဆိုတော့ အမြင့်ပေ ၇၀၀ လောက်ကို ရောက်နေတဲ့ ရွာတွေဆီကို သယ်ရတာပါ။ မသယ်နိုင်တဲ့ သက်ကြီးရွယ်အိုတွေ အနေနဲ့ ပုံးတစ်ပုံး (လေးဂါလန်) လောက်ကို ကျပ် ၅၀၀ လောက်ပေးပြီး သယ်ရတယ်" လို့ ဦးညွန့်ဝင်းက ပြောပါတယ်။

မုန်းချောင်းပေါ်မှာ ဆည်တွေ တည်ဆောက်ပြီးနောက် ပွင့်ဖြူမြို့နယ်ထဲက စိုက်ပျိုးမြေဧကငါးသောင်းကျော်မှာလည်း စိုက်ပျိုးရေအခက်အခဲတွေနဲ့ ကြုံတွေ့နေရပါတယ်။

"စေတုတ္တရာရဲ့ အောက်ဘက်မှာ ရှိနေတဲ့ ပွင့်ဖြူမြို့နယ်ကလည်း ဆည်ရေသောက်ကို အဓိကထားပြီး စိုက်ပျိုးရတဲ့ဒေသပါ။ ဒါပေမဲ့ ရေလွှဲဆည်ရဲ့အဝမှာ ရေကြောင်းပြောင်းလဲပြီး၊ ရေထွက်ပေါက်တွေမှာ သောင်ထွန်း၊ နုန်းပို့ချတာတွေ ဖြစ်တယ်။ ဒီဆည်တွေ တည်ဆောက်ပြီး မုန်းချောင်းက ရေအားတွေလည်း လျော့သွားတဲ့အတွက် မုန်းချောင်းလွင်ပြင်နဲ့ အနီးတစ်ဝိုက်က ဧက ငါးသောင်းကျော်ကလည်း မြေအောက်ရေတွင်း ၇,၀၀၀ ကျော်ကို အားထားပြီး စိုက်နေရပါတယ်" လို့ ဦးညွန့်ဝင်းက ပြောပါတယ်။

"ကျွန်တော်တို့ ဒေသဟာ အပူပိုင်းဇုန်မှာ ကျရောက်တာဖြစ်လို့ ဆည်ရေကို သောက်ပြီး စိုက်ပျိုးရတာတော့ မှန်ပါတယ်။ ဆည်တွေကြောင့် အကျိုးယုတ်တယ်လို့တော့ မပြောလိုပါဘူး။ လူမှုရေးတာဝန်ယူမှု ပျက်ကွက်တာကိုပြောချင်တာပါ။ ၂၀၀၀-၂၀၀၁ လောက်တည်းက ဒီကိစ္စတွေ ဖြစ်ခဲ့ပေမယ့် ဒီနေ့အထိ ဘယ်ဌာန၊ အဖွဲ့အစည်းကမှ ဒီလူမှုရေးတာဝန်ယူမှု ပျက်ကွက်တဲ့ ကိစ္စတွေအတွက် စုံစမ်းပံ့ပိုးတာမျိုး မရှိသေးပါဘူး"လို့ ဦးညွန့်ဝင်းက ပြောသည်။

စေတုတ္တရာနှင့် ပွင့်ဖြူမြို့နယ်က ဒေသခံများ ခံစားနေရသော အခြေအနေဟာ မြန်မာနိုင်ငံမှာရေအရင်းအမြစ် ပေါကြွယ်ဝပေမယ့် နိုင်ငံသားအားလုံးရဲ့ အကျိုးစီးပွားနဲ့ ရေရှည်ဖွံ့ဖြိုးမှုကို အထောက်အကူပြုတဲ့ ဘက်စုံရေစီမံခန့်ခွဲရေးစနစ်ကို လက်တွေ့အသုံးပြုဖို့ လိုအပ်လျက်ရှိနေသေးတယ်ဆိုတဲ့ ပညာရှင်များရဲ့ သုံးသပ်ချက်ကို မီးမောင်းထိုးပြလိုက်တာပါပဲ။



မြန်မာနိုင်ငံအလယ်ပိုင်း၊ မုံရွာမြို့အနီး ကျေးရွာတစ်ရွာတွင် သောက်သုံးရေလာရောက်ခပ်ယူနေကြသည့် ရွာသူရွာသားများကို မတ်လအတွင်းက တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ/ ရဲအောင်သူ

မြန်မာနိုင်ငံရဲ့ အဓိကမြစ်ကြီးလေးစင်းဖြစ်တဲ့ ဧရာဝတီ၊ စစ်တောင်း၊ သံလွင်၊ ချင်းတွင်းမြစ်နဲ့ ၎င်းတို့ရဲ့ မြစ်လက်တက်တွေဖြစ်တဲ့ မင်းတုန်း၊ ယော၊ စလင်း၊ မန်း၊ မုံး၊ မြစ်ငယ်၊ စမုံ၊ ပန်းလောင်၊ ဇော်ဂျီ၊ မူးနဲ့ မြစ်သာစတဲ့ မြစ်လက်တက်တွေကနေ တစ်နှစ်ကိုရေချို ၁,၀၈၂ ကုဗကီလိုမီတာခန့်ရရှိတယ်လို့ မတ်လက ထုတ်ပြန်ခဲ့တဲ့ အမျိုးသားရေမူဝါဒမူကြမ်းမှာ ဖော်ပြထားပါတယ်။

စီးပွားရေးဖွံ့ဖြိုးလာခြင်း၊ လျင်မြန်စွာ တိုးတက်လာတဲ့ စက်မှုလုပ်ငန်းများ၊ မြို့ပြများနဲ့ လူဦးရေ တိုးပွားလာမှုများကြောင့် ရေလိုအပ်မှုက လျင်မြန်စွာ တိုးတက်လျက်ရှိတယ်လို့လည်း ဖော်ပြထားပါတယ်။

လက်ရှိ မြန်မာနိုင်ငံရဲ့ ရေနှင့်ဆိုင်တဲ့စီမံအုပ်ချုပ်မှု ကိစ္စရပ်များဟာ ကာလကြာမြင့်စွာကပင် အုပ်ချုပ်စီမံမှု စနစ်မကျခြင်း၊ စုစည်းမှုမရှိဘဲ ဝိဝါဒအမျိုးမျိုးကွဲပြားနေတာတွေကြောင့် တိုင်းပြည်၏ နေရာအသီးသီးတွင် ပြဿနာများ ဖြစ်ပေါ်နေခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီအခြေအနေတွေကို ဖြေရှင်းပေးနိုင်မယ့် ဘက်စုံ ရေစီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးဖို့ လိုအပ်နေကြောင်းလည်း ပညာရှင်အများအပြား ပါဝင်ရေးဆွဲထားတဲ့ အဲဒီမူကြမ်းမှာ ဖော်ပြထားပါတယ်။

ကမ္ဘာနဲ့ အဝန်းရင်ဆိုင်နေရတဲ့ ပြဿနာတစ်ရပ်ဖြစ်တဲ့ ရာသီဥတုပြောင်းလဲခြင်းကလည်း ရေကဏ္ဍနှင့်ပတ်သက်ပြီး ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ပိုနက်ရှိုင်းလာစေပါတယ်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်အတွက် အရေးကြီးတဲ့မုတ်သုံမိုးရရှိမှုတွေဟာလည်း ၁၉၈၀ ပြည့်နှစ်ခန့်က စပြီး ပြောင်းလဲလာတယ်လို့ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ဆိုပါတယ်။

"မုတ်သုံကာလဟာ ၁၉၈၀ လောက်က စပြီး ရက်ပေါင်း ၄၀ လောက် လျော့သွားတယ်။ ဒါဟာ မုတ်သုံမိုး ၃၀ ရာခိုင်နှုန်းလောက်လျော့သွားတာနဲ့ ညီမျှတယ်။ ဒါကြောင့် မြန်မာနိုင်ငံမြစ်တွေရဲ့ ရေအရင်းအမြစ်ဖြစ်တဲ့ မိုးရေရရှိမှုကလည်း လျော့နည်းနေပြီဖြစ်ပါတယ်။ ကုလသမဂ္ဂရဲ့ လေ့လာချက်တွေအရ အရပ်ဒေသတစ်ခုမှာ အပူချိန်တွေဟာ ပုံမှန်ထက် တစ်ဒီဂရီစင်တီဂရိတ်တိုးလာခဲ့ရင် အဲဒီအရပ်ဒေသမှာ ရေနဲ့ပတ်သက်တဲ့ ပြဿနာတွေ စတွေ့ကြရတယ်။ အပူချိန်ဟာနှစ်ဒီဂရီကျော်အောင် မြင့်တက်သွားရင် အဲဒီဒေသမှာရှိတဲ့ မြစ်တွေဟာ ခန်းခြောက်သွားတယ်။ ၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ကျော်အောင် မြင့်တက်သွားမယ်ဆိုရင် မြေအောက်ရေတွေဟာ ဆုတ်သွားမှာ ဖြစ်ပါတယ်။ အပူချိန်ခန့်မှန်းချက်တွေကို တွက်တဲ့နေရာမှာ ကမ္ဘာကျော်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အင်္ဂလန်နိုင်ငံက Hadley Center ရဲ့ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ထုတ်ပြန်ချက်အရ သတ္တရာဇ် ၂၁၀၀ မှာ တက်လာနိုင်တဲ့ အပူချိန်ခန့်မှန်းချက်တွေကို ထုတ်ပြန်တဲ့အခါမှာ ဒီရာစုအကုန် နောင် ၈၆ နှစ်အကြာကျရင် မြန်မာနိုင်ငံမှာ ပုံမှန်ထက် ငါးဒီဂရီစင်တီဂရိတ်တက်မယ်လို့ မှန်းထားပါတယ်" လို့ သူကပြောပါတယ်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာတာတွေ၊ သစ်တောပြုန်းတီးမှုတွေရဲ့ အကျိုးဆက်ဖြစ်တဲ့ နုန်းပို့ချမှုတွေကြောင့် မြစ်တွေကောလာတာတွေကြောင့် ကုန်းတွင်းရေချိုမြစ်နဲ့ မြေအောက်ရေချိုတွေ ခိုအောင်းတဲ့ကျောက်လွှာချပ်တွေဆီကို ဆားငန်ရေတွေတိုးလာမှုတွေ ဖြစ်ပေါ်လာပါတယ်။ မြန်မာနိုင်ငံရဲ့ မြစ်ဝကျွန်းပေါ်ဒေသမှာ ဒီအခြေအနေတွေကို ကြုံတွေ့နေရတယ်လို့ ရေမူဝါဒမူကြမ်းမှာဖော်ပြထားပါတယ်။

ရာသီဥတုပြောင်းလဲမှုနဲ့ ရေအရင်းအမြစ်ထိန်းသိမ်းမှု လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ရေဝေရေလဲဒေသမှာရှိတဲ့ သစ်တောပြုန်းတီးမှုတွေကို ထိထိရောက်ရောက် တားဆီးနိုင်မှသာ အောင်မြင်နိုင်လိမ့်မယ်လို့ သစ်တောသယံဇာတဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းဥက္ကဋ္ဌ ဦးအုန်းက ဆိုပါတယ်။

"အခုကြုံတွေ့နေရတဲ့ ရေကြီးတာ၊ ဆိုင်ကလုန်းတိုက်တာစတဲ့ ဘေးတွေဟာ သစ်တောပြုန်းတီးမှုတွေကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပြီး ကြုံနေရတဲ့ သိသာတဲ့ အကျိုးဆက်တွေပဲ။ နာဂစ်ဖြစ်တဲ့အချိန်မှာ ဧရာဝတီတိုင်းမှာရှိတဲ့ တောက ၈၀-၈၅ ရာခိုင်နှုန်းလောက် ပျက်စီးနေပြီ။ သစ်တောပြုန်းတီးမှုတွေကြောင့် အပေါ်ယံမြေဆီလွှာ ပြုန်းတီးမှုတွေဖြစ်ပြီး မြစ်တွေမှာ နုန်းပို့ချမှုတွေ ဖြစ်တယ်။ ဆိုးလာရင်တော့ အောက်ခံမြေဆီလွှာ ပျက်စီးမှုတွေပါဖြစ်ပြီး မြေရဲ့ အရည်အသွေးက လုံးဝပျက်စီးသွားမှာပဲ။ ရာသီဥတုအတွက်ရော၊ ရေကဏ္ဍအတွက်ရော အရေးကြီးတဲ့ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးကို ထည့်မစဉ်းစားလို့တော့ မဖြစ်ဘူး" ဟု ဦးအုန်းက ပြောပါတယ်။

ဘက်စုံရေစီမံခန့်ခွဲရေးစနစ်ဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် အဓိက သော့ချက်တစ်ခုလည်း ဖြစ်တယ်လို့ အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီရဲ့ ပညာရှင်အဖွဲ့အတွင်းရေးမှူး ဒေါ်ခင်နီနီသိန်းက ပြောပါတယ်။

"ရေကို စနစ်တကျ စီမံခန့်ခွဲမှု မရှိရင်ဖြစ်လာမယ့် အကျိုးဆက်တွေက ငြိမ်းချမ်းရေးကို ထိခိုက်နိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေမှာ ရေကဏ္ဍလေးကို ဂရုမစိုက်ရင် ရှေ့ကလုပ်ထားတာတွေအားလုံး အလကားဖြစ်သွားပါလိမ့်မယ်" ဟု ဒေါ်ခင်နီနီသိန်းက ပြောသည်။

ရေကိုအကောင်းဆုံး ရေရှည်အသုံးချနိုင်အောင် စီမံခန့်ခွဲခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးကို တွန်းအားပေးဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ သူက ဆိုပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုဖြစ်တဲ့ စွမ်းအင်ကဏ္ဍမှာတော့ မြန်မာနိုင်ငံရဲ့ လက်ရှိစွမ်းအင်ထုတ်လုပ်မှုရဲ့ ၇၀ ရာခိုင်နှုန်းကို ရေအားလျှပ်စစ်ကနေ ထုတ်ယူနေတာဖြစ်ပြီး နိုင်ငံတွင်းမှာ ထပ်မံတိုးမြှင့်ထုတ်လုပ်နိုင်မယ့် အလားအလာတွေရှိပေမယ့် ရေချိုအရင်းအမြစ်ထိန်းသိမ်းမှုနဲ့ စွမ်းအင်ထုတ်လုပ်မှုမှာ ဟန်ချက်ညီစေဖို့သတိပြုဖို့တော့ လိုအပ်တယ်လို့ ကမ္ဘာလုံးဆိုင်ရာရေမိတ်ဖက်အဖွဲ့ (အရှေ့တောင်အာရှ) ရဲ့ ဥက္ကဋ္ဌ ဦးလှဘော်က ပြောပါတယ်။

ရေမူဝါဒမူကြမ်းအရ ငွေကြေးမလုံလောက်မှု၊ နည်းပညာခေတ်နောက်ကျမှုနှင့် ရေအသုံးချမှုဆိုင်ရာ မဟာဗျူဟာမရှိခြင်းကြောင့် မြန်မာနိုင်ငံဟာ တစ်နှစ်ကို နိုင်ငံတွင်းမှာရှိတဲ့ ရေကြွယ်ဝမှုရဲ့ ငါးရာခိုင်နှုန်းဖြစ်တဲ့ ၅၆ ကုဗကီလိုမီတာကိုသာ သုံးစွဲနိုင်သေးတယ်လို့ဆိုပါတယ်။

လက်ရှိမှာတော့ စေတုတ္တရာမြို့နယ်က ကျေးရွာဒေသခံတွေဟာ သူတို့ရဲ့ နေ့စဉ်ရေလိုအပ်ချက်အတွက် ရွေးချယ်စရာမရှိတဲ့ လက်လှမ်းမီရာရေရင်းမြစ်ဆီကို ဆက်လက်ခရီးနှင်နေရဆဲ ဖြစ်ပါတယ်။ ■

> သတ္တရာဇ် ၂၁၀၀ မှာ တက်လာနိုင်တဲ့ အပူချိန်ခန့်မှန်းချက်တွေကို ထုတ်ပြန်တဲ့အခါမှာ ဒီရာစုအကုန် နောင် ၈၆ နှစ်အကြာကျရင် မြန်မာနိုင်ငံမှာ ပုံမှန်ထက် ငါးဒီဂရီစင်တီဂရိတ်တက်မယ်လို့ မှန်းထားပါတယ်... ”

# ရခိုင်ရှိ ကုလနှင့် အင်န်ဂျီအိုများကို ရခိုင် လူမှုအဖွဲ့အစည်းများ စောင့်ကြည့်မည်

ဝလုံး

**ရခိုင်ပြည်နယ်အတွင်း** လုပ်ငန်းဆောင်ရွက်မည့် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့များ၊ နိုင်ငံတကာနှင့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်း (အင်န်ဂျီအို) များအား စောင့်ကြည့်သွားရန် စီစဉ်ထားကြောင်း ရခိုင်လူမှုကွန်ရက်မှ ကိုထွန်းလင်းက မြန်မာတိုင်း(မ်)သို့ ပြောသည်။

"သူတို့ (အကူအညီပေးရေးအဖွဲ့များ) က ကျွန်တော်တို့ဒေသကို တိုးတက်စေချင်လို့ ကူညီဖို့လာတယ်လို့ပြောတယ်၊ အမှန်တကယ်လိုအပ်တဲ့နေရာတွေမှာ ထိထိရောက်ရောက် ကူညီနိုင်ရေးအတွက် ကျွန်တော်တို့ စောင့်ကြည့်မယ်"ဟု ၎င်းကပြောသည်။

မေလ ၂၅ ရက်နေ့က ရခိုင်ပြည်နယ်စစ်တွေမြို့တွင်ပြုလုပ်ခဲ့သော အစည်းအဝေးတစ်ခုတွင် အဖွဲ့ဝင် ၂၂ ဦးပါဝင်သော စောင့်ကြည့်ရေးကော်မတီတစ်ရပ် ဖွဲ့စည်းရေးကို အစည်းအဝေးတက်ရောက်လာသော ရခိုင်လူမှုအဖွဲ့အစည်း ၄၀ ကျော်က သဘောတူခဲ့ကြသည်။

အဆိုပါ စောင့်ကြည့်ရေးကော်မတီတွင် ရခိုင်ပြည်နယ် နာရေးကူညီမှုအသင်း၊ သွေးအလှူရှင်အသင်း၊ ဘုရားပန်းလဲလှယ် ဝေယျာဝစ္စအသင်း၊ ရခိုင်အမျိုးသမီးကွန်ရက် အစရှိသည့် လူမှုရေးနယ်ပယ်တွင် လုပ်ဆောင်နေကြသော အဖွဲ့အစည်းများအပြင် ရဟန်းသံဃာတော်များ ပါဝင်သည်။

ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးပြောရေးဆိုခွင့်ရှိသူ Pierre Péron က မူ ရခိုင်လူမှုအဖွဲ့အစည်းများ၏ စောင့်ကြည့်ရေးအဖွဲ့နှင့် ပတ်သက်ပြီး ဆွေးနွေးပွဲဖိတ်ကြားခဲ့ခြင်း မရှိခြင်းကြောင့် တစ်စုံတစ်ရာ မှတ်ချက်ပေးစရာမရှိကြောင်း မြန်မာတိုင်း(မ်)ကို ပြောသည်။

"ကျွန်တော်တို့အနေနဲ့ အစိုးရကဖွဲ့ထားတဲ့ အရေးပေါ်ကူညီစောင့်ရှောက်ရေးအဖွဲ့ (ECC) အပေါ်မှာ သတင်းအချက်အလက်တွေကို ဖလှယ်ဖို့အတွက် ညှိနှိုင်းဆွေးနွေးပွဲတွေ လုပ်ပြီးတော့ အဲဒီအဖွဲ့က ရခိုင်တိုင်းရင်းသားခေါင်းဆောင်တွေရော အစိုးရတာဝန်ရှိသူတွေနဲ့ပါ နီးကပ်တဲ့ စေ့စပ်ညှိနှိုင်းမှုတွေလည်း လုပ်နေပါတယ်" ဟု ၎င်းကပြောသည်။

စစ်တွေမြို့ရှိ စည်းကမ်းထိန်းသိမ်းရေးနှင့် ကူညီစောင့်ရှောက်ရေး ရဟန်းသံဃာတော်များမှ ဆရာတော် ဦးပညာသာမိက ကုလအဖွဲ့များ၊ နိုင်ငံတကာ အင်န်ဂျီအိုများအနေဖြင့် အစိုးရတာဝန်ရှိသူများနှင့်သာ ညှိနှိုင်းဆွေးနွေးသည့် အနေအထားမျိုးမဟုတ်ဘဲ ရခိုင်လူ့အဖွဲ့အစည်းအတွင်းရှိ ပြည်သူများနှင့်ပါ အစိုးရနှင့်နားလည်သဘောတူထားသည့် အချက်များ၊ လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာမှုရှိရှိ တင်ပြဆွေးနွေးမှုများ ပြုလုပ်သင့်ကြောင်း မိန့်သည်။

ကုလနှင့် နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့များအား စောင့်ကြည့်ရေးအဖွဲ့တစ်ခု ဖွဲ့စည်းရန် အစီအစဉ်ကို ဧပြီလတတိယပတ်အတွင်းက ပြုလုပ်ခဲ့သည့် ရခိုင်အမျိုးသား ညီလာခံက ဆုံးဖြတ်ချက်အနေနှင့် ထည့်သွင်းခဲ့သည်။

စောင့်ကြည့်ရေးအဖွဲ့များကို ရခိုင်တစ်ပြည်နယ်လုံးရှိ မြို့နယ်တိုင်းတွင် ဖွဲ့စည်းသွားမည်ဖြစ်ပြီး လက်ရှိစစ်တွေ၊ မင်းပြားနှင့် ဘူးသီးတောင်မြို့နယ်များတွင် ဖွဲ့စည်းထားပြီးဖြစ်သည်။

"ကျွန်တော်တို့စောင့်ကြည့်ရေးအဖွဲ့ကတော့ အစိုးရနဲ့ပတ်သက်မှုမရှိပေမယ့် ရှေ့ဆက်ပြီး လုပ်ငန်းစဉ်တွေမှာ ဘယ်လိုလုပ်ရမလဲဆိုတာ ဆွေးနွေးနေဆဲ ဖြစ်ပါတယ်၊ မူဝါဒပိုင်းက အတည်မပြုရသေးပါဘူး"ဟု ရခိုင်လူမှုကွန်ရက်မှ ကိုထွန်းလင်းက မေလ ၂၇ ရက်နေ့က လူမှုအဖွဲ့များ၏ ဆွေးနွေးပွဲအပြီးတွင်ပြောသည်။

ပြီးခဲ့သည့် မတ်လနှောင်းပိုင်းက စစ်တွေမြို့ရှိ ကုလအေဂျင်စီများအပါအဝင် နိုင်ငံတကာ အင်န်ဂျီအိုရုံးခန်းအချို့ တိုက်ခိုက်ခံခဲ့ရကာ အကူအညီပေးရေးလုပ်ငန်းစဉ်များအားလုံး ယာယီရပ်ဆိုင်းသွားခဲ့သော်လည်း လုပ်ငန်းများအားလုံး ယခုအခါ ပြန်လည်စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ■

# လူငယ်များစင်တာဆိုင်ရာ မူဝါဒကို လူငယ်များကိုယ်တိုင် ချမှတ်မည်

အောင်ကျော်မင်း

**တိုင်းဒေသကြီးနှင့်** ပြည်နယ်အသီးသီးတို့တွင် လူငယ်စင်တာများ ဖွဲ့စည်းဖွင့်လှစ်နိုင်ရေးအတွက် အစိုးရ၏ ပူးပေါင်းကူညီဆောင်ရွက်မှု လိုအပ်လျက်ရှိသော်လည်း ပါဝင်မှုအချိုးကို လူငယ်များစင်တာ ဖြစ်မြောက်ရေးကော်မတီက သတ်မှတ်ရွေးချယ်ပေးရမည်ဖြစ်ကြောင်း လူငယ်များစင်တာဖြစ်မြောက်ရေး ဆောင်ရွက်သူတစ်ဦးက ပြောသည်။

"အစိုးရရဲ့ ပူးပေါင်းပါဝင်အချိုးကို ယေဘုယျအားဖြင့် သုံးပုံတစ်ပုံလို့ ပြောဆိုနေပေမယ့် ဒီအချက်ကို လူငယ်ကိုယ်တိုင်ပဲ ရေးဆွဲသတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ၁၀ ရာခိုင်နှုန်းပဲ ဖြစ်မလားတော့ မသိဘူး။ ကော်မတီက အများသဘောတူညီချက်နဲ့ ရေးဆွဲရမှာပါ။ ဘာကြောင့်လဲဆိုတော့ လူငယ်စင်တာကို အစိုးရရဲ့ ထိန်းချုပ်မှု ကင်းလွတ်ပြီး လွတ်လပ်တဲ့ လူငယ်များဆိုင်ရာ စင်တာ အဖွဲ့အစည်းအဖြစ် ရည်ရွယ်ထားတဲ့အတွက် ဖြစ်ပါတယ်"ဟု အမျိုးသားလူငယ်အဖွဲ့ (National Youth Congress) ၏ အထွေထွေအတွင်းရေးမှူး ကိုသက်ဆွေဝင်းက ပြောသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များ စင်တာကို ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေး တက္ကသိုလ်ဝင်းအတွင်း၌ ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိပြီး လူငယ်များ အသိပညာတိုးတက်နိုင်ရန်နှင့် အသုံးချနိုင်စေရန် စာကြည့်တိုက်၊ ဝိုင်ဖိုင်စနစ်၊ ဒစ်ဂျစ်တယ်စာကြည့်တိုက်နှင့် ဆွေးနွေးခန်းမများကို ထည့်သွင်းပြုလုပ်သွားမည် ဖြစ်သည်။

မြန်မာလူငယ်များစင်တာ ဖြစ်မြောက်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဘဏ္ဍာရေးအခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးတို့က ဦးဆောင်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

လူငယ်စင်တာများ လှုပ်ရှားဆောင်ရွက်ရန် ပဋိညာဉ်များ၊ အခြေခံမူဝါဒများ၊ အသင်းအဖွဲ့စည်းမျဉ်းများနှင့်ပုံစံများ စသည့် အခြေခံအချက်အလက်များအား လူငယ် အဖွဲ့အစည်းများကိုယ်တိုင် လွတ်လပ်စွာ ချမှတ်ရေးဆွဲနိုင်ပြီး မည်ကဲ့သို့ လုပ်ဆောင်သွားရမည်ကို တိကျသေချာသော စည်းမျဉ်းဘောင်များကို ရေးဆွဲရမည်ဟုဦးဇေယျာအောင်က ပြောသည်။

"လူငယ်တွေမှာ ပညာရေး၊ ကျန်းမာရေး၊ သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီးပွားရေးစတဲ့ ဆန်းသစ်တဲ့ စိတ်ကူးအကြံဉာဏ်ကောင်းတွေရှိတယ်။ သူတို့ရဲ့ စိတ်ကူးတွေကကောင်းပေမယ့်ဦးတည်ချက်သွေဖည်သွားရင် လမ်းလွဲသွားနိုင်တယ်" ဟု ၎င်းက ပြောသည်။ ■



# လာဘ်ပေးလာဘ်ယူ တိုက်ဖျက်မလား မှောင်ခိုဖမ်းတာကိုပဲ အားပေးမလား



စည်သူအောင်မြင့်
ရေးသားသည်။

**ပြီးခဲ့တဲ့** မေလ ၂၇ ရက်နေ့က နေပြည်တော် စီးပွားကူးသန်း ဝန်ကြီးဌာနမှာ တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီရဲ့ ဆုကြေးတိုးမြှင့်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲ တစ်ခု ကျင်းပခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲကို စီးပွားကူးသန်းဝန်ကြီး ဦးဝင်းမြင့်ကိုယ်တိုင် တက်ရောက်ပြီး တရားမဝင် မှောင်ခိုကုန်ဖမ်းဆီးတဲ့ Mobile Team အဖွဲ့တွေက ရတဲ့ ဆုကြေးငွေ အချိုးအစား ရာခိုင်နှုန်း နည်းနေတဲ့ အကြောင်း၊ ဒါကြောင့် မှောင်ခိုသမားတွေဟာ အဲဒီ ထက်များတဲ့ ငွေနဲ့ ညှိနှိုင်းလာဘ်ပေးပြီး ကုန်ပစ္စည်းတွေကို ဆက်ပြီး ခိုးသွင်းခိုးထုတ် လုပ်နေကြတဲ့အကြောင်း၊ အဲဒီပြဿနာကို ကုစားဖို့ မှောင်ခိုဖမ်းတဲ့ အဖွဲ့တွေကိုပေးတဲ့ ဆုကြေး တိုးမြှင့်ပေးဖို့ လိုတဲ့အကြောင်း ပြောဆို ဆွေးနွေးခဲ့ပါတယ်။ ဝန်ကြီးဦးဝင်းမြင့်နဲ့အဖွဲ့ ဘာတွေ ဆွေးနွေးခဲ့ကြသလဲ၊ မှောင်ခိုဖမ်းတဲ့ အဖွဲ့တွေကို ဝေစုပိုခွဲပေးရင် တရားမဝင် ကုန်သွယ်မှုတွေ လျော့နည်းကျဆင်းသွားမလား ဆိုတာ ဆွေးနွေးတင်ပြသွားပါ့မယ်။

အားလုံးသိကြတဲ့အတိုင်း မြန်မာနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်ရေး စာရင်းဇယားတွေကို ကြည့်လိုက်ရင် သက်ဆိုင်ရာ အိမ်နီးချင်းနိုင်ငံတွေက စာရင်းဇယားတွေနဲ့ အမြဲလိုလို ကွာဟနေတာ တွေ့နိုင်ပါတယ်။ ဒါက တစ်နှစ် နှစ်နှစ် ဖြစ်နေတာ မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာ ဖြစ်လာတဲ့ကိစ္စပါ။ တစ်ဆ နှစ်ဆ ကွာတာမဟုတ်ပါဘူး။ အဆပေါင်းများစွာ ကွာဟနေတာပါ။ အဓိပ္ပာယ်ကတော့ မြန်မာနိုင်ငံဘက်ခြမ်းမှာ တရားမဝင် ကုန်သွယ်မှု အလွန်များနေတယ်။ တစ်နည်းအားဖြင့် မှောင်ခိုကုန်သွယ်မှု ပမာဏ အလွန်များနေတယ် ဆိုတာပါပဲ။ နောက်တစ်နည်း ထပ်ပြောရရင် မြန်မာ့နယ်စပ်ကုန်သွယ်ရေးမှာ လာဘ်ပေးလာဘ်ယူမှုတွေ အလွန့်အလွန် များနေတယ်ဆိုတာပြတဲ့ လက္ခဏာလည်း ဖြစ်ပါတယ်။

လွန်ခဲ့တဲ့သုံးနှစ် သမ္မတ ဦးသိန်းစိန် အစိုးရအဖွဲ့သစ်တက်လာတဲ့အခါ ကုန်သည်စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့်ကို စီးပွားကူးသန်းဝန်ကြီး ခန့်ပါတယ်။ သူတက်လာတဲ့အခါ ကြုံရတဲ့ ပြဿနာ တစ်ခုကတော့ အဲဒီပမာဏ အလွန်များပြားလှတဲ့ တရားမဝင် ကုန်သွယ်မှုပြဿနာပါ။ အရင်စစ်အစိုးရ လက်ထက်ကတည်းက ထားခဲ့ပြီး အစိုးရသစ် တက်လာတဲ့အချိန်ထိ ရှိနေသေးတဲ့ နယ်စပ်ကုန်သွယ်လမ်းကြောင်းက Check Point (စစ်ဆေးရေးစခန်း)တွေ ဆိုတာဟာလည်း တရားမဝင် ကုန်သွယ်မှုကို စစ်ဆေးတဲ့နေရာတွေမဟုတ်ဘဲ ကုန်သည်တွေ၊ ပြည်သူတွေကို ခြိမ်းခြောက်၊ အနိုင်ကျင့် ငွေညှစ်၊ ဒုက္ခပေးတဲ့နေရာ၊ လာဘ်ပေးလာဘ်ယူလုပ်တဲ့နေရာ၊ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့နေရာတွေ ဖြစ်နေတာကြောင့် အားလုံးနီးပါးကို ပိတ်ပစ်ခဲ့ရပါတယ်။ ဒါပေမဲ့ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှာတော့ တရားမဝင် ကုန်သွယ်မှုတွေဟာ ပန်းပန်မြဲ၊ အောင်ပွဲခံဆဲပါပဲ။



**မိုဘိုင်းစစ်ဆေးရေးစခန်းတစ်ခု၌ ကုန်တင်ယာဉ်များအား စစ်ဆေးနေသည်ကို ၂၀၁၃ ခုနှစ်အတွင်းက တွေ့ရစဉ်။** ဓာတ်ပုံ - ဘူးသီး

ဒီလိုနည်းနဲ့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစ ဝန်ကြီးဦးဝင်းမြင့်ဟာ မှောင်ခိုဖမ်းတဲ့ ရွေ့လျားအဖွဲ့ Mobile Team တွေ ဖွဲ့ပါတယ်။ တစ်နေရာတည်းမှာ မနေဘူး၊ ရွေ့လျားနေမယ်၊ မှောင်ခိုကုန်တွေကို ဖမ်းမယ် ဆီးမယ် အရေးယူမယ်ပေါ့။ Mobile Team လို့ ပြောပေမယ့် တကယ့်တကယ် အကောင်အထည်ဖော်တဲ့အခါ နေရာတစ်ခု သတ်မှတ်ပြီး လုပ်ကိုင်တာကြောင့် အရင် ချက်ပွိုင့်တွေနဲ့မခြား ပြန်ဖြစ်သွားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီ Mobile Team အဖွဲ့တွေဟာ ပြီးခဲ့တဲ့ နှစ်နှစ်အတွင်း မှောင်ခိုကုန်တွေကို ကျပ်ငွေ ၁၂ ဘီလျံဖိုး ဖမ်းဆီးနိုင်ခဲ့ပြီလို့ ဝန်ကြီးဌာနက ကြေညာပါတယ်။ တစ်နှစ် ခြောက်ဘီလျံ ဖိုးလောက်ပဲ ဖမ်းဆီးရမိတာပါ။ တရားမဝင် ကုန်သွယ်မှုပမာဏနဲ့ နှိုင်းယှဉ်ရင် အလွန်နည်းတဲ့ ပမာဏလို့ ပြောနိုင်ပါတယ်။ ဒါတောင် နယ်စပ်လမ်းကြောင်းတွေချည်း သက်သက်မဟုတ်ဘဲ ရန်ကုန်က အရက်နဲ့ ဝိုင်သိုလှောင်တဲ့ ဂိုဒေါင်တွေကို ဝင်ဖမ်းတာ၊ လေဆိပ်မှာ တစ်ခါတစ်ရံ ဖမ်းမိတာတွေကိုပါ ထည့်တွက်ထားတာပါ။

ခုလို Mobile Team ဖွဲ့ပြီး မှောင်ခိုဖမ်းတာ အောင်မြင်သလားဆိုတော့ မေ ၂၇ အစည်းအဝေးမှာ ဝန်ကြီးဦးဝင်းမြင့် ပြောတာက မအောင်မြင်ဘူးဆိုတာပါပဲ။ သူ ဥပမာပေး ပြောတာကတော့ မှောင်ခိုသမားကြီးတွေဟာ အစိုးရကို အခွန်ကျပ် ၁၀ သိန်းဆောင်ရဖို့ရှိရင် မဆောင်ဘဲ တာဝန်ရှိသူတွေကို ကျပ်ငွေနှစ်သိန်း၊ သုံးသိန်းလောက် လာဘ်ပေးပြီး မှောင်ခိုလမ်းကြောင်းကနေ ခိုးသွင်းနေကြဆဲဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကို သူက လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေး အာရုံစိုက် လုပ်ရမယ့်အစား မှောင်ခိုဖမ်းတဲ့ လူတွေကို ဆုကြေးငွေ တိုးမြှင့်ပေးရမယ်လို့ မရောင်ရာ ဆီလူးလုပ်ဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

နဂို သတ်မှတ်ချက်တွေအရ Mobile Team တွေက မှောင်ခို ဖမ်းမိရင် ဖမ်းမိပစ္စည်းရဲ့ ၈၀ ရာခိုင်နှုန်း အစိုးရကယူမယ်။ ၁၀ ရာခိုင်နှုန်းက သတင်းပေး၊ ၁၀ ရာခိုင်နှုန်းက ဖမ်းဆီးတဲ့ အဖွဲ့က ရရမယ်လို့ ဆိုထားပါတယ်။ အဲဒီနှုန်းနဲ့ တွက်ရင်တောင် နှစ်နှစ်အတွင်း မှောင်ခိုဖမ်း သတင်းပေးသူတွေက ကျပ် သန်း ၁,၂၀၀ ကျော်၊ ရဲ၊ လဝက လို ဖမ်းဆီးသူတွေက ကျပ် သန်း ၁,၂၀၀ ကျော် ရခဲ့ပြီးဖြစ်ပါလိမ့်မယ်။ နည်းတဲ့ငွေ မဟုတ်ပါဘူး။ ဒါကိုနည်းသေးတယ်လို့ ဆိုနေတာပါ။ အစည်းအဝေးမှာ UMFCCI အတွင်းရေးမှူး ဦးအေးလွင်က ဖမ်းဆီးရမိတဲ့ မှောင်ခိုပစ္စည်းတွေ အပေါ် အစိုးရ၊ သတင်းပေးနဲ့ ဖမ်းဆီးရေးအဖွဲ့တွေကို ၅၀း၁၅း၃၅ အချိုးနှုန်း၊ မြင်းခြံ ပြည်သူ့လွှတ်တော်အမတ် ဦးဝင်းမြင့်က ၆၀း၂၀း၂၀ အချိုး ခွဲဝေပေးသင့်တယ် စသဖြင့် အကြံပေးခဲ့ကြပေမယ့် ပြောင်းလဲမယ့် တကယ့် နှုန်းထားအသစ်ကတော့ အစိုးရအဖွဲ့ အစည်းအဝေး တင်ပြပြီးမှ အတည်ဖြစ်မှာပါ။

တကယ်တော့ ဝန်ကြီးဦးဝင်းမြင့်ဟာ မရောင်ရာဆီလူး လုပ်ငန်းလုပ်နေတာပါ။ နယ်စပ်တွေနဲ့ ဝန်ကြီးဌာနတွေမှာ ဖြစ်ပေါ်နေတဲ့ လာဘ်ပေးလာဘ်ယူ ပြဿနာကြီးကို တိုက်ဖျက်ဖို့ လုံးဝ မကြိုးစားဘဲ မှောင်ခိုဖမ်းဖို့လောက်ပဲ လုပ်နေတာပါ။ လာဘ်ပေးလာဘ်ယူ ဘယ်လောက်အထိ ကြီးထွားနေသလဲဆိုတာ သိချင်ရင် နယ်စပ် အကောက်ခွန်နဲ့ အခြားဌာနဆိုင်ရာ အရာရှိတွေကနေ သူတို့မိသားစုဆွေမျိုးသားချင်းတွေဆီ လွှဲပေးတဲ့ငွေပမာဏ ဘယ်လောက်အထိ ရှိနေသလဲ စောင့်ကြည့်တာနဲ့တင် သိနိုင်ပါတယ်။ ဒီသုံးနှစ်အတွင်း သုံးသိန်းလောက် အရေအတွက်ရှိတဲ့ မော်တော်ဆိုင်ကယ်တွေ ခိုးသွင်းလာနိုင်တာကလည်း အလွန်ထင်ရှားတဲ့ နမူနာ တစ်ခုဖြစ်ပါတယ်။ နောက်တစ်ခုက ဦးဝင်းမြင့်ရဲ့ မအောင်မြင်တဲ့ လုပ်ငန်းစဉ်တွေပါ။ နယ်စပ်လမ်းကြောင်းတွေမှာ Mobile Team အဖွဲ့က မှောင်ခိုဖမ်းတာ အရှိန်ရလာချိန် တကယ့် အချိကြီး မှောင်ခိုသွင်းနေတဲ့ ရန်ကုန် ဆိပ်ကမ်းနဲ့ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို အလားတူ ကိုင်တွယ်ဖို့ ကြိုးစားပါသေးတယ်။

နိုင်ငံခြားက ဝင်လာတဲ့ ကွန်တိန်နာ သင်္ဘောတွေကို ပင်လယ်ဝအထိ ထွက်ပြီး စစ်ဆေး၊ မှောင်ခိုဖမ်းဖို့ပါ။ ရဲ၊ ရေတပ်၊ ရေကြောင်းပို့ဆောင်ရေး ဘယ်ဝန်ကြီးဌာနကမှ ကောင်းကောင်း ပူးပေါင်းဆောင်ရွက်မှုမရှိလို့ သူ့အစီအစဉ် ရေစုန်မျောသွားခဲ့ပါတယ်။ လေဆိပ်မှာ ဝင်ဖမ်းဖို့လည်း ဒီလိုပါပဲ။ နိုဝင်ဘာလမှာ ဝင်ဖမ်းမယ်၊ ဒီဇင်ဘာလမှာ ဝင်စစ်မယ် ဆိုပေမယ့် အဖျားရှူးသွားပြီး ဘာမှအကောင်အထည် မဖော်နိုင်ပါဘူး။ လေဆိပ်အကောက်ခွန်ကတော့ သူ့ထက် အများကြီး ပါးနပ်ပါတယ်။ စီးပွား ကူးသန်းက Mobile Team ဝင်မလာခင်

> **နိုဝင်ဘာလမှာ ဝင်ဖမ်းမယ်၊ ဒီဇင်ဘာလမှာ ဝင်စစ်မယ် ဆိုပေမယ့် အဖျားရှူးသွားပြီး ဘာမှ အကောင်အထည်...**

သူ့ဘာသာသူ အကောက်ခွန်မဲ့တွေဆိုပြီး ဖမ်းပြလိုက်ပါတယ်။ ဒီအခါ တန်ဖိုးပမာဏ အလွန်များတဲ့ မိုဘိုင်းဖုန်းဟန်းဆက်တွေ၊ ကွန်ပျူတာအပိုပစ္စည်းတွေ စသဖြင့် ဖမ်းဆီးရမိခဲ့ပါတယ်။ ဒါပေမဲ့လည်း လေယာဉ်မှူးတွေ၊ အကောက်ခွန်မှူးတွေ၊ လေဆိပ်လုံခြုံရေးတွေ၊ လဝကတွေ စသဖြင့် ဝန်ထမ်းတွေ ပါဝင်ပတ်သက်တဲ့ လာဘ်ပေးလာဘ်ယူမှုကြီးတွေကိုတော့ တစ်ခုမှ မဖော်ထုတ်နိုင်ခဲ့ပါဘူး။

ပြောရရင် မြန်မာနိုင်ငံမှာ နယ်စပ်၊ လေဆိပ်၊ ပင်လယ်ကူးဆိပ်ကမ်းတွေမှာ ဖြစ်ပေါ်နေတဲ့ တရားမဝင် ကုန်သွယ်မှု၊ တစ်နည်း မှောင်ခိုလုပ်ငန်းဟာ အလွန့်အလွန်ကြီးကျယ်ပါတယ်။ ဝန်ထမ်းတွေ၊ အစိုးရ အရာရှိတွေ၊ အစိုးရထိပ်ပိုင်းတွေ အထိ ပါဝင်ပတ်သက်မှုတွေ ရှိနေပါတယ်။ ဝန်ကြီး ဦးဝင်းမြင့်အနေနဲ့ ဒီ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု ပြဿနာကြီးတွေကို ကိုင်တွယ်ဖြေရှင်းဖို့ မကြိုးစားဘဲ မှောင်ခိုဖမ်းဖို့ပဲ လုပ်နေတာ၊ မှောင်ခိုဖမ်းသူတွေကို ဝေစုများများပေးဖို့ပဲ တောင်းဆိုနေတာဟာ မှန်ကန်တဲ့လုပ်ရပ် မဟုတ်သလို တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက်သွားမှာလည်း မဟုတ်ပါကြောင်း သုံးသပ် တင်ပြလိုက်ရပါတယ်။



# ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် နိုင်ငံများစာရင်းတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် မြန်မာနိုင်ငံစာရင်းတင်သွင်း



ချယ်ရီသိန်း
ရေးသားသည်။



မြန်မာ့ရိုးရာ ၁၂ လရာသီပွဲများထဲတွင် မဟာသင်္ကြန်ပွဲတော်လည်း တစ်ခုအပါအဝင်ဖြစ်ကာ ၂၀၁၄ သင်္ကြန်ပွဲကို မကွေးတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ဆင်နွှဲနေကြစဉ်။ ဓာတ်ပုံ - အောင်ဌေးလှိုင်

**ကုလသမဂ္ဂ၊** ပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (ယူနက်စကို)၏ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာ အမျိုးအစားတစ်ခုဖြစ်သော ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့ဝင်နိုင်ငံများတွင် မြန်မာနိုင်ငံ ပါဝင်နိုင်ရန် စာရင်းတင်သွင်းလိုက်ပြီဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုပြီးပါက အမွေအနှစ်စာရင်းသွင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ဖို့ တင်သွင်းထားတယ်။ သုံးလပြီးရင် စာရင်းပါ မပါ သိရမယ်။ အခုဆို ၁၅၉ နိုင်ငံရှိပြီဆိုတော့ မြန်မာပါရင် အဖွဲ့နိုင်ငံ ၁၆၀ ဖြစ်ပြီ။ အလုပ်ရုံဆွေးနွေးပွဲမှာ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခွင့်ရလာရင် လုပ်ရမယ့် လုပ်ငန်းစဉ်တွေ၊ ဒြပ်မဲ့ယဉ်ကျေးမှုတွေကို အမွေအနှစ်စာရင်းသွင်းရင် လုပ်ဆောင်ရမယ့် လမ်းစဉ်တွေ၊ စာရင်းတင်ဖောင်ဖြည့်ပုံကအစ၊ စာရင်းအတွက် ကွင်းဆင်းစာရင်းကောက်ပုံ၊ နောက်ပိုင်း ထောက်ပံ့ကြေးရလာရင် အဲဒီယဉ်ကျေးမှုတွေအတွက် ဘယ်လိုထိန်းသိမ်းမယ်ဆိုတာကအစ နည်းလမ်းတွေကို စနစ်တကျဆွေးနွေးခဲ့ကြပါတယ်။ ဥပမာ - နတ်ပွဲတွေ၊ ရက်ကန်း၊ ကြေးသွန်းလုပ်ငန်းစတာတွေကို တင်သွင်းမယ်ဆိုရင် ဘယ်လိုဆောင်ရွက်ကြမလဲ စသည်ဖြင့်ပေါ့" ဟု မန္တလေး ရှေးဟောင်းသုတေသနဌာနခွဲမှ ဦးကျော်သီဟက မြန်မာတိုင်း(မ်)ကို ပြောသည်။

ပထမအကြိမ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့် အလုပ်ရုံဆွေးနွေးကို မေလ ၁၉ ရက်မှ ၂၄ ရက်နေ့အထိ မန္တလေးမြို့တွင် ကျင်းပခဲ့သည်။ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာစာချုပ်နှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေးနှင့် စပ်လျဉ်း၍ ယူနက်စကိုက တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနဌာနခွဲများက တာဝန်ရှိသူများ၊ သမိုင်းပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဟုဆိုရာတွင် ထိတွေ့ကိုင်တွယ်၍ မရသော (စိတ်၌ဖြစ်သော) ယဉ်ကျေးမှုများကို ဆိုလိုခြင်းဖြစ်သည်။ ဒြပ်မဲ့ယဉ်ကျေးမှုများစာရင်းတွင် ရိုးရာဓလေ့ထုံးစံများ၊ ၁၂ လရာသီပွဲတော်နှင့် ဘာသာရေး၊ အစဉ်အလာပွဲတော်များ၊ ပန်းချီ၊ ပန်းပု၊ ဂီတအနုပညာများ စသည်ဖြင့် ပါဝင်ကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက ပြောသည်။

"နိုင်ငံတစ်နိုင်ငံရဲ့အထင်ကရ၊ အခြားနိုင်ငံတွေက လိုက်မတုနိုင်တဲ့၊ သူတို့ဆီမှာ မရှိတဲ့ ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ ထုံးစံတွေ၊ အနုပညာရပ်တွေကို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ရယ်လို့ သတ်မှတ်ထားတယ်။ ဥပမာ - မြန်မာနိုင်ငံက သနပ်ခါးလိမ်းတာဆိုရင် တခြားနိုင်ငံတွေမှာ မရှိဘူး။ ၁၂ လရာသီပွဲတော်မှာ နတ်ပွဲလိုမျိုး၊ ဝါဆို၊ ကထိန်လိုမျိုးပွဲတွေ၊ တိုင်းရင်းသား ရိုးရာဓလေ့ထုံးစံတွေ ဥပမာ - ကယန်းလူမျိုးတွေရဲ့ ကြေးကွင်းစွပ်တာ၊ ချင်းလူမျိုးတွေ ပါးရဲထိုးတာမျိုးတွေပါမယ်။ အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုပြီးသွားရင် သက်ဆိုင်ရာ အမျိုးအစားအလိုက် ကွင်းဆင်းစာရင်း ကောက်ရတယ်။ ထူးခြားချက်ရှိတိုင်းလည်း အမွေအနှစ်စာရင်းအဖြစ် တင်လို့မရဘူး။ မြန်မာသာမက၊ ကမ္ဘာအနေနဲ့ပါ စောင့်ရှောက်ထိန်းသိမ်းဖို့ လိုအပ်တဲ့ ဦးစားပေး အမျိုးအစားကိုမှ စာရင်းတင်လို့ရတယ်။ နောက်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်း စံချိန်၊ စံနှုန်းနဲ့ ကိုက်ညီမှုရှိမရှိ စီစစ်ပြီးမှ၊ ယူနက်စကိုက စာရင်းဝင်အဖြစ် သတ်မှတ်ပေးတယ်" ဟု ဦးစန်းဝင်းက ပြောသည်။

ယူနက်စကို၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ဒြပ်ရှိယဉ်ကျေးမှု (ထိတွေ့ကိုင်တွယ်၍ရသော ယဉ်ကျေးမှုအမွေအနှစ်များ) ထိန်းသိမ်းစောင့်ရှောက်ရေးစာချုပ်ကို ၁၉၇၂ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံက ၁၉၉၄ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းစာချုပ်ကို ၂၀၀၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံက ၂၀၁၃ နှစ်ကုန်ပိုင်းတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ■

## သတင်းတို

### အောက်စဖို့ဒ်က ရန်ကုန်တက္ကသိုလ်သို့ ဥပဒေစာအုပ်များ လှူဒါန်း

အောက်စဖို့ဒ်တက္ကသိုလ် ဥပဒေမဟာဌာနနှင့် Bodleian ဥပဒေစာကြည့်တိုက်တို့က ဥပဒေရေးရာနှင့်သက်ဆိုင်သော စာအုပ်ပေါင်း ၅,၀၀၀ ကျော်ကို ရန်ကုန်တက္ကသိုလ်သို့ လှူဒါန်းခဲ့သည်။ အဓိကအားဖြင့်ဥပဒေနှင့် သက်ဆိုင်သော အင်္ဂလိပ်စီရင်ထုံးများ၊ ပြဋ္ဌာန်းဥပဒေများနှင့် ဥပဒေဂျာနယ်များ ပါဝင်ပြီး သုတေသနလုပ်ငန်းများနှင့် သင်ကြားရေးတို့အတွက် အထောက်အကူဖြစ်စေရန် အဓိကရည်ရွယ်ကာ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ''ကျွန်မတို့ဆီက ကျောင်းသားတွေက သူတို့ရဲ့ ဘာသာရပ်လေ့လာမှုကို အထောက်အကူဖြစ်စေမယ့် အစီအစဉ်ကို သဘောကျကြမှာပါ။ ဆရာတွေအနေနဲ့လည်း အခုအခါမှာ အရင်ကမရှိခဲ့တဲ့ ကျမ်းကိုးတွေကို တိုက်ရိုက်လက်လှမ်းမီပြီး သချာအသုံးချနိုင်တော့မှာ ဖြစ်ပါတယ်'' ဟု ဥပဒေဌာန၏ ဌာနမှူး ပါမောက္ခ ဒေါ်ခင်မာရီက ပြောသည်။

**အောင်ကျော်ညွန့်**

ကံကောင်းခြင်းရတနာထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက်
FAMILY
သစ်အချောထည်စက်ရုံ (ကျောက်ဆည် - ဘယ်လင်း)
လူကြီးမင်း၏အဆောက်အဦး လှပခိုင်ခံ့စေရန်အတွက် ကျွန်တော်များ ကုမ္ပဏီမှ
ဆောက်လုပ်ရေးလုပ်ငန်းသုံး ရေစိမ်ခံ (Family Template)၊ ဖလင် (Family Film Face Plywood)၊ ဖော်မီကာ (Family Formica) ဒီဇိုင်းမျိုးစုံ၊ အထပ်သားဆိုဒ်စုံ (Family Plywood)၊ သဘာဝကျွန်းကပ်အထပ်သား (Family Teak Plywood)၊ သဘာဝကျွန်းအထပ်သားပါကေး (Family Teak Parquet)၊ ကျွန်းပါကေး (Family Solid Parquet)၊ Family Liminate Plywod ဒီဇိုင်းစုံ၊ Family Liminate Parquet အရောင်မျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



Showroom - အမှတ် (၆၅၂)၊ (၇၈)လမ်း၊ ၃၇-၃၈လမ်းကြား၊ ဟိုတယ်မန္တလေးဝင်းအတွင်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ Ph : 09-250379022
ရန်ကုန် - အိုလံပစ်ဟိုတယ်၊ အမျိုးသားရေကူးကန်ဝင်းအတွင်း၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01-375954, 243134, 09-2018563 Hot Line 01-376974
မန္တလေး - အမှတ် (C1,C2)၊ ၆၂-စက်မှုပန်းခြံလမ်း၊ စက်မှုဇုန်(၁)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ Ph : 02-5153413, 5152159, 09-2018564, 09-2024404, 09-91008868
ကျောက်ဆည် - အမှတ် (၁၁၇)၊ တောင်ရင်းကွင်း၊ ဘယ်လင်းကျေးရွာအုပ်စု၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ Ph : 066 - 50263, 09-6801517
မုံရွာ - အိုးဘိုတောင်ရွာ၊ မုံရွာမြို့။ Ph : 09 - 400401360, 09 - 47052791




PARKROYAL
NAY PYI TAW

parkroyalhotels.com

Jade Villa No. 13/14
Hotel Zone
Dekhina Thiri Township
Nay Pyi Taw, Myanmar

# A new landmark in the heart of Myanmar's capital

**YOUR LOCAL CONNECTION**

For further information, speak to us on;
**PARKROYAL Yangon :** 01 250 388 , **PARKROYAL Nay Pyi Taw :** 067 810 6088

**Hotels & Resorts** | Kuala Lumpur • Melbourne • Nay Pyi Taw • Parramatta • Penang • Saigon • Singapore • Sydney • Yangon
New additions: Bogor (2014) • Bali (2016) • Melbourne (2016) • Chengdu (2017)

**Serviced Suites** | Kuala Lumpur • Singapore

GHA DISCOVERY Guest Loyalty Programme

# ပုံနှိပ်ထုတ်ဝေနည်းဥပဒေ၌ လုံခြုံရေးကို ထိခိုက်ခြင်းနှင့် မုန်းတီးမှုစကားများကို အဓိပ္ပာယ်သတ်မှတ်ရန် အခက်အခဲရှိ



စန္ဒာလွင်
ရေးသားသည်။

**ပုံနှိပ်ခြင်းနှင့်** ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ ထုတ်ဝေရန် တားမြစ်ထားသည့်နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေမှုနှင့်တိုင်းရင်းသားလူမျိုး၊ ဘာသာများကြားမုန်းတီးမှုတိုးပွားစေမည့်အကြောင်းအရာများနှင့် ပတ်သက်၍ မူလဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသည့်အတွက်နည်းဥပဒေ၌ အဓိပ္ပာယ်ထပ်မံဖွင့်ဆိုရန် အခက်အခဲရှိကြောင်းပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးရဲထွဋ်က ပြောသည်။

ပုံနှိပ်ထုတ်ဝေဆိုင်ရာ နည်းဥပဒေရေးဆွဲခြင်းနှင့်ပတ်သက်၍ မေလ ၁၇ ရက်နေ့က သက်ဆိုင်ရာ ပုံနှိပ်၊ မီဒီယာလုပ်ငန်းအဖွဲ့အစည်းများနှင့် တွေ့ဆုံရာ၌ ၎င်းကပြောကြားခြင်းဖြစ်သည်။

"မူလဥပဒေကြီးမှာ ဖွင့်ဆိုထားတာမရှိတဲ့အတွက်ကြောင့်အခုကျမှ hatespeechကဒါလို့ ပြောရင်သူ့ကိုသွားပြီး ကျော်လွှားရာကျမယ်"ဟု ၎င်းက ပြောသည်။

ပုံနှိပ်ထုတ်ဝေဥပဒေကို ပြန်ကြားရေးဝန်ကြီးဌာနက မူကြမ်းရေးဆွဲတင်သွင်းပြီး ပြည်ထောင်စု လွှတ်တော်ကယခုနှစ်မတ်လတွင်အတည်ပြုပြဋ္ဌာန်းခဲ့သည်။ မူလဥပဒေကိုလတ်တလောပြင်ဆင်ရန်မရှိကြောင်းသိရသည်။

"ပြည်တွင်းမှာလည်း ဝေဖန်တဲ့လူတွေက အထူးသဖြင့် ရှေ့ကနှစ်ခုပေါ့ပုဒ်မခွဲ(က)နဲ့(ခ)ကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာလိုရာ ဆွဲသွားနိုင်တယ်လို့ပြောတာရှိပါတယ်။ နိုင်ငံခြားသားပညာရှင်တွေကလည်း သူတို့ဆီမှာဆိုရင် ဒီလို clause တွေပါရင် တရားသူကြီးအနေနဲ့ဘယ်လိုစဉ်းစားရမယ်။ တိုင်ကြားမယ့်သူအနေနဲ့ ဘယ်လိုစဉ်းစားရမယ်ဆိုတာ ထည့်တယ်လို့ ပြောပါတယ်"ဟု၎င်းက ပြောသည်။

မူလပုံနှိပ်ထုတ်ဝေ ဥပဒေပုဒ်မ၈(က)နှင့် ၈(ခ)အရလူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုအရထိခိုက်နစ်နာစေမည့် အကြောင်းအရာများ၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် နိုင်ငံသားအခွင့်အရေးတို့ကို ထိခိုက်စေမည့်အကြောင်းအရာများကိုထုတ်ဝေပါက သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းသို့ ထိခိုက်နစ်နာသူပုဂ္ဂိုလ်၊ သို့မဟုတ်အဖွဲ့အစည်းက တရားရုံးသို့တရားမဝင်ထုတ်ဝေစာအဖြစ် သတ်မှတ်ရန် လျှောက်ထားနိုင်ကြောင်းပြဋ္ဌာန်းထားသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မူလဥပဒေတွင် မထည့်သွင်းခဲ့သော်လည်းရေးဆွဲလျက်ရှိသည့် နည်းဥပဒေတွင်အဆိုပါစကားရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းပုဂ္ဂိုလ်များက အဓိပ္ပာယ်ဖွင့်ဆိုရာ၌ထည့်သွင်းစဉ်းစားရန် အချက်များကိုထည့်သွင်းမည်ဖြစ်ကြောင်း၊ သို့ရာတွင် မူလဥပဒေ၌ ပါဝင်ခြင်းမရှိသည့်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်ပြည်ထောင်စုလွှတ်တော်၏ အဆင့်ဆင့်အတည်ပြုချက်ရရှိရန် လိုအပ်ကြောင်း၎င်းကပြောသည်။




**အမေရိကန်သံရုံးက ၂၀၁၃ ခုနှစ်အတွင်းက ဦးစီးကျင်းပခဲ့သည့် မုန်းတီးမှုဆိုင်ရာ စကားများကို တားဆီးရေးဆိုင်ရာ ဆွေးနွေးပွဲ၌ ဦးရဲထွဋ်ပါဝင်ဆွေးနွေးနေစဉ်။** ဓာတ်ပုံ - အေအက်ဖ်ပီ

"ကျွန်တော်ရှေ့နေချုပ်ရုံးကို ပို့တဲ့အခါမှာ ရှေ့နေချုပ်ရုံးသည် ဒီအချက်တွေကိုလက်ခံချင်မှလက်ခံမယ်။ ဆိုလိုတာကထပ်တိုးသလိုဖြစ်နေတယ်"ဟု ၎င်းက ပြောသည်။

ပြည်ထောင်စုလွှတ်တော်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်သည့်နည်းဥပဒေများကို မူရင်းဥပဒေနှင့်ကိုက်ညီမှုရှိမရှိစိစစ်ရာလွှတ်တော်၏ စိစစ်အတည်ပြုချက်လည်းလိုအပ်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ပုံနှိပ်ထုတ်ဝေ နည်းဥပဒေ မူကြမ်းတွင် သက်ဆိုင်သူများအနေဖြင့် တားမြစ်အကြောင်း အရာများနှင့်ပတ်သက်၍ မူလဥပဒေပုဒ်မ ၈(က)နှင့် (ခ)အရအရေးယူ ဆောင်ရွက်ရာ၌ ၎င်းထုတ်ဝေစာများ၏ နောက်ဆက်အကျိုးဆက်၊ ဦးတည်သည့်ပရိသတ်၊ ထုတ်ဝေစာဆိုင်ရာ တာဝန်ရှိသောပုဂ္ဂိုလ်၊ သို့မဟုတ် ပုဂ္ဂိုလ်များ၏ အရည်အသွေး၊ ပညာရပ်ကျွမ်းကျင်မှု၊ သို့မဟုတ် အခြားစဉ်းစားသင့်သည့်အချက်များ၊ အဓိပ္ပာယ်အတိမ်အနက်၊ နောက်ကွယ်တွင်ရှိနိုင်သောကြံရွယ်ချက်၊ ပြည်သူစိတ်ဝင်စားမှု အတိုင်းအတာ၊ ထုတ်ဝေစာကိုတားမြစ်ရန်လိုအပ်သော အကြောင်းများနှင့်တားမြစ်ခြင်းမပြုပါက ပိုမိုဆိုးရွားလာနိုင်သည့် အခြေအနေများတို့ကို ထည့်သွင်းစဉ်းစားရမည်ဟုဖော်ပြသည်။ ■

# ပညာရေးကဏ္ဍအတွက် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကူညီ

**မြန်မာနိုင်ငံအစိုးရက** ဆောင်ရွက်နေသည့် ကျောင်းထောက်ပံ့ကြေးစီမံချက်နှင့် အခြေခံပညာအဆင့် ကျောင်းသူကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေး ပေးရေးစီမံကိန်းများ ပိုမို တိုးတက်အောင်မြင်မှု ရရှိစေရန် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖြင့် ကူညီပေးသွားမည်ဖြစ်သည်။

ကျောင်းသူကျောင်းသား ၈ ဒသမ ၂ သန်း တက်ရောက်ပညာသင်ကြားနေသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာသင်ကျောင်းများသို့ ကျောင်းရန်ပုံငွေ ထောက်ပံ့ခြင်း အစီအစဉ်နှင့် ဆင်းရဲနွမ်းပါးသော ကျောင်းသူ၊ ကျောင်းသားတစ်သိန်းခန့်အား ပညာသင်ထောက်ပံ့ခြင်း အစီအစဉ်များကို တိုးချဲ့ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာအစိုးရအား ကမ္ဘာ့ဘဏ်က ကူညီသွားမည့် စီမံကိန်းတစ်ရပ်ကို မေလ ၂၀ ရက်နေ့တွင် ကမ္ဘာ့ဘဏ်၏ အမှုဆောင် ဒါရိုက်တာဘုတ်အဖွဲ့က အတည်ပြုလိုက်ခြင်းဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"အခွင့်အလမ်းတွေ နည်းပါးပြီး ဝေးလံတဲ့ဒေသက ဆင်းရဲနွမ်းပါးတဲ့ ကလေးငယ်တွေအတွက် ပညာရေး ကောင်းမွန်စေဖို့ ဆောင်ရွက်တာဟာ မြန်မာနိုင်ငံအတွက် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျပါတယ်။ လွန်ခဲ့တဲ့ နှစ်တွေအတွင်း မြန်မာနိုင်ငံ အစိုးရက ပညာရေး အသုံးစရိတ်တွေကို မြှင့်တင်ဖို့ ကြိုးစားလာတာကို မြင်တွေ့ရတာ အားတက်မိပါတယ်"ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာ ခန်သန်ရှန်ကာက သတင်းထုတ်ပြန်ချက်ထဲတွင် ပြောကြားထားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဆင်းရဲနွမ်းပါးသည့်ပြည်သူများအား ကူညီပေးသည့် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ ရန်ပုံငွေမှ နှစ်ရှည်ချေးငွေ ဒေါ်လာ သန်း ၈၀ အပြင် ဩစတြေးလျနိုင်ငံမှ အလှူငွေ ဒေါ်လာ သန်း ၂၀ စုစုပေါင်း ဒေါ်လာ သန်း ၁၀၀ ဖြင့် Myanmar Partnership Multi-Donor Trust Fund မှ တစ်ဆင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုစီမံကိန်းသည် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် ကျောင်းထောက်ပံ့ကြေးစီမံချက်နှင့် အခြေခံပညာအဆင့် ကျောင်းသူကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ရေး စီမံချက်လုပ်ငန်းများအား ပိုမိုတိုးတက်အောင်မြင်မှု ရရှိစေရန် တိုက်ရိုက်ကူညီသွားမည်ဖြစ်သည်။ အဆိုပါ စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဆန်းစစ် ကြီးကြပ်ရန်အတွက် ပညာရေး ဝန်ကြီးဌာန၏ စွမ်းဆောင်ရည် မြှင့်တင်ရာတွင်လည်း ကူညီသွားမည်ဖြစ်သည်။

ငွေကြေးသုံးစွဲရာတွင် တိုင်းတာနိုင်သည့် ရလဒ်များဖြစ်ပေါ်လာရန် အသုံးပြုသည့် စရိတ်များကို ပြန်လည်တောင်းယူနိုင်သည့် ရလဒ်အခြေပြု ငွေကြေးကူညီခြင်း နည်းလမ်းဖြင့် ရန်ပုံငွေပေးရန် စီစဉ်ထားသည်။ **မြန်မာတိုင်း(မ်)**■



# အပြောင်းအလဲတွေကြားက မပြောင်းလဲ



**အေးငြိမ်းဝင်း**
ရေးသားသည်။

**“စံပြဈေး . . . သုဝဏ္ဏ. . . တာမွေ”**

ယာဉ်နောက်လိုက်တွေရဲ့ ခရီးသည်ကို အော်ခေါ်နေသံတွေက ဘတ်စ်ကားမှတ်တိုင်နားမှာ ပျံ့လွင့်နေတယ်။ ရန်ကုန်မြို့မှာနေတဲ့သူတွေအတွက်ကတော့ ဒီအသံတွေက နားယဉ်ပြီးသားဖြစ်နေပါတယ်။

ရန်ကုန်မြို့နေ လူဦးရေခြောက်သန်းကျော်က နေ့စဉ်သွားလာရေးအတွက် ခရီးသည်တင်ယာဉ်တွေကို အဓိကအားထားနေရတာဖြစ်ပါတယ်။ ခရီးသည်တင်ယာဉ် စုစုပေါင်း ၈,၀၀၀ လောက်ရှိပြီး အဲဒီယာဉ်တွေကို ပုဂ္ဂလိက ယာဉ်ပိုင်ရှင် ၅,၀၀၀ လောက်က ပိုင်ဆိုင်ပါတယ်။ ခရီးသည်တင်ယာဉ်တွေက အမျိုးအစားစုံသလို သယ်ယူပို့ဆောင်ပေးတဲ့လမ်းကြောင်းက ပျမ်းမျှ ၃၅၁ လိုင်းခန့်ရှိပါတယ်။ ဒါပေမဲ့ ခရီးသည်တင်ယာဉ်တွေကို ရန်ကုန်မှာ သာမန်အားဖြင့် နှစ်မျိုးပဲ ခွဲထားပါတယ်။ ဒါကတော့အားလုံးသိတဲ့ ကောက်ရိုးခေါ် ရိုးရိုးကားတွေနဲ့ အထူးလို့ခေါ်ပေမယ့် မထူးတဲ့ကားတွေဖြစ်ပါတယ်။

ရိုးရိုးကားတွေအတွက် ယာဉ်စီးခက ကျပ် ၅၀ ကနေ ၂၀၀ အထိရှိတယ်။ အထူးကားတွေကတော့ ကားပေါ်တက်လိုက်တာနဲ့ ၂၀၀၊ တချို့ ခရီးလမ်းကြောင်းအရှမ်းရှည်တဲ့ ကားတွေက ၃၀၀၊ အထူးပဲဖြစ်ဖြစ်၊ ရိုးရိုးပဲဖြစ်ဖြစ် ယာဉ်မောင်းတစ်ယောက်စီနဲ့ ယာဉ်နောက်လိုက်နှစ်ယောက်စီပါတယ်။

ဒါဆို နေ့စဉ်နေ့တိုင်း ရုံး၊ ကျောင်း၊ ကုမ္ပဏီစသည်ဖြင့် ခရီးသည်တင်ယာဉ်တွေကို အသုံးပြုနေရတဲ့ ခရီးသည်တွေကရော သက်သောင့်သက်သာနဲ့ ကိုယ်လိုရာခရီးကို စိတ်ချမ်းချမ်းမြေ့မြေ့နဲ့ ရောက်ရဲ့လား။

ခရီးသည်တင်ယာဉ်အဖြစ် အသုံးပြုဖို့ နိုင်ငံခြားက ကားတွေမှာတဲ့အခါ ခရီးသည်ထိုင်ဖို့ ထိုင်ခုံအပြည့်ပါချင်ပါလာပါလိမ့်မယ်။ ဒါပေမဲ့ ရိုးရိုးကားအဖြစ် ပြေးဆွဲမယ့် ယာဉ်ပိုင်ရှင်တွေက ကားထဲမှာ လူများများဆန့်အောင် ထိုင်ခုံတွေကို ဖြုတ်လိုက်ပါတယ်။ မတ်တပ်ရပ်စီးမယ့်ခရီးသည်များရင် သူတို့အတွက် ပိုကိုက်တယ်။ ဒါဆိုရင် အထူးကားကတော့ ရိုးရိုးကားနဲ့ ကွာမှာပါလို့ မထင်လိုက်ပါနဲ့။ မူလက ယာဉ်မှာပါတဲ့ ထိုင်ခုံတွေကို ဖြုတ်ပြီး ကားရဲ့ ဘယ်ဘက်ခြမ်းမှာ သုံးယောက်စီးထိုင်ခုံနဲ့ ညာဘက်ခြမ်းမှာ နှစ်ယောက်စီးထိုင်ခုံတွေကို ပြန်တပ်လိုက်ပါတယ်။

အထူးကားအနေနဲ့ ခရီးသည်တင်မယ်ဆိုရင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ မထသ(ဗဟို)က သတ်မှတ်ချက်တွေရှိပါတယ်။ ဒါပေမဲ့ သုံးယောက်ထိုင်ခုံက ခပ်ဝဝ ခရီးသည်နှစ်ယောက်လောက်ထိုင်လိုက်ရင်ပြည့်သွားပြီ။ ကျန်တဲ့တစ်ယောက်က ဘေးအစွန်းမှာ ပြုတ်မကျရုံတမည် ထိုင်ရတယ်။ တစ်ခါတလေ မတ်တပ်ရပ်ရတာတောင်ပိုကောင်းတဲ့ အနေအထားဖြစ်နေတယ်။ ပြီးတော့ အထူးကားဆိုရင် ထိုင်ခုံစေ့သာ ခရီးသည်တင်ရမယ်။ ခြွင်းချက်အနေနဲ့ မတ်တတ်ရပ်တဲ့သူ ငါးယောက်တော့ခွင့်ပြုတယ်ဆိုပေမယ့် အထူးကားတွေမှာလည်း ရိုးရိုးကားလိုပဲ ခရီးသည်က ပြည့်ကျပ်နေတာပါပဲ။

မြန်မာနိုင်ငံက ခရီးသည်တင်ကားတွေက စီအင်န်ဂျီ လို့ခေါ်တဲ့ သဘာဝဓာတ်ငွေ့ကို အဓိက အသုံးပြုပြီးပြေးဆွဲနေကြတာဖြစ်ပါတယ်။ ဒါကြောင့် ခရီးသည်ထိုင်မယ့် ခုံတွေအောက်မှာ စီအင်န်ဂျီအိုးတွေထားတဲ့အတွက် အဲဒီအိုးတွေနဲ့လွတ်အောင် ထိုင်ခုံတွေ နည်းနည်းမြှင့်ထားတယ်။ ဒီတော့ ခရီးသည်က စီးတဲ့အခါ ခြေထောက်က ကြမ်းပြင်ကိုမထိဘဲ လွတ်

> **အစိုးရကလုပ်ပေးတာက စီအင်န်ဂျီပေးနိုင်တာတစ်ခုပဲရှိတယ်။ အစိုးရပိုင်ယာဉ်လိုင်း နည်းနည်းလောက်ထားပေးနိုင်ရင်တောင် အဆင်ပြေတယ်။ လက်ရှိ ခရီးသည်ပို့ဆောင်ရေး ”**

နေတတ်ပါတယ်။ ဒါ့ပြင် ယာဉ်ပိုင်ရှင်တွေက ထိုင်ခုံတွေကို သူတို့ဘာသာသူတို့ပြန်ဆင်ထားတာဆိုတော့ ထိုင်ခုံတစ်ခုနဲ့တစ်ခု ရှေ့နောက်အကွာအဝေးက ကျဉ်းတာမျိုးတွေရှိတယ်။ အရပ်ရှည်တဲ့သူရော၊ အရပ်ပုတဲ့သူရော ဒုက္ခခံကြရပါတယ်။

### ယာဉ်တွေဘာကြောင့် ထပ်မတိုးလဲ

ယာဉ်စီးရေကလည်း တိုးချင်တိုင်းတိုးလို့မရဘူး။ ခရီးသည်တင်ယာဉ်တွေက အစိုးရလက်အောက်က မဟုတ်ပါဘူး။ မထသက ယာဉ်တွေထပ်တိုးပါလားလို့ ယာဉ်ပိုင်ရှင်တွေကို တောင်းဆိုရင်တောင်ပိုင်ရှင်တွေက လုံလောက်ပါတယ်။ ထပ်ထည့်စရာမလိုပါဘူးဆိုရင် ဘာမှမတတ်နိုင်ဘူး။ ဘာလို့လဲဆိုတော့ ယာဉ်တွေထပ်တိုးရင် ခရီးသည်အရနည်းသွားမှာစိုးလို့ ယာဉ်ပိုင်ရှင်တွေက အဆင်ပြေတယ်ပဲပြောတယ်။ နောက်ထပ် ယာဉ်ထပ်တိုးမှာ မလိုလားဘူး။ မထသ ကိုယ်တိုင်ကလည်း အာဏာရှိတဲ့ အဖွဲ့အစည်းမဟုတ်လို့ယာဉ်ပိုင်ရှင်နဲ့ယာဉ်နောက်လိုက်တွေက များသောအားဖြင့် မလေးစားကြပါဘူး။

ယာဉ်လိုင်းတစ်ခုက ကားတွေ လမ်းကြောင်းတစ်ခုကိုပြေးဆွဲရင်းကနေ ဒီထဲကပဲ ကားတွေထုတ်နှုတ်ပြီး နောက်လမ်းကြောင်းတစ်ခုမှာ ပြေးဆွဲတဲ့အကြောင်းတွေမှာ ယာဉ်ပိုင်ရှင်တွေရဲ့ ကိုယ့်ကိုယ်ကျိုးစီးပွားကိုပဲ ကြည့်မှုတွေအများကြီးပါနိုင်ပါတယ်။ ဒါကြောင့် တစ်ခါတလေမှာ သူတို့အတွက် ပိုတွက်ခြေကိုက်မယ်ထင်တဲ့ ယာဉ်လိုင်း ကိုပြောင်းကြပါတယ်။

ယာဉ်ပိုင်ရှင်တွေကလည်း သူတို့အကျိုးအတွက်ပဲကြည့်တယ်။ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေကလည်း သူတို့နေ့တွက်ကိုက်ဖို့ လောက်သာကြည့်တယ်ဆိုရင် ခရီးသည်ကကျတော့ဘာကိုကြည့်ရမလဲ။ ရန်ကုန်မြို့ရဲ့ ခရီးသည်တင်ယာဉ်တွေအကြောင်းပြောရရင် ပြောလို့တောင်မကုန်နိုင်ဘူး။ အဓိကအကြောင်းက ဘာကြောင့်လဲ။ ခရီးသည်တင်ယာဉ်တွေအားလုံးဟာ ပုဂ္ဂလိကပိုင်တွေဖြစ်ပြီးတော့ နိုင်ငံတော်အစိုးရပိုင်မဟုတ်တာက အကြောင်းရင်းတစ်ချက်ဖြစ်နေပါတယ်။

“ကျွန်တော်တို့ဆီက အစိုးရက လုပ်ပေးတာက စီအင်န်ဂျီပေးနိုင်တာတစ်ခုပဲရှိတယ်။ အစိုးရပိုင်ယာဉ်လိုင်း နည်းနည်းလောက် ထားပေးနိုင်ရင်တောင် အဆင်ပြေတယ်။ လက်ရှိ ခရီးသည်ပို့ဆောင်ရေးမှာ တိကျတဲ့ဝင်ငွေစနစ်ကိုလည်း မဖော်ဆောင်နိုင်ဘူး။ အုံနာတွေကလည်း ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်ပြန်အပ် သလောက်ပဲရတယ်။ လက်မှတ်စနစ်ကို အသုံးပြုဖို့ကျတော့လည်း အခုအချိန်မှာမှ စက္ကူပြန်သုံးရင် နောက်ကြောင်းပြန်တယ်ဖြစ်မယ်”လို့ မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က ပြောပါတယ်။

### ယာဉ်စီးခပြဿနာ

ယာဉ်နောက်လိုက်တွေနဲ့ ခရီးသည်တွေကြားမှာ မရိုးနိုင်အောင်ဖြစ်နေတဲ့ ပြဿနာနောက်တစ်ခုရှိပါသေးတယ်။ အဲဒါကတော့ ယာဉ်စီးခ ပြန်မအမ်းတာနဲ့ ပိုတောင်းတာဖြစ်ပါတယ်။ တစ်လတစ်လမှာ မထသ(ဗဟို) ကို တိုင်ကြားတဲ့ အမှုတွေထဲမှာလည်း ယာဉ်စီးခပိုတောင်းတဲ့အမှုက အများဆုံးဖြစ်ပါတယ်။ တခြားနိုင်ငံတွေမှာတော့ ကတ်စနစ်ကျင့်သုံးတာဖြစ်လို့ ဒီပြဿနာမျိုးရှိပါဘူး။ ငွေအကြွေပြန်အမ်းရတာကို အထိုက်အလျောက်ပြေလည်အောင်ကစ္စပနဒီ ကုမ္ပဏီက စတင်မိတ်ဆက်ခဲ့ပြီးတော့ iPay လို့ခေါ်တဲ့စနစ်တစ်ခုကို ခရီးသည်တင်ယာဉ်တွေမှာ ကျင့်သုံးခဲ့ပါသေးတယ်။

“ခရီးသည်တင်ယာဉ်တွေမှာ iPay စနစ်ကျင့်သုံးမယ်ဆိုတော့ သေချာစဉ်းစားပါလို့ ကုမ္ပဏီကိုပြောခဲ့တယ်။ စစချင်း ယာဉ် ၃၃၅ စီးမှာ iPay စက် အခမဲ့တပ်ပေးခဲ့တယ်။ စက်တစ်လုံးကို ကျပ်လေးသိန်းလောက်ကျတယ်။ ဒီကြားထဲမှာစစ်ကြည့်တော့ စက်က အလုံး ၂၈၀ ကျော်ပဲရှိတော့တယ်။ ယာဉ်တွေကတခြားလိုင်းကိုပြောင်းသွားလို့ဆိုပြီး စက်တွေပါသွားတာမျိုးလည်းရှိတယ်။ ပြီးတော့ ပျက်သွားတာမျိုးလည်းရှိတယ်။ စစတပ်တုန်းကကုမ္ပဏီက စက်တွေကို လှူထားတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီစနစ်ကို ယာဉ်တွေအကုန်လုံးမှာ တစ်ပြိုင်နက်တည်းတပ်ဖို့ကျတော့လည်း ကုမ္ပဏီဘက်က ရင်းနှီးမြှုပ်နှံမှုအတိုင်းအတာအရ ဖြည်းဖြည်းပဲလာတယ်။




ရန်ကုန်မြို့၌ ပြေးဆွဲပေးနေသည့် ခရီးသည်တင်ယာဉ်များမှာ ရုံးဆင်းရုံးတက်ချိန်တွင် လူများဖြင့်

ရွှေဥရာစုသစ် စိန်ရွှေရတနာဆိုင်၏ “ရွှေမှတ်သုံ့ အထူးအစီအစဉ်”
၁၀-၅-၂၀၁၄ မှ ၁၀-၆-၂၀၁၄ အထိ
လက်ငင်း ရွှေဆွဲပြား ဒီဇိုင်းအစုံနှင့် ဗုဒ္ဓဂါယာ (၁၄) ရက် ဘုရားဖူးခရီး၊ ပုဂံ ပြည်တွင်း ဘုရားဖူးခရီးစဉ်များကို ကံစမ်းမဲများ ဖွင့်လှစ် ပေးနေပါသည်။
ဒီဇိုင်းဆန်းသစ်ပြီး အရည်အသွေးကောင်းမွန်သော လက်ဝတ်ရတနာများ ဝယ်ယူရင်း မြတ်ဆောက်စမ်းခွင့်များရယူနိုင်ရန် အထူးဖိတ်ခေါ်အပ်ပါသည်။
ရတနာသည် သင့်အတွက်ထာဝရ ရတနာစုလိုက ရွှေဥရာစုသစ်သို့ကြွလှမ်းခဲ့ပါ
ရွှေဥရာစုသစ် မိသားစု
ရွှေဥရာစုသစ် စိန်ရွှေရတနာဆိုင် အမှတ်(၆၁၈)၊ မဟာဗန္ဓုလလမ်း၊ ၂၃လမ်းနှင့်ဗိုလ်ရွှေလမ်းကြား၊ ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၄၉၃၄၀၁၅၈၊ ၀၉ ၇၃၂၀၂၅၂၂

# သေးတဲ့ ရန်ကုန်မြို့တော်ရဲ့ ခရီးသည်ပို့ဆောင်ရေး




**ပြည့်နှက်နေလေ့ရှိသည်။** ဓာတ်ပုံ ဘူးသီး

"ဒါပေမဲ့ ရှိနေတဲ့စက်တွေကိုလည်း ယာဉ်နောက်လိုက်တွေက သေချာမသုံးနိုင်ဘူး။ ခရီးသည်က ကတ်ဝယ်ထားတယ်။ စက်က ဘက်ထရီကုန်သွားပြီလို့ ယာဉ်နောက်လိုက်တွေက ခရီးသည်ကိုပြောတယ်။ ဒါနဲ့ ဘက်ထရီလဲလို့ရတဲ့နေရာလုပ်ပေးထားပြန်တော့လည်း စက်ပျက်တယ်လို့လုပ်တယ်။ ဒါက ဘာလဲဆိုတော့ ယာဉ်နောက်လိုက်တွေ ငွေမကိုင်ရလို့ မကျေနပ်တာဖြစ်ပါတယ်။ ယာဉ်ပိုင်ရှင်တွေကလည်း တစ်နေ့တာအတွက် ဝင်ငွေကိုချက်ချင်းမရလို့ မကြိုက်ဘူး။ အမှန်က စသုံးသုံးချင်း မလည်ပတ်သေးခင် ခဏပဲ ဒါမျိုးဖြစ်မှာပါ။ နောက်ပိုင်းလည်ပတ်သွားပြီး အဆင်ပြေလာရင် ကျွန်တော်တို့ ဘဏ်စနစ်အထိပါ ကျင့်သုံးလို့ရတယ်။ ဒီစနစ်ထိရောက်မှုရှိဖို့ မရှိဖို့ဆိုတာက ယာဉ်လုပ်သားတွေရဲ့ စိတ်ပါဝင်စားမှုအပိုင်းလည်း ပါတယ်" လို့ ဦးလှအောင်က ပြောပါတယ်။

iPay စနစ်ကရော ခရီးသည်တွေအတွက် တကယ်ကိုအဆင်ပြေရဲ့လား စဉ်းစားကြည့်တဲ့အခါ လူတန်းစားတစ်ရပ်အတွက်ပဲ အဆင်ပြေနိုင်မှာပါ။ ဟိုနားဒီနား အထူးကား ၂၀၀ ကို တောင်မစီးနိုင်လို့ ၅၀ တန်ကားမျိုးစောင့်စီးနေရတဲ့ခရီးသည်တွေက iPay ကတ်ထဲမှာ ငွေအရင်ကြိုထည့်ထားနိုင်ပ့ါမလား။ တကယ်တော့ iPay ကလည်း အထူးလို့ ခေါ်တဲ့ ၂၀၀ တန်ကားတွေမှာပဲ တပ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် လူတန်းစားတစ်ရပ်ပဲသုံးနိုင်တာပါ။ ဒါပေမဲ့ ဒီစနစ်ကိုသဘောကျပြီး တကယ်ကိုအသုံးပြုနေတဲ့ ခရီးသည်တွေလည်းရှိခဲ့ပါတယ်။

"၅၀၀ တန်ပေးရင် စပယ်ယာက အကြွေတစ်ရာ ပြန်အမ်းစရာမရှိလို့ ခဏစောင့်အုံးဆိုတော့ ကိုယ်ကလည်းမေ့သွားရင်ခံရတယ်။ တောင်းပြန်ရင်လည်း စပယ်ယာနဲ့ စကားများရတယ်။ ဒီစနစ်က ကျွန်မအတွက်တော့ အဆင်ပြေတယ်"လို့ ကျောက်မြောင်းက ဆရာမ ဒေါ်မြအေးက ပြောပါတယ်။

ဒီစနစ်က မအောင်မြင်သေးပါဘူး။

**ယာဉ်လုပ်သားတွေနဲ့ လစာပေးစနစ်**

ခရီးစဉ် လမ်းကြောင်းတူတဲ့ ကားတွေတင်မက၊ လမ်းကြောင်းမတူတဲ့ကားတွေလည်း တစ်စီးနဲ့တစ်စီး အပြိုင်အဆိုင်မောင်းတယ်။ ခရီးသည်အလုအယက်တင်တယ်။ တစ်ခါတလေကျတော့လည်း ခရီးသည်ကြောင့်မဟုတ်ဘဲ သိက္ခာကြောင့် ပြိုင်မောင်းတယ်ဆိုတာက ရှိသေးတယ်။ ဒီလိုနဲ့ ယာဉ်တိုက်မှုတွေဖြစ်တယ်။ ခရီးသည်တွေကြားထဲက အသက်ဆုံးရှုံးရတယ်။ ဒါပေမဲ့ အမြဲတမ်းပြိုင်မောင်းနေကြတာလား ဆိုတော့လည်း မဟုတ်ဘူး။ သူတို့အေးအေးဆေးဆေးဖြစ်တဲ့အချိန်ကျတော့ မှတ်တိုင်မှာ အကြာကြီးရပ်ပြီးခရီးသည်တင်လို့ ယာဉ်ကြောတွေပိတ်ဆို့တဲ့အထိပဲ။ ဘာလို့များပုံမှန် မရှိရတာလဲ။ ယာဉ်မောင်းတွေကို လစာပေးစနစ်မကျင့်သုံးနိုင်လို့လို့ဆိုကြပါတယ်။ လစာပေးစနစ်ကို ကျင့်သုံးကြည့်တော့ရော အောင်မြင်ရဲ့လား။

၂၀၁၃ ခုနှစ်မှာ Omni Focus ကုမ္ပဏီက မေတ္တာလှိုင်းယာဉ်လိုင်းမှာ လစာပေးစနစ်ကို ကျင့်သုံးခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဆင်မပြေခဲ့ပါဘူး။

"လစာပေးစနစ်ကိုကျွန်တော်တို့ ၂၀၁၃ ခုနှစ် မတ်လကနေ အောက်တိုဘာလအထိ ကျင့်သုံးခဲ့တယ်။ ယာဉ်မောင်းတစ်ယောက်ကို ကျပ် ၄၅၀,၀၀၀ နဲ့ ယာဉ်နောက်လိုက်တစ်ယောက်ကို ကျပ် ၂၂၅,၀၀၀ ပေးခဲ့တယ်။ ဒါပေမဲ့ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေက မရိုးသားဘူး။ ယာဉ်စီးခတွေကို ယူထားတာမျိုးရှိတယ်။ ဒါကြောင့်အရင်စနစ်အတိုင်းပဲပြန်လုပ်လိုက်တယ်။ အဓိက ပြဿနာကတော့ ယာဉ်နောက်လိုက်က ခရီးသည်ဆီက ပိုက်ဆံကောက်တဲ့စနစ်ရှိနေတာပဲ" လို့ မေတ္တာလှိုင်းက ဥက္ကဋ္ဌကိုထွန်းတောက်ဝင်းကပြောပါတယ်။

> **အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်မှာတိကျတဲ့ မူဝါဒတွေမရှိဘူးဖြစ်နေတယ်။ နောက်တစ်ခါ အဲဒီ မူဝါဒတွေကလည်း မော်တော်ယာဉ်တင်သွင်းခွင့်** ”

**လိုအပ်နေတဲ့ မူဝါဒအပြောင်းအလဲ**

"ကျွန်တော်တို့နိုင်ငံရဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေး စနစ်မှာ တိကျတဲ့ မူဝါဒတွေမရှိဘူးဖြစ်နေတယ်။ နောက်တစ်ခါ အဲဒီ မူဝါဒတွေကလည်း မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒတွေနဲ့ အကုန်ဆက်စပ်နေတယ်။ စည်ပင်သာယာက သစ်ပင်စိုက်၊ လျှပ်စစ်က သစ်ပင်ခုတ်ဆိုတာမျိုးတော့ လုပ်လို့မရဘူး။ တစ်နေရာနဲ့တစ်နေရာ အချိတ်အဆက်မိနေဖို့လိုတယ်။ နောက်တစ်ချက်က မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဆိုတဲ့ အဖွဲ့မျိုးက မရှိသင့်တော့ဘူး။ အဲဒီ ကော်မတီဆိုတာမျိုးကအရင် စနစ်ဟောင်းရဲ့ အမွေလိုမျိုးဖြစ်နေတယ်။ မိမိတို့ရဲ့ ကိုယ်ပိုင်ယာဉ်တွေကို ယာဉ်လိုင်းမှာဝင်ဆွဲပြီး သင့်တင့်လျောက်ပတ်တဲ့ အခွန်တစ်ခုကောက်ပြီးတော့ လည်ပတ်နေတဲ့သဘောပဲရှိတယ်။ ဒီအဖွဲ့ကို ဆက်လက်ရှိနေစေချင်သေးတယ်ဆိုရင် ကော်ပိုရေးရှင်းပုံစံအဖွဲ့အစည်းတွေ ပြန်လုပ်ရလိမ့်မယ်"လို့ ရန်ကုန်မီဒီယာအဖွဲ့ရဲ့ ဥက္ကဋ္ဌ ဦးကိုကို(စက်မှုတက္ကသိုလ်)က ပြောပါတယ်။

တခြားနိုင်ငံတွေမှာ ကုန်တင်ယာဉ်အဖြစ်အသုံးပြုနေတဲ့ ဟိုင်းလပ်ယာဉ်တွေကို မြန်မာနိုင်ငံမှာ ခရီးသည်တင်အဖြစ် လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက အသုံးပြုလာခဲ့ရာကနေ ခရီးသွားပြည်သူတွေအတွက် အန္တရာယ်များတဲ့အတွက် ဟိုင်းလပ်တွေနေရာမှာ မီနီဘတ်စ်တွေနဲ့အစားထိုးဖို့ စီစဉ်ခဲ့ပါတယ်။ ဒါပေမဲ့ မီနီဘတ်စ်တွေကို ဟိုင်းလပ်တွေနေရာမှာ အပြည့်အဝ အသုံးမချနိုင်သေးခင်မှာ ပြေးဆွဲခွင့်ကန့်သတ်လိုက်ခြင်းဟာ စနစ်တကျမရှိမှုကိုဖော်ပြနေပါတယ်။

နောက်ဆုံးမှာတော့ ဒုက္ခခံကြရတာကတော့ ခရီးသည်တွေပဲဖြစ်ပါတယ်။

ခရီးသွားပြည်သူတွေအနေနဲ့ ယာဉ်ကြောပိတ်ဆို့မှုအပါအဝင် ခရီးသည်တင်ချ လုပ်တဲ့ကြာချိန်တွေပါ ပေါင်းရင် အလုပ်သွားအလုပ်ပြန်အတွက် မနက်ကို ၂ နာရီခန့်နဲ့ ညနေဘက်ကို ၂ နာရီခန့်အချိန်ယူရပါတယ်။

"ကျွန်တော်တို့နိုင်ငံမှာ အပြောင်းအလဲတွေအများကြီးလုပ်နေတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့လို သာမန်လူတန်းစားအတွက် ဘတ်စ်ကားတွေကတော့ ဒီတိုင်းပဲ။ အမြဲတမ်းလူပြည့်ကျပ်နေတယ်။ ကျွန်တော်ကတော့ လက်ရှိ ခရီးသည် သယ်ယူပို့ဆောင်ရေးစနစ်ကိုလုံးဝကို မကြိုက်ဘူး။ ကျွန်တော့်လို ကုမ္ပဏီက လခစား ဝန်ထမ်းတစ်ယောက်အနေနဲ့ နေ့စဉ် အလုပ်အသွားအပြန်အတွက် ဒီဘတ်စ်ကားတွေကိုပဲအားကိုးနေရတာ။ ဘယ်သူက ဒီသယ်ယူပို့ဆောင်ရေးစနစ် ပိုကောင်းလာအောင်လုပ်ပေးနိုင်မလဲ ဆိုတာကို စိတ်ဝင်စားတယ်။ တကယ့်ကို စနစ်ကျတဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်တစ်ခု ရှိလာစေချင်တယ်" လို့ တောင်ဒဂုံက ဦးဝင်းကြည်က ပြောပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အခုအချိန်အထိတော့ ပြည်သူတွေက မလူးသာမလွန့်သာအခြေအနေနဲ့ စိတ်ကျေနပ်မှုမရတဲ့ ရန်ကုန်မြို့ပြရဲ့ သယ်ယူပို့ဆောင်ရေး စနစ်အောက်မှာ ကိုယ်စီသွားလာလှုပ်ရှားနေရဆဲပါပဲ။ နိုင်ငံမှာ အပြောင်းအလဲတွေလုပ်နေတယ်လို့ဆိုပေမယ့် သယ်ယူပို့ဆောင်ရေးစနစ်ကတော့ မပြောင်းလဲသေးပါဘူး။ ဘာလိုလိုနဲ့ မိုးရာသီရောက်လာပြီဆိုတော့ ကြံ့ခိုင်မှုမရှိတဲ့ ယာဉ်တွေကြောင့် ခရီးသည်တွေက ကားစီးရင်း မိုးယိုတဲ့ဒဏ်၊ မိုးပက်တဲ့ ဒဏ်တွေကိုခံစားနေကြရအုံးမှာပါ။ ■






## မှုခင်းသတင်းတိုများ

**ကလေးငယ်အား ခေါ်ဆောင်သွားသူကို အမှုဖွင့်**

ရွှေပြည်သာမြို့နယ်၌ ဆော့ကစားနေသည့် အသက်လေးနှစ်ငါးလအရွယ် ကလေးငယ်တစ်ဦးကို မေလ ၂၄ ရက်နေ့ ည ၇ နာရီခန့်က မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာနေ ရန်ပိုင်(ခ) ပိုင်ကြီး(၃၂ နှစ်)နှင့်ရွှေပြည်သာမြို့နယ်နေ ထွန်းလင်းကျော်(ခ)ကြက်ကုလား(၃၂ နှစ်)တို့က ဆိုင်ကယ်ဖြင့်တင်ဆောင်ခေါ်သွားခဲ့ကြောင်း သမီးဖြင့် အတူဆော့ကစားနေသည့်ကလေးငယ်မှ မိခင်ဖြစ်သူထံ လာရောက်ပြောပြသဖြင့် အုပ်ချုပ်ရေးမှူးရုံးသို့ အကြောင်းကြားရှာဖွေခဲ့သည်။ ည ၁၁ နာရီခွဲ ခန့်တွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကလေး ခေါ်ယူသွားသူနှစ်ဦးကိုဖမ်းမိခဲ့သည်။ ကလေးဖြစ်သူဝတ်ဆင်ထားသည့် ကျပ် ၃၅,၀၀၀ တန်ဖိုးရှိ ရွှေနားကွင်းကိုခိုးယူရန်အကြံဖြင့် ကလေးငယ်ကိုခေါ် ဆောင်ခဲ့ခြင်းဖြစ်ကြောင်းသိရသဖြင့် လှော်ကားနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**တရားမဝင်သစ်များ ဖမ်းမိ**

တိုက်ကြီးမြို့နယ် သစ်တောအုပ်ကြီးနှင့်အဖွဲ့သည် မေလ ၂၅ ရက်နေ့ နံနက် ၅ နာရီ ၄၅ ခန့်တွင် ရန်ကုန်ပြည်လမ်းမိုင်တိုင်အမှတ် ၄၅/၂ အနီး တိုက်ကြီးတိုးဂိတ်၌ ရန်ကုန်ဘက်သို့ အင်းစိန်မြို့နယ်နေ အောင်စိုးမင်း(၃၀ နှစ်)၊မောင်းနှင်ပြီး မျိုးချစ်(၃၃ နှစ်)လိုက်ပါသည့် မာဇဒါ အငှားယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်အတွင်းမှ ကျွန်းခွဲသား ၂၈၃ ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သောကြောင့် အရေးယူပေးရန်တိုင်ကြားခဲ့သည်။ တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားသည်။

**ရန်ဖြစ်ရာမှ အရိုက်ခံရပြီး သေဆုံး**

ဒဂုံမြို့မြောက်ပိုင်းမြို့နယ်နေ ၂၇ ရပ်ကွက် ပင်လုံခုံးတံတား ဘုရင့်နောင်လမ်းနှင့် ရှုခင်းသာလမ်းထောင့်၌ မေလ ၂၃ ရက်နေ့ ည ၁၁ နာရီခန့်က ရှိုင်းထက်(၁၉ နှစ်)သည် သဃ်န်းကျွန်းမြို့နယ်နေ ချစ်ကို (၂၀ နှစ်)၊ သက်ပိုင်(၂၀ နှစ်)၊ ရဲဝေယံ(ခ)စိုးသူ(၁၈ နှစ်)၊ မျိုးမင်းသန့်(ခ)ဇီးကွက် (၁၈ နှစ်) နှင့်ကျော်ကျော်နိုင်(ခ)တရုတ်ကြီး (၁၉ နှစ်)တို့နှင့် ရည်းစားကိစ္စ စကားများရန်ဖြစ်စဉ် ၎င်းတို့က သံပိုက်လုံးဖြင့်ရိုက်လက်သီးနှင့်ထိုး ခြေဖြင့်ကန်ကျောက်ခဲ့သောကြောင့် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ထို့နောက် သဃ်န်းကျွန်းဆေးရုံသို့တင်ပို့ကုသစဉ် သေဆုံးသွားသဖြင့် ဒဂုံမြောက်ပိုင်းမြို့မရဲစခန်းကအမှုဖွင့်အရေးယူထားသည်။

**နေအိမ်မှ ဖယ်ရှားပေးရန် ငြင်းဆို**

အရှေ့ပိုင်းခရိုင် တရားမဇာရီမှု အမှတ် (၁/၂၀၁၁) အမှုမှ မင်္ဂလာတောင်ညွန့်မြို့နယ် လမ်း ၉၀ အမှတ် ၂၀ ရှိ တိုက်ခန်းနှစ်ခန်းတွဲ နှစ်ထပ်အဆောက်အအုံ၏ မြေညီထပ်ခေါင်းရင်းခြမ်းတစ်ခန်းကို လေလံဆွဲ ဝယ်ယူသူတို့က လက်ရောက်ပေးအပ်နိုင်ရေးအတွက် တရားမကျင့်ထုံးဥပဒေအမိန့်(၂၁) နည်းဥပဒေ(၉၅) အပ်ဝရမ်းဆောင်ရွက်ရန် ဧပြီလ ၇ ရက်နေ့ နံနက် ၉ နာရီခန့်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုဦးစီးမှူး၊ မြို့မရဲစခန်းမှူး ကန်တော်ကလေးအနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပါဝင်သည့် အဖွဲ့မှ သွားရောက်စစ်ဆေးခဲ့သည်။ အဆိုပါတိုက်ခန်းတွင် နေထိုင်သည့် ဦးမေအောင်ပါ ရှစ်ဦးက မဖယ်ပေးနိုင်ကြောင်း၊ အင်အားသုံးပါကပြန်လည်ခုခံမည်ဖြစ်ပြီး ရှန်းရင်းဆန့်ခတ်ပြုလုပ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုကာ အပ်ဝရန်းတာဝန်ထမ်းဆောင်ရွက်၍မရအောင် ဟန့်တားနှောင့်ယှက်ခဲ့သဖြင့် မေလ ၂၆ ရက်နေ့တွင် အရေးယူပေးရန်တိုင်ကြားခဲ့ရာ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **တိုးဝေအောင်နှင့်မင်းသုနောင်**

**ရန်ကုန်မြို့ သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားသို့ မေလ ၂၃ ရက်နေ့က ဆိုက်ကပ်လာခဲ့သည့် တရုတ်စစ်သင်္ဘောတစ်စင်းပေါ်၌ လုံခြုံရေးစောင့်ကြပ်နေသည့် တရုတ် ရေတပ်သားများကို တွေ့ရစဉ်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ရေတပ်စစ်သင်္ဘောနှစ်စင်းဖြစ်သည့် Zheng He နှင့် Wei Fang တို့သည် မြန်မာနိုင်ငံသို့ ငါးရက်ကြာချစ်ကြည်ရေး လာရောက်ခဲ့သည်။**

ဓာတ်ပုံ – အေအက်ဖ်ပီ/စိုးသန်းဝင်း



# ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အား တိုးချဲ့ရန်ပြင်ဆင်

တိုးဝေအောင်

**ရန်ကုန်တိုင်းဒေသကြီးတွင်** ယာဉ်ထိန်းရဲတပ်ဖွဲ့ဖွဲ့စည်းပုံအင်အားအရ ၁,၄၂၂ ဦးရှိရမည်ဖြစ်ပြီး လက်ရှိတွင် ၈၃၃ ဦးဖြင့် လည်ပတ်နေရခြင်းကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ သတ်မှတ်အရည်ချင်းပြည့်မီသူများကို ခေါ်ယူဖြည့်တင်းသွားမည်ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရန်ကုန်မှာ လက်ရှိ ယာဉ်ထိန်းအင်အား ၈၃၃ ဦးနဲ့ လည်ပတ်နေတယ်။ ဖွဲ့စည်းပုံစာရင်းအရဆိုရင် စည်ပင်သာယာနယ်နိမိတ် ၃၁ မြို့နယ်အတွက်ကို တစ်မြို့နယ် ၃၆ ယောက်နှုန်းနဲ့ ၁,၁၁၆ ဦး၊ နယ်နိမိတ်ပြင်ပမြို့နယ် ၁၄ မြို့နယ်အတွက်ကို ၂၅၂ ဦးနဲ့ ရုံးပိုင်ဆိုင်ရာ ဝန်ထမ်း ၅၄ ဦး ရှိရမှာဖြစ်ပါတယ်။ အခုအင်အား ၈၃၃ ယောက်နဲ့ လည်ပတ်နေတာကြောင့် အင်အားလိုအပ်တယ်"ဟုအမှတ်(၂)ယာဉ်ထိန်း ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလင်းထွဋ်က ပြောသည်။

ယခင်က ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးတို့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အား တချို့ကို နေပြည်တော်သို့ ပြောင်းလဲတာဝန်ချထားပေးခဲ့ခြင်းကြောင့် စီးပွားရေးမြို့တော်ကြီးများတွင် တပ်ဖွဲ့ဝင်အင်အားနည်းသွားခဲ့သည်။ ရန်ကုန်နှင့် မန္တလေးတို့၌ ယာဉ်ကြောပိတ်ဆို့မှု တစ်နေ့တခြား များပြားလာခဲ့သော်လည်း တပ်ဖွဲ့ဝင်အင်အားနည်းနေခြင်းကြောင့် နိုင်နင်းမှုမရှိကြောင်းသိရသည်။

"ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အား ၁၄၆ ဦးကို ဒီတနင်္လာနေ့ကစပြီးတော့ ယာဉ်ထိန်းသင်တန်းကျောင်းတွေမှာ သင်တန်းပို့ချနေပါပြီ၊ ဒီသင်တန်းဆင်းသွားပြီး သွားရင် မြန်မာနိုင်ငံအနှံ့အပြားက ယာဉ်ထိန်းအင်အားလိုအပ်တဲ့နေရာတွေမှာ တာဝန်ထမ်းဆောင်ရမှာပါ"ဟု အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး (ရန်ကုန်) မှ ဒုတိယရဲမှူး မျိုးအောင်မြင့်က ပြောသည်။

မြို့နယ်များတွင် ယာဉ်အသုံးပြုသူများမှ စည်းကမ်းမဲ့မောင်းနှင် ရပ်နားမှုများပြုလုပ်လာသဖြင့် တစ်ပတ်အတွင်းစည်းကမ်းမဲ့ ယာဉ်အစီးရေ ၈,၇၀၀ ကျော်ကို ကရိန်းယာဉ်ဖြင့် ဖမ်းဆီးအရေးယူခဲ့သလို မီးနီဖြတ်သန်းမောင်းနှင်သည့် ယာဉ်အစီးရေ ၃,၀၀၀ ကျော်ကိုမှတ်သားဖမ်းဆီးနိုင်ခဲ့ပြီး ညအချိန်များတွင် ပြိုင်ကားနှင့်စည်းကမ်းမဲ့ယာဉ်ဖမ်းဆီးမှု ၁၁၉ မှုရှိခဲ့ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စည်းကမ်းမဲ့ယာဉ်ရပ်နားမှုများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများရှိလာသဖြင့် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှစတင်၍ ပထမအကြိမ် ယာဉ်မရပ်ရလမ်းများအဖြစ် မြို့နယ်များမှ လမ်းမကြီး ၃၇ လမ်းကို အဓိကသတ်မှတ်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့ တွင် ဒုတိယအကြိမ်အဖြစ် ယာဉ်မရပ်နားရန်လမ်း ၂၀၊ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် တတိယအကြိမ်အဖြစ် ယာဉ်မရပ်ရလမ်း ၁၀ လမ်း သတ်မှတ်ခဲ့သည်။ ■



# ရန်ကုန်မြို့ရှိ ယာဉ်ကြောကျပ်တည်းမှု အများဆုံးနေရာများ၌ ယာဉ်ထိန်းအဖွဲ့ငယ် ၁၈ ဖွဲ့ဖြင့် ရှင်းလင်းရန် ဆောင်ရွက်နေ

အေးငြိမ်းဝင်း

**ရန်ကုန်မြို့၊** စည်ပင်သာယာနယ်နိမိတ် ၃၁ မြို့နယ်အတွင်းရှိ ယာဉ်ကြောကျပ်တည်းမှု အဖြစ်အများဆုံး နေရာ ၇၉ နေရာ၌ ယာဉ်ထိန်းအဖွဲ့ငယ် ၁၈ ဖွဲ့က ယာဉ်ကြောရှင်းလင်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲ တပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။

"လက်ရှိမှာတော့ လုပ်ဖို့စီစဉ်ဆဲဖြစ်ပါတယ်။ ယာဉ်ထိန်းအဖွဲ့တွေက လမ်းပိတ်ဆို့မှုဖြစ်နေတဲ့နေရာတွေကို သွားပြီးတော့ ဘယ်ကားကြောင့် ဒီလိုယာဉ်ကြောပိတ်ဆို့မှုဖြစ်နေလဲ စစ်ဆေးမယ်။ ရှင်းထုတ်ပေးပြီး အဲဒီလိုဖြစ်အောင်လုပ်တဲ့ကားကို အရေးယူမယ်"ဟု အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ရဲအုပ်လှကျော်ဦးက ပြောသည်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုမှာ တစ်နေ့ထက်တစ်နေ့ များပြားလာသောကြောင့် ယခုလိုစီစဉ်ရခြင်းဖြစ်ပြီး ဒဏ်ငွေမှာမူ မော်တော်ယာဉ်ဥပဒေအရ ကျပ် ၁,၅၀၀ သာ သတ်မှတ်နိုင်မည်ဖြစ်သောကြောင့် လွယ်လွယ်စည်းကမ်းချိုးဖောက်သူများလည်း ရှိနေနိုင်သေးသည်။

"ယာဉ်ကြောကျပ်တည်းတဲ့ နေရာတွေကို လိုက်တော့ ရှင်းပေးမယ်။ ဒါပေမဲ့မော်တော်ယာဉ်တစ်စီးစီးက လမ်းစည်းကမ်းကိုမလိုက်နာ

> **ဒါပေမဲ့ ဒဏ်ငွေကတော့ မူလက သတ်မှတ်ထားတဲ့အတိုင်း ကျပ် ၁,၅၀၀ ပဲ။ ယာဉ်စည်းကမ်း ...**

လို့ ဒီလိုဖြစ်နေတယ်ဆိုတာကိုတွေ့ရင် အရေးယူလို့ရတယ်။ ဒါပေမဲ့ ဒဏ်ငွေကတော့ မူလက သတ်မှတ်ထားတဲ့အတိုင်း ကျပ် ၁,၅၀၀ ပဲ။ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ချိုးဖောက်မှုတော်တော်များများအတွက် ဒဏ်ငွေက ကျပ် ၁,၅၀၀ ပဲ သတ်မှတ်ထားတယ်"ဟု ရဲအုပ်လှကျော်ဦးက ပြောသည်။

ယာဉ်ကြော ရှင်းလင်းပေးမည့်အဖွဲ့များမှာ ယာဉ်ထိန်းအင်အား အခြေအနေအရ အဆိုပါနေရာများတွင် ပုံသေရှိနေမည်မဟုတ်ဘဲ အဖွဲ့ငယ် ၁၈ ဖွဲ့ဖြင့်သာ လှည့်လည်စစ်ဆေးမည်ဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့က ယာဉ်လမ်းကြောင်းရှင်းသည့်စနစ်ကို တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး ဥပဒေဖြင့်အရေးယူခြင်းကို လျှော့ခဲ့သည်။ သို့သော် ဖမ်းဆီးထိန်းသိမ်းမှုကို လျှော့ချလိုက်သည့်အခါတွင် စည်းကမ်း ဖောက်ဖျက်သောယာဉ်များ ပြန်လည်များပြားလာသည့်အတွက် ၂၀၁၄ ခုနှစ်တွင် ဖမ်းဆီးမှုကို ပြန်လည်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

"ဖမ်းဆီးထိန်းသိမ်းမှုမလုပ်ဘဲနဲ့ ရမလားလို့ လျှော့ကြည့်တယ်။ မရတဲ့အတွက် ပြန်ဖမ်းရတယ်။ ယာဉ်ကြောပိတ်ဆို့မှုက ရန်ကုန်မြို့ရဲ့ အဓိက ပြဿနာ ဖြစ်လာတယ်။ ယာဉ်ကြောရှင်းလင်းရေးကို ဦးစားပေးလုပ်တော့ ယာဉ်တိုက်မှုက ပြန်ဖြစ်လာတယ်။ ဒ့ါပြင် စည်းကမ်းဖောက်ဖျက်မှုများရင် ယာဉ်တိုက်မှုက များလာတယ်"ဟု ရဲအုပ် ဝင်းလွင်ကပြောသည်။ ■

# အမျိုးသမီးငယ်တစ်ဦးကို ရောင်းချသူနှစ်ဦး ထောင် ၁၀ နှစ်စီချ

**တရုတ်နိုင်ငံရှိ** စတိုးဆိုင်တစ်ဆိုင်တွင် အလုပ်အကိုင်ရရှိမည်ဟု အမျိုးသမီးတစ်ဦးကို ယုံကြည်အောင် စည်းရုံးပြောဆိုခေါ်ဆောင်သွားခဲ့ပြီး ယွမ်လေးသောင်းဖြင့် ရောင်းချခဲ့သည့် အမျိုးသမီးနှစ်ဦးကို အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက မေလ ၈ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

အမှုဖြစ်ပွားပုံမှာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်နေ ဒေါ်မြတ်မြတ်လွင်နှင့်ဒေါ်ခင်စန်းရီတို့နှစ်ဦးသည် တစ်ရပ်ကွက်တည်းနေ အမျိုးသမီးငယ်တစ်ဦးကို တရုတ်နိုင်ငံရွှေလီမြို့ရှိ စတိုးဆိုင်တစ်ဆိုင်၌ တစ်လလျှင် ကျပ်နှစ်သိန်းနှင့် နေ့စဉ်ဘောက်ဆူးငွေ ကျပ်တစ်သောင်း ရရှိမည်ဖြစ်ကြောင်း ယုံကြည်အောင် စည်းရုံးပြောဆိုခဲ့ပြီး ရွှေလီမြို့သို့ ခေါ်ဆောင်သွားခဲ့သည်။ ထို့သို့ခေါ်ဆောင်သွားပြီးနောက် မေလ ၁၅ ရက်နေ့တွင် ဖခင်ဖြစ်သူက သမီးဖြစ်သူ တရုတ်ပြည်၌ ကိုင်ဆောင်သည့် လက်ကိုင်ဖုန်းနံပါတ်ကို ရရှိခဲ့သဖြင့် အင်တာနက်ဆိုင်မှတစ်ဆင့် ဆက်သွယ်ခဲ့ရာ ဒေါ်မြတ်လွင်က တရုတ်ပွဲစားများနှင့် ဆက်သွယ်ကာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးထံ ယွမ်လေးသောင်းဖြင့် ရောင်းချခဲ့ကြောင်း သိရသဖြင့် သမီးဖြစ်သူကို ရောင်းစားခဲ့သူနှစ်ဦးအား အရေးယူပေးရန် ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့သို့ တိုင်ကြားခဲ့သည်။

သက်ဆိုင်ရာ၏ စုံစမ်းစစ်ဆေးပေါ်ပေါက်ချက်များအရ ဒေါ်မြတ်မြတ်လွင်နှင့်ဒေါ်ခင်စန်းရီ တို့ကို မြောက်ဥက္ကလာပမြို့မရဲစခန်း က(ပ)၆၆၃/၁၂ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၂၄ ဖြင့်အမှုဖွင့်ကာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့မှုဖြစ်သည်။

အမှုနှင့်ပတ်သက်၍ အရှေ့ပိုင်းခရိုင်တရားသူကြီး(၇)၏ စီရင်ချက်တွင် "အမျိုးသမီးငယ်ကို အလုပ်လုပ်ချင်အောင်စည်းရုံးပြီး တရုတ်နိုင်ငံ လျိုဇက်ကျေးရွာရှိ တရုတ်အမျိုးသား လျှိုထန်းနွမ်းဆိုသူနှင့် အတင်းအဓမ္မလက်ထပ်ထိမ်းမြားရန်အတွက် တရုတ်နိုင်ငံရှိလူပွဲစားများနှင့် ရောင်းချခဲ့ခြင်းဖြစ်သဖြင့် ဖခင်ကသိရှိစဉ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့သို့ သွားရောက်တိုင်ကြားခဲ့ကြောင်းကို စစ်ဆေးပေါ်ပေါက်ချက်အရ သိရကြောင်း၊ ထို့ကြောင့် ဒေါ်မြတ်မြတ်လွင်(၄၈နှစ်)နှင့် ဒေါ်ခင်စန်းရီ(၅၃ နှစ်)တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/နှင့် ယင်းပုဒ်မ ၂၄/၃၂တို့အရအလုပ်နှစ်ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း" ဖော်ပြသည်။ **တိုးဝေအောင်၊ မင်းသုနောင်** ■

အထူးဝမ်းမြောက်ကျေးဇူးတင်ရှိခြင်း

မေလ ( ၁၇ ) ရက် နေပြည်တော်ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ကျောက်မျက်အရောင်းခန်းရပ်ရှိ ... 

မေလ ( ၁၇ ) ရက် နေပြည်တော်ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ကျောက်မျက်အချောထည်ဈေး JM 065 ရှိ The Rich Gems ကျောက်မျက်အရောင်းဆိုင်ဖွင့်ပွဲကို တက်ရောက်ချီးမြှင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သော ဒေါက်တာဝင်းမြင့်၊ အန်တီဒေါ်ခင်သန့်စင်၊ ဥက္ကာသီရိကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာဒေါက်တာစန်းစန်းရီ၊ အန်တီဒေါ်ချိုချိုထွန်းတို့နှင့် ဖွင့်ပွဲမတိုင်မီ ကျေးဇူးတော်ချီးမွမ်းပေးခဲ့သော ရန်ကုန်မှ Rev. ဆရာ မန်းစံသိန်းထွန်း၊ Rev.Dr.မန်းဟိုင်းဒယ်၊Rev.Dr.ဆရာရော်လား၊Rve.စောရွှေလင်း၊Rev.ဆရာမောင်မောင်စိုး၊Rev.ဆရာဦးတင်မောင်အေး Rev ဆရာဦးလှဇက် နှင့် ပျဉ်းမနားမှ ဆရာတော်များ ရန်ကုန်မြို့မှ လာရောက်ချီးမြှင့်ခဲ့သည့်မျက်မမြင်ဆရာများအားလုံး၊ ရန်ကုန်မြို့မှ အချိန်ပေးပြီးတက်ရောက်ချီးမြှင့်ခဲ့သည့် ရှိသေလေးစားထိုက်သော မိတ်ဆွေများအားလုံး၊ သူငယ်ချင်းများအားလုံး၊ဖွင့်ပွဲကြီးအထူအောင်မြင်စည်ကားအောင်ဝိုင်းဝန်းကူညီပံ့ပိုးသူများအားလုံးနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကို The Rich Gems မိသားစုမှလှိုက်လှဲစွာဖြင့် ဝမ်းသာပီတိ ကျေးဇူးအထူးပင်တင်ရှိပါသည်။

ကျေးဇူးတင်စွာဖြင့်
The Rich Gems
( မိသားစု )

THE MYANMAR TIMES နေပြည်တော်
# Capital News
■ နေပြည်တော်သတင်း
သောကြာနေ့၊ မေ ၃၀ - ဇွန် ၅၊ ၂၀၁၄

aejynfawmfawYü qkHaysmf&;Tlu



စုလှိုင်ထွန်း
ရေးသားသည်။

r*Vmnpmpm;y

**မေလ** ၁၃ ရက်နေ့ ညနေပိုင်းက အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ခန်းမ၌ ကျင်းပခဲ့သည့် ဗိုလ်ကြီးထွန်းနိုင်ဝင်းနှင့်မမြတ်ပွင့်အေးတို့၏ မင်္ဂလာညစာစားပွဲ။



ဦးမြင့်ငွေ



ဗိုလ်ကြီးထွန်းနိုင်ဝင်းနှင့်မမြတ်ပွင့်အေး



မိဘများ

The Rich Gems qkdif



ဒေါ်လုလု နဲ့ ဒေါ်ရီရီထွန်း



ဇင်အောင်

armaeY

**တံခွန်တိုင်** ဘုန်းကြီးကျောင်းမှာ မေ ၂၆ ရက်နေ့က မွေးနေ့အလှူကျင်းပခဲ့တဲ့ ဒေါ်နန္ဒာရဲ့ မွေးနေ့မှသည် နှစ်တစ်ရာတိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။



ဦးနေမျိုးမောင်နဲ့မွေးနေ့ရှင်



ဒေါ်ယဉ်ဝင်း၊ ဒေါ်နန္ဒာနဲ့အမိုး



မွေးနေ့ရှင်နဲ့ မိသားစု



ကချင်ရိုးရာဝတ်စုံဖြင့် ဝန်ထမ်းများ

**မေလ** ၁၇ ရက်နေ့ ညနေပိုင်းက ပြုလုပ်ခဲ့သည့် The Rich Gems Showroom ဖွင့်ပွဲအခမ်းအနား

# ရွှေ့ပြောင်းအလုပ်သမားများ အရေး ပူးပေါင်းဆောင်ရွက်ရန် အာဆီယံ သဘောတူ

ပြည့်သက်ဖြိုး

**အရှေ့တောင်အာရှ** နိုင်ငံများအသင်း(အာဆီယံ) နိုင်ငံများအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများအတွက် ကျွမ်းကျင်မှု၊ ဥပဒေနှင့် ခံစားခွင့်များအတွက် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားကြရန် ပြီးခဲ့သည့် ရက်သတ္တပတ်က နေပြည်တော်၌ ကျင်းပခဲ့သော အဆင့်မြင့် အလုပ်သမားအရာရှိကြီးများ အစည်းအဝေး၌ ဆုံးဖြတ်ခဲ့ကြသည်။

"အာဆီယံနိုင်ငံအသီးသီးမှာ ရွှေ့ပြောင်းအလုပ်သမားတွေရှိကြတယ်၊ ၂၀၁၅ ခုနှစ်မှာ အာဆီယံ အသိုက်အဝန်းဒေသဖြစ်လာတဲ့အခါမှာ အလုပ်သမားတွေနဲ့ ကုန်ပစ္စည်းတွေကို အာဆီယံနိုင်ငံတွေအတွင်းမှာ လွတ်လွတ်လပ်လပ် ကူးလူးဆက်သွယ်ကြမှာဖြစ်တဲ့အတွက် သူတို့ဆီက အလုပ်သမားတွေလည်း မြန်မာနိုင်ငံမှာလာအလုပ်လုပ်ကိုင်နေသလို မြန်မာနိုင်ငံက အလုပ်သမားတွေလည်း အာရှ၁၀ နိုင်ငံမှာ သွားအလုပ်လုပ်ကိုင်နေတယ်၊ အဲဒီအခါမှာ ဘာလိုလဲဆိုတော့ အာဆီယံ နိုင်ငံအားလုံး ဒီအလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုစံနှုန်းကို တစ်ပြေးညီသတ်မှတ်ပြီးတော့ ဒီစံနှုန်းအတိုင်း၊ ဒီသင်ရိုးမာတိကာအတိုင်း သင်ထားလေ့ကျင့်ထားတဲ့ အလုပ်သမားတွေကို တစ်ပြေးညီ အသိအမှတ်ပြုရမယ်၊ ဒီလုပ်ငန်းတွေ အားလုံးကို ပူးပေါင်းဆောင်ရွက်ပါ့မယ်လို့ ပဏာမညှိနှိုင်းဆွေးနွေးမှုတွေလုပ်ခဲ့တယ်"ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က မေ ၂၂ ရက်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

ထိုအစည်းအဝေးတွင် အာဆီယံဒေသတွင်းရှိ အလုပ်သမားများ၏ ကျွမ်းကျင်မှုစံနှုန်းကို တစ်ပြေးညီဖြစ်စေရန်၊ မိမိနိုင်ငံမှ အခြားသော အာဆီယံနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေသော ရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်သည့် ဥပဒေကြောင်းအရ အကာအကွယ်ပေးရန်နှင့် ရသင့်ရထိုက်သည့် ခံစားခွင့်များ အပြည့်အဝရရှိစေရန် အာဆီယံနိုင်ငံများအားလုံး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် မူကြမ်းကို ရေးဆွဲနိုင်ခဲ့သည်။

ထို့အတူ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို)ကလည်း အာဆီယံ ၁၀ နိုင်ငံအတွင်း အလုပ်သမားရေးရာ ကိစ္စများအပေါ် ၎င်းတို့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းလုပ်ဆောင်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

"ဒီဆွေးနွေးပွဲမှာ အာဆီယံနိုင်ငံတွေ အနေနဲ့လည်း မိမိတို့ နိုင်ငံတွေမှာရှိတဲ့ အလုပ်သမားတွေရဲ့ လူမှုဘဝမြင့်မားဖို့ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်(အိုင်အယ်လ်အို)ရဲ့ အကူအညီလိုအပ်ပါတယ်၊ အကူအညီပေးပါဆိုပြီး နိုင်ငံတော်တော်များများက တောင်းဆိုတာရှိတယ်၊ ဒါကိုလည်း အိုင်အယ်လ်အိုအနေနဲ့ စဉ်းစားပြီးတော့ ဘယ်လိုဖြည့်ဆည်းပေးမယ်ဆိုပြီး ဆွေးနွေးသွားတယ်၊ အဲဒါကြောင့် ဒီဆွေးနွေးပွဲကြီးရဲ့ ရလဒ်ကတော့ အပြုသဘောဆောင်ပါတယ်"ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ပြောသည်။

အလုပ်သမားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကို သုံးလအတွင်း အကောင်အထည်ဖော်သွားမည်ဟုလည်း ၎င်းက ပြောသည်။

အဆိုပါ(၇)ကြိမ်မြောက် အာဆီယံကော်မတီ၏ အစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် အဆင့်မြင့် အလုပ်သမားအရာရှိကြီးများ အစည်းအဝေး၌ 'ဟန်ချက်ညီမျှပြီး တိုးတက်သာယာဝပြောသော လုပ်ငန်းခွင်အတွက် ယှဉ်ပြိုင်နိုင်စွမ်းပြည့်ဝသော လုပ်သားထုဘဝမြင့်တင်ရေး' ဟူသော ဆောင်ပုဒ်ကို ချမှတ်ခဲ့သည်။

ဆောင်ပုဒ်ကို ချမှတ်ပြီးနောက် ၂၀၁၅ အာဆီယံအသိုက်အဝန်းကို ဦးတည်လျက်ယှဉ်ပြိုင်နိုင် စွမ်းပြည့် ဝသော အာဆီယံလုပ်သားအင်အားထုကို တည်ဆောက်ရာတွင် အလုပ်အကိုင်ဈေးကွက်သတင်းအချက်အလက်၊ လုပ်ငန်းနှင့် ကျွမ်းကျင်မှု မကိုက်ညီမှု၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ တစ်သက်တာ လေ့လာသင်ယူမှု၊ ကျွမ်းကျင်မှု အသိအမှတ်ပြုခြင်းနှင့် နိုင်ငံအဆင့် အရည်အသွေး သတ်မှတ်ချက်များ အပြင် အားထားလောက်သော လုပ်ငန်းခွင်ဆက်ဆံရေး တိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များသည် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် သက်ဆိုင်လျက်ရှိသဖြင့် စည်းလုံးစွာအားထုတ်မှု၊ အနီးကပ်ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဖြေရှင်းရန် လိုအပ်မည်ဖြစ်ကြောင်း အစည်းအဝေးသို့တက်ရောက်လာသော အာဆီယံနိုင်ငံများ၏ အလုပ်သမားဝန်ကြီးများက အမြင်များဖလှယ်ခြင်းနှင့် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။ ■



၂၂-၅-၂၀၁၄ (ကြာသပတေးနေ့) တွင် ကျင်းပပြီးစီးခဲ့သော **မန္တလေး သရဖူ ဘီစကစ်** ၏

**ရှင်ပြု၊ နားသ အလှူတော် မင်္ဂလာ** ပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဌာနဆိုင်ရာမှ လူကြီးမင်းများ၊ ဂုဏ်သရေရှိ ဧည့်ပရိသတ်များ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**မန္တလေး သရဖူ ဘီစကစ် မိသားစု**





ကွန်ပျူတာပြပွဲကြီးအတွက် ကြိုတင်အရောင်းမြှင့်တင်သည့်ပွဲကို မေလ ၂၆ ရက်နေ့က ထိုင်ဝမ်၊ တိုင်ပေတွင် ကျင်းပခဲ့ရာ ရေကူးဝတ်စုံများဖြင့် မော်ဒယ်များက နောက်ဆုံးပေါ်အိုင်တီပစ္စည်းများကို ပြသနေကြစဉ်။ အာရှတိုက်၏ အကြီးဆုံးသော အိုင်တီပြပွဲကြီးဖြစ်သည့် တိုင်ပေကွန်ပျူတာပြပွဲကို ဇွန်လတွင် ဖွင့်လှစ်မည်ဖြစ်မည်။ ဓာတ်ပုံ - အေအက်ဖ်ပီ

## သတင်းတို

### နိုကီယာက နည်းပညာကူညီရန်ဆန္ဒရှိ

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးလာရေးလုပ်ဆောင်ရာတွင် နိုကီယာဆီးမင်းနက်ဝေ့(NSN) ကုမ္ပဏီအနေဖြင့် မည်သည့် အော်ပရေတာကိုမဆို နည်းပညာများထောက်ပံ့ပေးရန်ဆန္ဒရှိကြောင်း ကုမ္ပဏီ၏ မြန်မာနိုင်ငံ Country Head ဖြစ်သူ Mr.Raman Kavundar Vattumalai က ယခုလ ၁၉ ရက်နေ့က ပြောသည်။ ဆက်သွယ်ရေး လိုင်စင်ရရှိထားသော အော်ရီဒူးမြန်မာသည် 3G ကွန်ရက်စနစ်ဖော်ဆောင်ရာတွင် ရေဒီယိုအခြေခံအဆောက်အအုံများ ဆောင်ရွက်ရန်အတွက် NSN ကို မကြာသေးမီက ရွေးချယ်ထားသည်။ ''ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အော်ရီဒူးမှ မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာရှိသမျှ အော်ပရေတာအားလုံးကို နည်းပညာတွေ ထောက်ပံ့ပေးချင်ပါတယ်'' ဟု Mr.Raman Kavundar Vattumalai က ပြောသည်။ မြန်မာအစိုးရ ရည်မှန်းထားသည့်အတိုင်း ၂၀၁၅၊၂၀၁၆ ခုနှစ်တွင် တိုင်းပြည်၏လူဦးရေ၏ ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု အသုံးပြုနိုင်ရန်အတွက် ၎င်းတို့အနေနှင့် ကူညီပံ့ပိုးမှုများပြုလုပ်ပေးသွားမည်ဟု ဆိုသည်။ Nokia Solution and Networks (NSN)သည် မိုဘိုင်းဆက်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းတစ်ခုဖြစ်သည်။ မိုဘိုင်းနည်းပညာများ၏ အဦးဆုံးဆောင်ရွက်သူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး ဂျီအက်ဆမ်ဖုန်းများနှင့် LTE ဖုန်းများ စတင်ဆောင်ရွက်စဉ်ကစတင်ကာ ပါဝင်ခဲ့သည်။ **အောင်ကျော်ညွန့်**

# မိုက်ခရိုဆော့ဖ်ရဲ့ ဘက်စုံသုံးဆားဖေ့စ်တက်ဘလက်ကွန်ပျူတာ

**မိုက်ခရိုဆော့ဖ်ဟာ** လက်ပ်တော့ပ် အစားထိုးအသုံးပြုဖို့ အသုံးတွင်တဲ့ ဘက်စုံသုံးကွန်ပျူတာတစ်ခုအဖြစ် ထုတ်လုပ်ထားတဲ့ Surface Pro ဆိုတဲ့ တက်ဘလက်အသစ်တစ်မျိုးကို မေလ ၂၀ ရက်နေ့မှာ ပွဲထုတ်ပြသခဲ့ပါတယ်။

Surface Pro 3 ဆိုတဲ့ တက်ဘလက်အသစ်တစ်မျိုးဟာ အရင်ပစ္စည်းတွေထက် ပိုပါး၊ ပိုကြီးပြီး ပိုကောင်းတယ်လို့ အမွှမ်းတင်ထားပါတယ်။ ဒီတက်ဘလက်ဟာ အလုပ်လည်းလုပ်၊ ဂိမ်းလည်းကစားချင်တဲ့သူတွေအတွက် အသေအချာစီစဉ်ထုတ်လုပ်ထားတာလို့လည်း ညွှန်းထားပါတယ်။

"လူတွေစိတ်ကူးယဉ်ထားတဲ့အရာတွေ အမှန်တကယ်ဖြစ်လာစေတဲ့ ထုတ်ကုန်နဲ့ နည်းပညာမျိုးတွေကို ကျွန်တော်တို့ လိုချင်တာပါ" လို့ မိုက်ခရိုဆော့ဖ် အမှုဆောင်အရာရှိSatya Nadellau နယူးယော့ခ်မှာ ပြုလုပ်တဲ့ စာနယ်ဇင်းရှင်းလင်းပွဲတစ်ရပ်မှာ ပြောကြားခဲ့ပါတယ်။

ပရိုသရီးရဲ့ ၁၂လက်မ စကရင်ဟာ ရုပ်ထွက်ကောင်းသလို အလေးချိန်ကလည်း ၂၈ ပေါင် (၈၀၀ ဂရမ်) ရှိပြီး အထူကလည်း တစ်လက်မရဲ့ သုံးပုံတစ်ပုံကျော်( သုည ဒသမ ၉ စင်တီမီတာ) ပဲ ရှိပါတယ်။

ဒီတက်ဘလက်မှာ ဆားဖေ့စ်စာတန်းပါကီးဘုတ်ကာဗာပါတဲ့အပြင် သုံးစွဲသူတွေစိတ်တိုင်းကျ စောင်းပြီးထားလို့ရသလို ပေါင်ပေါ်မှာတင်ရင်း အသုံးပြုတဲ့အခါ မလှုပ်အောင်ထိန်းထားလို့ရအောင်လည်း စီစဉ်ထုတ်လုပ်ပေးထားပါတယ်။

ဒ့ါပြင် အဝေးကနေ ကလစ်နှိပ်ပြီး ဖွင့်လို့ရသလို စကရင်ကို စာရေးစက္ကူလို သဘောထားပြီး ရေးလို့ရတဲ့ ကလောင်တံတစ်ချောင်းလည်း ပါပါတယ်။

"ဆားဖေ့စ်ပရို၃အတွက် ကျွန်တော်တို့ အရမ်းကို ဂုဏ်ယူမိပါတယ်။ ဒါက လက်ပ်တော့ပ်ကို အစားထိုးနိုင်တဲ့ တက်ဘလက်တစ်ခုဖြစ်တယ်ဆိုတာ သေချာပါတယ်" လို့ မိုက်ခရိုဆော့ဖ်ဝဲဒုတိယဥက္ကဋ္ဌ Panos Panayu က ပြပွဲမှာ တက်ဘလက်အကြောင်း မိတ်ဆက်ပေးရင်းနဲ့ ပြောကြားခဲ့ပါတယ်။

ဆားဖေ့စ်ပရို၃ကို ၇၉၉ ဒေါ်လာနဲ့ မေလ ၂၁ ရက်နေ့ကစပြီး စတင်အော်ဒါမှာလို့ရပါပြီ။

တက်ဘလက်စစ်ပွဲအတွင်းမှာ မိုက်ခရိုဆော့ဖ်ရဲ့ နောက်ဆုံးပေါ် အကောင်းဆုံးဗားရှင်းဖြစ်တဲ့ ဒီတက်ဘလက်မှာ Intel Core i5 chip ကို အသုံးပြုထားပြီး အမေရိကန်မြောက်ပိုင်းဈေးကွက်ထဲမှာ ဇွန်လ ၂၀ရက်နေ့ကစပြီး ဝယ်ယူရရှိနိုင်တော့မှာပါ။

Intel Core i7 chip ukd အသုံးပြုထားတဲ့ တန်ဖိုးကြီး အဆင်မြင့်ပစ္စည်း ပရိုသရီးအပါအဝင် နောက်ထပ်မော်ဒယ်တွေကိုလည်း အမေရိကန်နိုင်ငံနဲ့ ပြင်သစ်၊ တရုတ်၊ ဩစတြေးလျနဲ့ ဂျာမနီအပါအဝင်တခြားနိုင်ငံ ၂၆နိုင်ငံမှာ ဩဂုတ်လကုန်ပိုင်းလောက်ကစပြီး ဝယ်ယူနိုင်မယ်လို့ မိုက်ခရိုဆော့ဖ်ရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

မိုက်ခရိုဆော့ဖ်ဟာ ပရိုသရီးကို ထုတ်လုပ်ခဲ့ရာမှာ ဆန်းသစ်တီထွင်မှုတွေ ပြုလုပ်ခဲ့ပြီး ဘယ်သူမှ ထင်မထားတာကိုလည်း ပြုလုပ်ခဲ့ပါတယ်။ တခြားပြိုင်ဘက်တွေက ပိုသေးတဲ့ အိတ်ကပ်အရွယ်ပစ္စည်းတွေ ထုတ်လုပ်နေတဲ့ အချိန်မှာ မိုက်ခရိုဆော့ဖ်က စကရင်ပိုကြီးတဲ့ တက်ဘလက်ကို အမွှမ်းတင်ထုတ်လုပ်နေတယ်လို့ ဈေးကွက်သုတေသနဌာန Gartner က သုတေသီ မိုက်ခ်ဆစ်လ်ဗား (Mike Silver) က ပြောပါတယ်။

ပရိုသရီးရဲ့ နည်းပညာတွေနဲ့ ပတ်သက်ပြီး လူတော်တော်များများက အရေးစိုက် စဉ်းစားပြီး ပြောဆိုနေကြပါတယ်။ ဒါပေမဲ့ မိုက်ခရိုဆော့ဖ်အတွက် စိန်ခေါ်မှုကတော့ ဒီသတင်းကို သာမာန်သုံးစွဲသူတွေဆီ ရောက်ရှိစေဖို့ပါပဲ။

"ဒီပစ္စည်းမှာ သုံးစွဲသူတွေအတွက် အံဝင်ခွင်ကျဖြစ်တဲ့ အချက်တွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ ဒါကို သူတို့တွေသိအောင်လုပ်ဖို့ လိုပါတယ်" လို့ ဆစ်လ်ဗားက ပစ္စည်းသစ်မိတ်ဆက်ပွဲမှာ ပြောကြားခဲ့ပါတယ်။

"မြင်ရတဲ့အတိုင်း အရာအားလုံး အလုပ်ကောင်းကောင်းလုပ်နေတယ်ဆိုတာကို သိကြရင် လူပေါင်းများစွာက နုတ်ဘွတ်ခ်ကွန်ပျူတာတစ်ခုကို အစားထိုးနိုင်တဲ့ ပစ္စည်းတစ်ခုဆီ ခင်ဗျားတို့လည်း ချက်ချင်းရောက်သွားမှာပါ" လို့ သူက ပြောပါတယ်။

ပရိုသရီးဟာ လက်တော့ပ်ကို အိမ်မှာထားခဲ့ပြီး သွားလေရာ တက်ဘလက်တစ်လုံးသယ်သွားချင်သူတွေ အကြိုက်တွေ့မယ့် အလားအလာရှိပါတယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

လက်တော့ပ်အသုံးပြုသူ ၉၅ ရာခိုင်နှုန်းကျော်မှာ တက်ဘလက်ကွန်ပျူတာတွေလည်း ရှိတယ်ဆိုတဲ့ သုတေသနပြုချက်ကို Panay က ကိုးကားပြီး ပြောပါတယ်။

ဆော့ဖ်ဝဲအင်ပါယာကို ကွန်ပျူတာဟာ့ဒ်ဝဲ ထုတ်လုပ်သူတွေနဲ့ ပူးပေါင်းခဲ့တဲ့ မိုက်ခရိုဆော့ဖ် ဟာ လက်ပ်တော့ပ်နဲ့ တက်ဘလက်ကို ပေါင်းစပ်ချင်တာပါ။ ပြိုင်ဘက်တွေနဲ့ ယှဉ်ပြိုင်ချင်တာမဟုတ်ဘူးလို့ Nadella က အလေးထားပြောကြားခဲ့ပါတယ်။

"ကျွန်တော်တို့ စိတ်ဝင်စားတာက ပစ္စည်းအမည်အသစ်တွေ ဖန်တီးထုတ်လုပ်ချင်တာပါ။ ကုန်ထုတ်နိုင်မှု အတွေ့အကြုံတွေကို ကျွန်တော်တို့ လိုချင်တာပါ" လို့ သူက ပြောပါတယ်။

လူတွေ ဘယ်လိုနည်းပညာပစ္စည်းမျိုးကိုပဲ သုံးသုံး သူ့ကုမ္ပဏီကိုတော့ ပရိုဂရမ်တွေနဲ့ ဝန်ဆောင်မှုတွေပေးရာ ကုမ္ပဏီကြီးတစ်ခုဖြစ်လာစေဖို့ Nedella က စီစဉ်နေပါတယ်။

Nedella ဟာ စတိဗ်ဘောလ်မားနေရာမှာ ဖေဖော်ဝါရီလကစပြီး မိုက်ခရိုဆော့ဖ်ရဲ့ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူထားတာပါ။ တစ်ကိုယ်ရည်သုံးကွန်ပျူတာတွေသုံးစွဲနေရာကနေ မိုဘိုင်းပစ္စည်းတွေကို အလျင်အမြန်ပြောင်းလဲသုံးစွဲလာကြတဲ့ကမ္ဘာကြီးမှာ ပါဝင်နေတဲ့ ကုမ္ပဏီတစ်ခု ဆက်လက်ရပ်တည်နိုင်စေမယ့် သူ့ရဲ့ အစီအစဉ်တွေကို ဈေးကွက်က သိချင်စိတ် ပြင်းပြနေပါတယ်။

**(အေအက်ဖ်ပီ)**

**သီရိမင်းထွန်း ဘာသာပြန်သည်။**

Norton by Symantec
Authorised Distributor: KMD

ကွန်ပျူတာနှင့်မိုဘိုင်းပစ္စည်းဈေးနှုန်း (၂၀၁၄ ခုနှစ် – မေလ – (၂၆) ရက်နေ့ပေါက်ဈေး)

| ကွန်ပျူတာ | ဈေးနှုန်း |
| --- | --- |
| KMD Basic Model<br>• Intel Dual Core G3220(3.0GHz) | ၂၃၀,၀၀၀ကျပ် |
| KMD Classic Model<br>• Intel Core i-3 3.4GHz (3240) | ၂၉၀,၀၀၀ကျပ် |
| NEC Type MB Desktop<br>• Core-i5(4570),4GB, 500GB, 18.5" LCD, DVD-R | ၆၄၇,၀၀၀ကျပ် |

| နုတ်ဘုတ်(ခ်) | |
| --- | --- |
| Dell Vostro 5470<br>• Core i5-4200U, 4GB, 500GB, 2GB(G), Win 8 | ၇၂၃,၀၀၀ကျပ် |
| Lenovo FLEX 15"<br>• 4th Gen i7, 4GB, 500GB, 2GB Graphic | ၈၃၀,၀၀၀ကျပ် |
| Lenovo G400s Pentium<br>• 2GB, 500GB, 14" LED, Intel HD | ၃၈၅,၀၀၀ကျပ် |

| မိုဘိုင်း | |
| --- | --- |
| Huawei G730 (White) | ၁၂၃,၀၀၀ ကျပ် |
| Lenovo K900 smartphone | ၃၇၂,၀၀၀ ကျပ် |
| Samsung Note 3 | ၆၀၉,၀၀၀ ကျပ် |
| HTC One Max | ၆၃၀,၀၀၀ ကျပ် |
| HTC Desire 310 | ၁၄၅,၀၀၀ ကျပ် |
| Lenovo Yoga Tablet 8" | ၂၅၅,၀၀၀ ကျပ် |
| Samsung Tab 3 (8.0) | ၃၄၇,၀၀၀ ကျပ် |

| Apple | One Year Warranty (International) |
| --- | --- |
| iPad 4 (4G) 16GB | ၄၅၀,၀၀၀ ကျပ် |
| iPad 4 (4G) 32GB | ၅၃၀,၀၀၀ ကျပ် |
| iPad Air (4G) 16GB | ၆၉၉,၀၀၀ ကျပ် |
| iPod Touch (5TH) 32GB | ၃၀၉,၀၀၀ကျပ် |
| MacBook Pro i5 (15", Intel Core i7,8GB, 256GB SSD) | ၂,၁၁၉,၀၀၀ ကျပ် |

# မြန်မာနိုင်ငံတွင် အဆင့်အမြင့်ဆုံး ကွန်ရက်ဖြစ်လာမည်ဟု အော်ရီဒူးက ပြောကြား

အောင်ကျော်ညွန့်

**အော်ရီဒူးမြန်မာက** တည်ဆောက်နေသည့် 3G ဆက်သွယ်ရေးစနစ်သည် မြန်မာပြည်အတွင်းတွင် အဆင့်အမြင့်ဆုံးကွန်ရက်ဖြစ်လာမည်ဖြစ်ပြီး ဆက်သွယ်ရေး တာဝါတိုင်တစ်ခုတွင် သုံးစွဲသူပေါင်းများစွာကို ဝန်ဆောင်မှုပေးနိုင်မည့် မြန်နှုန်းမြင့် အင်အားရှိမည်ဖြစ်ကြောင်း အော်ရီဒူးမြန်မာက ပြောကြားသည်။

"3G ကွန်ရက်က အသံကြည်လင်စွာ ကြားရမယ်။ စာတိုပို့ရင်လည်း လွယ်ကူချောမွေ့မယ်။ အားလုံးမှာ အရည်အသွေးမြင့်အင်တာနက်ကိုလည်းရရှိနိုင်မှာ ဖြစ်ပါတယ်" ဟု အော်ရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ်မစ္စတာရော့စ်ကောမစ်က ပြောသည်။

၎င်းတို့အနေဖြင့် ဆက်သွယ်ရေးကွန်ရက်များ ဖြန့်ကြက်တည်ဆောက်ရာတွင် အခက်အခဲများရှိသည့်ကြားထဲမှ ယခုနှစ်တတိယသုံးလပတ်အချိန်တွင် ဝန်ဆောင်မှုများ စတင်ပေးအပ်သွားနိုင်ရေးသည် လမ်းကြောင်းမှန်ပေါ်တွင် ရှိနေကြောင်း ၎င်းက ပြောသည်။

လက်ရှိတွင် တာဝါတိုင် ၄၀၀ ကျော်ဆောက်လုပ်ဆဲဖြစ်ပြီး ၁၀၀ ကျော်ပြီးစီးသွားပြီဖြစ်သည်။ တာဝါတိုင်များသည် ၁၀ မီတာပတ်လည်ရှိပြီး အမြင့်မှာ မီတာ ၃၀ မှ မီတာ ၈၀ အထိရှိပြီး ကျေးလက်ဒေသများတွင် အမြင့်မီတာ ၆၀ ရှိသည်။

"ကျွန်တော်တို့ ဆင်းကတ်တွေ စတင်ရောင်းချတဲ့ အချိန်မှာ တာဝါတိုင်ပေါင်း ၄၀၀ နဲ့ စတင်လုပ်ဆောင်သွားမှာပါ" ဟု ရော့စ်ကောမစ်ကပြောသည်။

"လာမည့် နှစ်ပတ်သုံးပတ်မှာလည်း နေပြည်တော်မှာရှိတဲ့ ဒေတာစင်တာက အသင့်ဖြစ်တော့မှာပါ။ ကွန်တိန်နာထဲမှာရှိတဲ့ စက်ပစ္စည်းလည်း အလုပ်လုပ်နေပါပြီ။ တာဝါတိုင်တွေလည်း ဆောက်နေပါပြီ။ နောက်နှစ်ပတ်သုံးပတ်နေရင် အားလုံးအဆင့်သင့်ဖြစ်တော့မှာပါ။ လက်ရှိမှာလည်း တာဝါတိုင်များ တစ်ခုနှင့် တစ်ခုချိတ်ဆက်နိုင်ရန် ဖိုင်ဘာလိုင်းပေါင်း ၁,၂၀၀ ကျော် ချထားပြီးဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တွင်လည်း ဒေတာစင်တာများကို ဆောက်လုပ်ပြီးစီးပြီဖြစ်ကာ စမ်းသပ်ခေါ်ဆိုမှုများလည်းဆောင်ရွက်ပြီး ဖြစ်သည်။

အော်ရီဒူးမြန်မာအနေဖြင့် သုံးစွဲသူတွေ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်ပေးသွားမည်ဖြစ်သည်ဟု ဆိုသည်။

ထို့အတူ အိုင်စီတီကဏ္ဍ ဆန်းသစ်တီထွင်မှုများကို အားမြှင့်ပြုလုပ်နိုင်ရန်အတွက် အော်ရီဒူးမြန်မာနှင့် MIT Media Lab တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အော်ရီဒူးမြန်မာက မေလ ၂၁ ရက်နေ့တွင် သတင်းထုတ်ပြန်ထားသည်။

"MIT Media Lab နဲ့ အခုလိုပူးပေါင်းဆောင်ရွက်လိုက်တာကြောင့် ကမ္ဘာ့ထိပ်တန်းအဖွဲ့အစည်းတစ်ခုရဲ့ ဆန်းသစ်တီထွင်မှုတွေကို အသုံးချပြီး ကျွန်တော်တို့ရဲ့ သုံးစွဲသူတွေအတွက် ထူးခြားဆန်းသစ်တဲ့ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေကို ပေးအပ်နိုင်မှာဖြစ်ပါတယ်" ဟု ရော့စ်ကောမစ်က ပြောသည်။

MIT Media Lab တွင် လက်ရှိအဖွဲ့ဝင် ၇၀ ကျော်ရှိပြီး လျှပ်စစ်ပစ္စည်း၊ ဖျော်ဖြေရေး၊ ကျန်းမာရေးနှင့် ဆက်သွယ်ရေးအစရှိသော နယ်ပယ်ပေါင်းစုံမှ ဖြစ်ကြကာ သုတေသနအဖွဲ့ပေါင်း ၂၅ ခုတွင် ပင်မအဖွဲ့ဝင်၊ သုတေသနဝန်ထမ်းနှင့် ကျောင်းသားကျောင်းသူများ ပါဝင်ကြသည်။ ၎င်းတို့သည် Digital Interface၊ ရုပ်လုံးဖော်တီဗီ၊ စက်ရုပ်ပိုင်းဆိုင်ရာ FE-MTO ဓာတ်ပုံနည်းပညာနှင့် မြို့ပြပို့ဆောင်ရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုများစသည့် ပရောဂျက် ३၅၀ ကျော်တွင် လေ့လာလုပ်ဆောင်နေကြသည်။

အော်ရီဒူးမြန်မာတွင် မြန်မာနိုင်ငံသားဝန်ထမ်းပေါင်း ၆၀၀ ကျော်ရှိပြီး ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးမှုများပေးနေသလို ဝန်ထမ်းခန့်အပ်ခြင်းများအား ဆက်လက်လုပ်ဆောင်သွားမည်ဟု ဆိုသည်။ ■



**အော်ရီဒူးသတင်းစာရှင်းလင်းပွဲတွင် တွေ့ရသည့် မော်ဒယ်တစ်ဦး။** ဓာတ်ပုံ - သီရိလူ

# မိုဘိုင်းအော်ပရေတာသစ်များ၏ ဖုန်းဆင်းကတ်များဝယ်ယူနိုင်ရန် ကြိုတင်မှတ်ပုံတင်ရန် မလို

**မြန်မာနိုင်ငံတွင်** ဆက်သွယ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသော အော်ပရေတာများဖြစ်ကြသည့် နော်ဝေးအခြေစိုက် တယ်လီနောကုမ္ပဏီနှင့် ကာတာအခြေစိုက် အော်ရီဒူးကုမ္ပဏီတို့က ၎င်းတို့ဆင်းကတ်များ စတင်ရောင်းချချိန်မတိုင်မီ ကြိုတင်မှတ်ပုံတင်မှာယူခြင်းများ လုပ်ဆောင်ရန်မလိုကြောင်း အဆိုပါကုမ္ပဏီများ၏ အမှုဆောင်အရာရှိချုပ်များက ပြောသည်။

"အခုလက်ရှိအပြင်မှာ ဖောင်တွေဖြည့်နေရတာက ကျွန်တော်တို့ရဲ့ စီးပွားရေးဈေးကွက်ကို နားလည်အောင် စစ်တမ်းကောက်နေတာပါ။ ဆင်းကတ်တွေဝယ်ဖို့ ကြိုတင်မှတ်ပုံတင်ထားရတာမဟုတ်ပါဘူး။ အခုလက်ရှိ ဖောင်ဖြည့်တဲ့သူဦးရေ ၅,၀၀၀ ဝန်းကျင်လောက်ရှိပါပြီ" ဟု အော်ရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ် မစ္စတာ ရော့စ်ကောမက်က ပြောသည်။

စစ်တမ်းကောက်ခံရာတွင်လည်း ကျား၊ မ ကောက်ခံရခြင်းသည် မည်သို့သောသူသည် မည်သို့သော ဖုန်းအမျိုးအစားများကို ကြိုက်နှစ်သက်သလဲဆိုသည်ကို သိရှိစေရန် ကောက်ခံခြင်းဖြစ်သည်ဟု ဆိုသည်။

"ဖောင်မှာ ကျား၊ မ ရွေးပေးရခြင်းက ကျောင်းသား၊ ကျောင်းသူ၊ အိမ်ရှင်မတွေ၊ တောင်သူဦးကြီးတွေ၊ ကျောင်းဆရာမတွေ ဘယ်လိုဖုန်းအမျိုးအစားကိုကြိုက်လဲ သုံးနိုင်လဲဆိုတာကို စစ်တမ်းကောက်တာပါ။ ဝန်ဆောင်မှုတွေမစတင်ခင် လူတွေကြိုက်တဲ့ ဘယ်လိုနည်းလမ်းနဲ့ ဝန်ဆောင်မှုပေးရမယ်ဆိုတာကို ဦးတည်လေ့လာနေတုန်းဖြစ်တဲ့အတွက် ကောက်ခံရခြင်းဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

တယ်လီနောမြန်မာကုမ္ပဏီကလည်း ဆင်းကတ်များကို ရောင်းချရာတွင် ဆင်းကတ်များ၏ တန်ဖိုးကိုပေးကာ လွယ်ကူစွာဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် မစ္စတာ ပီတာပီတာဖားဘာ့ဂ်က ပြောသည်။

"ကျွန်တော်တို့ ဖောင်တွေဖြည့်ရတုန်းက ဆင်းကတ်တွေ ရောင်းပေးတဲ့အချိန်ကျရင် ဖောင်ဖြည့်ထားတဲ့သူက ဦးဆုံးဆင်းကတ်တွေကိုဝယ်နိုင်မယ်။ စာရင်းပေးတဲ့သူက အရင်ဆင်းကတ်တွေရမယ်။ တိုးပြီးဝယ်စရာမလိုဘူးပေါ့လို့ကြားတော့ ကျွန်တော်တို့ အော်ရီဒူးဖောင်ကိုသွားဖြည့်လိုက်တယ်။ တချို့ဆိုင်ကျတော့လည်း ဆာဗေးဆင်းနေတယ်လို့ပြောပါတယ်" ဟု အော်ရီဒူးစစ်တမ်းဖောင်ဖြည့်ခဲ့သူ ဦးကျော်ဝင်းက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဖုန်းများ ဝယ်ယူရာတွင်မူ သုံးစွဲမည့်သူ၏ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့် ဓာတ်ပုံနှစ်ပုံပေးရန် လိုအပ်သည်။ **အောင်ကျော်ညွန့်**



THE MYANMAR TIMES စီးပွားရေး
# Business Times
■ နိုင်ငံတကာ ■ ပြည်တွင်း
သောကြာနေ့၊ မေ ၃၀ - ဇွန် ၅၊ ၂၀၁၄

# ဘဏ်ငွေလွှဲစနစ် ပြည်ပရောက်မြန်မာများနှင့် နီးစပ်လာနိုင်မလား

အေးသီတာကျော်

**လွန်ခဲ့သောနှစ်နှစ်ကျော်မှစတင်ခါ** ပြည်တွင်းဘဏ်များက နိုင်ငံတကာဝန်ဆောင်မှုများနှင့် ချိတ်ဆက်ကာ ပြည်ပနိုင်ငံများတွင်နေထိုင်ကာ အလုပ်လုပ်ကိုင်လျက်ရှိ ကြသော မြန်မာနိုင်ငံသားများအတွက် ငွေလွှဲငွေပို့ဝန်ဆောင်မှုကို စတင်နိုင်ခဲ့သော်လည်း နှစ်ပေါင်းများစွာသုံးစွဲလာသည့် မျက်နှာသိမှုတစ်ဆင့် ငွေလွှဲသည့် ဟွန်ဒီ လုပ်ငန်းမှာ ကောင်းစွာလည်ပတ်နေဆဲဖြစ်သည်။

မေလအတွင်းကပြုလုပ်သော အလုပ်သမားဆိုင်ရာအစည်းအဝေးတစ်ခုတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘဏ်များ၏ ငွေလွှဲပို့သည့်ဝန်ဆောင်မှု မြှင့်တင်ရန် အစီအစဉ်ရှိကြောင်း မီဒီယာသို့ကြေညာလိုက်သည်။ ယင်းမှာ ပြည်ပရောက်မြန်မာများ ၎င်းတို့၏ မိသားစုများထံ ငွေလွှဲငွေပို့ခြင်းကို ဖုန်းဖြင့်တစ်ဆင့် အချိတ်မိမိဆောင် ရွက်နိုင်မည့်အစီအစဉ်ဖြစ်ပြီး ဗဟိုဘဏ်၏ဦးဆောင်မှုဖြင့် ယခုနှစ်အတွင်းအကောင်အထည်ဖော်ရန် ရည်မှန်းထားခြင်းဖြစ်သည်။

အဆိုပါ mobile money စနစ်ဆောင်ရွက်မှုကို အင်းဝဘဏ်နှင့် မြဝတီဘဏ်တို့က လုပ်ဆောင်နေသည်။ အင်းဝဘဏ်တစ်ခုတည်းပင်လျှင် ကိုယ်စားလှယ်ပေါင်း ၃၀၀ ကျော်နှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲများ၊ အဆိုပါကွန်ရက်တွင်းချိတ်ဆက်လာသော အခြားပြည်တွင်းဘဏ်ခွဲများပေါင်းလိုက်လျှင် ငွေလွှဲနိုင်မည့်ရင်းမြစ်ပေါင်း ၆၀၀ ကျော်ရှိလာမည်ဖြစ်ကြောင်း ဗဟိုဘဏ် တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒါပေမဲ့ ပြည်တွင်းဘဏ်တွေဘက်က ၅၀ ရာခိုင်နှုန်းပဲ ဆောင်ရွက်နိုင်သေးတယ်။ နိုင်ငံခြားကနေ ငွေလွှဲလို့ရအောင် နိုင်ငံခြားဘဏ်ခြမ်းနဲ့ ချိတ်ဆက်ဖို့လိုသေးတယ်။ ထိုင်းတို့၊ စင်ကာပူတို့က ဘဏ်တွေက ကမ်းလှမ်းမှုတွေရှိနေတယ်လို့သိရတယ်"ဟု ၎င်းကပြောသည်။

မြန်မာလူမျိုးများအတွက် အလုပ်အကိုင်ကောင်းပြီး အများစုကျင်လည်ကျက်စားရာနေရာဖြစ်သော စင်ကာပူမြို့လယ်ကောင်ရှိ စီးတီးဟောလ် MRT ဘူတာမှ ၁၀ မိနစ်ခန့် လမ်းလျှောက်လျှင် ရောက်ရှိနိုင်သည့် Peninsula Plaza ရှိမြန်မာဈေးဆိုင်အများစုမှာ ဟွန်ဒီငွေလွှဲလုပ်ငန်းကို ကျယ်ပြန့်စွာ လုပ်ကိုင်လျက်ရှိကြသည်။ လစာထုတ်ပြီးနောက်တစ်ရက်တွင် အဆိုပါဆိုင်များတွင် ဌာနေရှိမိသားစုနှင့် ဆွေမျိုးများထံငွေလွှဲလိုသည့် မြန်မာများပြည့်နှက်နေသည့်မြင်ကွင်းမှာ ထိုနေရာ၏ မရိုးနိုင်သည့် ပုံရိပ်တစ်ခုပင်ဖြစ်သည်။




**နိုင်ငံတကာသို့ ငွေလွှဲ ငွေပို့မှုများကို ဆောင်ရွက်ပေးလျက်ရှိသော** Western Union **မြန်မာနိုင်ငံသို့ ပြီးခဲ့သည့်နှစ် နှစ်ဆန်းပိုင်းကဝင်ရောက်လာချိန်တွင် ပြုလုပ်သည့် မိတ်ဆက်အခမ်းအနားတွင် တာဝန်ရှိသူများကိုတွေ့ရစဉ်။** ဓာတ်ပုံ-မြန်မာတိုင်း(မ်)

များသောအားဖြင့် နိုင်ငံခြားတွင်သွားရောက်အလုပ်လုပ်ကိုင်ကြသော မြန်မာဝန်ထမ်းအများစုမှာ မြန်မာကျပ်ငွေဖြင့်တွက်ပြထားသော naungmoon ဝက်ဘ်ဆိုက်မှ ငွေလဲဈေးနှုန်းကို ကြည့်ကာ ဟွန်ဒီပေါက်ဈေးနှင့် ချိန်ကြသည်။ ဟွန်ဒီလဲနှုန်းမှာ အွန်လိုင်းပေါက်ဈေးထက် တစ်ဒေါ်လာလျှင် လေးငါးကျပ်ဈေးပိုပေးတတ်ပြီး လွှဲငွေပမာဏပေါ်မူတည်၍ လဲနှုန်းကွာဟတတ်သည်။

စင်ကာပူအပြင် အခြားမြန်မာလူမျိုးအများစုသွားရောက်လုပ်ကိုင်သော ထိုင်းနှင့် မလေးရှားတို့တွင်လည်း ဟွန်ဒီကိုသာ အများစုကအားကိုးကာ ငွေလွှဲတတ်ကြသည်။ အားသာချက်အနေဖြင့် ငွေလဲနှုန်းပေါ်တွင်သာ အမြတ်ယူကာ သီးသန့်လွှဲခမရှိခြင်း၊ ရိုးရှင်းလွယ်ကူခြင်း၊ အကန့်အသတ်မရှိလွှဲနိုင်ပြီး အိမ်တိုင်ရာရောက်ပေးပို့နိုင်ခြင်း၊ အခွန်ဆောင်စရာမလိုခြင်း၊ ဘဏ်စာရင်းဖွင့်လှစ်ရန်၊ ဘဏ်စနစ်အဆင့်ဆင့်ကို ဖြတ်သန်းရန်မလိုခြင်း စသည့် အားသာချက်များရှိကြောင်း ပြည်ပတွင်အလုပ်လုပ်ကိုင်သူအများစုက ပြောသည်။

"ဘဏ်တွေကနေ ငွေလွှဲလို့ရတာသိပေမယ့် သူငယ်ချင်းတွေအားလုံး ဟွန်ဒီကပဲငွေလွှဲကြတယ်။ ပိုပြီးအဆင်ပြေလို့ပါ။ အလုပ်မရှုပ်ဘူး။ ဟွန်ဒီကနေ ကြိုက်သလောက်ငွေကို လွှဲလို့ရတယ်။ ဘဏ်တွေကတော့ သတ်မှတ်ချက်ရှိတယ်"ဟု စင်ကာပူတွင် S Pass ဖြင့် နေထိုင်လျက်နေသော M&E Engineering တွင် အလုပ်လုပ်ကိုင်လျက်ရှိသူ ကိုသိန်းလင်းကပြောသည်။

"ဒါပေမဲ့ ကျွန်တော်မှမဟုတ်ပါဘူး။ စင်ကာပူမှာလုပ်ကိုင်နေကြသူတွေဟာ ဘဏ်ကနေ ငွေလွှဲချင်ကြတာပါ။ ခက်တာက မြန်မာဘက်က ငွေထုတ်တဲ့နေရာမှာ အခက်အခဲရှိ နေသေးတယ်။ သတင်းတွေကလည်း အဆင်မပြေတဲ့ သတင်းတွေပဲ ကြားနေရတော့ ဒီဘက်ကလူတွေက ဟွန်ဒီပဲသုံးကြတာ"ဟု ၎င်းက ပြောသည်။

မိမိတို့နှင့်သိကျွမ်းသူများ ဘဏ်မှငွေလွှဲရာတွင် အဆင်မပြေမှုများသာကြားသိနေရပြီး မြန်မာမိသားစုများမှာလည်း ဘဏ်များက ယင်းနှင့် ပတ်သတ်၍သတင်း တိတိကျကျမထုတ်ပြန်ခြင်း၊ နူနယ်သေးသော ပြည်တွင်းဘဏ် ဝန်ဆောင်မှုများမှာ သုံးစွဲသူများအတွက် အလေ့အထမဖြစ်ပဲ အားနဲချက်များလည်းတွေ့နေခြင်းကြောင့် ဟွန်ဒီကိုသာ သုံးစွဲနေသေးကြောင်း ၎င်းကပြောသည်။

"မြန်မာပြည်မှာ ငွေထုတ်တာအဆင်ပြေတယ်ဆိုရင် Peninsula Plaza မှာရှိတဲ့ ဟွန်ဒီတွေ ပြုတ်သွားတာကြာပြီ။ သတင်းအချက်အလက်တွေလည်း တိတိကျကျထုတ်ပြန်တာမရှိသလောက်ပါပဲ။ အကြောင်းကတော့ မြန်မာပြည်ထဲမှာ ဘဏ်ကတ်၊ ဘဏ်စာရင်းတွေအသစ်လုပ်ရ၊ သုံးစွဲရ၊ ငွေထုတ်ရတာတွေအဆင်မပြေသေးလို့ပါပဲ"ဟု ကိုသိန်းလင်းက ပြောသည်။

စင်ကာပူမှ ဟွန်ဒီဖြင့်ငွေလွှဲလျှင် အများဆုံးသုံးရက်သာကြာမြင့်ပြီး ရုံးဖွင့်ရက်များတွင် ပိုမိုမြန်ဆန်ကြောင်းလည်း ငွေလွှဲသူများက ပြောသည်။ အီလက်ထရွန်းနစ်ပစ္စည်းနှင့် ဝန်ဆောင်မှုကုမ္ပဏီတစ်ခုတွင် စာရင်းကိုင်အဖြစ် လုပ်ကိုင်နေသူ မြန်မာဝန်ထမ်း အမျိုးသမီးတစ်ဦးကမူ မိတ်ဆွေများမှတစ်ဆင့် စိတ်ချရသော နောက်ကြောင်းရှင်းသည့် ဟွန်ဒီဆိုင်ကိုသာ ရွေးချယ်ငွေလဲသင့်ကြောင်းနှင့် ဘဏ်သို့မည်သူမှ အချိန်ကုန်ခံမသွားကြကြောင်း ပြောသည်။

"အိမ်နားက နေ့တိုင်းဖွင့်တဲ့ မြန်မာဆိုင်မှာလွှဲတာ။ သူကတစ်ဆင့် Peninsula ကိုပြန်လွှဲပြီး အိမ်က ကမ္ဘောဇဘဏ်မှာ သွားထုတ်တယ်"ဟု ၎င်းကပြောသည်။ ဟွန်ဒီငွေလွှဲရာတွင် ငွေလိမ်လည်ထွက်ပြေးမှုပေါင်းများစွာရှိသည်။ ယင်းအဖြစ်အပျက်များအနက် ၂၀၁၁ နှောင်းပိုင်းက အဖြစ်အပျက်မှာ ငွေလွှဲသူနှင့် ၎င်း၏ ဟွန်ဒီကွန်ရက်အကြား ကြီးစွာဂယက်ရိုက်ခဲ့သည်။ Peninsula ဈေးဝယ်စင်တာရှိ ရွှေရတနာအမည်ရှိ ဆိုင်တစ်ဆိုင်သည် အခြားဆိုင်များထက် ငွေလဲနှုန်းကိုတစ်ဒေါ်လာ လေးကျပ်မှ ငါးကျပ်အထိပိုပေးကာ ငွေလွှဲသူအများစုဖြစ်သည့် စီးပွားရေးလုပ်ကိုင်နေသည့် မြန်မာများနှင့် မြန်မာဝန်ထမ်းများထံမှ ငွေပမာဏများစွာ စုဆောင်းခဲ့ပြီး စင်ကာပူဒေါ်လာသန်း ၆၀ ကျော်ကို လိမ်လည်ခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စပေါ်ပေါက်ပြီးနောက်ပိုင်း ဗဟိုဘဏ်ခွင့်ပြုချက်ဖြင့် ပြည်တွင်းဘဏ်များက နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုများ ချိတ်ဆက်ကာ ဝန်ဆောင်မှုစတင်ခဲ့သည်။ ပြည်တွင်းဘဏ် ၁၃ ခုမှာ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် ဒူဘိုင်းတို့မှ

စာမျက်နှာ ၂၅ သို့



စာမျက်နှာ ၂၄ မှ

K-Bank၊ I-ME၊ 2C2P၊ Western Union၊ Xpress Money၊ CI-MB၊ May Bank၊ Sing-post၊ Moneygram နှင့် Trans Fast စသော ဘဏ်ငွေလွှဲဝန်ဆောင်မှုများနှင့် ချိတ်ဆက်ထားသည်။ အဆိုပါဝန်ဆောင်မှုများတွင် ငွေလွှဲခမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းနှင့်အထက် ပေးချေသည်။

ထိုသို့စွန့်စားရမှုများရှိသော်လည်း အများပြည်သူနှင့်လက်လှမ်းမီသည့် နှစ် ၅၀ ကျော်ကြာရင့်သန်လာခဲ့သော အိမ်တိုင်ရာရောက် ငွေလွှဲသည့် ဟွန်ဒီစနစ်ကိုမူ မယှဉ်ပြိုင်နိုင်သေးကြောင်း ကမ္ဘောဇဘဏ် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်လင်းထွန်းက ပြောသည်။

“ဘဏ်တွေဘက်က ပညာပေးတဲ့အပိုင်းတွေ လုပ်ဖို့လိုသေးတယ်။ စွန့်စားရမှုနည်းပြီး လုံခြုံမှုရှိတယ်ဆိုတာ ငွေပြေစာရမှာဖြစ်တဲ့အတွက် ပြောစရာမလိုပါဘူး။ ပြီးတော့ ဘဏ်စနစ်ကို ဖြတ်သန်းသွားတဲ့ငွေလွှဲဟာ လွှဲတဲ့သူအတွက် အကျိုးရှိတယ်ဆိုတာ သိဖို့လိုအပ်တယ်။ ငွေလွှဲမှတ်တမ်းတွေ ဘဏ်ထဲကိုဝင်သွားတဲ့အခါမှာ နောက်ပိုင်းဒီလူအနေနဲ့ အိမ်ဝယ်မယ်ဆိုလည်း ဘဏ်က သူ့ဝင်ငွေကိုကြည့်ပြီး အရစ်ကျစနစ်တို့၊ ငှားဝယ်စနစ်ဝန်ဆောင်မှုပေးတာတို့ကို လုပ်ပေးလို့ရတယ်”ဟု ၎င်းကပြောသည်။

ကမ္ဘောဇအပါအဝင် အခြားပြည်တွင်းဘဏ်များမှာ ဗဟိုဘဏ်သို့ အဆိုပါလုပ်ငန်းလုပ်ကိုင်ခွင့်ရအောင် လိုင်စင်လျှောက်ထားပြီး ယခုနှစ်အတွင်းရည်မှန်းကြောင်း ၎င်းကပြောသည်။

ထိုင်းနှင့် မလေးရှားနိုင်ငံရောက် မြို့ပြနှင့်အလှမ်းဝေးသောကုမ္ပဏီဝန်ထမ်းနှင့် စက်ရုံလုပ်သားများအတွက် ဘဏ်ဝန်ဆောင်မှုကို အဆိုပါနိုင်ငံများကိုယ်၌က မဖြည့်ဆည်းပေးနိုင်သေးသလို စက်ရုံ၊ အလုပ်ရုံပိုင်ရှင်များဘက်ကလည်း ဘဏ်စနစ်အသုံးပြုရန်အသိပညာပေးခြင်းမျိုး နည်းပါးမှုမှာလည်း ဟွန်ဒီကွန်ရက်ကို ပို၍အားကောင်းစေလိုကြောင်း ဗဟိုဘဏ်တာဝန်ရှိသူကပြောသည်။

“မြန်မာမိုဘိုင်းဘဏ်စနစ်က ထိုင်းနဲ့ မလေးရှားထက်ပိုခြေလှမ်းသာတယ်လို့တောင် ပြောလို့ရမယ်။ အခုဆိုရင် ပြည်တွင်းငွေလွှဲအတွက် ကျေးရွာအထိပါ လွယ်လွယ်ကူကူ ချိတ်ဆက်လို့ရနေပြီ။ နည်းပညာပိုင်းကိုတော့ နိုင်ငံခြားဆက်သွယ်ရေးကုမ္ပဏီတွေနဲ့ ပြည်တွင်းဘဏ်တွေ ပူးပေါင်းသွားရမှာပါ”ဟု ၎င်းကပြောသည်။

နိုင်ငံအရပ်ရပ်ရှိ မြန်မာများ၏ အိမ်သို့ငွေလွှဲပေးပို့မှုမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ရှစ်ဘီလျံအတွင်းရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စာရင်းပြုစု ထားသည်။ ဘဏ်များနိုင်ငံခြားငွေလွှဲဝန်ဆောင်မှုပေးချိန်မှစတင်ကာ ၅၀ ရာခိုင်နှုန်းသောငွေလွှဲများမှာ ဘဏ်များမှ တရားဝင်ငွေလွှဲမှုဖြတ်သန်းသွားကြောင်း ဗဟိုဘဏ် တာဝန်ရှိသူကပြောသည်။ သို့သော် အများစုမှာ ရုံးလုပ်ငန်းများအတွက် တရားဝင်စာရင်းမှတ်တမ်းရှိရန် ငွေလွှဲမျိုးသာဖြစ်ပြီး ဆွေမျိုးသားချင်းငွေလွှဲမှုအတွက်မှာမူ ဟွန်ဒီကိုသာ အားကိုးနေရသေးကြောင်း နိုင်ငံခြားနှင့်ငွေလွှဲ၊ ငွေထုတ်လုပ်ကိုင်လျက်ရှိသူများက ခန့်မှန်းသည်။ ■

# စတော့အိပ်ချိန်းကြီးကြပ်ရေးကော်မတီကို အမြန်ဆုံး ဖွဲ့သင့်

ဇော်ထိုက်

၂၀၁၅ ခုနှစ်၊ အောက်တိုဘာတွင် စတင်မည်ဟု တရားဝင်ကြေညာထားပြီးဖြစ်သော ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် အောင်မြင်စေရေးအတွက် လိုအပ်နေသည့် စတော့အိတ်ချိန်းကြီးကြပ်ရေးကော်မတီကို အလျင်အမြန်ဖွဲ့စည်းသင့်ပြီဖြစ်ကြောင်း Myanmar Security Exchange Center (MSEC) ၏ အုပ်ချုပ်မှုဒါရိုက်တာ မစ္စတာအီနာမီရှိဂိတိုက မြန်မာတိုင်း(မ်)ကို ပြောသည်။

ရန်ကုန် စတော့အိတ်ချိန်းဈေးကွက်တွင် စာရင်းဝင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် တရားဝင်လက်မှတ်ရေးထိုးလျှောက်ထားပြီးသည့် အများပိုင်ကုမ္ပဏီ အရေအတွက် အတန်အသင့်ရှိနေပြီဖြစ်သော်လည်း ယင်းတို့ကိုစံသတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်မည့် အဖွဲ့အစည်းမရှိသေးခြင်းသည် မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်းဈေးကွက် အကောင်အထည်ပေါ်လာစေရေးအတွက် ရင်ဆိုင်ရမည့် အကြီးမားဆုံးစိန်ခေါ်မှုများအနက် တစ်ခုဖြစ်ကြောင်း ၎င်းကပြောသည်။

“Security Exchange Law ကိုပြဋ္ဌာန်းပြီးပေမယ့် Security Exchange Commission (SEC) စတော့အိတ်ချိန်းကြီးကြပ်ရေး ကော်မတီကို မဖွဲ့စည်းနိုင်သေးတာကတော့ တကယ့်ကိုမှ အကြီးမားဆုံးစိန်ခေါ်ချက်တွေထဲက တစ်ခုပါပဲ။ ဒီတော့ စတော့ဈေးကွက်ထဲဝင်ဖို့လျှောက်လာတဲ့ ကုမ္ပဏီတွေကို စံသတ်မှတ်ချက်နဲ့ ညီ မညီ ဘယ်သူက စိစစ်ပေးမလဲ။ အမြန်ဆုံးဖွဲ့ဖို့လိုနေပါပြီ”ဟု မစ္စတာအီနာမီက မေလ ၂၄ ရက်နေ့က ကျင်းပသော မြန်မာ့လယ်ယာစီးပွား အများပိုင်ကော်ပိုရေးရှင်းက ရန်ကုန်စတော့အိတ်ချိန်းသို့ ဝင်ရောက်နိုင်ရန် ပြင်ဆင်မှုများဆောင်ရွက်ရေး သဘောတူလက်မှတ်ရေးထိုးပွဲတွင် မြန်မာတိုင်း(မ်) ၏ သီးသန့်မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်တွင် စာရင်းဝင်ရေးအတွက် လျှောက်ထားပြီးဖြစ်သည့် ကုမ္ပဏီအရေအတွက် အတန်အသင့်ရှိပြီဖြစ်သော်လည်း လာမည့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအမီ ပြင်ဆင်မှုများကိုစံနှုန်းပြည့်ဆောင်ရွက်နိုင်မည့် အများပိုင်ကုမ္ပဏီ ငါးခုခန့်ရှိနိုင်ကြောင်း မစ္စတာအီနာမီက ခန့်မှန်းသည်။

> **အများပိုင်ကုမ္ပဏီလို့ထူထောင်ခဲ့ကြပေမယ့် ဘာမှမည်မည်ရရ လုပ်တာကိုင်တာလည်း မတွေ့ရဘူး။ ပြီးတော့ ရှယ်ယာတွေထုတ်ရောင်းနေကြတယ်။ ဒီလိုမျိုး ...”**

“အများပိုင်ကုမ္ပဏီ ငါးခုလောက်တော့ လာမယ့် ၂၀၁၅ အောက်တိုဘာလအမီ ပြင်ဆင်မှုတွေပြီးနိုင်မယ်လို့ ခန့်မှန်းမိပါတယ်။ ဒါကတော့ ပထမအသုတ် ကနဦးစစချင်းကို ပြောတာပါ။ နောက်နှစ်တွေမှာတော့ တစ်နှစ်ကို ကုမ္ပဏီ ၁၀ ခု စီလောက်ဖြစ်ဖြစ် တိုးလာမှာပေါ့။ ငါးနှစ်လောက်အတွင်းတော့ ရန်ကုန်စတော့အိတ်ချိန်းမှာ စာရင်းဝင်တဲ့ ကုမ္ပဏီက အခု ၃၀ ကနေ ၄၀ လောက်ရှိလာပါလိမ့်မယ်”ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်းသို့ဝင်ရောက်ရန်လျှောက်ထားသည့် ကုမ္ပဏီများအား စိစစ်မည့်စံသတ်မှတ်ချက်များကို အပြီးသတ် မထုတ်ပြန်ရသေးသည့်အတွက် မည်သည့် ကုမ္ပဏီများ စာရင်းဝင်လာလိမ့်မည်ဟု ပြောကြားနိုင်ခြင်းမရှိသေးကြောင်း ၎င်းက ပြောသည်။

၎င်းအပြင် ပြီးခဲ့သည့်ဒီဇင်ဘာကလျှောက်ထားသည့် AGD ဘဏ်နှင့် မေလ ၂၄ ရက်နေ့က လျှောက်ထားသည့် MAPCO တို့သည် အလားအလာကောင်းသော ကုမ္ပဏီများဖြစ်လာနိုင်ကြောင်းလည်း မစ္စတာအီနာမီက သုံးသပ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိအစိုးရသစ် စတင်အာဏာရယူစကာလအထိ အများပိုင်ကုမ္ပဏီ ခုနစ်ခုသာရှိခဲ့ရာမှ လက်ရှိအချိန်တွင် အများပိုင်ကုမ္ပဏီအရေအတွက် ၁၀၀ ကျော်အထိ တိုးပွားလာပြီဖြစ်သော်လည်း အများပိုင်ကုမ္ပဏီများ၏လုပ်ထုံးလုပ်နည်းနှင့်ဆောင်ရွက်သည့် ကုမ္ပဏီ အနည်းငယ်သာရှိနေသေးကြောင်း ကျွမ်းကျင်သူများက ပြောသည်။

“အများပိုင်ကုမ္ပဏီလို့ ထူထောင်ခဲ့ကြပေမယ့် ဘာမှမည်မည်ရရ လုပ်တာကိုင်တာလည်း မတွေ့ရဘူး။ ပြီးတော့ ရှယ်ယာတွေထုတ်ရောင်းနေကြတယ်။ ဒီလိုမျိုးလက်လွတ်စပယ်လုပ်နေကြတာမျိုးကို တာဝန်ရှိသူတွေကလည်း ခွင့်မပြုသင့်ဘူး။ ပြီးတော့ စတော့အိတ်ချိန်းအတွက် အလားအလာကောင်းတယ်ဆိုတဲ့ ကုမ္ပဏီကြီးတွေတောင် ကိုယ့်ရှယ်ယာတန်ဖိုးကို ကိုယ့်ဟာကိုယ် သတ်မှတ်နေကြတယ်လေ။ တကယ်ဆို ဒါမျိုးကို Third Pirty (ပညာရှင်များပါဝင်သည့်ကြားခံအဖွဲ့အစည်းတစ်ရပ်)က လုပ်ရမှာ”ဟု စီးပွားရေးပညာရှင်ဦးလှမောင်က ပြောသည်။

သို့ရာတွင် အများပိုင်ကုမ္ပဏီများပေါ်ပေါက်လာခြင်းသည် တိုင်းပြည်စီးပွားရေး အဆောက်အအုံကြီးထွားရေးအတွက် အခြေခံကျသည့် အခြင်းအရာတစ်ခုဖြစ်ရာ စနစ်တကျကြီးကြပ်ခြင်းဖြင့် လမ်းကြောင်းမှန်ပေါ်ရောက်စေရန် ဆောင်ရွက်သင့်ကြောင်း ၎င်းကပြောသည်။

“မြန်မာနိုင်ငံမှာ ကမ္ဘာနဲ့မတူတဲ့လမ်းကြောင်းတစ်ခုက ကမ္ဘာပေါ်မှာက ပုဂ္ဂလိကပိုင်ကုမ္ပဏီကို အရင်ထောင်ကြတယ်။ ပြီးတော့ အောင်မြင်အောင်လုပ်ပြကြတယ်။ ပြီးမှ အများပိုင်ကုမ္ပဏီအဖြစ်ထူထောင်ပြီး ရှယ်ယာတွေထုတ်ရောင်းကြတာပါ။ ဒီမှာကတော့စကတည်းက အများပိုင်အနေနဲ့စကြတာတွေ အများကြီးပဲ”ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းကပြောသည်။

အများပိုင်ကုမ္ပဏီအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းလျက်ရှိသော ယခင်ပုဂ္ဂလိကကုမ္ပဏီများမှာ အခွန်ပေးဆောင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ စာရင်းတင်ပြခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းကာ ရှုပ်ထွေးမှုများရှိနေနိုင်ခြင်းသည် ယင်းတို့အနေဖြင့် စတော့ဈေးကွက်တွင်စာရင်းဝင်ရေးဆောင်ရွက်ရာတွင် စိန်ခေါ်မှုများဖြစ်နေနိုင်ကြောင်း ဦးလှမောင်ကပြောသည်။

“ဒီမှာက ကုမ္ပဏီတစ်ခုကို စာရင်းက လေး ငါးမျိုးလောက်အထိ လုပ်ထားကြတာတွေရှိတယ်။ ဒါမျိုးတွေက အရင်ခေတ်ကတော့ အကြောင်းအမျိုးမျိုးနဲ့ပြဿနာ မဖြစ်ပေမဲ့ စတော့ဈေးကွက်ကိုဝင်ဖို့ကျတော့ သူတို့ရဲ့ ဥပမာ-သုံးနှစ်ကာလပဲဖြစ်ဖြစ်၊ ငါးနှစ်စာကာလပဲဖြစ်ဖြစ် လုပ်လာတဲ့ လုပ်ငန်းစာရင်းတွေကိုပြရမယ်ဆိုရင် ပြဿနာက ဖြစ်ပြီလေ”ဟု ပြောသည်။ ■

# ပြည်ပဝယ်လိုအား ကျဆင်းလာခြင်းကြောင့် ကြက်သွန်နီဈေးကျလာပြီးခဲ့သည့်နှစ်ထက် အထွက်နှုန်းကျ၍ လက်ကျန်နည်းပါးလာနိုင်



မြတ်နိုးဦး
ရေးသားသည်။

**ကြက်သွန်နီဈေးကွက်အတွင်း** ပြည်ပမှဝယ်လိုအား ကျဆင်းလာခြင်းကြောင့် ဈေးနှုန်းအနည်းငယ်ကျဆင်းသွားကြောင်း ကြက်သွန်လုပ်ငန်းရှင်များကပြောသည်။

“ဒီနှစ်စိုက်ဧကကတော့ ပုံမှန်ပါပဲ။ အထွက်နှုန်း နည်းနည်းကျတယ်။ လောလောဆယ်မှာတော့ ပြည်ပဝယ်လိုအားကျနေတယ်။ နယ်စပ်ကုန်သွယ်ရေးကသွားတဲ့ တရုတ်နဲ့ထိုင်း၊ ပြီးတော့ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းကသွားရတဲ့ မလေးရှားနဲ့ အင်ဒိုနီးရှား ဘက်ကပါ အဝယ်နည်းသွားတယ်” ဟု ဦးခင်ဟန်က ပြောသည်။

ယခုနှစ်စိုက်ပျိုးသည့်ရာသီတွင် ရေရရှိမှုနည်းပါးသည့်အတွက် ကြက်သွန်နီအရည်အသွေးပြည့်မီမှုမရှိခြင်းကြောင့် သိုလှောင်သူများနည်းသွားပြီး ကြက်သွန်သိုလှောင်သည့် အလုပ်ကိုမလုပ်ဘဲ အခြားစီးပွားရေးလုပ်ငန်းများကို ပြောင်းလဲလုပ်ကြသည်ဟု မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်မှ ကြက်သွန်သိုလှောင်သူ ကိုမိုးကျော်ကပြောသည်။

“ဒီနှစ်က ရေမရတော့ ကြက်သွန်နီတွေက သေးသေးလေးတွေဖြစ်နေတယ်။ အဝီစိရေတွင်းတူးပြီးလုပ်တာတောင် မလုံလောက်ဘူး။ ကြက်သွန်နီတွေက စံချိန်မမီတော့ သိုလှောင်သမားတွေအတွက် အဆင်မပြေဘူး။ လှောင်ကုန်မကောင်းဘူးဖြစ်သွားတယ်။ ရိတ်သိမ်းချိန်မှာ မိုးရွာတော့ပိုဆိုးတာပေါ့”ဟု ၎င်းက ပြောသည်။

ရန်ကုန်ရှိ ကြက်သွန်နီဈေးကွက်တွင် အရောင်းအဝယ်ပါးနေသည့်အတွက် ဈေးမှာ ထပ်တက်၍မရဘဲ နယ်ဈေးကွက်တွင် အနည်းငယ်သာ တက်ရိပ်ပြန်ပြလာခြင်းကြောင့် လက်ရှိဈေးထက် ထပ်မံကျဆင်းရန်မရှိကြောင်း နေမင်းကုန်မျိုးစုံရောင်းဝယ်ရေးမှ ကိုကျော်မင်းလှိုင်က ပြောသည်။

ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၂၆၀ မှ ၄၂၀ ဝန်းကျင်ရှိပြီး လွန်ခဲ့သည့် မေလ ၁၈ ရက်ကဈေးထက် ကျပ် ၂၀ မှ ၄၀ ခန့်ကျဆင်းလာခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

“အရောင်းအဝယ်က အရမ်းပါးတယ်။ ကျောင်းဖွင့်ရာသီရောက်လာလို့လည်း ဖြစ်နိုင်ပါတယ်။ အရောင်းအဝယ် မကောင်းဘူး။ ဈေးကတက်ချင်ပေမယ့် တက်လို့မရဘူးဖြစ်နေတယ်။ နယ်ဈေးကတော့ မြင့်နေတယ်” ဟု ကိုကျော်မင်းလှိုင်ကပြောသည်။

ကြက်သွန်အထွက်နှုန်းနည်းပြီး သိုလှောင်သူလည်း နည်းသည့်အတွက် လာမည့်နှစ်တွင် ကြက်သွန်ရှားနိုင်ပြီး ဈေးကွက်အပြောင်းအလဲဖြစ်နိုင်သည်ဟု ကြက်သွန်သိုလှောင်သူ ကိုမိုးကျော်ကပြောသည်။ ■



Facilitating the combined efforts to upgrade the ASEAN-China FTA and foster the Diamond Decade of ASEAN-China Cooperation

# The 11th China-ASEAN Expo

September 19-22, 2014
Nanning, China

- Key Focus: Building the Maritime Silk Road of the 21st Century

- Myanmar Exhibits: jewelry & jade, foodstuff and agricultural products, handicrafts, wood furniture
- Swarmed-in buyers from China, ASEAN and Southwest Asian and Mediterranean nations along the Maritime Silk Road of the 21st Century and those from Europe, North America, Japan, Korea, Middle East and Oceania
- Full-range coverage by 170 Chinese and international media
- Effective trade matching services
- High-end forums/conferences and cultural and sports programs on sideline

CAEXPO

Trade in Goods
Investment Cooperation
Advanced Technologies
Trade in Services
Cities of Charm
High-end Forums

Please visit the CAEXPO official website http://www.caexpo.org, for more details.



**Contact Us:**

**Department of trade promotion, Ministry of Commerce, Myanmar**
Tel: +95-67-408324/408013/408315
Fax: +95-67-408243/408311
Email: moctradefair@gmail.com

**China-ASEAN Expo Secretariat**
Tel: +86-771-5813165
Fax: +86-771-5813355
Email : zhangyingxia033@gmail.com

CAEXPO

# စက်မှုဇုန်ထုတ်ကားများကို ဝယ်ယူလိုသူ ပိုမိုများလာ

တိုးဝေအောင်

**ကားဈေးကွက်အတွင်း** သက်ဆိုင်ရာက ယခုနှစ်ထဲ၌ အပ်နှံရန်ကြေညာထားသည့် '၁က' နှင့် '၂က' အက္ခရာများကြားတွင် စက်မှုဇုန်ထုတ်ကားများကို ကြားဖြတ်အပ်နှံခံသွားမည်ဟု သတင်းများ ထွက်ပေါ်နေခြင်းကြောင့် ဈေးကွက်ထဲတွင် စက်မှုဇုန်ထုတ်ကားများကို ဝယ်ယူလိုသူများလာပြီး ထိုကားများကို လက်ဝယ်ပိုင်ဆိုင် ထားသူများကလည်း ဈေးမြှင့်ခေါ်လာကြကြောင်း ဝယ်ရောင်းလုပ်ငန်းရှင်များက ပြောသည်။

"သက်ဆိုင်ရာက ဒီနှစ်ထဲမှာ လက်ခံမယ့် အက္ခရာကို ကြေညာထားပြီးသားပါ။ ဒီနှစ်ထဲမှာ အက္ခရာနှစ်ခုကို အချိန်ခြောက်လစီခွဲပြီး အပ်နှံရမယ်ဆိုလို့ '၁က' အက္ခရာက အစောဆုံး အပ်နှံပြီးသွားနိုင်တယ်။ အဲဒီလိုအပ်ပြီးတာနဲ့ ဈေးကွက်ထဲက '၂က' အက္ခရာကားတွေကို အရောင်းအဝယ်ဖြစ်လာနိုင်တယ်။ '၂က' အက္ခရာကားက ပုံမှန်ဈေးသာသာလောက်ပဲရှိနေတယ်။ ကားတွေ အစောကြီး အပ်လိုက်တဲ့အတွက်ကြောင့် ဈေးကွက်ထဲမှာ စလစ်ရှားသွားနိုင်တယ်။ ဒီကားပိုင်ရှင်အများစုက ဇုန်ထုတ်ကားတွေကို လက်ခံစေချင်နေကြတဲ့အတွက်ကြောင့် သတင်းလွှင့်နေတာတွေ လည်းဖြစ်နိုင်တယ်" ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းညွန့်က ပြောသည်။

ကျောင်းဖွင့်ရာသီရောက်ရှိလာခြင်းကြောင့် လုပ်ငန်းသုံးလိုက်ထရပ်ယာဉ်များ အဝယ်လိုက်လာခဲ့ပြီး နယ်ဝယ်လက်များကြောင့် ကျပ်သိန်း ၁၀၀ အောက် အနိမ့်ကားဈေးကွက်လည်း အနည်းငယ်သွက်လာကြောင်း ကားဝယ်ရောင်းလုပ်ငန်းရှင်များက ပြောသည်။

"ကားဈေးနှုန်းတွေက အတက်မရှိဘဲ ကျဖို့ပဲရှိတယ်။ အခုဆိုရင် Honda Fit ကို ၉၅ သိန်းလောက်နဲ့ ဝယ်လို့ရနေပြီ။ ဒါကြောင့် ကားဈေးတွေ ကျဖို့ပဲရှိတော့တယ်။ လုပ်ငန်းသုံးအတွက်ကတော့ Pro Box ကားတွေဆိုရင် သိန်း ၈၀ စွန်းစွန်းနဲ့ရှာဝယ်လို့ရပါတယ်။ နယ်ဝယ်လက်အဆင်းရှိပေမယ့် အရောင်းအဝယ်ကတော့ ထင်သလောက်မကောင်းသေးပါဘူး။ ပြီးခဲ့တဲ့နှစ်မိုးတွင်းက အရောင်းအဝယ်ကောင်းခဲ့ပေမယ့် ဒီနှစ်တော့ သိပ်ပြီးတော့မကောင်းသေးပါဘူး" ဟု ကားအရောင်းအဝယ် လုပ်ကိုင်သူ ကိုတင်မောင်အေးက ပြောသည်။

ကားဝိုင်းအတွင်း လိုက်ထရပ်ယာဉ်များ အဝယ်လိုက်ခဲ့ပြီး ဝယ်လက်များမှာ နယ်ဝယ်လက်များထက် ရန်ကုန်ဝယ်လက်များက ပိုမိုဝယ်ယူကြပြီး အများစုမှာ ကျောင်းကြိုပို့လုပ်ငန်း လုပ်ကိုင်ရန်အတွက် ဝယ်ယူကြခြင်းဖြစ်ပြီး ကျပ် ၈၅ သိန်းဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ကာ စက်မှုဇုန်ထုတ်ကားများထက် ပြည်ပမှ တင်သွင်းလာသည့် ကားများကိုသာ ပိုမိုဝယ်ယူကြကြောင်း လုပ်ငန်းရှင်များက ပြောသည်။

"ကျောင်းကြိုပို့လုပ်ဖို့အတွက် လိုက်ထရပ်ကားတစ်စီးကို သိန်း ၈၀ ကျော်လောက်နဲ့ ဝယ်လို့ရပါတယ်။ စက်မှုဇုန်ထုတ်ကားက ဈေးသက်သာပေမယ့် ရေရှည်မှာ ဂျပန်ကားလောက် အလုပ်မဖြစ်ဘူး။ စက်မှုဇုန်ထုတ်ကားကို ၆၅ သိန်းလောက်နဲ့ရပေမယ့် ရေရှည်မှာ အောက်ပိုင်း၊ ကားဘော်ဒီ၊ အင်ဂျင်ပိုင်းတွေက အကြမ်းမခံတဲ့အတွက် ဂျပန်ကားကိုရှာဝယ်တာပါ" ဟု မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ကျောင်းကြိုပို့လုပ်ကိုင်သူ ကိုစိန်ဦးက ပြောသည်။

ဂျပန်လေလံကားဈေးကွက်မှာလည်း ကျပ်သိန်း ၂၀ ဝန်းကျင်ခန့်မြင့်တက်လာခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင်း စလစ်ဈေးနှုန်းများလည်း မြင့်တက်လာခဲ့သည်။ ■

## ရန်ကုန်ကားဈေးကွက်

| | | | | | |
|---|---|---|---|---|---|
| Toyota Harrier (2.2) | ၂၀၀၃ | ၃၃၀ သိန်း | Pajero (ဖားပြုပ်) | | ၂၇၀- ၂၉၀ သိန်း |
| Toyota Hilux Surfs (SSRG) | ၁၉၉၉ | ၂၈၅ သိန်း | Toyota Belta | | ၁၁၅-၁၄၀ သိန်း |
| Suzuki R+ | | ၅၅-၆၀ သိန်း | Suzuki Swift | ၂၀၁၁ | ၁၂၀-၁၃၀ သိန်း |
| Suzuki Carry Truck | ၂၀၀၃ | ၅၀-၆၀ သိန်း | Honda Fit | | ၉၅-၁၂၀ သိန်း |
| Nissan Ad Van | ၂၀၁၀ | ၉၀-၉၅ သိန်း | Probox (၁၅၀၀ စီစီ) | | ၉၅-၁၀၅ သိန်း |
| Toyota Mark X | ၂၀၀၄ | ၂၂၅ သိန်း | Probox (၁၃၀၀ စီစီ) | | ၉၀ သိန်း |
| Mark II | ၂၀၀၁ | ၁၈၀-၁၉၅ သိန်း | Honda CRV | ၂၀၀၂ | ၁၉၀-၂၃၀ သိန်း |

(မေလ ၂၇ ရက် ပေါက်ဈေး)

## ကုန်စည်ဈေးနှုန်း

### ရန်ကုန်

| | | |
|---|---|---|
| ရွှေ (တစ်ကျပ်သား) | ကျပ် | ၆၆၁,၀၀၀ |
| **ဆီဈေးနှုန်း(တစ်ပိဿာနှုန်း)** | | |
| ပဲဆီ | ကျပ် | ၃,၇၀၀ |
| စားအုန်းဆီ | ကျပ် | ၁,၅၀၀ |
| နှမ်းဆီ | ကျပ် | ၅,၀၀၀ |
| **ဆန် (တစ်ပြည်)** | | |
| ပေါ်ဆန်း(ရှယ်) | ကျပ် | ၁,၇၀၀ |
| တောင်ပြန်(ရှယ်) | ကျပ် | ၁,၄၀၀ |
| ဧည့်မထ | ကျပ် | ၁,၀၀၀ |
| **အသားဈေးနှုန်း (တစ်ပိဿာနှုန်း)** | | |
| ကြက် | ကျပ် | ၆,၀၀၀ |
| ဝက်သား | ကျပ် | ၆,၅၀၀ |
| အမဲသား | ကျပ် | ၈,၀၀၀ |
| ဆိတ်သား | ကျပ် | ၁၀,၀၀၀ |
| **ကြက်သွန်ဖြူ (လက်လီ)** | | |
| အမြင့်/အနိမ့် | ကျပ် | ၂,၅၀၀- ၂,၃၀၀ |
| **ကြက်သွန်နီ (လက်လီ)** | | |
| အမြင့်/အနိမ့် | ကျပ် | ၈၀၀- ၄၀၀ |
| **စက်သုံးဆီဈေးနှုန်း (တစ်လီတာ)** | | |
| ဓာတ်ဆီ | ကျပ် | ၈၁၄ ကျပ် |
| ဒီဇယ် | ကျပ် | ၉၅၀ ကျပ် |

### မန္တလေး

| | | |
|---|---|---|
| ရွှေ(တစ်ကျပ်သား) | ကျပ် | ၆၆၂,၀၀၀ |
| **ဆီ(သန့်)** | | |
| ပဲဆီ | ကျပ် | ၂,၈၀၀ |
| စားအုန်းဆီ | ကျပ် | ၁,၆၄၀ |
| နှမ်းဆီ(ရိုးရိုး) | ကျပ် | ၃,၀၅၀ |
| **သန့်စင်ပြီးဆန် (တစ်တင်းခွဲအိတ်)** | | |
| ပေါ်ဆန်း | ကျပ် | ၃၇,၅၀၀ |
| မနောသုခ | ကျပ် | ၃၄,၀၀၀ |
| မဂျမ်းတော | ကျပ် | ၄၃,၀၀၀ |
| **အသားဈေးနှုန်း (တစ်ပိဿာနှုန်း)** | | |
| ကြက်(စီပီ) | ကျပ် | ၆,၀၀၀ |
| ကြက်(မြန်မာ) | ကျပ် | ၆,၀၀၀ |
| ဝက်သား | ကျပ် | ၇,၂၀၀ |
| ဆိတ်သား | ကျပ် | ၉,၀၀၀ |
| **ကြက်သွန်ဖြူ** | | |
| အမြင့်/အနိမ့် | ကျပ် | ၁,၄၀၀-၇၀၀ |
| **ကြက်သွန်နီ (လက်ကား)** | | |
| အမြင့်/အနိမ့် | ကျပ် | ၅၀၀-၃၀၀ |
| **စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)** | | |
| ဓာတ်ဆီ | ကျပ် | ၄,၄၀၀ |
| ဒီဇယ် | ကျပ် | ၄,၀၀၀ |

### နေပြည်တော် ပျဉ်းမနား

| | | |
|---|---|---|
| ရွှေ (တစ်ကျပ်သား) | ကျပ် | ၆၆၀,၀၀၀ |
| **ဆန်(တစ်ပြည်) (အသစ်)** | | |
| ပေါ်ဆန်း (ရွှေဘို) | ကျပ် | ၁,၆၅၀ |
| ပေါ်ဆန်း(ဖျာပုံ) | ကျပ် | ၁,၃၅၀ |
| ဇီယာ | ကျပ် | ၁,၀၀၀ |
| မနောသုခ | ကျပ် | ၉၀၀ |
| **ဆီ (တစ်ပိဿာနှုန်း)** | | |
| မြေပဲဆီ | ကျပ် | ၃,၆၀၀ |
| နှမ်းဆီ | ကျပ် | ၃,၀၀၀ |
| စားအုန်းဆီ | ကျပ် | ၁,၈၅၀ |
| **ကြက်သွန်နီ (တစ်ပိဿာနှုန်း)** | | |
| အမြင့်/အနိမ့် | ကျပ် | ၇၀၀-၆၀၀ |
| **ကြက်သွန်ဖြူ (တစ်ပိဿာနှုန်း)** | | |
| အမြင့်/အနိမ့် | ကျပ် | ၁,၄၀၀-၈၀၀ |
| **တရုတ်ကြက်သွန်ဖြူကြီး** | | |
| တစ်ပိဿာ | ကျပ် | ၁,၅၀၀ |
| **အသားဈေးနှုန်း (တစ်ပိဿာနှုန်း)** | | |
| စီပီကြက် | ကျပ် | ၆,၀၀၀ |
| မြန်မာကြက် | ကျပ် | ၇,၀၀၀ |
| ဝက်(အသား) | ကျပ် | ၆,၀၀၀ |
| ဆိတ် | ကျပ် | ၉,၀၀၀ |
| **စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)** | | |
| ဓာတ်ဆီ | ကျပ် | ၄,၅၀၀ |
| ဒီဇယ် | ကျပ် | ၄,၀၀၀ |

(မေလ ၂၇ ရက် ဈေးနှုန်း)



# United Nations — Nations Unies

BUREAU DE LA COORDINATION DES AFFAIRES HUMANITAIRES

OFFICE FOR THE COORDINATION OF HUMANITARIAN AFFAIRES

**UNOCHA MYANMAR**

**VACANCY ANNOUNCEMENT (EXTENSION)**

**(UNOCHA/YGN/2014/006)**

The United Nations Office for the Coordination of Humanitarian Affairs (UNOCHA) is seeking the applications from dynamic and highly motivated Myanmar nationals for the following vacancy. Detailed terms of reference/ requirements for vacancy can be requested at the UNOCHA Office. The position below is Fixed Term Appointment for 1 year with possibility of extension.

**Humanitarian Reports and Communications Officer (NOA, 1 position)**

**Duty Station: Yangon, Myanmar**

**Requirements**

- Masters University degree in Communication, Journalism, International Studies, Public Relations, Social Science and other related fields.
- Minimum 2 years of relevant experience at the national level in providing communication packages to promote the activities of international development organization.
- Experience in the usage of computers and office software packages (MS Word, Excel, etc.)
- Experience in handling of web-based management systems.
- Ability to write clearly and concisely in English and local language(s). Strong computer skills. Proven high-level representation skills, such as speaking at meetings and providing situational analysis. Proven capacity to work effectively in small teams.
- Experience working in a complex settings that requires sound judgment, and operational flexibility.
- Previous experience in a similar capacity with humanitarian agencies, in particular the UN, preferred.
- Fluency in English and Myanmar language. Knowledge in any other local languages will be an asset.

Candidates should clearly indicate the Vacancy Number and Post Title in their applications, and should submit them together with complete duly filled UN-P11 form, bio-data stating personal details, academic qualification and work experience, copy of master degree certificate, and a recent passport sized photograph. Applications should be addressed to:

**Admin and HR Unit, UNOCHA Myanmar**
**Room (211), No (5), Kanbawza Street, Shwe Taung Kyar (2) Ward,**
**Bahan Township, Yangon, Myanmar (In front of Pearl Condo)**
**Closing Date: Monday, 9 June 2014 (COB)**

Only short-listed candidates will be notified. Interviews will be competency based.

**UNIQUE OPPORTUNITY TO JOIN A DYNAMIC MEDIA LEADER**

# Careers at MCM

## Copy Controller (1 Post in Yangon)

Reporting to the Circulation & Distribution Department's Finance and Accounts Manager for Yangon, as well as the Circulation & Distribution Director, the Quality Control Specialist performs an auditing function of verifying the amount of each publication printed in numbers and verifying that each allotment of the print run has been delivered in the numbers required to the appropriate destination.

**Main Duties:** Working in the storeroom as the newspapers and magazines are being printed, the Quality Control Specialist uses the "ISSUE ORDER" system to verify that the correct numbers of each publication (*Myanmar Times* English; *Myanmar Times* Myanmar Language and NOW! Magazine) have been allocated in the exact amounts to each required destination. The Quality Control Specialist will be the one person who verifies that each printed product from *The Myanmar Times* has been accounted for.

**Qualifications:** The Quality Control Specialist will be fluent in both Burmese and English, will be able to type, will be able to use computers and will take pride in keeping accurate records.

This position is available to Burmese nationals both male and female. *The Myanmar Times* seeks to fill this position immediately and all qualified people are encouraged to apply.

## Customer Care Representative (2 Posts in Yangon, 2 Posts in Mandalay)

Reporting to MCM's Circulations Manager, as well as to the Circulation & Distribution Director, the Customer Control Representative serves as the human interface between MT, the public and our sellers, regularly assessing the quality and performance of our products via phone and street polls, surveys and focus groups.

**Main Duties:** The Customer Care Rep calls all new subscribers to verify information; calls current subscribers to ensure satisfaction with delivery; and calls wholesalers weekly to verify sales data. All feedback, suggestions and complaints from the public and sellers are funneled to the Rep, who then distributes them to the appropriate staff for addressing, and tracks responses.

**Qualifications:** University degree, good communications skills, pleasant phone voice; highly organized; experience in customer relations or telemarketing a plus.

**This position is available to Burmese nationals both male and female. *The Myanmar Times* seeks to fill this position immediately and all qualified people are encouraged to apply.**

MCM

The Human Resources Manager: Myanmar Consolidated Media Ltd.
379-383 Bo Aung Kyaw Street, Kyauktada T/S, Yangon
Email applications to: mcmhrd@myanmartimes.com.mm

NEW VACANCIES APPLY NOW!

- Country operation manager ( freight forwarding)
- Sales manager ( FMCG)
- Sales manager ( Power supply/ Telecom)
- Marketing manager ( FMCG/ Telecom)
- Business development Executive ( service industry)
- Sales executive ( FMCG/ Trading)
- Finance manager
- Chief accountant
- Finance controller
- Accountant
- Telecom Engineer
- HR manager
- Recruitment controller
- Procurement manager
- Health and safety support
- Legal adviser/ legal executive
- Sous chef/ Head chef
- Commis /Steward
- Secretary
- HR executive/ Administration executive
- Receptionist

No. 851/853 (A/B), 3rd Floor, Room (7/8), Bogyoke Aung San Road,
Lanmadaw Township, Yangon, Myanmar.
Tel: (951) 229 437, 09 49 227 773, 09 730 94007
Email: esearch@yangon.net.mm, esearch.myanmar@gmail.com
www.esearchmyanmar.com www.facebook.com/esearchmyanmar

# JobWatch

MYANMAR TIMES
HEARTBEAT OF THE NATION

မြန်မာတိုင်းမ်
MYANMAR TIMES

**Call: Chan Tha Oo**
chantha.mcm@gmail.com
09: 25400 6188
01: 392928

# အိမ်ပိုင်ရှင်အများစု အိမ်ငှားရမ်းခွန်ဆောင်မှု လွန်စွာနည်းပါးနေသေး



၂၀၁၂ ခုနှစ်က ဖွင့်လှစ်သည့် လူနေကွန်ဒိုအဆောက်အအုံတစ်ခုကို လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-မြန်မာတိုင်း(မ်)

မြတ်ငြိမ်းအေး

**ပြည်ထောင်စုလွှတ်တော်မှ** မတ်လအတွင်း အတည်ပြုပြောင်းလဲလိုက်သည့် ဝင်ငွေခွန်ဥပဒေအရ ရန်ကုန်မြို့တွင်း အိမ်ပိုင်ရှင်များမှာ အိမ်ငှားရမ်းသည့်အခါ ၎င်းတို့၏ တစ်နှစ်စာ ငှားရမ်းခဝင်ငွေသည် ကျပ်သိန်း ၂၀ ထက်ကျော်လွန်ပါက အခွန်ပေးဆောင်ရမည်ဖြစ်ပြီး ယင်းကဲ့သို့ အိမ်နှင့်မြေ ငှားရမ်းသည့် ပိုင်ရှင်များမှ အခွန်ဦးစီးဌာနတွင် ယခင်ပေးဆောင်ရသည့် အခွန်နှုန်းထားများတွင် အခွန်ထမ်းဆောင်သူဦးရေမှာ မရှိသလောက်နည်းပါးကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများက မြန်မာတိုင်း(မ်)ကို ပြောသည်။

"အိမ်ပိုင်ရှင်တွေက သူတို့ရဲ့ဝင်ငွေရဲ့ တစ်နှစ်စာရရှိတဲ့ဝင်ငွေပေါ်မှာ အခွန်ပေးဆောင်ရပါတယ်။ အဲဒီလို အိမ်ရှင်တွေကနေအခွန်ပေးဆောင်သူက အရင်ကတည်းက မရှိသလောက် နည်းတယ်။ လူဦးရေတစ်ရာမှာ ဆယ်ယောက်လောက်ပဲ အလိုက်တသိနဲ့ဆောင်ကြတယ်။ ကျန်တာကတော့ သူတို့တွေ ငွေချေးချင်တဲ့အခါမှာ ဝင်ငွေရှိပါ တယ်ဆိုတာမျိုး ဖော်ပြချင်တဲ့အခါကျရင်တော့ အခွန်လာဆောင်တာတွေတော့ ရှိပါတယ်" ဟု ပြည်တွင်းအခွန်များဦးစီးဌာန၏ တန်ဖိုးဖြတ်ဌာနမှ ဦးလှဌေးဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်တွင် အိမ်မြေငှားရမ်းသည့် ပိုင်ရှင်များ၏ အခွန်ပေးဆောင်ရနှုန်းသည် ငှားရမ်းခ၏ အမြတ်စွန်းငွေ ကျပ် ၁၂ သိန်းကျော်လျှင် အခွန်စတင်ပေးဆောင်ရသည်။

သို့သော် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် အိမ်ငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်းသည် အခွန်မကျသင့်သည့်ဝန်ဆောင်မှုလုပ်ငန်း ၂၆ မျိုးထဲတွင် ပါဝင်ခဲ့သည်။

သို့သော် ဝင်ငွေခွန်ဥပဒေအရ အိမ်နှင့် မြေပိုင်ရှင်များမှာ ၎င်းတို့၏ တစ်နှစ်ဝင်ငွေ ကျပ်သိန်း ၂၀ ကျော်လွန်ပါက အခွန်ပေးဆောင်ရမည်ဖြစ်သော်လည်း အဆိုပါအခွန်မပေးဆောင်မီ အိမ်ငှားရာတွင် အသုံးပြုသည့်ပြင်ဆင်စရိတ်နုတ်နိုင်ပြီး အခြေခံသက်သာခွင့် ၂၀ ရာခိုင်နှုန်းနှင့် အိမ်ထောင်နှင့်မိသားစုရှိပါက ဇနီးနှင့် သားသမီးသက်သာခွင့်များ ရရှိမည်ဖြစ်ကာ ဇနီးသက်သာခွင့်မှာ ကျပ်ငါးသိန်းနှင့် သားသမီးသက်သာခွင့်မှာ တစ်ဦးလျှင် ကျပ်သုံးသိန်း ရရှိသည်။ အဆိုပါပြင်ဆင်စရိတ်နှင့် သက်သာခွင့်များ ထုတ်နုတ်ပြီးမှသာလျှင် ကျန်ရှိသည့် ဝင်ငွေသည်ကျပ်သိန်း ၂၀ ကျော်လွန်ပြီးကျပ်သိန်း ၅၀ အတွင်းဖြစ်ပါက ဝင်ငွေ၏ ငါးရာခိုင်နှုန်း ပေးဆောင်ရမည် ဖြစ်သည်။

ထို့ပြင် ကျပ်သိန်း ၅၀ နှင့် သိန်း ၁၀၀ အတွင်းဖြစ်ပါက ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်း၊ ကျပ်သိန်း ၁၀၀ နှင့် ၂၀၀ ကြားဖြစ်ပါက ၁၅ ရာခိုင်နှုန်း ပေးဆောင်ရမည်။ ကျပ်သိန်း ၂၀၀ နှင့် ၃၀၀ ကြားရှိပါက ဝင်ငွေ၏ ၂၀ ရာခိုင်နှုန်းနှင့် ကျပ်သိန်း ၃၀၀ အထက်ဖြစ်ပါက ၂၅ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်သည်။

ယခင်က နိုင်ငံခြားဝင်ငွေဖြင့်ငှားရမ်းသည့် ပိုင်ရှင်များမှာမူ ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်း အခွန်ပေးဆောင်ရသော်လည်း ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်မှ စတင်၍ အဆိုပါအခွန်အား မကောက်ခံတော့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ယခုကဲ့သို့ အိမ်ခြံမြေငှားရမ်းခြင်းအား အခွန်ကောက်ခံခြင်းသည် ယခင်ကတည်းကပင် ကောက်ခံခဲ့သော်လည်း အခွန်ဆောင်သူ နည်းပါးသကဲ့သို့ အခွန်ဆောင်ရန်ကို သိရှိသူမှာလည်း နည်းပါးကြောင်း Phoenix အိမ်ခြံမြေ အကျိုးဆောင်မှ ပိုင်ရှင်ဖြစ်သူ ကိုထွန်းထွန်းက ပြောသည်။

"အခွန်ကောက်တာကတော့ အရင်ကတည်းကရှိခဲ့တယ်။ ဒါပေမဲ့မသိကြတဲ့သူက တော်တော်များကြတယ်။ တချို့ကလည်း ဆောင်ကြတယ် တချို့ကလည်း ပိုင်ရှင်မရှိတာတို့ ပိုင်ရှင်က နိုင်ငံခြားရောက်နေတယ်လို့ပြောပြီး မဆောင်ကြဘူး။ အခုဒီလို ပြန်ပြီးတရားဝင်ထုတ်ပြန်တော့လည်း အားလုံးသိကြတာပေါ့" ဟု ၎င်းက ပြောသည်။ ■

# တောင်ဥက္ကလာ စီမံကိန်းမြေနေရာတွင် ဆောက်လုပ်ရေးလုပ်ငန်းများဝင်ရောက်လာ

မြတ်နိုးဦး

**တောင်ဥက္ကလာပမြို့နယ်** စီမံကိန်းရပ်ကွက်တွင် မြေဈေးများတစ်နှစ်အတွင်း ထက်ဝက်နီးပါး တက်သွားသော်လည်း မြို့နယ်အတွင်း အခြားနေရာများနှင့်ယှဉ်လျှင် မြေဈေးသက်သာသည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်များပိုမိုဝင်ရောက်လာကြောင်း အိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။

"ပထမကတော့ ဒီမှာဆောက်လုပ်ရေးလုပ်ငန်းတွေ လုံးဝမရှိဘူး။ အရင်တုန်းက စစ်သားမိသားစုတွေနေဖို့ပေးထားတဲ့နေရာလေ။ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် တစ်ဆင့်ပြီးတစ်ဆင့်ရောင်းသွားကြတာ။ အဲဒီတော့ မြေပိုင်ဆိုင်မှု ပြဿနာတွေကလည်းရှိတော့ ဆောက်လုပ်ရေးတွေက မဝင်တာများတယ်" ဟု အဆိုပါရပ်ကွက်နေ ကိုဇာနည်ကပြောသည်။

တောင်ဥက္ကလာပမြို့နယ် ပတ်ဝန်းကျင်ရှိ မြေနေရာများ ဈေးတက်လာသော်လည်း ၁၄ ရပ်ကွက် (စီမံကိန်း) မြေနေရာသည် ဈေးများမြင့်တက်ခြင်းမရှိပဲရှိခဲ့သော်လည်း ယခုတစ်နှစ်အတွင်းတွင် မြေဈေးများထက် ဝက် နီး ပါး မြင့် တက်သွားသည်ဟု အိမ်ခြံမြေအကျိုးဆောင် ဒေါ်လှကပြောသည်။

"ဒီမှာက ကျူးကျော်မြေတွေလည်းရှိနေတာဆိုတော့ မြေပိုင်ဆိုင်မှုကိုတော့ သေချာစစ်ဆေးရတယ်။ ကျွန်တော်တို့က ဂရန်ပါတဲ့မြေနေရာမှာပဲဆောက်တာ။ စီမံကိန်း မြေနေရာက ဈေးတက်သွားတယ်ဆိုပေမယ့် တောင်ဥက္ကလာပမြို့နယ်ထဲက တစ်ခြားမြေဈေးထက်သက်သာနေတော့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေဝင်လာတာပါ" ဟု Golden Boat ဆောက်လုပ်ရေးမှ ကိုဝေယံကပြောသည်။

စီမံကိန်းမြေနေရာများသည် တစ်နှစ်အတွင်း မြေဈေးထက်ဝက်နီးပါးတက်သွားပြီး ပေ ၂၀ မြေကွက်ဆိုလျှင် ကျပ်သိန်း ၆၀ ဝန်းကျင်ရှိပြီး ပေ ၄၀ မြေကွက်မှာ ကျပ် သိန်း ၁၀၀ ဝန်းကျင်ရှိပြီး ယခင်က ကျပ်သိန်း ၃၀ မှ ၅၀ ဝန်းကျင်သာရှိကြောင်း ဒေါ်လှကပြောသည်။

"တောင်ဥက္ကလာပက မြေဈေးကတော့ တက်နေမှာပဲ။ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေလည်း အဲဒီနေရာတွေကို အရမ်းသဘောကျတယ်။ ဘာလို့လဲဆိုတော့ အထပ်မြင့် ဆောက်လို့ရလို့ စိတ်ဝင်စားကြတာပါ။ အဲဒါကြောင့် မြေဈေးကအတက်ဘက်ကိုပဲ ဦးတည်နေတာပါ" ဟု ရွှေကံမြေအိမ်ခြံမြေအကျိုးဆောင်မှ ဦးခင်မောင်အေးက ပြောသည်။

အဆိုပါမြေနေရာတွင် ဆောက်လုပ်ရေးလုပ်ငန်းများသည် တစ်ခြမ်းပေးတစ်ခြမ်းယူစနစ်ဖြင့်သာတည်ဆောက်ကြပြီး တိုက်ခန်းဝယ်ယူမှုများ၊ အငှားများနှင့် ကြိုပွဲငှ့် ဝယ်ယူသည့်ဈေးကွက်မှာလည်းကောင်းမွန်ပြီး အရောင်းအဝယ်ဈေးကွက်လည်း ကောင်းမွန်ကြောင်း ကိုဝေယံက ပြောသည်။ ■



# တိုးတက်လာသည့် မြန်မာနိုင်ငံ၏ အိမ်ခြံမြေနှင့် ဆောက်လုပ်ရေး ကဏ္ဍကို ပြည်ပလုပ်ငန်းရှင်များ အလေးထားစောင့်ကြည့်လာ

မြတ်ငြိမ်းအေး

**မြန်မာနိုင်ငံ၏** ပြောင်းလဲလာသည့် နိုင်ငံရေးနှင့် စီးပွားရေးများကြောင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများက တစ်နေ့တခြား ပိုမိုစိတ်ဝင်စားလျက်ရှိကြသည်မှာ အမှန်ပင်ဖြစ်သည်။

ထိုသို့သောပြောင်းလဲမှုများထဲတွင် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် အိမ်ခြံမြေကဏ္ဍသည်လည်း တစ်ခုအပါဝင်ဖြစ်ရာ ယခုအခါတွင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်လာသည်ကို တွေ့ရသည်။

ထိုကဲ့သို့ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံ၏ စီးပွားရေး အချက်အချာကျသည့် ရန်ကုန်မြို့သည်လည်း ပြည်တွင်းပြည်ပ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၏ မျက်စိကျရာ နေရာတစ်ခု ဖြစ်ခဲ့သည်။

ထို့ကြောင့် ရန်ကုန်မြို့၏ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်းသည် နိုင်ငံတော်၏ နိုင်ငံရေးနှင့် စီးပွားရေးပွင့်လင်းမှု ပိုရရှိပါက နိုင်ငံတကာက စိတ်ဝင်တစားနှင့် ရင်းနှီးမြှုပ်နှံမှုမှာ ပိုမိုတိုးတက်လာနိုင်ကြောင်း နိုင်ငံတကာ လုပ်ငန်းရှင်များနှင့် ပညာရှင်များက ပြောသည်။

ထို့ပြင် ရန်ကုန်မြို့တွင် အိမ်ခြံမြေနှင့် ဆောက်ပါတယ်။ နောက်ပြီး မြန်မာနိုင်ငံရဲ့ဆောက်လုပ်ရေးကဏ္ဍကလည်း အဆောက်အအုံတွေ အရှိန်အဟုန်နဲ့ တည်ဆောက်နေကြပါတယ်။ ဒီလိုမျိုး အရှိန်အဟုန်မြင့်တက်နေတဲ့အချိန်မှာ နိုင်ငံတကာက နည်းပညာတွေ အတွေးအခေါ်တွေနဲ့ ပူးပေါင်းလုပ်ဆောင်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုပိုင်းက ပိုမိုအောင်မြင်နိုင်မှာဖြစ်တဲ့အတွက် ပြပွဲတွေ ဆွေးနွေးပွဲတွေက ဒီအခွင့်အလမ်းတွေ ဖန်တီးပေးမှာပါ” ဟု ၎င်းကပြောသည်။

ထို့ပြင် အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှုသည်လည်း စီးပွားရေးကဏ္ဍတွင် အရေးပါလာသည့်အလျောက် လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုပိုင်းမြင့်တက်လာခဲ့မှုနှင့်အတူ အိမ်ခြံမြေဈေးနှုန်းများလည်း အဆမတန်ကြီးမြင့်မှုများ ဖြစ်ပေါ်ခဲ့သည်။ ရန်ကုန်မြို့တွင်းရှိ မြေဈေးနှုန်းများသည် တစ်စတုရန်းမီတာလျှင် ‘ကန်’ ဒေါ်လာ ၁,၀၀၀ မှ ၃,၀၀၀ အတွင်းရှိသည်။

ယင်းကဲ့သို့ ရန်ကုန်မြို့တွင် အိမ်ခြံမြေဈေးကြီးမြင့်မှုများကြောင့် ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုပိုင်းတွင် အခက်အခဲများဖြစ်လာသည့်အတွက် နိုင်ငံတော်အစိုးရက ယင်းကဲ့သို့မြင့်မားနေမှုကို တည်ငြိမ်စေရန် ပူးပေါင်းပါဝင်ဆောင်ရွက်ပါက ပိုမိုအဆင်ပြေနိုင်ကြောင်း ၎င်းကပြောသည်။



**ရန်ကုန်မြို့လယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကို ၂၀၁၃ ခုနှစ်ကုန်ပိုင်းက တွေ့ရစဉ်။ မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍမှာ ပြည်ပလုပ်ငန်းရှင်များ အလေးထားစောင့်ကြည့်ရသည့် အနေအထားသို့ရောက်ရှိလာကြောင်း ကျွမ်းကျင်သူများကပြောသည်။** ဓာတ်ပုံ-အေအက်ဖ်ပီ

## မြေဈေးတွေ ကြီးမြင့်လာတာ ဈေးကစားသူတွေကြောင့်လည်း ပါပါတယ်။ အချိန်တိုအတွင်းမှာ အကျိုးအမြတ်များများလည်း ရတယ်။ တခြားရင်းနှီး . . . ”

လုပ်ရေးဆိုင်ရာဆွေးနွေးပွဲများနှင့် နည်းပညာပြပွဲများ နိုင်ငံတကာကလာရောက် ဦးဆောင်၍ ကျင်းပမှုများလည်း အများအပြားရှိလာခဲ့ပြီး ယင်းကဲ့သို့ ပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံတွင် အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအတွက် အခွင့်အလမ်းများ ပိုမိုရလာနိုင်ကြောင်း မေလ ၂၆ ရက်နေ့နှင့် ၂၇ ရက်နေ့အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ အိမ်ခြံမြေနှင့် မြို့ပြတည်ဆောက်မှုဆိုင်ရာ ဆွေးနွေးပွဲကို စီစဉ်ကျင်းပသည့် စင်ကာပူနိုင်ငံ S-phere ကုမ္ပဏီ ဥက္ကဋ္ဌ Mr. Chua Wee Phong ကပြောသည်။

“လက်ရှိလူဦးရေ သန်း ၆၀ နီးပါးနဲ့အတူ စီးပွားရေးအရှိန်အဟုန်မြင့်မြင့်တိုးတက်နေတဲ့ မြန်မာနိုင်ငံက အခြေခံ အဆောက်အအုံနဲ့ ဆောက်လုပ်ရေး လုပ်ငန်းတွေမှာ တိုးတက်ဖို့ အခွင့်အလမ်းတွေ အများကြီးရှိပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ ရန်ကုန်နဲ့ မန္တလေး အိမ်ဈေးနှုန်းတွေ ခုန်တက်ခဲ့တာကို ကြည့်ရင်သိသာ

“ရန်ကုန်မြို့က အိမ်ခြံမြေကဏ္ဍက စီးပွားရေးပိုင်းမှာ အဓိကကျတာကို တွေ့လာရပါတယ်။ အဓိကကျလာမှုနဲ့အတူ အိမ်ခြံမြေဈေးနှုန်း မြင့်တက်မှုကလည်း ရင်းနှီးမြှုပ်နှံမှုပိုင်းမှာ အရေးပါလာပါတယ်။ ဒီလို အိမ်ခြံမြေဈေးနှုန်း မြင့်တက်မှုက လူတွေကို စိုးရိမ်ပူပန်မှုဖြစ်စေပါတယ်။ ရင်းနှီးမြှုပ်နှံမှုပိုင်းမြင့်တက်လာမှုနဲ့အတူ ဈေးတွေပါ မြင့်တက်လာတာကတော့ မကောင်းဘူးလို့ ထင်ပါတယ်။ အဲ့ဒါကြောင့် အစိုးရကလည်း ဒီအတွက် တည်ငြိမ်တဲ့ ဈေးနှုန်းတွေ ဖြစ်လာအောင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမယ်လို့ ယုံကြည်ပါတယ်” ဟု ၎င်းကပြောသည်။

ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်းပိုင်းတွင်လည်း နိုင်ငံတကာက လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံတွင် ယခုထက်ပိုမိုကာ ရင်းနှီးမြှုပ်နှံနိုင်ရန် မြန်မာနိုင်ငံတွင်ပြုလုပ်သည့် ပြပွဲ၊ ဆွေးနွေးပွဲများမှတစ်ဆင့် ဈေးကွက်အတွင်း လေ့လာကာ နိုင်ငံတော်အစိုးရ၏ စီးပွားရေး အခွင့်အလမ်းပွင့်လင်းမှုကိုလည်း ဆက်လက်စောင့်ကြည့်နေကြောင်း ပြည်ပဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပြောသည်။

“ကျွန်မတို့ရဲ့လုပ်ငန်းကို မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့နှစ်မှာ စပြီး ရုံးခွဲဖွင့်လှစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံက ဆောက်လုပ်ရေးပိုင်းမှာရော အိမ်ခြံမြေပိုင်းမှာပါ ပြောင်းလဲ မှုတွေအများကြီး ဖြစ်ပေါ်နေတဲ့အတွက် ကိုယ့်ရဲ့လုပ်ငန်းကိုလည်း ဒီမှာလာပြီးတိုးချဲ့နေတာပါ။ ပြပွဲလာရောက် ပြသတာလည်း နှစ်ကြိမ်ရှိပါပြီ။ ဒီကလုပ်ငန်းရဲ့ အခြေအနေကတော့ တဖြည်းဖြည်းပဲ သွားနေပါတယ်။ ကျွန်မတို့က လုပ်ငန်းဆက်ပြီး တိုးချဲ့ဖို့ကို ဒီနိုင်ငံရဲ့နိုင်ငံရေး စီးပွားရေး ပွင့်လင်းမှုကိုပဲ စောင့်ကြည့်နေတာပါ။ မြေဈေးတွေအရမ်းမြင့်တာကိုလည်း စောင့်ကြည့်နေပါတယ်။ လာမယ့် နိုင်ငံရေးအပြောင်းအလဲမှာ မြန်မာအစိုးရက ဘယ်လိုဆောင်ရွက်သွားမလဲ ဆိုတာကိုစောင့်ကြည့်နေမှာပါ”ဟုမေလ ၂၂ ရက်နှင့် ၂၃ ရက်နေ့တို့တွင် ကျင်းပခဲ့သော Build Tech Yangon 2014 ပြပွဲတွင် လာရောက်ပြသသည့် စင်ကာပူနိုင်ငံက ဆောက်လုပ်ရေး ကရိန်းပစ္စည်းများရောင်းချသည့် လုပ်ငန်းရှင်တစ်ဦးက မြန်မာတိုင်း(မ်)ကို ပြောသည်။

ထို့ပြင် ရန်ကုန်မြို့၏ မြေဈေးနှုန်း ကြီးမြင့်ခြင်းသည် အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှု၏ အကျိုးမြတ်ကောင်းရရှိမှုတို့ကြောင့် ဈေးနှုန်းကစားသူများကြောင့်လည်း မြေဈေးနှုန်းများ မြင့်တက်နေရခြင်းဖြစ်ကြောင်း အိုးအိမ်ဦးစီးဌာန မြို့ပြနှင့် ဒေသစီမံကိန်းဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောသည်။

“မြေဈေးတွေ ကြီးမြင့်လာတာ ဈေးကစားသူတွေကြောင့်လည်း ပါပါတယ်။ ဒီအပေါ်မှာ မြှုပ်နှံတဲ့အခါ အချိန်တိုအတွင်းမှာ အကျိုးအမြတ်များများလည်းရတယ်။ တခြားရင်းနှီးမြှုပ်နှံစရာနေရာတွေကလည်း သိပ်မရှိတော့ ဒီအပေါ်မှာမြှုပ်နှံကြတယ်။ ဈေးကစားကြတယ်။ နောက်ပိုင်းမှာ တခြားဈေးကွက်ဖွံ့ဖြိုးလာရင်တော့ အိမ်ခြံမြေဈေးလည်း တည်ငြိမ်သွားနိုင်ပါတယ်” ဟု ၎င်းကပြောသည်။ ■





## ရွှေရတုမင်္ဂလာ ဆုတောင်း

**ချစ်ဖေဖေဦးကြည်အေး** (ဗဟိုဘဏ်ဥက္ကဋ္ဌ - ငြိမ်း) နှင့် **ချစ်မေမေဒေါ်ခင်ခင်ဆွေ** (ထွေ/ဂျာ - ငြိမ်း၊ စီးပွားကူးသန်း)
တို့၏
၃၀ - ၅ - ၂၀၁၄ ရက်နေ့တွင် ကျရောက်သော ရွှေရတုမင်္ဂလာ ရက်မြတ်မှသည်
နောင်ရတုပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့်
ဒါန၊ သီလ၊ ဘာဝနာ ပါရမီများကို ဆက်လက်တိုးပွား
ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးများ
ဦးကျော်ဆန်းဦး + ဒေါ်အေးအေးချို
ဦးတင်ထွန်းဝင်း
ဦးမင်းသိမ်း (သံမှူးကြီး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့) + ဒေါ်မျိုးပပထွန်း (ဒုညွှန်မှူး၊ နိုင်ငံခြားရေး)
ဗိုလ်မှူးကြီးစိုးပိုင် + ဒေါက်တာဆွေဇင်ဝင်း (ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန)
ချစ်မြေးများ
သီဟန်ကျော်ဆန်း၊ ထက်မြတ်မင်း၊ ကြည်ဇင်ပိုင်၊ ကောင်းခန့်မင်း

# နေထိုင်မှုပုံစံ ပြောင်းလာကြသလို အိမ်တွင်းပြင်ဆင်မှု ကဏ္ဍကလည်း ပိုပြီး အရေးပါလာနေပါတယ်



**အိမ်အတွင်းပိုင်း အလှဆင်သည့် ဒီဇိုင်နာ မမြမဥ္ဇူ။** ဓာတ်ပုံ-သီရိလူ

နိုနိုအောင်

**လွန်ခဲ့တဲ့နှစ်ပိုင်းတွေကစလို့** ရန်ကုန်မြို့မှာ အသီးသီးပေါ်ထွက်လာတဲ့ အိမ်တွေ၊ ဆိုင်တွေဟာ အတွင်းပိုင်းအလှပြင်ဆင်မှုအပေါ် ပိုပြီး အာရုံထားလာကြတာကို စာဖတ်သူများလည်း သတိပြုမိမှာပါ။ တိုးတက်လာတဲ့ ရန်ကုန်မြို့ရဲ့ အိမ်ခြံမြေကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ အိမ်ရာစီမံကိန်းတွေလည်း ပေါ်ထွက်လာပြီး ဒီစီမံကိန်းတွေဟာ အခန်းတွင်းပြင်ဆင်မှုကို အတော်အလေးထားကြတာကိုလည်း တွေ့နိုင်ပါတယ်။ ပြောင်းလဲတိုးတက်လာတဲ့ အိမ်တွင်းအလှပြင်ဆင်မှုနဲ့ပတ်သက်ပြီး အဆောက်အအုံအတွင်းပိုင်း အလှဆင်သူ ဒီဇိုင်နာမမြမဥ္ဇူကို မြန်မာတိုင်း(မ်)က တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

အမျိုးသမီးပန်းပုပညာရှင်လည်းဖြစ်ပြီး ပြပွဲတွေပြုလုပ်ခဲ့ဖူးတဲ့ မမြမဥ္ဇူဟာ အမေရိကန် ပြည်ထောင်စု၊ California Lutheran University ကနေ ပညာသင်ယူခဲ့ပြီး ၂၀၁၁ ခုနှစ်မှာ M Interiors အမည်နဲ့ အဆောက်အအုံအတွင်းပိုင်းအလှပြင်ဆင်ခြင်းလုပ်ငန်းတွေကို စတင်ဆောင်ရွက်ခဲ့ပါတယ်။

* Interior Decoration Designer **တစ်ယောက်ရဲ့ အနေအထားက အခုလက်ရှိ မြန်မာနိုင်ငံရဲ့ အခြေအနေမှာ ဘယ်လိုအနေအထားမျိုး ရှိပါသလဲ။**

ကျွန်မပြန်ရောက်စတုန်းကတော့ ပိုင်ရှင်က ဝင်ပါတဲ့ခေတ်ပြောရမှာပေ့ါ။ ဘယ်လောက်ပဲ အကောင်းလုပ်ချင် လုပ်ချင် အဆင်မပြေခဲ့ဘူး။ ပိုင်ရှင်ဆိုတာ တစ်ခါတလေ တစ်ယောက်တည်းတောင်မဟုတ်ဘူး။ ပါတနာတွေပါတယ်။ ဒီဇိုင်နာလုပ်ရမယ့်အလုပ်ကို ဝင်စွက်ဖက်တဲ့အခါကျ ရလဒ်ကောင်းမလာတတ်ဘူး။ အခုနောက်ပိုင်းကျ အဲဒီလိုမဟုတ်ဘူး။ နားလည်လာတဲ့လူက ဒီဇိုင်နာကို အပြည့်အဝယုံကြည်ပေးလိုက်တယ်။ အဲဒီတော့ ပိုလှတယ်။ အပြည့်အဝ ယုံကြည်ပေးထားတာက အထောက်အကူပြုတယ်။ အခုက အဆင့်အလှခေတ်ရောက်လာတယ်ပြောရမှာပေ့ါ။ အကုန်လုံးက သူ့အဆင့်နဲ့သူ၊ သူ့တာဝန်နဲ့သူဖြစ်သွားပြီ။

*** အဲဒါဆို ဒီဘက်ခေတ်ပိုင်းမှာ ဒီဇိုင်နာတွေ လုပ်ပိုင်ခွင့်များလာတယ်။ ကိုယ့်ပညာကို အပြည့်အဝအသုံးချခွင့်ရလာတယ်လို့ ပြောလို့ရလား။**

ဖြေ - ဒီဘက်ခေတ်လို့တော့ ပြောလို့မရဘူး။ နားလည်စေချင်တာက ကျွန်မတို့က ဒီအတိုင်းပဲ။ ပိုင်ရှင်တွေက ပြောင်းလဲလာတာလို့ပြောလို့ရတယ်။ အရင်တုန်းကဆို ဝင်ပါတယ်။ အခု အဲဒီလိုမဟုတ်ဘူး။ အပြည့်အဝယုံကြည်ပေးပြီး အပ်လိုက်တယ်။ အဲလိုမျိုးကျ ဆိုက်ကပိုလှတာပေ့ါ။ နဂိုကတည်းက ဒီပုံစံရှိတာကို လက်မခံပေးဘူး။ အခုနောက်ပိုင်း လက်ခံပေးလာတယ်။ ဒီပုံစံအတိုင်းသွားမှ သူတို့လိုချင်တဲ့အတိုင်း ရမယ်ဆိုတာကို နားလည်လက်ခံလာတယ်။ အရင်တုန်းက ပိုင်ရှင်တွေက ပိုင်ရှင်စိတ် အပြည့်ရှိတယ်။ လုပ်ငန်းပိုင်းဆိုင်ရာမှာ နည်းနည်းတော့ တိတိကျကျဖြစ်လာတယ်လို့ ပြောလို့ရတယ်။ ကျွန်မဆိုလိုတာကနေတဲ့ အိမ်တွေကျရင်တော့ တစ်မျိုးပေ့ါနော်။ အဲဒါတွေကျ နားလည်ပေးရတယ်။ သူတို့က နေမယ့်သူတွေဖြစ်တဲ့အတွက် စိတ်ကြိုက်လုပ်ချင်တာတွေရှိမယ်။ အဲဒါတွေကျ ဒီဇိုင်နာက နားလည်ပေးရတာပေ့ါ။

*** အရင်ကထက်စာရင် အဆောက်အအုံအတွင်းပိုင်း ပြင်ဆင်မှုကို အရမ်းအလေးထား လာကြတယ်လို့ မြင်မိတယ်။ နေရာတော်တော်များများမှာလည်း ဒါကိုတွေ့နိုင်တယ်။ ဘာကြောင့်လို့ ထင်မိပါသလဲ။**

အခုသတိထားမိလာတာကတော့ လူတွေရဲ့ နေထိုင်မှုပုံစံက မြင့်လာပြီ။ ကျွန်မသိလာတာကတော့ လူကြီးတွေတောင်မှ ပင်စင်ယူပြီး နောက်ပိုင်းမှာ တသီးတသန့် နေချင်လာကြတယ်။ အိမ်အကူတစ်ယောက်လောက်ပဲ ခေါ်ပြီးတော့ နေတာမျိုးပေ့ါ။ အသက်ငယ်တဲ့လူတွေကလည်း အလုပ်ပိုများလာကြတယ်။ အရင်ကလို မာလီရော၊ ထမင်းချက်ရော၊ ဒရဝမ်ရော စသဖြင့် နေချင်တဲ့လူထက် လူနည်းနည်း တစ်သီးတသန့် နေချင်တာများလာတယ်ပေ့ါနော်။

နိုင်ငံခြားသား များလာတာလည်းပါတယ်။ အခုဆို လူတွေကအိမ်ပြန်ရောက်ပြီဆိုတာနဲ့ ကိုယ့်အိမ်ဟာ ကိုယ့်အတွက် ဖျော်ဖြေမှုတစ်ခုလိုဖြစ်နေတာမျိုးကို ပိုလိုချင်လာကြတယ်။ လူတွေက အပြင်မှာ အလုပ်အရမ်းပင်ပန်းလာကြတဲ့အခါကျ အိမ်ပြန်ရောက်တာနဲ့ စိတ်ကို ဖျော်ဖြေတာမျိုးဖြစ်စေချင်တယ်။ အဲဒါကြောင့်လည်း အိမ်အတွင်းပိုင်းဒီဇိုင်းက ပိုအရေးပါလာတာ။

*** အခန်းတွင်းအလှပြင်ဆင်မှုက အဆောက်အအုံတစ်ခု၊ ဒါမှမဟုတ် ပရောဂျက်တစ်ခုကို ဘယ်လောက်အထိ ပံ့ပိုးပေးနိုင်လဲ။**

အများကြီးပေ့ါ။ ဥပမာတစ်ခု ပြောရမယ်ဆို The G.E.M.S ပေ့ါ။ တကယ်ဆို ပရောဂျက်က အခုထိ မြေကြီးပဲရှိသေးတာ။ စတောင် မစရသေးဘူး။ ဒါပေမဲ့ ကျွန်မပြင်ဆင်ထားတဲ့ နမူနာ show flat ကို ပြပြီးချိန်မှာ လူတွေက အရမ်းစိတ်ဝင်စားကြတယ်။ ကျွန်မသိသလောက်ဆိုရင် ဖွင့်ပွဲလုပ်တဲ့နေ့တောင် တော်တော် ရောင်းရတယ်။ နမူနာပြထားတဲ့ အခန်းပြင်ဆင်မှုကို ကြည့်ပြီး လူတွေကသဘောကျပြီး ဝယ်ကြတယ်။

*** အခု ဈေးကွက်ကို ဘယ်လိုသုံးသပ်မိလဲ။**

ဂျပန်ဆို လူဦးရေကလည်းများ၊ ကျွန်းပေါ်မှာလည်း နေရတာဆိုတော့ ဒီဇိုင်နာတင်မဟုတ်ဘူး။ တော်ရုံလူတောင် နေရာကျဉ်းကျဉ်းမှာ ဘယ်လိုလှအောင်လုပ်ရမလဲသိတယ်။ ကျွန်မတို့ဆီမှာဖြစ်နေတဲ့ ပြဿနာကဆန့်ကျင်ဘက်။ နေရာတွေ အများကြီးရှိတယ်။ အဲဒါတောင်မှ ဘယ်လိုကောင်းအောင်လုပ်ရမလဲဆိုတာ မသိတာ။ ငွေကိုတော့ ပုံအောပြီး သုံးပါတယ်။ ဒါပေမဲ့ လှမလာဘူး။ အဲဒါလည်း အဆင့်အလှကို မလိုက်နာတာ။ အရင်တုန်းကတော့ ခေတ်မရှိဘူးပေ့ါလေ။ အိမ်ရှင်ကလည်း အိမ်ဝယ်တယ်။ ကိုယ်လုပ်ချင်သလို လုပ်တယ်။ ဒီမှာ ကျွန်းတွေအရမ်းအလှဆင်တယ်။ ကြောက်ဖို့တောင် ကောင်းတယ်။ ကျွန်းဆိုတာက အရောင်ဖော်ရမယ့်နေရာ၊ ကြမ်းခင်းတို့လို၊ အပြင်ဘက်တို့၊ ဒက်ကင်တို့တွေမှာ ကျွန်းမဖြစ်မနေသုံးရမှာတွေရှိတယ်။ ကျွန်းဆိုတာ အသားမာတယ်။ ဒါပေမဲ့ ဒီမှာဖြစ်နေတဲ့ပြဿနာက ပိုက်ဆံသုံးဖို့တင် ပေ့ါဆကြတာမဟုတ်ဘူး။ မလိုအပ်ဘဲနဲ့ လျှောက်သုံးတာတွေများတယ်။ တကယ်ဆို သူ့နေရာနဲ့သူသုံးရင် ပစ္စည်းတွေ လျှော့လို့ရတယ်။ ပိုက်ဆံလည်း ထွက်လာမယ်။ လျှော့လို့ရမယ်။ မကောင်းတာသုံးဖို့ မဟုတ်ဘူး။ မလိုအပ်ဘဲ အပိုမကုန်ဖို့ပေ့ါ။ ကျွန်မ ဟိုမှာကတည်းက ဒီဈေးကွက်ကိုမြင်မိတယ်။

*** အလှဆင်ဖို့ ပစ္စည်းတွေကို အမြဲပဲ ကိုယ်တိုင် လိုက်ရွေးပြီး အသေးစိတ်လုပ်သလား။**

လုပ်တယ်။ ရွေးရတယ်။ ပရောဂျက်ကြီးတွေဆိုရင် ကန်ထရိုက်တာရှိတယ်၊ ပရောဂျက်မန်နေဂျာ ရှိတယ်၊ ဒီဇိုင်နာရှိတယ်။ ကျွန်မတို့က ဒီဇိုင်းပိုင်းနဲ့ပတ်သက်ပြီး တူးဒီတွေ အကုန်လုံးကို ဒီအခန်းအတွက်ရော့ဆိုပြီး ပေးလိုက်တယ်ဆိုရင် ကန်ထရိုက်တာက ကြည့်တယ်။ အလုပ်စလုပ်တယ်။ ပရောဂျက်မန်နေဂျာက အလယ်ကနေ ကန်ထရိုက်တာကို ဒါတွေလုပ်ပြီးရင် ကြွေပြားကအစ ကျွန်မကို အရောင်ရွေးပေးပေ့ါနော်။ အဲဒီလို အဆင့်အလှနဲ့ သွားတယ်။ အကုန်လုံးက လိုက်ရွေးရတာ။ ဘယ်သူမှ လိုက်ရွေးခွင့်မရှိဘူး။ ပရောဂျက် အဆင့်အလှဆိုတာ ရှိတယ်။ အစတုန်းက ဒီဇိုင်နာဆိုရင် ဒီဇိုင်နာက အကုန်လိုက်လုပ်ပေးရတာရှိသလို ဆိုက်မန်နေဂျာ၊ ဆိုက်အင်ဂျင်နီယာတွေက အကုန်ဝင်ပါတယ်။ အခုက အဲလိုမဟုတ်တော့ဘူး၊ ကိုယ့်တာဝန်နဲ့ကိုယ် ဖြစ်သွားပြီ။

*** အခုနောက်ပိုင်း အိမ်ခြံမြေဈေးကွက်ကိုရော ဘယ်လိုလေ့လာမိသလဲ။**

အခုကတော့ ကွန်ဒိုခေတ်၊ apartment ခေတ်ဖြစ်နေပြီလို့ထင်တယ်။ ကိုယ်ကိုယ်တိုင် တိုက်ခန်းတစ်ခန်းဝယ်နေတော့မယ်ဆိုပြီး ပြင်ဆင်ချိန်မှာ တိုက်ခန်းခေတ်ကဝင်လာပြီ။ ဒါ ခေတ်တစ်ခုလိုဖြစ်လာပြီ။ ငြင်းပယ်လို့ မရဘူး။ အရင်ကထက်စာရင် ကွန်ဒိုဈေးကွက်က တစ်ခုသက်သက်ဖြစ်လာပြီ။ ကွန်ဒိုကိုမှ နေချင်လို့ လိုက်ဝယ်တာလည်း ရှိတယ်။ ■

**အခုသတိထားမိလာတာကတော့ လူတွေရဲ့နေထိုင်မှုပုံစံက မြင့်လာပြီ။ ကျွန်မသိလာတာကတော့ လူကြီးတွေတောင်မှ ပင်စင်ယူပြီးနောက်ပိုင်းမှာ တစ်သီးတသန့် နေချင်လာကြတယ်။ အိမ်အကူတစ်ယောက်လောက်ပဲခေါ်ပြီး...**



# ဘေးပတ်ပတ်လည် မှန်တွေကာရံထားတဲ့ အဖြူရောင် နှစ်ထပ်ခွဲတိုက်



တင်ရတနာထွန်း
ရေးသားသည်။

**ဆက်သွယ်ရန်** –
အိမ်ပိုင်ရှင် မစ္စတာသောမတ်ဝင်း
**ဖုန်းနံပါတ်** –
၀၉ - ၄၂၀၀၅၀၆၇



လှိုင်သာယာမြို့နယ်က ဒီတစ်ပတ် မြန်မာတိုင်း(မ်)ရဲ့ စိတ်ကြိုက်အိမ်။

**ဒီတစ်ပတ်မှာတော့** မြန်မာတိုင်း(မ်) ပရိသတ်တွေအတွက် လှိုင်သာယာမြို့နယ် ရွှေဘုံသာအိမ်ရာထဲမှာတည်ရှိပြီး ဘေးပတ်ပတ်လည်မှာ မှန်တွေနဲ့ကာရံထားကာ ရိုးရှင်းလှပတဲ့ အဖြူရောင်နှစ်ထပ်ခွဲ တိုက်အိမ်လေးတစ်လုံးကို ဖော်ပြပေးချင်ပါတယ်။

ခြံဝင်းအကျယ် စတုရန်းပေ ၆,၄၀၀ ရှိတဲ့ ဒီအိမ်က အကျယ် ၅,၁၅၆ စတုရန်းပေရှိပြီး လူဦးရေများတဲ့မိသားစုတွေအတွက် ခြံဝင်းလေးနဲ့အေးဆေးနေထိုင်ချင်သူတွေ အဆင်ပြေမယ့် လုံးချင်းအိမ်လေးပဲ ဖြစ်ပါတယ်။

အိမ်တွင်းအပြင်အဆင်တွေကတော့ အပေါ်ထပ်မှာ တစ်ယောက်အိမ်ခန်းနှစ်ခန်း၊ နှစ်ယောက်အိပ်ခန်းတစ်ခန်း၊ ဧည့်ခန်းတစ်ခန်းတို့ ပါဝင်ပါတယ်။ နှစ်ယောက်အိပ်ခန်းအပြင် တစ်ယောက်အိမ်ခန်းတွေမှာပါ ရေချိုးခန်းတွဲလျက် ပါရှိပါတယ်။ တစ်အိမ်လုံးရဲ့ ရေသုံးစွဲမှုမှာတော့ ရေပူ၊ ရေအေး နှစ်မျိုးထဲက ကြိုက်ရာကို ရွေးချယ်သုံးစွဲနိုင်ပါတယ်။

အောက်ထပ်မှာ ဧည့်ခန်း၊ မီးဖိုချောင်၊ ကားဂိုဒေါင်နဲ့ ဘားတစ်ခု ပါဝင်ပါတယ်။ ဘားကနေကြည့်လိုက်ရင် စိမ်းလန်းတဲ့မြက်ခင်းပြင်ကို မြင်တွေ့ရမှာပါ။ အိမ်ရဲ့ ဘေးဘက်မှာ သာယာရေးမြေနဲ့ ရေကန်ရှိတာကြောင့် အေးချမ်းတဲ့ပတ်ဝန်းကျင်နဲ့ သာယာတဲ့ရှုခင်းကို အချိန်ပြည့်ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။

ဒီလုံးချင်း နှစ်ထပ်ခွဲတိုက်လေးက အခုမှဆောက်လုပ်ပြီးစီးတာဖြစ်လို့ အိမ်တွင်းပရိဘောဂတွေကို ခုချိန်ထိမထည့်သွင်းရသေးပေမယ့် ငှားမယ့်သူနဲ့ ညှိနှိုင်းပြီး စိတ်တိုင်းကျထည့်သွင်းပေးမှာ ဖြစ်ပါတယ်။ ဒီအိမ်လေးက လျှင်လျှင်မြန်မြန် အိမ်ငှားချင်သူတွေအတွက် အဆင်ပြေမယ့်အိမ်လေးတစ်လုံးပဲ ဖြစ်ပါတယ်။

လာရောက်ငှားရမ်းနေထိုင်သူတွေ လုံခြုံမှုရှိစေဖို့လည်း စီစီတီဗွီကင်မရာရှစ်လုံး တပ်ဆင်ပေးထားပါတယ်။ အိမ်တစ်ခုလုံးကို ၂၄ နာရီ လုံခြုံရေးကင်မရာတွေ တပ်ဆင်ပေးထားတာဖြစ်လို့ နေထိုင်သူတွေ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ပါတယ်။

အခန်းတိုင်းမှာ လေအေးပေးစက်တွေ တပ်ဆင်ပေးထားလို့နေထိုင်မယ့်သူတွေ အဆင်ပြေပြေနေထိုင်နိုင်ပါတယ်။ ရေ၊ မီး အစုံအလင်လည်းပါဝင်ပြီး အိမ်တွင်းမှာသုံးမယ့် ရေတွေကိုလည်း ရေသန့်ပြုလုပ်ပေးတဲ့စနစ် တပ်ဆင်ပေးထားပါတယ်။

ဒီအိမ်လေးရဲ့ ဗိသုကာပုံစံကလည်း နိုင်ငံခြားပုံစံဆန်ဆန် ဆောက်လုပ်ထားပါတယ်။ ထူးခြားချက်ကတော့ ဘေးပတ်ပတ်လည်ကို မှန်တွေနဲ့ ကာရံထားလို့ စိမ်းစိုတဲ့ ရှုခင်းအလှကို တဝကြီး ခံစားနိုင်ပြီး သဘာဝအလင်းရောင်ကို လုံလုံလောက်လောက်ရရှိစေမှာ ဖြစ်ပါတယ်။

ဒီအိမ်လေးက နေ့ဘက်အချိန်တွေမှာ မီးထွန်းစရာမလိုဘဲ တစ်အိမ်လုံး နေအလင်းရောင်ကို ရရှိစေမှာဖြစ်တဲ့အပြင် ဒီအိမ်ကို နေရောင်လုံးဝ မကျနိုင်အောင်လည်း နေရာအနေအထားကို သေချာတွက်ချက် တည်ဆောက်ထားတဲ့အတွက် အိမ်ထဲကို နေရောင်လုံးဝမဝင်နိုင်ဘဲ အေးမြမှုကို ၂၄ နာရီခံစားနိုင်မှာ ဖြစ်ပါတယ်။

အိမ်အပေါ်ဆုံးထပ်မှာ စတုရန်းပေ ၅၀၀ ခန့်ရှိတဲ့ဝရန်တာတစ်ခု ပါဝင်ပါသေးတယ်။ ဝရန်တာလေးကနေ သန့်ရှင်းတဲ့လေကို ရှူရှိုက်နိုင်တဲ့အတွက် တစ်နေ့တာ ပင်ပန်းမှုတွေကို ပြေပျောက်သွားစေနိုင်ပါတယ်။

အိမ်အောက်ထပ်မှာ ကားဂိုဒေါင်တစ်ခု ပါဝင်ပြီး ကားဂိုဒေါင်တံခါးကို အဝေးထိန်းခလုတ်နဲ့ အဖွင့်အပိတ်လုပ်နိုင်ပါတယ်။ ကားဂိုဒေါင်တံခါးဖွင့်ဖို့ အလုပ်မရှုပ်တော့ဘဲ အဝေးထိန်းခလုတ်နဲ့ တံခါးအဖွင့်အပိတ်လုပ်နိုင်လို့ နေထိုင်မယ့်သူတွေ ပိုပြီးအဆင်ပြေပြေ သုံးစွဲနိုင်ပါတယ်။

ဒီအိမ်ရဲ့တည်နေရာက လှိုင်သာယာမြို့နယ်မှာတည်ရှိလို့ မြို့ထဲနဲ့အလှမ်းဝေးပေမယ့် ကိုယ်ပိုင်ကားရှိတဲ့သူတွေအတွက်ကတော့ အဆင်ပြေစေနိုင်ပြီး တိတ်ဆိတ်တဲ့ ပတ်ဝန်းကျင်ကိုနှစ်သက်မယ့်သူတွေ အဆင်ပြေမယ့်နေရာလေးတစ်ခုလည်း ဖြစ်ပါတယ်။

လှိုင်သာယာစက်မှုဇုန်နားမှာတည်ရှိလို့ အိမ်နဲ့ရုံးခန်းတွဲ ဖက်ဖွင့်လှစ်ချင်သူတွေအတွက် အဆင်ပြေမယ့် အိမ်တစ်လုံးပဲ ဖြစ်ပါတယ်။ ဒီအိမ်လေးက FMIအိမ်ရာ၊ ပန်းလှိုင် ဂေါက်ကွင်းနဲ့ နီးလို့လည်း အပန်းဖြေလိုသူတွေ အဆင်ပြေမှာပါ။

ဒီအိမ်လေးကို ငှားရမ်းမယ်ဆိုရင်တော့ တစ်လ သိန်း ၇၀ ပေးရမှာ ဖြစ်ပါတယ်။ အရန်သင့်နေလိုသူတွေအတွက်ကတော့ နှစ်ခါပြန်မစဉ်းစားသင့်တဲ့ အိမ်လေးတစ်လုံးပါ။

ငှားရမ်းဖို့ စိတ်ဝင်စားသူတွေက အိမ်ပိုင်ရှင်ကို တိုက်ရိုက်ဆက်သွယ်နိုင်ပါတယ်။ ■

# ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းအကျိုးခံစားရာမြို့နယ် အပြီးသတ်ရွေးမည်

တင်ရတနာထွန်း

**ကမ္ဘာ့ဘဏ်၏ ထောက်ပံ့မှုနှင့်** ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော အခြေခံအဆောက်အအုံများ ဆောက်လုပ်မှုကို ကူညီပေးသည့် လူထုဗဟိုပြုစီမံကိန်းအတွက် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှ မြို့နယ်တစ်မြို့နယ်ကို ကူညီထောက်ပံ့ရန် လာမည့်တစ်လအတွင်း အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း ထိုစီမံကိန်း၏ သတင်းပြန်ကြားရေးအကြံပေး ဒေါ်လွဲ့ရင်ဝင်းက ပြောသည်။

"လူထုဗဟိုပြုစီမံကိန်း ရန်ကုန်တိုင်းဒေသကြီးအတွက် ထန်းတပင်မြို့နယ်ကို ပထမဦးစားပေး၊ ကော့မှူးမြို့နယ်ကို ဒုတိယဦးစားပေးနဲ့ ကွမ်းခြံကုန်းမြို့နယ်ကို တတိယဦးစားပေးဆိုပြီး ရွေးထားတယ်။ သက်ဆိုင်ရာမြို့နယ်တွေမှာရှိတဲ့ ကျန်းမာရေး၊ ပညာရေး၊ ဆင်းရဲနွမ်းပါးတာ၊ တည်ငြိမ်အေးချမ်းတာ၊ တခြားအကူအညီမရှိတာနဲ့ သင့်တင့်တဲ့လမ်းပန်းဆက်သွယ်ရေးရှိတာတွေကိုကြည့်ပြီး ရွေးချယ်ခဲ့တာပါ"ဟု ဒေါ်လွဲ့ရင်ဝင်းကပြောသည်။

ရွေးချယ်ထားသော မြို့နယ်သုံးခုကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ သဘောထားမှတ်ချက်ရယူကာ နိုင်ငံခြား အကူအညီစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တင်ပြပြီး မြို့နယ်တစ်မြို့နယ်ရွေးချယ်ပြီးနောက် ကမ္ဘာ့ဘဏ်သို့ပေးပို့ကာ ကန့်ကွက်ရန်မရှိကြောင်းသဘောထား မှတ်ချက်ရယူပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုညွှန်ကြားရေးမှူး ဦးလှခိုင်ကပြောသည်။

"လူထုဗဟိုပြုစီမံကိန်းက ဆင်းရဲနွမ်းပါးတဲ့ ကျေးလက်ပြည်သူတွေ အခြေခံလူမှုစီးပွားအဆောက်အအုံတွေကို လူထုလူတန်းစားမျိုးစုံပါဝင်ပြီး ကိုယ်တိုင်အကောင်အထည်ဖော် လုပ်ဆောင်တတ်စေဖို့ ရည်ရွယ်တယ်။ စီမံကိန်းမှာ ရွေးချယ်ခံရတဲ့မြို့နယ်တွေအတွက် ဘဏ္ဍာငွေကို လူထုဆီ တိုက်ရိုက်ထောက်ပံ့ပေးမှာဖြစ်ပြီး ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်တယ်"ဟု ဦးလှခိုင်က ပြောသည်။

လူထုဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်က ဒေါ်လာ သန်း ၈၀ နှင့် နည်းပညာပံ့ပိုး အကူအညီပေးပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူကာ အစိုးရအဖွဲ့ရုံးစိုက်သည့် နေပြည်တော်ကောင်စီနယ်မြေမှ မြို့နယ်တစ်မြို့နယ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့မှ မြို့နယ်တစ်မြို့နယ်စီတို့တွင် အခြေခံအဆောက်အအုံများ ဆောက်လုပ်မည်ဖြစ်သည်။ စီမံကိန်းပထမနှစ်တွင် သုံးမြို့နယ်၊ ဒုတိယနှစ်နှင့် တတိယနှစ်တို့တွင် ခြောက်မြို့နယ်နှင့် တစ်မြို့နယ်ကို သုံးနှစ်စီကြာမြင့်မည်ဖြစ်ပြီး စီမံကိန်းကာလမှာ ခြောက်နှစ်နှင့် လေးလခန့် ဖြစ်သည်။

"ဒုတိယနှစ်စီမံကိန်းအတွက် ပြည်နယ်နဲ့ တိုင်းလေးခုက အကျိုးခံစားရာ မြို့နယ်တစ်မြို့နယ်စီရွေးချယ်ပြီးပြီ။ ရန်ကုန်မြို့နယ်ကို ဦးစားပေးသုံးမြို့နယ်ရွေးချယ်ပြီးပြီ။ နေပြည်တော်မြို့နယ်အတွက် ရှေ့လမှာ ဦးစားပေး သုံးမြို့နယ် ရွေးချယ်မှာပါ။ မြို့နယ်တွေအားလုံးရွေးချယ်ပြီးရင် စီမံကိန်းအတွက် စတင်အကောင်အထည်ဖော် သွားပါမယ်။ ဒုတိယနှစ်အတွက် စီမံကိန်းအကျိုးခံစားရာမြို့နယ်ရွေးချယ်ပြီးတဲ့ မြို့နယ်တွေမှာ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွေ စလုပ်နေပါတယ်"ဟု ဒေါ်လွဲ့ရင်ဝင်းက ပြောသည်။

စီမံကိန်းပထမနှစ်ဖြစ်သည့် ၂၀၁၃ ခုနှစ်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့၊ ရှမ်းပြည်နယ် နမ့်ဆန်မြို့နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ကျွန်းစုမြို့နယ်များကို ရွေးချယ်ခဲ့ပြီး ဒုတိယနှစ်ဖြစ်သည့် ၂၀၁၄ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပင်လယ်ဘူးမြို့၊ မကွေးတိုင်းမှ စေတုတ္တရာမြို့၊ ဧရာဝတီတိုင်းမှ လေးမျက်နှာမြို့၊ ရခိုင်ပြည်နယ်မှ အန်းမြို့နယ်တို့နှင့် ရန်ကုန်တိုင်း ဒေသကြီးနှင့် နေပြည်တော်မြို့နယ်တို့မှ တစ်မြို့နယ်စီတို့ကို စီမံကိန်းအကျိုးခံစားရာ မြို့နယ်အဖြစ် ရွေးချယ်မည်ဖြစ်သည်။

"စီမံကိန်းအတွက်ရွေးချယ်ခံရတဲ့မြို့နယ်တွေမှာ အခြေခံအဆောက်အအုံတစ်မျိုးတည်းကိုသာ ဆောက်နိုင်အောင် ကူညီမှာဖြစ်ပါတယ်။ စီမံကိန်းပထမနှစ်မှာ အဆောက်အအုံတွေကို တည်ဆောက်ခွင့်မပြုသေးဘဲ ဆောက်ပြီးသားလမ်း၊ တံတား၊ ကျောင်းအဆောက်အအုံတွေကို ပြင်ဆင်ခွင့်ပဲပြုမယ်။ ဒုတိယနှစ်နဲ့ တတိယနှစ်မှာ အဆောက်အအုံအသစ်တွေ ဆောက်ခွင့်ပြုမယ်"ဟု ဦးလှခိုင်ကပြောသည်။

ထိုစီမံကိန်းအတွက် အခြေခံအဆောက်အအုံများဆောက်လုပ်ရန် မြို့နယ်တစ်မြို့နယ်အလိုက် သတ်မှတ်ခြင်းမဟုတ်ဘဲ လူဦးရေအပေါ်မူတည်ကာ လူဦးရေ ၃,၀၀၀ ရှိသောကျေးရွာကို ကျပ်သိန်း ၁၈၀၊ လူဦးရေ ၃,၀၀၀ မှ ၅,၀၀၀ ကြားကို ကျပ် ၂၄၃ သိန်းနှင့်လူဦးရေ ၅,၀၀၀ ကျော်လျှင် ကျပ် ၃၀၆ သိန်းဟု သတ်မှတ်ထားကြောင်း ၎င်းကပြောသည်။ ■



# ကလေးတွေအတွက် ဘာသာပြန်ထုတ်ဝေလိုက်တဲ့ ချက်သမ္မတ Vaclav Havel ရဲ့ သရုပ်ဖော် ပုံပြင်စာအုပ်



ပုံပြင်စာအုပ်ထဲက မင်းကိုနိုင်ရဲ့ ပန်းချီသရုပ်ဖော် လက်ရာနှစ်ခု။

ဌှန်ပန်းပွင့်

**မြန်မာကလေးတွေရဲ့** စာပေစွမ်းရည်ကို ကျယ်ပြန့်လာစေမယ့် သရုပ်ဖော်ပုံပြင်စာအုပ်ကို စတင်မိတ်ဆက်လိုက်ပါပြီ။ ကမ္ဘာ့သိပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ Vaclav Havel ရေးသားထားတဲ့ The PIZH'DUKS စာအုပ်ကို မြန်မာဘာသာပြန်ဆိုပြီး ကလေးတို့အတွက် ထုတ်ဝေဖြန့်ချိလိုက်တာဖြစ်ပါတယ်။

စာရေးသူ မစ္စတာ Vaclav Havel ဟာ ပြဇာတ်ရေးဆရာ၊ နိုင်ငံရေးအကျဉ်းသားဟောင်းဖြစ်ပြီး ချက်ကိုစလိုဗားကီးယားနိုင်ငံရဲ့ နောက်ဆုံးသမ္မတနဲ့ ချက်သမ္မတနိုင်ငံရဲ့ ပထမဆုံး သမ္မတလည်းပဲ ဖြစ်ပါတယ်။ မစ္စတာ Havel ဟာ ကလေးစာပေရေးသားသူတော့ မဟုတ်ပါဘူး။ ဒီစာအုပ်ဟာ ကလေးတို့အတွက် ရည်ညွှန်းရေးသားတဲ့ သူ့ရဲ့တစ်အုပ်တည်းသော ကလေးစာအုပ်ဖြစ်ပါတယ်။ ၁၉၇၅ ခုနှစ်မှာ ဒီစာအုပ်ကို ရေးသားခဲ့ပြီး အဲဒီအချိန်ဟာ

## ကလေးတို့ ကြိုက်မယ်၊ မကြိုက်ဘူးဆိုတာလည်း ဦး အတပ်မပြောနိုင်ဘူး ”

ချက်ကိုစလိုဗားကီးယားနိုင်ငံကို ကွန်မြူနစ်တွေ အုပ်ချုပ်နေတဲ့ ကာလဖြစ်ပြီး စာရေးဆရာအများစုဟာ သူတို့ ရေးသားထားတဲ့ စာအုပ်ကို ထုတ်ဝေခွင့်ရဖို့ အလွန်ခက်ခဲတဲ့ အချိန်လည်း ဖြစ်ပါတယ်။

မူရင်းစာအုပ်ကို ချက်ဘာသာနဲ့ ရေးသားထားပြီး ၂၀၀၈ ခုနှစ်မှာ အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့ကာ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ မောင်ဒေးက ၂၀၁၃ ခုနှစ်မှာ ပြန်ဆိုခဲ့ပါတယ်။ အပိုင်းတစ်ပိုင်းစီမှာ စာရေးသူ Havel နဲ့ ဘဝတူဖြစ်တဲ့ မြန်မာနိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးဖြစ်သလို ပန်းချီဆရာ၊ ကဗျာဆရာ၊ စာရေးဆရာလည်းဖြစ်တဲ့ မင်းကိုနိုင်ရဲ့ ရေဆေးပန်းချီသရုပ်ဖော်လက်ရာတွေနဲ့ တွဲဖက်တင်ဆက်ထားပါတယ်။

မြန်မာဘာသာပြန် စာအုပ်ကို 'ဖိုးစီတို့အကြောင်း'လို့ အမည်ပေးထားပြီး 'လျှို့ဝှက်ကြံစည်မှု'၊ 'တယ်လီဖုန်း'နဲ့ 'အလည်ထွက်သူ' ဆိုပြီး အပိုင်းသုံးပိုင်းကို ကလေးတွေ ဖတ်ရှုကြရမှာဖြစ်ပါတယ်။ မိမိကိုယ်ကျိုးကိုပဲ ရှေ့တန်းတင်တတ်တဲ့ နိုင်ငံရေးသမားတွေရဲ့အကြောင်းကို ရယ်စရာပုံစံနဲ့ စာရေးသူက ရေးဖွဲ့ထားတာဖြစ်ပါတယ်။

"ဒီစာအုပ်ကို ဘာသာပြန်ထုတ်ဝေရတာဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရွှေ့လျားစာကြည့်တိုက်အတွက် လှူဒါန်းချင်တဲ့ ရည်ရွယ်ချက်လည်း ပါပါတယ်။ Havel ဟာ ကွန်မြူနစ်စနစ်ဆိုးနဲ့ ဆိုးဝါးတဲ့နိုင်ငံရေးသမားတွေကို ထောက်ပြဝေဖန်ချင်တာကြောင့် ဒီပုံပြင်စာအုပ်ကို ရေးသားခဲ့တာဖြစ်ပြီး ကလေးတွေ ဖတ်ရှုလို့ရအောင် ပေါ့ပေါ့ပါးပါးလေး တင်ဆက်ထားတာဖြစ်ပါတယ်"လို့ ချက်သမ္မတနိုင်ငံသံရုံး (ရန်ကုန်) မှ Charge d'Affairs ဖြစ်သူ မစ္စတာ Michal Svoboda က ပြောပါတယ်။

"ဆရာဟာဗဲလ်ဟာ နိုင်ငံရေးအကျဉ်းသားတစ်ဦးဖြစ်သလို စာအုပ်ကို သရုပ်ဖော်ရေးဆွဲသူ မင်းကိုနိုင်ကလည်း နိုင်ငံရေးအကျဉ်းသားတစ်ဦးပဲ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ပုံပြင်စာအုပ်ကို အတူတကွ ရေးသားသရုပ်ဖော်ကြတာ အင်မတန်မှ လိုက်ဖက်ညီလှပါတယ်"လို့လည်း သူကဆိုပါတယ်။

'ဖိုးစီတို့အကြောင်း' စာအုပ်ကို မေလ ၁၄ ရက်နေ့က ယောမင်းကြီးလမ်းရှိ Gallery 65 ပြခန်းမှာ မိတ်ဆက်ပေးခဲ့ပြီး ပုံပြင်စာအုပ်အတွက် သရုပ်ဖော်ပန်းချီဆွဲပေးခဲ့တဲ့ မင်းကိုနိုင်ရဲ့ ထောင်တွင်းမှာရေးဆွဲခဲ့တဲ့ ပန်းချီကားများနဲ့ လွတ်မြောက်လာပြီးနောက်ပိုင်း ရေးဆွဲခဲ့တဲ့ ရေဆေးနဲ့ အခရိုင်းလစ် ရှုခင်းပန်းချီကားများကိုလည်း ပြသခဲ့ပါတယ်။

"သရုပ်ဖော်ပုံ ရေးဆွဲပေးဖို့ သံရုံးကနေ ကျွန်တော့်ကို ကမ်းလှမ်းပါတယ်။ တိုင်းပြည်မှာ တတ်ကျွမ်းတဲ့ပညာရှင်တွေ ရှိတယ်၊ သူတို့ကို အပ်ပါလို့ ကျွန်တော်ပြောပါတယ်။ ကျွန်တော်နဲ့ Havel က ဘဝတူတွေဖြစ်နေလို့ ကျွန်တော့်ကိုပဲ ဆွဲစေချင်တယ်လို့ပြောတော့ ကျွန်တော်ကလည်း ဆွဲပေးမယ်၊ ဒါပေမဲ့ မကောင်းရင် အားနာပြီးတော့ မသုံးနဲ့လို့ ပြောခဲ့တယ်။ ပုံပြင်စာအုပ်ကို ဖတ်ကြည့်တော့ ဆွဲချင်စိတ်တော်တော်ပေါက်သွားတယ်။ ကျွန်တော်တို့တိုင်းပြည်အတွက် Havel လုပ်ပေးခဲ့တာတွေက အများကြီးဆိုတော့ ကျွန်တော်လည်း တစ်ခုခုပေးဆပ်မယ်ဆိုတဲ့စိတ်နဲ့ စိတ်ပါလက်ပါ ဆွဲပေးခဲ့တယ်။ ပြကြည့်တော့ သူတို့လည်းကြိုက်ပြီး ပုံပြင်စာအုပ်မှာ အသုံးပြုခဲ့ပါတယ်"လို့ မင်းကိုနိုင်က ပြောပါတယ်။

ပုံပြင်စာအုပ်ရဲ့ပထမပိုင်းဖြစ်တဲ့ 'လျှို့ဝှက်ကြံစည်မှု'အပိုင်းအတွက် ကျောက်ခေတ်လူသားတွေ အချင်းချင်း ချောင်းမြောင်းတိုက်ခိုက်နေတဲ့ပုံကို ရေဆေးဆွဲထားပါတယ်။ ယခုခေတ်လူပုံတွေ မဆွဲတာဟာ လူတန်းစားတစ်ရပ်၊ နေရာတစ်နေရာကို တိုက်ရိုက်ကိုယ်စားမပြုချင်တာကြောင့်လို့ မင်းကိုနိုင်က ပြောပါတယ်။

"ကျွန်တော် ထောင်ထဲရောက်ပြီးတော့မှ Havel ရဲ့အကြောင်းကို တစ်စွန်းတစ်စ စပြီး ကြားဖူးတာပါ။ ထောင်ကထွက်လာမှ သူ

စာမျက်နှာ ၄၃ သို့









စက်ရုံပျက်တစ်နေရာမှာ တွေ့ရတဲ့ ဖန်ထည်ပစ္စည်းများ (ဝဲပုံ)။ ဦးဖန်မြေမှုန်မြေ (ဝဲပေါ်)။ စက်ရုံခြံဝင်းအတွင်း ပြန့်ကျဲနေတဲ့ ဖန်ထည်ပစ္စည်းများ (ယာ)။ ဓာတ်ပုံ - ဘရစ်ဂျစ်ဒီဆာတို

# မြေမြုပ်

ဘရစ်ဂျစ်ဒီဆာတို

**ဦးဖန်မြေမှုန်မြေဟာ** သူ့အသက်ဘယ်လောက်လဲဆိုတာ ကောင်းကောင်းမမှတ်မိတော့ပါဘူး။ " ၆၀ တော့ကျော်ပြီ။ ဒါပေမဲ့ ၇၀ တော့ မပြည့်သေးပါဘူး"လို့ နောက်ခြောက်နှစ်လောက်ဆို ပျက်စီးမယ့်ပုံရတဲ့ သံချေးတက်ပြီး အဆင်းမရှိတော့တဲ့ သွပ်ခေါင်မိုးအရိပ်အောက်မှာ ထိုင်ရင်း သူ့အသက်ကို ခန့်မှန်းပြီးပြောလိုက်ပါတယ်။

လေးဧကကျယ်ဝန်းတဲ့ဝင်းထဲမှာ သစ်ရွက်တွေနဲ့ ချုံပင်တွေ တစ်ဝက်တစ်ပျက် ဖုံးလွှမ်းထားတဲ့အရာတွေနဲ့ သူ့ဘေးမှာ ပြန့်ကျဲတည်ရှိနေတာတွေကတော့ သူ့တစ်သက်ကြိုးပမ်းအားထုတ်ခဲ့ရာကနေ ရလာတဲ့အသီးအပွင့်တွေပါပဲ။ ဒီနေရာလေးကတော့ ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက်မှာတည်ရှိပြီး ဦးဖန်မြေမှုန်မြေ ငယ်ငယ်က သူ့ဖခင်နဲ့အတူ စတင်လုပ်ကိုင်ခဲ့ရာ နဂါးဖန်ချက်စက်ဆိုတဲ့ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး လက်ဖြစ်ဖန်ချက်စက်ရုံလေးပါ။

ဒီ စက်ရုံကလေးဟာ အင်းလျားကန်အရှေ့မြောက်ပိုင်းနားက ဘုရားဇီးလ်သံရုံးအနောက်ဘက်မှာရှိတဲ့ ယာဉ်အသွားအလာနည်းတဲ့ လမ်းခွဲလေးမှာ မထင်မရှား တည်ရှိပါတယ်။ လမ်းသွယ်လေးအဖြစ် ခွဲထွက်သွားတဲ့ မြေသားလမ်းလေးအတိုင်း ခေါင်မိုးကြီးတစ်ခုကိုဖြတ်ပြီး သွားလိုက်ရင် လွန်ခဲ့တဲ့ခြောက်နှစ်က နာဂစ်မုန်တိုင်းဒဏ်ကို အန်တုရင်း အပျက်အစီးတွေနဲ့ ကျန်ရစ်ခဲ့တဲ့ စက်ရုံကလေးကို တွေ့ရမှာပါ။

နဂါးဖန်ချက်စက်အတွင်းမှာတော့ သစ်ပင်ကြီးတွေက ဖရိုဖရဲလဲကျနေပြီး အလုပ်ရုံနဲ့ ဂိုဒေါင်တွေကလည်း ပျက်စီးယိုယွင်းနေသလို တစ်ခါက စက်ရုံကို ထင်ရှားကျော်ကြားစေခဲ့တဲ့ အဖိုးတန်ဖန်ထည်တွေကို တောင်ပုံရာပုံ တွေ့ရပါတယ်။

ဒုတိယကမ္ဘာစစ်အပြီးမှာ မြန်မာနိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ ပျက်စီးခဲ့ရတာကြောင့် တခြားလူသုံးကုန်ပစ္စည်းအများစုလိုပဲ ဖန်ထည်တွေကိုလည်း ထိုင်းနိုင်ငံနဲ့ ဂျပန်နိုင်ငံကနေ တင်သွင်းခဲ့ရပါတယ်။ အဲဒီအချိန်မှာ ဦးဖန်မြေမှုန်မြေရဲ့ဖခင်နဲ့ သူ့မိတ်ဆွေငါးဦးတို့ဟာ မြန်မာပြည်ဖြစ် ဖန်ထည်တွေထုတ်လုပ်ဖို့ စီးပွားရေးအခွင့်အလမ်းကို မြင်ခဲ့ကြပါတယ်။

"အစပိုင်းမှာတော့ သူတို့လက်ရာတွေက သိပ်မကောင်းပါဘူး။ ဖန်ထည်မှုတ်ရာမှာ ကျွန်တော်တို့တွေ နည်းနည်းချင်းစီ တိုးတက်လာကြပါတယ်။ ဖန်ထည်ပြုလုပ်နည်းနဲ့ပတ်သက်ပြီး ကျွန်တော် စာအုပ်တွေအများကြီး ဖတ်ရှုလေ့လာခဲ့ပါတယ်" လို့ ဦးဖန်မြေမှုန်မြေက ပြောပြပါတယ်။

"ဖန်ထည်ပုံစံအမျိုးမျိုးပုံဖော်နည်း၊ ဖန်သား







# နေတဲ့ ရတနာသိုက်

ကောင်းအောင်ပြုလုပ်နည်းနဲ့ ရှိသင့်တဲ့အပူချိန်ရအောင်လုပ်နည်း စတာတွေကို ကိုယ်တိုင်သင်ယူလေ့လာခဲ့ရတာပါ။ အပူချိန်များလွန်းရင် အရမ်းပျော့လွန်းသွားတဲ့အတွက် ပုံဖော်လို့မကောင်းပါဘူး။ အေးလွန်းပြန်တော့လည်း ဖန်ထည်က ကွဲသွားတတ်ပါတယ်” လို့ သူက ရှင်းပြပါတယ်။

ဥရောပနဲ့ အာရှက ဖန်မှုတ်သမားတွေနဲ့ မတူတာက ဦးဖန်မြေမှန်မြေနဲ့ သူ့ဖခင်ရဲ့အလုပ်သမားအဖွဲ့ဟာ ဖန်ထည်မှုတ်နည်းတွေကို စာတွေ့သင်ယူခဲ့ကြတာပဲဖြစ်ပါတယ်။ အင်္ဂလန်က ဖန်မှုတ်နည်းစာအုပ်တွေမှာပြီး သူတို့စက်ရုံကို နာမည်ကြီးစေတဲ့ အနုစိတ်လှတဲ့ ရုပ်တုတွေနဲ့ ဖန်ထည်လုပ်နည်းတွေကို ကိုယ်တိုင်လေ့လာသင်ယူခဲ့ကြတာပါလို့ ဦးဖန်မြေမှန်မြေက ပြောပြပါတယ်။

သူတို့ရဲ့ စိတ်ရှည်မှုနဲ့ မဆုတ်မနစ်ကြိုးပမ်းမှုကြောင့် နဂါးဖန်စက်ဟာ မြန်မာနိုင်ငံအတွင်းမှာ အလျင်အမြန် နာမည်ရလာခဲ့ပါတယ်။ စက်ရုံအောင်မြင်မှုရနေချိန်အတွင်း ရောက်လာခဲ့ကြတဲ့ ဧည့်သည်တွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်မိသားစုလည်း ပါဝင်ပြီး ၁၉၆၀ ပြည့်လွန်နှစ်တွေမှာ အမေရိကန်အာကာသယာဉ်မှူး John Glenn ဟာ မြန်မာနိုင်ငံကို ခရီးတစ်ထောက်ဝင်စဉ်မှာလည်း နဂါးဖန်စက်ကို ရောက်ရှိခဲ့တယ်လို့ သိရပါတယ်။

နဂါးဖန်စက်ဟာ လုပ်ငန်းကြီးတစ်ခုအဖြစ် အောင်မြင်မှုရလာခဲ့ပြီး ဦးဖန်မြေမှန်မြေနဲ့ ညီမတွေဟာ နောက်ပိုင်းမှာ စက်ရုံကို ဦးဆောင်လုပ်ကိုင်ခဲ့ကြပါတယ်။ စက်ရုံရဲ့ ငွေကြေးအရတန်ဖိုးကို သူက မမှတ်မိတော့ပေမယ့် အဲဒီတုန်းက ဝန်ထမ်း ၁၀၀ ကျော်ရှိတယ်လို့ သူက ပြောပြပါတယ်။ ဖန်ထည်တွေကို ပြည်တွင်းမှာ ဖြန့်ချိတဲ့အပြင် ထိုင်းနဲ့ ဂျပန်နိုင်ငံကိုလည်း တင်ပို့ရောင်းချတယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ ၁၉၉၇ ခုနှစ်မှာ စီးပွားရေးပိတ်ဆို့မှုဒဏ်ကို ခံစားခဲ့ရပြီး လုပ်ငန်းလည်း သိသိသာသာ ကျဆင်းသွားခဲ့ပါတယ်။ နောက်ဆယ်နှစ်လောက်အကြာမှာတော့ မြစ်ဝကျွန်းပေါ်ဒေသကို မွှေနှောက်ပြီး ရန်ကုန်ကိုပါဝင်လာတဲ့ နာဂစ်မုန်တိုင်းဒဏ်ကို အလူးအလဲခံခဲ့ရပါတယ်။

လူပေါင်းတစ်သိန်းကျော် သေကျေခဲ့ရတဲ့ နာဂစ်မုန်တိုင်းကြောင့် သူတို့မိသားစုရဲ့အိမ်မကြီး၊ စက်ရုံနဲ့ ဂိုဒေါင်တွေ ပျက်စီးခဲ့ရပါတယ်။ သက်တမ်းရာချီရှိတဲ့ သစ်ပင်ကြီးတွေနဲ့ ဖန်ချက်စက်ရုံရဲ့ မီးခိုးခေါင်းတိုင်တွေဟာ မြေထဲမှာ လဲကျနေပါတယ်။ မုန်တိုင်းကြောင့် လျှပ်စစ်မီးနဲ့ ရေလည်း ပြတ်သွားခဲ့ရပါတယ်။ နာဂစ်မုန်တိုင်းကြောင့် သူတို့မိသားစုဟာ စိတ်ခံစားမှုအရရော၊ တကယ့်အခြေအနေအရပါ အမှောင်ထုထဲ ရောက်သွားရပါတယ်။

နိုင်ငံခြားသားတွေ မြန်မာနိုင်ငံက ထွက်သွားပြီဆိုတဲ့ ကောလာဟလကို နာဂစ်မုန်တိုင်းမတိုက်ခင်လေးမှာ သူကြားခဲ့ရတယ်လို့ ဦးဖန်မြေမှန်မြေက ပြောပြပါတယ်။ ဒီသတင်းကြောင့် စိတ်ထဲတစ်မျိုးဖြစ်မိတာနဲ့ စက်ရုံထဲက ဂက်စ်ပိုက်လိုင်းတွေကို မုန်တိုင်းကြောင့် မြေပြိုတာမဖြစ်ခင်လေးမှာ လိုက်ပိတ်နေခဲ့မိတယ်လို့လည်း သူက ပြောပြပါတယ်။

“ဒီလိုဖြစ်ခဲ့တာက ကျွန်တော်တို့ကို အသက်ဘေးက ဝေးစေခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်မှာ ကျွန်တော်တို့ ဟိုနားမှာ ရှိနေခဲ့တာပေါ့”လို့ အိမ်ရဲ့တစ်ဖက်မှာရှိတဲ့ မြောင်းထဲက သွပ်မိုးဖျင်ကာတဲလေးကို ညွှန်ပြရင်း သူက ပြောပါတယ်။ “ဂက်စ်တွေအားလုံးကို ပိတ်ထားလိုက်မိလို့ မီးမလောင်တာပေါ့ဗျာ” လို့ ဦးဖန်မြေမှန်မြေက ပြောပါတယ်။

စီးပွားရေးပိတ်ဆို့မှုကြောင့် ငွေကြေးအကျပ်အတည်းနဲ့ ကြုံခဲ့ရတဲ့အပြင် နာဂစ်မုန်တိုင်းကြောင့် စက်ရုံနဲ့ အလုပ်ရုံတွေ ပျက်စီးသွားတဲ့အတွက် သူ့ရဲ့ဝန်ထမ်း ၆၀ ကို အလုပ်ဖြုတ်လိုက်ရပြီး စက်ရုံကိုလည်း တရားဝင် ရပ်နားခဲ့ရပါတယ်။

“အခုတော့ ဒါက ကျွန်တော်တို့ရဲ့ သဘာဝအလုပ်ရုံပေါ့” လို့ ခြံထဲကို လက်ညှိုးညွှန်ပြရင်း သူက ပြောပြပါတယ်။ ခြံထဲက သစ်ရွက်တွေအောက်မှာ လက်ရာမြောက်လှတဲ့ လက်ဖြစ်ဖန်ထည်တွေ အပုံလိုက် ဆင့်ထားတာ တွေ့ရပါတယ်။

ဦးဖန်မြေမှန်မြေဟာ ပြန်ပြင်လို့မရတော့တဲ့ သူ့စက်ရုံနဲ့ သူ့ကိုယ်သူ ခိုင်းနှိုင်းပြောဆိုပါတယ်။ သူက စက်ရုံကို ပြန်ပြင်ဖို့နဲ့ ဖန်ထည်ဆိုင်ဖွင့်ဖို့ စိတ်မဝင်စားတော့ဘူးလို့ ပြောပါတယ်။

“လူတွေက အပျက်အစီးတွေကြားထဲက ဖန်ထည်တွေကိုကြည့်ရတာ နှစ်သက်ကြတယ်” လို့လည်း သူကပြောပါတယ်။

နဂါးဖန်စက်ဟာ ဘရာဇီးလ်သံရုံးအနောက်ဘက်က လှိုင်မဟာစည်လမ်းပေါ်မှာ တည်ရှိပြီး သစ်ရွက်တွေနဲ့ ချုံပင်တွေထဲက ဖန်ထည်တွေကို နှစ်သက်ရာ လာရောက်ဝယ်ယူနိုင်စေဖို့ ပိတ်ရက်မရှိ ဖွင့်ပေးထားပါတယ်။ ဝယ်မယ့်သူက လိုချင်တာကို ပြလိုက်ရင်တော့ ဦးဖန်မြေမှန်မြေရဲ့ညီမ ဒါမှမဟုတ် တူမတစ်ယောက်ယောက်က ဖန်ထည်ကဖုန်တွေကို သုတ်ပေးပြီး ထုပ်ပိုးပြင်ဆင်ပေးပါလိမ့်မယ်။ ပန်းအိုးတွေက ကျပ်တစ်သောင်းကနေ တစ်သောင်းခွဲအထိ အမျိုးမျိုးရှိပြီး ရေခွက်နဲ့ ဝိုင်ခွက်တွေက ကျပ်ခြောက်ထောင်ဝန်းကျင်လောက် ရှိပါတယ်။ ရုပ်တုတွေကလည်း ကြောင်ရုပ်၊ ငါးရုပ်ကနေ ခရစ်တော်ဖွားမြင်ခန်းရုပ်တွေအထိ အမျိုးမျိုးရှိပြီး အနည်းဆုံးကတော့ ကျပ်ငါးထောင်လောက် ရှိပါတယ်။

**သီရိမင်းထွန်း ဘာသာပြန်သည်။** ■

## ကလေးတွေအတွက် ဘာသာပြန်ထုတ်ဝေ

စာမျက်နှာ ၄၁ မှ

ကျွန်တော်တို့တိုင်းပြည်အတွက် သေချာအားထုတ်ပြီး လုပ်ကိုင်ပေးခဲ့တာတွေကို သိတာ။ သူက ဝတ်ကျေတန်းကျေလုပ်ပေးခဲ့တာ မဟုတ်ပါဘူး။ အနစ်နာခံပြီးတော့ လုပ်ကိုင်ပေးခဲ့တယ်။ အထူးသဖြင့် နိုဘယ်ဆုအတွက် အဆိုပြုတာမျိုးပေါ့။ ဒါကြောင့် သူ့လိုပုဂ္ဂိုလ်မျိုးကို ကျွန်တော်တို့တိုင်းပြည်က မမေ့အပ်တဲ့ မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ပါတယ်”လို့လည်း မူရင်းစာအုပ်ရေးသားသူ Havel ရဲ့အကြောင်းကိုလည်း ပြောပြပါတယ်။

မင်းကိုနိုင်က သူထောင်ကနေ လွတ်လာပြီး ၂၀၀၅ ခုနှစ်မှာ သူ့အဖေဆွဲထားတဲ့ ပန်းချီကားလေးကို Havel အတွက် ပို့ပေးခဲ့တယ်လို့လည်းဆိုပါတယ်။ “ကျွန်တော်ပေးတဲ့ပန်းချီကားလေးကို သူရတဲ့အကြောင်းနဲ့ တန်ဖိုးထားသိမ်းဆည်းထားမယ်ဆိုတဲ့အကြောင်းကို သူစာပြန်ခဲ့တယ်။ ကျွန်တော်တို့အချင်းချင်းကြားမှာ နွေးထွေးတဲ့ ဆက်ဆံမှုမျိုးရှိတာကို သူဝမ်းသာတဲ့အကြောင်းလည်း ထည့်ရေးထားပါတယ်”လို့ မစ္စတာ Havel နဲ့ သူ့ကြားက ဆက်စပ်မှုကိုလည်း ပြောပြပါတယ်။

The PIZH'DUKS စာအုပ်ဟာ Vaclav Havel ရဲ့ ဒုတိယမြောက်စာအုပ်ဖြစ်ပြီး သူ့ရဲ့ပထမဆုံးစာအုပ်ဖြစ်တဲ့ အက်ဆေးပေါင်းချုပ် The Power of the Powerless စာအုပ်ကို မြန်မာဘာသာပြန်ဆိုပြီး ဖြစ်ပါတယ်။

သူရေးသားခဲ့တဲ့ ပြဇာတ်ပေါင်း ၂၀ ကျော်နဲ့ ဖြစ်ရပ်မှန်ဝတ္ထုတွေဟာလည်း နိုင်ငံတကာမှာ ဘာသာပြန်ဆိုထုတ်ဝေခြင်းခံခဲ့ရပါတယ်။

“ကလေးတို့ရေ . . ဦးက များသောအားဖြင့် ကလေးစာပေကို ရေးလေ့မရှိပါဘူး။ ဒါကြောင့်လည်း အခုဦးပြောပြမယ့် ဖိုးစီတို့အကြောင်းက ကလေးတို့အတွက် အဓိပ္ပာယ်ရှိပါ့မလား မသိဘူး။ ကလေးတို့ကြိုက်မယ်၊ မကြိုက်ဘူးဆိုတာလည်း ဦး အတပ်မပြောနိုင်ဘူး။ တကယ်လို့ မကြိုက်ခဲ့ဘူးဆိုရင် ဒီစာအုပ်ကို မလွှင့်ပစ်နဲ့နော်။ သိမ်းထားပြီး ကလေးတို့ အသက်ကြီးလာတဲ့အခါ ပြန်ဖတ်ကြည့်”လို့ စာရေးသူ Vaclav Havel က သူ့ရဲ့အမှာစာကို ခုလိုမျိုးရေးသားထားပါတယ်။

Havel ဟာ ၂၀၁၁ ခုနှစ်မှာကွယ်လွန်သွားခဲ့ပြီဖြစ်ပါတယ်။ ■



## ဟစ်ပ်ဟော့ပွဲ



**မိုးဦးမေလရဲ့** နောက်ဆုံးရက်ဖြစ်တဲ့ ၃၁ ရက်နေ့မှာ ဟစ်ပ်ဟော့ပါတီပွဲ ရှိပါတယ်။ နေရာကတော့ ကန်တော်ကြီးမျှော်စင်ကျွန်းမှာပါ။ ပါဝင်ကြမယ့် အဆိုတော်တွေက စိုင်းစိုင်းခမ်းလှိုင်၊ G-Tone ၊ Snare ၊ ဘန်နီဖြိုး၊ လွှမ်းပိုင်၊ ဂျောက်ဂျက်၊ ကျော်ထွဋ်ဆွေ၊ ရဲရင့်အောင်၊ Bobby Soxer ၊ ပိုပို၊ Lil-Z နဲ့ X-Box တို့ဖြစ်ကြပြီး DJ Wine ၊ DJ Mickey ၊ DJ Nyi Nyi နဲ့ DJ Concert တို့ရဲ့အစီအစဉ်တွေလည်း ပါဝင်ကြမှာပါ။ ပွဲစမယ့်အချိန်က ညနေ ၅ နာရီခွဲဖြစ်ပြီး ဝင်ကြေးက တစ်ဦး ကျပ် ၆,၅၀၀ ဖြစ်ပါတယ်။ **မိုးမိုးသော်** ■

## သဘာဝပတ်ဝန်းကျင်နေ့ အထိမ်းအမှတ် အနုပညာပွဲတော် ကျင်းပမည်

**ဇွန်လ** ၅ ရက်နေ့မှာ ကျရောက်မယ့် သဘာဝပတ်ဝန်းကျင်နေ့ (World Environment Day) အထိမ်းအမှတ် အနုပညာပွဲတော်ကို ဇွန်လ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ပြည်လမ်းပေါ်မှာတည်ရှိတဲ့ ပြင်သစ်ယဉ်ကျေးမှုဌာနမှာ ကျင်းပမှာဖြစ်ပါတယ်။ ပွဲတော်အတွင်းမှာ ဓာတ်ပုံပြပွဲ၊ ပန်းချီပြပွဲ၊ စာပေဟောပြောပွဲ၊ installation art နဲ့ ဗီဒီယိုတွေ ပြသသွားမှာ ဖြစ်ပါတယ်။ သုံးရက်တာကျင်းပမယ့် ပွဲတော်အတွင်းမှာ မြန်မာ့သစ်တောပညာရှင် ဦးအုန်း၊ ကာတွန်းဆရာ အော်ပီကျယ်၊ ပန်းချီဆရာမ ခင်သန်းဖြူနဲ့ ဖြူမွန်၊ ရုပ်ရှင်သရုပ်ဆောင်ဟောင်း ဒေါ်ဆွေဇင်ထိုက်ရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲများနဲ့ ကဗျာဆရာ ၁၈ ဦးရဲ့ ကဗျာရွတ်ပွဲတွေ ပါဝင်မှာဖြစ်ပါတယ်။ "နှစ်စဉ် သဘာဝပတ်ဝန်းကျင်နေ့မှာ အနုပညာပွဲကျင်းပလာတာ အခုဆို သုံးကြိမ်ရှိပါပြီ။ ဒီတစ်ခေါက်ပွဲမှာ ရေအရေးကြီးတဲ့အကြောင်း၊ ရာသီဥတုတွေပြောင်းလဲလာခြင်းရဲ့အကျိုးဆက်တွေအကြောင်းကို ဟောပြောမှာပါ။ သဘာဝပတ်ဝန်းကျင်နဲ့ဆိုင်တဲ့ ဓာတ်ပုံနဲ့ ပန်းချီကားတွေလည်း ပြသသွားမှာဖြစ်ပါတယ်"လို့ ပန်းချီဆရာမ ခင်သန်းဖြူက ပြောပါတယ်။ **ဇွန်ပန်းပွင့်** ■

## မြန်မာလူငယ်ရုပ်ရှင်ပွဲတော်အတွက် ပြိုင်ပွဲဝင်ကားများ ဖိတ်ခေါ်

**ပထမဆုံးအကြိမ်** ကျင်းပမယ့် မြန်မာလူငယ်ရုပ်ရှင်ပွဲတော်ကနေ လူငယ်တွေနဲ့သက်ဆိုင်တဲ့ အကြောင်းအရာတွေကို ရိုက်ကူးပုံဖော်ထားတဲ့ မှတ်တမ်းကား၊ ဇာတ်လမ်းတိုနဲ့ အန်နီမေးရှင်းကားတွေကို ပေးပို့ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်လိုက်ပါပြီ။ ပြိုင်ပွဲဝင်တွေဟာ အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း ဖြစ်ရမည်ဖြစ်ပြီး လူငယ်တွေအတွက် မှတ်သားစရာတစ်ခုခုပေးနိုင်မယ့် မိနစ် ၃၀ စာ ဇာတ်ကားတွေကို ပေးပို့ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။

"မြန်မာနိုင်ငံမှာ လူငယ်တွေ စုပေါင်းပါဝင်လှုပ်ရှားမှုဟာ အလွန်အားနည်းပါတယ်။ နိုင်ငံတကာလူငယ်များနေ့မှာ မြန်မာပြည်က လူငယ်တွေလည်း ပါဝင်ဆင်နွှဲစေချင်လို့ အခုလိုပြိုင်ပွဲလေး ကျင်းပရခြင်းဖြစ်ပါတယ်" လို့ ရုပ်ရှင်ပွဲတော်ကျင်းပရေးကော်မတီ အတွင်းရေးမှူးဖြစ်တဲ့ မရွှန်းလဲ့မောင်က ပြောပါတယ်။

ပြိုင်ပွဲဝင်တွေဟာ HD ကင်မရာနဲ့ ရိုက်ကူးထားတဲ့ရုပ်ရှင်ကားတွေကို ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၂၀ ရက်နေ့ နောက်ဆုံးထားပြီး အမှတ် (၅၈/၆၀)၊ ဗိုလ်အောင်ကျော်လမ်း(အောက်ဘလောက်) (သို့) မြန်မာနိုင်ငံလူငယ်များအစည်းအရုံး၊ အမှတ်(၁၇)၊ ဒုတိယထပ်၊ မာလာမြိုင်(၆)လမ်း၊ အနောက်ပေ(၅၀)လမ်းနဲ့ ဗဟိုလမ်းကြား၊ လှိုင်မြို့နယ်ကို ပေးပို့ရမှာ ဖြစ်ပါတယ်။

ဩဂုတ် ၁၂ ရက်နေ့မှာ ကျရောက်မယ့် နိုင်ငံတကာလူငယ်များနေ့မှာ ဆုကြေညာမှာဖြစ်ပြီး အကောင်းဆုံးမှတ်တမ်းကားဆု၊ အကောင်းဆုံးဇာတ်လမ်းတိုဆု၊ အကောင်းဆုံးအန်နီမေးရှင်းဆုနဲ့ ပရိသတ်များ မဲပေးရွေးချယ်တဲ့ ပရိသတ်အကြိုက်ဆုဆိုပြီး ဆုလေးမျိုး သတ်မှတ်ထားပါတယ်။ တစ်ဆုကို ကျပ် ၁၀ သိန်းစီချီးမြှင့်မှာ ဖြစ်ပါတယ်။ **ဇွန်ပန်းပွင့်** ■




# ကျန်းမာရေးအတွက်

ခရစ်တိုဖ်ဂဲလ်စ်ဒွေါဖ်



**ပုဂ္ဂလိကဆေးရုံတစ်ရုံမှာ** ကျန်းမာရေးနဲ့ပတ်သက်ပြီး သွေးစစ်တာအပါအဝင် ကိုလက်စထရောပမာဏ၊ အသည်းနဲ့ ကျောက်ကပ်တွေရဲ့ အလုပ်လုပ်ပုံကနေ ကင်ဆာဖြစ်နိုင်ခြေနဲ့ ယူရစ်အက်စစ်ပမာဏစတာတွေအထိ စစ်ဆေးမှုတွေပြုလုပ်ခဲ့တဲ့ အသက် ၃၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးဟာ ရန်ကုန်မှာ ဖွင့်ထားတဲ့ ကျွန်တော့်ဆေးခန်းဆီ ပြီးခဲ့တဲ့လက ရောက်လာပါတယ်။ သူကတော့ ရင်ခေါင်းဓာတ်မှန်ရိုက်တာ၊ ရင်သားကင်ဆာရှိမရှိ ရင်သားဓာတ်မှန်ရိုက်စစ်ဆေးတာ၊ ဝမ်းဗိုက်ပိုင်း အာလ်ထရာဆောင်းရိုက်တာနဲ့ အရိုးသိပ်သည်းဆစစ်ဆေးတာအပြင် ဆီးစစ်တာနဲ့ နှလုံးအတွက် အီးစီဂျီရိုက်တာတွေ အားလုံးစစ်ဆေးမှု ပြုလုပ်ခဲ့တာပါ။

အသက် ၃၂ နှစ်ပဲရှိသေးတဲ့ အမျိုးသမီးတစ်ဦးက ဘာကြောင့်ဒီလောက်စစ်ဆေးမှုတွေလုပ်ဖို့ လိုရတာလဲလို့ စာဖတ်သူက စဉ်းစားနေတယ်ဆိုရင်တော့ ဒါက အမှန်ကန်ဆုံးမေးခွန်းကို စာဖတ်သူက မေးနေတာပဲလို့ ကျွန်တော် ပြောချင်ပါတယ်။ ဒီလိုမျိုး စစ်ဆေးမှုတွေလုပ်တာဟာ ကျန်းမာရေးအတွက် ကောင်းတာကို လုပ်နေတာလို့ ယူဆတဲ့အတွက် လူတွေဟာ အခုလိုမျိုး အရာအားလုံးကို စစ်ဆေးနေကြတာပါ။ "ကိုယ့် ကျန်းမာရေးကောင်း၊ မကောင်း သိရအောင် အရာအားလုံးကို စစ်ဆေးမှုတွေ လုပ်ရမယ်"လို့ တွေးတာကတော့ သဘာဝကျပါတယ်။

တစ်ချိန်တည်းမှာပဲ ဆေးရုံတွေနဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ကုမ္ပဏီတွေဟာ သူတို့ရဲ့ ကြိုတင်ပြင်ဆင်ထားတဲ့၊ သူတို့ကို အမြတ်အစွန်းရစေမယ့် ဆေးပညာဆိုင်ရာထုတ်ကုန်တွေကို ရောင်းချင်လွန်းနေကြပါတယ်။ စစ်ဆေးမှုပေါင်းများစွာကို သုံး-လေးနာရီအတွင်း အပြီးအစီး လုပ်ပေးနိုင်ပြီး ရောဂါကို ခန့်မှန်းပေးနိုင်ဖို့၊ လိုအပ်တဲ့ ဆေးကုသမှုတွေခံယူဖို့စတဲ့ နောက်ပိုင်းကဏ္ဍတွေအတွက် လိုအပ်တဲ့ အချက်အလက်တွေကိုလည်း စာအုပ်လေးတစ်အုပ်မှာ အားလုံး စုစည်းထည့်ပေးထားပါတယ်။ ကနဦး ကျန်းမာရေးစစ်ဆေးမှုတွေကြောင့် ဝင်ငွေရတဲ့အပြင် နောက်ပိုင်းပြုလုပ်ဖြစ်တဲ့ စစ်ဆေးမှု၊ တိုင်ပင်မှု၊ ကုသမှုစတာတွေကနေလည်း ဝင်ငွေရနိုင်ပါသေးတယ်။

ဒီလိုမျိုး ကျန်းမာရေးအတွက် စစ်ဆေးမှုပြုလုပ်အဖြေရှာရာမှာ 'မှားယွင်းမှု'တွေ ရှိတတ်ပါတယ်။ သတ်မှတ်လူအုပ်စုတစ်စုအတွင်းမှာ ဖြစ်နိုင်ခြေသိပ်မရှိတတ်တဲ့ ရောဂါတစ်မျိုးမျိုးကို အဲဒီလူအုပ်စုထဲက လူတစ်ဦးဦးမှာ အဲဒီလို ရောဂါရှိနေတယ်လို့ စစ်ဆေးချက်တွေက ပြတတ်တာမျိုးတွေ တော်တော်များများ တွေ့ရပါတယ်။ စစ်ဆေးမှုတွေက ၁၀၀ ရာခိုင်နှုန်း မှန်ကန်တယ်ဆိုတာ မရှိပါဘူး။ ဒါကြောင့် ရောဂါဖြစ်နိုင်ခြေ သိပ်မရှိတဲ့ သူတစ်ဦးကို စစ်ဆေးလိုက်တဲ့အခါ အဲဒီလူမှာ ရောဂါရှိနေတယ်လို့ မှားယွင်းအဖြေထုတ်ပေးတတ်တာမျိုးတွေကို ကျွန်တော်တို့ မကြာခဏတွေ့နေကြရတာပါ။ ဒါကို ကျွန်တော်တို့က 'တိကျမှုဖြစ်စဉ်'လို့ ခေါ်ပါတယ်။

ဥပမာပြရမယ်ဆိုရင် ကားစီးရေ ၁,၀၀၀ မှာ တစ်စီးဟာ ကားမီးထလောင်တဲ့အထိ ဖြစ်စေတတ်တဲ့ အင်ဂျင်ကိုမီးပေးတဲ့စနစ် ပျက်တာမျိုးဖြစ်တယ်ဆိုပါစို့။ ဒီလိုဖြစ်ရပ် ဘာကြောင့်ဖြစ်ရတယ်ဆိုတာကို ချွတ်ယွင်းချက်ကို ရှာဖွေရာမှာ ကျွန်တော်တို့ အသုံးပြုတဲ့စစ်ဆေးမှုက ၉၀ ရာခိုင်နှုန်းပဲ တိကျမှုရှိပါတယ်။ တစ်နည်းပြောရရင် စစ်ဆေးမှုရဲ့ ၁၀ ရာခိုင်နှုန်းက မှားယွင်းမှုတွေပါ။ မီးပျောက်သွားတဲ့အတွက် ကားစက်နှိုးမရတာ၊ ဒါမှမဟုတ် အင်ဂျင်အသံတစ်မျိုးဖြစ်တာ စတဲ့အန္တရာယ်သိပ်မများလှတဲ့ အရာမျိုးတွေဖြစ်စေပေမယ့်လည်း အင်ဂျင်ကိုမီးပေးတဲ့စနစ် မီးထလောင်တာမျိုးလည်း ဖြစ်တတ်တယ်လို့ စစ်ဆေးချက်က အပြီးသတ်ကောက်ချက်ချထားပါတယ်။ ကားစီးရေ ၁,၀၀၀ မှာ ၉၉၉ စီးက အင်ဂျင်မီးပေးတဲ့စနစ် ထလောင်တာမျိုး မဖြစ်ဘူးဆိုရင် ဒီစစ်ဆေးချက်ဟာ ကားစီးရေ ၁၀၀ မှာ မှားယွင်းအဖြေထုတ်ပေးတာမျိုးတွေ ရှိနိုင်ပါတယ်။ ဒီမှားယွင်းမှုကြောင့် ကားပိုင်ရှင်တွေ မလိုအပ်ဘဲ ကားသစ်ထပ်ဝယ်ရတာမျိုး ဖြစ်စေမှာပါ။

မှားယွင်းအဖြေရဲ့ နောက်ဆက်တွဲဆိုးကျိုးက လူ့ကျန်းမာရေးမှာဆိုရင် နစ်နာမှုတွေ အများကြီးဖြစ်စေပါတယ်။ ကျွန်တော့်ရဲ့ ဆောင်းပါးကို ဖတ်နေကျစာဖတ်သူတွေဟာ ပြီးခဲ့တဲ့လမှာ ကျွန်တော်ဖော်ပြခဲ့တဲ့ ရင်သားကင်ဆာဖြစ်မဖြစ် စစ်ဆေးခြင်းနဲ့ အသက် ၅၀ အောက် အမျိုးသမီးတွေ ရင်သားဓာတ်မှန်ရိုက်စစ်ဆေးခြင်းရဲ့ အန္တရာယ်အကြောင်းကို သတိရကြမှာပါ။ အသက် ၃၀ ကျော်အတွင်း အမျိုးသမီးတွေ ရင်သားဓာတ်မှန်ရိုက် စစ်ဆေးတာဟာ ဆေးပညာအမြင်အရ မလုပ်သင့်ဘူးလို့ ကျွန်တော် ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုအသက်အရွယ်အတွင်း အမျိုးသမီးတွေနဲ့ပတ်သက်ပြီး တွေ့ရတဲ့ ကင်ဆာဖြစ်

# ကြိုတင်စစ်ဆေးမှုလုပ်တာတွေက ဘေးမကင်းတဲ့အခါ. .



နိုင်တယ်လို့ ကောက်ချက်ချနိုင်တဲ့ အချက်အလက်တွေဟာ ဖြစ်နိုင်ဖွယ်ရာ မှားယွင်းအဖြေထုတ်မှုတွေ အရမ်းများလွန်းတာကြောင့်ပါ။

ကံဆိုးချင်တော့ ကျွန်တော့်ဆီရောက်လာတဲ့ အမျိုးသမီးခမျာ သူ့ရင်သားမှာ အဖုအကျိတ်ရှိတယ်လို့ ရင်သားဓာတ်မှန်ရိုက်စစ်ဆေးချက်က ဖော်ပြထားပါတယ်။ သူ့အသက်အရွယ်အရရယ်၊ ရင်သားကင်ဆာဖြစ်နိုင်တဲ့ အလားအလာတွေတစ်ခုမှ သူ့မှာမရှိတာရယ်ကြောင့် အဲဒီအဖုအကျိတ်ဟာ သူ့ကိုအန္တရာယ်ဖြစ်စေမယ့် အရာမျိုးမဟုတ်ဘူးဆိုတာ လုံးဝသေချာပါတယ်။ ဒါကြောင့် ခွဲစိတ်ကုသမှုခံယူဖို့မလိုအပ်ပါဘူး။

ဒါပေမဲ့ သူ့ရဲ့စစ်ဆေးချက်က အကျိတ်ရှိတယ်လို့ ဖော်ပြထားတဲ့အတွက် ဆေးရုံကလည်း အကျိတ်ကိုခွဲထုတ်ဖို့အတွက် သူ့ကို ရင်သားကင်ဆာနဲ့ပတ်သက်တဲ့ ဆရာဝန်ဆီလွှဲပေးလိုက်ပါတယ်။ ဆေးရုံတွေက ဈေးကွက်တင်အစွံထုတ်နေတဲ့ 'ဆေးစစ်တယ်'လို့ဆိုကြတဲ့ မလိုအပ်တဲ့စစ်ဆေးမှုကြောင့် ကျွန်တော့်ဆီ ရောက်လာတဲ့ လူနာအမျိုးသမီးဟာ မလိုအပ်တဲ့ခွဲစိတ်မှုကိုခံယူဖို့ ခွဲစိတ်ခန်းထဲ ရောက်ခါနီးဖြစ်ခဲ့ရပါတယ်။

သူ့ရဲ့စစ်ဆေးချက်တွေကြောင့် ဖြစ်ပေါ်လာတဲ့ အန္တရာယ်ရှိတဲ့အကျိုးဆက်တွေက ဒီတစ်ခုတည်း မဟုတ်ပါဘူး။ သွေးစစ်ချက်အဖြေမှာလည်း သွေးထဲမှာ ကိုလက်စထရောနည်းနည်းများနေတယ်လို့ ပြပါတယ်။ ပြီးတော့ ကွန်ပျူတာက တွက်ချက်ပေးလိုက်တဲ့ အကြံပြုချက်မှာလည်း ကိုလက်စထရောကျစေတဲ့ဆေးတွေစသောက်သင့်တယ်လို့ ညွှန်ကြားထားပါတယ်။ ဘယ်လူနာကိုမဆို နှလုံးဆေးတစ်မျိုးမျိုးပေးတော့မယ်ဆိုရင် ဓာတ်ခွဲခန်းတွေ့ရှိချက် တစ်မျိုးတည်းကိုပဲ အခြေမခံဘဲ ဖြစ်လာနိုင်တဲ့ဆိုးကျိုးတွေကို အဘက်ဘက်က ဆန်းစစ်ပြီးမှ ပေးသင့်ပါတယ်။ ဒါကြောင့် သူ့အတွက် မလိုအပ်သလို ဘေးထွက်ဆိုးကျိုးတွေ ဖြစ်စေတဲ့ဆေးကို ရေရှည်သောက်ဖို့ ညွှန်ကြားခံရတာမျိုးကလည်း သူ့ရဲ့စစ်ဆေးမှုတွေ့ရှိချက်ကြောင့် ဖြစ်ပေါ်လာတဲ့၊ သူ့အတွက်အန္တရာယ်ဖြစ်စေတဲ့ အရာတစ်ခုပါပဲ။

သူပြုလုပ်ခဲ့တဲ့ တခြားစစ်ဆေးချက်တော်တော်များများမှာလည်း မှားယွင်းအဖြေတွေ အလွယ်တကူ ထွက်နိုင်ဖွယ်ရာရှိပါတယ်။ အရိုးသိပ်သည်းဆစစ်ဆေးတာကို အနည်းဆုံးအသက် ၆၅ နှစ်အရွယ် အမျိုးသမီးတွေမှ စစ်ဆေးသင့်တာပါ။ ရင်ခေါင်းဓာတ်မှန်ရိုက်တာနဲ့ ဝမ်းဗိုက်ပိုင်း အာလ်ထရာဆောင်းရိုက်တာကလည်း ဘာရောဂါလက္ခဏာမှ မပြရင် လုံးဝမလိုတဲ့ကိစ္စတွေပါ။ ယူရစ်အက်စစ်ကိုတိုင်းတာတဲ့ကိစ္စကလည်း အဆစ်အမျက်ရောင်ရောဂါမရှိတဲ့သူမျိုးအတွက်ဆိုရင် မလိုအပ်ပါဘူး။ ကင်ဆာရှိမရှိ စစ်ဆေးတဲ့ Cancer marker တွေကလည်း ကင်ဆာရှိနိုင်တယ်လို့ လက္ခဏာတချို့ပြနေတဲ့ သူတွေအတွက်ပဲ အသုံးဝင်ပါတယ်။ အီးစီဂျီကလည်း နှလုံးရောဂါလက္ခဏာမရှိတဲ့သူတွေအတွက် လုံးဝမလိုပါဘူး။ ဆီးစစ်တာကလည်း ဆီးနဲ့ပတ်သက်တဲ့ ရောဂါလက္ခဏာတွေရှိနေတဲ့သူ၊ ဒါမှမဟုတ် ကိုယ်ဝန်ရှိနေတဲ့သူမျိုးတွေအတွက်ပဲ အသုံးကျပါတယ်။

ဒီလိုမျိုးကျန်းမာရေးအတွက် စစ်ဆေးကြတာဟာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာပဲ အထူးတလည်ရှိနေတာ မဟုတ်ပါဘူး။ အရှေ့တောင်အာရှတစ်လွှားမှာရှိတဲ့ ခေတ်မီဆေးရုံတွေမှာ စစ်ဆေးမှုတွေလုပ်ဖို့ ညွှန်ကြားကြပါတယ်။ အမေရိကန်နိုင်ငံနဲ့ ယူကေက 'ကျန်းမာရေး စစ်ဆေးမှုအဖွဲ့'လို့ အမည်ပေးထားတဲ့ အဆင့်မြင့်ဆေးခန်းတွေမှာလည်း ဒီလိုမျိုး စစ်ဆေးမှုတွေခံယူဖို့ ညွှန်ကြားတတ်ကြပါတယ်။ မြန်မာနိုင်ငံက လူတော်တော်များများလည်း ဘန်ကောက် ဒါမှမဟုတ် စင်ကာပူကိုသွားပြီး သူတို့ရဲ့ကျန်းမာရေးကို အကာအကွယ်ဖြစ်စေတာထက် အန္တရာယ်ဖြစ်စေနိုင်တဲ့ ဆေးစစ်တာတွေ လုပ်ကြပါတယ်။

ပြည်သူ့ကျန်းမာရေးအမြင်ကနေ ကြည့်မယ်ဆိုရင် မှားယွင်းအဖြေထုတ်မှုတွေကြောင့် ရောဂါဖြစ်နိုင်ခြေမရှိတဲ့သူတွေကို အလွန်အကျွံစိုးရိမ်ပူပန်မှုတွေဖြစ်စေပြီး စိတ်ပိုင်းဆိုင်ရာအရ အန္တရာယ်ဖြစ်စေပါတယ်။ ဒါ့ပြင် မလိုအပ်တဲ့စစ်ဆေးမှုတွေပြုလုပ်ဖို့ လူတွေကို ညွှန်ကြားတဲ့အတွက် လူတစ်ဦးချင်းစီနဲ့ လူ့အဖွဲ့အစည်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ပတ်သက်ပြီး ငွေကြေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်စေပါတယ်။ ဒါကတော့ မြန်မာနိုင်ငံမှာ လတ်တလောဆွေးနွေးနေတဲ့ လူတိုင်း လက်လှမ်းမီနိုင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရရှိနိုင်ရေးနဲ့ပတ်သက်ပြီး ထည့်သွင်းစဉ်းစားသင့်တဲ့ အချက်တစ်ချက်ပါပဲ။

*(အထွေထွေရောဂါကုဆရာဝန် ခရစ်တိုဖ်ဂဲလ်စ်ဒေါ့ဖ်သည် ရန်ကုန်တွင် ဆေးခန်းဖွင့်လှစ်ထားသည့် မိသားစုဆရာဝန်များဆိုင်ရာ အမေရိကန်ဘုတ်အဖွဲ့ဝင် တစ်ဦးဖြစ်ပြီး ဝက်ဘ်ဆိုက်လိပ်စာမှာ **www.gelsdorfMD.com** ဖြစ်သည်။ မြန်မာနိုင်ငံဆေးပညာရှင်များအသင်း၏ အထွေထွေရောဂါကုဆရာဝန်များအသင်းအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး သိလိုသည့် အချက်များကို ၎င်းအား ဆက်သွယ်မေးမြန်းနိုင်သည်။)*

**သီရိမင်းထွန်း ဘာသာပြန်သည်။** ■

# ကော်ဖီကို ကိုယ်တိုင်အပူပေးဖျော်စပ်နိုင်မယ့် ဝန်ဆောင်မှုတွေရနိုင်တဲ့ ၄၉ လမ်းက . . .

စာမျက်နှာ ၄၉ မှ

ပေါင်းခံပြီး ဖျော်ရတဲ့ ကော်ဖီဖျော်စက်နဲ့အတူ အပူပေးဖို့ မီးစာတပ်ထားတဲ့ခွက်ကို တွေ့ရပါတယ်။ ဝန်ထမ်းအမျိုးသမီးလေး လာချပေးတဲ့ ကော်ဖီဖျော်ဖို့ကိရိယာတွေကို ကြည့်ပြီးတော့ ရုံးမှာ ကော်ဖီဖျော်စက်အောက်ကို ခွက်လေးထိုးထည့်ပြီး ခလုတ်လေးအလွယ်နှိပ်ပြီး ကျလာတဲ့ကော်ဖီရည်ကို တွေးမိသလို သူငယ်ချင်းတွေအနေနဲ့လည်း အသင့်ဖျော်သရီးအင်ဝမ်း ကော်ဖီထုပ်တွေနဲ့ နှိုင်းယှဉ်ကြည့်နေမိလောက်မယ် ထင်ပါတယ်။

အသက်နှစ်ဆယ်ကျော်ဝန်းကျင်လောက်ရှိတဲ့ ဝန်ထမ်းမလေးက ကော်ဖီဖျော်နည်းကို တစ်ဆင့်ချင်းစီ လုပ်ဆောင်သွားသလို ရှင်းလည်းရှင်းပြပါတယ်။ မီးနဲ့ တစ်မိနစ်လောက် အပူပေးလို့ ရေဆူသွားသလို အပေါ်ဖန်ခွက်ထဲက ကော်ဖီမှုန့်လည်း ဆူလို့လာပါတယ်။ အောက်က ရေခမ်းသွားတာနဲ့အတူ မီးကိုဖယ်လိုက်တဲ့အခါမှာ အောက်ဖန်လုံးထဲကို ရေငွေ့ကြောင့် ကော်ဖီရည်တွေ ကျလာပါတယ်။

သဘောကောင်းတဲ့ ဝန်ထမ်းမလေးက ကော်ဖီကို ခဏနှပ်ထားဖို့လိုတယ်လို့ ပြောလည်းပြော၊ လက်ကလည်း ကော်ဖီနဲ့ တွဲဖက်သောက်သုံးမယ့် နို့ခွက်၊ သကြားခွက်နဲ့ မှာယူထားတဲ့ မုန့်တွေကို လာချပေးပါတယ်။ ကျွန်မတို့အတွက်ကတော့ ကော်ဖီရည်ကို ခွက်ထဲငှဲ့ထည့်လို့ နို့၊ သကြားနဲ့ အဆင့်သင့်သောက်ရုံပါပဲ။ ဒါပေမဲ့ နောက်တစ်ခါဆိုင်ကို သွားမယ်ဆိုရင်တော့ ကိုယ်တိုင်ဆရာကြီးစတိုင်ဖမ်းပြီး ဖျော်ကြည့်မယ်လို့ စိတ်ထဲတေးထားလိုက်မိပါတယ်။

အစားအသောက်ကောင်းပေမယ့် ကျွန်မတို့လူငယ်တွေရဲ့ လိုလားချက်ဖြစ်တဲ့ အင်တာနက်မရရှိတာကတော့ ဒီဆိုင်ရဲ့အားနည်းချက်ပေါ့။ ဒါပေမဲ့ သူငယ်ချင်းနဲ့ပဲဖြစ်ဖြစ်၊ ချစ်သူနဲ့ပဲဖြစ်ဖြစ် သွားမယ်ဆိုရင်တော့ အလကားရတဲ့ ဝိုင်ဖိုင်နဲ့ တစ်ချိန်လုံး ဖုန်းကလိနေမယ့်အစား ဟိုဟိုဒီဒီစကားတွေ ပိုပြောဖြစ်သွားမှာပါ။

အားလုံးခြုံငုံပြောရမယ်ဆိုရင်တော့ သွားလာရလွယ်ကူတဲ့ မြို့တွင်းလမ်းမဘေးမှာတည်ရှိတဲ့ Black Sky ဆိုင်လေးက အပေါင်းအသင်းတွေ၊ စုံတွဲတွေအဖို့ နေ့လယ်စာနဲ့ ညစာတွေကို အရသာရှိတဲ့အစားအစာတွေနဲ့ သုံးဆောင်ဖို့ သင့်တော်တဲ့ ဆိုင်လေးဖြစ်ပါတယ်။ နောက်ပြီးတော့လည်း ပင်လယ်စာ၊ ဒင်မ်ဆန်းနဲ့ ချို၊ ချဉ်၊ ငန်၊ စပ်တဲ့အရသာတွေနဲ့ ထုံမွှမ်းထားတဲ့ ဟင်းပွဲတွေကို တစ်ယောက်တည်းသီးသန့် အဲကွန်းလေးအောက်မှာ ငြိမ့်ငြိမ့်လေး သုံးဆောင်လို့ရမယ့် နေရာလေးလို့လည်း ပြောချင်ပါတယ်။ ■



ဦးစိုင်းစံပွင့်နှင့် ဦးအောင်မြတ်

## Tom နှင့် မမို့မို့သော် (၃) နှစ်ပြည့် မင်္ဂလာအခမ်းအနား



အိငယ်နှင့် မထူးလေး



မင်္ဂလာမောင်နှံနှင့် မိသားစု

မြန်မာတိုင်း(မ်)ဂျာနယ်ရဲ့ အင်္ဂလိပ်ပိုင်းဆိုင်ရာ စာတည်းမှူး သောမတ်စ်ကင်းနဲ့ လူမှုဘဝစာတည်း (မြန်မာ) မမို့မို့သော်တို့ရဲ့ (၃) နှစ်ပြည့် မင်္ဂလာအခမ်းအနားကို ပြီးခဲ့တဲ့ စနေနေ့ကပဲ မောန္တေလ ဘုရားကျောင်းမှာ ကျင်းပခဲ့ပြီး နှစ်ဖက် မိဘဆွေမျိုးတွေနဲ့အတူ မြန်မာတိုင်း(မ်) ဝိုင်းတော်သားတွေနဲ့ အထူးပျော်ရွှင်စည်ကားခဲ့ပါတယ်။



မသက်စု



ဝလုံး၊ အေးငြိမ်းဝင်း၊ အိအိတိုးလွင်နှင့် နန္ဒာအောင်



ပွဲတက်ရောက်သူများ

## Kham Le Gems & Jewelry ဖွင့်ပွဲ

ကျောက်မျက်ချစ်သူတွေအတွက် နောက်ထပ် အားကိုးစရာ ဒီကျောက်မျက်ရတနာဆိုင်ဖွင့်ပွဲကိုတော့ ပြီးခဲ့တဲ့ စနေနေ့ကပဲ ရန်ကင်းမြို့နယ်မှာ ကျင်းပခဲ့ပြီး ကျောက်မျက်အသိုင်းအဝိုင်းက ဧည့်သည်တော်တွေ တက်ရောက်အားပေးခဲ့ကြပါတယ်။



ဧည့်သည်တော်များ



မေသဲအေး၊ ချိုနွယ်ထွန်းနှင့် သီတာဦး



မာဗင်



ကယ်ရင်း



စတီဗင်



ကိုထွန်းထွန်း



ကိုသန်းလှဖော်

## Maxxis ကုမ္ပဏီ ညစာစားပွဲ

ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့တဲ့ ဒီညစာစားပွဲကိုတော့ ဆူးလေ ရှန်ဂရီလာ ဟိုတယ်မှာ ပြီးခဲ့တဲ့ စနေနေ့က ကျင်းပခဲ့တာဖြစ်ပြီး အနယ်နယ်အရပ်ရပ်က Maxxis ကုမ္ပဏီဝန်ထမ်းတွေ တက်ရောက်ခဲ့ကြပါတယ်။



ပြည့်ဝန်းနိုင်



လဲ့ဝန်းနိုင်ချို



အေးသီတာနိုင်



ကိုတင့်နိုင်ဝင်း



မချိုချိုမာ





ငြိမ်းအိအိထွေး
ရေးသားသည်။

မင်္ဂလာပါ ဆိုရှယ် ပရိသတ်ရေ. . . ။မုန်တိုင်းလာတော့မလို အသံကြားရပြီးနောက်ပိုင်းမှာ ရန်ကုန်မှာ မိုးခပ်စိပ်စိပ်ရွာခဲ့တော့ ပူလောင်တဲ့ ဒဏ်က ကင်းဝေးပြီး မိုးအေးအေးမှာ နေလို့ အဆင်ပြေကြလိမ့်မယ်ထင်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်တစ်ခုလုံးမှာ စနေနေ့တစ်နေ့တည်းနဲ့ ပွဲတွေ ဆက်တိုက်သွားခဲ့ရတာမို့ ပင်ပန်းသလိုရှိပေမယ့်လည်း ရာသီဥတု မပြင်းတာကြောင့် အဆင်ပြေခဲ့ရပါတယ်။

## စိန်နန်းတော် အထူးဈေးရောင်းပွဲ



ဟန်သွယ်နှင့် သင်းသင်း



နှင်းအိမ်သူနှင့် စန္ဒာမင်း



အေးယုသန္တာနှင့် ကိုအောင်မြတ်သူ

ဒီအခမ်းအနားကိုတော့ ပြီးခဲ့တဲ့ သီတင်းပတ်ရဲ့ စနေနေ့ မှာ Ocean Super center အသစ်ဖွင့်ပွဲမှာ တစ်ပါတည်းကျင်းပခဲ့ပြီး ရတနာချစ်သူတွေနဲ့ အထူးစည်ကားတဲ့ အခမ်းအနားလေး တစ်ခုပါ။

## Sakura Auto Brand New ကားအရောင်းစင်တာသစ်ဖွင့်ပွဲ



ကိုသိန်းသန်းငွေ



ဦးငွေအောင်



ဦးဆန်းဦး

ကားချစ်သူတွေအတွက်နောက်ထပ် ဆွဲဆောင်နိုင်စရာ နေရာ အသစ်ဖြစ်တဲ့ ဒီကား အရောင်းပြခန်းကိုတော့ ပြီးခဲ့တဲ့ စနေနေ့ကပဲ မရမ်းကုန်းမြို့နယ်မှာ ကျင်းပခဲ့တာဖြစ်ပြီး ကားချစ်သူတွေအများဆုံး တက်ရောက်ခဲ့ကြပါတယ်။



မမေညိုနှင့် မနန္ဒာ



မစ္စတာ မတ်ဆာကီ

## Ocean Super Center ဖွင့်ပွဲ

အိမ်တစ်အိမ်ရဲ့ လိုအပ်သမျှ ပစ္စည်းအားလုံးနီးပါး ရှိနိုင်တဲ့ ဒီ Ocean Super Center ကို တာမွေမြို့နယ်မှာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဖွင့်လှစ်ခဲ့တာမို့ ဈေးဝယ်တွေ၊ အနုပညာရှင်တွေနဲ့ စည်ကားခဲ့ပါတယ်။



မောင်မောင်အေး



စန္ဒီမြင့်လွင်





# တစ်ပတ်စာ သင်၏ကံဇာတာ

ဆရာအောင်မြင်ကျော် (နက္ခတ္တဗေဒပညာရှင်) (မေ ၃၀ - ဇွန် ၅၊ ၂၀၁၄)
အမှတ် (၁၀၃)၊ ၃ လွှာ၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၁၃ ၅၆၃၂

**မိဿရာသီဖွား (Aries)** *မတ် ၂၂ မှ ဧပြီ ၂၀* – ကိုယ်ကျင့်တရားသည် လူမှုစီးပွားဘဝ၏ ယုံကြည်မှုအတွက် ပင်မအဓိကအကြောင်းရင်း ဖြစ်သည်။ ပုဂ္ဂိုလ်ခင်မှ တရားမင်ဆိုသော်လည်း စိတ်ချယုံကြည်မှုမရှိဘဲ ငွေကြေးလုပ်ငန်းကိစ္စအဝဝမှာ မျက်နှာလွှဲ၍မရနိုင်ပါ။ မိမိနှင့်ပတ်သက်သော လူမှုရေးအငြင်းပွားမှုများ ရှိတတ်ပြီး လွယ်မယောင်နှင့် ခက်တတ်သည်။ မေတ္တာစစ်မှန်ပါက ချစ်ခွင့် ကံပွင့်ပါလိမ့်မည်။

ယတြာ – **အပိုတွေမပြော ဆန္ဒမစောနှင့် ..။**

**ပြိဿရာသီဖွား (Taurus)** *ဧပြီ ၂၁ မှ မေ ၂၁* – ငါနှင့် ငါ့အတွက်ကိုသာ ကြည့်တတ်သောကြောင့် စီးပွားလုပ်ငန်းမှာ စိတ်မဖြောင့်နိုင်တတ်ပါ။ ရှေ့နောက်စကားမညီ၊ ခိုင်မြဲစွာယုံကြည်မှု မတည်ဆောက်နိုင်ဘဲ အချိန်းအချက်များ ကွဲလွဲပြီး ဖရိုဖရဲဖြစ်တတ်သည်။ ကိုယ်တင်တဲ့စစ်ကဲကို ကိုယ်တိုင်အထင်လွဲစရာဖြစ်တတ်သည်။ အချစ်ရေးမှာ ဝမ်းသာရ တစ်ရက်၊ စိတ်ပျက်ရ အခါခါဖြစ်မည်။

ယတြာ – **အတ္တနှင့် ပရ ယှဉ်တွဲမျှစေ ..။**

**မေထုန်ရာသီဖွား (Gemini)** *မေ ၂၂ မှ ဇွန် ၂၂* – အတွေးလွန်သော် ပုံဖော်မရတတ်၊ အတွေးတိမ်အပ် အကျိုးအမြတ် မသေချာတတ်ပါ။ စိတ်အဓိက မနသိကာရ နှလုံးသွင်းမှုတဖို့ အရေးကြီးပါသည်။ အတိတ်နှင့် ပစ္စုပ္ပန်မှာ အနာဂတ်အတွက် မျှော်လင့်ချက်အကြောင်းဆက်များ ဖြစ်ပါသည်။ လိုအင်ဆန္ဒများ ပြီးမြောက်ခနသိဒ္ဓိပေါက်ရန် အကြောင်းထူးများ ဖန်လာတတ်သည်။ ချစ်ခွင့်အမှန် ကံစီမံရာမှတ်။

ယတြာ – **ဘဝပုံဖော် မမှားစေနှင့် ..။**

**ကရကဋ်ရာသီဖွား (Cancer)** *ဇွန် ၂၃ မှ ဇူလိုင် ၂၃* – လိမ္မာပါးနပ်ပြီး မလိုအပ်သောအာရုံကို ဖြတ်နိုင်သောကြောင့် စိတ်နှလုံးကျန်းမာ ဘေးကင်းရန်ကွာဖြစ်လိမ့်မည်။ လူမှုစီးပွား စွန့်လွှတ်စွန့်စားမှုအတွက် ခရီးယာယီထွက်ရတတ်သည်။ အိမ်တွင်းရေးပြဿနာမှာ အဖြေရှာမခက်၊ သောကမဖက်နှင့်။ လူမျိုးကွဲဘာသာခြားများကို ယုံကြည်လွယ် အားမထားနှင့်။ ချစ်တဲ့ပြန်စကားမှာ နှလုံးသားမှ မဟုတ်နိုင်ပါ။

ယတြာ – **အလုမ်းမကျယ် အလယ်မလပ်စေနှင့် ..။**

**သိဟ်ရာသီဖွား (Leo)** *ဇူလိုင် ၂၄ မှ ဩဂုတ် ၂၃* – ဟုတ်တိုင်းမှန်စွာ သိမြင်ကြံစည် ပြောဆိုလုပ်ကိုင်ခြင်းမှာ မင်္ဂလာစွာဆိုက်နေခြင်းဖြစ်ပါသည်။ လုပ်ငန်းသဘာဝကို ကောင်းစွာအကဲခတ်ပြီး တစ်ချက်ခုတ် နှစ်ချက်ပြတ် အမြတ်ထွက်အောင် လုပ်ဆောင်နိုင်လိမ့်မည်။ လူမှုစီးပွားပြဿနာမှာ သင့်အတွက် မခက်ပါ။ ဆွေမျိုးသင်္ဂဟများအလယ်မှာ ဂုဏ်ကျက်သရေဖြာရမည်။ လက်တွဲကြည်ဖြူ အပေးအယူမျှပါလိမ့်မည်။

ယတြာ – **ဒါနကောင်းမှု နေ့စဉ်ပြုလော့ ..။**

**ကန်ရာသီဖွား (Virgo)** *ဩဂုတ် ၂၄ မှ စက်တင်ဘာ ၂၃* – ကံအကြောင်းလှပြီး လူမှုစီးပွားအခွင့်ရေးကောင်းရမည်။ စိတ်တူသဘောမျှ မိတ်ဆွေသဟာယနှင့် လူမှုဝန်းကျင်အသစ် ဖန်တီးနိုင်လိမ့်မည်။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆင်နွှဲ အတွေ့အကြုံဖလှယ်ပွဲ လုပ်ရမည်။ အဆင့်မြင့်နည်းပညာဖြင့် သမိုင်းတစ်ခေတ် ဆန်းသစ်စေနိုင်လိမ့်မည်။ သင့်နှလုံးသားတုန်ခတ်မှုကို သက်သေပြုနိုင်လိမ့်မည်။

ယတြာ – **လောကကို ရင်ဆိုင်ရဲတဲ့သတ္တိမွေး ..။**

**တူရာသီဖွား (Libra)** *စက်တင်ဘာ ၂၄ မှ အောက်တိုဘာ ၂၃* – ငါ့စွဲလည်းမပြုတ်၊ ပြင်းပြသောဆန္ဒကိုလည်း မထိန်းချုပ်၊ စိတ်ရှုပ်နိုင်သော အလားအလာများကိုလည်း အရေးမလုပ်၊ စီးပွားပြုတ်မည်ကိုလည်း မတွေး၊ မိတ်ဆွေများနှင့် အဆင်မပြေ၊ စိတ်ထင်ရာ သဝေထိုးနေတတ်သည်။ အများနှင့်တစ်ယောက် သစ္စာဖောက်စွပ်ခံရ ညံ့လှသည့်ဇာတာ။

ယတြာ – **ကိုယ့်လမ်းကိုယ်ဖောက် အမှန်ရောက်စေ ..။**

**ဗြိစ္ဆာရာသီဖွား (Scorpio)** *အောက်တိုဘာ ၂၄ မှ နိုဝင်ဘာ ၂၂* – ရေလိုက်မှားပြီး လေဆန်သွားမိသည့်အတွက် ကြိုတင်မျှော်မှန်းထားချက် လွဲရတတ်သည်။ ယုံမှတ်မိသူ၏ သတင်းစကားကြောင့် ငွေကြေးဆိုင်ရာ အငြင်းပွားစရာဖြစ်မည်။ မရောင်ရာဆီလူးပြီး မပိုင်ဝက်မွေး ဖြစ်နေတတ်သည်။ လုပ်ကွက်မက်လုံးကို အခွင့်အရေးထင်ပြီး လောဘတက် စီးပွားပျက်တတ်သည်။ အာရုံကို ဦးစားပေးနေသမျှ နှလုံးလှမေတ္တာ မရနိုင်ပါ။

ယတြာ – **ကိုယ့်အားနည်းချက် ကိုယ်သိ ..။**

**ဓနုရာသီဖွား (Sagittarius)** *နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၂* – အရင်းနှင့်အဖျားမှာ အာနိသင်ခြားနားတတ်ပြီး အနှစ်နှင့်အကာမှာ ခွဲခြားမှတ်သားရမည်ဖြစ်ပါသည်။ အနှစ်ထဲမှာ အဆိပ်ခတ်တတ်ပြီး အရင်းမှာ အပင်းသွင်းတတ်ကြောင်းမှာ မမေ့စကောင်းပါ။ နည်းပရိယာယ်သုံးရမည့်ကိစ္စမှာ ရိုးသားတဲ့ဂုဏ်ကို ပြမိခြင်းမှာ အားသာချက် မဖြစ်နိုင်ပါ။ ဉာဏ်ပညာဆိုသည် လွှာသုံးမှ အကျိုးရှိသည်။ ခံစားမှုအတွက် ကန့်သတ်ချက်ထား။

ယတြာ – **ဘာကိုမှ လျှော့မတွက်နှင့် ..။**

**မကာရရာသီဖွား (Capricorn)** *ဒီဇင်ဘာ ၂၃ မှ ဇန်နဝါရီ ၁၉* – လောကီအရှုပ်ဇာတ်ကို အဟုတ်မှတ်ပြီး တာဝန်ယူမိသဖြင့် စိတ်ဖိစီးနေရမည်။ စားကြွင်းနှင့် ရလဒ်ကို အဖြေအမှတ်မှားပြီး ခေါင်းကြီးရကိန်း ရှိသည်။ ငါးပွက်ရာ ငါးစားချနေတတ်ပြီး အကျိုးမဲ့အချည်းနှီးဖြစ်မည်။ လူမှုရေးစိန်ခေါ်မှားပြီး စိတ်ချောက်ချားရတတ်ပါသည်။ လာဘ်ရွှင်သော်လည်း ပျော်ရွှင်မှုခက်ခဲမည်။ အချစ်နှင့်စစ်ပွဲမှာ အမှန်တကယ် ကွဲလွဲပါသည်။

ယတြာ – **မောဟအမှောင်ကို သတိထား ..။**

**ကုံရာသီဖွား (Aquarius)** *ဇန်နဝါရီ ၂၀ မှ ဖေဖော်ဝါရီ ၁၉* – အယူကွဲသည်မှာ ကိစ္စမရှိ၊ အယူလွဲခြင်းသည်သာ ဒိဋ္ဌိအမှားဖြစ်ပါသည်။ ထင်ရှားရှိခြင်းသည် ထင်ရှားမရှိခြင်း၏ သက်သေအရင်းအမြစ်ဖြစ်သည်ကို ဆန်းစစ်ကြည့်တတ်ရပါမည်။ ပညာရှိ တွေးသော် ပြေးကြည့်တာထက် မှန်ဆိုသည်မှာ အလကားမဟုတ်ပါ။ သဘာဝကို အခြေခံမှ အဖြေမှန်ရမည်ဖြစ်ကြောင်းမှာ မှတ်သားစရာဖြစ်သည်။ အချစ်မျက်စိမှာ ကြည့်တတ်ဖို့ပါ။

ယတြာ – **သဘာဝကို မလွန်ဆန်နှင့် ...**

**မိန်ရာသီဖွား (Pices)** *ဖေဖော်ဝါရီ ၂၀ မှ မတ် ၂၀* – ပညာရှေ့သွားမှ အမှားအမှန်ခွဲခြားသိနိုင်ပါသည်။ ကြားမြင်သင်ဆရာ တစ်ခါကျေးဇူး အထူးသိတတ်ဖို့ အရေးကြီးပါသည်။ အဆင့်မြင့်နည်းပညာ သင်ယူရမည်။ အနာဂတ်ကောင်းကျိုး သယ်ပိုးရမည်။ လူမှုစီးပွား အထင်အမြင်လွဲမှား အငြင်းပွားမှုများ တဖြည်းဖြည်း ကင်းပါးသွားပါလိမ့်မည်။ နှလုံးသားပုံရိပ်မှာ ရင်ခုန်စရာ နိမိတ်တွေ ထင်ဟပ်လာတတ် ချစ်ပွင့်လှပါပြီ။

ယတြာ – **သဒ္ဓါပို သို့သော် သတိမှာ လိုသည်မရှိ ...။**




## ကာတွန်း




## ရုပ်ရှင်




ဒီတစ်ပတ်တော့ . . .

**သမ္မတ**နဲ့ **သွင်** ရုပ်ရှင်ရုံတွေမှာ ဒါရိုက်တာ ဝိုင်း ရိုက်ကူးတဲ့ **'စေတန်ရဲ့ကချေသည်'** ဇာတ်ကားကိုပဲ ဆက်လက်ရုံတင်ထားပါတယ်။

**မင်္ဂလာ(၁)** နဲ့ **(၂)** ရှင်ရှင်ရုံတွေမှာလည်း **"Make Me Shudder 2"** သရီးဒီထိုင်း သရဲဇာတ်ကားကိုပဲ ဆက်ပြီး ရုံတင်ထားပါတယ်။

**ရွှေ့ဆောင်(၁)** နဲ့ **တော့ရှိုင်ရယ်** ရှင်ရှင်ရုံတွေမှာတော့ **"X-Men: Days of Future Past"** သရီးဒီ အက်ရှင် ဇာက်ကားကို စတင်ရုံတင်လာပြီး

**ရွှေ့ဆောင်(၂)** ရှင်ရှင်ရုံမှာတော့ **"Make Me Shudder 2"** သရီးဒီ ထိုင်းသရဲဇာတ်ကားကိုပဲ ဆက်လက်ရုံတင်ထားပါတယ်။

**နေပြည်တော်** ရုပ်ရှင်ရုံမှာလည်း **"Godzilla"** သရီးဒီအမေရိကန်သိပ္ပံစိတ်ကူးယဉ်ဇာတ်ကားကိုပဲဆက်လက်ပြသနေပါတယ်။

**မင်္ဂလာစံပြရုပ်ရှင်ရုံ(၁)** မှာတော့ **"Godzilla"** သရီးဒီကား၊ **ရုပ်ရှင်ရုံ(၂)**မှာ **"X-Men: Days of Future Past"** သရီးဒီကားနဲ့ **ရုပ်ရှင်ရုံ(၃)**မှာတော့ **''စေတန်ရဲ့ကချေသည်''** ဇာတ်ကားတို့ကို ပြသနေပါတယ်။

**ဂျန်းရှင်းမော်တင်**က ရုပ်ရှင်ရုံတွေမှာတော့ **''စေတန်ရဲ့ ကချေသည်''**ဇာတ်ကားနဲ့ **"Godzilla"** သရီးဒီဇာတ်ကားတို့ကို ဆက်လက်ပြသနေပြီး

**ဂျန်းရှင်းစကွဲ**က ရုပ်ရှင်ရုံတွေမှာတော့ **''စေတန်ရဲ့ ကချေသည်''**၊ **"Godzilla"** သရီးဒီဇာတ်ကားတို့အပြင် **"The Amazing Spider Man 2"** သရီးဒီဇာတ်ကားတို့ကို ရုံတင်ထားပါတယ်။

**နေပြည်တော်ဂျန်းရှင်း Minitheatre** မှာတော့ ဒါရိုက်တာ ဝိုင်း ရိုက်ကူးတဲ့ **''နှင်စေရင်''** ဇာတ်ကားကို စတင်ရုံတင်ထားပြီး ပြေတီဦးနဲ့ ဝတ်မှုံရွှေရည်တို့ အဓိကပါဝင်သရုပ်ဆောင်ထားကြပါတယ်။

**အိအိသူ** ■

## ဟာသ

### အရေးကြီးလို့ . .



**ဆရာဝန်တစ်ဦးဟာ** ဖုန်းလက်ခံဖြေကြားလိုက်တဲ့အခါမှာ ရင်းနှီးနေတဲ့လုပ်ဖော်ကိုင်ဖက်တစ်ဦးရဲ့အသံကို ကြားလိုက်ပါတယ်။

"ပိုကာကစားဖို့ ငါတို့ တစ်ဦးလိုနေတယ်"လို့ သူငယ်ချင်းက ပြောလိုက်ပါတယ်။

"အဲဒီကို ချက်ချင်းလာခဲ့မယ်" လို့ ဆရာဝန်က လေသံပျော့ပျော့လေးနဲ့ ပြောလိုက်ပါတယ်။

အပေါ်ဝတ်ကုတ်အင်္ကျီကို ဆရာဝန်ထပ်ဝတ်နေစဉ်မှာ

"ဟိုမှာ တော်တော်အရေးကြီးနေတာလား" လို့ ဇနီးသည်က မေးလိုက်ပါတယ်။

"ဟုတ်တယ်။ တော်တော်အရေးကြီးနေတာ" လို့ ဆရာဝန်က စိုးရိမ်သံနဲ့ပြောလိုက်ပြီး

"တကယ်တော့ အဲဒီမှာ ဆရာဝန်သုံးယောက်တောင် ရောက်နှင့်နေပြီ" လို့လည်း ထပ်ပြောလိုက်ပါတယ်။

**မိုးမိုးသော် ဘာသာပြန်သည်။** ■

# DOMESTIC FLIGHT SCHEDULES

## YANGON TO NAY PYI TAW

| Flight | Days | Dep | Arr |
|---|---|---|---|
| FMI A1 | 1,2,3,4,5 | 7:30 | 8:30 |
| Y5 777 | 1,2,3,4,6 | 7:45 | 8:25 |
| FMI A1 | 6 | 8:00 | 9:00 |
| FMI B1 | 1,2,3,4,5 | 11:30 | 12:30 |
| FMI A1 | 7 | 15:30 | 16:30 |
| FMI C1 | 1,2,3,4,5 | 16:45 | 17:45 |

## NAY PYI TAW TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| FMI A2 | 1,2,3,4,5 | 8:50 | 9:50 |
| FMI A2 | 6 | 10:00 | 11:00 |
| FMI B2 | 1,2,3,4,5 | 13:00 | 14:00 |
| FMI A2 | 7 | 17:00 | 18:00 |
| Y5 778 | 1,2,3,4,6 | 17:30 | 18:10 |
| FMI C2 | 1,2,3,4,5 | 18:05 | 19:05 |

## YANGON TO MANDALAY

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 761 | 6 | 6:00 | 7:25 |
| YJ 891 | 2,4,5,7 | 6:00 | 8:05 |
| YJ 891 | 1 | 6:00 | 7:55 |
| YJ 211 | 5,7 | 6:00 | 7:25 |
| YJ 201 | 2,3,4 | 6:00 | 7:25 |
| K7 282 | Daily | 6:30 | 8:40 |
| YH 917 | 4 | 6:10 | 7:50 |
| YH 917 | 1,2,3,5,6,7 | 6:10 | 8:30 |
| Y5 234 | Daily | 6:15 | 7:30 |
| 6T 401 | Daily | 6:20 | 8:25 |
| YJ 003 | 3,6 | 7:00 | 8:20 |
| YJ 233 | 1 | 7:00 | 8:25 |
| W9 201 | Daily | 7:30 | 8:55 |
| K7 266 | Daily | 8:00 | 10:05 |
| K7 642 | Daily | 8:30 | 12:20 |
| 8M 6603 | 2,4,7 | 9:00 | 10:10 |
| K7 844 | Daily | 11:00 | 14:10 |
| YJ 233 | 6 | 11:00 | 12:25 |
| YJ 761 | 1,2,4 | 11:00 | 12:55 |
| YH 727 | 1 | 11:00 | 13:10 |
| YH 737 | 3,5,7 | 11:00 | 13:10 |
| YH 729 | 4,6 | 11:00 | 14:00 |
| YH 729 | 2 | 11:00 | 16:40 |
| W9 251 | 2,5 | 11:15 | 12:40 |
| YJ 601 | 4,6 | 12:30 | 13:55 |
| YJ 761 | 5 | 13:00 | 14:25 |
| K7 226 | 2,4,6 | 13:00 | 14:25 |
| 6T 501 | Daily | 14:30 | 16:30 |
| YH 731 | 2,6 | 14:30 | 16:40 |
| W9 129 | Daily | 15:00 | 16:55 |

## MANDALAY TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| YH 918 | 4 | 7:50 | 10:40 |
| Y5 233 | Daily | 8:10 | 9:25 |
| YJ 891 | 1 | 8:10 | 10:05 |
| YJ 891 | 2,4,5,7 | 8:20 | 10:15 |
| YH 918 | Daily | 8:30 | 10:25 |
| 6T 402 | Daily | 8:45 | 10:45 |
| W9 201 | Daily | 9:10 | 11:05 |
| W9 144 | Daily | 9:20 | 10:45 |
| Y5 132 | 3,5,6,7 | 9:30 | 10:30 |
| K7 267 | Daily | 10:20 | 12:25 |
| YJ 761 | 6 | 10:30 | 11:55 |
| YJ 202 | 6 | 10:30 | 11:55 |
| YJ 212 | 5,7 | 11:00 | 12:25 |
| K7 823 | 2,4,7 | 11:25 | 14:25 |
| YJ 234 | 1 | 13:20 | 14:45 |
| YJ 004 | 3,6 | 13:30 | 15:25 |
| K7 643 | Daily | 12:35 | 16:25 |
| W9 120 | 1,3,6 | 16:30 | 17:55 |
| YH 728 | 1 | 16:30 | 18:35 |
| YH 732 | 2,6 | 16:40 | 18:45 |
| K7 227 | 2,4,7 | 16:50 | 18:15 |
| 6T 502 | Daily | 16:50 | 18:55 |
| YH 730 | 2 | 16:40 | 18:05 |
| YJ 204 | 4 | 16:55 | 18:20 |
| YJ 602 | 4,6 | 17:10 | 18:35 |
| W9 129 | Daily | 17:10 | 18:35 |
| YH 738 | 3,5,7 | 17:10 | 18:35 |
| W9 211 | Daily | 17:10 | 19:15 |
| 8M 6604 | 2,4,7 | 17:20 | 18:30 |
| YJ 761 | 5 | 17:30 | 19:25 |
| YH 730 | 4,6 | 17:45 | 19:10 |

## YANGON TO NYAUNG U

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 891 | 2,4,5,7 | 6:00 | 7:20 |
| YH 917 | 1,2,3,5,6,7 | 6:10 | 7:45 |
| YH 917 | 4 | 6:10 | 8:35 |
| W9 141 | Daily | 6:15 | 7:35 |
| 6T 401 | Daily | 6:20 | 7:40 |
| K7 282 | Daily | 6:30 | 7:50 |
| YJ 003 | 3,6 | 7:00 | 8:20 |
| W9 143 | Daily | 7:15 | 8:35 |
| 6T 501 | Daily | 14:30 | 17:20 |
| YH 731 | 2,6 | 14:30 | 17:25 |
| W9 211 | Daily | 15:30 | 17:40 |

## NYAUNG U TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 891 | 2,4,5,7 | 7:35 | 10:15 |
| YH 918 | 1,2,3,5,6,7 | 7:45 | 10:25 |
| W9 141 | Daily | 7:50 | 10:40 |
| 6T 401 | Daily | 7:55 | 10:45 |
| YH 918 | 4 | 8:35 | 10:40 |
| W9 144 | Daily | 8:50 | 10:10 |
| K7 283 | Daily | 10:40 | 12:00 |
| YH 732 | 2,6 | 17:25 | 18:45 |
| 6T 502 | Daily | 17:35 | 18:55 |
| W9 211 | Daily | 17:55 | 19:15 |

## YANGON TO MYITKYINA

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 201 | 2,3,4 | 6:00 | 8:50 |
| YJ 211 | 5,7 | 6:00 | 8:50 |
| YJ 233 | 1 | 7:00 | 9:50 |
| YH 828 | 2,6 | 7:00 | 10:00 |
| K7 642 | Daily | 8:30 | 10:50 |
| YJ 233 | 6 | 11:00 | 13:50 |
| W9 251 | 2,5 | 11:15 | 14:10 |
| YH 826 | 4 | 14:00 | 16:40 |

## MYITKYINA TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 202 | 2,3,4 | 9:05 | 11:55 |
| YJ 212 | 5,7 | 9:05 | 12:25 |
| YH 829 | 2,6 | 10:00 | 12:25 |
| YJ 234 | 1 | 11:55 | 14:45 |
| K7 643 | Daily | 14:05 | 16:25 |
| YJ 203 | 4 | 15:15 | 18:20 |
| YJ 234 | 6 | 15:55 | 18:45 |
| W9 252 | 2,5 | 16:05 | 19:00 |
| YH 827 | 4 | 16:40 | 19:05 |

## YANGON TO HEHO

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 891 | 1 | 6:00 | 8:40 |
| YJ 891 | 2,4,5,7 | 6:00 | 8:50 |
| YH 917 | 4 | 6:10 | 9:30 |
| YH 917 | 1,2,3,5,6,7 | 6:10 | 9:15 |
| W9 141 | Daily | 6:15 | 8:20 |
| 6T 401 | Daily | 6:20 | 9:20 |
| K7 282 | Daily | 6:30 | 9:30 |
| W9 201 | Daily | 7:30 | 9:40 |
| K7 828 | 1,3,5 | 7:30 | 8:45 |
| K7 822 | 2,4,7 | 7:30 | 10:20 |
| K7 266 | Daily | 8:00 | 9:15 |
| YJ 761 | 1,2,4 | 11:00 | 12:10 |
| K7 844 | Daily | 11:00 | 15:00 |
| W9 203 | Daily | 11:00 | 12:10 |
| YH 737 | 3,5,7 | 11:00 | 12:25 |
| YH 727 | 1 | 11:00 | 12:25 |
| W9 119 | 1,3,6 | 11:15 | 12:25 |
| YJ 751 | 5,7 | 12:30 | 13:40 |
| 6T 501 | Daily | 14:30 | 15:40 |
| YH 731 | 2,6 | 14:30 | 15:55 |
| W9 129 | Daily | 15:00 | 16:10 |

## HEHO TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| W9 141 | Daily | 8:35 | 10:40 |
| YJ 891 | 1 | 8:55 | 10:05 |
| YJ 891 | 2,4,5,7 | 9:00 | 10:15 |
| YH 918 | 1,2,3,5,6,7 | 9:15 | 10:25 |
| 6T 402 | Daily | 9:35 | 10:45 |
| YH 918 | 4 | 9:30 | 10:40 |
| K7 283 | Daily | 9:45 | 12:00 |
| W9 201 | Daily | 9:55 | 11:05 |
| K7 267 | Daily | 11:10 | 12:25 |
| W9 204 | Daily | 12:25 | 13:35 |
| K7 829 | 1,3,5 | 13:50 | 15:05 |
| YJ 004 | 3,6 | 14:15 | 15:25 |
| K7 845 | Daily | 15:15 | 18:10 |
| YH 728 | 1 | 15:45 | 18:35 |
| W9 120 | 1,3,6 | 15:45 | 17:55 |
| YJ 761 | 1,2,4 | 15:50 | 18:00 |
| 6T 501 | Daily | 15:55 | 18:55 |
| YH 732 | 2,6 | 15:55 | 18:45 |
| YH 738 | 3,5,7 | 16:25 | 18:35 |
| W9 129 | Daily | 16:25 | 18:35 |
| YJ 751 | 5,7 | 17:00 | 18:10 |
| YJ 751 | 3 | 17:35 | 18:45 |

## YANGON TO SITTWE

| Flight | Days | Dep | Arr |
|---|---|---|---|
| 6T 607 | 1 | 11:15 | 12:40 |
| 6T 611 | 2,3,4,6,7 | 11:15 | 12:40 |
| 6T 605 | 5 | 11:15 | 13:15 |
| K7 422 | Daily | 13:30 | 15:25 |

## SITTWE TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| 6T 612 | 2,3,4,6,7 | 13:00 | 14:25 |
| 6T 608 | 1 | 13:00 | 15:00 |
| 6T 606 | 5 | 13:35 | 15:00 |
| K7 423 | Daily | 15:40 | 17:00 |

## YANGON TO MYEIK

| Flight | Days | Dep | Arr |
|---|---|---|---|
| YH 633 | 1,3,4,5,7 | 7:00 | 9:15 |
| K7 319 | Daily | 7:00 | 9:05 |
| 6T 707 | 1,2,4,5,6 | 7:45 | 9:45 |

## MYEIK TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| YH 634 | 1,3,4,5,7 | 11:25 | 13:25 |
| K7 320 | Daily | 11:30 | 13:35 |
| 6T 708 | 1,2,4,5,6 | 12:10 | 14:10 |

## YANGON TO THANDWE

| Flight | Days | Dep | Arr |
|---|---|---|---|
| W9 141 | Daily | 6:15 | 9:35 |
| 6T 605 | 5 | 11:15 | 12:10 |
| 6T 607 | 1 | 11:15 | 13:50 |
| K7 422 | Daily | 13:30 | 14:25 |

## THANDWE TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| 6T 605 | 5 | 12:25 | 15:00 |
| 6T 608 | 1 | 14:05 | 15:00 |
| K7 422 | Daily | 14:40 | 17:00 |

## YANGON TO DAWEI

| Flight | Days | Dep | Arr |
|---|---|---|---|
| 6T 707 | 1,2,4,5,6 | 7:45 | 8:55 |
| YH 633 | 1,3,4,5,7 | 7:00 | 8:25 |

## DAWEI TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| 6T 708 | 1,2,4,5,6 | 13:00 | 14:10 |
| YH 634 | 1,3,4,5,7 | 12:15 | 13:25 |

## YANGON TO LARSHIO

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 751 | 5,7 | 10:45 | 13:00 |
| YH 729 | 2,4,6 | 11:00 | 13:00 |
| YJ 751 | 3 | 12:30 | 14:45 |

## LARSHIO TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 752 | 3 | 15:00 | 18:45 |
| YH 730 | 2 | 15:40 | 18:05 |
| YH 730 | 4,6 | 16:45 | 19:10 |
| YJ 752 | 5,7 | 15:55 | 18:10 |

## YANGON TO PUTAO

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 233 | 1 | 7:00 | 10:45 |
| YJ 233 | 6 | 11:00 | 14:45 |

## PUTAO TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 234 | 1 | 11:00 | 14:45 |
| YJ 234 | 6 | 15:00 | 18:45 |

## YANGON TO CHIANG MAI

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 9611 | 3,6 | 7:00 | 11:40 |
| W9 9607 | 4,7 | 14:20 | 16:10 |

## CHIANG MAI TO YANGON

| Flight | Days | Dep | Arr |
|---|---|---|---|
| YJ 9611 | 3,6 | 12:30 | 15:25 |
| W9 9608 | 4,7 | 17:20 | 18:10 |

## Domestic Airlines

**Air Bagan Ltd. (W9)**
Tel : 513322, 513422, 504888, Fax : 515102

**Air KBZ (K7)**
Tel: 372977~80, 533030~39 (Airport), Fax: 372983, Hot Line: 373766

**Air Mandalay (6T)**
Tel : (Head Office) 501520, 525488, Fax: 525937. Airport: 533222~3, 09-73152853. Fax: 533223.

**Asian Wings (YJ)**
Tel: 951 515261~264, 512140, 512473, 512640. Fax: 951 532333, 516654

**Golden Myanmar Airlines (Y5)**
Tel: 95 9 400446999, 95 9 400447999, Fax: 01 860 4051

**Yangon Airways(YH)**
Tel: (+95-1) 383 100, 383 107, 700 264, Fax: 652 533.

**FMI Air Charter - Sales & Reservations**
Tel: (95-1) 240363, 240373 / (+95-9) 421146545

## Domestic

6T = Air Mandalay
W9 = Air Bagan
YJ = Asian Wings
K7 = AIR KBZ
YH = Yangon Airways
FMI = FMI AIR Charter
Y5 = Golden Myanmar Airlines

**Subject to change without notice**

**Day**
1 = Monday
2 = Tuesday
3 = Wednesday
4 = Thursday
5 = Friday
6 = Saturday
7 = Sunday


First class information from a source you can trust is now more important than ever. Which is why more than half a million people read the newspaper for business and lifestyle.

When you need information you can trust. The Myanmar Times. Still the benchmark.




www.mmtimes.com
Heartbeat of the Nation

@TheMyanmarTimes

facebook.com/myanmartimes

Online or with our print editions you can be sure of accuracy and professionalism.
It's so easy to subscribe. Just email subscribe.mt@gmail.com or dial our hotline +951 392 928

# INTERNATIONAL FLIGHT SCHEDULES

| YANGON TO BANGKOK | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| PG 706 | Daily | 6:15 | 8:30 |
| 8M 335 | Daily | 7:40 | 9:25 |
| TG 304 | Daily | 9:50 | 11:45 |
| PG 702 | Daily | 10:30 | 12:25 |
| TG 302 | Daily | 14:55 | 16:40 |
| PG 708 | Daily | 15:20 | 17:15 |
| 8M 331 | Daily | 16:30 | 18:15 |
| PG 704 | Daily | 18:25 | 20:20 |
| TG 306 | Daily | 19:45 | 21:35 |

| YANGON TO DON MUENG | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| DD 4231 | Daily | 8:00 | 9:45 |
| FD 2752 | Daily | 8:30 | 10:20 |
| FD 2756 | Daily | 12:15 | 14:05 |
| FD 2754 | Daily | 17:50 | 19:35 |
| FD 2758 | Daily | 21:30 | 23:15 |
| DD 4239 | Daily | 21:00 | 22:55 |

| YANGON TO SINGAPORE | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| MI 509 | 1,2,6,7 | 0:25 | 5:00 |
| 8M 231 | Daily | 8:00 | 12:25 |
| Y5 233 | Daily | 10:10 | 14:40 |
| SQ 997 | Daily | 10:25 | 14:45 |
| 3K 586 | 2,4,6 | 11:20 | 15:50 |
| TR 2827 | 1,6,7 | 15:10 | 19:35 |
| TR 2827 | 2,3,4,5 | 17:10 | 21:35 |
| 3K 588 | 1,3,4,6 | 19:15 | 23:45 |

| YANGON TO KUALA LUMPUR | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| 8M 501 | 1,3,5,6 | 8:55 | 12:55 |
| AK 1425 | Daily | 8:30 | 12:50 |
| MH 741 | Daily | 12:15 | 16:30 |
| 8M 9506 | Daily | 12:15 | 16:30 |
| 8M 9508 | Daily | 15:45 | 20:05 |
| MH 743 | Daily | 15:45 | 20:05 |
| AK 1421 | Daily | 16:45 | 21:00 |

| YANGON TO BEIJING | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| CA 716 | 3,7 | 23:50 | 0550+1 |

| YANGON TO GAUNGZHOU | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| 8M 711 | 2,4,7 | 8:40 | 13:15 |
| CZ 3056 | 3,6 | 11:25 | 16:15 |
| CZ 3056 | 1,5 | 17:30 | 22:15 |

| YANGON TO TAIPEI | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| CI 7916 | 1,2,3,5,6 | 10:50 | 16:15 |

| YANGON TO KUNMING | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| CA 906 | Daily | 12:15 | 15:55 |
| MU 2012 | 3 | 12:20 | 18:20 |
| MU 2032 | 1,2,4,5,6,7 | 14:50 | 18:20 |

| YANGON TO HANOI | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| VN 956 | 1,3,5,6,7 | 19:10 | 21:30 |

| YANGON TO HO CHI MINH CITY | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| VN 942 | 2,4,7 | 14:25 | 17:15 |

| YANGON TO DOHA | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| QR 919 | 1,4,6 | 7:40 | 11:10 |

| YANGON TO PHNOM PENH | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| 8M 403 | 3,6 | 16:50 | 19:15 |

| YANGON TO SEOUL | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| OZ 770 | 4,7 | 0:35 | 9:10 |
| KE 472 | 2,3,4 | 23:35 | 8:05+1 |

| YANGON TO HONG KONG | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| KA 251 | 1,2,4,6 | 01:10 | 05:45 |

| YANGON TO TOKYO | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| NH 914 | Daily | 21:45 | 06:50+1 |

| YANGON TO SIEM REAP | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| 8M 401 | 1,3,6 | 8:35 | 10:45 |

| YANGON TO GAYA | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| 8M 601 | 3,5,6 | 7:00 | 8:20 |

| YANGON TO DHAKA | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| BG 061 | 1,4 | 19:45 | 21:00 |

| YANGON TO INCHEON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| 8M 7702 | Daily | 23:35 | 8:05 |
| 8M7502 | 4,7 | 0:35 | 9:10 |

| MANDALAY TO BANGKOK | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| PG 710 | Daily | 14:05 | 16:30 |

| MANDALAY TO SINGAPORE | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| Y5 233 | Daily | 8:05 | 14:40 |

| MANDALAY TO DON MUENG | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| FD 2761 | Daily | 12:45 | 15:00 |

| MANDALAY TO KUNMING | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| MU 2030 | Daily | 14:40 | 17:30 |

| MANDALAY TO GAYA | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| 8M 603 | 4 | 11:10 | 12:15 |

| NAYPYIDAW TO BANGKOK | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| PG 722 | 1,2,3,4,5 | 19:30 | 22:30 |

| BANGKOK TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| TG 303 | Daily | 7:55 | 8:50 |
| PG 701 | Daily | 8:50 | 9:40 |
| 8M 336 | Daily | 10:40 | 11:25 |
| TG 301 | Daily | 13:00 | 13:55 |
| PG 707 | Daily | 13:40 | 14:30 |
| PG 703 | Daily | 16:45 | 17:35 |
| TG 305 | Daily | 17:50 | 18:45 |
| 8M 332 | Daily | 19:15 | 20:00 |
| PG 705 | Daily | 20:00 | 21:30 |

| DON MUENG TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| DD 4230 | Daily | 6:30 | 7:15 |
| FD 2751 | Daily | 7:15 | 8:00 |
| FD 2755 | Daily | 11:10 | 11:45 |
| FD 2753 | Daily | 16:35 | 17:20 |
| FD 2757 | Daily | 20:15 | 20:55 |
| DD 4238 | Daily | 19:25 | 20:15 |

| SINGAPORE TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| SQ 998 | Daily | 7:55 | 9:20 |
| 3K 585 | 1,3,4,6 | 9:10 | 10:45 |
| TR 2826 | 1,6,7 | 13:10 | 14:30 |
| 8M 232 | Daily | 13:25 | 14:50 |
| MI 518 | Daily | 14:20 | 15:45 |
| TR 2826 | 2,3,4,5 | 15:00 | 16:30 |
| Y5 234 | Daily | 15:35 | 17:05 |
| 3K 587 | 2,5 | 17:05 | 18:35 |
| MI 520 | 5,7 | 22:10 | 23:35 |

| BEIJING TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| CA 905 | 3,5,7 | 19:30 | 22:50 |

| KAULA LUMPUR TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| AK 1426 | Daily | 6:55 | 8:00 |
| MH 740 | Daily | 10:05 | 11:15 |
| 8M 9505 | Daily | 10:05 | 11:15 |
| 8M 502 | 1,2,3,5,6 | 12:50 | 13:50 |
| 8M 9507 | Daily | 13:30 | 14:40 |
| MH 742 | Daily | 13:50 | 15:00 |
| AK 1420 | Daily | 15:05 | 16:15 |

| GUANGZHOU TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| CZ 3055 | 3,6 | 8:40 | 10:25 |
| CZ 3055 | 1,5 | 14:40 | 16:30 |
| 8M 712 | 2,4,7 | 14:15 | 15:50 |

| TAIPEI TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| CI 7915 | 1,2,3,5,6 | 7:00 | 9:55 |

| KUNMING TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| MU 2011 | 3 | 8:25 | 11:40 |
| CA 905 | Daily | 10:45 | 11:15 |
| MU 2031 | 1,2,4,5,6,7 | 13:30 | 14:00 |

| HANOI TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| VN 957 | 1,3,5,6,7 | 16:50 | 18:10 |

| HO CHI MINH CITY TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| VN 943 | 2,4,7 | 11:40 | 13:25 |

| DOHA TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| QR 918 | Daily | 20:30 | 6:15+1 |

| GAYA TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| 8M 602 | 3,5,6 | 9:20 | 12:30 |

| PHNOM PENH TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| 8M 404 | 3,6 | 20:15 | 21:40 |

| SEOUL TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| KE 471 | 2,3,4 | 18:45 | 22:35 |
| OZ 769 | 3,6 | 19:50 | 23:45 |

| TOKYO TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| NH 913 | Daily | 11:00 | 15:40 |

| HONG KONG TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| KA 250 | 1,3,5,7 | 21:45 | 23:30 |

| DHAKA TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| BG 060 | 1,4 | 16:30 | 18:45 |

| INCHEON TO YANGON | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| 8M 7701 | Daily | 18:45 | 22:35 |
| 8M 7501 | 3,6 | 19:50 | 23:25 |

| BANGKOK TO MANDALAY | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| PG 709 | Daily | 12:00 | 13:20 |

| DON MUEANG TO MANDALAY | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| FD 2760 | Daily | 10:50 | 12:15 |

| KUNMING TO MANDALAY | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| MU 2029 | Daily | 13:55 | 13:50 |

| GAYA TO MANDALAY | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| 8M 604 | 4 | 13:15 | 16:20 |

| BANGKOK TO NAYPYIDAW | | | |
|---|---|---|---|
| Flights | Days | Dep | Arr |
| PG 721 | 1,2,3,4,5 | 17:00 | 19:00 |

## International Airlines

**Air Asia (FD)**
Tel: 251 885, 251 886.

**Air Bagan Ltd.(W9)**
Tel : 513322, 513422, 504888, Fax : 515102

**Air China (CA)**
Tel : 666112, 655882.

**Air India**
Tel : 253597~98, 254758. Fax: 248175

**Bangkok Airways (PG)**
Tel: 255122, 255 265, Fax: 255119

**Condor (DE)**
Tel: + 95 1 -370836 up to 39 (ext : 810)

**Dragonair (KA)**
Tel: 95-1-255320, 255321, Fax : 255329

**Golden Myanmar Airlines (Y5)**
Tel: 95 9 400446999, 95 9 400447999,
Fax: 01 860 4051

**Malaysia Airlines (MH)**
Tel : 387648, 241007 ext : 120, 121, 122
Fax : 241124

**Myanmar Airways International(8M)**
Tel : 255260, Fax: 255305

**Silk Air(MI)**
Tel: 255 287~9, Fax: 255 290

**Thai Airways (TG)**
Tel : 255491~6, Fax : 255223

**Vietnam Airlines (VN)**
Fax : 255086. Tel 255066/ 255088/ 255068.

**Qatar Airways (Temporary Office)**
Tel: 379845, 379843, 379831, Fax: 379730

**Biman Bangladesh Airlines (BG)**
Tel: 371867~68, Fax: 371869.

**Nok Airline (DD)**
Tel: 255050, 255021, Fax: 255051

**Tiger Airline (TR)**
Tel: 371383, 370836~39 Ext: 303

## International

- FD & AK = Air Asia
- TG = Thai Airways
- 8M = Myanmar Airways International
- Y5 = Golden Myanmar Airlines
- PG = Bangkok Airways
- MI = Silk Air
- VN = Vietnam Airline
- MH = Malaysia Airlines
- CZ = China Southern
- CI = China Airlines
- CA = Air China
- KA = Dragonair
- Y5 = Golden Myanmar Airlines
- IC = Indian Airlines Limited
- W9 = Air Bagan
- 3K = Jet Star
- AI = Air India
- QR = Qatar Airways
- KE = Korea Airlines
- NH = All Nippon Airways
- SQ = Singapore Airways
- DE = Condor Airlines
- MU=China Eastern Airlines
- BR = Eva Airlines
- DD = Nok Airline
- AI = Air India
- BG = Biman Bangladesh Airlines
- TR = Tiger Airline

**Subject to change without notice**

| Day | | | |
|---|---|---|---|
| 1 = Monday | | 4 = Thursday | |
| 2 = Tuesday | | 5 = Friday | |
| 3 = Wednesday | | 6 = Saturday | |
| | | 7 = Sunday | |



**ကမ်းခြေတစ်နေရာ၌ ငါးခြောက်လှန်းနေသည့် ဒေသခံတစ်ဦး။** ဓာတ်ပုံ - စန္ဒာလွင်

# ခမ်းနားသော ငပလီ လွမ်းမောသော ငပလီ

စန္ဒာလွင်

ဓာတ်ပုံတွေ၊ ရုပ်ရှင်တွေထဲက လှလွန်းတဲ့ ငပလီကမ်းခြေကို ရခိုင်ပြည်နယ် ရောက်ခိုက် မြင်ဖူးအောင်တော့ သွားကြည့်မယ်လို့ စိတ်ကူးတဲ့ အတိုင်း နာရီ ၂၀ လောက် အချိန်ပေးလျှောက်ကြည့်ပြီးတဲ့ အခါမှာတော့ ငပလီဟာ လှနေရုံတင်မကတာ တွေ့ရပါတယ်။

ပြာရောင်၊ စိမ်းရောင်၊ ခမ်းနားအေးမြလှတဲ့ ပင်လယ်ကြီး၊ ရွှံ့နွံနုန်းကင်းကာ သန့်နေတဲ့ သဲသောင်တွေ၊ တောက်ပသန့်စင်နေတဲ့ ရေမင်းသားရဲ့ ခေတ်သစ်ပန်းပုလက်ရာ ကျောက်ဆောင် စုစုတွေ၊ ကျောက်ရိပ်ကြားက ရောင်စုံ ငါးငယ်၊ ဂဏန်းငယ်တွေ၊ သောင်ပေါ် ပြေးနေတဲ့ ရေပိုး ရေမွှားလေးတွေ၊ ကြည့်လေ ကြည့်လေ ဆွဲဆောင်လေပါ။

ပင်လယ်ပြင်ကြီးထဲကနေ ကျောက်ထပ် ကျောက်ဆွယ်တွေနဲ့ တောင်စဉ်တန်းကြီး ရုတ်တရက် ထိုးထွက်လာတဲ့ ရခိုင်ရိုးမမြေ မျက်နှာသွင်ပြင်အရ တောင်နဲ့ ပင်လယ်ပေါင်းထားတဲ့ ရခိုင်ကမ်းခြေ အလှဟာ ရေကြည်ကြည် ကမ်းအလှက ကြည်မွေ့ရသလို ပင်လယ်ဘက်က ပြန်ကြည့်တော့လည်း တိမ်အလှနဲ့ ကောင်းကင်အောက်မှာ မြူထူထူရစ်ထားတဲ့ ရခိုင်ရိုးမအစွယ်အပွား တောင်စဉ်နိမ့်မြင့် နောက်ခံနဲ့ ရေပြာ တစ်ရစ်၊ သောင်တစ်ရစ်၊ အုန်းပင်နွဲ့နွဲ့နဲ့ ဒေသပေါက်ပင် စိမ်းစိမ်းတောတွေကတစ်ဆစ်၊ မှင်သက်အောင် ငေးရပါတယ်။

"ဒီမြင်ကွင်းတွေ နေ့တိုင်းမြင်နေရတာ ခင်ဗျားတို့ ကံကောင်းတာပဲဗျာ" ဆိုတော့ ဟိုဟိုဒီဒီလိုက်ပြတဲ့ စက်လှေသမားက မချိပြုံးကို ဒီဂရီကုန်အောင် ပြုံးပြတယ်။

ပင်လယ်ကမ်းတစ်လျှောက် ဇာအနားသားလို 'ဂ' ပုံ ကမ်းအဝိုက်လေးတွေ စီကာဆက်နေပြီး အဝိုက်ငယ် တစ်ခုကို 'ချိုင်' လို့ ခေါ်ကြတယ်။

ပျမ်းမျှမိုင်ဝက်ခန့်လောက်စီ ရှည်မယ့် ချိုင်တစ်ခုစီဟာ ရေပြာပြာ၊ အုန်းပင်တန်းနဲ့ သဲသောင်ပြင်၊ ဟိုတစ်စု ဒီတစ်စု ကျောက်ဆောင် အစုစုလှပတဲ့ ကမ်းခြေတစ်ခုရဲ့ ကြံ့အင် လက္ခဏာ ကိုယ်စီဆင်ယဉ်ကာ လှေဆိပ်၊ မော်တော်ဆိပ်၊ ငါးလှန်းကွင်းတွေအဖြစ် ငပလီတစ်ဝိုက် ကျေးရွာအုပ်စုရွာသူရွာသားတို့ရဲ့ လူထုတာဝန်ကိုလည်း ကျေကျေပွန်ပွန် ထမ်းဆောင်နေကြပါတယ်။

နာမည်ကျော် ရေသူမရုပ်တုရှိရာ နိုင်ငံတော်ဧည့်ဂေဟာနဲ့ မလှမ်းမကမ်း၊ ရေအောက် ကျောက်ငုတ်တွေ၊ သဲသောင်ပေါ် ငေါထွက်နေတဲ့ ကျောက်တုံးတွေကို ကြိုးရှည်ကြီးတွေနဲ့ တွဲချည်ထားတဲ့ ငါးဖမ်းလှေတစ်စုရှေ့မှာ ပိုက်ထုပ် ကိုယ်စီ၊ တောင်း ကိုယ်စီနဲ့ လူတစ်သိုက်က ပင်လယ်ထွက်ဖို့ ပြင်ဆင်နေကြတယ်။ နေအစောင်းမို့ ကမ္ဘာကျော် ကမ်းခြေ တစ်လျှောက်လှန်းထားတဲ့ ငါးခြောက်ကို ရုပ်နေတဲ့ အဒေါ်ကြီးကခပ်ဝဝပဲ။

ယဉ်ယဉ်လေးလှိမ့်လာတဲ့ လှိုင်းတွေ ကို ကွန်စိတ်လေးနဲ့ ဆီးဆီးအုပ်နေသူကတော့ တစ်ထွာ တစ်မိုက်ခန့် ငါးလေးတွေ ခါးပိုက်ထောင်မှာ ပြည့်တော့ ငပလီရွာထဲ ပြန်တက်သွားတယ်။ "ဟင်းစားပဲလေ" လို့ ဆိုတယ်။

သောင်ပြင်စပ် ရောမပုန်းညက်ပင်ကြီးတွေ အရိပ်က အရက်နဲ့ အမြည်းဆိုင်လေးလည်း နေညိုအောက်မှာ စည်ကားနေတယ်။ ရှားရှားပါးပါး ပြည်တွင်းခရီးသွား တစ်စု၊ နှစ်စုက ကမ်းတစ်လျှောက် ဆတ်ကော့ လတ်ကော့ လျှောက်ကြည့်နေကြတယ်။ မြေကွက်လွတ်တွေ၊ အုတ်ရိုးတားထားတဲ့ ဆောက်လက်စ ဟိုတယ် လုပ်ငန်းခွင်ကြားကနေ ရွာတွင်းကပ်လျက်က အိမ်နိမ့်လေးတွေကို လှမ်းမြင်ရတယ်။

အားလုံးရဲ့ ခြေရာကွက်တွေ သဲသောင်ပေါ်ဗရပွဖြစ်တာ သူတို့အတွက် အဆင်မပြေပုံ မရ ပေမယ့် ခပ်လှမ်းလှမ်းက အဆင့်မြင့် ဟိုတယ်သစ်အတွက်တော့ ပြဿနာရှိပုံပါပဲ။ ဟိုတယ် နယ်နိမိတ်သောင်ပေါ်မှာ ဖြတ်သွား ဖြတ်လာ အားလုံးရဲ့ ခြေရာကွက်တွေကို ဝန်ထမ်း တစ်ဦးက ထွန်ခြစ်နဲ့ ဆွဲဖျက်ကာ တည်းခိုသူတို့ရဲ့ ပသာဒအတွက် ဝန်ဆောင်မှုပေးနေပါတယ်။

ညဘက်ရောက်တော့ လရောင်ကြည်အောက် တိတ်ဆိတ်နေတဲ့ ငပလီချိုင်ကမ်းခြေအလွန် ပင်လယ်ပြင်ထဲမှာ မီးရောင်တွေ အနှံ့အပြား မြင်ရတယ်။ 'မီးထွန်းပိုက်လှေတွေ' လို့ ဆိုတယ်။ လှေပေါ်မှာ မီးလုံးတွေ စုပြုံထွန်းပြီး မီးရောင်ဆီ လာတဲ့ ငါးတွေကို ပိုက်နဲ့ ဝိုက်ဖမ်းတဲ့ ငါးဖမ်းလှေတွေပါ။

ဆက်လက်ဖော်ပြပါမည်။

# ၂၀၁၄ ကမ္ဘာ့ဖလားမှာ ဘယ်အသင်း ဖိုလ်စွဲမလဲ

အောင်မိုးဇော်

**၂၀၁၄** ဘရာဇီးလ်ကမ္ဘာ့ဖလားပြိုင်ပွဲကတော့ မပြည့်မစုံ၊ ရှုန်းရင်းဆန်ခတ်ဖြစ်မှုဆိုတဲ့ လိုအပ်ချက်များစွာနဲ့အတူ မကြာမီမှာ စတင်တော့မှာ ဖြစ်ပါတယ်။ အိမ်ရှင်ကျင်းပမယ့် အသင်းကို လုံလောက်တဲ့ ပြင်ဆင်တည်ဆောက်ချိန်ပေးထားပေမယ့် တိုးတက်ဖွံ့ဖြိုးလာတဲ့ ဘရာဇီးလ်နိုင်ငံဟာ ကွင်းတည်ဆောက်မှုတွေကို အချိန်မီပြီးဆုံးအောင် မလုပ်နိုင်တဲ့ပြိုင်ပွဲတစ်ခုပဲ ဖြစ်ပါတယ်။ ဘောလုံးကိုမှ ရူးသွပ်သူတွေလို့ သတ်မှတ်ခံထားရတဲ့ ဘရာဇီးလ်တွေဟာ သူတို့နိုင်ငံမှာ ကမ္ဘာ့ဖလားပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရတာကို ကျေနပ်နေကြမယ်လို့ ယူဆထားခဲ့တဲ့ ဖီဖာအာဏာပိုင်တွေ တက်တက်စင်အောင် လွဲမှားသွားခဲ့ပြီး ဖီဖာအာဏာပိုင်တွေအတွက် စိတ်ပျက်တဲ့ပြိုင်ပွဲတစ်ခုပဲဖြစ်ပါတယ်။ ဘရာဇီးလ်တွေရဲ့ Mind Concept တွေပြောင်းလဲသွားပြီး ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျခဲ့မှုတွေအပေါ်မှာ နှမြောတသဖြစ်၊ ကွင်းတည်ဆောက်မှုမှာ အသက်တွေဆုံးရှုံး၊ ရဲနဲ့ မကျေနပ်သူတွေ ထိပ်တိုက်တွေ့၊ အခုထိ အားကစားကွင်းတချို့ မပြီးစီးသေးဆိုတဲ့ ပြဿနာတွေနဲ့အတူ ဇွန်လ ၁၂ ရက်နေ့မှာ ပြိုင်ပွဲကြီး စတင်တော့မှာဖြစ်ပါတယ်။ ပြဿနာများနဲ့ ၂၀၁၄ ဘရာဇီးလ် ကမ္ဘာ့ဖလား ဘယ်အသင်းဖိုလ်စွဲမလဲဆိုတဲ့ မေးခွန်းဟာလည်း ပြဿနာတွေနဲ့အတူ တိုးထွက်လာနေခဲ့ပါတယ်။

**ကစားရမယ့် ပွဲစဉ်အနေအထား**

ပြိုင်ပွဲတစ်ခု ကျင်းပတော့မယ်ဆိုရင် ဘယ်အသင်းဖိုလ်စွဲမလဲဆိုတာ ပြိုင်ပွဲတစ်ခုရဲ့ အဓိကအကျဆုံး မေးခွန်းပဲဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ဘယ်အသင်းပါလို့ တစ်သင်းတည်းခန့်မှန်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ကမ္ဘာ့ဖလားပြိုင်ပွဲလို အမြင့်မားဆုံးပြိုင်ပွဲတစ်ခုမှာ ဖိုလ်စွဲနိုင်မယ့် အသင်းကို ခန့်မှန်းမယ်ဆိုရင် တစ်သင်းတည်းတော့ ခန့်မှန်းလို့မရပါဘူး။ အနည်းဆုံး သုံးလေးသင်းတော့ ရှိနေမှာပဲဖြစ်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲဆိုတာ အုပ်စုရှစ်ခု၊ အသင်း ၃၂ သင်း ယှဉ်ပြိုင်တယ်ဆိုပေမယ့် တကယ်တော့ အုပ်စုလေးစုတို့ဟာ ကွာတားဖိုင်နယ်အထိ အတူကစားနေရပြီး ဆီမီးဖိုင်နယ်ရောက်မှသာ အခြားတစ်ဖက်က အုပ်စုလေးစုနဲ့ ကစားရတဲ့ ပြိုင်ပွဲသာဖြစ်ပါတယ်။ အုပ်စု(က)(ခ)(ဂ)(ဃ) တို့ဟာ ကွာတားဖိုင်နယ်ပွဲပြီးတဲ့အထိ သီးသန့်ကစားရသလို အုပ်စု(င)(စ)(ဆ)(ဇ)တို့ဟာလည်း ကွာတားဖိုင်နယ်ပွဲပြီးတဲ့အထိ သီးသန့်ကစားရမှာဖြစ်ပါတယ်။ အဲဒီတော့ ချန်ပီယံဖြစ်နိုင်တဲ့အသင်းဟာ အုပ်စုလေးစုကို ကျော်နိုင်ဖို့သာ အရင်ဆုံး ကြိုးစားရမှာပဲ ဖြစ်ပါတယ်။

> **ဘရာဇီးလ်ချန်ပီယံဖြစ်နိုင်ခြေရှိတဲ့ အချက်အလက်တွေကိုကြည့်လိုက်ရင် အိမ်ရှင်ဖြစ်နေတာရယ်၊ ကွန်ဖက်ဒရေးရှင်း...**

အခုပြိုင်ပွဲမှာ ဖိုလ်စွဲနိုင်မယ့်အသင်းတွေအဖြစ် အိမ်ရှင် ဘရာဇီးလ်နဲ့အတူ အာဂျင်တီးနား၊ စပိန်နဲ့ ဂျာမနီတို့ဟာ ဖိုလ်စွဲနိုင်တဲ့အသင်းတွေ ဖြစ်လာဖွယ်ရှိပါတယ်။ ကစားရမယ့်ပွဲစဉ် အနေအထားအရမှာ ဘရာဇီးလ်နဲ့ စပိန်တို့ဟာ အခန့်မသင့်ရင် ရှုံးထွက်အဆင့်မှာတင် ထိပ်တိုက်တွေ့သွားနိုင်ပြီး ဘရာဇီးလ်နဲ့ စပိန်နှစ်သင်းမှာ တစ်သင်းဟာ ရှုံးထွက်အဆင့်မှာတင် အဆုံးသတ်မှာပဲဖြစ်ပါတယ်။ အာဂျင်တီးနားနဲ့ ဂျာမနီတို့ကတော့ ထိပ်တိုက်တွေ့ဆုံမှု မရှိဘဲ တကယ်တမ်း ဆုံနိုင်ခြေအရှိဆုံးက ဖိုလ်လုပွဲပဲဖြစ်ပါတယ်။ ဖိုလ်လုပွဲရောက်နိုင်တဲ့ လမ်းကြောင်းတစ်ခုအရတော့ ဆီမီးဖိုင်နယ်မှာ ဘရာဇီးလ်နဲ့ ဂျာမနီ၊ အာဂျင်တီးနားနဲ့ စပိန်တို့ တွေ့နိုင်ဖွယ်ရှိနေပါတယ်။

**အိမ်ရှင်ဘရာဇီးလ် ဖိုလ်စွဲနိုင်ခြေရှိ**

ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုရောက်လာတိုင်း ဘရာဇီးလ်ဟာ ချန်ပီယံဖြစ်နိုင်ခြေရှိတဲ့အသင်းအဖြစ် ထိပ်ဆုံးကပါဝင်လေ့ရှိပါတယ်။ ဒီနှစ်မှာ အိမ်ရှင်ဖြစ်နေတဲ့အတွက် ရေပန်းအစားဆုံးအသင်းဖြစ်နေပါတယ်။ ဘရာဇီးလ် ပြည်တွင်းမှာ တိုးတက်တဲ့လူငယ်ပိုင်းအများစုဟာ အိမ်ရှင်အဖြစ် ကျင်းပပြီးအားကစားကွင်းတွေအတွက် အသုံးစရိတ်တွေတက်လာလို့ မကျေနပ်မှုတွေ ဖြစ်နေတဲ့ အတွက် ဘရာဇီးလ်အသင်းအနေနဲ့ အတိုင်းအတာတစ်ခုအထိ ထိခိုက်မှုရှိလာနိုင်ပေမယ့် အသင်းအောင်မြင်မှုရလာခဲ့ရင် အဲဒီမကျေနပ်မှုတွေဟာ လျော့ကျသွားနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ဘရာဇီးလ်နည်းပြ စကိုလာရီကိုယ်တိုင်ကလည်း ဒီလိုပဲမျှော်လင့်နေပါတယ်။ အောင်မြင်နိုင်ပါ့မလား၊ အောင်မြင်နိုင်ဖွယ်ရှိပါတယ်။ စကိုလာရီဟာ ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘရာဇီးလ်အသင်းကို ချန်ပီယံဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပါတယ်။ ၁၉၅၀ ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် ကျင်းပတုန်းက ချန်ပီယံမဖြစ်ခဲ့တဲ့ဖြစ်ရပ်တွေက ပြန်ပြီးသတိရစရာလည်း ဖြစ်နေပါတယ်။ ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရတဲ့အတွက် ခြေစစ်ပွဲမဝင်ရလို့ ဘရာဇီးလ်ဟာ ပွဲကစားမှုနည်းနေမယ်ထင်ရပေမယ့် ကွန်ဖက်ဒရေးရှင်းဖလားပွဲ ကစားထားပြီး အောင်မြင်မှုရထားတာက စကိုလာရီအတွက် ယုံကြည်မှုအောင်ပွဲတစ်ခုပဲဖြစ်ပါတယ်။

ကွန်ဖက်ဒရေးရှင်းဖလားပွဲမှာ ဘရာဇီးလ်ဟာ ဂျပန်၊ မက္ကဆီကို၊ အီတလီတို့နဲ့ အုပ်စုမှာအတူကျပြီး သုံးပွဲစလုံးကိုအနိုင်ရပြီး ဆီမီးဖိုင်နယ်ကို တက်သွားခဲ့ပါတယ်။ ဆီမီးဖိုင်နယ်မှာ ဥရုဂွေးနဲ့တွေ့ပြီး အနိုင်ရကာ ဖိုလ်လုပွဲကို တက်လာခဲ့ပါတယ်။ ဖိုလ်လုပွဲမှာ လက်ရှိကမ္ဘာ့ဖလားချန်ပီယံ စပိန်နဲ့တွေ့ပြီး အနိုင်ရသွားခဲ့ပါတယ်။ စုစုပေါင်း ငါးပွဲကစားပြီး ငါးပွဲစလုံးကို အနိုင်ရခဲ့ပါတယ်။ သွင်းဂိုးက ၁၄ ဂိုးရှိပြီး ပေးဂိုးက သုံးဂိုးသာပေးခဲ့ရပါတယ်။ လူငယ်တိုက်စစ်မှူး နေမာခြေစွမ်းပြသွားတဲ့ပွဲဖြစ်ပါတယ်။ စကိုလာရီဟာ အခုလည်း ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲက ကစားသမားတွေကိုပဲ ရွေးချယ်ထားခဲ့တာ တွေ့ရပါတယ်။ ဒီရာသီ ဥရောပပြိုင်ပွဲတွေ ရောက် ဘရာဇီးလ်ကစားသမားတွေထဲမှာ စကိုလာရီရွေးချယ်ထားတဲ့ နေမာ၊ ပေါ်လင်ညို၊ ဒေးဗစ်လူးဝစ္စ၊ ဘားနတ်ဒ်တို့ ခြေစွမ်းကောင်းကောင်းမပြနိုင်ခဲ့ကြတဲ့တိုင်အောင် စကိုလာရီကတော့ ကွန်ဖက်ဒရေးရှင်းဖလားပွဲဝင် ဘရာဇီးလ်အသင်းရဲ့ အထိုင်ကိုအားကိုးထားမြဲဖြစ်ပါတယ်။ မွန်ချင်ဂလာဘတ်အသင်း တိုက်စစ်မှူးရာဖေးလ်၊ လာလီဂါမှာ ချန်ပီယံဖလားရယူသွားပြီး ချန်ပီယံလိဂ်မှာ ဖိုလ်လုပွဲရောက်အောင် စွမ်းဆောင်နိုင်ခဲ့တဲ့ အလက်တီကိုနောက်တန်းက မီရန်ဒါ၊ ဖိလစ်ပီလူးဝစ်၊ ပီအက်စ်ဂျီက လူကပ်စ်မိုရာ၊ ဘိုင်ယန်မြူးနစ်က ရာဖင်ဟာ၊ လီဗာပူးက လူးကပ်စ်တို့ကို လုံးဝချန်ထားပြီး ကွန်ဖက်ဒရေးရှင်းပြိုင်ပွဲဝင်အသင်းသားအများစုကိုပဲ ခေါ်ထားတာက စကိုလာရီရဲ့ ထူးခြားမှုပဲဖြစ်ပါတယ်။ တကယ်တမ်းဆိုရင်တော့ ဂျိုးလိုတိုက်စစ်မှူး၊ ဘားနတ်ဒ်လို တိုက်စစ်မှူးတွေထက် ရာဖေးလ်လို တိုက်စစ်မှူးကို ခေါ်ထားသင့်ခဲ့ပါတယ်။ စကိုလာရီဟာ သူ့အကြောင်းကို သိထားပြီးသားသူကိုပဲ ဆက်သုံးတဲ့သဘောလို့ နားလည်ရပါတယ်။

ဒီလိုအခြေအနေမျိုးမှာ ဘရာဇီးလ်ဟာ ဘာကြောင့်ချန်ပီယံဖြစ်သင့်ရတာလဲလို့ မေးခွန်းထုတ်စရာပါ။ ဘရာဇီးလ်ချန်ပီယံဖြစ်နိုင်ခြေရှိတဲ့ အချက်အလက်တွေကိုကြည့်လိုက်ရင် အိမ်ရှင်ဖြစ်နေတာရယ်၊ ကွန်ဖက်ဒရေးရှင်းဖလားပွဲကို အိမ်ရှင်အဖြစ် ကျင်းပခဲ့ပြီး ချန်ပီယံဖြစ်ခဲ့တဲ့အချက်ရယ်၊ ပြီးရင် အဓိကကျတဲ့အချက်က ဘရာဇီးလ်နောက်တန်း ဘယ်ညာအစွန်ကစားသမားတွေဟာ ဒီပြိုင်ပွဲမှာ တိုက်စစ်ကို အကောင်းဆုံးပံ့ပိုးပေးနိုင်တဲ့ နောက်တန်းအစွန်သမားတွေ ဖြစ်နေတာရယ်က ဘရာဇီးလ်ချန်ပီယံဖြစ်နိုင်ခြေရှိတဲ့အချက်တွေ ဖြစ်ပါတယ်။ ဘရာဇီးလ်နောက်တန်းဘယ်ညာတွေမှာ အဓိကနေရာရလာမယ့်သူတွေက ဘာစီလိုနာနောက်တန်းသမား အဲလ်ဗက်စ်၊ ရီးယဲလ်မက်ဒရစ်နောက်တန်းသမား မာဆယ်လိုတို့ပဲ ဖြစ်ပါတယ်။ ဒီနှစ်ယောက်ရဲ့တိုက်စစ်လိုက်ထောက်ကစားဟန်က ဘရာဇီးလ်အသင်း ဂိုးတွေရလာနိုင်တဲ့ အဓိကလမ်းကြောင်းပဲ ဖြစ်ပါတယ်။ နောက်တန်းဘယ်ညာအစွန် ကစားသမားတွေထဲမှာ ဘရာဇီးလ်အသင်းဟာ အဓိကပြိုင်ဘက်တွေထက်ကို ပိုပြီးတောင့်တင်းနေပါတယ်။ စကိုလာရီအောင်မြင်မှုအတွက် အဓိကလမ်းကြောင်းဟာ အဲလ်ဗက်စ်နဲ့ မာဆယ်လို၊ အရန်ခုံက မိုင်ကွန်တို့ ဖြစ်လာပါလိမ့်မယ်။ နေမာ ဘာစီလိုနာမှာ ခြေစွမ်းမပြနိုင်ပေမယ့် နေမာခြေစွမ်းပြနိုင်ဖို့အတွက် မာဆယ်လို၊ အဲလ်ဗက်စ်နဲ့ အော်စကာတို့ဟာ အဓိကပံ့ပိုးသူတွေ ဖြစ်လာပါလိမ့်မယ်။ စကိုလာရီဟာ ကစားသမားအသစ်တွေအဖြစ် ဖာနန်ဒင်ညို၊ ဝီလျံတို့လို ကစားသမားတွေ ခေါ်ထားပါတယ်၊ အင်္ဂလန်အခြေစိုက်ကစားသမားတွေ ဘရာဇီးလ်ကွင်းလယ်ကို စိုးမိုးထားပါလိမ့်မယ်။ ဒီအခြေအနေက ဘရာဇီးလ်ဟာ အမြန်နှုန်းနဲ့ ကစားလာမယ့်ပုံမှာရှိပါတယ်။

၄-၃-၃ ကစားကွက်ကို တည်ထားတဲ့ စကိုလာရီဟာ အုပ်စုမှာ မက္ကဆီကို၊ ကင်မရွန်း၊ ခရိုအေးရှားတို့နဲ့ ကစားရမှာဖြစ်လို့ အုပ်စုပထမရမှာပါ။ ကွန်ဖက်ဒရေးရှင်းဖလားပွဲတုန်းက အုပ်စုမှာ အီတလီကို ၄-၂၊ ဂျပန်ကို ၃-၀၊ မက္ကဆီကိုကို ၂-၀ နဲ့ အနိုင်ကစားခဲ့ပါတယ်။ အခုလည်း အုပ်စုမှာ ပထမရရင် အုပ်စု(ခ)က စပိန်၊ ဟော်လန်၊ ချီလီတို့နဲ့တွေ့မှာပါ။






ဆက်လက်ဖော်ပြပါမည်။

# စပိန်၊ နယ်သာလန်တို့နဲ့ အုပ်စု(ခ) အခြေအနေ

**၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးရဲ့ အုပ်စု (ခ)မှာ ဥရောပဇုန်က စပိန်နဲ့ နယ်သာလန်၊ တောင်အမေရိကဇုန်က ချီလီ၊ အာရှဇုန်က ဩစတြေးလျ စတဲ့အသင်းတွေ ပါဝင်နေပါတယ်။ အုပ်စု(ခ)မှာ ပါဝင်တဲ့ အသင်းတွေအကြောင်းကို လေ့လာကြည့်မယ်ဆိုရင်....။**

ထွန်းနေအောင်

**သမိုင်းစံချိန်သစ်တင်ဖို့ကြိုးစားမယ့် စပိန်**

စပိန်အသင်းဟာ အဓိက ပြိုင်ပွဲကြီးနှစ်ခုဖြစ်တဲ့ ကမ္ဘာ့ဖလားနဲ့ ယူရိုပြိုင်ပွဲတွေမှာ နှစ်ကြိမ်ဆက် ချန်ပီယံဖြစ်ဖို့ ကြိုးစားရမယ့်အသင်းပါ။ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံဖြစ်သလို ယူရို ၂၀၀၈နဲ့ ၂၀၁၂ တွေမှာ ချန်ပီယံဖြစ်ခဲ့တဲ့ အသင်းပါ။ ဒါကြောင့် ယခုနှစ် ပြိုင်ပွဲမှာသာ ဖိုလ်စွဲနိုင်ခဲ့မယ်ဆိုရင် စပိန်အသင်းဟာ သမိုင်းစံချိန်သစ်ကို ရေးထိုးနိုင်မှာပါ။ စပိန်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲ ဥရောပဇုန် ခြေစစ်ပွဲတုန်းက အုပ်စု(ဈ)မှာ ပါဝင်ခဲ့ပြီး အုပ်စုပထမနဲ့ ခြေစစ်ပွဲအောင်မြင်ခဲ့တာပါ။ စပိန်အသင်းပါဝင်တဲ့ အဲဒီအုပ်စုမှာ အသင်းငါးသင်းသာ ယှဉ်ပြိုင်ရတာဖြစ်ပြီး တူတူတန်တန်အသင်းဆိုလို့ ပြင်သစ်အသင်းတစ်သင်းသာ ပါဝင်ပါတယ်။ ကျန်တဲ့အသင်းတွေကတော့ ဖင်လန်၊ ဂျော်ဂျီယာ၊ ဘီလာရုစ်စတဲ့ အသင်းငယ်လေးတွေပဲ ဖြစ်ပါတယ်။ စပိန်ဟာ ခြေစစ်ပွဲ ရှစ်ပွဲကစားရာမှာ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ရှုံးပွဲမရှိခဲ့ပါဘူး။ ဒီအခြေအနေကိုကြည့်ရင် စပိန်အသင်းဟာ အကောင်းဆုံးအနေအထားမှာ ရှိနေဆဲဆိုတာ သိသာပါတယ်။ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးအဆင့် ပြိုင်ပွဲကြီးအတွက် ပဏာမရွေးချယ်ထားတဲ့ အသင်းလူစာရင်းကိုကြည့်ရင် ဘာစီလိုနာ၊ ရီးယဲလ်၊ အလက်တီကို အသင်းသုံးသင်းက ကစားသမားတွေကိုအခြေခံပြီး ရွေးချယ်ထားတာဖြစ်တာကြောင့် ပွဲထွက် ၁၁ ယောက်စာရင်းအတွက် နည်းပြ ဒဲလ်ဘော့စကေး တော်တော်ခေါင်းစားခံ ရွေးချယ်ရမှာ ဖြစ်ပါတယ်။

**အိပ်မက်ဆိုးတွေကြားက ရုန်းထွက်ရမယ့် နယ်သာလန်**

ဥရောပအသင်းကြီးတစ်သင်းအဖြစ် သတ်မှတ်ခံထားရတဲ့ နယ်သာလန်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆုဖလားကြီးကို လက်ဝယ်ပိုင်ပိုင်ရရှိဖူးတဲ့ အသင်းတော့ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းက ဗိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့ပေမယ့် စပိန်ကို ရှုံးနိမ့်ခဲ့တာကြောင့် ကမ္ဘာ့ဖလားကြီးကို လက်တစ်ကမ်းအလိုမှာ လက်လွှတ်ခဲ့ရတာပါ။ ဒီနှစ်မှာတော့ သူတို့ရဲ့အောင်မြင်မှုအိပ်မက်တွေ အမှန်တကယ်ဖြစ်ပေါ်လာဖို့ ကြိုးစားရမယ့်အချိန်ဖြစ်နေပါပြီ။ နယ်သာလန်အသင်းအနေနဲ့ အခုပြိုင်ပွဲအတွက် ခြေစစ်ပွဲကစားခဲ့ရာမှာ အုပ်စုပထမနဲ့ ခြေစစ်ပွဲ အောင်လာတာလည်း ဖြစ်ပါတယ်။ နယ်သာလန်အသင်းဟာ ခြေစစ်ပွဲ ၁၀ ပွဲကစားခဲ့ရာမှာ ကိုးပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိဘဲ ရဂိုး ၃၅ ဂိုး၊ ပေးဂိုး ငါးဂိုးသာရှိခဲ့တာကြောင့် တိုက်စစ်၊ ခံစစ် အကောင်းဆုံးအနေအထားကို ပြသနိုင်ခဲ့ပါတယ်။ နယ်သာလန်အသင်း လူစာရင်းကိုကြည့်ရင်လည်း ပြည်တွင်းကလပ်အသင်းတွေက ကစားသမား ထက်ဝက်ကျော်လောက်ပါနေပြီး အဲဒီကစားသမားတွေရဲ့ အသက်ဟာ ၂၀ နဲ့ ၂၅ ကြားမှာရှိတာကြောင့် နုပျိုတဲ့အသင်းလို့ ဆိုနိုင်ပါတယ်။ အဲဒီ ကစားသမားတွေကို ဗန်ဒါဗတ်၊ စနိုက်တာ၊ ရော်ဘင်၊ ဗန်ပါစီ၊ ဒီဂျောင်၊ ဟန်တယ်လာစတဲ့ ဥရောပတစ်ခွင်မှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေနဲ့ ပေါင်းစုထားတာကြောင့် အတောင့်တင်းဆုံးဖြစ်နေတယ်လို့ ဆိုနိုင်ပါတယ်။

**ဖျက်မြင်းဖြစ်လာနိုင်တဲ့ ချီလီ**

တောင်အမေရိကဇုန်ခြေစစ်ပွဲမှာ အဆင့်သုံးနေရာကနေ ခြေစစ်ပွဲအောင်ခဲ့တဲ့ ချီလီအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးကို ယခုအကြိမ်အပါအဝင် ရှစ်ကြိမ်တိုင်တိုင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရဖူးတဲ့ အသင်းဖြစ်တာကြောင့် ပြိုင်ပွဲအတွေ့အကြုံက ရှိပြီးသားပါ။ အခုနှစ်ပြိုင်ပွဲအတွက် ခြေစစ်ပွဲတွေကစားရာမှာ ၁၆ ပွဲကစား ကိုးပွဲနိုင်၊ တစ်ပွဲသရေ၊ ခြောက်ပွဲ ရှုံးနဲ့ အဆင့်သုံးနေရာက အောင်မြင်ခဲ့တာ ဖြစ်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ချီလီအသင်းရွေးချယ်ထားတဲ့ လူစာရင်းဟာဆိုရင် ဥရောပတစ်ဝန်းမှာ ကစားနေတဲ့ ကစားသမားတွေပဲ ဖြစ်ပါတယ်။ ဒါ့ပြင် အစ္စလာ၊ ဗားဂက်စ်၊ အဲလက်စ်ဆန်းချက်စတဲ့ ကစားသမားကောင်းတွေလည်း ပါဝင်နေတာကြောင့် အုပ်စု(ခ)မှာ အသင်းကြီးတွေလို့ပြောလို့ရတဲ့ စပိန်နဲ့ နယ်သာလန်အသင်းတွေကို အတိုင်းအတာတစ်ခုလောက်ထိ ယှဉ်နိုင်မယ် ထင်ပါတယ်။ ချီလီကို လျှော့တွက်တဲ့အသင်းကတော့ ကံကောင်းနိုင်မယ် မထင်ပါဘူး။

**မျက်နှာသစ်တွေနဲ့ ဩစတြေးလျ**

ဗီဒူကာ၊ ရှဝါဇာ၊ ကာဟေးလ် နောက်ပိုင်း ဩစတြေးလျအသင်းက ကစားသမားတွေဟာ နာမည်ကြီး ကလပ်အသင်းတွေမှာ နေရာရတာ နည်းလာခဲ့ပါတယ်။ ဒါကြောင့် ဩစတြေးလျအသင်းရဲ့ နောက်ပိုင်းမျိုးဆက်တွေဟာ ခြေစွမ်းပိုင်း အနည်းငယ်နိမ့်ကျလာတယ်လို့ ဆိုနိုင်ပါတယ်။ အာရှဇုန်နောက်ဆုံးအဆင့် ခြေစစ်ပွဲမှာ ဂျပန်၊ ဂျော်ဒန်၊ အိုမန်၊ အီရတ်တို့နဲ့ တစ်အုပ်စုတည်းကျခဲ့ပြီး ဂျပန်ရဲ့ နောက် အုပ်စု ဒုတိယနေရာကနေ ခြေစစ်ပွဲအောင်ခဲ့တာပါ။ ခြေစစ်ပွဲ ရှစ်ပွဲကစားရာမှာ သုံးပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံးဆိုတဲ့ ရလဒ်သာရရှိခဲ့ပါတယ်။ အခု ကမ္ဘာ့ဖလား နောက်ဆုံးအဆင့်ပြိုင်ပွဲကြီးမှာ တစ်အုပ်စုတည်းကျရောက်နေတဲ့ အသင်းတွေနဲ့ ယှဉ်ကြည့်လိုက်ရင်တော့ ဩစတြေးလျကို အုပ်စု(ခ)မှာ အားအနည်းဆုံးအသင်းအဖြစ် သတ်မှတ်ထားရမှာပါ။ ■

BRAZIL 2014

**GROUP B**

- Spain
- Netherlands
- Chile
- Australia

***June 13*** - Cuiaba
**Chile - Australia**

***June 13*** - Salvador de Bahia
**Spain - Netherlands**

***June 18*** - Porto Alegre
**Netherlands - Australia**

***June 18*** - Rio de Janeiro
**Spain - Chile**

***June 23*** - Curitiba
**Spain - Australia**

***June 23*** - Sao Paulo
**Netherlands - Chile**

AFP



# စပိန်လက်ရွေးစင်အသင်း၏ ဘရာဇီးလ် ကမ္ဘာ့ဖလားခရီး

ဟိန်းသန့်

**ဒီရာသီကတော့** စပိန်အသင်းတွေ ဥရောပမှာ အောင်ပွဲခံခဲ့တဲ့ရာသီ တစ်ခုပါပဲ။ ယူရိုပါလိဂ်မှာ ဆီဗီလာ၊ ချန်ပီယံလိဂ်မှာ ရီးယဲလ်မက်ဒရစ် ဖိုလ်စွဲနိုင်ခဲ့သလို ဒီပြိုင်ပွဲနှစ်ခုရဲ့ ဗိုလ်လုပွဲတွေကို စပိန်သုံးသင်း တက်ရောက်နိုင်ခဲ့တာက ဥရောပမှာ စပိန်ကလပ်အသင်းတွေရဲ့ လွှမ်းမိုးမှုဟာ အားကောင်းနေဆဲပဲဆိုတာကို ပြနိုင်ခဲ့ပါတယ်။

ကလပ်အသင်းတွေရဲ့ အောင်မြင်မှုအပေါ် မူတည်ပြီး လက်ရွေးစင်အသင်းကြီးကို ဘရာဇီးလ်မှာအောင်မြင်မှု ဆက်ယူပြနိုင်မလားဆိုတာကလည်း ဒီအချိန်မှာမေးစရာကောင်းတဲ့၊ ဆွေးနွေးစရာကောင်းတဲ့ မေးခွန်းတစ်ခု ဖြစ်လာတာအမှန်ပါပဲ။ ဥရောပ ကလပ်အသင်းအဆင့်မှာ စပိန်အသင်းတွေလွှမ်းမိုးထားနိုင်သလို နိုင်ငံအသင်းအဆင့်မှာလည်း စပိန်အသင်းဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၁) မှာရှိနေပါတယ်။ ၂၀၀၈ယူရို၊ ၂၀၁၀ကမ္ဘာ့ဖလား၊ ၂၀၁၂ ယူရို ပြိုင်ပွဲသုံးရပ်ဆက်တိုက် ဗိုလ်စွဲနိုင်ခဲ့တဲ့ စံချိန်ကောင်းနဲ့ ရပ်တည်ပြထားတာကလည်း လက်ရွေးစင်အသင်းကြီးရဲ့ အဆင့်တစ်ခုကို ထုတ်ပြထားသလိုပါပဲ။

တကယ်တော့ ကလပ်အသင်းနဲ့ နိုင်ငံ့ လက်ရွေးစင်ဆိုတာဟာ အနည်းနဲ့အများဆိုသလို ဆက်နွယ်မှုရှိနေပါတယ်။ စပိန်လက်ရွေးစင် အသင်းကြီး အောင်မြင်မှုကို ကြည့်မယ်ဆိုရင် စပိန်ကလပ် အသင်းတစ်သင်းဖြစ်တဲ့ ဘာစီလိုနာအသင်းရဲ့ အောင်မြင်မှုနဲ့ ဆက်စပ်နေတာကိုလည်း မြင်တွေ့ကြရမှာပါ။ ဘာစီလိုနာအသင်းဟာ ၂၀၀၅ ခုနှစ်လောက်ကမှ အစပျိုးလာပြီး ဥရောပကလပ်အသင်းလောကကို လွှမ်းမိုးလာနိုင်တာနဲ့အမျှ စပိန်အသင်းကြီးဟာလည်း သိသိသာသာ တိုးတက်မှုပြလာခဲ့ပါတယ်။ ၂၀၀၆ ချန်ပီယံလိဂ်မှာ ဘာစီလိုနာအသင်း ဗိုလ်စွဲနိုင်ခဲ့တဲ့ အချိန်ကစပြီး ကြည့်မယ်ဆိုရင် ဘာစီလိုနာအသင်းဟာ ၂၀၀၉၊ ၂၀၁၁ ချန်ပီယံလိဂ်မှာ သရဖူဆောင်းနိုင်ခဲ့တယ်။ ဒီအချိန်မှာပဲ စပိန်လက်ရွေးစင်အသင်းကြီးကလည်း ၂၀၀၈ ယူရို၊ ၂၀၁၀ ကမ္ဘာ့ဖလားနဲ့ ၂၀၁၂ ယူရိုပြိုင်ပွဲ သုံးကြိမ်ဆက်ဗိုလ်စွဲနိုင်ခဲ့တာကိုကြည့်ရင် ဘာစီလိုနာနဲ့ စပိန်လက်ရွေးစင်အသင်းကြီးကြား ဆက်နွယ်မှုကိုလည်း ထင်ရှားစွာမြင်နိုင်ပါလိမ့်မယ်။

အဲဒီကာလတွေမှာ စပိန်လက်ရွေးစင်အသင်းကြီးဟာ ကလပ်အသင်းအဆင့်မှာ အောင်မြင်မှုရထားတဲ့ ဘာစီလိုနာအသင်းကို အခြေပြု တည်ဆောက်ထားခဲ့တာဖြစ်လို့ လက်ရွေးစင်အသင်းကြီး အောင်မြင်မှုနဲ့ ဘာစီလိုနာရဲ့ အောင်မြင်မှုတွေဟာ ခွဲခြားလို့ မရနိုင်အောင် ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီရာသီမှာတော့ အခြေအနေတွေက ပြောင်းလဲလာနေပါပြီ။ ဥရောပနဲ့ ကမ္ဘာ့ဘောလုံးလောကမှာ လွှမ်းမိုးနိုင်ခဲ့တဲ့ ဘာစီလိုနာရဲ့ ခေတ်တစ်ခေတ်ဟာ ကုန်ဆုံးချိန်ရောက်လာတာကို မြင်နေကြရလို့ ဘာစီလိုနာကို အားပြုတည်ဆောက်ထားတဲ့ စပိန်လက်ရွေးစင်အသင်းကြီးဟာလည်း လာမယ့်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ ခက်ခဲလာတော့မယ့်အခြေအနေမျိုး ရောက်နေပြီလို့ ထင်နေကြတဲ့သူတွေလည်း အများကြီးရှိပါတယ်။



စပိန်ကလပ်အသင်းကြီးတွေဖြစ်တဲ့ ဘာစီလိုနာနဲ့ ရီးယဲလ်မက်ဒရစ် အသင်းတွေမှာ ကျင်လည်ခဲ့ဖူးတဲ့ နာမည်ကြီးကစားသမား ဖီဂိုကဆိုရင် လာမယ့်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စပိန်အသင်းအောင်ပွဲရဖို့ မလွယ်တော့ဘူးလို့တောင် ထုတ်ပြောခဲ့တဲ့ အထိပါပဲ။ သူ့ရဲ့ပြောဆိုမှုကလည်း ကလပ်အသင်းအဆင့်မှာ ဘာစီလိုနာအသင်း ကျဆင်းလာမှုအပေါ် အခြေခံနိုင်ပြီး အမေရိကတိုက်မှာ ကျင်းပတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ဥရောပအသင်းတွေ တစ်ကြိမ်တစ်ခါမှ ဗိုလ်စွဲနိုင်ခြင်းမရှိတဲ့ အစဉ်အလာတွေအပေါ်မှာလည်း မူတည်ပြီး ခန့်မှန်းပြောဆိုခဲ့တာလည်း ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲပြီးတဲ့အခါမှာတော့ အဲဗာတန်နည်းပြဖြစ်တဲ့ မာတီနက်စ်

> **ကမ္ဘာ့ဘောလုံးလောကအတွင်း ဘယ်အသင်းမှ လိုက်မီဖို့ မလွယ်နိုင်တော့တဲ့ အောင်မြင်မှုမျိုးကို စံချိန်တင်နိုင်တော့မှာ...**

ရဲ့ပြောစကားက စဉ်းစားစရာပြန်ဖြစ်လာတယ်။ မာတီနက်စ်က ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ မက်ဒရစ်နှစ်သင်း ကစားသွားတာကို ကြည့်ရပုံအရ စပိန်အသင်းဟာ လာမယ့်ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း အောင်ပွဲခံနိုင်လိမ့်မယ်လို့ ပြောခဲ့တာပါ။ ဖီဂိုနဲ့ မာတီနက်စ်တို့ရဲ့ မတူညီတဲ့ ခန့်မှန်းပြောဆိုမှုတွေကြားမှာ စပိန်အသင်းနဲ့ ဘရာဇီးလ်ကမ္ဘာ့ဖလား အနေအထားကလည်း စိတ်ဝင်စားစရာတော့ ကောင်းလာပါတယ်။

စပိန်အသင်းသာ လာမယ့် ဘရာဇီးလ်ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲနိုင်ခဲ့မယ်ဆိုရင် ကမ္ဘာ့ဘောလုံးလောကအတွင်း ဘယ်အသင်းမှ လိုက်မီဖို့ မလွယ်နိုင်တော့တဲ့ အောင်မြင်မှုမျိုးကို စံချိန်တင်နိုင်တော့မှာပါ။ ယူရိုနှစ်ကြိမ်ဆက်၊ ကမ္ဘာ့ဖလား နှစ်ကြိမ်ဆက်နဲ့ ဒီပြိုင်ပွဲကြီးနှစ်ခုမှာ လေးကြိမ်ဆက် ဗိုလ်စွဲနိုင်တဲ့အသင်းတစ်သင်းအဖြစ် မှတ်တမ်းထိုးနိုင်မှာဖြစ်သလို အမေရိကတိုက်အတွင်း ပထမဦးဆုံးဗိုလ်စွဲနိုင်တဲ့ ဥရောပအသင်းအဖြစ်ပါ မှတ်တမ်းသစ်ရဖို့ရှိနေပါတယ်။ ဒါပေမဲ့ ဒီလိုစံချိန်ကောင်းတွေရရှိဖို့ကလည်း စပိန်အသင်းအတွက် တကယ့်ကိုကြီးမားတဲ့ စိန်ခေါ်မှုကြီးတစ်ခုပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ စပိန်အသင်းဟာ ဒီ ဘရာဇီးလ်မြေပေါ်မှာ ကမ္ဘာ့ဖလားအကြိုအဖြစ် ကွန်ဖက်ဒရေးရှင်းဖလားနဲ့ စမ်းသပ်ကစားထားခဲ့ပြီးပါပြီ။ အဲဒီတုန်းက စပိန်အသင်းဟာ ဗိုလ်လုပွဲကို လွယ်လွယ်ကူကူ တက်ရောက်လာနိုင်ပေမယ့် ဗိုလ်လုပွဲမှာတော့ အိမ်ရှင်ဘရာဇီးလ်အသင်းကို ဂိုးပြတ်အရေးနိမ့်ကာ ချန်ပီယံဆုနဲ့လွဲခဲ့ရပါတယ်။ ဒါကိုကြည့်မယ်ဆိုရင် အမေရိကတိုက်ရဲ့ အစဉ်အလာတစ်ခုကို ချိုးဖျက်နိုင်ဖို့ဆိုတာဟာ စပိန်အသင်းအတွက် တကယ့်ကိုခက်ခဲတဲ့ အနေအထားတစ်ခုဖြစ်လာနိုင်တယ်ဆိုတာ ကြိုတင်တွေ့မြင်လိုက်ရသလိုပါပဲ။

အခုတစ်ကြိမ် ကမ္ဘာ့ဖလားမှာလည်း စပိန်အသင်းရဲ့ ချန်ပီယံဖြစ်ရေးအိပ်မက်ကို တကယ်တားဆီးနိုင်မယ့် ပြိုင်ဘက်အသင်းတွေက တောင်အမေရိကအခြေစိုက် အိမ်ရှင်ဘရာဇီးလ်အသင်းနဲ့ အာဂျင်တီးနားအသင်းတွေပဲဖြစ်လာဖို့ များနေပါတယ်။ ဒီအသင်းတွေကို ကျော်ဖြတ်ပြနိုင်ဖို့အတွက်လည်း စပိန်အသင်းအတွက် အုပ်စုအဆင့်မှာကတည်းက ရှန်းကန်ရဖို့ရှိနေခဲ့တယ်။

စပိန်အသင်းရဲ့အုပ်စုအနေအထားကို ကြည့်မယ်ဆိုရင် နယ်သာလန်၊ ချီလီ၊ ဩစတြေးလျလိုအသင်းမျိုးတွေပါနေတာက စပိန်အသင်းအတွက် အလွယ်တကူကျော်ဖြတ်နိုင်မယ့် အုပ်စုမျိုးမဟုတ်ဘူးဆိုတာ မြင်သာနေတယ်။ နယ်သာလန်အသင်းဟာ ၂၀၁၀ ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာ စပိန်အသင်း ရင်ဆိုင်ခဲ့ရတဲ့ အသင်းဖြစ်ပြီး ချီလီကလည်း တောင်အမေရိကအခြေပြု အသင်းတစ်သင်းဖြစ်လို့ စပိန်အသင်း အုပ်စုတက်ရေးကို ဒီနှစ်သင်းစလုံးက အဓိက အနှောင့်အယှက်ပေးနိုင်မယ့် အနေအထားမှာ ရှိနေပါတယ်။ နယ်သာလန်အသင်းဟာ နည်းပြဗန်ဟားလ် ကိုင်တွယ်နေတဲ့ အသင်းဖြစ်ပြီး ဗန်ဟားလ်ကလည်း စပိန်မြေမှာကျင်လည်ခဲ့ဖူးတဲ့နည်းပြတစ်ယောက်ပီပီ စပိန်ကစားသမားတွေရဲ့ အကျင့်စရိုက်နဲ့ ကစားပုံကစားဟန်ကို ကောင်းကောင်းနားလည် သိနိုင်နေတာက စပိန်အသင်းအတွက်တော့ တကယ့်ကိုပြိုင်ဘက်ကောင်းဖြစ်လာဖို့ရှိတယ်။ နည်းပြ ဒယ်လ်ဘော့စကေးလက်ထဲမှာ စပိန်အသင်းဟာ အုပ်စုအဖွင့်ပွဲတိုင်းကို အထန့်စွာနဲ့စလေ့ရှိကြောင်း ၂၀၁၀ ကမ္ဘာ့ဖလားမှာ ဆွစ်ဇာလန်ကိုရှုံး၊ ၂၀၁၂ ယူရိုမှာ အီတလီနဲ့သရေကျခဲ့တာကို ကြည့်ရင် အခု ဘရာဇီးလ်ကမ္ဘာ့ဖလားအဖွင့်ပွဲမှာလည်း စပိန်အသင်းအတွက် ပွဲဦးထွက် ရင်ဆိုင်ရမယ့်အသင်းဟာ နယ်သာလန်ဖြစ်နေတာက စပိန်အသင်းရဲ့ အုပ်စုတွင်း အဓိကရုန်းကန်ရမယ့် အနေအထားပါပဲ။ အုပ်စုဒုတိယပွဲမှာ ကစားရမယ့် ချီလီဆိုရင်လည်း လူငယ်တွေနဲ့ တဖြည်းဖြည်း အတွေ့အကြုံများလာပြီဖြစ်တဲ့ အသင်းမျိုးဖြစ်လို့ ဒုတိယပွဲကိုလည်း စပိန်ဟာခက်ခက်ခဲခဲထပ်ပြီး ကျော်ဖြတ်ဖို့လိုနေပါတယ်။ ဒီလိုပါပဲ၊ အုပ်စုနောက်ဆုံးပွဲမှာတွေ့မယ့် ဩစတြေးလျကလည်း မာမာထန်ထန်ကစားနိုင်တဲ့အသင်းမျိုးဖြစ်တဲ့အတွက် စပိန်ရဲ့ အုပ်စုသုံးပွဲစလုံးဟာ ပြိုင်ဆိုင်မှုပြင်းထန်လာနိုင်ပါတယ်။ နောက်ထပ် စပိန်အတွက် ဖိအားတစ်ခုက အုပ်စုကတက်ခဲ့ရင်တောင် အုပ်စုပထမနေရာကို ရအောင်ယူထားနိုင်ဖို့ ပါပဲ။ ဒီလိုမှမဟုတ်ရင် စပိန်အသင်းဟာ ရှုံးထွက်အဆင့်မှာ အိမ်ရှင်ဘရာဇီးလ်နဲ့ စောစောစီးစီးတွေ့ဖို့ ရှိသွားနိုင်တာကလည်း စိုးရိမ်စရာဖြစ်နေပါတယ်။

ဒါတွေဟာ စပိန်အသင်းအတွက် စာရွက်ပေါ်က အနေအထားတွေအရ ဒီတစ်ကြိမ် ကမ္ဘာ့ဖလားမှာအောင်မြင်မှုရဖို့ ခက်ခဲစွာကျော်ဖြတ်ရဖို့ရှိတဲ့ အခြေအနေတွေပါပဲ။ ဒါပေမဲ့ ကလပ်အသင်းအဆင့်မှာ စပိန်အသင်းတွေရဲ့ လွှမ်းမိုးထားနိုင်မှုနဲ့ နည်းပြဒယ်လ်ဘော့စကေးရဲ့ အတွေ့အကြုံတွေက စပိန်အသင်းကို ဘရာဇီးလ်မှာ ဘယ်လို ဆွဲခေါ်သွားနိုင်မလဲဆိုတာကိုလည်း ဆက်ပြီးစောင့်ကြည့်ရဖို့ ရှိနေပါတယ်။ ■



**စပိန်လက်ရွေးစင်အသင်း၏ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြို လေ့ကျင့်ခန်းအစီအစဉ်။** ဓာတ်ပုံ - အေအက်ဖ်ပီ





# F1 ချန်ပီယံသရဖူကို ဂျာမနီသား တွေပဲ ဆက်ထိန်းထားဦးမှာလား

ကျော်ကျော်မင်း

**၂၀၁၄** ဖော်မြူလာဝမ်း ပြိုင်ကားမောင်းရာသီ ဖွင့်ပွဲ ဩစတြေးလျ ဂရင်းပရီမှာ လက်စွမ်းပြ မောင်းနှင်ဗိုလ်စွဲခဲ့သူ ဂျာမနီစတား နီကိုရို့စ်ဘတ်ဟာ အခုရက်သတ္တပတ်ထဲမှာ ကျင်းပသွားခဲ့တဲ့ မိုနာကိုဂရင်းပရီမှာလည်း ဆက်လက်အောင်ပွဲခံနိုင်ခဲ့တာကြောင့် လက်ရှိကမ္ဘာ့ချန်ပီယံ လေးထပ်ကွမ်း ဗက်တဲလ်လက်ထဲက သရဖူကို လက်ဆင့်ကမ်းယူနိုင်မလားဆိုတာကို F1 ပရိသတ်တွေအားလုံးက စိတ်ဝင်တစားရှိနေကြပါတယ်။ Mercedes Team နဲ့အတူ ၂၀၁၄ ဖော်မြူလာဝမ်းရာသီမှာ အောင်လံလွှင့်နေသူ နီကိုဟာ မိုနာကိုအောင်ပွဲနဲ့အတူ စုစုပေါင်း ရမှတ် ၁၂၂ မှတ်နဲ့ ကမ္ဘာ့ချန်ပီယံစာရင်းကို ထိပ်ဆုံးက ဦးဆောင်ခွင့်ရနေပြီး တစ်သင်းတည်းသား ဟမ်မီတန်က ၁၁၈ မှတ်နဲ့ ကပ်ဖိအားပေးနေပေမယ့် လက်ရှိကမ္ဘာ့ချန်ပီယံ ဗက်တဲလ်ကတော့ ရမှတ် ၄၅ မှတ်နဲ့ ဆဌမနေရာမှာသာရှိနေတာကလည်း ဒီနှစ် F1 ကမ္ဘာရဲ့ စိတ်ဝင်စားစရာ အပြောင်းအလဲလို့ ဆိုရဦးမှာပါပဲ။

ဂျာမနီနဲ့ ဖင်လန် နှစ်နိုင်ငံသား ပတ်စ်ပို့ကိုင်ဆောင်ထားသူ နီကိုရဲ့ဖခင်ဖြစ်သူ ကီကီရို့စ်ဘတ်ဟာ ၁၉၈၂ F1 ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်ပြီး ဖင်လန်နိုင်ငံဂုဏ်ဆောင် အားကစားငွေကြယ်ပွင့်တစ်ပွင့်ပဲဖြစ်ပါတယ်။ ဖခင်ဖြစ်သူရဲ့ ခြေရာကို အမီလိုက်နိုင်ဖို့ ကြိုးစားနေသူ နီကိုဟာ အခုပူပူနွေးနွေးပြီးစီးသွားခဲ့တဲ့ မိုနာကိုဂရင်းပရီမှာ ၁၆၂ မိုင် ခရီးကို စုစုပေါင်း မောင်းနှင်ချိန် ၁ နာရီ၊ ၄၉ မိနစ်၊ ၂၇ စက္ကန့်နဲ့ ဦးဆောင်ပန်းဝင်ဗိုလ်စွဲခဲ့ပြီး ၂၀၁၃ တုန်းက သူသရဖူဆောင်းခဲ့တဲ့မြေမှာ ဒုတိယမ္ပိဆက်လက် အောင်ပွဲခံနိုင်ခဲ့တာကြောင့် Mercedes ပရိသတ်တွေက သဘောတွေ့နေကြပါတယ်။ ကွင်းအပတ်ပေါင်း ၇၈ ပတ်စီးနင်းယှဉ်ပြိုင်ရတဲ့ မိုနာကို ဂရင်းပရီရဲ့ ၂၀၁၄ ပြိုင်ပွဲဟာ အားပေးသူ ပရိသတ်တွေအားလုံး အသက်ရှူမှားရလောက်အောင် အကြိတ်အနယ်ရှိခဲ့ပြီး ဒုတိယနေရာနဲ့ တတိယနေရာက အသီးသီးပန်းဝင်ခဲ့သူ ဟမ်မီတန်နဲ့ ရီကာဒိုတို့ဟာ ဗိုလ်စွဲသူ နီကိုနဲ့ ၁၀ စက္ကန့်ကျော်ကျော်လေးပဲ ကွာခြားတာကြောင့် အခုနှစ်မှာတော့ Red Bull တွေရဲ့ ကြီးစိုးမှုကို Mercedes တွေက ချေဖျက်နိုင်ဖို့ များနေပြီလို့ အကဲခတ်တွေက ဆိုနေကြခြင်းပါပဲ။

ဖော်မြူလာဝမ်းကမ္ဘာမှာ ရှူးမေကာလက်သစ်လေးပါလို့ တညီတညွတ်တည်း လက်ခံထားရသူ လက်ရှိကမ္ဘာ့ချန်ပီယံ ဗက်တဲလ်ကတော့ အခုနှစ်ရာသီ အဖွင့်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိခဲ့တာကလည်း နီကိုအတွက် အခွင့်အရေးတစ်ရပ်ရခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ Red Bull ကြီးစိုးခဲ့တဲ့ F1 ပြိုင်ကားကမ္ဘာမှာ အခုနှစ် Mercedes စတားတွေ အစားဝင်လာတာကိုတော့ မမြဲတဲ့လောကနိယာမတရားလို့ပဲ ဆိုရဦးမှာ မဟုတ်ပါလား။

F1 အဖွင့်ပွဲ ဩစတြေးလျဂရင်းပရီမှာ Mercedes နဲ့ ရို့စ်ဘတ်ဗိုလ်စွဲနိုင်ခဲ့သလို နောက်ထပ် F1 ပြိုင်ပွဲတစ်ရပ်ဖြစ်တဲ့ မလေးရှား၊ ဘာရိန်း၊ တရုတ်နဲ့ စပိန် ဂရင်းပရီတွေမှာလည်း Mercedes စတား ဟမ်မီတန် အောင်ပွဲခံခဲ့ပြန်သလို အခုဆဌမမြောက်ပွဲစဉ် မိုနာကိုမှာလည်း ရို့စ်ဘတ် တစ်ကျော့ပြန် ဗိုလ်စွဲခဲ့တာကြောင့် ၂၀၁၄-၁၅ F1 ပြိုင်ပွဲကတော့ Mercedes တွေရဲ့ နှစ်ပါလို့ ဆိုနေရခြင်းပါပဲ။ “မိုနာကိုမြေဟာ ကျွန်တော့်အတွက်တော့ အောင်မြေပါပဲ။ နှစ်နှစ်ဆက်တိုက် ပျော်ရွှင်ခွင့်ရခဲ့သလို ကမ္ဘာ့ချန်ပီယံစာရင်းကို ဦးဆောင်ခွင့်ရနေတာဟာ တကယ့်ကို မမေ့နိုင်စရာပါ။ ကျွန်တော့်ဖေဖေ ရယူခဲ့ဖူးတဲ့ ကမ္ဘာ့ချန်ပီယံသရဖူကို မာစီဒီးအဖွဲ့သားတွေနဲ့အတူ အခုနှစ်မှာ လှမ်းဆွတ်ရယူနိုင်ဖို့ မျှော်လင့်ယုံကြည်ထားပါတယ်”လို့ ဂျာမနီစတားက ESPN ကို ဖြေကြားခဲ့ပါတယ်။ ■



# အိမ်ရှင်ဘရာဇီးလ်ပါဝင်သော အုပ်စု(က)အကြိုမြင်ကွင်း

ဝဏ္ဏ(စမ်းချောင်း)

**ဘရာဇီးလ်နိုင်ငံတွင်** ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလား တစ်စတစ်စ နီးကပ်လာခြင်းနှင့်အတူ ပြိုင်ပွဲဝင်ရောက်မည့် အသင်းများ၏ လေ့ကျင့်ပြင်ဆင်သံများ၊ အပြီးသတ် လူရွေးချယ်သံများ ဆူညံကျယ်လောင်စွာ ကြား လာရပြီ ဖြစ်သည်။

၂၀၁၄ ကမ္ဘာ့ဖလားတွင် အိမ်ရှင်ဘရာဇီးလ်နှင့် ခြေစစ်ပွဲအောင်လာသောအသင်းများ စုစုပေါင်း ၃၂ သင်းတို့ကို လေးသင်းစီကျ ရှစ်အုပ်စုခွဲလိုက်ရာ အုပ်စုတိုင်း သည် သူ့အတိုင်းအတာနှင့်သူ စိတ်လှုပ်ရှားဖို့ ကောင်း နေသည်။ ထိုထဲတွင် အိမ်ရှင်ဘရာဇီးလ်၊ ခရိုအေးရှား၊ မက္ကဆီကိုနှင့် ကင်မရွန်းတို့ပါဝင်သော အုပ်စု(က)သည်လည်း စိတ်ဝင်စားစရာပင် ဖြစ်သည်။

အုပ်စုတစ်ခုလုံးကို ခြုံကြည့်လျှင် အိမ်ရှင်ဘရာဇီးလ်က အသာစီးရထားသည်ဟု ဆိုရမည်။ ဘရာဇီးလ်တို့အသာစီးရသည်ဆိုသော ယူဆချက်ကို 'ဆွဲထုတ်' ပြရသော အဓိကအချက်သုံးချက် ရှိသည်။ ပထမအချက်မှာ အိမ်ရှင် အားသာချက်ဖြစ်သည်။ ကျင်းပပြီးစီးခဲ့သော ကမ္ဘာ့ဖလားပြိုင်ပွဲတိုင်းကို ပြန်ပြောင်းကြည့်ပါ။ အိမ်ရှင်အသင်းအများစုသည် အခြေအနေကောင်းပြီး ခြေစွမ်းပြနိုင်ခဲ့သော သမိုင်းကြောင်းစဉ်လာ ရှိခဲ့သည် မဟုတ်ပါလား။

ဒုတိယအချက်မှာ ဘရာဇီးလ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတိုင်း ခြေစစ်ပွဲအောင်ပြီး တစ်ကြိမ်တစ်ခါမျှ မပျက်မကွက် ပါဝင်ခွင့်ရခဲ့သည့် တစ်ခုတည်းသောအသင်း ဖြစ်သည်။ သို့ကလိုကြောင့် အစဉ်အလာနှင့် ကမ္ဘာ့ဖလား အတွေ့အကြုံ အရင့်ကျက်ဆုံး အသင်းဖြစ်နေသည်။ ဘရာဇီးလ် ကစားသမားစဉ်ဆက်၊ နည်းပြစဉ်ဆက်သာမက ပရိသတ်စဉ်ဆက်ပါ ကမ္ဘာ့ဖလားနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသလို ကမ္ဘာ့အတွေ့အကြုံ များပြားရင့်ကျက်နေပြီ မဟုတ်ပါလား။ တစ်နည်းဆိုရသော် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ဘရာဇီးလ် ဘောလုံးယဉ်ကျေးမှု (Brazilian soccer culture) တို့သည် တစ်သားတည်းကျနေပြီ ဖြစ်သည်။

တတိယအချက်မှာ ဘရာဇီးလ်လက်ရွေးစင်များ၏ တစ်ဦးချင်း ဘောလုံးကျွမ်းကျင်မှုနှင့် ပင်ကိုထူးချွန်မှုတို့ကို ဝါရင့်ပြီး အစဉ်အလာရှိသော နည်းပြစကိုလာရီက ကိုင်တွယ်ပုံဖော်နေခြင်း ဖြစ်သည်။

နည်းပြစကိုလာရီသည် ဘရာဇီးလ်အသင်းကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက် တာဝန်ယူချိန်မှစတင်ကာ ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက်အထိ ဘရာဇီးလ်အသင်းသည် ခြေစမ်းပွဲ ၁၅ ပွဲနှင့် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ ငါးပွဲ၊ စုစုပေါင်း ပွဲ ၂၀ ကစားခဲ့သည်။

ကစားပြီးသောပွဲများကို ပြန်ပြောင်း သုံးသပ်ကြည့်ပါ။ ကွန်ဖက်ဒရေးရှင်းဖလားတွင် ငါးပွဲစလုံးနိုင်ခဲ့သည်။ ထို ငါးပွဲတွင် ၁၄ ဂိုးသွင်းခဲ့ပြီး သုံးဂိုးသာ ပြန်သွင်းခံရသည်။ နောက်ဆုံးဗိုလ်လုပွဲတွင် နာမည်ကျော် စပိန်အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သောကြောင့် ကွန်ဖက်ဒရေးရှင်းဖလားသည် ဘရာဇီးလ်တို့ကို စိတ်ဓာတ်ရော ယုံကြည်မှုပါ တိုးတက်လာစေသည့် ပြိုင်ပွဲတစ်ခု ဖြစ်သည်။

ကျန်သော ခြေစမ်းပွဲပေါင်း ၁၅ ပွဲတွင် ဘရာဇီးလ်သည် အင်္ဂလန်နှင့် ဆွစ်ဇာလန်တို့ အရေးနိမ့်ပြီး သရေလေးပွဲကျကာ ကျန်ကိုးပွဲတွင် အနိုင်ခဲ့သည်။ ခြေစမ်းပွဲ ရလဒ်များအရ စကိုလာရီလက်ထက် ဘရာဇီးလ်သည် အင်္ဂလန်နှင့် နှစ်ကြိမ်ခြေစမ်းခဲ့ရာ ပထမပွဲတွင် ၂-၁ ဖြင့် အရေးနိမ့်ပြီး ဒုတိယပွဲတွင် ၂-၂ သရေကျသည်။

ခြေစမ်းပွဲ အစောပိုင်းကာလတွင် နည်းပြစကိုလာရီသည် လူနှင့်ကစားကွက် စမ်းသပ်မှုများ ပြုလုပ်ခြင်း ကြောင့် ဘရာဇီးလ်အသင်း တည်ငြိမ်မှု လျော့နည်းခဲ့သည်။ ပထမဆုံးခြောက်ပွဲဆက်တိုက် ခြေစမ်းခဲ့ရာတွင် နိုင်ပွဲတစ်ပွဲသာ ရခဲ့သည်။ သို့ရာတွင် ကွန်ဖက်ဒရေးရှင်းဖလား ဝင်ရောက်သောအခါတွင် အီတလီကို ၄-၂၊ စပိန်ကို ၃-၀ ဖြင့် အနိုင်ရသောပွဲများအပါအဝင် ပွဲတိုင်းနိုင်ပြီး ဂိုးသွင်းအား ကောင်းမွန်ခဲ့ခြင်းကြောင့် ဘရာဇီးလ်တို့ 'ပုံရိပ်' သာမက ၂၀၁၄ ကမ္ဘာ့ဖလားတွင် ရေပန်းစားမှုပါ မြင့်တက်လာခဲ့သည်။

မေလ ၁၃ ရက်တွင် ဘရာဇီးလ်အသင်း၏ ပဏာမလူစာရင်း ထွက်ပေါ်သောအခါတွင် နာမည်ကျော်များဖြစ်ကြသည့် ကာကာ၊ ရော်ဘင်ဟို၊ ရော်နယ်ဒင်ဟိုနှင့် ပေါင် ၃၂ သန်းတန် ပီအက်စ်ဂျီကွင်းလယ်လူ လူးကပ်စ်မိုရာတို့ မပါဝင်တော့တာကို တွေ့ရသည်။ သို့ရာတွင် ဘရာဇီးလ်အသင်းတွင် ရှေ့လယ်နောက် တစ်ဦးချင်းစွမ်းရည် မြင့်မားသူ အများအပြားပါဝင်နေပြီး နည်းပြစကိုလာရီ၏ တိုက်စစ်ဦးစားပေး ကစားဟန်နှင့် အံဝင်ခွင်ကျရှိသူများ ပါဝင်သည်။ အလယ်တန်းနှင့်ရှေ့တန်းတွင် ပြေးအားနှင့် 'ပါဝါ' ကောင်းသူများ အဓိက ပါဝင်နေကာ 'မြန်နှုန်းမြင့် ပါဝါဂိမ်း' ကို ထိရောက်ကျွမ်းကျင်စွာ ကစားနိုင်သော အနေအထားတွင် ရှိသည်။

အုပ်စု (က) တွင် အိမ်ရှင်အားသာချက်လည်း ရှိပြီး အစဉ်အလာရော၊ တစ်ဦးချင်းထူးချွန်မှုပါ မြင့်မားသည့် ဘရာဇီးလ်သည် နောက်တစ်ဆင့်တက်ရန် ထင်ကြေးပေးခြင်းခံရပြီး ဖြစ်သည်။

ဘရာဇီးလ်ကိုဖယ်လိုက်လျှင် ကျန်သုံးသင်းဖြစ်သော ခရိုအေးရှား၊ မက္ကဆီကိုနှင့် ကင်မရွန်းတို့သည် 'ကွာဟချက်' ကြီးမားခြင်းမရှိဘဲ ခြေစွမ်းညီမျှနေကြသည်။

## တစ်ဦးချင်းစွမ်းရည် မြင့်မားသူ အများအပြားပါဝင်နေပြီး နည်းပြစကိုလာရီ၏ တိုက်စစ်ဦးစားပေး ကစားဟန်နှင့် အံဝင်ခွင်ကျရှိသူများ... ”

ခရိုအေးရှားသည် ဥရောပဇုန်ခြေစစ်ပွဲ အုပ်စု (က) တွင် ဘယ်လ်ဂျီယံ၊ ဆားဘီးယား၊ စကော့တလန်၊ ဝေလနှင့် မက်ဆီဒိုးနီးယားတို့နှင့် တစ်အုပ်တည်းကျရောက်ခဲ့ရာ၌ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးဖြင့် ၁၇ မှတ်ရရှိကာ အုပ်စုဒုတိယ ချိတ်ခဲ့သည်။ ၁၀ ပွဲကစားခဲ့ရာတွင် ၁၂ ဂိုးသွင်းပြီး ၉ ဂိုး ပေးခဲ့ရသောကြောင့် ယေဘုယျအားဖြင့် တိုက်စစ်ရော၊ ခံစစ်ပိုင်းတွင်ပါ အားရစရာ မရှိနိုင်သော အနေအထားဖြစ်သည်။ ရှုံးထွက်အဆင့်တွင် အိုက်စလန်ကဲ့သို့ အစဉ်အလာမရှိသော အသင်းကို အဝေးကွင်းတွင် ဂိုးမရှိသရေကျပြီး အိမ်ကွင်းရောက်မှ ၂-၀ ဖြင့် နိုင်သည်။

ခရိုအေးရှားသည် အုပ်စုပွဲစဉ်အတွင်း စကော့တလန်ကို သူ့မြေကိုယ့်မြေ နှစ်ပွဲစလုံး အရေးနိမ့်သလို အုပ်စုဗိုလ်စွဲသော ဘယ်လ်ဂျီယံကိုလည်း အိမ်ကွင်းတွင်ရှုံးပြီး အဝေးကွင်း၌ သရေကျခဲ့သောကြောင့် ယင်းလေးပွဲတွင် ယေဘုယျ ကောက်ချက်ဆွဲရလျှင် ကစားအားရှိသော ပြိုင်ဘက်များနှင့် သူတင်ကိုယ်တင်ပွဲများတွင် ခရိုအေးရှားခြေစွမ်းကို 'စိတ်မချရ' ဆိုသော အဖြေထွက်လာသည်။

ကွန်ကာကက်ဖ်ဒေသတွင် အစဉ်အလာ ကြီးမားသော မက္ကဆီကိုခြေစွမ်းသည် ယခုတစ်ကြိမ်တွင် အကျဘက်သို့ 'ယိုင်' သွားကြောင်း ခြေစစ်ပွဲတွင် ထွက်ပေါ်ခဲ့သည့်ရလဒ်များကို ကြည့်ပြီး ကောက်ချက်ဆွဲနိုင်သည်။ ကွန်ကာကက်ဖ် စတုတ္ထအဆင့် ခြေစစ်ပွဲအပြီးတွင် မက္ကဆီကိုသည် အမေရိကန်၊ ကော့စတာရီကာနှင့် ဟွန်ဒူးရပ်စ်တို့ အောက်ဘက်သို့ရောက်သွားပြီး စတုတ္ထအဆင့်ချိတ်သွားသည်။

ယခင်ကဆိုလျှင် မက္ကဆီကိုသည် အမေရိကန်နှင့် အပြိုင်ဖြစ်ပြီး ကွန်ကာကက်ဖ်တွင် ထိပ်ဆုံးတွင်သာ အနေများသည်။

မက္ကဆီကိုအသင်းကို သုံးသပ်ကြည့်လျှင် နောက်ခံလူများဖြစ်ကြသော ဘာစီလိုနာ ကစားသမားဟောင်း ရာဖေးလ်မားကွက်ဇ် (လီယွန်)၊ ဂွာဒါဒို (လေဗာကူဆင်)၊ ဟက်တာမိုရီနို (အက်စပန်ညို) ကားလို့စ်ဆာစီဒို (ဂွာဒါလာဂျာရာ)၊ ဖရန်ဆက်စကို ရိုဒရီဂတ်ဇ် (အမေရိကား)တို့ ပါဝင်သော နောက်တန်းခံစစ်ကြောင်းသည် တောင့်တင်းအားကောင်းလျက်ရှိသည်။

မက္ကဆီကိုကွင်းလယ်တွင် မထင်မရှားလူသစ်များသာ ပါဝင်နေပြီး ဥရောပထိပ်တန်းအသင်းများတွင် တိုးပေါက် ခြေချကစားနိုင်သူ တစ်ယောက်မျှမရှိသောကြောင့် သူတင်ကိုယ်တင်ပွဲများတွင် ကွင်းလယ်၏ 'အား' ပေါ်တွင် မှီခိုနိုင်ဖွယ်မရှိဘဲ ခံစစ်အားပြုသောအသင်းဟု ကောက်ချက်ဆွဲနိုင်သည်။ တစ်ဖန် တိုက်စစ်တွင်လည်း ဟာနန်ဒက်ဇ် (မန်ယူ)၊ ဇွဲဆန်းတော့စ် (ဗီလာရီးယဲလ်) တို့ကိုသာ အားကိုးနေရသည်။ ဟာနန်ဒက်ဇ်သည် အပြီး သတ်ဂိုးသွင်းယူမှု အထိုက်အလျောက် ကောင်းမွန်သော်လည်း lonestriker အဖြစ် မတိုးနိုင်ဘဲ ကွင်းလယ်ပံ့ပိုးမှု ကောင်းမွန်မှသာ တော်ကာကျမည် ဖြစ်သောကြောင့် လက်ရှိ မက္ကဆီကိုကွင်းလယ်နှင့် ဟာနန်ဒက်ဇ် အနေအထားကို ချိန်ထိုးလိုက်ပါက အုပ်စုအဆင့်တွင် နေရစ်ခဲ့ရဖို့ အလားအလာများသည်။

မက္ကဆီကိုထက်စာလျှင် ကင်မရွန်းအသင်းသည် တောင့်တင်းကျစ်လျစ်ပြီး ဥရောပအခြေစိုက် ကစားသမား အများအပြား ပါဝင်နေသည်။ တစ်ဖန် ဥရောပအခြေစိုက် ကင်မရွန်းလက်ရွေးစင်များကို လေ့လာကြည့်လျှင် ထိပ်တန်း အသင်းကြီးများတွင် အခြေချ ကစားနေသူများ၊ ပုံမှန်ပွဲထွက်ခွင့်ရသူများ ဖြစ်ကြသည်။

ကင်မရွန်းသည် နောက်တန်းရော၊ ကွင်းလယ်ပါ တောင့်တင်းသည်။ အထူးသဖြင့် အဲလက်စ်ဆောင်း (ဘာ စီလိုနာ)၊ ဂျိုးမာတစ် (ရှော်ကေး)၊ စတီဖိန်းအမ်ဘီယာ (ဆီဗီလာ)၊ လန်ဒရီနူမို (ဘော်ဒိုး)၊ အက်ဂါဆယ်လီ (လန်းစ်)၊ ဆီဒရစ်လို (အိုဆာဆူနာ)တို့ဖြင့် စုဖွဲ့ထားသော ကင်းမရွန်းကွင်းလယ်သည် ခရိုအေးရှားထက် မညံ့နိုင်ဟု သုံးသပ်ရသည်။

ခံစစ်လုံခြုံမှုနှင့် ပိတ်ဆို့ဖြက်တောက် ကစားခြင်းတွင် ကင်မရွန်းသည် မက္ကဆီကိုနှင့် ခရိုအေးရှားတို့ထက် အနည်းငယ် 'လျော့' နေသော်လည်း ရှေ့လယ်နောက် အင်အားချိန်ခွင်လျှာ ညီမျှမှု အနေအထားအပေါ်တွင် ချိန်ထိုးကြည့်မည်ဆိုလျှင် ကင်မရွန်းသည် ထိုနှစ်သင်းထက် 'မျှတ' သည်။ ကင်းမရွန်းကို အဓိကစောင့်ကြည့်ရမည့် အချက်များမှာ အသင်းခေါင်းဆောင် တိုက်စစ်မှူး အီတူးအပေါ် မှီခိုမှု၊ ကွင်းလယ်နှင့် အီတူးတို့ အပေးအယူ အချိတ်အဆက်၊ ကျဉ်းထဲကျပ်ထဲတွင် ဖြတ်ထိုးဉာဏ်သုံးနိုင်မှု၊ အသင်းကို ဦးဆောင်မောင်းနှင်မှု စသည်တို့ဖြစ်သည်။

ခြုံကြည့်လျှင် အုပ်စု (က) တွင် အိမ်ရှင်ဘရာဇီးလ်သည် အုပ်စုဗိုလ်စွဲကာ နောက်တစ်ဆင့် တက်ရောက်နိုင်ရန် သေချာသလောက်ရှိနေရာကို အုပ်စုဒုတိယနေရာကို ခရိုအေးရှားနှင့် ကင်းမရွန်းတို့ အဓိကယှဉ်ပြိုင်ရဖွယ်ရှိပြီး မက္ကဆီကိုမှာမူ အုပ်စုအဖြည့်ခံ အဆင့်သာ ဖြစ်ဖွယ်ရှိသည်။ ■



၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဩစတြီးယားနိုင်ငံတွင် လေ့ကျင့်ခန်းများသွားရောက်ပြုလုပ်နေသည့် ခရိုအေးရှားလက်ရွေးစင်အသင်း။ ဓာတ်ပုံ - အေအက်ဖ်ပီ

BRAZIL 2014

**GROUP A**

- Brazil
- Croatia
- Mexico
- Cameroon

*June 12* - Sao Paulo
**Brazil - Croatia**

*June 13* - Natal
**Mexico - Cameroon**

*June 17* - Fortaleza
**Brazil - Mexico**

*June 18* - Manaus
**Croatia - Cameroon**

*June 23* - Brasilia
**Brazil - Cameroon**

*June 23* - Recife
**Croatia - Mexico**

AFP

## Myanma Power Spectrum Co., Ltd.

**Stabilize your Output voltage ±0.5% with ORTEA Digital Voltage Stabilizers**

**No addition costs for: -**

- ✓ Delivery up to Project Sites
- ✓ Initial Installation Service
- ✓ 1st Year – Service plus Spare Parts
- ✓ 2nd Year – Service

နိုင်ငံတကာတွင်ချီးကျူးရနေသော အကောင်းဆုံး

**Digital Voltage Stabilizer**



ORTEA

MADE IN ITALY

Our Strength is Quality; Our Quality is Strength.

## Change your Infrastructure and Cities with SIEMENS

- ✓ SIVACON Low-voltage Switchgear
- ✓ ACB's, MCCB's, MCB's, RCCB's, RCBO's
- ✓ Busbar Trunking System
- ✓ Fuse System




Approved Partner Low Voltage Products SIEMENS




**Show Room & Service Center - Yangon**

**Power Spectrum – Electrical and Equipment Sale Center**
Bldg. A-7, Room No. 102, First Floor, Shwe Kabar Housing, Mindama Road, Mayangon Township, 11062, Yangon, Myanmar
Tel: +95 1 655261, 655262, 655263; Fax: +95 1 655263
Email: mpscobod@goldenland.com.mm , Web site: www.pspectrum.com

**Show Room - Mandalay**

**My Power – Electric Mart**
No. 361, 80th Road, Between 38th & 39th Street
Mahar Aung Myay Township, Mandalay, Myanmar
Tel: +95 2 64244, +95 9 7350 5879
Email: mypowerelectricmart@gmail.com

# အကြိုတ်အနယ်ရှိနိုင်တဲ့ အုပ်စု(ဂ)ကို ချဉ်းကပ်ကြည့်ခြင်း

ကိုထွင်(စိန့်ဂျွန်း)

**လာမယ့်ဇွန်လ** ၁၂ ရက်နေ့မှာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဘရာဇီးလ်နိုင်ငံမှာ ကျင်းပတော့မှာဖြစ်ပါတယ်။ အုပ်စုအလိုက်ခွဲခြားထားရာမှာ ကွန်မီဘောလ်ဇုန်က ကိုလံဘီယာ၊ ဥရောပဇုန်က ဂရိ၊ အာဖရိကဇုန်က အိုင်ဗရီကို့စ်နဲ့ အာရှဇုန်က ဂျပန်တို့ ပါဝင်နေကြတာကို တွေ့ရပါတယ်။ ဒီအုပ်စု(ဂ)ဟာ ခြေရည်မျှတဲ့အသင်းတွေ ပါဝင်လို့ အင်မတန် အကြိုတ်အနယ်ရှိတဲ့ပွဲစဉ်တွေ ပါဝင်လာလိမ့်မယ်လို့ ချဉ်းကပ်မိပါတယ်။ တစ်သင်းချင်းစီရဲ့ အနေအထားကို ခြုံငုံသုံးသပ်ကြည့်ရအောင်။

**ကိုလံဘီယာ(သို့မဟုတ်) အဆိပ်ရှိတဲ့အသင်း**

ကွန်မီဘောလ်ဇုန်က ကိုလံဘီယာအသင်းဟာ ဖီဖာရဲ့ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ အဆင့်(၅)မှာရှိတဲ့အတွက် လျှော့တွက်လို့ရမယ့် အသင်းတစ်သင်းတော့မဟုတ်ပါဘူး။ သူတို့ရဲ့ နည်းပြကတော့ အာဂျင်တီးနားလူမျိုးနည်းပြ ဂျိုစ်ပီကာမင်န်ဖြစ်ပါတယ်။ ကိုလံဘီယာအသင်းရဲ့ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းကြောင်းကို ပြန်ကြည့်ရင် ၁၉၆၂ ခုနှစ်ရောက်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အုပ်စုအဆင့်ကနေ လှည့်ပြန်ခဲ့ရပါတယ်။ အအောင်မြင်ဆုံးလို့ပြောနိုင်တဲ့ နှစ်ကတော့ ၁၉၉၀ ကမ္ဘာ့ဖလားဖြစ်ပြီး ရှုံးထွက် ၁၆ သင်းအဆင့်အထိ တက်ရောက်နိုင်ခဲ့တာပါ။ နောက်အမေရိကန်မှာ ကျင်းပတဲ့ ၁၉၉၄ ကမ္ဘာ့ဖလားနဲ့ ပြင်သစ်မှာ ကျင်းပတဲ့ ၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာတော့ အုပ်စုအဆင့်နဲ့ပဲ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

ဒါကြောင့် ကိုလံဘီယာအသင်းဟာ ၁၉၉၈ နောက်ပိုင်း ၁၆ နှစ်ကြာ ကမ္ဘာ့ဖလားပြိုင်ပွဲကို တစ်ကျော့ပြန်ရောက်ရှိလာတာလို့ ဆိုနိုင်ပါတယ်။ ကိုလံဘီယာဟာ အခု ၂၀၁၄ ခြေစစ်ပွဲတစ်လျှောက်မှာ ခြေစွမ်းပြနိုင်ခဲ့တဲ့အတွက် ဦးစားပေးဆီဒင်နံပါတ်(၁) မဲအိုးထဲကို ကျရောက်ခဲ့ပါတယ်။ ကိုလံဘီယာမှာ ပါဝင်တဲ့ ပဏာမလူစာရင်းတွေထဲမှာ ဥရောပအခြေစိုက်ကစားသမား ၁၉ ဦးပါဝင်ပြီး ကျန်ကစားသမားတွေကတော့ ဘရာဇီးလ်၊ အာဂျင်တီးနားနဲ့ ကိုလံဘီယာ အစရှိတဲ့ လက်တင်အမေရိက အခြေစိုက်ကစားသမားတွေဖြစ်ပါတယ်။

နည်းပြပီကာမင်န်အနေနဲ့ အခု မေ ၃၁ ရက် ဆီနီဂေါလ်နဲ့ ခြေစမ်းပွဲပြီးတဲ့အခါကျမှ အပြီးသတ်လူစာရင်းကို ဖြတ်မှာဖြစ်ပါတယ်။ ကိုလံဘီယာကို အဓိကထိုးနှက်နေတဲ့အချက်ကတော့ ဖယ်လ်ကာအို ဒဏ်ရာပြဿနာရှိနေခြင်းပါပဲ။ ဒါပေမဲ့ ဆီဗီလာတိုက်စစ်မှူးဘက်ကာ၊ ပေါ်တိုတိုက်စစ်မှူး ဂျက်ဆန်မာတီနက်ဇ်၊ ယူဒီးနိစ်တိုက်စစ်မှူး မျူရီရယ်လ်တို့ရှိနေတဲ့အတွက် ၄-၃-၃ ပုံစံနဲ့ပွဲထွက်လာလို့ရပါတယ်။ Group(C) ကတော့ ကိုလံဘီယာအနေနဲ့ ကျော်ဖြတ်ဖို့ သိပ်မခက်ခဲဘူးလို့ ထင်ရပါတယ်။



**ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ဂျပန်လက်ရွေးစင်အသင်း။** ဓာတ်ပုံ - အေအက်ဖ်ပီ

**ဂရိ(သို့မဟုတ်) ဒဏ္ဍာရီနတ်ဘုရားများရဲ့ခံစစ်**

ပင်လယ်ဓားပြသင်္ဘောကြီး (The Pirate Ship) လို့ ချစ်စနိုးနဲ့ နာမည်ပြောင်ခေါ်ကြတဲ့ ဂရိအသင်းဟာ ယူရို ၂၀၀၄ မှာ မထင်မှတ်တာတွေ လုပ်ပြပြီး ယူရိုချန်ပီယံဖလားကို သိမ်းပိုက်သွားခဲ့ပါတယ်။ ကစားကွက်အရ ပျင်းစရာကောင်းတယ်လို့ ဆိုနိုင်ပေမယ့် ခံစစ်အသားပေး ကစားကွက်ကတော့ ပြောစမှတ်တွင်ခဲ့ပါတယ်။ အခုလည်း သူတို့ရဲ့နည်းပြ ဖာနန်ဒိုဆန်းတို့စ်က ဘယ်လိုပုံစံနဲ့ပွဲထွက်လာဦးမယ်တော့ မသိတတ်နိုင်ပါဘူး။ သူတို့ဟာ ဖီဖာကမ္ဘာ့အဆင့် (၁၀) မှာ ရပ်တည်နေပါတယ်။

သူတို့ဟာ ရိုမေးနီးယားနဲ့ ထပ်ကျော့ခြေစစ်ပွဲကို ကစားခဲ့ရပြီး နှစ်ကျော့ပေါင်း ၄-၂ နဲ့ ခြေစစ်ပွဲအောင်ခဲ့တာဖြစ်ပါတယ်။ ဥရောပဇုန် အုပ်စု(ဆ) မှာပါဝင်ခဲ့တဲ့ ဂရိအသင်းဟာတိုက်ရိုက် ခြေစစ်ပွဲအောင်သွားတဲ့ ဘော့စနီးယားထက်တောင် ပေးဂိုးနည်းခဲ့တာကို တွေ့နိုင်ပါတယ်။ ကစားခဲ့တဲ့ ၁၀ ပွဲမှာ ဘော့စနီးယားက ပေးဂိုးခြောက်ဂိုးရှိခဲ့ပြီး ဂရိက ပေးဂိုးလေးဂိုးသာရှိခဲ့ပါတယ်။ ဒါဟာဂရိရဲ့ခံစစ်မာကျောမှုကို ပြသနေခြင်းပါပဲ။

ဂရိအသင်းအနေနဲ့ အပြီးသတ် ၂၃ ဦး လူစာရင်းကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ သူတို့ဟာ သူတို့ပြည်တွင်းကလပ်တွေဖြစ်တဲ့ PAOK၊ ပါနာသီနိုင်းကို့စ် အစရှိတဲ့ ကစားသမားတွေ အပြင် ဥရောပတစ်ခွင် ထွက်ကစားနေတဲ့ ကစားသမားတွေလည်း ပါဝင်နေပါတယ်။ အထူးသဖြင့် တိုက်စစ်မှာ ဖူလ်ဟမ်တိုက်စစ်မှူး မီထရိုဂလူးစ်၊ တူရကီကလပ် ကွန်ယာစပေါ်ရဲ့ တိုက်စစ်မှူး ဂီကက်စ်၊ ဆဲလ်တစ်တိုက်စစ်မှူး ဆာမာရက်စ်၊ PAOK တိုက်စစ်မှူး ဘယ်လ်ပင်ဂီဒစ်တို့ရဲ့ အစွမ်းတွေနဲ့ ဒဏ္ဍာရီဆန်ဆန် အုပ်စုကို ကျော်ဖြတ်ပြမှာလား၊ ဂရိရဲ့အလွမ်းပြဇာတ်ပဲ ဖြစ်ဦးမှာလားဆိုတာ စောင့်ကြည့်ရပါမယ်။

**အိုင်ဗရီကို့စ်(သို့မဟုတ်) အာဖရိကရဲ့ လိမ္မော်ရောင် ဆင်စွယ်**

လိမ္မော်ရောင်ဆင်စွယ်တွေရဲ့ နည်းပြဆာဘရီလာမူချီရဲ့ နည်းပြစွမ်းရည်ကိုတော့ နည်းနည်းသံသယရှိမိပါတယ်။ ဖီဖာရဲ့ကမ္ဘာ့အဆင့် (၂၁) မှာ ရပ်တည်နေပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မှတ်တမ်းအရ အိုင်ဗရီကို့စ်ဟာ ၂၀၀၆ ခုနှစ် ဂျာမနီမှာ ကျင်းပပြုလုပ်တဲ့ ကမ္ဘာ့ဖလားကစပြီး သုံးကြိမ်ဆက် တောက်လျှောက်ပါဝင်ခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့နှစ်ကြိမ်စလုံးမှာ သူတို့ဟာ အုပ်စုအဆင့်နဲ့ပဲ ကျေနပ်ခဲ့ရတာဖြစ်နေလေတော့ ဒီတစ်ကြိမ်မှာ ပြင်သစ်သားနည်းပြ ဆာဘရီလာမူချီရဲ့ ပွဲကိုင်နည်းလမ်းပြမှုတွေနဲ့ ဘာတွေလုပ်ပြနိုင်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။

အိုင်ဗရီကို့စ်ရဲ့ ပဏာမ ၂၇ ဦးလူစာရင်းကတော့ ထွက်ပေါ်လာပါပြီ။ အဲဒီလူစာရင်းထဲမှာ တူရကီကလပ် ထရွန်ဇွန်စပေါ်ရဲ့ နောက်ခံလူတွေဖြစ်တဲ့ ဇိုကိုရာနဲ့ ဘမ်ဘာ၊ လီဗာပူးက ကိုလိုတိုရေး၊ စတုဂတ်က ဘိုကာ၊ နောက် ထင်ရှားတဲ့သူတွေထဲကဆိုရင် မန်စီးတီးကွင်းလယ်လူ ယာယာတိုရေး၊ နယူးကာဆယ်ကွင်းလယ်လူ တိုင်အိုတီ၊ ဟန်နိုဗာကွင်းလယ်လူ ကိုနန်၊ ဂါလာတာစာရေးက အသင်းခေါင်းဆောင် တိုက်စစ်မှူးဒရော့ဘာ၊ လိုင်လီတိုက်စစ်မှူးကာလူး၊ ရိုးမားတိုက်စစ်မှူး ဂါဗင်ဟို၊ ဆွမ်ဆီးတိုက်စစ်မှူး ဘိုနီ၊ အဲဗာတန်တိုက်စစ်မှူး ထရာ အိုယေး၊ CSKA မော်စကိုတိုက်စစ်မှူး ဒွမ်ဘီယာတို့ ပဏာမရွေးချယ်ခံထားရပါတယ်။

**ဂျပန်(သို့မဟုတ်) အာရှရဲ့ နေဝန်းနီ**

ဂျပန်အသင်းဟာ ၁၉၉၈ ကနေ ၂၀၁၄ အထိ ကမ္ဘာ့ဖလားပြိုင်ပွဲကို ငါးကြိမ်ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားတဲ့အသင်းဖြစ်နေပါတယ်။ ဂျပန်အသင်းဟာ ပြီးခဲ့တဲ့ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ရှုံးထွက် ၁၆ သင်းအဆင့်ကို တက်ရောက်ထားနိုင်လို့ သူတို့ကိုလည်း လျှော့တွက်ဖို့ မဖြစ်နိုင်ပါဘူး။ သူတို့ရဲ့ နည်းပြက အီတလီလူမျိုး ဇက်ခရိုနီဖြစ်နေတာက ဂျပန်အသင်းအတွက် အားသာချက်တစ်ရပ်လို့ ဆိုနိုင်ပါတယ်။ ဂျပန်အသင်းဟာ ဖီဖာရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရကတော့ (၄၇) အဆင့်မှာ ရပ်တည်နေပါတယ်။

ဂျပန်အသင်းဟာ သူတို့ရဲ့အပြီးသတ် ၂၃ ဦး လူစာရင်းကို ဖြတ်လိုက်ပြီဖြစ်ပါတယ်။ အဲဒီ ၂၃ ဦး လူစာရင်းထဲမှာ ဥရောပအခြေစိုက် ကစားသမားတွေဖြစ်တဲ့ အင်တာမီလန်က နာဂါမိုတို၊ ရှော်လ်ကေးက အူချီဒါ၊ ဆောက်သမ်တန်က ယိုရှီဒါ၊ ဟန်နိုဗာက ဆာကာအီနဲ့ စတုဂတ်က အူဆာကာအီတို့ကတော့ နောက်တန်းခံစစ်သမားများအဖြစ် တာဝန်ယူမှာပါ။

ကွင်းလယ်ပိုင်းမှာတော့ နူရင်ဘတ်က ဟာဆီဘီ၊ အေစီမီလန်က ဟွန်ဒါနဲ့ မန်ယူက ကာဂါဝါတို့ ရှိနေကြပါတယ်။

ဂျပန်ရဲ့တိုက်စစ်မှူးတွေကတော့ မိန့်ဇ်က ကာဇာကီ၊ နူရင်ဘတ်က ကီယိုတာကီ၊ ၁၈၆၀ မြူးနစ်က အိုဆာကိုတို့ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀ ကမ္ဘာ့ဖလားမှာ ၁၆ သင်း ရှုံးထွက်အဆင့် တက်နိုင်ခဲ့တာရယ်၊ ၂၀၀၂ မှာ ရှုံးထွက်အဆင့် တက်နိုင်ခဲ့တာတွေဟာ ဂျပန်အသင်းအနေနဲ့ အကောင်းဆုံးစွမ်းဆောင်ရည်ပြသခဲ့တဲ့ မှတ်တမ်းတွေဖြစ်ပါတယ်။

အုပ်စု (ဂ)ကို ခြုံငုံသုံးသပ်ရမယ်ဆိုရင် ဇုန်နယ်လေးခုက မတူညီတဲ့ကစားဟန်တွေရှိတဲ့ အသင်းလေးသင်း လာဆုံနေတာဖြစ်ပါတယ်။ ကိုလံဘီယာက နည်းစနစ်ပိုင်းအားပြုကစားမယ့်အသင်းဖြစ်သလို ဂရိက ခံစစ်အားပြုကစားမယ့်အသင်းပါပဲ။ အိုင်ဗရီကို့စ်က ကြံ့ခိုင်မှုကို အားပြုမယ့်အသင်းလို့ ခန့်မှန်းရပြီး ဂျပန်ကတော့ စိတ်ဓာတ်အားမာန်ကို ထည့်ပြီးကစားသွားမယ့်အသင်းတစ်သင်း ဖြစ်လိမ့်မယ်လို့ ချဉ်းကပ်ကြည့်လိုက်ပါတယ်။ ■

BRAZIL 2014

**GROUP C**

| | |
|---|---|
| Colombia | |
| Greece | |
| Ivory Coast | |
| Japan | |

| | |
|---|---|
| *June 14* - Belo Horizonte | Colombia - Greece |
| *June 14* - Recife | Ivory Coast - Japan |
| *June 19* - Brasilia | Colombia - Ivory Coast |
| *June 19* - Natal | Greece - Japan |
| *June 24* - Cuiaba | Colombia - Japan |
| *June 24* - Fortaleza | Greece - Ivory Coast |

AFP

## ပရီမီယာစကေးလ်သင်တန်း ပို့ချပြီးစီး

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဗြိတိသျှကောင်စီနှင့် ပရီမီယာလိဂ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပရီမီယာ စကေးလ်သင်တန်းကိုမြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ပြီးခဲ့သည့် မေလ ၂၀ ရက်နေ့မှ ၂၆ ရက် နေ့အထိ သုဝဏ္ဏ လူငယ်အားကစားလေ့ကျင့်ရေးစခန်းတွင် တစ်ပတ်ကြာ သင်တန်းပို့ချခဲ့သည်။

အဆိုပါသင်တန်းကို ပရီမီယာစကေးလ် နည်းပြချုပ် ဂျရမီဝိခ်မှ ဦးဆောင်ကာ အင်ဒရူးဖိုစတား (နယူးကာဆယ်ဘောလုံးအသင်း)၊ မက်သူး ဟေးလ်(စတုတ်စီးတီး ဘောလုံးအသင်း)နှင့် စတိဗ်အက်ဒန် (အာဆင်နယ်ဘောလုံးအသင်း) တို့မှ မြန်မာနိုင်ငံမှ အခြေခံအဆင့် ဘောလုံးနည်းပြနှင့် ဒိုင်လူကြီး ၄၈ ဦး တို့ကိုသင်ကြားပို့ချပေးခဲ့သည်။

ပရီမီယာစကေးလ်သင်တန်းအစီအစဉ်သည် ကမ္ဘာပေါ်ရှိ လူများနှစ်ခြိုက်သည့် ပရီမီယာလိဂ်ပြိုင်ပွဲ၏ လူမှုဖွံ့ဖြိုးရေး စီမံကိန်းတစ်ရပ်လည်းဖြစ်ပြီး ကမ္ဘာတစ်လွှားရှိလူငယ်များအား ဘောလုံးဖြင့် တောက်ပသည့် အနာဂတ်တစ်ခု တည်ဆောက်နိုင်ရေးအတွက် ရည်ရွယ်သည်။

ပရီမီယာစကေးလ်အစီအစဉ်အရ ၂၀၁၄ ခုနှစ်အထိ အာရှ၊ အာဖရိကနှင့် အမေရိကတိုက်ရှိနိုင်ငံပေါင်း ၂၃ နိုင်ငံမှနည်းပြနှင့် ဒိုင်လူကြီး ၂,၃၀၀ ခန့်အား သင်တန်းပို့ချပေးခဲ့ပြီးဖြစ်သည်။ ၎င်းတို့မှတစ်ဆင့် လူငယ်လူရွယ်ပေါင်း ၅၀၀,၀၀၀ ခန့် အကျိုးခံစားခဲ့ရပြီး ပရီးမီးယားစကေးလ်၏ ဦးတည်ချက်မှာ ၂၀၁၆ ခုနှစ်တွင် နိုင်ငံပေါင်း ၂၅ နိုင်ငံတွင် သင်တန်းပို့ချပြီးရန် ဖြစ်ကြောင်း သိရသည်။ **ကျော်ဇင်လှိုင်နှင့် အောင်သူရ**

## တူးတူးနှင့်စိုးလင်းဦးတို့ ရင်ဆိုင်ထိုးသတ်မည်

**မြန်မာနိုင်ငံ** ရိုးရာအားကစားနည်းများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့မှ ပူးပေါင်းစီစဉ် ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို လာမည့် ဇွန်လ ၁ ရက်နေ့၊ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့၊ သိမ်ဖြူမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် လေးချီစိန်ခေါ်ပွဲ နှစ်ပွဲနှင့် ငါးချီ စိန်ခေါ်ပွဲ ခုနစ်ပွဲ စုစုပေါင်း ပွဲစဉ်ကိုးပွဲအထိ ရင်ဆိုင်ထိုးသတ်သွားကြမည် ဖြစ်သည်။

အဓိကတွဲဆိုင်းအဖြစ် ရွှေခါးပတ်ချန်ပီယံစိုးလင်းဦးနှင့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် တူးတူး(နဂါးမာန်) တို့ ရင်ဆိုင်ထိုးသတ်သွားမည်ဖြစ်သည်။ စိုးလင်းဦးနှင့် တူးတူးတို့အတွက် ပထမဆုံးတွေ့ဆုံမှုဖြစ်သည့်အတွက် ရိုးရာလက်ဝှေ့ပရိသတ်များအတွက် စိတ်ဝင်စားစရာဖြစ်သည်။ ပြိုင်ဘက်နှစ်ဦးစလုံး လူငယ်များဖြစ်သလို လက်ဝှေ့ပညာချင်းကွာဟချက်မရှိသော ပထမတန်းလက်ဝှေ့ကျော်များဖြစ်ကြသည်။

အခြားပွဲစဉ်များအဖြစ် ပုည(ရွှေဖူး)နှင့်ဇင်ကိုဖူး(ဝါဆို)၊ စောဖြိုးဝေ(အဖြူရောင်သွေးသစ်)နှင့် မိုက်မိုက် (T&T)၊ ကညောဖိုး(ရွှေကုက္ကို)နှင့် ရှမ်းလေး(ဝါဆို)၊ စောရွှေကျော်(ရွှေဖူး)နှင့် စောသဲမင်း(ပွင့်ဖြူ)၊ စောဒါးပို့(ရွှေဖူး)နှင့် အားမာန်(T&T)၊ ဝမ်းစတား(ရွှေဖူး)နှင့် နေရူဘီ(T&T)၊ ဖိုးလပြည့်(ရွှေဖူး)နှင့် အောင်နိုင်ထူး(ရွှေကုက္ကို)၊ ဖိုးသားကြီး(မန္တလေး)နှင့် ရဲရင့်(နဂါးမာန်)တို့က အသီးသီးရင်ဆိုင်ထိုးသတ်သွားကြမည်ဖြစ်သည်။ **ကျော်ဇင်လှိုင်**

# ဒုက္ခသည်စခန်းမှာ မွေးဖွားခဲ့တဲ့ ဂေါက်သီးသမားလေး

**ပထမရိုက်ချက်ကို** Clearbrook ဂေါက်ကလပ်က သစ်ပင်တစ်ပင်ရဲ့ညာဘက်ဆီ ရိုက်လိုက်ပြီးတဲ့နောက်မှာ အသက် ၁၆ နှစ်အရွယ် အရပ်ရှည်ရှည်နဲ့ အယ်နွေထူးဆိုတဲ့ ဂေါက်သီးသမားလေးက အားပါးတရ ပြုံးလိုက်ပါတယ်။

ငါးကျင်းမြောက်ကျင်းက ဂေါက်သီးသမားတွေအတွက် အန္တရာယ်များလှပါတယ်။ တကယ်လို့ ဘယ်ဘက်ကိုသာချော်ပြီး ရောက်သွားမယ်ဆိုရင် သစ်ပင်တွေကြောင့် ဂေါက်သီးဟာ တောင်ကုန်းအောက် ရောက်သွားနိုင်ပါတယ်။

ဒါကြောင့် သူရိုက်လိုက်တဲ့ဂေါက်သီးလေး သစ်ကိုင်းကနေ သီသီလေးလွတ်သွားပြီး မြက်ခင်းအလယ်ကို ကျသွားတဲ့အတွက် သူပျော်သွားပြီး သူ့ကိုယ်သူ တစ်ပတ်လှည့်ကာ တစ်ချက်ရယ်လိုက်ပါတယ်။ ပြီးတော့ သူ့ဂေါက်သီးအိတ်ကို တစ်ချက်ငုံ့ကြည့်လိုက်ပြီး "သစ်ပင်နဲ့ သီသီလေး လွတ်သွားတယ်ဗျ"လို့ သူ့အစ်ကိုနဲ့ မွေးစားအဖေကို ပြောလိုက်ပါတယ်။

ဟော်လန်အထက်တန်းကျောင်းက ဂေါက်သီးသမားလေးဟာ သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ကာ ကျင်းဝင်သွားခဲ့ပြီး Saugatuck ဂေါက်ကွင်းက ပထမကိုးကျင်းမှာ ၄၂ ချက် ရိုက်ခဲ့ပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့လေးနှစ်ကဆိုရင်တော့ သူဟာ ဂေါက်ကလပ်အသင်းဝင်လည်း မဖြစ်ခဲ့သလို ဂေါက်ကွင်းထဲလည်း မရောက်ဖူးပါဘူး။ ဂေါက်သီးရိုက်ကစားနည်းက ဘယ်လိုအားကစားမျိုးလဲဆိုတာကိုလည်း သူမသိခဲ့ပါဘူး။


အယ်နွေထူး

သူကတော့ ထိုင်းနိုင်ငံက ဒုက္ခသည်စခန်းမှာ မွေး၊ အဲဒီမှာပဲ ကြီးပြင်းလာခဲ့ပြီး ၂၀၁၀ ပြည့်နှစ် နွေရာသီမှာ သူ့ရဲ့မွေးချင်းမောင်နှမငါးယောက်နဲ့အတူ အမေရိကန်နိုင်ငံကို ရောက်လာခဲ့သူပါ။ သူတို့အစ်မကြီးရဲ့ ဆုံးဖြတ်ချက်ကြောင့် သူတို့ အမေရိကန်ကို ရောက်လာတာဖြစ်ပြီး ဒါက အကောင်းဆုံး ဆုံးဖြတ်ချက်ဖြစ်တယ်လို့ သူက ပြောပါတယ်။

သူ အခု ဂေါက်သီးရိုက်နိုင်နေပါပြီ။ ကောလိပ်အဆင့်ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ဖို့ သူမျှော်လင့်ထားပါတယ်။ စစ်ဘေးက ပြေးလာတဲ့ ဝါးတဲတွေမှာ နေနေကြတဲ့သူထောင်ပေါင်းများစွာကြားထဲမှာ ကြီးပြင်းလာတဲ့အချိန်ကထက် သူအခု သိသိသာသာကြီးပြောင်းလဲသွားပါပြီ။

**အနောက်ဘက်ပိုင်းကို ခရီးထွက်ခြင်း**

သူ့ရဲ့ မိဘတွေက ကရင်လူမျိုးတွေဖြစ်ပြီး သူ့ကရင်နာမည် နောက်ဆုံးမှာပါတဲ့ 'ထူး'ဆိုတဲ့ စကားလုံးလေးကတော့ မြန်မာလို 'ရွှေ' လို့ အဓိပ္ပာယ်ရပါတယ်။

> **အရမ်းအရမ်းကိုကြောက်နေတဲ့၊ ပင်ပန်းနွမ်းနယ်နေပုံရတဲ့ ကောင်လေးတွေကို တွေ့လိုက်ရပါတယ်။ ဒီကလေး...**

၁၉၈၀ ပြည့်လွန်နှစ်များအတွင်းမှာ ကေအင်န်ယူ အဖွဲ့ဟာ တခြားအဖွဲ့တွေနဲ့ ပေါင်းပြီး စစ်အစိုးရကို ပုန်ကန်ခဲ့ကြတဲ့အတွက် ကရင်ပြည်နယ်အတွင်းမှာ တိုက်ပွဲတွေ ဖြစ်ပွားခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ မိဘတွေဟာ သမီးကြီးကို လက်ဆွဲပြီး ထိုင်းနိုင်ငံဘက်က မယ်လအုန်း (Mae La Oon) ဒုက္ခသည်စခန်းမှာ ခိုလှုံဖို့ နယ်စပ်ဘက်ကို လွန်ခဲ့တဲ့နှစ် ၂၀ က ထွက်ပြေးခဲ့ရပါတယ်။

သူ့မိဘတွေ သူငယ်ငယ်လေးမှာ ကွယ်လွန်သွားပြီးတဲ့နောက်မှာတောင် အဲဒီနေရာက နေလို့မကောင်းတဲ့ နေရာတစ်ခုတော့ မဟုတ်ပါဘူးလို့ အယ်နွေထူးက ပြောပါတယ်။

သူ့ရဲ့ အစ်မကြီး ရှီရေဝါးက အခုတော့ အသက် ၂၃ နှစ်ရှိပါပြီ။ သူကတော့ Grand Rapids မှာနေပြီး အယ်နွေထူးနဲ့ သူ့မောင်နှမတွေကိုရော၊ အဘိုးအဘွားကိုပါ စောင့်ရှောက်ပေးခဲ့ပါတယ်။

"ကျွန်တော်နေခဲ့တဲ့နေရာက မဆိုးပါဘူး။ အဲဒီမှာ နေရတာကို ကျွန်တော်ကြိုက်တယ်။ အဲဒီမှာ ကျွန်တော်တို့ မဆင်းရဲကြပါဘူး။ ရေနဲ့ မီးလည်း ရှိတယ်"လို့ သူက ပြောပြပါတယ်။

ဒါပေမဲ့ အဲဒီမှာ တီဗီတို့၊ အင်တာနက်တို့ မရှိတဲ့အပြင် သူအမေရိကန်ကို မရောက်ခင်အချိန်အထိ ဖုန်းတစ်ခါမှ မဆက်ဖူးပါဘူးတဲ့။

စခန်းထဲမှာ တခြားကလေးတွေနဲ့အတူ ဘောလုံးကစားတတ်သလို ကျောင်းကို အချိန်မှန်မှန်တက်ခဲ့ပါတယ်။ သူနဲ့ သူ့ရဲ့အစ်ကို ရှီးရေထူးက သူတို့ရဲ့ အစ်မတွေအတွက် အစားအစာတွေ စုဆောင်းပေးပါတယ်လို့ သူက ပြောပြပါတယ်။

ဦးလေးတစ်ယောက်နဲ့ ဝမ်းကွဲမောင်နှမလေးငါးယောက် အပါအဝင် သူတို့အမျိုးတချို့ ထိုင်းနိုင်ငံမှာ အခုအချိန်အထိ ရှိပါတယ်။ ဒါပေမဲ့ အဖိုးနဲ့ အဘွားကတော့ သူတို့ အမေရိကန်ကို ထွက်သွားပြီး မကြာခင်မှာပဲ ကွယ်လွန်သွားခဲ့ပါတယ်။

**ဘဝသစ်အစ**

အယ်နွေထူးရဲ့ အစ်ကို ရှီးရေထူးနဲ့ သူ့မွေးစားအဖေ Bob Gustavson တို့နှစ်ယောက်ဟာ Clearbook ဂေါက်ကွင်းမှာ အယ်နွေထူး ပြီးခဲ့တဲ့ တနင်္လာနေ့က ဂေါက်ရိုက်နေတာကို စောင့်ကြည့်အားပေးခဲ့ကြပါတယ်။ အယ်နွေထူး ဂေါက်သီးကို ကျင်းစိမ်နေတဲ့အချိန်မှာ "အရင်တုန်းကဆို သူ့အရပ်က ပုပြီး အင်္ဂလိပ်စကားလည်း မပြောတတ်ပါဘူး"လို့ သူ့မွေးစားအဖေက သူရောက်စတုန်းက အချိန်ကို ပြန်ပြောင်းပြောပြပါတယ်။

အယ်နွေထူးနဲ့ သူ့အစ်ကို ဒုက္ခသည်စခန်းက ထွက်လာတဲ့အချိန်က ၂၀၁၀ ခုနှစ် နွေရာသီမှာပါ။ "ကျွန်တော်ကားထဲ ဝင်လိုက်တဲ့အခါ ကျွန်တော့်သူငယ်ချင်းတွေ နောက်မှာ ကျန်ခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်ထွက်လာခဲ့ပါတယ်။ တစ်ခါတလေ သူငယ်ချင်းတွေအကြောင်း စဉ်းစားမိပါတယ်"လို့ အယ်နွေထူးက ပြောပြပါတယ်။

"အရမ်းအရမ်းကို ကြောက်နေတဲ့၊ ပင်ပန်းနွမ်းနယ်နေပုံရတဲ့ ကောင်လေးတွေကို တွေ့လိုက်ရပါတယ်။ ဒီကလေးတွေက ကျွန်မတို့ရဲ့ ကလေးတွေဖြစ်လာမယ်ဆိုတာကို ကျွန်မတို့ ချက်ချင်းသိခဲ့ကြပါတယ်"လို့ Marcia က ပြောပါတယ်။

အစပိုင်းမှာတော့ ကလေးတစ်ယောက်နှစ်ယောက် ခေါ်ထားမယ်လို့ သူတို့ စဉ်းစားခဲ့ပါတယ်။ "ကလေးတွေ မွေးစားတဲ့အတွက် ကျွန်မတို့ကို ပိုငယ်သွားစေလိမ့်မယ်ဆိုတာကို မသိခဲ့ပါဘူး။ ဒါပေမဲ့ ဘဝက တကယ့်ကို စိတ်လှုပ်ရှားစရာကောင်းပါတယ်။ ဒါကို ကျွန်မတို့ ရောင်းလို့ ဝယ်လို့ မရပါဘူး"လို့ ပြောပါတယ်။

**လမ်းကြောင်းမှန်ကို ရှာတွေ့ခြင်း**

ဟော်လန်ဂေါက်နည်းပြ Peter Zeedyk က အယ်နွေထူးမှာ ဂေါက်သီးနဲ့ပတ်သက်ပြီး ထူးခြားတဲ့ပါရမီရှိတာကို သတိပြုမိခဲ့တာကတော့ ရာသီပွဲစဉ်မတိုင်ခင် ကြိုတင်လေ့ကျင့်မှုတွေမှာပါ။


အယ်နွေထူး

ကစားသမားတွေရဲ့ ရိုက်ချက်ကို အိုင်ပက်ဒ်နဲ့ ဗီဒီယိုရိုက်ထားပြီး ပြန်ကြည့်ရာမှာ တခြားသူတွေက သင်ပြပေးစရာ နည်းနည်းရှိပေမယ့် သူ့ကိုတော့ သင်ပြပေးစရာ မလိုတာကို တွေ့ခဲ့ရပါတယ်။

"သူ့ရဲ့ ရိုက်ကွက်တွေကို ပြုပြင်ပေးစရာ မလိုတာကို တွေ့လိုက်ရပါတယ်။ တခြားသူတွေဆို မှားနေတာလေးတွေ ရှိနေတတ်ပါတယ်" လို့ Zeedyk က ပြောပြပါတယ်။

ဟော်လန်ရောက်ပြီး နှစ်နှစ်အကြာမှာ သူ့ကို ဂေါက်ကွင်းခေါ်သွားခဲ့ပါတယ်။ သူတို့ညီအစ်ကို နှစ်ယောက်စလုံးကို Winding Creek က ဂေါက်ရိုက်လေ့ကျင့်တဲ့ကွင်းထဲကို ခေါ်သွားပြီး ကစားစေတဲ့အခါ သူတို့နှစ်ယောက်စလုံး ခပ်မြန်မြန်ပဲ ကစားတတ်သွားပါတယ်။

"သူတို့က နေ့တိုင်းဂေါက်သီးရိုက်ချင်တဲ့အတွက် Winding Creek မှာ အသင်းဝင်ပေးခဲ့ပါတယ်။ ညီအစ်ကိုနှစ်ယောက်စလုံးကတော့ စူဠလိပ်ရေထဲလွှတ်လိုက်သလို အကြိုက်တွေ့နေကြပါတယ်"လို့ ဘော့ဘ်က ပြောပြပါတယ်။

ရှီးရေထူးကတော့ ပြိုင်ပွဲအတွက် သင်ယူနေဆဲဖြစ်ပေမယ့် Zeedyk အတွက် ကစားသလို သူ့အသင်းအတွက်လည်း ကစားပါတယ်။

ဒါပေမဲ့ အယ်နွေထူးကတော့ ဟော်လန်ရဲ့ ထိပ်တန်းဂေါက်သမားတစ်ဦးဖြစ်သလို OK Greenရဲ့ အကောင်းဆုံးဂေါက်သမားတစ်ဦးလည်း ဖြစ်နိုင်ပါတယ်။ သူကတော့ သူ့ရဲ့ ပုံသေကားကျမဟုတ်တဲ့ ရိုက်ချက်တွေကိုကြွံကြွံခံတဲ့ အမူအရာနဲ့ ကွင်းထဲမှာ ရိုက်တတ်သူပါ။

"သူ့ပွဲစဉ်တစ်ခုရဲ့ အလယ်လောက်မှာ သူ့ဆီကို ကျွန်တော်သွားကြည့်ရင်လည်း သူ့ရိုက်ချက်ကောင်းလား၊ မကောင်းဘူးလားဆိုတာကို မသိရပါဘူး။ သူက သူလုပ်ရမယ့်အလုပ်ကို ဆက်လုပ်နေပါတယ်"လို့ Zeedyk က ပြောပါတယ်။

သူနဲ့ဂေါက်ရိုက်ဖော်မိတ်ဆွေတွေကလည်း သူ့ကို အင်္ဂလိပ်စကား သွက်သွက်လက်လက်ပြောနိုင်လာစေဖို့ စိတ်ဓာတ်မြှင့်တင်ပေးကြပါတယ်။ "သူက အမြဲတမ်းပြုံးနေတတ်သလို စိတ်လည်းရှည်ပါတယ်"လို့ ဟော်လန်ဝါရင့် ဂေါက်သီးသမား ဂျက်ကော့ဘ် ဘော့စ်မန်းက ပြောပါတယ်။

အယ်နွေထူးဟာ ကောလိပ်အဆင့် ပြိုင်ပွဲဝင်နိုင်ဖို့ မျှော်မှန်းထားပါတယ်။ ပြီးခဲ့တဲ့နှစ်ပတ်က ပွဲစဉ်မှာတော့ ၃၉ ချက်နဲ့ ကျင်းအားလုံးရိုက်ခဲ့ပါတယ်။

ဒါပေမဲ့ သူကတော့ တစ်နေ့နေ့မှာ မယ်လအုန်းစခန်းကို ပြန်သွားချင်နေပါတယ်။ "အဲဒီမှာ အိမ်ရှိနေတုန်းပဲ"လို့ အယ်နွေထူးက ပြောပါတယ်။ *Ref: hollandsentinel.com*

**သီရိမင်းထွန်း ဘာသာပြန်သည်။** ■



# ကျေးဇူးတော် ချီးမွမ်းဂုဏ်ပြုမှတ်တမ်းတင်ခြင်း

ကြီးမြတ်တော်မူသော အနန္တတန်ခိုးရှင် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းထောပနာပြုအပ်ပါသည်။






၂၀၁၄ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်သော မျက်မမြင်များ ဟင်းချက်ပြိုင်ပွဲသည် မြန်မာနိုင်ငံ၌ ပထမဦးဆုံး အကြိမ်ပြုလုပ်ကျင်းပသော ပြိုင်ပွဲတစ်ရပ်ဖြစ်ပါသည်။ လူထုအား အသိပေးချပြလိုသော အစီအစဉ်တစ်ရပ်ဖြစ်သော်လည်း မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များမိတ်သဟာယ အဖွဲ့တစ်ခုတည်းဖြင့်ပြုလုပ်မည်ဆိုပါက ဤကဲ့သို့ ခမ်းနားကြီးကျယ်မှု မရှိနိုင်ပါ။ သို့ရာတွင် ဘုရားအိမျက်နှာတော်ကို ထောက်၍ မေတ္တာစေတနာ အပြည့်အဝဖြင့် အဖက်ဖက်မှ ဝိုင်းဝန်းကူညီ ပံ့ပိုးကြသော အောက်ဖော်ပြပါ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များ နှင့် **Media** အဖွဲ့များကြောင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ပြီဖြစ်၍ လှိုက်လှဲဝမ်းမြောက်စွာ ကျေးဇူးအထူးတင်ရှိအပ်ပါကြောင်း ဖော်ပြမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**Main Sponsor** ဒေါ်လှလှ (**The Rich Gems**)၊

**Co-sponsor** ဦးနိုင်လင်း **Myanmar Kowa Int'l Company Ltd.**, (**Rinnai Japan**)၊ စီးပွားရေးဘဏ္ဍာသိုလ် သရဖီဖောင်ဒေးရှင်း၊ ခရစ်ယာန်ဆေးကုသ ပညာရှင်များ မိတ်သဟာယ (**CMF**)၊ **Kanbawza Wellness Centre**၊ လှပခြင်းဆိုင်ရာဆေးတိုက်၊ ဂုဏ်သိရီ ပုံနှိပ်တိုက်၊ **Myo & PEC Group Construction**၊ သီဟပညာရေးဝန်ဆောင်မှုနှင့် အဆင့်မြင့်ဘော်ဒါ၊ **Myanmar Metropolitan College**၊ လုပ်ငန်းခွင်ရှိ ခရစ်ယာန်များ မိတ်သဟာယ (**MCF**)၊

ဝိုင်းဝန်းပံ့ပိုးပေးသော

**Rev.** မန်းစံသိန်းထွန်း (ဘဏ္ဍာထိန်း) မြန်မာနိုင်ငံနှစ်ခြင်းအသင်းချုပ်နှင့် ဝန်ထမ်းများ၊ **Rev.**ထောင်ခန့်စိန် (တာဝန်ခံ) ဇဝဲဂေလိနှင့် သာသနာပြုရေးဌာနနှင့် ဝန်ထမ်းများ၊ ဆရာမဒေါ်နန်းသီတာအောင်နှင့် **MCF** အဖွဲ့သားများ၊ **Brayton Church** မှ **Rev. Dr.** မန်းဟန်းထယ် နှင့် လူငယ်များ၊ ဆရာမ ဒေါ်ကေကျာနွေးနှင့် **CMF** အဖွဲ့ သားများ၊ အခမ်းအနားစီစဉ်သူ ဒါရိုက်တာ ကိုရိုး (ကိုမျိုးကြည်)၊ အမှတ်ပေးဒိုင်များအဖြစ် ဆောင်ရွက်သော ဦးအောင်ထိုက် (စိတ်တိုင်းကျ)၊ စားသောက်ဆိုင် (**BJ Cafe**)၊ ဒေါ်သောက်နု (ကိုမ်းဇော်မြေရိုးရာအစားအစာ)၊ **Mr.Oliver E. Soe Thet**၊ ဦးသန်းဝင်း၊ **Mr.Recado (Myanmar Chef Association)** အခမ်းအနားမှူးများအဖြစ်ပါဝင်ကြသော နိုင်ငံကျော်အနုပညာရှင် မေတ္တာနှင့် အဖွဲ့ ဆရာမနန်းစပယ်သင်း။

**Media** အဖွဲ့များဖြစ်ကြသော -

**Sky Net**၊ မြဝတီ၊ **MNTV**၊ **MRTV-4**၊ **5-Network**၊ **5-Plus**၊ **MRTV-NRC**၊ **7Day News**၊ ဇာတော်ချိန်သတင်းစာ၊ မြဝတီသတင်းစာ၊ **BBC**၊ **Today**၊ **Padamyar FM**၊ **Mandalay FM**၊ အလင်းတန်းဂျာနယ်၊ **Eleven Day**၊ **DVB**၊ **Myanmar Times**၊ **MR Cable Network**၊ **Online Media**၊ **CCTV** နှင့် လာရောက်သတင်းယူကြသော **Media** များအားလုံး



သီကွာတော်ရ ဆရာဦးသိန်းထွင် (အထွေထွေအတွင်းရေးမှူး)
မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များမိတ်သဟာယ













THE MYANMAR TIMES မြန်မာတိုင်း
Asia
■ ဒေသတွင်းသတင်း
သောကြာနေ့၊ မေ ၃၀ - ဇွန် ၅၊ ၂၀၁၄

# အိန္ဒိယဝန်ကြီးချုပ်သစ် မိုဒီ ကျမ်းသစ္စာကျိန်ဆိုပြီး ပါကစ္စတန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့

Elu v; , m;v ueuyi&iEpEiijzpaom tE , Eiyjupwe Eiiw tlum;wi;rmrrm;av mc&e u;pm;

**နယူးဒေလီ** - ဝန်ကြီးချုပ်တာဝန်များကို အောင်အောင်မြင်မြင် ထမ်းဆောင်သွားရန် မျှော်လင့်ထားသော အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ဝန်ကြီးချုပ်အဖြစ် စတင်ထမ်းဆောင်သည့် ပထမနေ့ဖြစ်သော မေလ ၂၇ ရက်နေ့တွင် ပါကစ္စတန်ဝန်ကြီးချုပ်နှင့် သမိုင်းဝင်တွေ့ဆုံဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့ပြီး ၎င်း၏ အစိုးရအဖွဲ့သစ်ကို ကြေညာခဲ့သည်။

နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံနှစ်နိုင်ငံဖြစ်သော အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား တင်းမာမှုများလျှော့ချရန် ကြိုးစားမှုတစ်ရပ်အဖြစ် လက်ယာယိမ်း ပါတီခေါင်းဆောင် နာရန်ဒရာမိုဒီက ၎င်းနှင့် ၎င်း၏ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီးနောက်တစ်နေ့ မေလ ၂၇ ရက်နေ့တွင် ပါကစ္စတန်ဝန်ကြီးချုပ် နာဝါ့ဇ် ရှရစ်ဖ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

> ## ဖွံ့ဖြိုးတိုးတက်ပြီး မတူညီတဲ့လူ့အဖွဲ့အစည်းအားလုံးပါဝင်တဲ့ အိန္ဒိယနိုင်ငံအဖြစ် အတူတကွ ပုံဖော်ကြပါစို့ ... ”

နယူးဒေလီမြို့လယ်ရှိအစိုးရအဆောက်အအုံတစ်ခု၌ တစ်နာရီကြာ တွေ့ဆုံဆွေးနွေးခဲ့ကြသော ခေါင်းဆောင်နှစ်ဦးက အစည်းအဝေးခန်းမသို့အဝင်တွင် အချင်းချင်း လက်ဆွဲနှုတ်ဆက်ခဲ့ကြသည်ကိုလည်း တွေ့ရသည်။

ရှရစ်ဖ်သည် မေလ ၂၆ ရက်နေ့က ပြုလုပ်ခဲ့သော မိုဒီ၏ အိန္ဒိယဝန်ကြီးချုပ်အဖြစ်ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားသို့ တက်ရောက်ခဲ့သော တောင်အာရှဒေသ ခေါင်းဆောင်ခြောက်ဦးအနက် တစ်ဦးဖြစ်သည်။



**ကျမ်းသစ္စာကျိန်ဆိုပြီးနောက် အိန္ဒိယဝန်ကြီးချုပ် မိုဒီက ပါကစ္စတန်ဝန်ကြီးချုပ် နာဝါ့ဇ်ရှရစ်ဖ်ကို တွေ့ဆုံနှုတ်ဆက်နေစဉ်။** အေအက်ဖ်ပီ

ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် ဆယ်စုနှစ်တစ်ခုကြာ အုပ်ချုပ်ခဲ့သော ကွန်ဂရက်ပါတီကို အနိုင်ရကာ အိန္ဒိယဝန်ကြီးချုပ်ဖြစ်လာခဲ့သော မိုဒီသည် ၎င်း၏ ဟိန္ဒူအမျိုးသားရေးဝါဒီပါတီဖြစ်သော ဘီဂျေပီပါတီအတွင်း၌ပင် သဘောထားတင်းမာသူတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်၍ ဂူဂျာရတ်ပြည်နယ်၌ ၂၀၀၂ ခုနှစ်က ဖြစ်ပွားခဲ့သော မွတ်စလင်ဆန့်ကျင်ရေး အဓိကရုဏ်းများကြောင့်လည်း ၎င်းနှင့်ပတ်သက်ပြီး ပါကစ္စတန်လူထုအများအပြား၏ စိတ်တွင် သံသယရှိနေကြဆဲဖြစ်သည်။

သို့သော်လည်း မိုဒီက ကျမ်းသစ္စာကျိန်ဆိုသည့်အခမ်းအနားသို့ ပါကစ္စတန်ဝန်ကြီးချုပ် နာဝါ့ဇ်ရှရစ်ဖ်ကို ဖိတ်ကြားရန် ပြီးခဲ့သည့် ရက်သတ္တပတ်က ဆုံးဖြတ်ခဲ့ပြီးနောက် မေလ ၂၇ ရက်နေ့နံနက်တွင် ပြုလုပ်မည့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့ရာ မိုဒီကိုဝေဖန်သူများ အံ့အားသင့်ခဲ့ရသည်။

“ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့နိုင်ငံတွေနဲ့အတူ စိတ်ပါလက်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့၊ အင်အားတောင့်တင်းတဲ့၊ ဖွံ့ဖြိုးတိုးတက်ပြီး မတူညီတဲ့လူ့အဖွဲ့အစည်းအားလုံးပါဝင်တဲ့ အိန္ဒိယနိုင်ငံအဖြစ် အတူတကွ စိတ်ကူးပုံဖော်ကြပါစို့” ဟု ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနား၌ မိုဒီက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများကြောင့် လူ ၁၆၆ ဦးသေဆုံးခဲ့ရပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားခဲ့ပြီးနောက်ပိုင်း အိန္ဒိယဝန်ကြီးချုပ်တစ်ဦးက ပါကစ္စတန် ခေါင်းဆောင်တစ်ဦးနှင့် နယူးဒေလီမြို့၌ တရားဝင်တွေ့ဆုံဆွေးနွေးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ **(အေအက်ဖ်ပီ)**

**ဝင်းသော်တာ ဘာသာပြန်သည်။** ■

## သတင်းတိုများ

### ထိုင်းတပ်ဖွဲ့များက ဝန်ကြီးဟောင်းကို ဝင်ရောက်ဖမ်းဆီး

**ဘန်ကောက်** - ထိုင်းနိုင်ငံတွင် စစ်တပ်က အာဏာသိမ်းမှုကို လူသိရှင်ကြား ရှုတ်ချရန် ကြိုးပမ်းခဲ့သည့် ပြုတ်ကျသွားသော အစိုးရအဖွဲ့ဟောင်းထဲမှ ပထမဆုံးအဖွဲ့ဝင်ဖြစ်သူ ဝရမ်းပြေးဝန်ကြီးဟောင်းတစ်ဦးကို ပုန်းအောင်းနေရာမှ ထိုင်းစစ်သည်များက ဝင်ရောက်ဖမ်းဆီးခဲ့သည်။ လွန်ခဲ့သော ရက်သတ္တပတ်က စစ်တပ်ကဖြုတ်ချခဲ့သော အစိုးရအဖွဲ့၏ ပညာရေးဝန်ကြီးဖြစ်သူ ချာတူရွန် ချိုင်ဆန်းသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးသတင်းထောက်များကလပ်၌ သတင်းစာဆရာများ ရှေ့မှောက်မှာပင် စစ်သည်များ၏ ခေါ်ဆောင်ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်သူ ချာတူရွန် ချိုင်ဆန်းသည် ထုတ်ပြန်ထားသော အမိန့်အာဏာကို ဖီဆန်၍ စစ်ခေါင်းဆောင်များကို ခွင့်မတောင်းဘဲ သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။ ၎င်းက စစ်တပ်က အာဏာသိမ်းသူများကို အတွေ့အကြုံမရှိသူများအဖြစ် ရှုတ်ချပြီး အာဏာသိမ်းမှုများနှင့်စပ်လျဉ်း၍ လျင်မြန်စွာကြီးထွားလျက်ရှိသော ခုခံတွန်းလှန်မှုများကိုသာမက စစ်တပ်၏ အနေအထားနှင့်စပ်လျဉ်း၍ မျှော်လင့်ထားသည်ထက် ပိုမိုရက်စက်မည့် အခြေအနေကိုပါ သတိပေးခဲ့သည်။ ဆန်းစစ်လေ့လာသူများကပြောကြားရာတွင် မေလ ၂၂ ရက်နေ့ အာဏာသိမ်းမှုကို ဆန့်ကျင်သည့် အင်အားရှိသော အတိုက်အခံများကို ချေမှုန်းသွားရန် နိုင်ငံတစ်ဝန်းလုံးမှ နိုင်ငံရေးခေါင်းဆောင်များကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ **(အေအက်ဖ်ပီ)**

### ရှင်ကျန်းတွင် လူ ၅၅ ဦးကို လူထုတရားစီရင်ပွဲဖြင့် ပြစ်ဒဏ်စီရင်

**ပေကျင်း** - တရုတ်ပြည် မွတ်စလင်အများစုနေထိုင်ရာ ရှင်ကျန်းပြည်နယ်မှ အာဏာပိုင်များသည် အကြမ်းဖက်မှုကျူးလွန်သူများအပါအဝင် ပြစ်မှုကျူးလွန်သူ ၅၅ ဦးကို လီလီခရိုင်ရှိ အားကစားရုံကြီးတစ်ရုံတွင် မေ ၂၈ ရက်က လူထုတရားစီရင်ပွဲပြုလုပ်၍ စီရင်ချက်ချခဲ့သည်။ ယင်းသို့ တရားစီရင်ရာတွင် လီလီခရိုင်ရှိ ကွန်မြူနစ်ပါတီခေါင်းဆောင်များနှင့် လူထု ၇,၀၀၀ ခန့်တက်ရောက်ခဲ့သည်။ ရမ်းကားသည့်အကြမ်းဖက်သမား ရာဇဝတ်သားအုပ်စုတစ်စုကို ဥပဒေနှင့်အညီ ပြစ်ဒဏ်ချရာတွင် လူထုတရားစီရင်မှု၊ လူထုကဖမ်းဆီးမှုနှင့် လူထုက ရာဇဝတ်ပြစ်မှုကျူးလွန်သူများကို ထိန်းသိမ်းထားခြင်းအဖြစ် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်တက်ရောက်ခဲ့ခြင်းဖြစ်သည်ဟု ရှင်ဟွာအွန်လိုင်းသတင်း၌ ဖော်ပြခဲ့သည်။ **(အေအက်ဖ်ပီ)**

**တင်စိန် ဘာသာပြန်သည်။**



# ဗီယက်နမ် ငါးဖမ်းသင်္ဘောကို တရုတ်သင်္ဘောက နှစ်မြှုပ်ခဲ့

**ဟနွိုင်း** - တရုတ်နိုင်ငံက ယင်း၏ကမ်းလွန် ရေနံတွင်းတူးစင်တစ်စင်ကို လာရောက်ချထားရာမှ တောင်တရုတ်ပင်လယ်တွင်း၌ ပိုင်နက်နယ်မြေတင်းမာမှုများ ဖြစ်ပွားနေစဉ် တရုတ်သင်္ဘောတစ်စင်းက ဗီယက်နမ် ငါးဖမ်းသင်္ဘောတစ်စင်းကို ဝင်တိုက်ပြီး နှစ်မြှုပ်ခဲ့ကြောင်း ဗီယက်နမ်အရာရှိတစ်ဦးက မေလ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

မေလ ၂၆ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့သည့် ကိစ္စ၌ ငါးဖမ်းသင်္ဘောပေါ်မှ သင်္ဘောသားများကို ဗီယက်နမ်မှ အခြားသင်္ဘောများက ကယ်တင်ခဲ့သည်။ တရုတ်သင်္ဘောအစင်း ၄၀ တို့က ဝိုင်းတားပြီးမှ ဝင်တိုက်ခဲ့ကြောင်း ဗီယက်နမ်အစိုးရ သတင်းဌာနက သတင်းပေးပို့ခဲ့သည်။

ကမ်းလွန် ရေနံတွင်းတူးစင်ကြီး၏ အနောက်တောင်ဘက် ရေမိုင် ၁၂ မိုင်ခန့်၌ ယခုကဲ့သို့ အခင်းဖြစ်ပွားခဲ့ကြောင်း အမည်မဖော်လိုသူ အရာရှိတစ်ဦးက ဆိုသည်။

အတိုက်ခံ ငါးဖမ်းသင်္ဘောပါ သင်္ဘောသား ၁၀ ဦး အန္တရာယ်ကင်းစွာ ရှိနေသော်လည်း သင်္ဘောနစ်မြှုပ်သွားကြောင်း သိရသည်။ မေလဆန်းပိုင်း အငြင်းပွားမှုစတင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံး သင်္ဘောနစ်မြှုပ်ခံရခြင်းဖြစ်သည်။ ဤ လိပ်ခဲတည်းလည်းဖြစ်မှုကြောင့် တရုတ်နှင့် ဗီယက်နမ်သင်္ဘောအများအပြား၊ အရပ်ဘက်နှင့် ငါးဖမ်းသင်္ဘောများအပါအဝင် အပြန်အလှန် ထိတွေ့မှုများ ဖြစ်ပွားခဲ့သည်။

ထိပ်တိုက်ရင်ဆိုင်မှုများ၌ သင်္ဘောအချင်းချင်း ဝင်တိုက်မှုများ၊ အားပြင်းသောရေပိုက်များဖြင့်ထိုးခြင်းနှင့် ပစ်ခတ်မှုများပါဝင်သည်။



**တရုတ်ရေနံတွင်းတူးစင်အနီး ကင်းလှည့်နေသော ကမ်းခြေစောင့်သင်္ဘောတစ်စင်း။** အေအက်ဖ်ပီ

ရေနံစင်ကိစ္စကြောင့် အတိမ်းအစောင်းမခံကြသော ကွန်မြူနစ် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့အကြား ဆက်ဆံရေးကျဆင်းခဲ့ပြီး ဒေသတွင်း ပိုင်နက်အငြင်းပွားမှုများ အရှိန်အဟုန် မြင့်တက်စေခဲ့သည်။ အငြင်းပွားနေသည့် ပါရာဆဲလ်ကျွန်းများဝန်းကျင်၌ ရေနံစင်ကို နေရာချထားသည်။

ဗီယက်နမ်နှင့် တရုတ်အစိုးရတို့ထံမှ တရားဝင်ပြောဆိုမှုများမရှိခဲ့ပေ။

ရေနံစင်ကြောင့် တင်းမာမှုများဖြစ်ပွားခဲ့ရာ ဗီယက်နမ်နိုင်ငံတွင် တရုတ်ဆန့်ကျင်သည့် အဓိကရုဏ်းများ ပေါ်ပေါက်ခဲ့ပြီး တရုတ်နိုင်ငံသားလေးဦး သေဆုံးခဲ့ကြောင်း ပေကျင်းအစိုးရကပြောခဲ့သော်လည်း ဗီယက်နမ်အစိုးရက တရုတ်နိုင်ငံသားသုံးဦးသာ သေဆုံးခဲ့ကြောင်းပြောခဲ့သည်။

ဤအဓိကရုဏ်းဖြစ်မှုများကြောင့် လူများရာချီ ထိန်းသိမ်းခံခဲ့ရကာ မေလ ၂၅ ရက်က ပထမဆုံးအကြိမ် အမျိုးသားနှစ်ဦး ထောင်ဒဏ်အပြစ်ပေးခံခဲ့ရပြီး တစ်ဦးမှာ ထောင်ဒဏ်တစ်နှစ်နှင့် ကျန်တစ်ဦးမှာ ထောင်ဒဏ်သုံးနှစ်အပြစ်ပေးခံခဲ့ကြရသည်။

တရုတ်အစိုးရက အငြင်းပွားနေသည့်ဒေသ၌ ရေနံစင်ထားခြင်းသည် ငြိမ်းချမ်းမှုကို အလေးအနက် ခြိမ်းခြောက်ခဲ့ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်းက လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ပြောကြားခဲ့သည်။

**(အေအက်ဖ်ပီ)**

**သောင်းညွန့် ဘာသာပြန်သည်။** ■

## အာဖဂန်၌ တပ်အင်အား ၉,၈၀၀ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း သမ္မတအိုဘားမားကြေညာ

**ဝါရှင်တန်** - အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အာဖဂန်စစ်ပွဲပြီးဆုံးသွားပြီဖြစ်ကြောင်းပြောကြားခဲ့ပြီးနောက် ယခုနှစ်အကုန် နောက်ပိုင်းတွင် အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် အင်အား ၁၀,၀၀၀ နီးပါး ဆက်လက်ထားရှိရန် စီစဉ်ထားကြောင်း မေလ ၂၇ ရက်နေ့တွင် ကြေညာခဲ့သည်။ သို့သော်လည်း ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် အားလုံးနီးပါးကို အာဖဂန်နိုင်ငံမှ ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များရုပ်သိမ်းမည့်အစီအစဉ်မှာ လုံခြုံရေးဆိုင်ရာသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် အချိန်ဆွဲနေသော အာဖဂန်နစ္စတန်အစိုးရအပေါ်တွင်မူတည်သည်။ လက်ရှိအာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ငြင်းဆိုထားသော်လည်း အာဖဂန်သမ္မတအဖြစ် ဝင်ရောက်အရွေးခံနေသည့် သမ္မတလောင်းနှစ်ဦးထဲမှ တစ်ဦးဦးအရွေးခံရသည့်အချိန်တွင် အဆိုပါသဘောတူစာချုပ် အကောင်အထည်ပေါ်လိမ့်မည်ဟု ယုံကြည်ကြောင်း အမေရိကန်အရာရှိများက ပြောကြားခဲ့သည်။ လာမည့်လ၌ ဒုတိယအကြိမ်ကျင်းပပြုလုပ်မည့် အာဖဂန်ရွေးကောက်ပွဲတွင် ပါဝင်အရွေးခံမည့် သမ္မတလောင်းများဖြစ်သည့် ယခင်နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာလ် အဗ္ဗဒူလာလ်နှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်း အရှ်ရာဇ်ဂါနီ အာမက်ဇိုင်းတို့ နှစ်ဦးစလုံးက မေလ ၂၇ ရက်နေ့က ကြေညာခဲ့သည့် အိုဘားမား၏ကြေညာချက်ကို ထောက်ခံကြိုဆိုကြသည်။ အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များက ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် စစ်ဆင်ရေးများကို ရပ်တန့်ရန် ပြင်ဆင်လျက်ရှိသည်။ သို့သော်လည်း အာဖဂန် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလေ့ကျင့်ပေးရန်၊ အကြမ်းဖက်မှုများကို တုံ့ပြန်ချေမှုန်းရန်နှင့် တိုးတက်ကောင်းမွန်နေသည့် အခြေအနေများကို ဆက်လက်ထိန်းသိမ်းရန် အိုဘားမားက အမေရိကန်တပ်ဖွဲ့ဝင်အချို့ကို အာဖဂန်နစ္စတန်နိုင်ငံတွင် ဆက်လက်ထားရှိလိုခြင်းဖြစ်သည်။ လက်ရှိတွင် အာဖဂန်၌ အမေရိကန်တပ်ဖွဲ့ဝင်အင်အား ၃၂,၀၀၀ ခန့်ရှိသော်လည်း အိုဘားမား၏အစီအစဉ်အရ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် တပ်အင်အား ၉,၈၀၀ သို့ လျှော့ချသွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါတပ်အင်အား ၉,၈၀၀ ကို ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ထက်ဝက်ခန့် ထပ်မံလျှော့ချသွားမည်ဖြစ်ပြီး မြို့တော် ကဘူးလ်နှင့် ဘာဂရမ် လေတပ်အခြေစိုက်စခန်းတို့တွင် တပ်ချထားမည်ဖြစ်ကာ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင်မူ ကဘူးလ်မြို့ရှိ လုံခြုံရေးရုံး၌ တာဝန်ထမ်းဆောင်ရန် ၁,၀၀၀ အောက်နည်းသည့် တပ်အင်အားသာ ထားရှိသွားမည်ဖြစ်ကြောင်းသိရသည်။ လာမည့်လတွင် အပြီးသတ်ကျင်းပမည့် အာဖဂန်သမ္မတရွေးကောက်ပွဲနှင့်ပတ်သက်ပြီး အားရကျေနပ်မှုရှိကြောင်း အမေရိကန်အရာရှိများက ပြောကြားခဲ့သည်။ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းခြင်းနှင့်ပတ်သက်ပြီး မည်မျှရှုပ်ထွေးခက်ခဲသည့်အကြောင်းကို အမေရိကန်သမ္မတ အိုဘားမားက ''စစ်ပွဲတွေကို စတိုက်ရတာထက် အဆုံးသတ် ရတာကပိုပြီး ခက်ခဲပါတယ်'' ဟု မှတ်ချက်ပေးခဲ့သည်။ အာဖဂန်၌ တပ်အင်အားပြန်ရုပ်နေချိန်တွင် စီအိုင်အေအဖွဲ့ကလည်း ပါကစ္စတန်နယ်စပ်တစ်လျှောက်ရှိ ယင်း၏ အခြေစိုက်စခန်းများကို တဖြည်းဖြည်း ပိတ်သိမ်းသွားမည်ဖြစ်ကာ ယင်း၏ထောက်လှမ်းရေးအရာရှိအများစုကို မြို့တော်သို့ ပြန်ခေါ်နေပြီဖြစ်ကြောင်း အမေရိကန်အရာရှိများက ပြောကြားခဲ့သည်။ သမ္မတ အိုဘားမား အာဖဂန်နိုင်ငံသို့သွားရောက်ခဲ့စဉ်က အာဖဂန်သမ္မတနှင့်တွေ့ဆုံခဲ့ခြင်းမရှိသော်လည်း အိုဘားမား အမေရိကန်သို့အပြန် လေယာဉ်ပေါ်တွင် ခေါင်းဆောင်နှစ်ဦး ဖုန်းဖြင့်ပြောဆိုဆွေးနွေးခဲ့ကြသည်။ **(အေအက်ဖ်ပီ) ဝင်းသော်တာ ဘာသာပြန်သည်။**

# အိန္ဒိယဝန်ကြီးသစ်က ရထားလမ်း ဘေးကင်းရေး ဆောင်ရွက်မည်ဟုဆို

**နယူးဒေလီ** - အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ ဖြစ်ပွားသော ရထားတိုက်မှုတွင် ရထားတွဲအတွင်း ပိတ်မိနေသည့် အလောင်းများကို ထုတ်ယူပြီးနောက် သေဆုံးသူ ၂၆ ဦးထိရှိပြီဖြစ်ပြီး ယိုယွင်းပျက်စီးနေသော ရထားလမ်းများကို လုံခြုံစိတ်ချရသည်အထိ ပြုပြင်သွားမည်ဟု အိန္ဒိယနိုင်ငံ၏ မီးရထားဝန်ကြီးသစ်က မေ ၂၇ ရက်တွင် ကတိပေး ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ပြည်နယ်ဖြစ်သော ဥတ္တာပရာဒက်ရှ်ပြည်နယ်အတွင်း ခုတ်မောင်းနှင်နေသော ခရီးသည်တင် အမြန်ရထားကြီးသည် ဘူတာရုံတစ်ရုံရှိ ကုန်ရထားတစ်စင်းကို မေ ၂၆ ရက်နံနက်ခင်းတွင် ဝင်တိုက်မိရာ သေဆုံးသူ ၂၆ ဦးနှင့်ဒဏ်ရာရသူ ၄၄ ဦး ရှိကြောင်း အိန္ဒိယမီးရထားဌာနမှ ပြောရေးဆိုခွင့်ရှိသူ အေလောခ့်ဆင်းက အေအက်ဖ်ပီသို့ပြောသည်။

အရေးပေါ် ကယ်ဆယ်ရေးနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့များသည် မေ ၂၆ ရက်ညတွင် သေဆုံးသူများနှင့် ဒဏ်ရာရသူများကို ရထားတွဲများအတွင်းမှ ကြိုးစားပမ်းစား ဆွဲထုတ်ခဲ့ကြသော်လည်း ပိတ်မိနေသည့် ရထားတွဲများ ရှင်းလင်းရာတွင် အသုံးပြုရန် ကိရိယာပစ္စည်းများမလုံလောက်မှုကြောင့် ထင်သလောက် ခရီးမပေါက်ခဲ့ဟုဆိုသည်။

မေ ၂၆ ရက်က ကျမ်းသစ္စာကျိန်ဆိုခဲ့သော ဝန်ကြီးချုပ် နာရင်ဒရာမိုဒီက သေဆုံးသူများ၏ မိသားစုတစ်စုလျှင် ရူပီး နှစ်သိန်းခန့် (ဒေါ်လာ ၃,၄၀၀ ) နှင့် ဒဏ်ရာရသူတို့၏ မိသားစုများကို ရူပီးငါးသောင်းအထိ ပေးလျော်သွားမည်ဟု ကတိပေးခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးမှ တရားဝင်ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

နိုင်ငံ့ဧရိယာကျယ်ဝန်းပြီး ခရီးဝေးများသွားရာတွင် ရထားလမ်းကို အဓိကထားသွားလာနေရဆဲဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ရထားလမ်းများမှာ ဘဏ္ဍာငွေအနည်းငယ်ဖြင့် ဆောက်လုပ်

> **ရထားလမ်းကို အဓိက သွားလာနေရသော အိန္ဒိယနိုင်ငံတွင် ရထားလမ်းများမှာ ဘဏ္ဍာငွေ အနည်းငယ်ဖြင့်...** ”

ထားခြင်းကြောင့် ခိုင်ခံ့မှုမရှိဘဲ လူအသေအပျောက်ရှိသည့် မတော်တဆမှုများမှာ မကြာခဏဆိုသလို ဖြစ်ပွားလေ့ရှိသည်။

မေ ၂၆ ရက်က နယူးဒေလီ၏ အရှေ့ဘက် ကီလိုမီတာ ၇၀၀ (မိုင် ၄၃၀) ကွာဝေးသည့် ခါလီလာဘက်မြို့၊ ချူရက်ဘ်ဘူတာရုံတွင် ဖြစ်ပွားခဲ့သော အဆိုပါ ဂိုရာခါဒမ်အမြန် ရထား၏ တွဲခြောက်တွဲ ဘီးချော်ခဲ့သည်။ ရထားတိုက်မှုအား



**လမ်းချော်သွားခဲ့သော ဂိုရာခါဒမ်အမြန်ရထား၏ တွဲခြောက်တွဲကိုတွေ့ရစဉ်။** ဓာတ်ပုံ-အေအက်ဖ်ပီ

စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် မီးရထားဌာနက အမိန့်ထုတ်ထားသည်။

ရထားတိုက်သည့်နေရာနှင့် အနီးဆုံးမြို့ဖြစ်သည့် ဆန့်ကာဘီယာ နာဂါဒေသမှ ဒေသခံအရာရှိတစ်ဦးဖြစ်သူ အာဗင့်ဒီဝေဒီက ပြီးဆုံးသွားပြီဖြစ်သော ရထားလမ်း အရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်မှုကို မေလ ၂၇ ရက်တွင် ဝေဖန်ပြောဆိုခဲ့သည်။

“မီးရထားဌာနက ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုမှာ နှောင့်နှေးမှုတွေရှိခဲ့တယ်။ သူတို့မှာကယ်ဆယ်ရေးအတွက်လိုအပ်တဲ့သင့်တော်တဲ့ ပစ္စည်းကိရိယာမရှိဘူး” ဟု ၎င်းအရာရှိက ဆိုသည်။

**(အေအက်ဖ်ပီ)**

**သဲသဲထွေး ဘာသာပြန်သည်။** ■

# ကြမ်မှာင်ငင်တဲ့ ကာစီနိုရောဂါ ဗီယက်နမ်ထံကူးစက်

wu , tjrwr;yreaialu; tjrwaw&aewmuawm avmi;upm; vyie;awu vipixway;ly; tceaumuaeluw tp;&awyy? tp;&aw&p;ym;a&;awu:vmw tcjrm ow& b@mwuawjyejyn vmz umpEawbuu vnluw ,



**ရော်ဂျာမစ်တန်**
ရေးသားသည်။

**တစ်ချိန်တုန်းက** "My baby does the hanky panky" (ကျွန်တော့်ကောင်မလေးက မတော်တရော်လုပ်တယ်) ဆိုတဲ့ ကလေးကလားဆန်တဲ့ အချစ်သီချင်းရှိခဲ့တယ်။ ကျွန်တော့်ကောင်မလေး အဲဒီတုန်းက မတော်တရော်လုပ်ပါလားလို့ ဆုတောင်းခဲ့သေးတယ်။ ဒါပေမဲ့ သူဟာ လောင်းကစားကိုပဲ ဝါသနာထုံခဲ့တယ်။

ဈေးကြီးအရက်တွေ မှာသောက်ရင်းနဲ့ နီယွန်မီးထွန်းထားတဲ့ လိုဏ်ဂူလိုအခန်းမျိုးတွေထဲထိုင်၊ ပိုက်ဆံအရှုံးခံပြီး နာရီပေါင်းများစွာထိုင်ကာ လောင်းကစားလုပ်တဲ့လူတွေကို သုံးသပ်ဖို့ မလွယ်လှဘူး။

ကာစီနိုပိုင်ရှင်တွေကလွဲရင် အားလုံးနီးနီးပိုက်ဆံရှုံးကြတာပဲ။ ဒါပေမဲ့ မကြာသေးခင်က ထုတ်ပြန်ခဲ့တဲ့ ငွေကြေးအစီရင်ခံစာတွေကို ကြည့်ရင် သူတို့ရဲ့အမြတ်တွေဟာ လျော့သွားတာကိုတွေ့ရတယ်။

တကယ် အမြတ်မ်း ပုံမှန် ငွေကြေးအမြတ်တွေရနေတာကတော့ လောင်းကစားလုပ်ငန်းတွေကို လိုင်စင်ထုတ်ပေးပြီး အခွန်ကောက်နေကြတဲ့ အစိုးရတွေပါပဲ။

တကယ်ပြောရရင်တော့ ၁၉၉၇ ခုနှစ်ငွေကြေးပြဿနာနဲ့ ၂၀၀၈ ခုနှစ်မှာဖြစ်လိုက်တဲ့ ဘဏ်တွေအထိနာရာမှ အစိုးရတွေရဲ့စီးပွားရေးတွေကျလာတဲ့အခါမှာ သူတို့ရဲ့ ဘဏ္ဍာတိုက်တွေပြန်ပြည့်လာဖို့ ကာစီနိုတွေဘက်ကို လှည့်ကြတယ်။

ကမ္ဘောဒီးယား၊ လာအို၊ မလေးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံတွေမှာ ကာစီနိုတွေရှိကြပြီး အဲဒါတွေချဲ့ထွင်ဖို့လည်း အစိုးရတွေက အားပေးခဲ့ကြတယ်။

စင်ကာပူနဲ့ ဗီယက်နမ်နိုင်ငံတို့ဟာ အရင်က ကာစီနိုတွေကို တရားလက်လွှတ် ဒုစရိုက်ရိပ်မြုံနဲ့ ရာဇဝတ်အဖွဲ့အစည်းတွေ ကြီးစိုးကြတဲ့နေရာတွေလို့ ပြင်းပြင်းထန်ထန် ဝေဖန် အပြစ်တွေပေးခဲ့ရာက ရုတ်တရက် အလှည့်အပြောင်းလုပ်ခဲ့ကြတယ်။ ဒီလုပ်ရပ်မျိုးကတော့ နိုင်ငံရေးသမားတွေအတွက် သိပ်ခက်ခဲတဲ့ အလုပ်မဟုတ်ပါဘူး။ ကာစီနိုတွေဟာ အခွန်အမြတ်ရတဲ့နေရာတွေလို့ သူတို့က ကြုံးဝါးလာကြတယ်။ လူမှုရေးအကျိုးပြု အစီအစဉ်တွေကိုလည်း အထောက်အကူပြုတယ်လို့ သူတို့ကဆိုလာကြပြန်တယ်။ အစိုးရအပေါ် လူတွေ နှစ်ခြိုက်မှုကိုဖြစ်ပေါ်စေတဲ့အပြင် အာဏာကိုလည်း တည်မြဲစေနိုင်တယ်။ ဒုစရိုက်မကောင်းမှုတွေကို လုံးဝပပျောက်မသွားစေနိုင်ပေမယ့် လောင်းကစားတဲ့ ဗဟိုဌာနတွေထဲ ဝင်ရောက်မှုကို လျှော့ပစ်နိုင်ကာ ဒေသခံပြည်သူတွေကို အကာအကွယ်ပေးနိုင်တယ်။

အဲဒီတော့ လွန်ခဲ့တဲ့သုံးနှစ်က စင်ကာပူအစိုးရဟာ Marina Bay Sands နဲ့ Resorts World Sentosa နာမည်တွေရှိတဲ့ ကြီးမားတဲ့ လောင်းကစားရုံကြီးနှစ်ရုံကို ဖွင့်ပေးလိုက်တယ်။ မကြာခင်မှာပဲ စင်ကာပူအစိုးရခြေရာကို လိုက်ကာ ဒေါ်လာဘီလျံချီ တန်ဖိုးရှိတဲ့ Ho Tram နဲ့ South Hoi An ကာစီနိုကြီး နှစ်ခုအပြင် တောင်ပိုင်း Phu Quoc နဲ့ တရုတ်နယ်စပ်ရှိ Lao Cai ဒေသတွေမှာ ကာစီနိုအသေးစားကလေးများ ဖွင့်ပေးခဲ့တယ်။



**စင်ကာပူမှ လူစည်ကားနေသော ကာစီနိုလောင်းကစားရုံတစ်ခုမြင်ကွင်း။** ဓာတ်ပုံ-အင်တာနက်

နိုင်ငံတွင်း လောင်းကစားသူတွေကိုလည်း စင်ကာပူအစိုးရကို စည်းမျဉ်းများကို လျှော့ပေါ့ပေးခဲ့သလို ဗီယက်နမ်ရဲ့ အမျိုးသားလွှတ်တော်ကလည်း နိုင်ငံသားတွေ ကာစီနိုတွေထဲဝင်ရောက်ခြင်းကို တားမြစ်တဲ့ဥပဒေကိုလည်း လောလောဆယ် ပြန်လည်သုံးသပ်နေတယ်။

ဒီလိုလုပ်တဲ့အခါတွင်လည်း ကာစီနိုတွေဖွင့်လာခဲ့တာကြောင့် အရင်က စင်ကာပူနိုင်ငံရဲ့ အလွန်တန်ဖိုးထားခဲ့တဲ့ ပုံရိပ်ဖြစ်တဲ့ အလွန်သန့်ရှင်းမှုရှိတာ၊ ရာဇဝတ်မှုကင်းပြီး စင်းလုံးချော လူ့အဖွဲ့အစည်းကို ထိခိုက်စေခဲ့တာကို ဗီယက်နမ် အမျိုးသားလွှတ်တော်က အမြော်အမြင်ကြီးကြီးနဲ့ သတိချပ်သင့်တယ်။

ဟုတ်ပါတယ်။ ဒါတွေအားလုံးဟာ ဒဏ္ဍာရီဖြစ်တယ်၊ ဒါပေမဲ့ ဒီဒဏ္ဍာရီကို လိမ္မာကျွမ်းကျင်စွာဖြစ်ပေါ်လာစေတာကြောင့် လောင်းကစား၊ မူးယစ်ဆေးဝါး၊ ပြည့်တန်ဆာလုပ်ငန်း၊ ခြိမ်းခြောက်ငွေညှစ်တာတွေ၊ ငွေခဝါချတာတွေ စင်ကာပူနိုင်ငံမှာမရှိဘူးလို့ ကမ္ဘာကို ထင်စေခဲ့တယ်။ ဒီလိုမဟုတ်တော့ဘူး။ ချန်ဂီ လူဝင်မှုကြီးကြပ်ရေးမှာ ပြည့်တန်ဆာတွေ တန်းစီနေတာ၊ ပြီးတော့ Marina Bay နဲ့ Harbourfront MRT ရုံတွေရှေ့မှာ လှုပ်လီလှုပ်လဲ့ လျှောက်ပြနေတာတွေကိုသိဖို့ သင့်အနေနဲ့ နာမည်ကျော် စုံထောက်ကြီး Dick Tracy ဖြစ်ဖို့မလိုသလို အရက်ဆိုင်တွေ နားမှာနဲ့ ကလပ်နားမှာ ချိုမွှေးတဲ့ ဆေးခြောက်အနံ့တွေ ခံယူနိုင်ဖို့ သင်ဟာ Keith Richards ဖြစ်စရာမလိုဘူး။

စင်ကာပူနိုင်ငံရဲ့ လက်ရှိ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ပုံတူပွားတာ မဆိုးလှသေးဘူးဆိုရင် ကာစီနိုတွေက ငွေတွေဖောခြင်းသောခြင်း ရရှိဖို့ ဟန္တိုင်းအစိုးရရဲ့ အကြံအစည်ဟာ အဓိကကျတဲ့ အဆီးအတားတစ်ခုနဲ့ ရုတ်တရက်ကြုံတွေ့လာခဲ့တယ်။

ဗီယက်နမ်က ကာစီနိုတွေဆီ လာရောက် လောင်းကစားလုပ်တဲ့ လူအများစုဟာ ကာစီနိုတွေကို နိုင်ငံတွင်ခွင့်မပြုတဲ့ တရုတ်ပြည်မကြီးကဖြစ်ကြတယ်။ ကံဆိုးချင်တော့ ဗီယက်နမ်က ပိုင်တယ်လို့ဆိုထားတဲ့ ရေပိုင်နက်အတွင်းကို ဒီလအတွင်း ပေကျင်းအစိုးရက ကမ်းလွန်ရေနံစင်လွှတ်ဖို့ ဆုံးဖြတ်ချက်ကြောင့် ဗီယက်နမ်နိုင်ငံသားတွေရဲ့ ရန်လိုမှုဟာ သွေးထွက်သံယိုဖြစ်တဲ့အထိ ပေါက်ကွဲလာခဲ့တယ်။ ဒါကြောင့် တရုတ်နိုင်ငံသားတွေဟာ ဗီယက်နမ်နိုင်ငံကိုလာရင် ပုတ်ခတ်ဝေဖန်ခံရမှာ၊ ဒါ့ပြင် တိုက်ခိုက်ခံရမှာစိုးတာကြောင့် ဗီယက်နမ်ဆီ အနည်းငယ်သာ လာရောက်ကြတော့မှာဖြစ်တယ်။ ကာစီနိုတွေအပေါ် ဗီယက်နမ်အစိုးရက ပုံအောထားတာ အခုအချိန်မှာ ရှုံးမယ့် လောင်းကြေးထပ်တဲ့ အခြေအနေဖြစ်နေကာ အခွန်အမြတ် မြက်မြက်ကလေးမရဘဲ လူ့အဖွဲ့အစည်း ပျက်စီးယိုယွင်းမှုတွေသာ အဖတ်တင်တော့

> **စင်ကာပူနိုင်ငံရဲ့ လက်ရှိ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ပုံတူပွားတာ မဆိုးလှသေးဘူးဆိုရင် ကာစီနိုတွေက ...**

မယ့်ပုံစံဖြစ်နေတယ်။

ဒီတော့ ဗီယက်နမ်နိုင်ငံမှာ ဘယ်တော့မှ ရှားပါးပြတ်လပ်မှုမရှိတဲ့ သမားရိုးကျ မတော်တရော် ကိစ္စတွေကိုသာ ဆက်လုပ်ရင် ဗီယက်နမ်အစိုးရအတွက် အဆင်ပြေလိမ့်မယ်ထင်တယ်။

**ဤဆောင်းပါးသည် ရော်ဂျာမစ်တန်၏ အာဘော်သာဖြစ်သည်။**

**(MTE)**

**သောင်းညွန့် ဘာသာပြန်သည်။** ■



# သတင်းထောက်၊ အယ်ဒီတာ ထုတ်ဝေသူ ဂျပန်သတင်းမှဆိုး

**အီရှီနိုမာကီ** - တိုရှီအိုဟီရာဆူကာသာမရှိလျှင် အိုရှိကာ ရှင်ဘွန်းသတင်းစာလည်း ပေါ်ထွက်လာခဲ့မည်မဟုတ်ပေ။ သူက တစ်ဦးတည်းသော သတင်းထောက်ဖြစ်နေသောကြောင့်ပင်။ သူ အသက် ၈၉ နှစ်တွင်လည်း သူပင် အယ်ဒီတာ၊ သူပင် ထုတ်ဝေသူဖြစ်နေသည်။

သူ့သတင်းစာကို လစဉ်ကြေးပေး၍ မှာယူဖတ်ရှုသူပေါင်း ၁,၀၀၀ ပင်ကျော်နေပေပြီ။

ဒေသတွင်း နေရာအနှံ့သို့ စက်ဘီးဖြင့်သွားကာ ဒေသခံများထံမှ သင့်လျော်ရာသတင်းများကို စနည်းနာစုဆောင်းသည်။ ဒေသခံများ ငါးဖမ်းရရှိမှု၊ ဆုတံဆိပ်ရရှိသည့် ဒေသခံများသတင်း၊ မတော်တဆဖြစ်မှုသတင်း၊ ထူးခြားဖြစ်စဉ်များစသည့် သတင်းများဖြစ်သည်။

ရဲစခန်းသို့လည်း အချိန်မှန်သွား၍ ရာဇဝတ်မှုခင်းသတင်းများကို ရယူဖော်ပြသည်။ မြို့အုပ်ချုပ်ရေးရုံးအဖွဲ့နှင့် ဒေသခံ နိုင်ငံရေးသမားများ၏ လှုပ်ရှားမှုဆိုင်ရာ သတင်းများကိုလည်း သူပင် ထောက်လှမ်းဖော်ပြပေးသည်။

ဟီရာဆူကာအဖို့ တနင်္လာမှ ကြာသပတေးနေ့အထိ လုပ်ငန်းတွင် နှစ်မြှုပ်ထားရသောကြောင့် ကြာသပတေးနေ့ညများတွင် "ကျွန်တော် အလွန်ပျော်တယ်ဗျ။ ကျောင်းတုန်းက စာမေးပွဲကြီးပြီးသွားချိန်မှာ စိတ်လက်ပေါ့ပါး ပြေလျော့သွားတာမျိုး ခံစားရတယ်"ဟု အေအက်ဖ်ပီ သတင်းထောက်ကို ပြောပြသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် ဇာတိမြို့ ဝါတာနိုဟာသို့ ဟီရာဆူကာ ပြန်လည်ရောက်ရှိပြီးနောက် ဒေသခံ သတင်းစာတိုက်တစ်ခုတွင် အလုပ်သင်အဖြစ် အခမဲ့ စတင်လုပ်ကိုင်ခဲ့သည်။ ဟီရာဆူကာသည် ၁၉၄၉ ခုနှစ်တွင် အခြားတစ်ဦးနှင့် ပူးပေါင်း၍ "Shukan Watanoha" (Weekly Watanoha) ဝါတာနိုဟာ အပတ်စဉ်သတင်းစာကို စတင်ထုတ်ဝေသည်။ လမ်းကြမ်းများတွင် စီးနင်းအသုံးပြုနေသော လန်ချားနှင့် စက်ဘီးများကို မှတ်ပုံတင်ရန် ယင်းအပတ်စဉ်သတင်းစာက စတင်နှိုးဆော်အကြံပြုခဲ့သည်။ တစ်နှစ်ခန့်ကြာသောအခါ အစုစပ်လုပ်ကိုင်သူ ထွက်သွားပြီးနောက် Weekly Oshika Shimbun (Oshika Newspaper) အိုရှိကာ အပတ်စဉ်သတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေသည်။



**အသက် ၈၉ နှစ်အရွယ်ရှိ ဂျပန်သတင်းစာဘိုးဘိုး တိုရှီအိုဟီရာဆူကာ၏ လုပ်ငန်းခွင်။**

ထိုစဉ်က ဟီရာဆူကာသည် သတင်းစာ အလုပ်ကို ကျားကုတ်ကျားခဲ စွဲမြဲစွာလုပ်နေချိန်ဖြစ်သည်။ "နေ့တာတွေ တိုနေတယ်လို့ ထင်ရတယ်"ဟု သူကဆိုသည်။ ဝါတာနိုဟာမြို့ဝန်ကိုင်ဆူကေဘာဘာကလည်း သတင်းစာကို ချီးကျူးအားပေးသည်။ ဇာတိမြို့ထုတ် သတင်းစာအဖြစ် အရေးပါကြောင်း ဖော်ပြရေးသားပေးသည်။ ထိုအချိန် ၁၉၄၉ ခုနှစ်က ယင်းသတင်းစာဖတ်ခ တစ်လ ယန်း ၃၀ (ထိုခေတ် အမေရိကန်ဒေါ်လာ လေးဆင့်ဝန်းကျင်) သာ ကုန်ကျသည်။

အိုရှိကာ ရှင်ဘွန်းသတင်းစာသည် နယူးယော့ခ်မြို့မှ သတင်းစာကြီးများ နောက်မှာဆင်တူယိုးမှား အတုခိုးမည်မဟုတ်ဘဲ မူလထူးခြားသည့်ဟန်အတိုင်း တိုးမြှင့်ထုတ်ဝေလျက် ဒေသခံပြည်သူများချစ်သည့် သတင်းစာအဖြစ် ခံယူသွားမည်ဟုလည်း ယုံကြည်ကြောင်း မြို့တော်ဝန်က ရေးသားဖော်ပြခဲ့သည်။

ယင်းရေးသားချက်အတိုင်းပင် ဝါတာနိုဟာမြို့နှင့်စပ်ရာ ထူးခြားသမိုင်းဖြစ်ရပ်များကို ၁၉၅၀ ပြည့်နှစ်က ပထမဆုံး ဝါတာနိုဟာ မယ်ရွေးချယ်ပွဲ သတင်းမှသည် ၁၉၅၉ ခုနှစ် ဝါတာနိုဟာမြို့အဖြစ် အခြေစိုက်ဖွံ့ဖြိုးစည်ပင်လာခဲ့ပုံ၊ ၁၉၆၀ ချီလီငလျင်ကြောင့် ဝါတာနိုဟာမြို့ ဆူနာမီလှိုင်းဒဏ်ခံရပုံ၊ ယင်းနောက် ဆယ်စုနှစ်ကာလအတွင်း စီးပွားရေး ပြန်လည်တိုးတက်လာပုံ နေ့စဉ်ဖြစ်ရပ်သတင်းများအထိ ကြိုးကြားကြိုးကြား ဖော်ပြပေးလာခဲ့သည်။ ၂၀၁၁ ခုနှစ် ငလျင်နှင့် ဆူနာမီဖြစ်စဉ်တွင် ဟီရာဆူကာ၏နေအိမ် လှိုင်းဒဏ်ခံရသည့် သတင်းနှင့် ဖူကူရှီးမား နျူကလီးယားယိုစိမ့်မှုတွင် ဟီရာဆူကာ၏ သတင်းစာလုပ်ငန်းပါ ထိခိုက်ပျက်စီးရသည့် သတင်းတို့ကိုမူကား ထည့်သွင်းဖော်ပြနိုင်ခြင်း မရှိခဲ့ရှာပေ။

သတင်းစာ ပြန်လည်ထုတ်ဝေမည့်ရက်ကို မိမိအား လူအတော်များများက မေးမြန်းလေ့ရှိကြောင်း ဟီရာဆူကာက ပြောသည်။

> **ကျွန်တော် အလွန်ပျော်တယ်ဗျ ကျောင်းတုန်းက စာမေးပွဲကြီးပြီးသွားချိန်မှာ စိတ်လက်ပေါ့ပါး သွားတာမျိုး ...**

"သတင်းစာတွေဟာ အဆက်မပြတ်ထုတ်နေမှ တန်ဖိုးရှိပါတယ်။ ကျုပ်က ရွေးဆန်တဲ့လူလေ၊ အလုပ်ကိုမရပ်နိုင်ဘူးဗျ"ဟုလည်းဆိုသည်။

ဟီရာဆူကာ၏ သတင်းစာလုပ်ငန်းတစ်ခုလုံးသည် သူ့မိသားစုလုပ်ငန်းကဲ့သို့ပင် ဖြစ်နေသည်။ သူ့လက်ဖြင့် ရေးသမျှဆောင်းပါးများကို ချွေးမဖြစ်သူက လက်နှိပ်စက်ဖြင့်ရိုက်ပေးသည်။ ၇၄ နှစ်အရွယ် သူ့ဇနီးနှင့် မြေးယောက်ျားလေးတို့က လပေးဖတ်သူများထံသို့ သတင်းစာများ အိမ်အရောက် ကူညီပို့ပေးကြသည်။

ဂျပန်မီဒီယာလောကတွင် သတင်းစာသည် အရေးပါနေဆဲဖြစ်သည်။ ကမ္ဘာ့အရောင်းရဆုံး သတင်းစာအချို့ကဲ့သို့ပင် ဂျပန်သတင်းစာ ယိုမိယူရီရှင်ဘွန်း၏ နေ့စဉ် အရောင်းစံချိန်မှာ စောင်ရေ ၁၃ သန်းဖြစ်သည်။

**(အေအက်ဖ်ပီ)**

**အောင်သာလင်း ဘာသာပြန်သည်။** ■



**သူပင် အယ်ဒီတာ၊ သူပင် သတင်းထောက်၊ သူပင် ထုတ်ဝေသူ ဂျပန်သတင်းစာဘိုးအေကြီး။**

## ဧဝရက်ရောက် အငယ်ဆုံးအမျိုးသမီး

**နယူးဒေလီ** - အသက်၁၃နှစ်အရွယ်ဆင်းရဲသော အိန္ဒိယကျောင်းသူလေးတစ်ဦးသည် တရုတ်နိုင်ငံ၏ တိဗက်ဒေသဘက်ခြမ်းရှိ ခက်ခဲပြီး အန္တရာယ်များသော တောင်တက်လမ်းမှ ဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်သည့် အသက်အငယ်ဆုံး အမျိုးသမီးဖြစ်လာကြောင်း စူးစမ်းလေ့လာရေးခရီး စီစဉ်သူက မေ ၂၆ ရက်က ပြောကြားခဲ့သည်။

လယ်သမားတစ်ဦး၏ သမီးဖြစ်သူ မာလာဗက်သ်ပူးနာသည် ဧဝရက်တောင်၏ တိဗက်ဒေသဘက်ခြမ်းမှ တက်ရောက်ပြီး ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်သို့ မေ ၂၅ ရက်တွင် ရောက်ရှိသွားကြောင်း တောင်တက်အဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးသူ မိုဟာမက် အင်ဆာရီကဆိုသည်။

ပူးနားနှင့် သူ၏သူငယ်ချင်းဖြစ်သူ အသက် ၁၆ နှစ်အရွယ် အနန်ကူးမား (၁၆ နှစ်) တို့သည် နီပေါလမ်းပြ ၁၀ ဦးနှင့်အတူ ဧဝရက်တောင်ထိပ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်ဆို၏။ ကူးမားသည် အိန္ဒိယနိုင်ငံ၏ ဇာတ်ခွဲခြားမှုအရ ဇာတ်အနိမ့်ဆုံး ဒါလမ်မျိုးနွယ်ဖြစ်သည်။

ပူးနားနှင့် ကူးမားသည် တိဗက်နိုင်ငံဘက်ခြမ်းမှ မေ ၂၅ ရက် နံနက်အစောပိုင်း၌ ဧဝရက်တောင်ကို တက်ခဲ့သည်။ ၎င်းတို့သည် တောင်ထိပ်မှနေ၍ ပြန်ဆင်းလာပြီး တိဗက်ရှိ မြောက်ဘက်အခြေစိုက်စခန်းသို့ မေ ၂၇ ရက်၌ ရောက်ရှိလိမ့်မည်ဟု အင်ဆာရီကပြောသည်။

တစ်နှစ်လျှင် ဝင်ငွေဒေါ်လာ ၆၀၀ သာရှိသည့် ဒေသခံတိုင်းရင်းသားမျိုးနွယ် ဖခင်၏ ဆယ်ကျော်သက် သမီးလေးအား အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ အစိုးရပိုင် လူမှုဝန်ထမ်းအဖွဲ့အစည်းက တောင်တက်နိုင်ရန် ကမကထပြုထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

မီတာ ၈,၀၀၀ ကျော်ရှိ ကမ္ဘာ့တောင်ထိပ် ၁၄ ခုကို တက်ရောက်ခဲ့သည့် နီပေါလမ်းပြ မင်းဂ်မာရှားပါက ပူးနား၏ တက်ရောက်မှုကို ရှားပါးသည့် အောင်မြင်မှုဟုခေါ် ဆိုခဲ့သည်။

"ဧဝရက်တောင်ထိပ်ကိုတက်ဖို့ ဒီလောက်ငယ်တဲ့သူအတွက် အောင်မြင်မှုတစ်ခုဖြစ်တယ်။ ဒီလိုစံချိန်မျိုးကို စွမ်းဆောင်နိုင်ဖို့ လွယ်တာမဟုတ်ဘူး"ဟု ရှားပါက အေအက်ဖ်ပီသို့ပြောသည်။

**(အေအက်ဖ်ပီ)**

**ညွန့်ညွန့်ဝင်း ဘာသာပြန်သည်။** ■

## ကိုရီးယား နာတာရှည်ရောဂါဆေးရုံ မီးလောင် သေဆုံးသူ ၂၁ ဦးရှိ

**ဆိုးလ်** - အိုမင်းမစွမ်း နာတာရှည်ရောဂါသည်များကိုကုသပေးသည့် တောင်ကိုရီးယားဆေးရုံတစ်ရုံတွင် မေလ ၂၈ ရက်နေ့ အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ၂၁ ဦးရှိခဲ့ပြီး ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ အယ်လ်ဇိုင်းမားရောဂါခံစားနေရသူ အသက် ၈၁ နှစ်အရွယ်အဘိုးကြီးတစ်ဦးက ရှို့ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဆိုးလ်မြို့တောင်ဘက် မိုင် ၁၉၀ (ကီလိုမီတာ ၃၀၀) ခန့်အကွာရှိ ဂျန်ဆောင်းစီရင်စုရှိ အဆိုပါဆေးရုံ၌ ညသန်းခေါင်ကျော်တွင် မီးစွဲလောင်ခဲ့ပြီး ဒဏ်ရာရသူ ခုနစ်ဦးရှိခဲ့သည်။

ယင်းဆေးရုံသည် လေဖြတ်ခံထားရသူနှင့် ငယ်မူပြန်ချင်နေသူများအပါအဝင် နာတာရှည်ရောဂါကြောင့် အိပ်ရာမှမထနိုင်သည့် လူနာအယောက် ၈၀ အတွက် လိုအပ်သည့်အထောက်အပံ့များပေးနေသည့် ဆေးရုံလည်းဖြစ်သည်။

လွန်ခဲ့သည့်လက ကျောင်းသား ၂၅၀ နီးပါး အသက်ဆုံးရှုံးခဲ့ရသော သင်္ဘောနစ်မြုပ်မှုဖြစ်ပွားပြီးနောက် အသက်ဆုံးရှုံးမှုများရှိခဲ့သည့် နောက်ဆုံးအဖြစ်အပျက်လည်း ဖြစ်သည်။

နှစ်ထပ်အဆောက်အအုံ၏ အပေါ်ထပ်ရှိ သိုလှောင်ခန်းအတွင်း မီးရှို့နေသည်ကို စီစီတီဗီကင်မရာတွင် တွေ့ရှိပြီးနောက် အယ်လ်ဇိုင်းမားရောဂါခံစားနေရသည့် အသက် ၈၁ နှစ်အရွယ် အဘိုးအိုကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ဂျန်ဆောင်းမှ ရဲအရာရှိတစ်ဦးကပြောသည်။

မီးကို မိနစ် ၃၀ အတွင်း ငြိမ်းသတ်နိုင်ခဲ့သော်လည်း ယင်းအခန်းမှာ မီးခိုးများထူထပ်နေသောကြောင့် မကယ်နိုင်သူများကျန်ခဲ့သည်။

"အများစုက မီးခိုးဒဏ်ကြောင့်သေဆုံးကြရတာပါ" ဟု မီးသတ်ဌာနမှ အရာရှိတစ်ဦးက အေအက်ဖ်ပီသို့ပြောသည်။ တာဝန်ကျသူနာပြုသုံးဦးအနက် တစ်ဦးသည် မီးသတ်ဘူးဖြင့် မီးငြိမ်းသတ်ရန် ကြိုးစားရင်းသေဆုံးခဲ့သည်။ အပေါ်ထပ်လူနာခန်းအတွင်းရှိလူနာ ၃၄ ဦးတွင် အယောက် ၂၀ သေဆုံးပြီး မီးအတွင်းမှ ကြိုးစားထွက်ပြေးခဲ့ကြသူ ခုနစ်ဦးရှိသည်။ မီးသတ်သမားများကယ်တင်ခဲ့သော ခုနစ်ဦးမှာ မီးခိုးဒဏ်ကြောင့် စိုးရိမ်ရသည့်အခြေအနေတွင် ရှိနေသည်။ အဆိုပါမီးသည် မေ ၂၆ ရက်က ဆိုးလ်မြို့အနီး ဘတ်စ်ကားမှတ်တိုင်၌ ခုနစ်ဦးသေဆုံးပြီး ဒဏ်ရာရသူ ၄၁ ဦးရှိခဲ့သည့် မီးလောင်မှုအပြီး နှစ်ရက်အကြာတွင် ဒုတိယအကြိမ် ဖြစ်ပွားခြင်းဖြစ်သည်။

ဂျန်ဆောင်း နာတာရှည်လူနာများဆေးရုံ အုပ်ချုပ်ရေးမှူး လီဟွန်ဆုတ်က ယင်းအဖြစ်အပျက်ကြောင့် နောင်တကြီးစွာရကြောင်း နဖူးကို မြေကြီးနှင့်ထိကာ တောင်းပန်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် သက်ကြီးရွယ်အိုအရေအတွက် အလျင်အမြန် တိုးတက်နေပြီး ၎င်းတို့အား အိမ်တိုင်ရာရောက် ပြုစုပေးခြင်းနှင့် ပြုစုစောင့်ရှောက်ပေးသည့် အခြားလုပ်ငန်းများသည် ၂၀၀၈ ခုနှစ်တွင် လုပ်ငန်းပေါင်း ၆၉၀ မှ ၁,၃၀၀ အထိ နှစ်ဆတိုးလာခဲ့သည်။

**(အေအက်ဖ်ပီ)**

**သဲသဲထွေး ဘာသာပြန်သည်။** ■

## သတင်းတို

**ဂျပန်အမျိုးသမီးအလောင်းကို သေတ္တာတွင် ယမင်းရုပ်စာကပ်၍ ချောဖြင့်ပို့**

**တိုကျို** - ဂျပန်နိုင်ငံကိုဖြတ်၍ ချောပို့စနစ်ဖြင့်ရောက်ရှိလာသော ယမင်းရုပ်ဟုဖော်ပြထားသည့် သေတ္တာတစ်လုံးတွင် ဂျပန်သူနာပြုဆရာမတစ်ဦး၏ အလောင်းပါရှိလာသည့်ဖြစ်ရပ်ကို မှုခင်းစုံထောက်များက မေလ ၂၆ ရက်၌ စုံစမ်းစစ်ဆေးနေသည်။ ရီကာအိုကာဒါ (၂၉ နှစ်) ၏ အလောင်းကို တိုကျိုမြို့ရှိ သိုလှောင်ရုံတစ်ရုံတွင်တွေ့ရှိခဲ့ပြီး အိုဆာကာမြို့မှ သယ်ဆောင်လာသော အရှည်ခြောက်ပေခြောက်လက်မရှိသည့် သေတ္တာတစ်လုံးကိုလည်း ယင်းသိုလှောင်ရုံထဲတွင် စုံစမ်းစစ်ဆေးသူများက တွေ့ရှိခဲ့သည်။ ချောထုပ် သယ်ယူပို့ဆောင်ခကို အိုကာဒါအမည်ဖြင့်ပေးပြီး သိုလှောင်ရုံငှားရမ်းခကို ၎င်း၏ အကြွေးဝယ်ကတ်ဖြင့် ရှင်းထားသည်ဟုသိရသည်။ မတ်လနောက်ပိုင်းကတည်းက ပျောက်ဆုံးခဲ့သောအလောင်းတွင် ဓားဒဏ်ရာ တစ်ဒါဇင်ကျော်ရှိပြီး လက်နှင့် လက်မောင်းတို့တွင် ပြန်ခုခံသည့်ဒဏ်ရာများမရှိဟု ဒေသခံမီဒီယာက သတင်းဖော်ပြသည်။ အိုကာဒါသည် ၎င်းမပျောက်ဆုံးမီ ၁၀ နှစ်ကြာကွဲနေသည့် မိတ်ဆွေဟောင်းတစ်ဦးနှင့် သွားတွေ့မည်ဟု ၎င်း၏ဖေ့စ်ဘွတ်ခ်တွင်ရေးသားခဲ့သည်ဟု သိရသည်။

**(အေအက်ဖ်ပီ) ညွန့်ညွန့်ဝင်း ဘာသာပြန်သည်။** ■




ကားချစ်သူများ၏ ဝယ်လိုအား များလာမှုကြောင့်

- **မှာယူထားသော ကားမရောက်ရှိမီ ကားတစ်စီး အခမဲ့ အသုံးပြုခွင့်ပေးခြင်း**
- ကားတန်ဖိုး၏ (၁၀) ရာခိုင်နှုန်း လျှော့ချပေးခြင်း
- ဝယ်ယူသူများ စိတ်ဝင်စားစေမည့် အရစ်ကျငွေပေးချေနိုင်ခြင်းစနစ်
- ဝန်ဆောင်မှုများကို (၃) နှစ် အာမခံပေးခြင်း
- ဓာတ်ဆီအခမဲ့ ထုတ်ယူခွင့်ဘောက်ချာလက်ဆောင်ပေးခြင်း

Automobile Alliance ကုမ္ပဏီ လီမိတက်မှ ဖြန့်ချိပြီး Cycle & Carriage Automobile Myanmar ကုမ္ပဏီ လီမိတက်မှ ဝန်ဆောင်မှုပေးသည်။
Hotline: ၀၁ ၅၅၄၆၃၃၊ ၀၉ ၄၂၀၀၄၁၆၁၁၊ အမှတ် (၉၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

# တရုတ်စီးပွားရေးကျဆင်းမှုကြောင့် အာရှနိုင်ငံသား ယမကာ သောက်သုံးသူအသစ်များကို အရက်ကုမ္ပဏီများက ရှာဖွေလာ

w½wvr\;w\ 0iaomuo;rlavsmujci;only;conl q ,pEpwppt wi; yxrq;jzpfp;ym;a&;w;wurlavsmvmí [ q

**ဟောင်ကောင်** - ဝိုင်ကိုစွဲလမ်းစွာ လောဘတကြီး သောက်သုံးသည့်တရုတ်နိုင်ငံ၌ ၎င်းတို့၏စံချိန် ကျဆင်းလာချိန်တွင် စီးပွားရေးလုပ်ငန်းများတိုးတက်လာသည့်အာရှနိုင်ငံများမှ လူလတ်တန်းစားလူငယ်များ ယမကာကို ပိုမိုသောက်သုံးလာနိုင်သည်ဆိုသော ရည်ညွှန်းပြောဆိုချက်များကို မေ ၂၇ ရက်တွင် ဟောင်ကောင်၌ ကျင်းပမည့် ဒေသတွင်းအကြီးကျယ်ဆုံး ပြပွဲဖြစ်သော ဝိုင်နှင့် အရက်ကုန်စည်ပြပွဲကြီး မတိုင်မီ ပွဲစီစဉ်သူများက ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းက ပါဝင်ပြသကြမည့် အဖွဲ့တစ်ရာကျော်ကို ဆွဲဆောင်ခေါ်ယူကာ ကျင်းပသည့် The Vinexpo ကုန်စည် ပြပွဲတွင် ကော့တေးကောင်တာ ပါဝင်မည်ဖြစ်ပြီး ဝိုင်နှင့် ဒေသတွင်းအစားအစာတို့ကို နှိုင်းယှဉ်ပြောပြသော ဆွေးနွေးပွဲများနှင့် နံ့စားပြောင်းမှ ထုတ်လုပ်သော ပိုင်ကျူ အရက်ကဲ့သို့ တရုတ်နိုင်ငံထုတ်ဝိုင်များ၏ အရသာထူးပုံတို့ကိုလည်း ရှင်းလင်း ပြောကြားမည်ဖြစ်သည်။

တရုတ်လူမျိုးတို့၏ ဝိုင်သောက်သုံးမှု လျော့ကျခြင်းသည် ပြီးခဲ့သည့် ဆယ်စုနှစ်တစ်စုအတွင်း ပထမဆုံးဖြစ်ပြီး ယင်းသို့ ဖြစ်ပွားရခြင်းမှာ တရုတ်အစိုးရ၏ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးဆောင်ရွက်ချက်များကြောင့်ဖြစ်သလို စီးပွားရေး တိုးတက်မှုတွင် ပိုမိုလျော့ကျလာခြင်းတို့ကြောင့်ဖြစ်သည်။

"မနှစ်ကစပြီးတော့ တရုတ်မှာ စီးပွားရေးအခြေအနေ တဖြည်းဖြည်း ကျဆင်းလာတယ်။ ဒါကလည်း ဇိမ်ခံပစ္စည်း သုံးစွဲမှုကိုဆန့်ကျင်တိုက်ဖျက်မယ်ဆိုတဲ့ တရုတ်အစိုးရရဲ့ ပြောဆိုချက်တွေကြောင့်ပါ" ဟု အာရှ-ပစိဖိတ်ဆိုင်ရာ Vinexpo ကုန်စည်ပြပွဲမှ စီမံခံခွဲမှုအရာရှိချုပ် ဂူရီလာရူမီ ဒက်ဂလစ်က ပြောသည်။

ယေဘုယျအားဖြင့် ၂၀၁၃ ခုနှစ်တွင် ဝိုင်သောက်သုံးမှုမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ရာ တစ်နှစ်လျှင် ၂၅ ရာခိုင် နှုန်းနီးပါး



နံ့စားပြောင်းမှထုတ်လုပ်သော လူကြိုက်များသည့် တရုတ် ပိုက်ကျူဝိုင်ကို ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်နေသည်။ ဓာတ်ပုံ-အေအက်ဖ်ပီ

တောက်လျှောက်မြင့်တက်ခဲ့သည့် ဆယ်နှစ်အတွင်း ပထမဆုံးအကြိမ်ကျဆင်းခြင်းဖြစ်သည်ဟု Vinexpo ပြပွဲ ဆန်းစစ်လေ့လာရေးအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

တရုတ်နိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် ကမ္ဘာပေါ်၌ ဝိုင်နီသောက်သုံးမှု အမြင့်ဆုံးဖြစ်ခဲ့သည့် ပြင်သစ်ကို ကျော်တက်သွားသည့်အချိန် ရှိခဲ့သည်။ အဆိုပါနှစ်တွင် ကိုးလီတာဝင် ဘူးအရေအတွက် ၁၅၅ သန်းကျော်၊ ပုလင်းနှင့်ဆိုပါက ၁ ဒသမ ၈၆၅ ဘီလျံအထိ တရုတ်ပြည်သူများ အငမ်းမရ သောက်သုံးခဲ့သည့်နှစ်ဖြစ်သည်ဟု ယင်းအဖွဲ့ကဆိုသည်။

ယင်းစံချိန်သည် ဝိုင်ဈေးကွက်တွင်ကမ္ဘာ့ နံပါတ် (၅) အဆင့်နှင့် ဒေသတွင်း ဝိုင်သောက်သုံးမှုတွင် ရှေ့ဆုံးကရှိနေခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အင်္ဂလန်ကို ကျော်တက်ခဲ့သည်ဟုဆိုသည်။

"အာရှရဲ့အနာဂတ်ဈေးကွက်မှာ တရုတ်နိုင်ငံကနံပါတ် (၁) နေရာမှာရှိနေဦးမှာပါ။ ဒါပေမဲ့ အရှေ့တောင်အာရှမှာလည်း တခြားဈေးကွက်တွေအများကြီးရှိနေပါတယ်။ Vinexpo က တရုတ်နိုင်ငံအတွက်ချည်းသက်သက်တော့ မဟုတ်ပါဘူး" ဟု ဒက်ဂလစ်က ပြောသည်။

လူလတ်တန်းစားများ တဖြည်းဖြည်းတိုးလာနေသော ဗီယက်နမ်နှင့်ထိုင်းနိုင်ငံကဲ့သို့ နိုင်ငံများတွင် ယမကာကို မက်မောစွာ သောက်သုံးသူများ ထပ်မံတိုးလာနိုင်ဖွယ်ရှိပြီး လာမည့်နှစ်အနည်းငယ်အတွင်း ဈေးကွက်တိုးတက်မှုနှုန်းမှာ ဂဏန်းအားဖြင့် နှစ်ဆအထိ တိုးလာနိုင်သည်ဟု ၎င်းပုဂ္ဂိုလ်က မျှော်မှန်းထားသည်။ အာရှတွင် ဝိုင်သောက်သုံးသူ ၄၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံပြင်ပတွင်ရှိသည်ဟု ယင်းအဖွဲ့က ဆိုသည်။

" ဗီယက်နမ်၊ ဖိလစ်ပိုင်၊ထိုင်း၊ ကိုရီးယားနဲ့ ထိုင်ဝမ်တို့လို တခြား ဈေးကွက်တွေအကြောင်းကို ကျွန်တော်တို့ပြော နေတာပါ။ ဒီဈေးကွက်တွေအားလုံးဟာ ကျယ်ပြန့်လာတဲ့ အနေအထားမှာရှိတယ်။ အဲဒီနိုင်ငံတွေကနေလာကြတဲ့ သွင်းကုန်လုပ်ငန်းရှင်တွေအားလုံးအတွက်လည်း အရေးကြီးတဲ့ကိစ္စပါ" ဟု ဒက်ဂလစ်က ပြောသည်။

၂၀၀၈ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်ကြားတွင် နိုင်ငံတစ်ဝန်း ဝိုင်သောက်သုံးသူအရေအတွက် ၃ ဒသမ ၂ ရာခိုင်နှုန်းထိတိုးတက်ခဲ့ပြီး တစ်ချိန်တည်းမှာပင် အာရှ-ပစိဖိတ် ဒေသတွင်း အရက်သောက်သုံးသူမှာ ၅၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ "အရက်ဆိုရင် အာရှ-ပစိဖိတ်ဒေသက ကမ္ဘာပေါ်မှာ ဈေးကွက်အကြီးဆုံးဖြစ်ပြီး တရုတ်နိုင်ငံက အရက်ဈေးကွက်မှာ နံပါတ် (၁)

**ဇိမ်ခံပစ္စည်း သုံးစွဲမှု ဆန့်ကျင် တိုက်ဖျက်မယ်ဆိုတဲ့ တရုတ်အစိုးရရဲ့ ပြောဆိုချက်တွေကြောင့်ပါ..**

ဖြစ်တယ်။ Vinexpo ပြပွဲက ဝိုင်ချည်းသက်သက်ပြမှာမဟုတ်ပါဘူး။ အရက်တွေလည်း ပါမှာပါ" ဟု ဒက်ဂလစ်က ပြောသည်။

"လူငယ်တွေကတော့ ဘီယာနဲ့ ကော့တေးကို ပိုကြိုက်ကြပါလိမ့်မယ်။ အဲဒီအမျိုးအစားတွေက တစ်ဦးနဲ့တစ်ဦးဆက်သွယ် ပြောဆိုဖို့အတွက် သောက်ကြတာတွေလည်း ရှိတယ်ဆိုတော့လေ" ဟု ဟောင်ကောင်အခြေစိုက် လေ့လာဆန်းစစ်သူတစ်ဦး ဖြစ်သူ မာဘယ်လိုင်းက ပြောသည်။

**(အေအက်ဖ်ပီ)**

**သဲသဲထွေး ဘာသာပြန်သည်။** ■

# ထျန်အန်မန်ရင်ပြင် ဆန္ဒပြမှုတွင် အသက်ရှင်ကျန်ရစ်သည့် ဆန္ဒပြခေါင်းဆောင်

**တိုင်ပေ** - တရုတ်နိုင်ငံရှိ ထျန်အန်မန်ရင်ပြင်၌ ပြုပြင်ပြောင်းလဲရေးအတွက် ဆန္ဒပြသူများကို ကွန်မြူနစ်အာဏာပိုင်များက အကြမ်းဖက်နှိမ်နင်းဖြိုခွင်းခဲ့သည့်ဖြစ်ရပ်မှာ နှစ်ပေါင်း ၂၅ နှစ်ကြာခဲ့ပြီဖြစ်သော်လည်း နှိမ်နင်းဖြိုခွင်းမှုတွင်သေဆုံးခဲ့ရသူများနှင့် အကောင်အထည်မဖော်နိုင်ခဲ့သည့် ၎င်းတို့၏ အိပ်မက်များကထိုစဉ်က ဆန္ဒပြခေါင်းဆောင်ဖြစ်သူ ဝူအာခိုက်ရှီ၏စိတ်တွင် ယခုအချိန်အထိ ကပ်ငြိစွဲထင်ချောက်ချားနေပေသည်။

ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်အတွက် ကျောင်းသားများက ထျန်အန်မန်ရင်ပြင်တွင် စုဝေးဆန္ဒပြခဲ့ကြသော်လည်း ရက်သတ္တ ခုနစ်ပတ်ကြာပြီးနောက် စစ်တပ်၏ အကြမ်းဖက် ဖြိုခွင်းခြင်းခံခဲ့ရပြီး ၁၉၈၉ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် ၎င်းတို့၏ ပြင်းပြသည့် ရည်မှန်းချက်များမှာလည်း တစ်စစီ ပြိုပျက်ခဲ့ရသည်။ ထိုသို့ အကြမ်းဖက်နှိမ်နင်းမှုများကြောင့် လူ ၁,၀၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

"အဲဒီအချိန်တုန်းက အခြေအနေက တော်တော်လေးအလားအလာကောင်းနေပုံပါပဲ။ တရုတ်အာဏာပိုင်တွေက အလျှော့ပေးကောင်းပေးမယ်၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲဖို့အတွက် ကျွန်တော်တို့ရဲ့ တောင်းဆိုမှုကို တာဝန်ယူဖြေရှင်းပေးကောင်းပေးမယ့်ပုံပါပဲ" ဟု ဝူအာက ပြောသည်။ အစိုးရက အလိုအရှိဆုံး ကျောင်းသားခေါင်းဆောင်များစာရင်းထဲ၌ ဒုတိယနေရာသို့ ရောက်လာခဲ့သည့်ဝူအာမှာ ထိုအချိန်က အသက် ၂၁ နှစ်သာရှိသေးပြီး ဩဇာအာဏာရှိသည့် တက်ကြွလှုပ်ရှားသူတစ်ဦး ဖြစ်သည်။

"ကျွန်တော့်အထင် စစ်တပ်က ဆန္ဒပြမှုကို စပြီးဖြိုခွင်းတဲ့အချိန်မှာ လူတိုင်း တုန်လှုပ်ချောက်ချားခဲ့ကြရပါတယ်။ ကျွန်တော်အပါအဝင်ပေါ့" ဟု ထိုင်ဝမ်၌ နေထိုင်လျက်ရှိသည့် ဝူအာက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ထိုဆန္ဒပြမှုမှာ တရုတ်နိုင်ငံတွင် နှစ်ပေါင်းများစွာ စီးပွားရေးယိုယွင်းနေမှုကို အားမလိုအားမရဖြစ်ရာမှတစ်ဆင့် အရှိန်မြင့်လာခဲ့ပြီး ပြုပြင်ပြောင်းလဲရေးကို အလေးထားသည့် ပါတီခေါင်းဆောင်ဟောင်း တစ်ဦးဖြစ်သူ ဟူယောင်ပန် ကွယ်လွန်သွားပြီးနောက် ၎င်းကွယ်လွန်သည့်အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် စုဝေးရာက ဧပြီလ လယ်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ဟူယောင်ပန်သည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်နှင့် အဂတိလိုက်စားမှုများ ပပျောက်ရန် ဆော်ဩလှုံ့ဆော်ခဲ့သူဖြစ်သည်။

ကျောင်းသားများက ထျန်အန်မန်ရင်ပြင်တွင် စတင်စုဝေးခဲ့ကြသည်။ နောက်ပိုင်းတွင် ထောင်ပေါင်းများစွာသော ဆန္ဒပြသူများက အစာအငတ်ခံ ဆန္ဒပြခဲ့ကြသည်။

နိုင်ငံပိုင်ရုပ်သံက တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သော ကျောင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးသမားများအကြား ပြုလုပ်ခဲ့သည့် အစည်းအဝေးတစ်ရပ်တွင် သဘောထားတင်းမာသူ ထိုစဉ်က ဝန်ကြီးချုပ် လီဖုန်းကို ဒေါသတကြီးပြစ်တင်ပြောဆိုခဲ့ခြင်းကြောင့် ဝူအာမှာ နေ့ချင်းညချင်း နာမည်ကျော်ကြားလာခဲ့သည်။

"ကျွန်တော်တို့ အစိုးရကို ဖိအားပေးတယ်။ နောက်ပြီး အစိုးရက အပြုသဘောဆောင်တဲ့ ရွေးချယ်မှုတစ်ခုလုပ်ဖို့ မျှော်လင့်ထားခဲ့ကြပါတယ်။ ဒါပေမဲ့ အစိုးရက အကြမ်းဖက် ဖြိုခွင်းမယ့်လမ်းကိုပဲ ရွေးချယ်ခဲ့တယ်" ဟု ၎င်းက ပြောသည်။

တရုတ်နိုင်ငံမှာ ယခုအခါ ကမ္ဘာ့ဒုတိယ စီးပွားရေးအင်အားကြီး နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေပြီး ယင်း၏ ကုန်သွယ်ဖက်နိုင်ငံကြီးအား စိတ်မပျက်စေရန် နိုင်ငံသားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်နေမှုများကို အတော်များများ လျှော့ပေါ့ပေးလာခြင်းနှင့်အတူ အခြားသော ကမ္ဘာ့နိုင်ငံအများစုကလည်း တရုတ်နိုင်ငံကို လက်ခံကြသည်ကို တွေ့ရသော်လည်း ထျန်အန်မန်ရင်ပြင်၌ ဆန္ဒပြသူများကို ဖြိုခွင်းခဲ့သည့် ယင်းဖြစ်ရပ်မှာမူ ကျောင်းသုံးဖတ်စာအုပ်များ၊ မီဒီယာများနှင့် အင်တာနက်တို့တွင် ဖော်ပြခြင်းမရှိသော တရုတ်နိုင်ငံ၌ တင်းတင်းကျပ်ကျပ် တားမြစ်ထားသည့် အရာတစ်ခုအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။

**(အေအက်ဖ်ပီ)**

**ဝင်းသော်တာ ဘာသာပြန်သည်။** ■



**အတိုက်အခံခေါင်းဆောင် ဝူအာခိုက်ရှီ။**



လေဆိပ်သိမ်းတိုက်ပွဲကြောင့် ဘေးလွတ်ရာသို့ထွက်ပြေးလာကြသော ဒွန်ညက်စ်မြို့သူမြို့သားများ။ ဓာတ်ပုံ-အေအက်ဖ်ပီ

# ဒွန်ညက်စ်လေဆိပ်ကို ယူကရိန်း တပ်များ ပြန်လည်ထိန်းချုပ်နိုင်

**ဒွန်ညက်စ်** - ရုရှားလိုလားသည့် ခွဲထွက်ရေး လက်နက်ကိုင်များကို ယူကရိန်း အစိုးရတပ်များက လေကြောင်းတိုက်ခိုက်မှုများနှင့် ပြင်းထန်သည့် ထိုးစစ်ဆင် တိုက်ခိုက်မှုများ ဆင်နွှဲခဲ့ပြီးနောက် ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဒွန်ညက်စ်မြို့ရှိ လက်နက်ကိုင်များ သိမ်းပိုက်ထားသည့် လေဆိပ်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ယူကရိန်းအစိုးရက မေလ ၂၇ ရက်နေ့၌ ပြောကြားခဲ့သည်။

ထိုအတောအတွင်း ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ OSCE ၏ အဆက်အသွယ်ပြတ်တောက်နေသည့် အဖွဲ့ခွဲလေးခုအနက် အဖွဲ့တစ်ဖွဲ့မှာ ဒွန်ညက်စ်မြို့ရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် ဖမ်းဆီးခံခဲ့ရပြီး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်းကို ထိန်းချုပ်ထားသည့် ရုရှားလိုလားသော လက်နက်ကိုင်များကို ယူကရိန်းအစိုးရက ပြင်းပြင်းထန်ထန် နှိမ်နင်းနေခြင်းကို အဆုံးသတ်ရန်နှင့် အစိုးရနှင့် ခွဲထွက်ရေးလက်နက်ကိုင်များအကြား ဆွေးနွေးမှုများပြုလုပ်ရန် ရုရှားသမ္မတ ပူတင်က ယူကရိန်း အစိုးရကို တောင်းဆိုထားသည်။

အနောက်နိုင်ငံများကိုလိုလားသော ဩဇာတိက္ကမရှိသည့်သူဌေးတစ်ဦးဖြစ်သူ အသက် ၄၈ နှစ်အရွယ်ရှိ ရွေးကောက်ခံသမ္မတ ပက်ထရို ပိုရိုရှန်ကိုက အကြမ်းဖက်သမားများကို ဆန့်ကျင်ကြောင်း မေလ ၂၆ ရက်နေ့က ပြတ်ပြတ်သားသား ပြောကြားလိုက်ပြီးနောက် နာရီပိုင်းအကြာတွင် ယူကရိန်းနိုင်ငံ၏ စီးပွားရေးအချက်အချာကျရာ ဒေသရှိ လေဆိပ်တွင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လေဆိပ်ကို အပြည့်အဝထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း၊ လက်နက်ကိုင် အများအပြား သေဆုံးသွားကြောင်းနှင့် အစိုးရတပ်ဖွဲ့ဝင်တစ်ဦးတလေမျှ အပြင်းအထန်ထိခိုက်မှုမရှိကြောင်း ပြည်ထဲရေးဝန်ကြီး အာဆန်အဗာကော့ဗ်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ယူကရိန်းနိုင်ငံကို အပြည့်အဝ ထောက်ခံကူညီမည်ဖြစ်ကြောင်း သမ္မတသစ် ပက်ထရို ပိုရိုရှန်ကိုအား ပြောကြားခဲ့သော်လည်း ယူကရိန်း အရှေ့ပိုင်းကို ပြန်လည်ထိန်းချုပ်ရန် လုပ်ဆောင်ရာတွင် ငြိမ်းချမ်းသည့် နည်းလမ်းများကိုသုံးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းထားသည်။ တိုက်ခိုက်မှုများအတွင်း အရပ်သား နှစ်ဦး၊ တိုက်ခိုက်ရေးသမား ၃၈ ဦး သေဆုံးပြီး အခြား ၃၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒွန်ညက်စ်မြို့တော်ဝန် အိုလက်ဆန်ဒါ လုခ်ယန်ချန်ကိုက ပြောကြားခဲ့သည်။

ယူကရိန်းသမ္မတရွေးကောက်ပွဲတွင် ပိုရိုရှန်ကို အနိုင်ရရှိခဲ့ပြီး နောက်တစ်နေ့ မေလ ၂၆ ရက်နေ့ အစောပိုင်းတွင် ခွဲထွက်ရေးလက်နက်ကိုင်များက လေဆိပ်ကို စီးနင်းသိမ်းပိုက်ခဲ့ပြီးနောက် အစိုးရတပ်များက တိုက်ခိုက်ရေး ဂျက်လေယာဉ်များ၊ ရဟတ်ယာဉ်များအသုံးပြု တိုက်ခိုက်ပြီး လေဆိပ်ကို ပြန်လည်ထိန်းချုပ်ခဲ့ခြင်းဖြစ်သည်။ **(အေအက်ဖ်ပီ)**

**ဝင်းသော်တာ ဘာသာပြန်သည်။** ■

# အီဂျစ်နိုင်ငံ သမ္မတရွေးကောက်ပွဲ မဲဆန္ဒပေးကာလ တစ်ရက်ထပ်တိုး

**ကိုင်ရို** - ယခင်နှစ် အစ္စလမ်မ်စ်သမ္မတ မိုဟာမက် မော်စီ ရာထူးမှဖြုတ်ချခံရပြီးနောက် ပထမဆုံး ကျင်းပသည့် ရွေးကောက်ပွဲ၌ မဲဆန္ဒပေးသူနည်းသောကြောင့် အီဂျစ်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို မေ ၂၈ ရက်သို့ တတိယနေ့ တိုးချဲ့ခဲ့သည်။

မော်စီအားဖြုတ်ချခဲ့သည့် အငြိမ်းစားဗိုလ်ချုပ်ကြီး အဗ္ဗဒယ်လ်အယ်လ်စီစီ အလွယ်တကူ အနိုင်ရလိမ့်မည်ဟု မျှော်မှန်းပြီး သူ့အတွက် မဲဆွယ်ပွဲ၌လည်း ပြတ်သားသည့်ထောက်ခံမှုကို ပြသသည့်သဘောဖြင့် မဲဆန္ဒရှင်များစွာ မဲပေးကြလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။

မေလ ၂၆ ရက်နေ့ မဲရုံများ၌ မဲလာပေးသူဦးရေနည်းသဖြင့် စီစီကို အားပေးသူများနှင့် စာနာထောက်ထားသည့် မီဒီယာတို့က အာပေါင်အာရင်းသန်သန်ဖြင့် ပြည်သူများ မဲပေးကြရန် ဆော်ဩခဲ့ကြသည်။ အစ္စလမ်မ်စ်တို့သည် ရွေးကောက်ပွဲကို သပိတ်မှောက်ရန် တိုက်တွန်းထားကြသည်။

မဲပေးပွဲဒုတိယနေ့၌ မဲဆန္ဒရှင် ၅၃ သန်းအနက် ၃၇ ရာခိုင်နှုန်းခန့်သာ လာရောက်မဲပေးခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်အကြီးအကဲ အဗ္ဗဒယ်လ်အဇစ်ဆော်လ်မန်က ပြောသည်ကို တရားဝင် MENA သတင်းဌာနက အစီရင်ခံခဲ့သည်။

၂၀၁၂ ခုနှစ်က မော်စီအနိုင်ရခဲ့သည့် ရွေးကောက်ပွဲ၌ ၅၂ ရာခိုင်နှုန်း မဲပေးမှုရှိခဲ့ရာ နှိုင်းယှဉ်လျှင် အလွန်နည်းကြောင်း တွေ့ရသည်။

မေလ ၂၇ ရက်၌ မဲရုံများပိတ်ခဲ့ရပြီးနောက် မဲပေးချိန်ထပ်တိုးခြင်းကို စီစီ၏ အဓိကပြိုင်ဘက်ဖြစ်သူ လက်ဝဲယိမ်း ဟာမ်ဒင်းဆဗာဟီက မဲပေးကာလ ထပ်တိုးခြင်းသည် မဲပေးမှုအစီအစဉ်၏ ဂုဏ်သိက္ခာအပေါ် မေးခွန်းထုတ်စရာဖြစ်ကြောင်း ဝေဖန်ရှုတ်ချပြောဆိုခဲ့သည်။

မေလ ၂၈ ရက်သို့ အချိန်ထပ်တိုးခြင်းသည် မဲပေးသူများ ထပ်မံထွက်ပေါ်လာရေးအတွက် အခွင့်အလမ်းပေးလိုက်ခြင်းဖြစ်ကြောင်း ရွေးကောက်ပွဲ အရာရှိတစ်ဦးကပြောသည်။

မဲပေးရန် စည်းရုံးသူများ၏အပြောအရ မဲပေးခြင်းအချိန်ကာလ ထပ်တိုးရသည့် ရည်ရွယ်ချက်မှာ ညနေပိုင်း မဲပေးသူများ ပြည့်နှက်နေသည့် အချိန်တွင် ဖြစ်ပေါ်လာသည့် အပူလှိုင်းကြောင့် ဖြစ်သည်ဟုဆိုသည်။

စီစီ၏ မဲဆွယ်အဖွဲ့ကလည်း အချိန်ထပ်တိုးခြင်းအတွက် မကျေနပ်ကြောင်းကို တိုင်ချက်ဖွင့်ခဲ့သည်။

မေလ ၂၆ ရက်က စီစီ မဲထည့်စဉ် လူအများ မဲပေးကြရန် ကိုယ်တိုင် မေတ္တာရပ်ခံခဲ့သည်။ ယှဉ်ပြိုင်သူ အတိုက်အခံများဘက်က ဤရွေးကောက်ပွဲသည် ဒေသတွင်း ဒီမိုကရေစီလိုလားသူများ ထကြွခဲ့ရာမှ ကတိပေးခဲ့သည့် လွတ်လပ်မှုများနှင့် တည်ငြိမ်မှု တစ်ခုခုရွေးချယ်ရန်ပင်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဇူလိုင်လ ၃ ရက်၌ မော်စီကို စီစီကဖြုတ်ချခဲ့ရာ ငြိမ်းချမ်းစဉ်ကာလအတွင်း၏ မကြာသေးမီ အီဂျစ်၏သမိုင်းတွင် အဆိုးရွားဆုံး သွေးထွက်သံယိုမှုဖြစ်ပွားခဲ့ရာ ဗိုလ်ချုပ်ကြီးဟောင်း စီစီက အကြမ်းဖက်မှုအား နှိမ်နင်းမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချခဲ့သည်။ **(အေအက်ဖ်ပီ)**

**သောင်းညွန့် ဘာသာပြန်သည်။**



**အီဂျစ်သမ္မတရွေးပွဲတွင် အမျိုးသမီးတစ်ဦး မဲဆန္ဒပေးနေစဉ်။** ဓာတ်ပုံ-အေအက်ဖ်ပီ




# ပြန်ပေးဆွဲခံရသော မိန်းကလေး ၂၀၀ ကျော် ရှိသည့်နေရာကို တွေ့ပြီဟုစစ်တပ်အကြီးအကဲဆို

vueuto;yonrnoaomu , q , a&;vyie;r;rq tE&m , Ei&iqi&Eion [ oway;

**အဘူဂျာ** – ဘိုကိုဟာရမ်စစ်သွေးကြွများ၏ ဖမ်းဆီးခြင်းခံခဲ့ရသော ဆယ်ကျော်သက် ကျောင်းသူလေးများထားရှိသည့်နေရာကို တွေ့ရှိထားသည်ဟု မေ ၂၆ ရက်တွင် နိုက်ဂျီးရီးယားစစ်တပ်၏ အဆင့်အမြင့်ဆုံး အရာရှိတစ်ဦးက ပြောဆိုကာ ကျောင်းသူ ၂၀၀ ကျော်တို့၏ မိသားစုများကို မျှော်လင့်ချက်ရောင်ခြည်များပေးခဲ့သည်။

ဖမ်းဆီးခံနေရသော မိန်းကလေး ၂၂၃ ယောက်သည် တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်ရာတွင် ဓားစာခံဖြစ်ခဲ့ရကာ လက်နက် အသုံးပြုသည့် မည်သို့သော ကယ်ဆယ်ရေးလုပ်ငန်းမျိုးမဆို အန္တရာယ်နှင့်ရင်ဆိုင်ရနိုင်သည်ဟု ကာကွယ်ရေးတပ်အကြီးအကဲဖြစ်သည့် လေတပ်အရာရှိချုပ် အဲလက်စ်ဘက်ဒက်က သတိပေးပြောကြားခဲ့သည်။ ဘိုကိုဟာရမ် တိုက်ခိုက်ရေးသမားများသည် ဧပြီ ၁၄ ရက်နေ့က နိုင်ငံအရှေ့မြောက်ပိုင်းမြို့တော်နှင့်အလှမ်းဝေးသည့် ချီဘော့ခ်မြို့က မိန်းကလေး ၂၇၆ ယောက်ကို ပြန်ပေးဆွဲခဲ့ရာ ကမ္ဘာတစ်ဝန်းတွင် ယမ်းပုံမီးကျဒေါသဖြစ်ခဲ့ရသည်။

"ဝမ်းသာစရာသတင်းတစ်ခုက သူတို့တွေထားတဲ့နေရာကို ကျွန်တော်တို့သိထားတာပါပဲ။ ဒါပေမဲ့ ဘယ်နေရာဆိုတာကိုတော့ ကျွန်တော်တို့ပြောမပြနိုင်ပါဘူး" ဟု ကျောင်းသူလေးများ ဓားစာခံဖြစ်ခဲ့သည့် ရက်သတ္တပတ် ခုနစ်ပတ်မြောက်အချိန်၌မြို့တော် အဘူဂျာတွင် ဘက်ဒက်က သတင်းထောက်များကို ပြောကြားခဲ့သည်။

နိုက်ဂျီးရီးယားအစိုးရနှင့် စစ်တပ်တို့သည် အုပ်စုလိုက်ပြန်ပေးဆွဲခံရသည့် အမှုကို တုံ့ပြန်ရာတွင် အချိန်ဆွဲနေခြင်းအတွက် ပြင်းပြင်းထန်ထန် ဝေဖန်ခံနေရသည့်အပြင် ကယ်ဆယ်ရေးအတွက် ပြည်ပအကူအညီများ ရယူရန်လည်း ဖိအားပေးခံနေရသည်။

အမေရိကန် မောင်းသူမဲ့လေယာဉ်များကလည်း

> **ဝမ်းသာစရာ သတင်းတစ်ခုက သူတို့တွေ ထားတဲ့နေရာကို ကျွန်တော်တို့ သိထားတာပါပဲ။ ဒါပေမဲ့ ဘယ်နေရာဆိုတာကိုတော့ ...** ”

နိုက်ဂျီးရီးယားအရှေ့မြောက်ပိုင်းနှင့် အိမ်နီးချင်းချဒ်နိုင်ငံတို့တွင် ဝေဟင်က ရှာဖွေမှုများပြုလုပ်နေပြီး ဗြိတိန်၊ ပြင်သစ်နှင့် အစ္စရေးနိုင်ငံတို့ကလည်း ပညာရှင်များ အကူအညီဖြင့်မြေပြင်တွင် အဖွဲ့လိုက်ရှာဖွေမှုများ ပြုလုပ်နေကြသည်။

"ဘာတွေဖြစ်နေတယ်ဆိုတာ နိုက်ဂျီးရီးယားစစ်တပ်က ဘာမှမသိဘူးဆိုပြီး ဘယ်သူမှလာမပြောပါနဲ့။ ကျွန်တော်တို့လုပ်နေတာ ကျွန်တော်တို့သိတယ်။ မိန်းကလေးတွေကို ပြန်ကယ်တင်ဖို့ကြိုးစားတဲ့နေရာမှာ သူတို့လေးတွေရဲ့ အသက်ကို ကျွန်တော်တို့သတ်တာမျိုး အဖြစ်မခံနိုင်ဘူး" ဟု ဘက်ဒက်က အဘူဂျာရှိ ကာကွယ်ရေးတပ်ဌာနချုပ်ကို ဆန့်ကျင်ဆန္ဒပြနေကြသည့် လူအုပ်ကြီးကို ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ကြိုးစားပြီးအလုပ်တွေလုပ်နေပါတယ်။ သမ္မတ ဂွတ်လပ်ဂျိုနသန်လည်း ကျွန်တော်တို့နောက်မှာရှိနေပါတယ်။ ကျွန်တော်တို့တွေ ဘာလုပ်ရမယ်ဆိုတာကို သမ္မတက စီစဉ်ညွှန်ကြားမှာပါ" ဟုဂင်းကဆိုသည်။

အယ်လ်ကိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်နေသော ဘိုကိုဟာရမ်အဖွဲ့ကို ပြည်ပက မည်သို့သော ထောက်ပံ့မှုမျိုးမှ မပေးရန်နှင့် အဆိုပါ အဖွဲ့ခေါင်းဆောင်တို့၏ လှုပ်ရှားမှုများကို တင်းကျပ်စွာ ကန့်သတ်ထားရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ကြေညာသည်။

ထိုသို့အရေးယူပိတ်ဆို့မှုများသည် နိုက်ဂျီးရီးယားမြောက်ပိုင်းရှိ အစ္စလာမ်ဘာသာဝင်တို့ပြည်နယ်ကို ထူထောင်ရန် အစွန်းရောက်အစ္စလာမ္မစ်များ၏ ပြည်တွင်း၌ ကြောက်မက်ဖွယ် အကြမ်းဖက်မှုများ ပြုလုပ်နေသော ကိစ္စများအပေါ် မည်သို့ အကျိုးသက်ရောက်မှု ရှိလာနိုင်မည်ဆိုသည်ကို လေ့လာဆန်းစစ်သူများက မေးခွန်းထုတ်ထားသည်။

"ကျွန်တော်တို့နိုင်ငံမှာ အနောက်အာဖရိကက အယ်လ်ကိုင်ဒါအဖွဲ့တွေ ရှိတယ်လို့ ကျွန်တော်တို့သမ္မတကြီးက ပြောတယ်။ ဒီစကားကို ကျွန်တော်တော့ ရာခိုင်နှုန်းပြည့် လုံးဝယုံကြည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစစ်ပွဲမှာ နိုက်ဂျီးရီးယားအပြင်ဘက်ကလူတွေ ပါနေတယ်ဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော်တို့ကို တိုက်နေတာလည်း သူတို့တွေပဲ"ဟု ဘက်ဒက်က ပြောသည်။

"ကျွန်တော်တို့နိုင်ငံ ပြိုကွဲအောင် သူတို့လုပ်နေတာ။ နိုင်ငံတွင်းက တချို့လူတွေလည်း အဖျက်လုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ သူတို့အဖွဲ့ကို ထောက်ခံနေတယ်ဆိုတာ ကျွန်တော်တို့သိတယ်။ ကျွန်တော်တို့နိုင်ငံကို ကျွန်တော်တို့ ကယ်တင်ရမှာပဲ။ နိုင်ငံအတွက် မှန်ကန်တဲ့ ဆင်ခြင်သုံးသပ်မှုမျိုး ကျွန်တော်တို့မှာရှိနေရမယ်" ဟု ဂင်းကဆိုသည်။

**(အေအက်ဖ်ပီ)**

**သဲသဲထွေး ဘာသာပြန်သည်။** ■

## သတင်းတို

### ဂွာတီမာလာ အဘွားအိုတစ်ဦး ကမ္ဘာ့အသက်အကြီးဆုံး ဖြစ်လာနိုင်

**ဂွာတီမာလာစီးတီး** – ယခုနှစ် နိုဝင်ဘာလတွင် အသက် ၁၂၁ နှစ်ပြည့်မည့် ဂွာတီမာလာ အဘွားအိုတစ်ဦးသည် ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး အဘွားအိုဖြစ်နိုင်ကြောင်း ဂွာတီမာလာထုတ် သတင်းစာတစ်စောင်က မေလ ၂၇ ရက်နေ့၌ ရေးသားခဲ့သည်။ အဘွားကြီးသည် ယခုအချိန်ထိတိုင် ကော်ဖီစေ့ဆွတ်ခူးခြင်းနှင့် သိုးကျောင်းခြင်းအလုပ်တို့ကို ဆောင်ရွက်နေဆဲဖြစ်သည်။ ဒေသခံ ကက်ချီကယ်လ်မာယာ တိုင်းရင်းသူတစ်ဦးဖြစ်သော ဟွာနာချော့ဇ်ယက်သည် ၁၈၉၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့၌ ဆိုလိုလာပိုင်နက် စိုက်ပျိုးမွေးမြူရေးရွာ ဆန်တာလူစီယာ ဥတက်လန်တွင် မွေးဖွားခဲ့ကြောင်း နေ့စဉ်သတင်းစာ Siglo 21 က ဖော်ပြသည်။ ကော်ဖီစေ့များဆွတ်ခူးခြင်းနှင့် သိုးများ၊ ဆိတ်များကို ထိန်းကျောင်းခြင်းလုပ်ငန်းများကို အသက် ၁၅ နှစ်အပျိုဖော်အရွယ်၌ ဆောင်ရွက်ခဲ့သည်။ လက်ထပ်ပြီး ကိုးနှစ်အကြာ ကလေးနှစ်ယောက်ရပြီးနောက် ခင်ပွန်းသည်နှင့် ကလေးနှစ်ယောက်လည်း ကွယ်လွန်သွားခဲ့သည်။ အသက် ၂၉ နှစ်တွင် ချော့ဇ်ယက် ဒုတိယအကြိမ် လက်ထပ်ခဲ့ရာ ကလေး ခုနစ်ယောက် ထပ်မွေးခဲ့ပြီးနောက် ၁၉၆၄ ခုနှစ်တွင် မုဆိုးမဖြစ်ခဲ့ရပြန်သည်။ ၎င်းတွင် သားသမီးများ၊ မြေးများ၊ မြစ်များ စုစုပေါင်း မိသားစု ၇၅ ဦးရှိကြောင်း အစိုးရမှတ်တမ်း၌ ဖော်ပြသည်။ စိစစ်အတည်ပြုရန် ၎င်း၏ အသေးစိတ်အချက်အလက်များကို ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းစာအုပ်သို့ တင်ပြခြင်းရှိမရှိ မသိရပေ။ အသက်အရှည်ဆုံး အမျိုးသမီးအဖြစ် ထိုမှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်ခံရပြီး မတ်လတွင် အသက် ၁၁၆ နှစ်ရှိခဲ့သည့် ဂျပန်နိုင်ငံမှ မီဆောင် အိုကာဝါထက် ၎င်းက လေးနှစ်ကြီးသည်ဟု သိရသည်။ **(အေအက်ဖ်ပီ)**

**ညွှန့်ညွှန့်ဝင်း ဘာသာပြန်သည်။**

# ဂူသွင်းမြှုပ်နှံခြင်း တားမြစ်လိုက်မှုကြောင့် တရုတ်သက်ကြီးရွယ်အိုများ သတ်သေ

**ပေကျင်း** – ခေါင်းတလားများဖြင့် ဂူသွင်းမြှုပ်နှံခြင်းကို တားမြစ်သည့် စည်းမျဉ်းအသစ်များ ထွက်ပေါ်မလာခင် တရုတ်လူမျိုး သက်ကြီးပိုင်းခြောက်ဦး မိမိကိုယ်မိမိ သေကြောင်းကြံစည်ခဲ့ကြောင်း မေ ၂၈ ရက်နေ့ထုတ် သတင်းစာတစ်စောင်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံတွင် မိသားစုဝင်များက မိဘဆွေမျိုးများကို သင်္ဂြိုဟ်ရာတွင် ဂူသွင်းမြှုပ်နှံရသည့်၊ ဘိုးဘေးဘီဘင်များအား ယုံကြည်ကိုးကွယ်သည့်ဓလေ့မှာ လွန်ခဲ့သည့်နှစ်ပေါင်းထောင်ချီကတည်းက ရှိခဲ့သည်။

သို့သော် မကြာသေးမီနှစ်များအတွင်း မြေနေရာများ လျော့နည်းလာမှုကို ထိန်းသိမ်းသည့်အနေဖြင့် မီးသင်္ဂြိုဟ်ခြင်းကို အားပေးကာ ယင်းကိစ္စကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်ပြီး နိုင်ငံတစ်ဝန်းရှိ ဒေသခံအစိုးရများက ဂူများကို ဖျက်သိမ်းလာကြသည်။

အန်းဟွေပြည်နယ်၏ အရှေ့ပိုင်းမြို့ အန်းချိန်အစိုးရအာဏာပိုင်များက ဇွန် ၁ ရက်နေ့ကစပြီး သေဆုံးသူဒေသခံများ အားလုံးကို မီးသင်္ဂြိုဟ်ရမည်ဟု အမိန့်ထုတ်ခဲ့ကြောင်း Beijing News နေ့စဉ်သတင်းစာတွင် ဖော်ပြခဲ့သည်။ အသုဘအခမ်းအနားနှင့် ပတ်သက်သည့် စည်းမျဉ်းသစ်များကို ရှောင်လွှဲရန် ယင်းလူကြီးခြောက်ယောက်က ထိုသို့ သတ်သေကြခြင်းဖြစ်သည်ဆိုသော သေဆုံးသူမိသားစုဝင်တို့၏ ပြောဆိုချက်ကိုကိုးကားပြီး ၎င်းသတင်းစာတွင် ရေးသားထားသည်။

မေလအတွင်း၌ စိတ်ခံစားချက်အားဖြင့်များစွာသက်ရောက်မှုရှိသော ဒေသခံများထံမှ ခေါင်းတလားများကို အစိုးရအရာရှိများက အတင်းအကျပ် သိမ်းယူခြင်းများ စတင်ပြုလုပ်ခဲ့ကြသည်ဟု ၎င်းသတင်းစာတွင် ဖော်ပြထားသည်။ အဆိုပါစည်းမျဉ်းသစ်များအကြောင်း သိရှိပြီးနောက် ဝူကျန်းတယ်အမည်ရှိ အသက် ၉၁ နှစ်အရွယ် အမျိုးသမီးကြီးသည် မေ ၅ ရက်နေ့တွင် ဆွဲကြိုးချသေခဲ့ပြီး ကျန်းစီဖန်းအမည်ရှိ အသက် ၈၃ နှစ် အမျိုးသမီးကြီးမှာလည်း ၎င်းအတွက် ပြုလုပ်ထားသည့် ခေါင်းတလားနှစ်ခုကို အာဏာပိုင်များက မြင်တွေ့ပြီးနောက် မိမိကိုယ်မိမိ သတ်သေခဲ့သည်ဟုဆိုသည်။ အလားတူ အဆိပ်သောက်ပြီးမိမိကိုယ်မိမိ အဆုံးစီရင်သူများရှိနေချိန်တွင် အသက် ၆၈ နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦး ရေတွင်းထဲခုန်ချသေဆုံးခဲ့ကြောင်းကိုလည်း ဖော်ပြထားသည်။

ထိုသို့သေကြောင်းကြံစည်မှုများသည် သင်္ဂြိုဟ်ခြင်းဆိုင်ရာ တားမြစ်မှုနှင့်ဆက်နွှယ်မှုမရှိကြောင်း၊ ခေါင်းတလားများကို ပြည်သူများက ၎င်းတို့စိတ်ဆန္ဒအလျောက် ပေးကြခြင်းသာဖြစ်ကြောင်း ဒေသခံအစိုးရအဖွဲ့၏ သဘောထားများကို မီဒီယာများသို့ ပြောကြားခဲ့သည်။

နိုင်ငံဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးမွေးမြူရေးအတွက် မြေနေရာများဖန်တီးပေးရန် အုတ်ဂူများကိုဖြိုချမည်ဆိုသော စည်းရုံးလှုံ့ဆော်မှုကို အာဏာပိုင်များကကျယ်ပြန့်စွာ ဆောင်ရွက်ထားသည်။

အလယ်ပိုင်းပြည်နယ် ဟယ်နန်၌ တာဝန်ရှိသူများက ၂၀၁၂ ခုနှစ်တွင် အုတ်ဂူပေါင်း လေးသိန်းကို ဖျက်ဆီးခဲ့ပြီး ယင်းအဖြစ်အပျက်သည် တစ်နိုင်ငံလုံးကို ရင်ထုမနာဖြစ်သွားစေသည်ဟု သတင်းတွင် ဖော်ပြထားသည်။

**(အေအက်ဖ်ပီ)**

**သဲသဲထွေး ဘာသာပြန်သည်။** ■

# လစ်ဗျားတွင် သတင်းထောက်တစ်ဦး ပစ်သတ်ခံရ

**ဘင်ဂါဇီ (လစ်ဗျား)** – လစ်ဗျားနိုင်ငံ၏ မွတ်စလင်ဘာသာရေးစစ်ပွဲ (ဂျီဟတ်) ဆင်နွှဲသူများအကြောင်း ဝေဖန်ရေးသားသော သတင်းစာအယ်ဒီတာတစ်ဦးသည် တရားဥပဒေစိုးမိုးမှုမဲ့နေသော လစ်ဗျားနိုင်ငံအရှေ့ပိုင်း ဘင်ဂါဇီမြို့တွင် မေလ ၂၆ ရက်က သေနတ်ဖြင့် ပစ်သတ်ခံရကြောင်း အစ္စလမ္မစ် အမာခံနယ်မြေရှိ ဆေးဘက်ဆိုင်ရာဝန်ထမ်းများက ပြောသည်။

ဘာနစ် (Burniq) အပတ်စဉ်ထုတ် ဂျာနယ်၏ အယ်ဒီတာတစ်ဦးဖြစ်သည့် မက်ဖ်တက်ဘိုယူဇစ်သည် ဘင်ဂါဇီမြို့ အလယ်ပိုင်းတွင် ပစ်သတ်ခံခဲ့ရသည်ဟု ဝန်ထမ်းများကဆိုသည်။

သတင်းထောက်တစ်ဦးဖြစ်သလို လေ့လာဆန်းစစ်သူတစ်ဦးလည်းဖြစ်သော ဘိုယူဇစ်သည် အစွန်းရောက် အစ္စလာမ္မစ်များကို ရုပ်မြင်သံကြားတွင် ရံဖန်ရံခါ ဝေဖန်ပြောဆိုလေ့ရှိပြီး ယင်းအကျိုးဆက်များက ၎င်း၏အသက်အန္တရာယ်ကို ခြိမ်းခြောက်ခံခဲ့ရကြောင်း ၎င်းမိတ်ဆွေတစ်ဦးက ပြောသည်။

ဂုဏ်သိက္ခာအရ ဆင်နွှဲသည့် တိုက်ပွဲဟုဆိုသော ဘင်ဂါဇီရှိ အစ္စလာမ္မစ်များကို နှိမ်နင်းချေမှုန်းရန် အခြားသူများနှင့် အမြင်မတူသူ ဗိုလ်ချုပ် ခလီဖာ ဟက်ဖ်တာ ခေါင်းဆောင်သည့် စစ်တပ်က မေ ၁၆ ရက်တွင် စတင်တိုက်ခိုက်မှုကို ဘူယိုဇစ်နှင့်၎င်း၏သတင်းစာက ပွင့်ပွင့်လင်းလင်း ထောက်ခံအားပေးခဲ့သည်။

"အကြမ်းဖက်မှုများ၏ ပစ်မှတ်များ ဖြစ်နေသော နိုင်ငံတွင်းရှိ သတင်းထောက်များ၏ ကံကြမ္မာကို အလေးအနက်ထားရန်"ပြီးခဲ့သည့် ရက်သတ္တပတ်က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် နယ်စည်းမခြား သတင်းထောက်များအဖွဲ့က ပြောကြားခဲ့သည်။



**သတင်းထောက် မက်ဖ်တက်ဘိုယူဇစ်(ယာ)ကို လုပ်ဖော်ကိုင်ဖက် သတင်းထောက်များနှင့်တွေ့ရစဉ်။**

လစ်ဗျားတွင်သတင်းလိုက်နေကြသော သတင်းထောက်များအပါအဝင် အရပ်သားများကို တိုက်ခိုက်နေသော တိုက်ပွဲများအားလုံး ချက်ချင်းအဆုံးသတ်ရန် အရပ်သားများ၊ စစ်တပ်နှင့် နိုင်ငံရေးလှုပ်ရှားသူများအားလုံးကို အဆိုပါကြေညာချက်တွင် တိုက်တွန်းပြောကြားထားသည်။ **(အေအက်ဖ်ပီ)**

**သဲသဲထွေး ဘာသာပြန်သည်။** ■


At It's Very Best.
The new E-Class, direct from Germany.
The stunning new E-Class Saloon blends dynamic looks with performance, comfort and safety. Come visit our new showroom and experience the lifestyle & pleasure of owning the finest automobiles in the world without worry.
From US$120,888
S MB 2120
1 Year Complimentary Paint Protection
2 Years/Unlimited Mileage Warranty
3 Years/50,000 free servicing
www.mercedes-benz.com.mm
Mercedes-Benz
Terms & Conditions Apply
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Showroom: 51 Pyay Road, Mayangone Township, Yangon. Opening hours : 9:00am - 9:00pm. Hotline: 09 5057045

# ငှက်မုဆိုးတို့၏ သားကောင် ဖြစ်နေသည့် တေးသီငှက်များ

**နီကိုးရှား** - ဥရောပနိုင်ငံများအနက် ဆိုက်ပရပ်စ်ကျွန်းနိုင်ငံသည် သားငှက်တိရစ္ဆာန် မတရားသတ်ဖြတ်ခံရဆုံးနိုင်ငံဖြစ်နေသည်။ ငှက်ခိုးဖမ်းသော ငှက်မုဆိုးများကို ထောင်ဒဏ်နှင့် ငွေဒဏ်ကြီးလေးစွာ ချမှတ်အပြစ်ပေးသော်လည်း တေးဆိုခေါင်းမည်းငှက် (Blackcap) နှင့် မြေလူးငှက်အပါအဝင် တေးဆိုငှက်များ၊ အခြား ငှက်မျိုးစိတ်များ ဘေးအန္တရာယ်ဆိုးကြီးနှင့် ကြုံတွေ့နေရကြောင်း ဂျာမနီနိုင်ငံ၊ ဘွန်းမြို့အခြေစိုက် ကျေးငှက်သတ်ဖြတ်မှုဆန့်ကျင်ရေး ကော်မတီ (CABS) မှ အန်ဒရီယာရှုတီဂလီယန်နိုက ဆိုသည်။

ယင်းသို့ ခိုးဖမ်းသတ်ဖြတ်ပြီးနောက် စားသောက်ဆိုင်များတွင် ဈေးကောင်းရသည့် စားကောင်းသောက်ဖွယ်ရာအဖြစ် လျှို့ဝှက်စွာဝယ်ယူစားသောက်လျက်ရှိကြရာ အမ်ဘီလိုပေါ်လူးယား (ambelopoulia) ငှက်မျိုးစုံဟင်းတစ်ခွက်၏ ဈေးနှုန်းမှာ ယူရို ၄၀ မှ ၈၀ အထိ (၅၅ ဒေါ်လာမှ ဒေါ်လာ ၁၁၀ အထိ)ပင် ရှိနေသည်။

ငှက်မုဆိုးများ ငှက်ပစ်လေ့ရှိသော ဒေသအတွင်း CABS မှ တက်ကြွလှုပ်ရှားသူများက ခြေရာခံမြေပုံများဖြင့် ညအချိန်တွင် ၎င်းတို့အား စောင့်ဖမ်းကြသည်။ ကားစက်ကိုရပ်၍ မီးကိုပါ ပိတ်လိုက်ပြီး တွေ့ရှိချက်များကို ရဲတပ်ဖွဲ့သို့ ပေးပို့သည်။

ငှက်မုဆိုးများက ပိုက်ကွန်နှင့် ကော်စေးတစ်မျိုးလိမ်းကျံထားသော သစ်ကိုင်းများကိုသုံး၍ ငှက်ဖမ်းလေ့ရှိသည်။ ယင်းသစ်ကိုင်းများပေါ်နားမိသော ငှက်မှန်သမျှ ကပ်ငြိကာ ပျံထွက်၍ မရကြတော့ပေ။ Blackcap ငှက်၏ တေးသံအတုကို စက်ဖြင့်ထုတ်လွှင့်၍လည်း အခြားငှက်များကို သွေးဆောင်ခေါ်ယူ ဖမ်းဆီးကြသည်။



**ထောင်ချောက်မိ တေးဆိုငှက်ကလေးများအဖို့ရုန်းထွက်ရေး မလွယ်တော့။**

ဆောင်းဦးရာသီတွင် ငှက်ခိုးဖမ်းသည့် မုဆိုးများ၃,၀၀၀ မှ ၄,၀၀၀ အထိ ဆိုက်ပရပ်စ်သစ်တောနှင့် တောင်ပေါ်ဒေသများသို့ ရောက်လာလေ့ရှိသည်။ နွေဦးရာသီတွင်မူ ငှက်များသည် အသားနည်းတတ်ကြ၍ ငှက်မုဆိုးဦးရေလည်း လျော့နည်းသွားသည်။

CABS ကော်မတီ၏ ငှက်မုဆိုးနှိမ်နင်းရေးစီမံချက်ကြောင့် ငှက်မျိုးစိတ် ၁၅၀ ခန့်အပါအဝင် ကျေးငှက်သတ်ဖြတ်ခံရမှု ၈၀ ရာခိုင်နှုန်းအထိ ယခင်ခုနစ်နှစ်ကျော်ကာလအတွင်း လျော့နည်းလာခဲ့သည်။

BirdLife Cyprus အဖွဲ့၏အဆိုအရ ကျေးငှက်ခိုးဖမ်းသူများကို ထောင်ဒဏ် သုံးနှစ်နှင့် ဒဏ်ငွေယူရို ၁၇,၀၀၀ အထိ ကျခံပေးဆောင်ရမည့် ဥပဒေ ပြဋ္ဌာန်းထားသည်။ **(အေအက်ဖ်ပီ)**

**အောင်သာလင်း ဘာသာပြန်သည်။** ■



**ကော်စေးထောင်ချောက်တွင်မိနေသော ငှက်ကလေးတစ်ကောင်။** ဓာတ်ပုံ-အေအက်ဖ်ပီ

## ရှပ်နီဆန္ဒပြခေါင်းဆောင်များကို လွှတ်ပေး

**ဘန်ကောက်** - ထိုင်းနိုင်ငံတွင် များမကြာသေးမီက စစ်အာဏာသိမ်းမှုဖြစ်ပွားပြီး ဖြုတ်ချခံခဲ့ရသည့် အရပ်သားအစိုးရနှင့် မဟာမိတ်ဖြစ်သော ရှပ်နီလှုပ်ရှားမှုအဖွဲ့၏ ခေါင်းဆောင်များကို တရားစွဲဆိုခြင်းမရှိဘဲ ရက်သတ္တပတ်နီးပါးခန့် ဖမ်းဆီးထားခဲ့ပြီးနောက် မေလ ၂၈ ရက်နေ့တွင် စစ်အစိုးရက ပြန်လွှတ်ပေးခဲ့သည်။ ရှပ်နီလှုပ်ရှားမှု၏ ဥက္ကဋ္ဌ ဂျာတူပွန် ပရွန်ပမ်က ၎င်းကို စစ်အစိုးရက ကောင်းမွန်စွာ ပြုမူဆက်ဆံခဲ့ကြောင်း ပြောကြားပြီး "ကျွန်တော်တို့ ရတက်မအေးအဖြစ်ရဆုံးက ၂၀၁၀ ပြည့်နှစ်တုန်းကလို အသက်တွေအမြောက်အမြားဆုံးရှုံးရပုံမျိုး ၂၀၁၄ ခုနှစ်မှာ တစ်ခါ ထပ်မဖြစ်ဖို့ပါပဲ။ ကျွန်တော်တို့ သင်ခန်းစာ ယူသင့်ကြပါတယ်"ဟု ယခင်အစိုးရကို ရှပ်နီတို့၏ဆန္ဒပြမှုအား စစ်တပ်က သွေးချောင်းစီး နှိမ်နင်းခဲ့မှုကို ရည်ညွှန်းပြောကြားခဲ့သည်။

ယခုလွှတ်ပေးသည့် အထဲတွင် ဝါရင့်ရှပ်နီခေါင်းဆောင် လေးဦးအနက် အဓိကခေါင်းဆောင်တစ်ဦးဖြစ်သော သီတာ သာပွမ်ဆက်ကို စစ်တပ် အဆောက်အအုံထဲမှထွက်လာသည်ကို တွေ့ခဲ့ရသော်လည်း ၎င်းက မီဒီယာသမားများအား တစ်စုံတစ်ရာ မှတ်ချက်ပေး ပြောကြားခဲ့ခြင်းမရှိခဲ့ပေ။ သာပွမ်ဆက်ကို ဝန်ကြီးချုပ်ဟောင်းများဖြစ်ကြသည့် ယင်လပ်ရှင်နာဝပ် နှင့် အဘီဆစ်ဗီဂျာဂျီဗာတို့နှင့်အတူ လွန်ခဲ့သောသီတင်းပတ်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ကို အချင်းချင်း ဖက်ပြိုင်နေကြသည့် နိုင်ငံရေးပါတီများအား စုစည်းပေးရန် ရည်ရွယ်သည့် အစည်းအဝေးတစ်ရပ်အတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ **(အေအက်ဖ်ပီ)**

**တင်စိန် ဘာသာပြန်သည်။** ■

## ပိုကောင်းမွန်သော စောင့်ရှောက်မှုက မိခင်နှင့်ကလေး သုံးသန်းကျော်ကို ကယ်တင်နိုင်သည်ဟု လေ့လာရေးကဆို

**ပါရီ** - ပိုကောင်းမွန်သော သားဖွားမှု စောင့်ရှောက်ရေးတွင် တစ်ဦးလျှင် တစ်ဒေါ်လာခန့် နှစ်စဉ် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ၂၀၂၅ ခုနှစ်အထိ အမျိုးသမီးနှင့် မွေးကင်းစ ကလေးသုံးသန်း၏ အသက်များကို နှစ်စဉ် ကယ်တင်နိုင်မည်ဖြစ်ကြောင်းသုတေသီများက မေ ၂၀ ရက်၌ပြောသည်။

"The Lancet" ဆေးပညာဂျာနယ်တွင် ဖော်ပြထားသော နိုင်ငံပေါင်း ၇၅ နိုင်ငံမှ အချက်အလက်များကိုပြန်လည်သုံးသပ်ချက်အရ နေ့စဉ် မွေးကင်းစကလေး ၈,၀၀၀ ခန့် သေဆုံးပြီး၊ အခြား ၇,၀၀၀ အသေမွေးရာ နှစ်စဉ် ၂ ဒသမ ၉ သန်းနှင့် ၂ ဒသမ ၆ သန်း အသီးသီးရှိကြောင်း သိရသည်။ သေဆုံးမှု အများစုကို မဖြစ်အောင် တားဆီးနိုင်သည်ဟု ၎င်းတို့ကပြောသည်။

"မီးဖွားချိန်မှာ မိခင်နဲ့ကလေး နှစ်ဦးစလုံးအတွက် အရည်အသွေးမြင့် စောင့်ရှောက်မှုကို အချိန်မီ စီစဉ်ပေးဖို့ အရေးတကြီး မဖြည့်ဆည်းပေးနိုင်တဲ့ လိုအပ်ချက်ရှိတယ်"ဟု London School of Hygiene and Tropical Medicina ရှိ Centre for Maternal Remoduction and Child Health မှ လေ့လာရေးကို တွဲဖက်ရေးသူ ဂျိုင်းလွန်းက ပြောသည်။

"နေ့စဉ် မွေးကင်းစ ကလေးတစ်သန်းဟာ သူတို့ရဲ့ မွေးနေ့မှာ သေဆုံးကြတယ်။ မွေးဖွားခြင်းရလဒ် ပိုကောင်းဖို့ ပိုမို ရင်းနှီးမြှုပ်နှံမှုမရှိရင်၊ ၂၀၃၅ ခုနှစ်မှာ မိခင်တွေ၊ မွေးကင်းစများ မမွေးသေးတဲ့ ကလေးတွေရဲ့ သေဆုံးမှုဟာ ၁၁၆ သန်းရှိလိမ့်မယ်"ဟု ၎င်းကပြောသည်။

ကလေးတစ်ယောက်ကို ဝမ်း၌လွယ်ထားစဉ် သို့မဟုတ် မွေးဖွားစဉ် အခက်အခဲများကြောင့် ကမ္ဘာအနှံ့ တစ်သန်း၏ လေးပုံတစ်ပုံခန့်ရှိ အမျိုးသမီးများ နှစ်စဉ်သေဆုံးနေသည်။

ကမ္ဘာပေါ်ရှိ အမျိုးသမီးများနှင့် ကလေးများ၏ ရာခိုင်နှုန်း ၉၀ သို့ မီးမဖွားမီနှင့် မီးဖွားစဉ် တိုးချဲ့ စောင့်ရှောက်မှုအတွက် နှစ်စဉ်ကုန်ကျငွေမှာ ၂၀၂၅ ခုနှစ်၌ ဒေါ်လာ ၅ ဒသမ ၆၅ ဘီလျံ ဖြစ်မည်ဟု အဖွဲ့ကပြောသည်။

ယင်းတိုးချဲ့မှုသည် နှစ်စဉ် ၁ ဒသမ ၉ သန်းရှိ မွေးကင်းစများနှင့် အမျိုးသမီး ၁၆၀,၀၀၀ ကို ကယ်တင်နိုင်ပြီး အသေမွေး ၈၂၀,၀၀၀ ကို ကာကွယ်ပေးနိုင်မည်ဟု ၎င်းတို့က တွက်ချက်ကြသည်။

**(အေအက်ဖ်ပီ)**

**ညွန့်ညွန့်ဝင်း ဘာသာပြန်သည်။** ■

Victoria Hospital
ဗိတိုရိယ ဆေးရုံ

မလေးရှားနိုင်ငံမှ
ပါမောက္ခ ဆရာဝန်ကြီးမှ
နား၊ နှာခေါင်း၊ လည်ချောင်းနှင့် လည်ပင်းရောဂါများအား
ခွဲစိတ်ကုသပေးမည့် အထူးအစီအစဉ်

- နားမကြား၍ စကားမပြောနိုင်သော သင့်ကလေး၏ ဘဝကို ကယ်တင်နိုင်ရန် Cochlear Implant ခွဲစိတ်မှုဖြင့် ကုသနိုင်ခြင်း။
- နှာခေါင်းရောဂါများအတွက် FESS ခေါ် တီဗွီမှန်ပြောင်းဖြင့် ခွဲစိတ်ခြင်း။
- လည်ချောင်းရောဂါများအတွက် လေဆာ(Laser) စက်သစ်ကြီးဖြင့် ခွဲစိတ်ခြင်း။

လူဦးရေ ကန့်သတ်ချက် ရှိပါသည်။
ကုသပေးမည့်နေ့ရက် ၁၃-၆-၂၀၁၄ မှ ၁၅-၆-၂၀၁၄ အထိ
Hunt Line: +95 1 9666 141 Ext: 7065 သို့ အသေးစိတ်စုံစမ်းမေးမြန်းနိုင်ပါသည်။

### သတင်းတို

**ကျင်ငယ်ရည်ဖြင့်ပက်သူကို တိုကျိုရဲက ရှာဖွေ**

**တိုကျို** - မော်တော်ဆိုင်ကယ်စီးသူ တစ်ဦးက မိန်းမပျိုကလေးများကို ကျင်ငယ်ရည်ဖြင့် ပက်သောဖြစ်ရပ် အနည်းဆုံး ခြောက်ခုမှာ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်ပွားခဲ့ပြီးနောက် တိုကျိုရဲက ထိုသူကို အပြင်းအထန် လိုက်လံရှာဖွေနေကြောင်း အဆာဟိရှင်ဘွန်း သတင်းစာက မေလ ၂၈ ရက်နေ့က ရေးသားခဲ့သည်။ ပထမဆုံးဖြစ်ရပ်မှာ ဂျပန်နိုင်ငံမြို့တော် မြောက်ပိုင်းတွင် ဧပြီလလယ်က ဖြစ်ပွားခဲ့သည်။ ထိုအချိန်က မော်တော်ဆိုင်ကယ်စီးလာသူသည် လမ်းပေါ်တွင် တွေ့သည့် အမျိုးသမီးတစ်ဦးအား ခွက်အပြည့်ထည့်လာသော အရည်များဖြင့် ပက်ခဲ့သည်ဟု အဆိုပါသတင်းစာက ရေးသည်။ ထိုအရည်၏ အရောင်နှင့် အခြားအသွင်လက္ခဏာများကြောင့် ရဲများက ကျင်ငယ်ရည်ဟု ကောက်ချက်ချနိုင်ခဲ့သည်။ ထိုနောက်ပိုင်းကစ၍ နယ်မြေ ၁ ဒသမ ၅ ကီလိုမီတာတွင် အလားတူဖြစ်ရပ်ငါးခု ထပ်မံဖြစ်ပွားခဲ့သည်။ **(အေအက်ဖ်ပီ) တင်စိန် ဘာသာပြန်သည်။**

# ပြည်ထဲရေးဝန်ကြီးဌာနအဖွဲ့ကို ပစ်ခတ်မှုများကြောင့် လစ်ဗျားနိုင်ငံတွင် အခြေအနေ ပိုမိုဆိုးရွားလာ

**ထရီပိုလီ** - လစ်ဗျားနိုင်ငံတွင် နိုင်ငံရေးပြဿနာများတိုးပွားလျက်ရှိပြီး ပြည်တွင်းရေးအခြေအနေ ဝရုန်းသုန်းကားဖြစ်ကာ ရာထူးမှစွန့်ခွာသွားသော လစ်ဗျားအစိုးရကို ကာကွယ်ရန် တာဝန်ပေးအပ်ခံရသော ပြည်ထဲရေးဝန်ကြီးကို သေနတ်သမားများက ပစ်ခတ်ခဲ့သည်ဟု တာဝန်ရှိသူများက မေ ၂၈ ရက်နေ့တွင် ကြေညာလိုက်သည်။

အစိုးရကို ဦးစီးဆောင်ရွက်ကာကွယ်ပေးနေသော ပြည်ထဲရေးဝန်ကြီးဌာနတပ်ဖွဲ့အား တိုက်ခိုက်မှုကို အစိုးရက ပြင်းပြင်းထန်ထန်ရှုတ်ချကြောင်း အစိုးရဝန်ကြီးများအဖွဲ့ရုံး၏ ကြေညာချက်တွင်ဖော်ပြပြီး ထိခိုက်ဒဏ်ရာရသည့် အကြောင်းများကိုမူ ရေးသားထားခြင်းမရှိပေ။

မေ ၂၇ ရက်ညကဖြစ်ပွားခဲ့သော ထရီပိုလီမှ တိုက်ပွဲများသည် ဖြစ်မှုကျူးလွန်သောလုပ်ရပ်ဖြစ်ကြောင်း နုတ်ထွက်သွားခဲ့သည့် ဝန်ကြီးချုပ်အဗ္ဗဒူလာ အယ်လ်သာနီအစိုးရက ဆိုသည်။ ၎င်းသည် ဝန်ကြီးချုပ်ရာထူးဆက်ခံသော အာမက်မစ်တစ်ဂ်ကို တာဝန်လွှဲပြောင်းပေးရမည်ဖြစ်သည်။

မျက်မြင်သက်သေများ၏အဆိုအရ မစ်တစ်ဂ်ကို အဆိုပြုခြင်းအား ဆန့်ကျင်သည့် ပြည်ထဲရေးဝန်ကြီးဌာနကို ဝင်ရောက်စီးနင်းတိုက်ခိုက်မှု၏ နောက်ကွယ်တွင် အစ္စလမ္မစ်လိုလားသော လက်နက်ကိုင်တပ်ဖွဲ့များရှိနေခဲ့သည်။ မစ်တစ်ဂ် ကိုယ်တိုင်ပင် စောစောပိုင်းက အဆိုပါတိုက်ခိုက်မှု၏ ပစ်မှတ်ဖြစ်ခဲ့သည်။

နာရီပိုင်းအလိုကျမှသာလျှင် ၎င်းတို့ကို ကာကွယ်ပေးရန် ခေါ်ယူခဲ့သော နုတ်ထွက်သွားသည့်အစိုးရ၏ အဆိုပါတပ်ဖွဲ့သည် အစိုးရရုံးများမှ နှင်ထုတ်ခံခဲ့ရခြင်းဖြစ်သည်။



**လက်နက်ကိုင်တစ်စု၏ ပစ်ခတ်တိုက်ခိုက်ခံရသော လစ်ဗျားဝန်ကြီးချုပ် အာမက် မစ်တစ်ဂ်၏နေအိမ်။** ဓာတ်ပုံ-အေအက်ဖ်ပီ

အထွေထွေအမျိုးသားလွှတ်တော် (GNC) ဟုခေါ်ဆိုသော လစ်ဗျားနိုင်ငံ၏ ကြားဖြတ်ပါလီမန်သည် မစ်တစ်ဂ်ဦးဆောင်သော အစိုးရအဖွဲ့ကို အယုံအကြည်ရှိကြောင်း မဲဆန္ဒပေးခဲ့သည်။ ဝေဖန်သူများကမူ ၎င်းအစိုးရအဖွဲ့သည် တရားမဝင် ရွေးကောက်ခဲ့ခြင်းဖြစ်ပြီး အစ္စလမ္မစ်များက ဖွဲ့စည်းထားခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့သည်။

ဧပြီလတွင် ရာထူးမှနုတ်ထွက်ခဲ့သော ဝန်ကြီးချုပ် အယ်လ်သာနီက ၎င်းနှင့်၎င်းမိသားစုကို ပစ်မှတ်ထား တိုက်ခိုက်ခံနေရသည်ဟု ပြောဆိုပြီးနောက် GNC က ယခုလတွင် ဝရုန်းသုန်းကား မဲပေးမှုဖြင့် ဝန်ကြီးချုပ်အဖြစ်ရွေးချယ်ခံခဲ့ရသော မစ်တစ်ဂ်၏မိသားစုအိမ်ကို သေနတ်သမားများက မေလ ၂၇ ရက်နေ့က တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်နှင့် ၎င်းမိသားစုများမှာ ထိုအချိန်ကထရီပိုလီရှိအိမ်တွင်ရှိနေသော်လည်း ဘေးမသီရန်မခလွတ်မြောက်သွားခဲ့သည်။ ၎င်း၏ အစောင့်များက ယင်းအုပ်စုကိုပြန်လည်ပစ်ခတ်ရာ ၎င်းတို့ထဲမှ နှစ်ဦးကို ဒဏ်ရာများဖြင့်ဖမ်းမိခဲ့ကြောင်း မစ်တစ်ဂ်၏ လက်ထောက်တစ်ဦးက ပြောကြားခဲ့သည်။ **(အေအက်ဖ်ပီ)**

**သဲသဲထွေး ဘာသာပြန်သည်။** ■



HEARTBEAT OF THE NATION
မြန်မာတိုင်းမ်
MYANMAR TIMES

Connect with us @ SMS 09 5000 613 | email newsroom@mmtimes.com | facebook facebook.com/themyanmartimes | twitter @TheMyanmarTimes



# BACK PAGE BEATS

DELIVERED BY **J-ME**

## မသိလိုက်ခင်မှာပဲ ရုတ်တရက်

**တိမ်တွေက** နောက်ခံအလင်းရောင်ကို အားကိုးလို့ အမှောင်ထု လုံးဝပျောက်ကွယ်သွားတဲ့အထိ ဆိုက်ဆိုက်မြိုက်မြိုက် အုံလိုက်ကျင်းလိုက် ကြွချီလာကြလေတယ်။ မိုးစင်စင်လင်းသွားတာနဲ့ တစ်ပြိုင်နက် ဈေးသည် ဈေးဝယ်သူတွေလည်း တို့ထိ တို့ထိ၊ အားကစားလုပ်တဲ့သူတွေလည်း ရှူးရှဲ၊ ကားတွေက ပထမတော့ နည်းနည်းနဲ့ မြန်မြန်၊ တဖြည်းဖြည်းနှေးလာပြီး နောက်ဆုံး ကားတွေအားလုံးကျပ်ပြီးတော့ မသိရင် မှောင်ခဲ့တာ သူမဟုတ်သလိုပင်ဖြစ်နေတဲ့ ထိန်ထိန်လင်း နေရောင်အောက်က ရန်ကုန်မြို့ကြီးဟာ သံစဉ်မျိုးစုံနဲ့ တစ်နေကုန်အတွက် ဇာတ်လမ်း စပါလေတော့သတည်း။

သောက်လက်စ ဘလက်ကော်ဖီတစ်ခွက်ရဲ့ ခရီး မဆုံးခင်မှာပဲ john legend ရဲ့ All OF ME သီချင်းဟာ ကျွန်တော့်ပတ်ပတ်လည်ကို သိမ်းပိုက်လို့ တစ်ပတ်လုံးမှာ လူတွေ သူ့သီချင်းကို ဘယ်လောက်ဖွင့်လဲ၊ ရေဒီယိုစတေရှင်နဲ့ တီဗီချန်နယ်တွေမှာ လာပုံများချက်က ဘယ်သူမှ ဖွင့်မထားလည်း အဲဒီသီချင်းကို ကြားနေရတယ်။ အရမ်းခံစားရတဲ့ ပုံမျိုးကျပြန်တော့ အချိန်ပေးပြီး နားနားနေနေ မျှော်လိုက်ဖို့က

စာမျက်နှာ ၄ သို့

# ထိုင်း အာဏာသိမ်းအစိုးရနှင့် ဖမ်းဆီးမှုများကို ဝေဖန်

**ဘန်ကောက်** - ထိုင်းစစ်တပ်က ဆင့်ခေါ်ခံရပြီး လျှို့ဝှက်နေရာများတွင် ထိန်းသိမ်းခံထားရသည့် ဩဇာတိက္ကမရှိသောပုဂ္ဂိုလ်များထဲတွင် နိုင်ငံရေးသမားများ၊ တက်ကြွလှုပ်ရှားသူများ၊ ပညာတတ်များနှင့် သတင်းထောက်များလည်း ပါဝင်သည်။

ထိုင်းစစ်တပ်က အာဏာသိမ်းလိုက်သည့် အချိန်ကတည်းက လူ ၂၅၀ ကျော် ဆင့်ခေါ်ခံခဲ့ရပြီး ထိုင်းနိုင်ငံ၏နိုင်ငံရေးပဋိပက္ခ လျော့ပါးသက်သာစေရန်ရည်ရွယ်သည်ဟုဆိုသော မေလ ၂၂ ရက်နေ့ တွေ့ဆုံညှိနှိုင်းမှုများအတွင်း ထိပ်တန်းနိုင်ငံရေးသမားများလည်း ထိန်းသိမ်းခံခဲ့ရသည်။

ဒါဇင်ပေါင်းများစွာ ယခုထိ ထိန်းသိမ်းခံထားရဆဲဖြစ်ပြီး ၅၃ ဦးမှာမူ ပုန်းရှောင်နေဆဲဖြစ်ကာ ၎င်းတို့မှာ စစ်တပ်၏ ဆင့်ခေါ်မှုကို ဖီဆန်ကာ ပုန်းရှောင်နေသည့်အတွက် ထောင်ဒဏ်နှစ်နှစ် ကျခံရနိုင်ဖွယ်ရှိသည်။

ထို့ပြင် ဝန်ကြီးချုပ်ဟောင်း ယင်လပ်ရှင်နာဝပ်နှင့် အဘီဆစ် ဗက်ဂျဂျာဂျီဗာတို့အပါအဝင် ထိန်းသိမ်းခံရသူအချို့ကို ပြန်လွှတ်ပေးခဲ့သော်လည်း နောက်ထပ်လူများကို ဆင့်ခေါ်ဦးမည်ဖြစ်ကြောင်း စစ်တပ်ကပြောကြားထားသည်။

လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ Sukanya Prueksakasemsuk ၏ နေအိမ်ကို ထိုင်းစစ်တပ်က ဝင်ရောက်စီးနင်းခဲ့ပြီး ၎င်းနှင့် ၎င်း၏သားဖြစ်သူတို့ကို ခေတ္တထိန်းသိမ်းထားခြင်းကြောင့် စစ်တပ်၏ ယင်းလုပ်ရပ်ကို လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ပြစ်တင်ရှုတ်ချခဲ့သည်။ SukanyaPrueksakasemsuk၏ခင်ပွန်းဖြစ်သူ Somyot သည် ထိုင်းနိုင်ငံ၌ တော်ဝင်



**ထိုင်းအာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြနေသည့် ပြည်သူတစ်ဦး။** ဓာတ်ပုံ-အေအက်ဖ်ပီ

မျိုးနွယ်များနှင့်ပတ်သက်ပြီး တင်းကျပ်စွာပြဋ္ဌာန်းထားသည့် ဥပဒေများအရ ထိုင်းတော်ဝင်မျိုးနွယ်များကို စော်ကားသည့်ပြစ်မှုဖြင့် ပြီးခဲ့သည့်နှစ်က ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခံခဲ့ရသည်။

ထိုင်းစစ်တပ်နှင့် အနီးကပ်ဆက်ဆံရေးရှိသည့်ဟု ယခင်ကတည်းက ယူဆခံထားရသည့် ပညာတတ်များနှင့် သတင်းထောက်များပင် ဆင့်ခေါ်ခြင်းခံခဲ့ရသော်လည်း ၎င်းတို့ထဲမှ အချို့ကို စစ်တပ်က ထိန်းသိမ်းခဲ့ခြင်းမရှိပေ။

နိုင်ငံရေးသမားလည်းဖြစ်၊ တက်ကြွလှုပ်ရှားသူလည်းဖြစ်သည့် ဂျာတူပွန်း ပရွှန်ပန်က "ကျွန်တော်တို့ ဘယ်နေရာရောက်နေလဲဆိုတာ မသိပါဘူး" ဟု စစ်တပ်က ထုတ်ပြန်သည့် ဗီဒီယိုဖိုင်ထဲတွင် ပြောကြားထားသည်ကို တွေ့ရသည်။

သက်ဆင်ဆန့်ကျင်ရေးလှုပ်ရှားမှု၌ ဦးဆောင်ခဲ့သူများကို ပြန်လွှတ်ပြီး နှစ်ရက်အကြာတွင် ရှပ်နီခေါင်းဆောင်အချို့ကို မေလ ၂၈ ရက်နေ့က စစ်တပ်က ပြန်လွှတ်ပေးခဲ့သည်။

ထိန်းသိမ်းခံရသူများကို ရိုက်နှက်ခြင်း၊ သို့မဟုတ် ညှဉ်းပန်းခြင်းများမလုပ်ကြောင်း စစ်တပ်က အခိုင်အမာ ပြောဆိုထားသည်။

"သူတို့ထဲကတချို့ကို ကျွန်တော်တို့ မထိန်းသိမ်းရင် ပဋိပက္ခကို ပိုပြီး ကြီးထွားစေချင်တဲ့လူတွေကြောင့် သူ့တို့အတွက် အန္တရာယ်ရှိကောင်း ရှိနိုင်ပါတယ်" ဟု အာဏာပိုင်များ၏ မေလ ၂၇ ရက်နေ့ နှောင်းပိုင်းက ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့ပြင် ပဋိပက္ခကို ပိုမိုကြီးထွားစေရန် လှုံ့ဆော်သည့် သို့မဟုတ် စစ်တပ်အာဏာပိုင်များအတွက်အရေးထားရမည့် အကြောင်းအရာမျိုးကို မည်သည့်သတင်းမီဒီယာများ၌မဆို တွေ့ရှိရပါက ပိတ်ပင်သွားမည်ဖြစ်ကြောင်း ထိုင်းစစ်တပ်ကသတိပေးပြောကြားထားသည်။

ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်တွင် ထိုင်းနိုင်ငံရေးသုတေသီတစ်ဦးဖြစ်ပြီး သံတမန်ဟောင်းတစ်ဦးဖြစ်သူ ပညာရှင် ပါဗင်ချာချာဘယ်လ်ပေါင်ပန်က သူသည် ပြည်ပတွင် အခြေစိုက်သူများထဲမှ တစ်ဦးတည်းသော ဆင့်ခေါ်ခံရသူဖြစ်ပြီး စစ်အစိုးရက ပထမတန်းလေယာဉ်လက်မှတ်မပေးမချင်း ၎င်းတို့၏ဖိတ်ကြားချက်ကို လက်မခံဟု ငြင်းဆိုခဲ့သည်။

**(အေအက်ဖ်ပီ)**

**ဝင်းသော်တာ ဘာသာပြန်သည်။** ■










THE MYANMAR TIMES မြန်မာတိုင်း
Mandalay
■ ပြည်တွင်း
သောကြာနေ့၊ မေ ၃၀ - ဇွန် ၅၊ ၂၀၁၄

# ဧရာဝတီမြစ်စိုးရိမ်ရေမှတ် ဇွန်လလယ်ခန့်၌ စတင်ရောက်ရှိနိုင်

ဖြိုးဝေကျော်နှင့် လှိုင်ကျော်စိုး

**မန္တလေးမြို့၏** ဧရာဝတီမြစ်ရေမှာ စိုးရိမ်ရေမှတ်သို့ လာမည့် ဇွန်လလယ်ခန့်ရောက်မှသာ စတင်ရောက်နိုင်ဖွယ်ရှိကြောင်း ချမ်းအေးသာစံမြို့နယ်မှ တာဝန်ကျ ရေကင်းမှူးက ယခုလ ၂၇ ရက်တွင် ပြောသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန (မန္တလေးမြို့)က မေ ၁၀ ရက်နံနက် တိုင်းထွာချက်များအရ လာမည့် လေးရက်မှ ခြောက်ရက်အတွင်း မန္တလေး၊ စစ်ကိုင်း၊ ပခုက္ကူနှင့် ညောင်ဦးမြို့တို့တွင် လက်ရှိရေအမှတ်များအထက် ရှစ်ပေမှ ကိုးပေခန့် မြင့်တက်လာနိုင်ကြောင်း ထုတ်ပြန်ထားသည်ဟု ယခုလဒုတိယပတ်အတွင်း မန္တလေးမြို့ခံ သတင်းစာများတွင် ဖော်ပြထားသည်။

အဆိုပါရက်များအတွင်း မြစ်ရေတက်ခြင်းရှိခဲ့သော်လည်း ယခုအခါ ပုံမှန်အနေအထားသို့ ပြန်လည်ကျဆင်းနေကာ လာမည့် ဇွန်လလယ်ခန့်ရောက်မှသာ တဖြည်းဖြည်း ပြန်လည်မြင့်တက်လာနိုင်ကြောင်း ချမ်းအေးသာစံမြို့နယ်ရှိ ရေကင်းအမှတ် (၁)မှ ရေကင်းမှူးဦးဝင်းသန်းလှိုင်က ပြောသည်။

"ပြီးခဲ့တဲ့ရက်တွေမှာ မြစ်ရေတက်တာက အထက်ပိုင်းဒေသတွေမှာ မိုးများလို့ တက်ခဲ့တာပါ။ အခုတော့ ပြန်ကျသွားပါပြီ။ ထူးခြားတဲ့ မြစ်ရေအမှတ်တွေက နှစ်စဉ်ဇွန်လလယ်လောက်မှာ ပုံမှန်စတက်တတ်ပါတယ်" ဟု ၎င်းကပြောသည်။

မှတ်တမ်းများအရ မန္တလေးမြို့တွင် ဧရာဝတီမြစ်ရေမှာ သုံးနှစ်လျှင် တစ်ကြိမ် စံချိန်တင် တက်လေ့ရှိသော်လည်း ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် မတက်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်တွင်မူ မြို့ကန်ပတ်လမ်းကိုကျော်ပြီး မြို့တွင်းသို့ မြစ်ရေဝင်မလာစေရန် တမံများ ပိတ်ဆို့တားဆီးကာ စောင့်ကြည့်ရသည်အထိ မြစ်ရေတက်ခဲ့ကြောင်း သိရသည်။

မန္တလေးမြို့၏ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်မှာ ၂၃၀ ဒသမ ၇၄ ပေ ၁,၂၆၀ စင်တီမီတာ ဖြစ်ပြီး ယခင်က စံချိန်တင် မြစ်ရေကြီးမှုမှတ်တမ်းများအရ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လနောက်ဆုံးပတ်တွင် ၂၃၄ ဒသမ ၇၄ ပေ၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် ၂၃၂ ဒသမ ၅၈ ပေသို့ ရောက်ရှိခဲ့သည်။ သို့ရာတွင် ပြီးခဲ့သော ၂၀၁၃ ခုနှစ်၌မူ ဇူလိုင်လ ၃၀ ရက်နေ့အထိတိုင်းထွာချက်အရ ၂၂၃ ဒသမ ၉၂ ပေသာရှိကြောင်း သိရသည်။ ■



**ဧရာဝတီမြစ်အတွင်း ရပ်နားထားသော စက်တပ်လှေများနှင့် ခရီးသည်တချို့ကို ယခုလ ၂၇ ရက်က တွေ့ရစဉ်။** ဓာတ်ပုံ - ဖြိုးဝေကျော်

# တရားစီရင်ရေး ပြုပြင်ပြောင်းလဲရေးဆိုင်ရာ စာတမ်းအား လွှတ်တော်သို့ တင်မည်

ခင်သုဝေ

**မြန်မာ့ဥပဒေ** အထောက်အကူပြုကွန်ရက်က တရားစီရင်ရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ စာတမ်းကို ယခုနှစ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် လွှတ်တော်သို့ တင်သွင်းသွားမည်ဖြစ်ကြောင်း အဆိုပါကွန်ရက်ဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးလှကိုက မြန်မာတိုင်း(မ်)ကို ပြောသည်။

"၁၉၆၆ ဝန်းကျင်ကတည်းက တရားစီရင်ရေးပိုင်းကို ဆောင်ရွက်လာခဲ့ဖူးတယ်။ တရားရုံးမှာ အမှားမရှိဘူးဆိုတာ မဖြစ်နိုင်ဘူး။ လက်ရှိဖြစ်နေတဲ့စနစ်အရ အမှားတွေဟာ အမှားအတိုင်းပဲ ဆက်ရှိနေတယ်။ မဆလ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ)ခေတ်မှာဆိုရင် တရားရုံးချုပ်ကနေ လွှတ်တော်ကို ဘယ်နှစ်မှ စစ်ပြီးပြီ။ လူဘယ်နှစ်ယောက် ထပ်ခန့်တယ် စသည်ဖြင့် အစီရင်ခံစာ တင်ပြရတယ်။ အခုခေတ်မှာ အပြန်အလှန်ထိန်းကျောင်းမှုကို လုံးဝ မတွေ့ရဘူး။ အဲဒါတွေနဲ့ပတ်သက်ပြီး ဒီနှစ်အတွင်း စာတမ်းကို လွှတ်တော်ကိုရော သမ္မတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်ဆီကိုပါ တင်ဖို့ ရှိတယ်" ဟု ၎င်းက ဆိုသည်။

နိုင်ငံ၏ အဓိကကျသည့် မဏ္ဍိုင်ကြီးသုံးရပ်အနက် တရားစီရင်ရေးမဏ္ဍိုင်သည် ဦးသိန်းစိန် အစိုးရ လက်ထက်တွင်လည်း တရားစီရင်ရေးဆိုင်ရာ အားနည်းနေသလို တရားဥပဒေဆိုင်ရာ စိုးမိုးမှု အားနည်းနေသေးသည်ဟု ဆိုသည်။

"အောက်ခြေအဆင့်ဆင့်ကို ကြီးကြပ်မှု အားနည်းတယ်ဆိုတာ တိုင်းတရားသူကြီးတောင် သူလက်အောက်က တရားသူကြီးကို ခန့်လို့မရဘူး။ ဗဟိုက တိုက်ရိုက်ခန့်ထားတာဖြစ်တော့ ပိုဆိုးတယ်။ သူ့အနေနဲ့ အရေးလည်း မယူနိုင်ဘူး။ အရင်တုန်းက ကျွန်တော်က အမှားလုပ်တာကို အထက်က ခင်ဗျား အဘယ်ကြောင့် ဥပဒေနှင့် မညီတာ လုပ်ပါသလဲ။ ထုချေလွှာ တင်ပါဆိုရင် ထုချေလွှာ တင်ရတယ်။ အခုလိုမျိုး မရှိဘူး။ အထက်အဆင့် တရားသူကြီးကိုလည်း လွှတ်တော်က သော်လည်းကောင်း၊ သမ္မတက သော်လည်းကောင်း ကြီးကြပ်မှု ရှိမနေဘူး" ဟု ဦးလှကိုက ပြောသည်။

"အမှုတစ်မှုဆိုရင် မဆလခေတ်ဗဟိုတရားရုံးလက်ထက်က ဒီနေ့ကြားနာရင် နက်ဖန် အမိန့်ချတယ်။ မဆလ မတိုင်မီ ၁၉၄၈ ပါလီမန် စနစ်မှာလည်း စီရင်ချက်တစ်ခုကို အမိန့်ချတာမှာ မကြာဘူး။ အခုကျတော့ တရားလွှတ်တော်ချုပ်က ၁၁ လနေမှ၊ ကိုးလနေမှ အမိန့်ချတယ်။ တရားခွင်မှာ တစ်ဖက်က မေးခွန်းတစ်ခု မေးချင်တယ်။ အခြားတစ်ဖက်က ဒီမေးခွန်း မမေးရဘူးလို့ ကန့်ကွက်တယ်။ မေးရမယ်၊ မမေးရဘူးဆိုတာကို မိနစ်ပိုင်းအတွင်း အမိန့်ချမယ့်ဟာကိုမချပဲနဲ့ နှစ်ဖက်လျှောက်လွဲချက်ကိုယူတယ်။ မေးခွန်းလေး မေးခွင့်ပြုသင့်၊ မပြုသင့်ဆိုတာကို တစ်လခွဲ၊ နှစ်လလောက်ကြာတယ်။ အမှုကို အနိုင်ပေးသင့်၊ အရှုံးပေးသင့်တောင် မဟုတ်ဘူး။ ဒီမေးခွန်းလေး တစ်ခွန်းကိုပဲ ရက်ချိန်းတွေ အလီလီတွေပေးနေရတာ။ အဲဒီလိုမျိုးတွေကအစ အကုန်လုံး အချက်အလက်တွေကို ကောက်ပြီး စာတမ်းတင်မှာဖြစ်ပါတယ်။ နောက်ပြီး ထိုင်း၊ စင်ကာပူ၊ တောင်အာဖရိကက ရှေ့နေတွေရဲ့ လုပ်ထုံးလုပ်နည်းတွေကို လေ့လာပြီးတော့ တစ်နိုင်ငံလုံးက ရှေ့နေတွေဆီက အကြံဉာဏ်ယူမယ်။ နောက်ပြီး လွှတ်တော်ဆီကို အစီရင်ခံစာ တင်မယ်" ၎င်းက ဆိုသည်။

တရားစီရင်ရေးဆိုင်ရာ အားနည်းယိမ်းယိုင်မှုနှင့်အတူ တရားရုံးအဆင့်ဆင့်တွင် လာဘ်ပေးလာဘ်ယူမှု ရှိနေဆဲပင်ဖြစ်ပြီး အမှုပေါင်း ၁၀၀ တွင် ၈၀ ကျော်မှာ လာဘ်ပေးလာဘ်ယူမကင်းဟု ဥပဒေပညာရှင်များက သုံးသပ်ခဲ့ကြသော်လည်း တစ်နှစ်အတွင်း တရားစီရင်ရေးနှင့် ပတ်သက်၍ လာဘ်ပေး လာဘ်ယူမှု သုံးမှုသာရှိခဲ့ကြောင်း နဝမကြိမ်မြောက် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် သယ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ မေးမြန်းမှုအပေါ် ပြည်ထဲရေးဝန်ကြီးမှ စာဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

"၁၉၄၈ ခုနှစ် ဝန်ရှင်တော်အမိန့် ထုတ်ဘူးတယ်။ လာဘ်စားတာတောင် မမိရင်တောင်မှ သူ့ရဲ့အနေအထိုင် ပလွှားသလား။ စစ်ရမယ်လေ။ တိုက်ဆောက်တာကအစ စိစစ်ရမယ်လေ။ နောက်ပြီး အဲဒီတုန်းက တရားလွှတ်တော်ချုပ်မှာ တရားသူကြီးတွေက ဝတ်လုံတော်ရတွေချည်းပဲ။ အဲဒီလူတွေက တရားစီရင်တာတောင် ချက်ချင်းတက်ပြီး တရားစီရင်လို့ရတာ မဟုတ်ဘူး။ လုပ်သက် ၂၀၊ ၃၀ ရှိတာတောင် တရားလွှတ်တော်ချုပ်မှာ ခန့်မယ်ဆိုရင် လွှတ်တော်မှာ ဒီလူက တကယ်အတွေ့အကြုံရှိလား၊ ဆက်ဆံရေး၊ လာဘ်စားရောကင်းရဲ့လားစသဖြင့် စစ်ဆေးခံရတယ်။ အခုကျတော့ တရားသူကြီးဆိုတာ ဘွဲ့ရလို့ တစ်လ သင်တန်းတက်လိုက်၊ စာမေးပွဲဖြေလို့အောင်တယ်ဆိုရင် တရားသူကြီးတန်းဖြစ်တာ။ ချက်ချင်းကို တက်ဖြစ်တာ" ဦးလှကိုက ထပ်မံပြောကြားခဲ့သည်။

တရားစီရင်ရေးစနစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စများကို လွှတ်တော်တွင် ဆွေးနွေးမှုများ တွေ့ရသကဲ့သို့ တရားသူကြီးများ၏ အရည်အချင်း သတ်မှတ်ခြင်းနှင့် စာချွန်လွှာ အမိန့်ကို ပြန်လည်အသက်သွင်းရန် ကြိုးစားမှုများ မြင်တွေ့ရသော်လည်း တရားစီရင်ရေး တည့်မတ်ရန် အားနည်းနေဆဲ ဖြစ်သည်ဟု အများစုက သတ်မှတ်ခဲ့ကြသည်။ ■



# ပြောင်းရွှေ့ခဲ့ရသည့် စိမ့်စမ်းရည်ပရဟိတကျောင်း အခက်ကြုံ



**စည်သူလွင်**
ရေးသားသည်။

**စိမ်းစိုသာယာနေသည့်** တောင်တန်းကြီးများ အလယ်ရှိ တောင်ခြေမြေကွက်လပ်တစ်ခုတွင် အပူချိန် ၄၀ ဒီဂရီ စင်တီဂရိတ်အထက်ရှိသော မေလ၏ နေအပူဒဏ်ကို အံတုပြီး ကိုရင်ငယ်လေးများ နှင့် မယ်သီလရှင်လေးများ အပူအပင်ကင်းစွာ ဆော့ကစားနေကြသည်။ အချို့မှာ မိုးကာစအုပ်ထားသော လေးတိုင်စင်တဲငယ်လေးများထဲတွင် စာဖတ်သူဖတ်၊ လှဲလျောင်းသူလှဲ၊ စကားပြောသူပြော၊ ဆော့ကစားသူကစားဖြင့် သက်ဝင်လှုပ်ရှားနေကြသည်။

ကိုရင်ငယ်လေးများ နှင့်မယ်သီလရှင်ငယ်လေးများ၏ သက်နိုးအဝတ်များမှာ နွမ်းညစ်ပေတေနေသော်လည်း ၎င်းတို့၏ အပြုံးပုံရိပ်များမှာ ဖြူစင်သန့်ရှင်းလွန်းလှသည်။

အဆိုပါကိုရင်ငယ်လေးများနှင့် မယ်သီလရှင်လေးများမှာ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ 'လဘို့'တောင်ခြေတွင် ကျူးကျော်နေထိုင်သတင်းသုံးသည်ဟု ဆိုကာ မြို့နယ် သံဃနာယကအဖွဲ့မှ နေရာပြောင်းရွှေ့ခိုင်းသဖြင့် နှမ်းကြဲကျေးရွာအုပ်စု မြေကွက်လပ်တစ်ခု အတွင်းတွင်အဆောက်အဦးမဲ့ဖြင့် နေထိုင်နေကြရသော စိမ့်စမ်းရည် ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို မှီခိုနေရသူများပင်ဖြစ်သည်။

စိမ့်စမ်းရည် ပရဟိတ ဘုန်းတော်ကြီးသင် ကျောင်းလေးမှာ ၂၀၀၇ ခုနှစ်မှ စတင်၍ ပရဟိတ အနေဖြင့် ဒေသခံ လူငယ်များကို ပညာသင်ကြားပေးခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ နှင့်သာသနာတော်ထွန်းကားပြန့်ပွားရေးအဖွဲ့ မှ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအဖြစ် အသိအမှတ်ပြုသဖြင့် ပုသိမ်ကြီးမြို့နယ်အတွင်းတွင် အမှတ်(၂၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတစ်ကျောင်း ဖြစ်လာခဲ့သည်။

စိမ့်စမ်းရည် ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းလေးတွင် ၂၀၁၄-၁၅ ခုနှစ် အရောက် ကျောင်းသားအင်အား ၁၀၀ နီးပါး ထိရောက်ရှိခဲ့ပြီဖြစ်သည်။ အဆိုပါ ပရဟိတ ကျောင်းလေးသို့ မေလ ၁၆ ရက်နေ့က မမျှော်လင့်သော ကံကြမ္မာဆိုးတစ်ခုဝင်ရောက်လာခဲ့ပြီး အေးချမ်းနေသော ပရဟိတကျောင်းလေးကို ရိုက်ခတ်ခဲ့သည်။

"ကိုယ်ပိုင်တဲ့ မြေလဲမဟုတ်ခဲ့ပါဘူး။ ကျောင်းနေရာ ဖယ်ပေးလိုက်ရတဲ့အတွက် မြင်တဲ့အတိုင်းပဲ အစားအသောက်၊ အသွားအလာ၊ သောက်သုံးရေနဲ့ နေရာထိုင်ခင်း အခက်အခဲကတော့ လိုအပ်ချက်များစွာထဲကမှအဓိကပဲ" ဟု ကျောင်းအုပ်ဆရာတော် ဦးဥတ္တမကမိန့်သည်။

ယခင် 'စိမ့်စမ်းရည်' ကျောင်းလေးတည်ရှိရာ 'လဘို့'တောင်ခြေတွင် အခိုင်အမာ အဆောက်အအုံ မဟုတ်သော်လည်း စာသင်သားများ အဆင်ပြေစေရန်အတွက် ရရှိခဲ့သော အလှူငွေများဖြင့် အဆောက်အအုံ လေးဆောက်ကို ကျောင်းအုပ်ဆရာတော်က ဆောက်လုပ်ခဲ့သည်။ ကျောင်းထိုင်ဆရာတော်အပါအဝင် သံဃာသုံးပါး၊ ပညာရှာဖွေ သင်ကြားနေသော ရှင်သာမဏေငယ် အပါး ၅၀ ကျော်၊ မယ်သီလရှင်အပါး ၄၀ ကျော်နှင့် ပညာဒါန အဖြစ် သင်ကြားပေးနေသော ဆရာမ ငါးဦးတို့မှာ ကျောင်းပြောင်းရွှေ့ခဲ့ရသဖြင့် နေထိုင်စရာ အခက်အခဲများနှင့် ရင်ဆိုင်နေကြသည်။

'စိမ့်စမ်းရည်' ပရဟိတကျောင်းလေးမှာ မူလတန်းကျောင်းဖြစ်သဖြင့် မူလတန်းကျောင်းသားများကိုသာ သင်ကြားပေးနေပြီး အလယ်တန်းနှင့် အထက်တန်းအဆင့် ရောက်ရှိခဲ့သော ကျောင်းသားများကို ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းသို့ပို့ဆောင်ကာ ဆက်လက်ပညာသင်ကြားနိုင်ရန်ဆရာတော်မှ ကြိုးစားဆောင်ရွက်ခဲ့သည်။

"ဖောင်တော်ဦး ကျောင်းသွားဖို့ တစ်ဦးကို ကားခ ၂၀၀ ကျပ်ပဲ ပေးနိုင်တယ်။ ၂၀၁၃ ခုနှစ် ပညာသင်နှစ်မှာ ဖောင်တော်ဦး ကျောင်းကို ကျောင်းသား ၁၅ ပါးကို သင်ကြားပေးနိုင်ခဲ့တယ်။ ဒီနှစ်ဆိုရင်တော့ အပါး ၄၀ လောက်ထိရှိလာပြီ။ ကျောင်းသားတွေကို မုန့်ဖိုးမပေးနိုင်ဘူး"ဟု ဆရာတော် ကမိန့်သည်။

ပညာသင်ကြားနေသော ကျောင်းသား ၁၀၀ ခန့်မှာ အသက်လေးနှစ်မှ ၁၅ နှစ်ဝန်းကျင်များဖြစ်ပြီး ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မိဘမဲ့ကလေးများနှင့် ချို့တဲ့မိဘများ၏ ကလေးများလည်းဖြစ်သည်။

စိမ့်စမ်းရည် ကျောင်းတွင် နေထိုင်ပညာသင်ကြားခဲ့ရင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သော ကျောင်းသူလေးတစ်ဦးမှလည်း ပညာဒါနအဖြစ် ကျောင်းရှိကလေးငယ်လေးများကို ပြန်လည်ပညာသင်ကြားပေးနေသည်။

"ငယ်ငယ်က ဖြစ်ချင်နေခဲ့တာကတော့ သူနာပြုပါ။ အခုတော့ ဘုန်းဘုန်းကျောင်းမှာ နေရင်းနဲ့ ကလေးငယ်လေးတွေကို ပြန်ပြီးတော့ စာပြပေးနေတယ်။ ကလေးတွေကို စာသင်ပေးရင်းနဲ့ သူတို့ရဲ့ တစ်ကိုယ်ရည် ကျန်းမာရေး၊ သန့်ရှင်းရေးတွေကို လုပ်ပေးနေရတာကလဲ သူနာပြုစုခြင်း တစ်ခုဖြစ်တဲ့အတွက် ကျေနပ်နေမိပါတယ်။ ဘုန်းဘုန်း နေခိုင်းတဲ့အချိန်ထိ ဒီကျောင်းမှာဆက်ပြီး ပညာဒါနပြုသွားမယ်" ဟု အသက်အရွယ် ၂၀ နှစ်ခန့်သာရှိသော မယ်သီလရှင် ဒေါ်စန္ဒာက ပြောသည်။

"ဒီနှစ်နွေရာသီကျောင်းပိတ်ရက်မှာ ကလေးတွေအတွက် ကွန်ပျူတာသင်တန်းနဲ့ အခြေခံ အင်္ဂလိပ်စကားပြောသင်တန်း မပေးလိုက်ရဘူး။ အခု ကျောင်းဖွင့်ရာသီမှာ ကလေးတွေ ပညာသင်ကြားနိုင်ဖို့ အဆင်မပြေနိုင်သေးဘူး။ အဆောက်အဦး၊ နေရာထိုင်ခင်းနဲ့ သင်ထောက်ကူပစ္စည်းတွေလည်းလိုအပ်နေသေးတယ်" ဟု ပညာဒါန သင်ကြားပေးနေသော ဆရာမလေး တစ်ဦးက ပြောသည်။

လေးတိုင်စင် မိုးကာတဲများအနီး မြေပြင်တွင် ချက်ပြုတ်ရန်ပြင်ဆင်ထားသော ဂေါ်ဖီထုတ် နှင့် ပန်းမုန်လာများမှာ ကျောင်းသားများ၏ ဟင်းလျာအတွက် အဓိက ဇာတ်ကောင်များဖြစ်ပြီး အာဟာရပြည့်ဝသည့်အသား၊ ငါးဟင်းမှာ အိမ်မက်တစ်ခုသဖွယ် ဖြစ်နေသည်။

"စားလို့ရတဲ့ အသီးအရွက်မှန်သမျှ စုပေါင်းလိုက်ပြီးချက်တယ်။ ချက်တယ်ဆိုတဲ့ အမည်ပဲခံတယ်။ တစ်ကယ်တော့ ရေလုံပြုတ်ပါပဲ။ တစ်ခါတစ်လေ အလှူရှင်လေးရှိမှ သပွတ်ဟင်းလေးနဲ့ စားရတယ်။ အိမ်မက်ထဲမှာတော့ အသားဟင်းနဲ့ နေ့တိုင်းစားရတယ်" ဟုငယ်ရွယ်စဉ်ကပင်ကျောင်းတွင် နေထိုင် ပညာသင်ကြားခဲ့သော အသက် ၁၆ နှစ်ရှိ ရှစ်တန်းကျောင်းသား ကိုရင်ပဏ္ဍိတက ပြောသည်။

မိုးဦးကျချိန် ကျောင်းဖွင့်ရာသီရောက်တော့မည်ဖြစ်သဖြင့် ကလေးငယ် ၁၀၀ ဝန်းကျင်အတွက် လုံလောက်သည့် အဆောက်အဦး၊ အမိုးအကာ၊ အစားအစာ၊ သောက်သုံးရေ အခက်အခဲများကို ကျောင်းထိုင် ဆရာတော်မှ တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်နေသော်လည်း အလှူရှင်များ၏ ကူညီပံ့ပိုးမှုများကို လိုအပ်လျက်ရှိသည်။ ■



နေရာရွှေ့ပြောင်းခဲ့ရသော 'စိမ့်စမ်းရည်' ပရဟိတ ဘုန်းတော်ကြီးသင်ကျောင်းမှ ကိုရင်လေးများကိုတွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

# မိုးစပါး စိုက်ပျိုးစရိတ် ချေးငွေအတိုးနှုန်း ငါးရာခိုင်နှုန်းအထိ လျှော့ချပေးသွားမည်

ကျော်ကိုကို

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က** လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် တောင်သူများကို ထုတ်ချေးပေးနေသော ချေးငွေများကို ယခုနှစ်တွင် အတိုးနှုန်းလျှော့ချ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မန္တလေးတိုင်းဒေသကြီး မန်နေဂျာက ပြောသည်။

ယခင်နှစ်က စိုက်ပျိုးစရိတ်ချေးငွေများကို ငွေ ၁၀၀ ကို တစ်နှစ်လျှင် ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးခဲ့ပြီး ယခုနှစ်တွင် ငွေတစ်ရာကို ငါးရာခိုင်နှုန်းအထိ လျှော့ချထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးမန်နေဂျာ ဒေါ်ခင်ပြုံးရည်က ပြောသည်။

"လွန်ခဲ့သောနှစ်က တစ်လကို ၇၁ ပြားနှုန်းကျသင့်တာကနေ ယခုနှစ်မှာ ငွေတစ်ရာကို ၄၂ ပြားနှုန်းပဲကျသင့်သွားမှာပါ။ အရင်က တောင်သူတွေကို ၈ ဒသမ ၅ ရာခိုင်နှုန်းကနေ ငါးရာခိုင်နှုန်းအထိ လျှော့ချချေးပေးသွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးတွင် လွန်ခဲ့သည့် မိုးစပါးစိုက်ရာသီ၌ မိုးချေးငွေအဖြစ် မြန်မာငွေကျပ်သန်း ၆၇,၈၉၈ ဒသမ ၁၄ သန်း ထုတ်ချေးပေးခဲ့ပြီး ယခုနှစ်တွင် ၇၃,၉၁၄ ဒသမ ၃၆ သန်းထိ တိုးမြင့်ချေးပေးရန်လျာထားကြောင်း၊ တောင်သူများ၏ လက်ဝယ်သို့ ချေးငွေ အမြန်ဆုံးရောက်ရှိအောင် ကြိုးပမ်းလျက်ရှိပြီး ဇွန်လနောက်ဆုံးပတ်တွင် စတင်ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

သို့သော် ၂၀၁၃ ခုနှစ်အတွင်းက ထုတ်ချေးခဲ့သည့်ချေးငွေများကို ၂၀၁၄ ခုနှစ် မတ်လ အကုန်ခန့်က ပြန်ဆပ်ရန် သတ်မှတ်ထားသော်လည်း လက်ရှိအချိန်အထိ ချေးငွေပြန်ဆပ်ရန် ကျန်ရှိနေသေးသည့်တောင်သူများရှိသည့် မြို့နယ်များလည်းရှိကြောင်း အဆိုပါမြို့နယ်များမှာ ကျောက်ဆည်၊ ဝမ်းတွင်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်မြို့နယ်တို့ဖြစ်ကြောင်းသိရသည်။

၎င်းချေးငွေပြန်ဆပ်ရန် ကျန်ရှိနေသေးသော တောင်သူများအနေဖြင့် မူလသတ်မှတ်ထားသော အချိန်ကျော်လွန်မှ ပြန်ဆပ်ပါကမူ လချေးငွေ၏ အတိုးနှုန်းအပြင် တစ်လလျှင် ကျပ် ၁၀၀ အတွက် တစ်ကျပ်နှုန်းဖြင့် ဒဏ်တိုးထပ်မံပေးဆောင်ရမည်ဖြစ်ကြောင်း၊ ချေးငွေကိုပြန်လည်မဆပ်နိုင်သည့် တောင်သူများကို လာမည့်ရာသီအသစ်အတွက် ချေးငွေကို ထုတ်ပေးသွားမည်မဟုတ်ကြောင်း ဒေါ်ခင်ပြုံးရည်က ဆက်လက်ပြောသည်။

"အရင်ကြွေးဟောင်းတွေကျေမှ နောင်ချေးငွေအသစ်ကို ထုတ်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့လည်း အမြန်ဆုံးပြန်ဆပ်စေချင်ပါတယ်။ ဒါမှလည်း နောင်ရာသီအတွက် အမြန်ဆုံးထုတ်ပေးနိုင်မှာပါ။ တချို့ကလည်း အဆင်မပြေတာတွေတော့ ရှိပါတယ်" ဟု ၎င်းက ပြောသည်။

ယခုလက်ရှိတွင် မိုးစပါးချေးငွေများကို တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့်ထုတ်ချေးပေးလျက်ရှိပြီး မိုးစပါးသီးနှံ၊ မိုးကြိုသီးနှံ၊ ဆောင်းသီးနှံအတွက် သုံးကြိမ်ထုတ်ပေးလျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ် မိုးစပါးရာသီအတွက် ယခုလ ၂၆ ရက်နေ့အထိ ၉၈ ဒသမ ၁၃ ရာခိုင်နှုန်း ကောက်ခံရရှိထားကာ ကျပ်သန်း ၁,၂၀၀ ကျော် ရရှိရန် ကျန်ရှိနေသေးသည်ဟု ၎င်းက ပြောသည်။ ■



**ရွှေဆိုင်တစ်ဆိုင်တွင် ခင်းကျင်းပြသထားသော ရွှေထည်ပစ္စည်းများကို ယခုနှစ်ဆန်းပိုင်းက တွေ့ရစဉ်။** ဓာတ်ပုံ - ကောင်းထက်

# ရောင်းသူရော ဝယ်သူအတွက်ပါ အဆင်ပြေတဲ့ လက်ရှိ ရွှေဈေးကွက်

ကြေးမုံဝင်း

**ရွှေတစ်ကျပ်သားကို** ကျပ် ၆၆၀,၀၀၀ ဝန်းကျင်မှာ အချိန်နှစ်လကျော်ကြာ ငြိမ်သက်နေတဲ့ လက်ရှိဈေးကွက်ဟာ ရောင်းသူရော ဝယ်သူအတွက်ပါ အဆင်ပြေစေတဲ့ ဈေးကွက်မျိုးဖြစ်တယ်လို့ အောင်သမာဓိရွှေဆိုင်က ဦးအောင်က သုံးသပ်ပြောကြားပါတယ်။

"လက်ရှိဈေးကွက်က ကျပ် ၆၆၀,၀၀၀ မှာ အချိန်အတော်ကြာနေပြီလို့ ပြောရမှာပေါ့။ ဒီလထဲမှာ ရောင်းအားက ၁၅ ရာခိုင်နှုန်းလောက်တော့ ကျသွားတယ်။ ဈေးအေးနေတာကြောင့် အတက်အကျပေါ်မူတည်ပြီး ဈေးကစားဖို့လုပ်နေတဲ့လူမျိုးက မဝယ်တော့ဘူး။ အထူးသဖြင့် တက်မယ်ထင်လို့ လိုက်ဝယ်နေတဲ့လူမျိုး မရှိတော့ဘူး။ ပုံမှန် ငွေပိုလို့ ရွှေစုတဲ့လူ၊ တစ်ရွေးချင်းဝယ်တဲ့လူမျိုးကပဲ ဝယ်တော့တယ်။ ဒါပေမဲ့ ဒီအခြေအနေက ကျွန်တော်တို့လို ရောင်းတဲ့လူတွေအတွက် ကောင်းတဲ့ အခြေအနေမျိုးပါ။ လူတွေက ရွှေဈေး အတက်အကျကြမ်းရင် ရွှေသမား စားရတယ်လို့ ထင်နေကြတာ။ အခုလို မှန်မှန်လေးသွားမှ ရွှေသမားအတွက် လုပ်ရကိုင်ရတာ အဆင်ပြေတာပါ။ ဈေးများသွားလို့ နည်းသွားလို့ဆိုတဲ့ ပြဿနာတွေလည်း မရှင်းရတော့ဘူး။ ကျွန်တော့်အနေနဲ့ကတော့ လက်ရှိအခြေအနေမျိုးကို ကြိုက်ပါတယ်။ ဈေးအပြောင်းအလဲမမြန်တဲ့အတွက် ဝယ်သူအတွက်လည်း ကိုယ်ကြိုက်တဲ့အချိန်မှာ ကြိုက်သလောက် အေးအေးဆေးဆေး ဆုံးဖြတ်ဝယ်ယူနိုင်တယ်။ ဈေးအမြင့်နဲ့ ပိုက်မိနေတဲ့သူတွေလည်း ရှိပေမယ့် အဲဒီလူတွေကလည်း အတက်အကျမှာ ဈေးကစားပြီး အမြတ်ရပြီးသား လူတွေ များပါတယ်။ ဒါကြောင့် လက်ရှိရွှေဈေးက ဘယ်သူ့ကိုတော့ဖြင့် ထိခိုက်နိုင်တယ်လို့ ပြောမရပါဘူး"လို့ သူက ပြောပါတယ်။

မြန်မာ့ရွှေဈေးဟာ ၂၀၁၂ ခုနှစ်တုန်းက အမြင့်ဆုံးဖြစ်ခဲ့တဲ့ တစ်ကျပ်သား ကျပ် ၇၈၀,၀၀၀ ဆိုတဲ့ဈေးကို ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် တစ်နှစ်လုံးပြန်မရောက်ရှိခဲ့တဲ့အပြင် ၂၀၁၄ ခုနှစ်မှာလည်း အခုလို တစ်ကျပ်သားကို ကျပ် ၆၆၀,၀၀၀ နဲ့ လအတန်ကြာ ငြိမ်သက်နေခဲ့ပါတယ်။ မေလ ၂၇ ရက်နေ့မှာတော့ ရွှေတစ်ကျပ်သားကို ကျပ် ၆၆,၁၅၀၀ ဝန်းကျင် ပေါက်ဈေး ရှိနေပါတယ်။

လက်ရှိငြိမ်သက်နေတဲ့ ရွှေဈေးကြောင့် ရွှေအတုံးအခဲစုသူတွေထက် ရွှေအလဲအထပ်လုပ်သူတွေ၊ လက်ဝတ်ရတနာ ဝယ်ယူသူတွေကတော့ ဈေးတက်နေတဲ့အချိန်မှာထက် ပိုများတယ်လို့လည်း အောင်သမာဓိရွှေဆိုင်က မဖြူဖြူအောင်က ဆိုပါသေးတယ်။

"သင်္ကြန်မတိုင်ခင်က ရောင်းအားတက်တယ်။ သင်္ကြန်အပြီးမှာတော့ ပြန်ရောင်းတဲ့လူတွေ၊ အလဲအထပ်လုပ်တာတွေ များတယ်။ ဝယ်သူတွေအတွက် ရွှေဈေးငြိမ်နေတာက

> **ဈေးအပြောင်းအလဲ မမြန်တဲ့အတွက် ဝယ်သူအတွက်လည်း ကိုယ်ကြိုက်တဲ့အချိန်မှာ ကြိုက်သလောက် ...**"

ရောင်းမှား ဝယ်မှား ဖြစ်မှာကို ကြောက်စရာမလိုတော့ဘူး။ နောက်ပြီး လက်ဝတ်လက်စားတွေရဲ့ အလျော့တွက်ကလည်း သက်သာသွားတယ်။ ဒါကြောင့် ဝယ်သူတွေက လက်ဝတ်ရတနာ ဝယ်တဲ့ဘက်ကို ပိုအားစိုက်လာကြတယ်"လို့ သူက ပြောပါတယ်။

ဒါ့ပြင် လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်ကာလတုန်းကလို ပြင်ပပေါက်ဈေးနဲ့ နိုင်ငံတော် ရွှေဝယ်ယူရေးက ဝယ်ယူတဲ့ဈေးကွာလို့ မှောင်ခိုဈေးကွက်တွေ ပေါ်ပေါက်လာတာမျိုး၊ ဝယ်လိုအားရှိတဲ့အချိန်မှာ ပြင်ပက ရွှေအဝင်ကို တားဆီးတာမျိုး၊ ဈေးကွက်ကို ထိန်းချုပ်တာမျိုးတွေ မရှိတော့သလို ငွေကြေးစနစ်ကို အထူးတလည် ထိန်းချုပ်ထားတာမျိုးတွေလည်း မရှိတော့တဲ့အတွက်ကြောင့် အခုလို နှစ်ဦးနှစ်ဖက်အဆင်ပြေတဲ့ အခြေအနေမျိုး ဖြစ်လာနိုင်တာပါလို့လည်း ဦးအောင်က ပြောပါတယ်။

"၂၀၁၀ နောက်ပိုင်းမှာ အရင်တုန်းက မြန်မာ့ရွှေဈေးကွက်မှာ ဖြစ်လေ့ဖြစ်ထ ရှိတာတွေက တဖြည်းဖြည်းချင်း ပျောက်သွားတယ်။ ဒေါ်လာဈေး၊ ရွှေဈေးစတာတွေကို ချုပ်ကိုင်မထားတာရယ်၊ လူတစ်ဦးတစ်ယောက်တည်းက ရွှေပမာဏအများကြီး ဝယ်စုတာမျိုး နည်းသွားတဲ့အတွက်ရယ်ကြောင့် ရွှေဈေးက အခုလို အချိန်အတော်ကြာ ငြိမ်သက်နေနိုင်တာလို့ ထင်ပါတယ်"လို့ ဆိုပါတယ်။

မျှော်လင့်ထားတဲ့ အချိန်ထက် ပိုပြီး အခုလို ရွှေဈေးဆက်အေးနေရင်လည်း ရွှေဈေးကွက်နဲ့ ရွှေရောင်းရွှေဝယ်ကို လူတွေ ရိုးအီမသွားရအောင် ဈေးကွက်ကို လှုပ်ရှားစေမယ့် နည်းလမ်းမျိုးစဉ်းစားလုပ်ဆောင်ပေးသင့်တယ်လို့လည်း ဦးအောင်က ပြောပါတယ်။

"လက်ရှိရွှေဈေးကြောင့် အရောင်းအေးနေလို့ ဝန်ထမ်းတွေ လျှော့ပစ်ရတယ်။ ပန်းထိမ်ဆရာတွေ လျှော့ပစ်ရတယ်လို့ မရှိသေးဘူး။ အဲဒီလို မဖြစ်ဘဲ ပုံမှန်လေး လည်ပတ်နိုင်အောင်၊ ရွှေလောကကနေ ပျောက်ကွယ်သွားတာမျိုး မဖြစ်ရအောင် နည်းလမ်းရှာပြီး ဈေးကွက်ကို လှုပ်အောင် လုပ်ပေးရတယ်။ ကျွန်တော်တို့ဆိုင်မှာတော့ ဖုန်းကာဗာလို၊ ရွှေတဘက်လိုစတဲ့အထည်ဆန်းလေးတွေ လုပ်ရောင်းတယ်။ ကံစမ်းမဲတွေ ဖောက်ပေးတယ်။ ရွှေသင်တန်းလုပ်တယ်။ အဲဒီလိုနည်းတွေနဲ့ ဖောက်သည်မျိုးစုံရအောင်၊ ဈေးကွက်ကို လှုပ်အောင် လုပ်ပါတယ်"လို့ သူက ပြောပါတယ်။

လက်ရှိ ၂၀၁၄ နှစ်ဝက်ကာလအထိ ရွှေကုန်ကြမ်းအဝင်ဟာ ၂၀၁၃ ခုနှစ် တစ်နှစ်လုံးနဲ့ ယှဉ်ရင်တော့ သိသိသာသာကွာခြားမှုမရှိပေမယ့် တစ်လချင်းအနေနဲ့ ချိန်ထိုးကြည့်မယ်ဆိုရင်တော့ အကျဘက်ကို မသိမသာ ဦးတည်နေတယ်လို့ အောင်သမာဓိရွှေဆိုင်ရဲ့ စာရင်းတွေအရ သိရပါတယ်။ ရွှေဈေး ဆက်လက်တည်ငြိမ်နေဖို့အတွက်က ရွှေအထွက်နှုန်းပုံမှန်ရရှိဖို့နဲ့ ပြည်ပ ရွှေစီးဆင်းမှုတို့ အထူးလိုအပ်ပါတယ်။ ဒါကြောင့် အခုလို ဈေးကွက်ကို ရွှေအဝင် နည်းပါးနေမှုဟာ လက်ရှိမှာ ဈေးကွက်ကို ဘာမှ မသက်ရောက်နိုင်သေးပေမယ့် ဓာတ်ဆီဈေး၊ ဒီဇယ်ဈေး မြင့်တက်ပြီး နိုင်ငံရေးမတည်ငြိမ်မှုတွေ ဖြစ်ပေါ်လာမယ်ဆိုရင်တော့ ရွှေဈေးက တခြားကုန်ပစ္စည်းနဲ့စာရင် အရင်ဆုံးတက်နိုင်တယ်လို့သူကပြောပါတယ်။ ■

# ခင်မင်ရပါသော မန္တလေးသူ မန္တလေးသားများ

သန့်နိုင်စိုး



**သဘာဝ** ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းနဲ့ ပရဟိတလူမှုကူညီရေး လုပ်ငန်းတွေကို အားတက်သရော ဆောင်ရွက်နေသူတစ်ဦးကတော့ ကိုမောင်မောင်ဦးပဲဖြစ်ပါတယ်။ ပါဝါပါတဲ့ မျက်မှန်ကိုင်းအမည်းကြီးနဲ့ ရှည်လျားပြီး ဖရိုဖရဲဖြစ်နေတဲ့ ဆံပင်ပုံစံဟာ သူ့ရဲ့ ထူးခြားတဲ့လက္ခဏာတစ်ခုလို့ ဆိုနိုင်ပါတယ်။

သူ့ကိုမန္တလေးမြို့၊ ဒေါင်းရိုးရပ်နေ ဦးခင်မောင်ညို (ဦးအာယု)နဲ့ ဒေါ်ကြည်ဆွေတို့က ၁၉၆၇ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှာ မွေးဖွားခဲ့ပါတယ်။ မွေးချင်းလေးယောက်အနက် အကြီးဆုံးဖြစ်ပါတယ်။ အိမ်တော်ရာဘုရား မဟူရာဇရပ်မှာ ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်တဲ့ကျောင်းမှာ စတင်တက်ရောက်ခဲ့တယ်။ တတိယတန်းပြီးတော့ မိုးကောင်းကျောင်းတိုက်မင်းကြီးကျောင်းမှာ တစ်နှစ်ပြောင်းရွှေ့သင်ယူခဲ့ရပြီး အလယ်တန်းကိုတော့ ယနေ့အခေါ် အမှတ်(၉) အထက်တန်းကျောင်းမှာ သင်ယူခဲ့ပါတယ်။

ဆယ်တန်းအောင်တဲ့အခါမှာ မန္တလေးတက္ကသိုလ်မှာ သချ်ာအဓိကနဲ့ ပညာဆက်လက်ဆည်းပူးခဲ့တယ်။ ကျောင်းစာမှာ ထူးချွန်ပေမယ့်လို့ ဘွဲ့ရတဲ့အထိ ပညာရေးဟာ ဆုံးခန်းမတိုင်ခဲ့ပါဘူး။ အကြောင်းကတော့ ၁၉၈၈ ခုနှစ် အရေးအခင်းကြီးမှာ ပါဝင်လှုပ်ရှားခဲ့လို့ပါပဲ။

"၁၉၈၈ မှာ ကွာလီဖိုင်း အပိုင်းတစ်တက်နေတယ်။ တက်နေရင်း အရေးအခင်းဖြစ်တော့ မန္တလေးတက္ကသိုလ် သပိတ်မှောက်ကျောင်းသားများကော်မတီမှာ တာဝန်ခံတစ်ဦးအနေနဲ့ လှုပ်ရှားခဲ့တယ်။ အရေးအခင်းမဖြစ်ခင် ၇၅ ကျပ်တန်လှုပ်ရှားမှုမှာလည်း ပါခဲ့တယ်" လို့ ကိုမောင်မောင်ဦးက ပြောပါတယ်။

၁၉၉၀ ပြည့်နှစ် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂညီလာခံမှာ အတွင်းရေးမှူးအဖြစ် ရွေးချယ်ခံခဲ့ရတယ်။ ကျောင်းသားလှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့လို့ အစိုးရက ၁၉၉၁ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှာ ဖမ်းဆီးထောင်ချခဲ့ပါတယ်။ မန္တလေးမြို့ နန်းတွင်းထဲက အကျဉ်းထောင်မှာ သုံးနှစ်နေခဲ့ပြီး ပြန်လည်လွတ်မြောက်ခဲ့ပါတယ်။

"ထောင်ကလွတ်ပြီး တစ်နှစ်လောက် ကျောင်းပြန်တက်သေးတယ်။ ကျောင်းကလည်း ဖွင့်လိုက်ပိတ်လိုက်နဲ့။ ၁၉၉၄ ခုနှစ်မှာ မကြည်ကြည်လွင်နဲ့အိမ်ထောင်ကျပြီး ကျောင်းလည်းဆက်မတက်ဖြစ်တော့ဘူး"လို့ ကိုမောင်မောင်ဦးက ပြောပါတယ်။

အိမ်ထောင်ကျပြီးတဲ့နောက်မှာ နိုင်ငံရေးလှုပ်ရှားမှုတွေကို ရပ်နားပြီး မိသားစုစီးပွားရေးလုပ်ငန်းကိုပဲ လုပ်ကိုင်နေခဲ့တယ်။ ၂၀၀၇ ခုနှစ်မတိုင်မီအထိ စီးပွားရေးလုပ်ငန်းကိုပဲ လုပ်ကိုင်နေတယ်ဆိုပေမယ့် မိတ်ဆွေနိုင်ငံရေးသမားတွေကို တတ်နိုင်သလောက်အကူအညီတွေ ပေးခဲ့ပါတယ်လို့ သူက ပြောပါတယ်။

၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးဖြစ်တော့ နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ပြန်ပြီးပါဝင်လာခဲ့တယ်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီးမှာ မန္တလေးကရုဏာရှင်များအဖွဲ့နဲ့ ဖျာပုံ၊ ဒေးဒရဲစတဲ့မြို့နယ်တွေက သဘာဝဘေးဒဏ်ခံရတဲ့သူတွေကို သွားရောက်လှူဒါန်းခဲ့ပါတယ်။

အဲဒီနောက်ပိုင်း မန္တလေးမြို့မှာ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်နေ့ (ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့) မှာ စတင်ဖွဲ့စည်းခဲ့တဲ့ စိမ်းရောင်စို Activities မှာ ပါဝင်ခဲ့တယ်။ "စဖွဲ့တုန်းက ကျွန်တော်မပါဘူး။ အဖွဲ့ဖွဲ့ပြီး သုံးပတ်လောက်နေမှ ကျွန်တော်က ပါလာတာပါ။ ပါဖြစ်တဲ့အကြောင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟာ လက်ရှောင်နေလို့ရတဲ့ကိစ္စမဟုတ်လို့ပါ"လို့ ကိုမောင်မောင်ဦးက ပြောပါတယ်။

မင်းထက်ရှား(၁၆ နှစ်)နဲ့ သွင်ဦးဆက်(၁၃ နှစ်)တို့ရဲ့ဖခင်ကိုမောင်မောင်ဦးတစ်ယောက် အခုဆိုရင် မိသားစုအတွက် စီးပွားရေးလုပ်ငန်းတွေ မလုပ်ဖြစ်တော့ဘဲ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ပရဟိတလူမှုရေးစတဲ့လုပ်ငန်းတွေနဲ့ပဲ အချိန်ကုန်နေပါတော့တယ်။

"ကျွန်တော်က အစိမ်းရောင်နိုင်ငံရေးဖြစ်စဉ် (Green Politic) ကို ယုံကြည်တယ်။ ဘယ်အစိုးရပဲတက်တက် အစိမ်းရောင်နိုင်ငံရေးဖြစ်စဉ်ကို အာမခံချက်ပေးနိုင်တဲ့ပုံစံမျိုးဖြစ်အောင် တိုက်တွန်းမယ်"လို့ ကိုမောင်မောင်ဦးက ပြောပါတယ်။ ■

HEARTBEAT OF THE NATION
MYANMAR TIMES
ADVERTISING
HOT LINE
02-65391, 02-74585, 09-31448328

# ၂၀၁၅ နောက်ပိုင်း ပိုဖွံ့ဖြိုးနိုင်တဲ့ ပုဂ္ဂလိကအာမခံလုပ်ငန်းတွေ

jynwi; t mrcvyie;aw v u& t ae t xm;x u yly;z lz;w;wu vmz t wu jynwi;u vawomru jynyu vawuy
ar mv i apmi pm;aeluayr , wu , jzpvmEirvm;qwmuawmapmil u n&0;rmjzpyw ,



ကြေးမုံဝင်း
ရေးသားသည်။

**လွန်ခဲ့တဲ့နှစ်ပေါင်း** ငါးထောင်ကစလို့ လူ့အဖွဲ့အစည်းထဲမှာ စတင်ကျင့်သုံးလာခဲ့တယ်ဆိုတဲ့ အာမခံသဘောတရားတွေက မြန်မာနိုင်ငံက လူတွေနဲ့တော့ ခုချိန်ထိ နေသားတကျ မရှိလှသေးပါဘူး။ ဘာလို့လဲဆိုတော့ ၂၀၁၃ ခုနှစ်မတိုင်ခင်ကဆိုရင် မြန်မာနိုင်ငံမှာ နိုင်ငံပိုင် မြန်မာ့အာမခံလုပ်ငန်း တစ်ခုတည်းပဲ ရှိခဲ့ပြီး အာမခံရဲ့ သဘောတရား၊ အာမခံရဲ့ အကျိုးကျေးဇူးစတာတွေကိုလည်း ဘယ်သူမှ ရေရေရာရာ သေသေချာချာ နားလည်ခဲ့တာမျိုး မရှိခဲ့ပါဘူး။ ဒါပေမဲ့ ၂၀၁၂ ခုနှစ်မှာတော့ ပုဂ္ဂလိကအာမခံလုပ်ငန်း ၁၂ ခုကို လုပ်ကိုင်ခွင့်လိုင်စင် စတင်ချပေးခဲ့ပြီး ၂၀၁၃ ခုနှစ်ထဲမှာတော့ စတင်ဖွင့်လှစ်ဝန်ဆောင်မှုပေးခဲ့ကြပါတယ်။ အဲဒီလို ပုဂ္ဂလိကကုမ္ပဏီတွေကို လုပ်ပိုင်ခွင့်ပေးပြီးတဲ့နောက်မှာတော့ အာမခံဆိုတာကို အရင်ကထက် ပိုပြီး လက်ပွန်းတတီးဖြစ်လာခဲ့တယ်လို့ ဆိုရမှာပါ။

"ပုဂ္ဂလိကအာမခံတွေ မဖွင့်လှစ်ခင်ထဲက နာဂစ်လို သဘာဝဘေးအန္တရာယ်တွေကြောင့် လူတွေမှာ အာမခံနဲ့ပတ်သက်တဲ့ အသိလေးတွေ ပိုရှိလာကြပါတယ်။ ဒါပေမယ့် အဲဒီတုန်းက နိုင်ငံတော်ပိုင်အာမခံလုပ်ငန်း တစ်ခုတည်းပဲ ရှိနေတော့ အာမခံလုပ်ငန်းတွေက သိပ်မဖွံ့ဖြိုးသေးဘူး။ အခုလို အာမခံကုမ္ပဏီတွေ ဖွင့်လိုက်တဲ့အချိန်မှာတော့ လူတွေကြားထဲမှာ ကွင်းဆင်းပြီး အသိပညာပေးတာတွေ၊ အာမခံအကြောင်း ရှင်းပြတာတွေ လုပ်လာကြတဲ့အတွက် အရင်ကထက်တော့ ပိုသိလာကြတယ်။ အာမခံထားဖို့ကို ပိုစိတ်ဝင်စားလာကြပါတယ်"လို့ IKBZ မန္တလေးရုံးခွဲမှ ဦးမျိုးသန့်ဇော်က သူ့အမြင်ကို ပြောပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဖွင့်လှစ်ထားကြတဲ့ ပုဂ္ဂလိကအာမခံလုပ်ငန်းတွေထဲက တချို့ဆိုရင် သက်တမ်း ရာချီရှိနေပြီး မြန်မာနိုင်ငံအပါအဝင် မြောက်ကိုရီးယား၊ ကျူးဘားနိုင်ငံ သုံးနိုင်ငံသာ ကမ္ဘာ့နိုင်ငံကြီးတွေနဲ့ ယှဉ်ရင် အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အပိုင်းမှာ နောက်ကျ ကျန်ရစ်နေခဲ့တယ်လို့ သူက ဖြည့်စွက်ပြောပါတယ်။

အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နိုင်ငံရဲ့ တိုးတက်မှု၊ ပြည်သူလူထုရဲ့ လူနေမှုအဆင့်အတန်းရှိမှုတွေအပေါ်လည်း မူတည်နေတယ်လို့ ပထမအမျိုးသားအာမခံလုပ်ငန်းရဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဆန်းက မန္တလေးမှာ သူ့ရဲ့ ရုံးခွဲကို လာရောက်ဖွင့်လှစ်စဉ်က ပြောခဲ့ပါသေးတယ်။

"အာမခံရဲ့ လူ့အဖွဲ့အစည်းပေါ် အကျိုးသက်ရောက်မှုတွေကို ခုထိ လူတွေက ကောင်းကောင်းမသိကြသေးဘူး။ အာမခံထားတဲ့ အကျင့်လည်း မရှိကြသေးဘူး။ တခြားနိုင်ငံတွေမှာဆို အာမခံကို မဖြစ်မနေသဘောမျိုးနဲ့ကို ထားကြတာတွေရှိတယ်။ သူတို့ဆီမှာက လူကိုယ်တိုင်ပဲ ဖြစ်ဖြစ်၊ ကိုယ့်စီးပွားရေးမှာ ဖြစ်ဖြစ် တစ်ခုခု ပျက်စီးဆုံးရှုံးမှုဖြစ်တဲ့အခါ ဘယ်သူ့ကိုမှ သွားပြီး အားကိုးလို့မရဘူး။ ဒါကြောင့် အာမခံမထားမိရင် နောက်ဆက်တွဲပြဿနာတွေ အများကြီး ဖြစ်လာတတ်တယ်။ မြန်မာပြည်မှာက အချင်းချင်း ရိုင်းပင်းကူညီတဲ့အလေ့အထလေးတွေ ရှိနေကြသေးတော့ အာမခံမထားမိလို့ ဒုက္ခရောက်သွားတာမျိုး မရှိသေးဘူး။ ဒါပေမဲ့ အာမခံ ဝယ်ယူပြီး ကြိုတင်ကာကွယ်ထားမယ်ဆိုရင် စိတ်ချမ်းချမ်းသာသာနဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်နိုင်မယ်။ အာမခံအကာအကွယ်ယူထားနိုင်ရင် စီးပွားရေးလုပ်ငန်းတွေကို စွန့်စားပြီး တိုးချဲ့တီထွင်ဆောင်ရွက်လာနိုင်ပါတယ်။ ဒါက အာမခံထားခြင်းရဲ့ ကောင်းကျိုးတွေထဲက တချို့ကို ပြောပြတာပါ"ဟု ဦးအောင်ဆန်းက ပြောပါတယ်။

မြန်မာနိုင်ငံက လူအများစုက အာမခံထားခြင်းနဲ့ပတ်သက်ပြီး အယူသီးကြတယ်။ အာမခံအသိပညာနည်းနေသေးတယ်လို့ ပုဂ္ဂလိကအာမခံလုပ်ငန်းလုပ်ကိုင်သူတချို့က သုံးသပ်ကြသလို ရေးရေးက အာမခံလုပ်ငန်းနဲ့ ပတ်သက်တဲ့အတွေ့အကြုံတွေကြောင့် လက်ရှိအချိန်မှာလည်း အာမခံထားသင့်မထားသင့် တွေဝေနေဆဲပဲလို့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ကိုဇင်မင်းဆွေက ပြောပါတယ်။

> **အာမခံဝယ်ယူပြီး ကြိုတင်ကာကွယ်ထားမယ်ဆိုရင် စိတ်ချမ်းချမ်းသာသာနဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်နိုင်မယ်။ အာမခံအကာအကွယ် . . . ,,**

"ဒီနေ့ခေတ်မှာ နိုင်ငံတကာမှာလို ပုဂ္ဂလိက အာမခံလုပ်ငန်းတွေ အပြိုင်အဆိုင် ပေါ်ပေါက်လာကြတယ်။ မားကက်တင်းတွေလည်း ဆင်းလာကြတယ်။ ကျွန်တော်လေ့လာမိသလောက် ပြည်ပနိုင်ငံတွေမှာ လူတိုင်း အာမခံတွေ ကိုယ်စီထားကြပါတယ်။ အသက်အာမခံ၊ ကျန်းမာရေးအာမခံ၊ မော်တော်ယာဉ်အာမခံ၊ ကုန်ပစ္စည်းအာမခံ၊ အဆောက်အအုံ အာမခံစသဖြင့် အလုံးစုံအာမခံတွေ ထားကြတယ်။ ကိုယ်တွေ့အနေနဲ့ ထိုင်းမှာ ခရီးတစ်ခုသွားနေတုန်း ကိုယ်စီးလာတဲ့ကား အတိုက်ခံရတယ်။ ဆူရဌာနီမြို့နားလေးမှာဆိုတော့ အဲဒီက အာမခံရုံးခွဲကို လှမ်းအကြောင်းကြားလိုက်ပြီး မိနစ်လေးဆယ်လောက်နေတော့ ရောက်လာပါတယ်။ နှစ်ဖက်အာမခံကုမ္ပဏီတွေရောက်လာတော့မှ တိုက်ထားတဲ့ကားကို ကုမ္ပဏီတွေက ဆက်ပြီး ပြင်ဆင်ဆောင်ရွက်လိမ့်မယ်လို့ ဒရိုင်ဘာကပြောပြီး တခြားကားတစ်စီးနဲ့ ဆက်သွားဖြစ်ပါတယ်။ နောက်ပြီး ကျန်းမာရေးအာမခံထားရှိသူတွေဆိုရင်လည်း ဆေးရုံမှ ဆေးကုသစရိတ်ကျသင့်ငွေရဲ့ ၃၀ ရာခိုင်နှုန်းလောက်ပဲ ကိုယ်ကပေးရတယ်။ ကျန်တာက အာမခံကုမ္ပဏီတွေက ဆက်ရှင်းရတယ်။ ဆိုလိုတာက သူတို့ဆီက အာမခံကုမ္ပဏီတွေရဲ့ ဝန်ဆောင်မှုပါ။

"ခေတ်အဆက်ဆက်က အစိုးရပိုင်အာမခံလုပ်ငန်းတွေမှာ ကား၊ ဆိုင်ကယ်တို့ကို မဖြစ်မနေထားနေရပေမယ့် ထိခိုက်မိရင် ဘယ်မှာ လျော်ကြေးတောင်းရမှန်းမသိ၊ လျော်ကြေးရတဲ့လူလဲ မကြားမိ၊ ပရီမီယံကြေးတောင် ပွဲစားတွေကြားခံပြီး သွင်းနေရတာပါ။ အာမခံလုပ်ငန်းဆိုတာ ယုံကြည်မှုတွေ၊ ဝန်ဆောင်မှုတွေနဲ့ တည်ဆောက်ရမှာပါ။ အာမခံကို လူတိုင်းထားသင့်တာ မှန်ပါတယ်။ ကြိုဆိုပါတယ်။ အာမခံလုပ်ငန်းတွေ မားကက်တင်းတွေ အပြိုင်အဆိုင်လုပ်နေကြပေမယ့်လည်း ကျွန်တော်ကတော့ ခေတ်အဆက်ဆက်က အာမခံလုပ်ငန်းတွေကြောင့် တွေဝေနေဆဲပါ။ သူတို့ရဲ့ ဝန်ဆောင်မှုကိုပဲ စောင့်ကြည့်ရမှာပါ"လို့ သူ့အမြင်ကို ပြောပါတယ်။

လုပ်ပိုင်ခွင့်လိုင်စင်ရထားတဲ့ ကုမ္ပဏီ ၁၂ ခုထဲက IKBZ, First National Insurance, Green Guardian နဲ့ Capital စတဲ့ အာမခံလုပ်ငန်းအချို့သာ မန္တလေးမြို့မှာ ရုံးခွဲတွေ လာရောက်ဖွင့်လှစ်ထားကြတာဖြစ်ပါတယ်။

လက်ရှိမှာ ပုဂ္ဂလိကအာမခံလုပ်ငန်းအားလုံးကို အသက်အာမခံ၊ မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံနဲ့ သမာဓိအာမခံစတဲ့ တူညီတဲ့ အာမခံ အမျိုးအစားတွေကိုသာ တစ်ပြေးညီလုပ်ကိုင်ခွင့်ချထားပေးတာကြောင့် ဝန်ဆောင်မှုနဲ့ပဲ ယှဉ်ပြိုင်နေရတယ်လို့ IKBZ မန္တလေးရုံးခွဲ က လက်ထောက်မန်နေဂျာ ဦးမျိုးသန့်ဇော်က ဆိုပါတယ်။

"လုပ်ပိုင်ခွင့်ချထားပေးတဲ့ အမျိုးအစားတွေကလည်း အတူတူပဲ။ ပရီမီယံနှုန်းထားတွေကလည်း အတူတူပဲဆိုတော့ လတ်တလောမှာ ခွင့်ပြုပေးထားတဲ့အာမခံတွေကိုပဲ အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်အောင် ကြိုးစားနေပါတယ်။ အာမခံကုမ္ပဏီတွေရဲ့ လုပ်ရည်ကိုင်ရည်ကို ကြည့်ပြီး နောက်ထပ်ခွင့်ပြုပေးမယ့် အာမခံအမျိုးအစားလေးတွေလည်း ရှိသေးတယ်လို့ သိရပါတယ်။ အာမခံတွေကို ကျပ်ငွေနဲ့အပြင် နိုင်ငံခြားငွေနဲ့ပါ မကြာခင်မှာ ထားခွင့်ပြုတော့မယ်လို့လည်း ကြားပါတယ်။ အဲဒီလို ခွင့်ပြုပေးမယ်ဆိုရင် နိုင်ငံခြားသားတွေပါ အာမခံထား လာကြမယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ဘက်ကတော့ လုပ်ပိုင်ခွင့်ချပေးတာနဲ့ တစ်ပြိုင်နက် လုပ်နိုင်ဖို့ ကြိုးစားသွားမှာပါ" လို့ သူက ပြောပါတယ်။

လောလောဆယ်မှာတော့ ရန်ကုန်မြို့မှာရော၊ မန္တလေးမြို့မှာပါ မီးအာမခံကို အများဆုံး ဝယ်ယူနေကြပြီး ဒုတိယအနေနဲ့ အလုံးစုံမော်တော်ယာဉ်အာမခံ၊ တတိယအထားအများဆုံးကတော့ အသက် အာမခံဖြစ်တဲ့ အကြောင်း IKBZ နဲ့ ပထမအမျိုးသားအာမခံက တာဝန်ရှိသူတွေက ဆိုပါတယ်။ လုပ်ပိုင်ခွင့်မရရှိသေးပေမယ့် လူတွေ စိတ်ဝင်တစားနဲ့ အများဆုံး အမေးခံရတဲ့ အာမခံအမျိုးအစားကတော့ ကျန်းမာရေးအာမခံဖြစ်ပြီး အဲဒီအမျိုးအစားဟာ မြန်မာ့အာမခံလုပ်ငန်းမှာပါ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းမရှိသေးဘူးလို့လည်း သိရပါတယ်။ ကျန်းမာရေးအာမခံလို လူတွေ စိတ်ဝင်စားပေမယ့် ပုဂ္ဂလိကအာမခံလုပ်ငန်းတွေ လုပ်ကိုင်ခွင့်မရသေးတဲ့ အာမခံလုပ်ငန်းတွေလည်း အများကြီး ကျန်ရှိနေပါသေးတယ်။

ဒါ့ပြင် ဂျပန် မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr Shimba Kazuya က မြန်မာနိုင်ငံရဲ့ အာမခံလုပ်ငန်းတွေအနေနဲ့ ခိုင်မာဖို့ လိုအပ်နေသေးတဲ့အကြောင်းနဲ့ မြန်မာနိုင်ငံမှာ လာရောက်အလုပ်လုပ်ကိုင်မယ့်၊ ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံခြားသား လုပ်ငန်းရှင်တွေ ပညာရှင်တွေအတွက် အသက်အာမခံဆိုတာမျိုး သီးသန့်မရှိသေးတဲ့အတွက် သူတို့အနေနဲ့ မြန်မာနိုင်ငံကို လာရောက်အလုပ်လုပ်ကိုင်ဖို့အတွက် စိုးရိမ်ပူပန်မှုတွေ ဖြစ်နေရတယ်လို့ သူက မေလဆန်းပိုင်း မန္တလေးကို လာရောက်စဉ်က ပြောကြားခဲ့ပါတယ်။

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းကတော့ မြန်မာနိုင်ငံမှာ ပုဂ္ဂလိကအာမခံလုပ်ငန်းတွေကို ၂၀၁၃ ခုနှစ် နှစ်ဝက်လောက်ကမှ စတင် လုပ်ကိုင်ခွင့်ပြုခဲ့ပေမယ့် သူတို့ရဲ့ လုပ်ဆောင်မှုကတော့ အားရကျေနပ်စရာကောင်းတဲ့အကြောင်း မတ်လနောက်ဆုံးပတ်မှာ ပြုလုပ်တဲ့ ပထမအမျိုးသားအာမခံမန္တလေးရုံးခွဲဖွင့်ပွဲမှာ ပြောခဲ့ပါတယ်။

"အခု အာမခံကုမ္ပဏီတွေရဲ့ သက်တမ်းက ခြောက်လကျော်လောက်ပဲ ရှိသေးတယ်။ ဒါပေမဲ့ စွမ်းဆောင်မှုကတော့ အင်မတန်မှ အားရစရာကောင်းပါတယ်။ လိုင်စင်ချထားပေးခဲ့တဲ့ ကုမ္ပဏီ ၁၂ ခုထဲမှာ အများစုရဲ့ စွမ်းဆောင်ရည်က ကမ္ဘာကိုတောင် ယှဉ်နိုင်တယ်။ ဆယ်ခုထဲက ခြောက်ခုလောက်ကဆိုရင် လေးလလောက်အတွင်းမှာ ကျပ်တစ်ဘီလျံအထက် ဝင်ငွေရှိတယ်။ ဒါ အင်မတန်ကောင်းတဲ့အနေအထားပါ။ သက်တမ်းနုသေးပေမယ့် ကျွန်တော်တို့ရဲ့ အာမခံကုမ္ပဏီတွေက နိုင်ငံခြားအာမခံကုမ္ပဏီတွေကိုတောင် ယှဉ်နိုင်နေပါပြီ။ နောင် ၁၀ နှစ်၊ ၁၅ နှစ်ဆိုရင် မြန်မာက ကုမ္ပဏီတွေက နိုင်ငံခြားမှာတောင် ရုံးခွဲတွေ ဖွင့်နိုင်တဲ့ အနေအထားတွေထိ ဖြစ်လာနိုင်တယ်"ဟု သူက ဆိုပါတယ်။

၂၀၁၅ ခုနှစ်နောက်ပိုင်း တက္ကသိုလ်တွေမှာ အာမခံဘာသာရပ်တွေကို သင်ကြားပေးမယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေသလို နိုင်ငံတကာမှာလို အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုအနေနဲ့ပါ သင်ကြားပေးမယ်ဆိုရင်တော့ ပြည်တွင်း ပုဂ္ဂလိကအာမခံလုပ်ငန်းတွေဟာ သိပ်မကြာခင်မှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေရော၊ အာမခံထားလိုသူတွေ မျှော်လင့်ထားတဲ့ အတိုင်းအတာတစ်ခုထိ ရောက်လာလိမ့်မယ်လို့ ပညာရှင်အချို့က သုံးသပ်ကြပါတယ်။ ပြည်တွင်းအာမခံလုပ်ငန်းတွေ လက်ရှိအနေအထားထက် ပိုပြီးဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ပြည်တွင်းကလူတွေသာမက ပြည်ပက လူတွေကပါ မျှော်လင့်စောင့်စားနေကြပါတယ်။ တကယ်ပဲ ပညာရှင်တွေ သုံးသပ်ထားသလို ဖြစ်လာနိုင်မလားဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာပဲဖြစ်ပါတယ်။ ■



**အာမခံထားလိုသူများကို ကမ္ဘောဇအာမခံလုပ်ငန်းမှ ဝန်ထမ်းများက ဝန်ဆောင်မှုများအကြောင်း ရှင်းပြနေစဉ်။** ဓာတ်ပုံ - ကြေးမုံဝင်း

# Simply the Best

Are you stuck in a rut at work? Are you looking for a new position and a company that will challenge you, inspire you and take your career to new heights? Then it's time to take the leap – and join the most dynamic media company in Myanmar.

Myanmar Consolidated Media, Ltd, one of Myanmar's most highly respected and well-established media organisations, is the publisher of The Myanmar Times in both languages, two websites and NOW! magazine. With more 360 staff in our Yangon, Mandalay and Nay Pyi Taw bureaus, we have a news-gathering force of nearly 100, trained to the highest international standards of reporting. Sophisticated layout and award-winning photos and editorial make MCM the one to beat when it comes to publishing in Myanmar.

MCM is expanding into exciting new directions in 2014. We are seeking qualified, experienced Myanmar nationals to fill the following openings in the Yangon office (unless otherwise noted.) All require basic computer skills and high competency in spoken and written English.

| | | |
|---|---|---|
| Newsroom | 1 | **Myanmar Sport Editor**<br>(Experience in reporting or editing in Myanmar Language, good connection in Myanmar football scene) |
| | 1 | **Sports Editor**<br>(Experience in reporting and editing, must have interest in sport reporting) |
| Online | 1 | **Videographer**<br>(1 year experience in full time videographer, need to attach own clips) |
| Printing | 1 | **Printing Director**<br>(7+ years experience required, returned national a plus) |
| Human Resources | 1 | **HR Director**<br>(5+ years HR exp required, Management degree, returned nation a plus) |
| NOW! Magazine | 1 | **Photographer**<br>(2-3 years experience in magazine or photo shots) |
| | 2 | **Marketing Assistant**<br>(1+ years experience in sales and marketing) |
| | 1 | **Intern**<br>(2-3 months with potential for lone term hire) |
| | 1 | **Translator** (English to Myanmar) |
| | 1 | **Reporter** (For Mandalay Bureau) |
| For Nay Pyi Taw (Capital Bureau) | | |
| Newsroom | 2 | **Junior Reporter**<br>Must be Nay Pyi Taw native, have driving license and motorbike) |
| Marketing | 1 | **Marketing Assistant**<br>(0 - 1 yrs exp in sales and marketing, must be Nay Pyi Taw native, must have driving license and motorbike) |

Applications close at 5pm on Friday, 30 May 2014. Early applications will receive priority consideration.
To apply, send a one-page CV and one-page cover letter explaining how your skills, experience or degree are relevant to the position.
Include specific ideas about what you would do on the job to add value to the newspaper and the company.

MCM

**The Human Resources Manager: Myanmar Consolidated Media Ltd.**

**Yangon:** 379/383, Bo Aung Kyaw St, Kyauktada Tsp. Email applications to: mcmhrd@myanmartimes.com.mm
**Mandalay:** Bld (Sa/1), Man Mandalar Housing, Bet: 70 x 71 St, Yan Myo Lone Qtr, Chan Aye Thar San Tsp.
**Nay Pyi Taw:** No. 10/72, Bo Tauk Htein St, Yang Aung 1 Qtr.

# မြေကွက်လိမ်လည်ရောင်းချသူကို တိုင်တန်း

သန်းနိုင်စိုး

**ချမ်းမြသာစည်မြို့နယ်နေသူ** မအေးမြမွန်သည် သင်ပန်းကုန်းရပ်ကွက် ညည ၈၂/၁၃ ရှိ အပေါင်ဆုံးမည့်အခြေအနေရှိသော ပေ ၄၀နှင့် ပေ ၆၀ ရှိမြေကွက်ကို ဇန်နဝါရီလ ၁၃ ရက်နေ့က ငွေကျပ်သိန်း ၁၄၀ ဖြင့် ဝယ်ယူခဲ့သည်။ မြေကွက်ဝယ်ယူပြီး နှစ်လခန့်အကြာတွင် မြေကွက်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရာ မှန်ကန်မှုမရှိကြောင်း သိရှိခဲ့ရသည်။ ထို့ကြောင့် မြေကွက်ရောင်းချသူ ဒေါ်သန်းသန်းသွယ်နှင့် ဆက်သွယ်ပေးသူ ဒေါ်နန်းမြင့်နွယ် (ခ) ဒေါ်နန်းညွန့်နွယ်တို့ကို ဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသဖြင့် မေလ ၂၅ ရက်နေ့တွင် မအေးမြမွန်မှ အမှတ်(၁၁) ရဲစခန်းသို့ တိုင်တန်းသဖြင့် အမှတ်(၁၁)ရဲစခန်းတွင် (ပ)၃၄၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၄၂၀/၄၆၈ အရ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ ■

# မန္တလေးတောင်တက်လမ်းတွင် ဧည့်လမ်းညွှန်ကို သင်းပိုင်လှန်ပြသည့် ဘုန်းကြီးကို အရေးယူ

**မန္တလေးတောင်ပေါ်ရှိ** စိုင်းတမော့ဘုရားနှင့် ပြည်လုံးချမ်းသာ ဘုရားကြားတွင် မေလ ၂၅ ရက်နေ့က ဧည့်လမ်းညွှန်တစ်ဦးကို သင်းပိုင်လှန်ပြသည့် ဘုန်းကြီးတစ်ပါးကို အရေးယူခဲ့ကြောင်းသိရသည်။ မန္တလေးတောင်လုံခြုံရေးအတွက် အမှတ်(၂) ရဲစခန်းမှ ဒုရဲအုပ် တင်အောင်မြင့်နှင့်အဖွဲ့သည် မန္တလေးတောင်တော်လုံခြုံရေး ဦးချစ်ငြိမ်းအဖွဲ့နှင့်အတူ လှည့်ကင်းဆောင်ရွက်နေစဉ် ဧည့်လမ်းညွှန်တစ်ဦးကို ဘုန်းကြီးတစ်ပါးမှ သင်းပိုင်လှန်ပြကြောင်း သိရှိသဖြင့် သွားရောက်စစ်ဆေးမေးမြန်းရာ ယခင်ကလည်း အကြိမ်ကြိမ်ပြုမူခဲ့ကြောင်း စုံစမ်းသိရှိရသဖြင့် သာသနာတော် အကြည်ညိုပျက်စေရန်ပြုမူခဲ့သူ ဦးနောဓိပတိ(ခ) ဇော်လင်းကို ရပ်ကွက်သံဃာ့နာယက ဥက္ကဋ္ဌဆရာတော်ဦးသီလာစာရထံသို့ ပို့အပ်ခဲ့သည်။ ဥက္ကဋ္ဌဆရာတော်မှ ၎င်းအား လူဝတ်လဲ၍ အမှတ်(၂) ရဲစခန်းသို့ လွှဲပြောင်းပို့အပ်ခဲ့သဖြင့် ဒုရဲအုပ်တင်အောင်မြင့်မှ တရားလိုပြုလုပ်ပြီး ရဲအရေးမပိုင်မှု အမှတ်စဉ် (၇/၂၀၁၄)၊ ပြစ်မှုပုဒ်မ ၂၉၅ (က) ဖြင့် အောင်မြေသာစံမြို့နယ် တရားရုံးတွင် တရားစွဲဆိုရန် စီစဉ်လျက်ရှိသည်။ **သန်းနိုင်စိုး** ■

# ကျောက်ဆည်ကွမ်းဈေးကွက်ရာသီဥတုကြောင့်ဈေးတက်လာ

ကျော်ကိုကို

**မန္တလေးတိုင်းဒေသကြီး၊** ကျောက်ဆည်မြို့နယ်တွင် လွန်ခဲ့သည့်နှစ်လက လေပြင်း တိုက်ခတ်ခြင်းများကြောင့် ကွမ်းခြံများပျက်စီးခဲ့ပြီး ကွမ်းရရွက်ရှားပါးကာ ဈေးမြင့်တက်လျက်ရှိကြောင်း ကျောက်ဆည်ခရိုင်အတွင်းမှ ကွမ်းစိုက်တောင်သူများက လွန်ခဲ့သော သီတင်းပတ်အတွင်းက ပြောသည်။

"ကွမ်းဈေးကတော့ အနည်းငယ်တက်လာပါတယ်။ လွန်ခဲ့တဲ့ နှစ်လလောက်က တိုက်ခဲ့တဲ့လေပြင်းကြောင့် ဒီဖက်ကကွမ်းခြံတွေ ပျက်စီးကုန်တော့ ဈေးကွက်မှာ ကွမ်းရှားပြီးတော့ ဈေးတက်လာတာပါ။ ကျွန်တော်တို့ဖက်ကတော့ တော်တော်ပျက်ကုန်ပါတယ်။ ဘာမှပြင်ဆင်ချိန်မရလိုက်တော့ တော်တော်လေး အထိနာကျပါတယ်" ဟု သမန္တလင်းကျေးရွာနေ ကွမ်းစိုက်တောင်သူ ကိုမင်းက ပြောသည်။

ပြီးခဲ့သည့်ဆောင်းတွင်းတွင် ကွမ်းရွက်ဈေး အဆမတန်ကျဆင်းသွားသောကြောင့် ကျောက်ဆည်ခရိုင်တွင်းရှိ ကွမ်းစိုက်တောင်သူများ အထိနာကြောင်း၊ ကွမ်းခြံပြင်ချိန်တွင်လည်း အရင်းအနှီးမရှိသဖြင့် ပြင်ဆင်ရန် ခက်ခဲကြောင်း၊ လေပြင်းတိုက်ခတ် ပါက ပိုပျက်စီးလွယ်ကြောင်း ၎င်းက ပြောသည်။

"ကွမ်းခြံအပင်တစ်ထောင်စိုက်မယ်ဆိုရင် ကုန်ကျစရိတ်က ကျပ် ၁၈ သိန်းဝန်းကျင်ခန့် ကုန်ပါတယ်။ အခုကတိုင်တောင်တဲ့ ဝါးဈေးကလည်း တက်နေတယ်။ အခုလိုရာသီဥတုကဖောက်ရင် တောင်သူတွေဘယ်လိုမှာကို အစဉ်မပြေနိုင်ဘူး" ဟု ကိုမင်းက ပြောသည်။

ကွမ်းရွက်စိုက်ပျိုးမှုတွင် အပင်အရေအတွက်ပေါ် မူတည်ပြီး ကုန်ကျစရိတ်ကွာဟမှုရှိကြောင်း၊ တစ်နှစ်ပတ်လည်လုံး အလှည့်ကျခူးယူနိုင်ပြီး ၁၅ ရက်ခြား တစ်ခါ ခူးဆွတ်လေ့ရှိကြောင်း၊ မိုးရာသီတွင် ကွမ်းရွက်ဈေးကျဆင်းလေ့ရှိသော်လည်း ယခုအချိန်တွင် ဈေးကောင်းရနေကြောင်း သိရသည်။

လက်ရှိကွမ်းရွက်ဈေးမှာ တစ်ပိဿာလျှင် ပွဲရုံကောက်ဈေး ကျပ် ၁,၅၀၀ ခန့်မှ ၃,၅၀၀ အထိ ဈေးတက်လာကြောင်း၊ အပြင်ဈေးကွက်တွင် တစ်ပိဿာ ကျပ် ၅,၅၀၀ ဝန်းကျင်ခန့်ရှိကြောင်း၊ နောက်နှစ်လဝန်းကျင်ခန့်အထိ ကွမ်းဈေးကောင်းနိုင်သည်ဟုဆိုသည်။ ■

## မှုခင်းသတင်းတိုများ

### မိခင်ဖြစ်သူကို ဆဲဆိုသည်ဟုဆိုကာ ဓားဖြင့်ခုတ်

ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်မြို့တွင် မေလ ၂၁ ရက်နေ့က မိခင်ဖြစ်သူကို ဆဲဆိုသည်ဟုဆိုကာ ဓားဖြင့်ခုတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ရွှေဘိုစုရပ်ကွက်နေ ဦးသန်းဦး (၅၄ နှစ်)သည် မြို့ထဲသို့သွားရောက်စဉ် ဈေးကုန်းရပ်ကွက်နေ မင်းမင်း (၃၃ နှစ်)မှ ၎င်း၏ မိခင်ဖြစ်သူအား ဆဲဆိုသည်ဟုစွပ်စွဲပြီး အသင့်ပါလာသော အရိုးအသွား ၁၆ လက်မခန့်ရှိဓားဖြင့် ခုတ်ခဲ့သည်။ ယင်းသို့ခုတ်မှုကြောင့် ဦးသန်းဦးသည် ဦးခေါင်း၊ လည်ပင်း၊ ခါး၊ လက်ကောက်ဝတ်တို့တွင် ပြတ်ရှဒဏ်ရာများရရှိပြီး စိုးရိမ်ရသည့်အခြေအနေရှိသဖြင့် ပြင်ဦးလွင်ဆေးရုံသို့ တင်ပို့ကုသထားသည်။ မေလ ၂၃ ရက်နေ့တွင် ဦးသန်းဦး၏ဇနီး ဒေါ်လှလှ (၄၆ နှစ်)မှ ပြင်စာရဲစခန်းကို တိုင်တန်းသဖြင့် မင်းမင်းကို (ပ)၉၉/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၂၆ အရ အမှုဖွင့်ထားပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းနိုင်စိုး**

### ငွေကျပ်သိန်းတစ်ရာကျော် ပျောက်ဆုံးမှုဖြစ်ပွား

မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁) ရပ်ကွက်တွင် မေလ ၂၃ ရက်နေ့က ငွေကျပ် သိန်းတစ်ရာကျော် ပျောက်ဆုံးမှု ဖြစ်ပွားခဲ့ကြောင်းသိရသည်။ အဆိုပါရပ်ကွက်နေ ဦးဇော်လွင်သည် နံနက် ၈ နာရီ ၄၅ မိနစ်အချိန်ခန့်က နေအိမ်မှ ဂေါဝိန်ဆိပ်သို့သွားရောက်ခဲ့ပြီး နေ့လည် ၁၁ နာရီ၄၅ မိနစ်အချိန် နေအိမ်သို့ ပြန်လည်ရောက်ရှိစဉ် နေအိမ်တံခါးပွင့်နေသည်ကို တွေ့ရှိခဲ့ရသည်။ နေအိမ်ကို စစ်ဆေးကြည့်ရှုခဲ့ရာ နေအိမ်အပေါ်ထပ်တွင်သိမ်းဆည်းထားသည့် အဖြူရောင်ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသော ငွေကျပ်သိန်း ၂၁၀ အနက်မှ ၁၀,၀၈၀,၆၀၀ ကျပ်မှာ ပျောက်ဆုံးနေကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ဦးဇော်လွင်မှ မဟာအောင်မြေမြို့မရဲစခန်းသို့ တိုင်တန်းသဖြင့်(ပ)၃၀၃/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၀ အရ အမှုဖွင့်ကာ တရားခံဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းနိုင်စိုး**

# လျှပ်စစ်ပြင်စဉ်ဓာတ်လိုက်သေဆုံး

**ချမ်းအေးသာစံမြို့နယ်** ၂၆ လမ်း၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြားတွင်မေလ ၂၅ ရက်နေ့က လျှပ်စစ်ပြုပြင်လုပ်သားတစ်ဦး ဓာတ်လိုက်ပြီး ပလက်ဖောင်းပေါ် ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မန္တလေးဆေးရုံကြီးတွင် ဓာတ်လိုက်သေဆုံးသူတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ အမှတ်(၃)စခန်းမှူး ရဲအုပ်ထိုက်လင်းစိုးနှင့်အဖွဲ့သည် သက်သေများ နှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ အောင်ကို (၂၆ နှစ်) ဖြစ်ပြီး ၎င်းသည် Vadit ရေချိုးခန်းသုံး ပစ္စည်းဆိုင်ရှိ ဆိုင်းဘုတ်မှ လျှပ်စစ်ဓာတ်စီးနေသဖြင့် ပြုပြင်ရန်အတွက် အမြင့်ခြောက်ပေခန့်ရှိ အုတ်တံတိုင်းပေါ်သို့တက်၍ ပြုပြင်နေစဉ် ဓာတ်လိုက်ပြီး ပလက်ဖောင်းပေါ်သို့ ပြုတ်ကျသေဆုံးကြောင်း သိရှိရသဖြင့် အမှတ်(၃) ရဲစခန်းတွင် သေမှုသေခင်းအမှတ်စဉ် ၂/၂၀၁၄ ဖြင့် ရေးဖွင့်စစ်ဆေးခဲ့သည်။ **သန်းနိုင်စိုး** ■












# One stop service center ထားရှိမည်

**အသေးစားနှင့်** အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) ထူထောင်၊ တိုးချဲ့ရာတွင် ဆောင်ရွက်ရန် လိုအပ်သော အစိုးရရုံးလုပ်ငန်းပိုင်းဆိုင်ရာများကို တစ်နေရာတည်းတွင် အပြီးအစီးဆောင်ရွက်နိုင်သည့်One stop service center ထားရှိဆောင်ရွက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိန်းအောင်က မေလ ၁၆ ရက်နေ့တွင်ကျင်းပသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊ လုပ်ငန်းစတင်ထူထောင်နိုင်ရေး အစုအဖွဲ့ ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် ပြောသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် ကော်မတီဝင် စုစုပေါင်း ၃၂ ဦးရှိသည်။

"မန္တလေးတိုင်းကလွဲပြီး ကျန်အသေးစားဖြင့် အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးရုံးတွေကိုတော့ စက်မှုကြီးကြပ်ဦးစီးဌာနရုံးမှာပဲ ဖွင့်လှစ်ထားပါတယ်။ မန္တလေးမှာတော့ ဝင်းသူဇာ အရောင်းဆိုင်မှာ စီမံထားရှိပါတယ်။ တစ်ဆက်တည်း လုပ်ငန်းစတင် ထူထောင်လိုသူတွေအတွက်ပဲ ဖြစ်ဖြစ်၊ ဆက်လက်လုပ်ငန်းတိုးချဲ့ ဆောင်ရွက်လိုသူတွေအတွက်ပဲဖြစ်ဖြစ် One stop service center ကို စီမံထားရှိမှာဖြစ်ပါတယ်။ SMEစတင်ဆောင်ရွက်နိုင်ဖို့ ထောက်ခံချက်တွေမှာ အရေးမကြီးတဲ့ ထောက်ခံချက်တွေကို လျှော့ချပါမယ်။ လုပ်ငန်းရှင်တွေလည်း နေရာစုံသွားစရာမလိုဘဲဆောင်ရွက်သွားနိုင်မှာပါ"ဟု ဦးသိန်းအောင်က ပြောသည်။ **ခင်ဆုဝေ** ■

# အဓိကကျတဲ့ လမ်း ၃၀ ပေါ်က လေးထပ်တိုက်

## HOUSE OF THE WEEK



ဆက်သွယ်ရန် – လမ်း ၃၀၊ ၇၄ လမ်း၊ ၇၅ လမ်းကြား
ဈေးနှုန်း – အရောင်း (ညှိနှိုင်း)။ ဖုန်း – ၀၉ ၄၃၂၂၃၀၀၀၊ ၀၉ ၄၃၂၂၄၀၀၀။



**လှိုင်ကျော်စိုး**
ရေးသားသည်

**ဒီတစ်ပတ်တော့** မန္တလေးမြို့ရဲ့ အဓိကလမ်းမကြီးဖြစ်တဲ့ လမ်း ၃၀ ပေါ်မှာတည်ရှိပြီး ၇၄ လမ်း၊ ၇၅ လမ်းကြားမှာရှိတဲ့ အာရ်စီ လေးထပ်တိုက်လေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

လေးထပ်တိုက်လေးဟာ မန္တလေးပြည်သူ့ဆေးရုံကြီးနဲ့ မျက်နှာချင်းဆိုင်မှာရှိပြီး စီးပွားရေးလုပ်ချင်သူများအတွက် အကွက်အကွင်းကောင်းနေရာလေးမှာ တည်ရှိပါတယ်။ အထူးသဖြင့် ဟိုတယ်ဖွင့်ဖို့သင့်တော်ပြီး အနီးအနားမှာလည်း ဟိုတယ်တွေ၊ တည်းခိုခန်းတွေလည်း ရှိပါသေးတယ်။ ပြီးတော့ စားသောက်ဆိုင် ဖွင့်ချင်သူတွေအတွက်လည်း အဆင်ပြေတဲ့နေရာလို့လည်း ဆိုနိုင်ပါတယ်။

ဆေးရုံနဲ့နီးတဲ့အတွက် ဆေးကုမ္ပဏီတွေ၊ ဘဏ်တွေဖွင့်ဖို့လည်း သင့်တော်ပါသေးတယ်။ ဘူတာကြီးနဲ့ မနီးမဝေးမှာ တည်ရှိနေတာ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အချက်အချာကောင်းတဲ့နေရာမှာ တည်ရှိတာအပြင် တိုက်မှာ အထပ်တွေများတာကြောင့် ဟိုတယ်ဖွင့်ဖို့ အဆင်ပြေတဲ့အချက်အလက်များတယ်လို့ ဆိုရမှာပါ။

အထပ်တွေတိုင်းမှာ ရေချိုးခန်း၊ အိမ်သာပါဝင်တာကလွဲပြီး အခန်းတွေဖွဲ့စည်းထားခြင်း မရှိတဲ့အတွက် ဝယ်သူစိတ်ကြိုက် ပြုပြင်လို့ရပါတယ်။ ရေ၊ မီးအပြည့်အစုံပါဝင်ပြီး ခြံအပြည့် ဆောက်လုပ်ထားပါတယ်။ အကျယ်အဝန်းကတော့ ပေ ၂၈ × ပေ ၇၀ ဖြစ်ပြီးတော့ ဘိုးဘွားပိုင်မြေလည်း ဖြစ်ပါတယ်။ ■

# ပြန်လှုပ်ခတ်လာတဲ့ မြို့ကွက်သစ် အိမ်ခြံမြေ ဈေးကွက်

ဖြိုးဝေကျော်

**မန္တလေးမြို့** အရှေ့တောင်ဘက်စွန်းမှာရှိတဲ့ မြို့ကွက်သစ်အိမ်ခြံမြေဈေးကွက်ဟာ လက်ရှိကာလမှာ အလှုပ်ဘက်ကို ပြန်ဦးတည်လာကြောင်း မြို့သစ်က အိမ်ခြံမြေ အကျိုးဆောင်တွေက ပြောပါတယ်။

အရောင်းပဲဖြစ်ဖြစ်၊ ငှားရမ်းဖို့ပဲဖြစ်ဖြစ် မြို့တွင်းမှာ ဈေးနှုန်းတွေက တော်ရုံပိုက်ဆံ ရှိရုံနဲ့ မလှမ်းနိုင်တော့ဘဲ အရောင်းအဝယ်ဆိုရင် အနည်းဆုံး ကျပ်သိန်းပေါင်းသောင်းချီ၊ အငှားဆိုရင် မြို့တွင်းနေရာအသင့်အတင့် ကျပ်ဆယ်သိန်းနဲ့အထက် လိုက်နိုင်မှ မှန်းနိုင်မယ့် အခြေအနေရှိတဲ့ မန္တလေးမြို့ဟာ သာမန်လူတန်းစားတွေအတွက် နေရေးဟာ အတော်အခက်တွေ့စေတဲ့ အနေအထားဖြစ်နေပါတယ်။ ဒီလိုအခြေအနေမှာ တစ်ဖက်မှာ လူဦးရေတိုးပွားနေတဲ့ မြို့ဟာ သူ့ရဲ့အကျယ်အဝန်းကို လက်ရှိအဝန်းအဝိုင်းရဲ့ အရှေ့တောင်ဘက်စွန်းကို ချဲ့နေခဲ့ပါတယ်။

မြို့ရဲ့ အဲဒီအရှေ့တောင်ဘက်စွန်းအပိုင်းဟာ မြို့သစ်ဧရိယာပဲ ဖြစ်ပါတယ်။ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်မှာ စတင်အခြေတည်ခဲ့တဲ့ 'မူလမြို့သစ်'လို့ ပြောရမယ့်အပိုင်းဟာ နှစ်ပေါင်း ၃၀ လောက် အချိန်တွေကုန်လွန်ခဲ့တဲ့နောက် အခုအခါမှာ ဈေးနှုန်းဟာ လူလတ်တန်းစားတွေအတွက်ပါ လိုက်မမီနိုင်ဖို့ ခက်ခဲခဲ့ပြန်ပါပြီ။

မူလမြို့သစ်ရဲ့ အိမ်ခြံမြေဈေးနှုန်းတွေကောင်းလာခဲ့ပြီး အဲဒီဘက်ကို လက်လှမ်းမမီနိုင်တဲ့သူတွေအတွက်တော့ မူလမြို့သစ်ရဲ့ အရှေ့ဘက်စွန်းက ကွင်းပြင်တွေဘက်မှာ လူနေတစ်စတစ်စ နေရာယူလာကြပြီး မြို့ကွက်သစ်တစ်ခုအဖြစ် ပြန်ရုပ်လုံးပေါ်လာခဲ့ပြီဖြစ်ပါတယ်။ အဲဒီမြို့ကွက်သစ်ဧရိယာအတွင်း လူနေထိုင်ဖို့ နေရာအကွက်အကွင်း လုံးဝမပေါ်သေးတဲ့ နေရာတွေမှာ ကျပ်သိန်းရာဂဏန်းလောက်နဲ့ ရနိုင်ခြေရှိနေလို့ မြို့ကွက်သစ်ဧရိယာဟာ ထိုက်သင့်တဲ့အကျိုးအမြတ်ရရင် ပြန်ရောင်းကြလေ့ရှိတဲ့ ဝယ်ရောင်းတွေ အတွက်လည်း ပုံမှန်အလုပ်ဖြစ်နိုင်တဲ့ ဈေးကွက်တစ်ခု ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်ကုန်ပိုင်းလောက်မှာ အိမ်မြေဈေးကွက်မှာ ငွေကြေးဝင်ကစားသူတွေကြောင့် ဈေးကွက်နဲ့ ဈေးနှုန်းတွေ ကမောက်ကမဖြစ်ပြီး ဈေးကွက်ငြိမ်သက်သွားခဲ့တာဟာ တော်တော်နဲ့ ပြန်နာလန်မထူနိုင်ခဲ့ပါဘူး။ အိမ်မြေဈေးကွက်မှာ ပုံမှန်လေးလည်ပတ်ချင်တဲ့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့လည်း ဘယ်လိုမှ မလှုပ်သာတော့ဘဲ အချိန်ကာလတစ်ခု ပြန်ရောက်လာဖို့အတွက်သာ မျှော်လင့်နေခဲ့ကြရတာပါ။ အခုတော့ အဲဒီအချိန်ဟာ ပြန်ရောက်လာတဲ့ပုံရှိပါတယ်။

အခြေကျပြီးတဲ့ မြို့သစ်ဧရိယာရဲ့အရှေ့ပိုင်းမှာ မြို့ကွက်သစ်အဖြစ် ခေါ်ဆိုနိုင်မယ့် မနော်ဟရီလမ်းရဲ့ တောင်နဲ့ မြောက်ဘက်တစ်ဝိုက်၊ လမ်း ၅၀ ရဲ့ အရှေ့ဘက်နဲ့ အနောက်ဘက်တစ်ဝိုက်ဟာ အရောင်းအဝယ်ပြန်ဖြစ်လာပြီး အကျိုးအမြတ်လည်း ကောင်းတယ်လို့ သိရပါတယ်။ အဲဒီတစ်ဝိုက်မှာ ကြားကွက်မဟုတ်ဘဲ မိန်းလမ်း တစ်ခုခုပေါ်တင်တဲ့အကွက်တွေဟာ သိန်းထောင်ချီခေါ်နေကြပြီး ရင်းနှီးမြှုပ်နှံထားဖို့ စိတ်ဝင်စားသူတွေလည်း များလာပါတယ်။

ဒီနေရာမှာ ဈေးကွက်ငြိမ်နေစဉ်က သိန်းဆယ်ဂဏန်းအမြတ်ပေးဝယ်ဖို့ မစဉ်းစားကြတဲ့အခြေအနေကနေ အခုတော့ ရာဂဏန်းအထိလိုက်လာကြကြောင်း သိရလို့ မြေကွက် လက်ထဲပိုက်ထားတဲ့သူတွေ အခြေအနေပြန်ကောင်းလာခဲ့ပါပြီ။ အခုအခါ မိန်းလမ်းကောင်းပေါ်တင်တဲ့မြေကွက်တွေကိုတော့ သိန်း ၁,၅၀၀ နဲ့ ၂,၀၀၀ ကြားအထိ ဈေးလိုက်နိုင်ဖို့လိုမယ်လို့ အကျိုးဆောင်တွေက ပြောပါတယ်။

မြို့ကွက်သစ်ဧရိယာမှာ အကောင်အထည်ဖော်နေတဲ့ တန်ဖိုးနည်းအိမ်ရာစီမံကိန်းတွေက မြို့ကွက်သစ် အိမ်မြေဈေးကွက်လှုပ်ဖို့ တစ်နည်းတစ်ဖုံ အရေးပါတာမှန်ပေမယ့် လူဦးရေထူထပ်လာပြီး အခြေချနေထိုင်သူတွေ တစ်စစများပြားလာတာက မြို့ကွက်သစ်အိမ်မြေအရောင်းအဝယ်ကို အတက်ဘက်ဆီ ဆက်တွန်းပို့လိမ့်မယ်လို့ အိမ်မြေအကျိုးဆောင်တွေက သုံးသပ်နေကြပါတယ်။ ■



**မနော်ဟရီလမ်း တောင်ဘက်ခြမ်းရှိ မြို့ကွက်သစ်ဧရိယာကို တွေ့ရစဉ်။** ဓာတ်ပုံ - ဖြိုးဝေကျော်

## မြန်မာတိုင်း(မ်) မန္တလေးရုံးခွဲဝန်ထမ်းပါတီ


ကိုဇော်ဝင်းသန်းနဲ့ ဝင်ဒီ


ဈေးကွက်ဌာန အဖွဲ့သားများ


စတူးဝပ်နဲ့ ဇနီး


ကိုရန်နောင်စိုးနဲ့ ကိုထွေး



ကံထူးသူများ


သတင်းဌာနအဖွဲ့သားများ


မသူဇာ၊ မအေးအေးခိုင်နဲ့ မယဉ်မင်းထွန်း


မြန်မာတိုင်း(မ်) ဝန်ထမ်းများ


alu;rkif စီစဉ်သည်။

**မေလရဲ့** နောက်ဆုံးပတ်မှာ မေလေးဖော်ပြဖို့ ရွေးချယ်ထားတဲ့ ပွဲအများစုကတော့ ပျော်စရာရွှင်စရာနဲ့ မုဒိတာပွားစရာပွဲလေးတွေပါပဲ။ ဒီတစ်ပတ်ဆိုရှယ်ခရီးစဉ်ကို ၈၁ လမ်း၊ ၃၂ လမ်းနဲ့ ၃၃ လမ်းကြားက Hotel Queen ရဲ့ ခုနစ်လွှာမှာ အသစ်ဖွင့်လှစ်တဲ့ Queen's Sky View Bar & Restaurant သစ်ဖွင့်ပွဲလေးနဲ့ စလိုက်ချင်ပါတယ်။ မေလ ၂၀ ရက်နေ့ညက ဖွင့်လှစ်ခဲ့တာဖြစ်ပြီး မန္တလေးမြို့ရဲ့ ညအလှကို တစ်ဝကြီးရှုမြင်ခံစားနိုင်မယ့် အဲဒီနေရာကို နာမည်ကျော် မင်းသား၊ မင်းသမီးတွေကိုယ်တိုင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့တာပါ။ ဒုတိယတက်ဖြစ်ခဲ့တဲ့ပွဲကတော့ နာမည်ကျော် သဇင်ဘီစကစ်မိသားစုရဲ့ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာပွဲလေးပဲ ဖြစ်ပါတယ်။ မေလ ၂၂ ရက်နေ့က မန္တလေးအိုရီယံတယ်ဟောက်စ်မှာ ကျင်းပခဲ့တာပါ။ တတိယပွဲကတော့ မေလ ၂၅ ရက်နေ့က SkyWalk Shopping Mall မှာ အသစ်ဖွင့်လှစ်တဲ့ Alana အမှတ်တံဆိပ် ဖိနပ်ဆိုင်ဖွင့်ပွဲလေးပါ။ ဝယ်ယူအားပေးသူတွေနဲ့ ကြိတ်ကြိတ်တိုးစည်ကားခဲ့ပါတယ်။ မေလ ၂၂ ရက်နေ့ညပိုင်းက Rising Venus Hotel မှာ မေလေးတို့ Myanmar Consolidated Media Co., Ltd မန္တလေးရုံးခွဲရဲ့ ဝန်ထမ်းပါတီကို ကျင်းပပြုလုပ်ခဲ့တာမို့ ပျော်စရာကောင်းတဲ့ ပုံရိပ်လေးတချို့ကိုလည်း ဖော်ပြပေးလိုက်ပါတယ်နော်။ အရင်တစ်ပတ်က မဖော်ပြဖြစ်ခဲ့တဲ့ ဒေါက်တာထူးအောင်ကျော်နဲ့ မဖြူနွယ်ထွန်းတို့ရဲ့ မင်္ဂလာပွဲလေးကို ပြန်လည်ဖော်ပြပေးချင်ပါတယ်။ တူနှစ်ကိုယ် ရွှေလက်မြဲမြဲတွဲနိုင်ပါစေလို့ မေလေးတို့ မြန်မာတိုင်း(မ်)က ဆုတောင်းပေးရင်း ဒီတစ်ပတ်တော့ ဒီလောက်ပါပဲနော်. . . ။

## မင်္ဂလာပွဲ


ဒေါက်တာထူးအောင်ကျော်နဲ့ မဖြူနွယ်ထွန်း


ဦးနိုင်မော်ထွန်းနဲ့ ဒေါ်အေးအေးမော်

## မန္တလေးသဇင်ဘီစကစ်အလှူပွဲ


ကိုအောင်စိုးဝင်းနဲ့ မလင်းလင်းမြတ်


ဒေါ်ခင်အုန်းရီ


မောင်လင်းပြည့်စိုး


မြတ်ဆုရတီစိုး


လင်းလက်ရတီစိုး


မသဲဆုမွန်၊ မစောယုနွယ်နဲ့ မဖြူဖြူသန့်

## Alana ဖိနပ်ဆိုင်သစ်ဖွင့်ပွဲ


အေးမြတ်သူ


ဒေါ်ခင်အေး၊ ဒေါ်ဝင်းဝင်းရီနဲ့ ဒေါ်နန်းစိန်စိန်


ကိုဆန်းထွဋ်နဲ့ မဇင်မင်း


ကော်နီ


ဒေါ်ဝင်းဝင်းရီ

## Queen's Sky View Bar & Restaurant ဖွင့်ပွဲ


ကိုဇော်ကြီးနဲ့ ရတနာဗိုလ်


မာမီကင်းနဲ့ အိန္ဒြာကျော်ဇင်


ရန်အောင်


ကိုဇေယျာ


မိတ်ကပ်အိတုံ


ထွန်းကိုကို


မော်ဒယ်လ်တစ်ဦး



# ထိုင်းဘုရင်ဂူမွမ်းမံမှု ပြန်စနိုင်ရန် သမ္မတထံတင်ပြ

ဖြိုးဝေကျော်နှင့် လှိုင်ကျော်စိုး



ထိုင်းဗိသုကာပညာရှင် မစ္စတာဗီချစ်မှ ထိုင်းသချိုင်းဂူမွမ်းမံမှု စီမံကိန်းနှင့် ပတ်သက်ပြီး မြန်မာတိုင်း(မ်)ကို ရှင်းပြနေစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

**မန္တလေးမြို့** အမရပူရမြို့နယ်တွင် ၂၀၁၃ ခုနှစ်ဆန်းမှ စတင်လုပ်ဆောင်ခဲ့သော ထိုင်းဘုရင်ဂူသင်္ချိုင်း တူးဖော်မွမ်းမံမှုကို ယခုနှစ်မတ်လ ၁၀ ရက်နေ့တွင် ရပ်ဆိုင်းရန် စည်ပင်သာယာမှ ညွှန်ကြားစာပေးပို့ခဲ့ပြီးနောက်ပိုင်း ယခုအခါ စီမံကိန်း ပြန်လုပ်ဆောင်နိုင်ရန်အတွက် သက်ဆိုင်သူများမှ သမ္မတထံ ပြန်လည်တင်ပြထားကြောင်း သိရသည်။

အဆိုပါစီမံကိန်းမှ သမိုင်းအချက်အလက်ရှာဖွေရေးနှင့် တူးဖော်ရေးအဖွဲ့ဝင် ဦးဖိုးဝေကရင်းနှင့် အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးလင်းလင်းနှင့် ရှေးဟောင်းသုတေသနပညာရှင် တမ္ပဝတီဦးဝင်းမောင်တို့အား ထိုင်းဘုရင်လက်အောက်ရှိ ထိုင်းဗိသုကာပညာရှင်အဖွဲ့ (ASA-Association of Siamese Architects under Royal Patronage) မှ ဖိတ်ကြားသည့်အတွက် ထိုင်းနိုင်ငံဘန်ကောက်ရှိ မောင်းထောင်ဌာနေ၊ ချယ်လင်ဂျာခန်းမတွင် မေလ ၄ ရက်နေ့က ထိုင်းဘုရင်ဂူ သင်္ချိုင်းနှင့်ပတ်သက်သည့် စာတမ်းဖတ်ကြားခဲ့ကြောင်း၊ ၎င်းပြင် လက်ရှိတွင် ထိုင်းဘုရင်နန်းတော်မှ ဘဏ္ဍာရေးတာဝန်ရှိသူများမှ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် မြန်မာနိုင်ငံ သမ္မတထံ မေလပထမပတ်တွင် ထိုင်းဘုရင်ဂူသင်္ချိုင်းမွမ်းမံမှု စီမံကိန်း ပြန်လုပ်ဆောင်နိုင်ရန်အတွက် တင်ပြထားကြောင်း မေလ ၂၂ ရက်တွင် ပြောသည်။

"ကျွန်တော်တို့ရဲ့ ထိုင်းဘုရင်သင်္ချိုင်းဂူရှာဖွေမှုက အောင်မြင်ခဲ့ပါတယ်၊ တွေ့လည်းတွေ့ခဲ့ပါတယ်။ အထိမ်းအမှတ်ဂူအဖြစ် ဆက်အကောင်အထည်ဖော်နိုင်ဖို့နဲ့ သမိုင်းဝင်ဥယျာဉ်အဖြစ် ဆက်လုပ်ဖို့အတွက်တော့ မအောင်မြင်သေးဘူးပေါ့"ဟု ဦးဖိုးဝေက ပြောသည်။

အင်္ဂလန်နိုင်ငံ ခနေသဟာရစာကြည့်တိုက်ရှိ ရှေးနန်းလက်သုံးပုရပိုက်တွင် ဖော်ပြထားသော အချက်အလက်များနှင့် ယခုတူးဖော်ခဲ့မှုမှ တွေ့ရှိချက်များကို နှိုင်းယှဉ်ကြည့်ပါကလည်း ကိုက်ညီပြီး ထိုင်းဘုရင်ဂူသင်္ချိုင်းအမှန်ဖြစ်ကြောင်း ပြောသည်။

မန္တလေးမြို့၏ နာမည်ကျော်ဦးပိန်တံတား အနီး၊ မယ်ဇယ်ပင်တန်းများနှင့် မနီးမဝေးရှိ ထိုင်းဘုရင်သင်္ချိုင်းဂူတူးဖော်မွမ်းမံမှုကို လင်းဇင်းကုန်းသုသာန်ဧရိယာ ၁၀ ဧကကျော်အတွင်းမှ စည်ပင်သာယာမှ ခွင့်ပြုပေးခဲ့သောဧရိယာ တစ်ဧကကျော်အတွင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဦးဖိုးဝေကပြောသည်။

အဆိုပါစီမံကိန်းကို ထိုင်းချစ်ကြည်ရေးအဖွဲ့က သမိုင်းဝင်ဥယျာဉ်အထိ လုပ်ဆောင်သွားရန် ရည်ရွယ်ခဲ့ကာ စီမံကိန်းပြီးစီးပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ အားလုံးလွှဲပြောင်းပေးမည်ဟု စီမံကိန်းစတင်စဉ်က ပြောကြားခဲ့သည်။

ထို့ပြင် ထိုင်းဗိသုကာ ပညာရှင် မစ္စတာဗီချစ်က ယခုစီမံကိန်းနှင့်ပတ်သက်ပြီး ဒေသခံအချို့မှာ ထိုင်းလူမျိုးများက မြေနေရာလာယူနေကြသည်ဟု ထင်မြင်နေသည်မျိုးရှိကြောင်း၊ ၎င်းတို့အတွက် ယခုလုပ်ငန်းမှာ စီးပွားရေးလုပ်ငန်းမဟုတ်ဘဲ မြန်မာနှင့် ထိုင်းလူမျိုးများကြား ချစ်ကြည်ရေးအတွက်သာဖြစ်ကြောင်း ၂၀၁၃၊ အောက်တိုဘာလက မြန်မာတိုင်း(မ်)နှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။ တူးဖော်မှုလုပ်ဆောင်နေစဉ်က ထိုင်းလူမျိုးအပါအဝင် နိုင်ငံခြားသားခရီးသည် တစ်သိန်းကျော် လာရောက်လေ့လာခဲ့ကြောင်း သိရသည်။ ■

## မိုးစပါးဧက ခြောက်သိန်းကျော် စိုက်ရန် လျာထား

**မန္တလေးတိုင်းဒေသကြီးတွင်** ယခုနှစ် မိုးစပါးစိုက်ရာသီ၌ မိုးစပါးဧက ၆၁၀,၀၀၀ ကျော် စိုက်ပျိုးရန်လျာထားကြောင်း မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လွန်ခဲ့သည့် မိုးစပါးစိုက်ရာသီတွင် စိုက်ဧက ၅၂၀,၀၀၀ ကျော်ကို စိုက်ပျိုးထားနိုင်ခဲ့ပြီး ယခုနှစ်တွင် လာမည့်ဇွန်လမှ စတင်ကာ ဧက ၆၁၀,၀၀၀ ကျော် စိုက်ပျိုးနိုင်ရန် လျာထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဆောင်းက ပြောသည်။

"ဒီနှစ် ၂၀၁၄-၁၅ မိုးစပါးစိုက်ရာသီမှာ မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ဧက ၆၁၅,၅၃၂ ဧကကို စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ တစ်တိုင်းလုံးမှာ စိုက်ပျိုးသွားမှာပါ။ လာမယ့် ဇွန်လနှောင်းပိုင်းကနေစပြီးတော့ ပျိုးထောင်မှာပါ။ တကယ်တမ်းကတော့ မန္တလေးတိုင်းမှာ စက်တင်ဘာလမှာ စိုက်တာများပါတယ်"ဟု ဦးကျော်ဆောင်းကပြောသည်။

လက်ရှိအချိန်တွင် အပူပိုင်းဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှာ အခြားအပူခံသီးနှံများဖြစ်သည့် ပဲ၊ နှမ်းကိုသာ စိုက်ပျိုးသည့်အတွက် ဆန်ဖူလုံမှုမှာ ခြောက်ဆယ့်သုံးရာခိုင်နှုန်းခန့်သာရှိကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနက ယခုနှစ် စိုက်ရာသီတွင် တစ်ဧက ၈၄ တင်းကျော်ထွက်ရှိရန် မျှော်မှန်းထားလျက်ရှိကာ ပြီးခဲ့သည့် မိုးစပါးစိုက်ရာသီတွင် တစ်ဧက ၇၆ တင်းကျော် ထွက်ရှိခဲ့ကြောင်း၊ တောင်သူများကို မျိုးကောင်းမျိုးသန့်ခြံများမှ ထွက်ရှိသည့်မျိုးများဖြင့် ချထားပေးပြီး နည်းပညာထောက်ပံ့ပေးမှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကိုကို** ■

# မြေယာကိစ္စဖြေရှင်းရန်ခေါ်ကာ ရွာသားများကို ကြိုးတုတ်ရိုက်နှက်မှုဖြစ်

စည်သူလွင်

**မန္တလေးတိုင်းဒေသကြီး၊** ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စုအတွင်းရှိ ကော်ဖီခြံ စိုက်ကွင်းတစ်ခုတွင် မြေယာပြဿနာ ရှင်းလင်းရန်အတွက် ဒေသခံများကို ဖုန်းဆက်ခေါ်ယူခဲ့သဖြင့် သွားရောက်ခဲ့သော ထုံးဘိုကျေးရွာသား ငါးဦးကို ဒေသခံမဟုတ်သူကိုးဦးမှ အိမ်တိုင်များတွင် ကြိုးတုတ်ကာ ဝိုင်းဝန်းရိုက်နှက်မှု တစ်ခု မေလ ၂၆ ရက်နေ့က ဖြစ်ပွားခဲ့ကြောင်း ရိုက်နှက်ခံရသူများက ပြောသည်။

ရိုက်နှက်ခံရမှုကြောင့် ထုံးဘိုကျေးရွာ ဒေသခံငါးဦးအနက် လေးဦးမှာ ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဦးခေါင်း၊ ခြေထောက်၊ နံရိုးဒဏ်ရာများအတွက် တက်ရောက်ကုသနေရကြောင်း သိရသည်။

"မြေယာကိစ္စဖြေရှင်းရအောင်ဆိုပြီး ဖုန်းဆက်ခေါ်တယ်။ ကျွန်တော်တို့က ရွာမိရွာဖအိမ်မှာ ဖြေရှင်းမယ်ဆိုတော့ သူတို့ကမြေနေရာ အကွက်အကွင်းလေးကိုကြည့်ပြီး ဖြေရှင်းမယ်ဆိုရင် ပိုကောင်းပါတယ်လို့ ပြောလို့ သွားလိုက်တာ။ ဟိုရောက်တာနဲ့ ခေါင်းကို တုတ်တွေနဲ့ရိုက်ပြီး တိုင်မှာကြိုးတုတ်ပြီး ထပ်ရိုက်တယ်" ဟု ရိုက်နှက်ခံခဲ့ရသော ထုံးဘိုရွာမှ အခြေခံလယ်ယာလုပ်သားအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ဆွေက ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေရင်း မြန်မာတိုင်း(မ်) ကိုပြောသည်။

ဝိုင်းဝန်းရိုက်နှက်နေရင်း တယ်လီဖုန်းဖြင့် အခြားသူတစ်ဦးကို ရိုက်နှက်သူများမှ ဆက်သွယ်ကာ 'အပြတ်ရှင်းလိုက်ရမှာလား၊ ဒီလောက်ပဲတော်ပြီလား' ဟု ဆက်သွယ်ပြောဆိုခဲ့သည်ကို ကြားခဲ့ရကြောင်း ၎င်းက ပြောသည်။

"အဓိက ရိုက်နှက်ကြတာ ကျွန်တော့်ကိုပါ။ တစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့ပဲ။ ရိုက်နှက်တာ ကိုးဦးရှိတယ်။ ကိုးဦးလုံးနဲ့ အခုလိုရိုက်နှက်ဖို့ နောက်ကွယ်ကနေ ကြိုးကိုင်တဲ့သူကိုပါ ဖမ်းဆီးနိုင်ဖို့ ဥပဒေကြောင်းအရ ဆောင်ရွက်သွားမယ်" ဟု ရိုက်နှက်ခံရသူများထဲမှ ဒဏ်ရာအများဆုံးရရှိခဲ့သော ထုံးဘိုကျေး ရွာသားတစ်ဦးဖြစ်သူ ဦးစိုးမြင့်က ပြောသည်။

အခင်းဖြစ်ပွားရာနေရာသို့ ဒေသခံရွာသူရွာသားများ လိုက်လံ ဝိုင်းဝန်းခဲ့ကြသဖြင့် ရိုက်နှက်သူအချို့မှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သော်လည်း သုံးဦးကို အခင်းဖြစ်ပွားရာနေရာ၏ အနောက်ဘက် အိမ်အတွင်းမှ ဖမ်းဆီးရမိခဲ့သည်။

> **တရားခံသုံးဦးကို ဖမ်းမိထားတယ်။ အခုတော့ စစ်ဆေး ဆောင်ရွက်မှုတွေ လုပ်နေတုန်း . . .**

"အခင်းဖြစ်ပွားပြီးမှ ရောက်သွားတယ်။ အနီးနားက အိမ်တွေကို ဝိုင်းပြီးရှာဖွေကြတော့ သုံးဦးကိုဖမ်းမိခဲ့တယ်။ စစ်မေးလိုက်တော့ ရန်ကုန်သယ်န်းကျွန်းကလို့ ပြောတယ်။ ဘယ်သူလုပ်ခိုင်းတာလဲဆိုတော့ ဆရာမကြီးလို့ပြောကြတယ်။ လိုအပ်တာ စစ်မေးပြီး ရဲလက်ကိုလွှဲပေးလိုက်တယ်" ဟု ထုံးဘိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်လင်းက ပြောသည်။

"တရားခံ သုံးဦးကို ဖမ်းမိထားတယ်။ အခုတော့ စစ်ဆေးဆောင်ရွက်မှုတွေ လုပ်နေတုန်းပဲ။ အမှုဖွင့်ထားတာကတော့ တရားခံ ကိုးဦးဆိုပြီး အမှုဖွင့်ထားတယ်။ မြေယာပြဿနာအတွက်ဖြစ်တာလို့ယူဆရတယ်" ဟု အဆိုပါဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ဝက်ဝံရဲတပ်ဖွဲ့စခန်းသို့ သွားရောက်မေးမြန်းရာတွင် အမှုစစ်အရာရှိဖြစ်သူ ဒုရဲအုပ်သန်းထိုက်က ပြောသည်။

အမှုဖွင့်အရေးယူဆောင်ရွက်ရာတွင် (ပ) ၅၄/၂၀၁၄ ဥပဒေပုဒ်မ ၂၉၄ ဆဲဆိုကြိမ်းမောင်းရန်ဖြစ်မှု၊ ပုဒ်မ ၃၂၅ ပြင်းထန်စွာ ဒဏ်ရာရစေမှု၊ ပုဒ်မ ၃၂၃ သာမန်ဒဏ်ရာရစေမှုနှင့် ပုဒ်မ ၁၁၄ အစုအဖွဲ့လိုက်အားပေးရန်ဖြစ်စေမှုတို့ဖြစ်ကြောင်း အမှုစစ်အရာရှိကပြောသည်။

ယခုကဲ့သို့ အစုအဖွဲ့လိုက် ဝိုင်းဝန်းရိုက်နှက်ခြင်းမှာ နောက်ကွယ်မှ ကြိုးကိုင်ဆောင်ရွက်နေသူကို အမြန်ဆုံးဖော်ထုတ်ပြီး တရားဥပဒေကြောင်းအရ အရေးယူနိုင်ရန်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ဒေသခံများကဆိုသည်။ ■




ရိုက်နှက်ခံရမှုကြောင့် ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသနေရသော ထုံးဘိုရွာသားဦးစိုးမြင့်ကို တွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

## စာပေဈေးကွက် ကဏ္ဍ

# မြန်မာ့သစ်ခွ

ဖြိုးဝေကျော်

**သစ်ပင်ပန်းမန်ဝါသနာရှင်တွေ၊** အထူးသဖြင့် သစ်ခွနဲ့ပတ်သက်ပြီး အထူးစိတ်ဝင်စားသူတွေ နှစ်သက်နိုင်မယ့် ဉာဏ်ထွန်း (မောင်မြန်မာ)ရဲ့ စာအုပ်ဖြစ်ပါတယ်။

သစ်ပင်ပန်းမန်ကဏ္ဍဟာ ဝါသနာရှင်တွေအတွက် စီးပွားရေးအမြင်နဲ့ကြည့်တတ်၊ လုပ်ကိုင်တတ်ရင် ကြီးပွားနိုင်တဲ့လုပ်ငန်းဖြစ်သလို သစ်ခွပန်းဆိုရင်လည်း ဈေးကွက်ကောင်းကောင်း ရနေပါတယ်။ ဒီစာအုပ်မှာတော့ စာရေးသူဟာ မြန်မာနိုင်ငံထဲမှာရှိတဲ့ သူလက်လှမ်းမီသမျှ သစ်ခွအမျိုးပေါင်းများစွာကို တင်ပြထားတာကို သစ်ခွဝါသနာရှင်တွေ စိတ်ဝင်စားဖွယ် တွေ့ကြရမှာပါ။

ဒီစာအုပ်ဖြစ်မြောက်လာဖို့အတွက်၊ ပြီးတော့ စာအုပ်ဟာ မြန်မာ့သစ်ခွတွေအကြောင်း ဖြစ်တဲ့အတွက် စာရေးသူဟာ မြန်မာပြည်တွင်းက ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးကို အကြိမ်ကြိမ်အခါခါလှည့်လည်ပြီး မြန်မာ့သစ်ခွတွေကို မှတ်တမ်းတင်၊ စုဆောင်းလေ့လာရှာဖွေခဲ့ရကြောင်း သိရပါတယ်။ ဒီနေရာမှာ မြန်မာ့သစ်ခွကို အများဆုံးတွေ့ရတာက ရှမ်းပြည်နယ်တောင်ပိုင်းဖြစ်လို့ အဲဒီက ခရိုင်၊ မြို့နယ်တွေကို အခြေပြုရေးသားထားတယ်လို့လည်း ဆိုပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွေဟာ အပူပိုင်းသစ်တောတွေ၊ အအေးပိုင်းသစ်တောတွေ၊ တောင်ပေါ်သစ်တော စတဲ့ဒေသမျိုးစုံ သစ်တောတွေအပြင် ရေတံခွန်၊ စိမ့်စမ်းတွေ ပေါ်ပြီး သစ်ခွတွေကြိုက်တဲ့ နေရာတွေဖြစ်လို့လည်း သူတို့ကို ရှမ်းပြည်တောင်ပိုင်းမှာ အတွေ့ရများတာဖြစ်ပါတယ်။ မြန်မာနိုင်ငံ သစ်တောဦးစီးဌာနက မှတ်တမ်းတင်ထားတဲ့ မြန်မာ့သစ်ခွက အမျိုးပေါင်း ၈၄၁ မျိုးရှိကြောင်း သိရပေမယ့် အခုစာရေးသူ ရှာဖွေစုဆောင်းခဲ့တဲ့ ကာလတစ်လျှောက်မှာတော့ ပြည့်စုံမှုမရှိသေးလို့ ဆက်လက်ရှာဖွေသွားဦးမယ်လို့ ပြောထားပါတယ်။

စာအုပ်ထဲမှာ သစ်ခွတွေအကြောင်းကို တစ်မျိုးချင်း ပုံနဲ့တကွ ပူးတွဲဖော်ပြထားတာလည်း ဝါသနာရှင်တွေ စိတ်ကြိုက်တွေ့မှာပါ။ ဖော်ပြရာမှာ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာနဲ့ ဖော်ပြပေးထားပါတယ်။ ပုံတွေအားလုံးကို စာရေးသူကိုယ်တိုင် တောတောင်ထဲသွားလာရှာဖွေရင်း ရိုက်ကူးတာအပြင် သူ့အိမ်က ကိုယ်ပိုင်သစ်ခွတွေကိုလည်း ထည့်သွင်းထားပါတယ်။




ပြီးတော့ ဒီစာအုပ်ထဲမှာ မြန်မာပြည်တစ်ခွင်မှာ မြန်မာ့သစ်ခွပန်းပင်တွေ၊ ပေါကြွယ်ဝတဲ့ သစ်ခွပန်းသိုက်ကြီးတွေ ဒီနေ့အချိန်အထိ ကျန်ရှိနေသေးလို့ လေ့လာလိုက်စားပြီး အချိန်မီ စုဆောင်းမှု လုပ်နိုင်သေးကြောင်း၊ မြန်မာပြည်အနှံ့ တောတောင်၊ ကျောက်တောင်၊ ကွင်းပြင်တွေမှာ ပေါက်ရောက်နေတဲ့ သစ်ခွပန်းတွေဟာ အမျိုးအစားစုံလင်လှကြောင်း၊ ဒီနေ့အထိ တွေ့မြင်စုဆောင်း ရရှိထားတဲ့ သစ်ခွပန်းပင်တို့ရဲ့ အမည်နာမတွေမှာ ကမ္ဘာပေါ်မှာ နိုင်ငံခြားသားတွေရဲ့ အမည်နဲ့သာ မှည့်ခေါ်တာကိုတွေ့ရပြီး မြန်မာအမည်၊ မြန်မာလူမျိုးနာမည်နဲ့ မှည့်ခေါ်ထားတာမျိုး လုံးဝမတွေ့ရသေးကြောင်းနဲ့ ကမ္ဘာ့အလယ်မှာမြန်မာနာမည်နဲ့ သစ်ခွမျိုးသစ်တစ်မျိုးမျိုး ပါဝင်ဖော်ပြမှတ်တမ်းတင်နိုင်ဖို့အတွက် သစ်ခွမျိုးသစ်တွေကို ရှာဖွေဖော်ထုတ်ကြဖို့ တိုက်တွန်းထားချက်ကလည်း သစ်ခွပန်းချစ်တတ်တဲ့ စာဖတ်သူရဲ့ စိတ်ကို တက်ကြွစေပါလိမ့်မယ်။

> **မြန်မာ့သစ်ခွက အမျိုးပေါင်း ၈၄၁ မျိုးရှိကြောင်း သိရပေမယ့် အခုစာရေးသူ ရှာဖွေစုဆောင်းခဲ့တဲ့ ကာလတလျှောက်မှာတော့ ပြည့်စုံမှုမရှိသေး...**

သစ်ခွပန်းလေ့လာသူ၊ စုဆောင်းသူတွေအနေနဲ့ ဖတ်ရှုရုံသာမက ဝယ်ယူသိမ်းဆည်းထားသင့်တဲ့ ဒီစာအုပ်ကို မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်း၊ ပြည်သူ့ဥယျာဉ်၊ ရန်ကုန်နဲ့ မောင်မြန်မာဥယျာဉ်၊ အမှတ် ၈၈၊ ကျန်းမာရေးရုံးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့ တို့မှာ ဝယ်ယူနိုင်ပြီး တန်ဖိုး ကျပ် ၄၀,၀၀၀ ဖြစ်ပါတယ်။ ■

# မျောက်မင်းဝူခုန်းသရုပ်ဆောင်နှင့် ဝူခုန်းချစ်သူများ တွေ့ဆုံ

**တရုတ်ရုပ်သံဇာတ်လမ်းတွဲတစ်တွဲဖြစ်သည့်** အနောက်အရပ်သို့ခရီးသွားခြင်းမှ မျောက်မင်းဝူခုန်းအဖြစ် သရုပ်ဆောင်ခဲ့သော မင်းသား လုရှောင်လင်းတုန်နှင့် ဝူခုန်းချစ်သူ မန္တလေးပရိသတ်များသည် မတ်လ ၂၄ ရက်နေ့က Oriental House ခန်းမတွင် တွေ့ဆုံခဲ့ကြသည်။

"ဝူခုန်းမင်းသားကြီးဟာ မြန်မာနိုင်ငံတင်သာမကပဲ အမေရိကန်၊ ဥရောပ၊ ဩစတြေးလျနဲ့ အာရှတိုက်နိုင်ငံတော်တော်များများကို ကမ္ဘာ့ငြိမ်းချမ်းရေးခရီးစဉ်အနေနဲ့ သွားရောက်ပြီးတဲ့နောက် ချစ်ကြည်ရေးသံတမန်ဘွဲ့တွေ ချီးမြှင့်ခံရတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်က သူနဲ့အတူပါလာတဲ့ အာရှစင်တာက အတွင်းရေးမှူးချုပ်ကို ရန်ကုန်ပရိသတ်နဲ့ မန္တလေးပရိသတ် ဘယ်လိုလဲလို့ မေးကြည့်ပါတယ်။ သူက မန္တလေးက ဝူခုန်းချစ်တဲ့ပရိသတ်ကြီးဟာ ရန်ကုန်ထက်ပိုသာပါတယ်လို့ မှတ်ချက်ချသွားပါတယ်။ အခုဝူခုန်းမင်းသားကြီးလာတာဟာ ချစ်ကြည်ရေးခရီးအတွက် လာတာဖြစ်ပါတယ်။ အခုလို ဝူခုန်းမင်းသားကြီး ရောက်လာတဲ့အတွက် မြန်မာ-တရုတ်ချစ်ကြည်ရေးကို မန္တလေးမြို့မှာ ပိုပြီးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ ဦးပိုမြင့်က ပြောသည်။

အနောက်အရပ်သို့ခရီးသွားခြင်း ဝတ္ထုသည် တရုတ်နိုင်ငံ၏ နာမည်ကျော်ကြားသည့် ရှေးဝတ္ထုကြီးလေးခုထဲမှ တစ်ခုဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၁,၄၀၀ ခန့် ထန်မင်းဆက် လက်ထက်တွင် ဘုန်းတော်ကြီးတစ်ပါး၏ ဘုရားပွင့်သည့် အနောက်အရပ်သို့ ခရီးသွားခြင်းအကြောင်းကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။

ထန်မင်းဆက်လက်ထက်က ဘုန်းတော်ကြီးသည် ၁၇ နှစ်တိုင်တိုင် ခြေလျင်ခရီးသွားခဲ့ပြီး ဗုဒ္ဓကျမ်းစာများကို ပင့်ဆောင်ခဲ့ကြောင်း၊ ယင်းသည် အမှန်တကယ်ဖြစ်ခဲ့သည့်ဖြစ်ရပ်တစ်ခုဖြစ်ပြီး နောက်ပိုင်းတွင် အဆိုပါဖြစ်ရပ်မှာ ပုံပြင်အနေဖြင့်လည်းကောင်း၊ ဝတ္ထုအနေဖြင့်လည်းကောင်း ပျံ့နှံ့ခဲ့ခြင်းဖြစ်ကြောင်း တရုတ်အာဆီယံစင်တာ အတွင်းရေးမှူးချုပ် မစ္စတာမာမင်ချန်းက ပြောသည်။

"နှစ်ပေါင်းရာချီကြာပြီးတဲ့နောက် ခေတ်အဆက်ဆက်အနုပညာရှင်တွေရဲ့ အချောကိုင်ပြီးတဲ့နောက်မှာ အနောက်အရပ်သို့ ခရီးသွားခြင်းဆိုတဲ့ ဝတ္ထုကြီးတစ်ပုဒ် ဖြစ်ပေါ်လာခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

အနောက်အရပ်သို့ခရီးသွားခြင်းမှ မျောက်မင်းဝူခုန်းအဖြစ် သရုပ်ဆောင်ခဲ့သော မင်းသား လုရှောင်လင်းတုန်နှင့် ဝူခုန်းချစ်သူ မန္တလေးပရိသတ်များတွေ့ဆုံပွဲသို့ မန္တလေးမြို့ပေါ်ရှိ တရုတ်စာသင်ကျောင်းမှ ကျောင်းသူကျောင်းသားများ၊ ဝူခုန်းပရိသတ်များတက်ရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ဝူရှုးဆပ်ကော်မတီမှ ကစားသမားများမှ သရုပ်ပြသခဲ့ကြသည်။

"ဒီပွဲမှာ တရုတ်က တာဝန်ရှိသူတွေဟာ တရုတ်မြန်မာချစ်ကြည်ရေး၊ ပေါက်ဖော် ချစ်ကြည်ရေးဆိုပြီး တွင်တွင်ပြောသွားတယ်။ မြန်မာနိုင်ငံကို ဝူခုန်းမင်းသား ရောက်တာနဲ့ တရုတ်မြန်မာချစ်ကြည်ရေး နောက်ကွယ်မှာ တခြားအကြောင်းတွေ ရှိနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗီယက်နမ်မှာ တရုတ်ဆန့်ကျင်ရေး ပြင်းထန်နေလို့ မြန်မာနိုင်ငံမှာ တရုတ်ဆန့်ကျင်ရေး မဖြစ်အောင် သွယ်ဝိုက်တဲ့ နည်းနဲ့ ကြိုတင်ကာကွယ်ခြင်းဖြစ်နိုင်တယ်"ဟု အမည်မဖော်လိုသော တက်ရောက်လာသူတစ်ဦးက ပြောသည်။ **သန်းနိုင်စိုး** ■




**ဂူခုန်းသရုပ်ဆောင်ကို မန္တလေးမြို့မှပရိသတ်နှင့်တွေ့ဆုံပွဲတွင်တွေ့ရစဉ်။** ဓာတ်ပုံ- သန်းနိုင်စိုး








**တောင်သူများက သိမ်းဆည်းခံခဲ့ရသော မြေယာများတွင် ဝင်ရောက်ရှင်းလင်းနေစဉ်။** ဓာတ်ပုံ - လှိုင်ကျော်စိုး

# သိမ်းဆည်းခံရသော ယာမြေများကို တောင်သူများ ဝင်ရောက်ရှင်းလင်း

လှိုင်ကျော်စိုး

**မန္တလေးတိုင်းဒေသကြီး၊** ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်ရှိ စည်ကား၊ ကန်ကြီးကုန်း၊ ညည်င်းသာ၊ မြတ်မင်္ဂလာ၊ အောင်ချမ်းသာ၊ ဇီးတောကျေးရွာများမှ သိမ်းဆည်းခံ တောင်သူများသည် မေလ ၂၃ ရက်နေ့က သိမ်းဆည်းခံရသော ၎င်းတို့၏ ယာမြေများ၌ ပြန်လည်ဝင်ရောက် ခုတ်ထွင်ရှင်းလင်းခဲ့သည်။

"ဒီမြေတွေကို ၁၉၉၅ ခုနှစ်လောက်က ပိုးစာပင်စိုက်ပျိုးဖို့ဆိုပြီး မြေတွေကို သိမ်းဆည်းခဲ့တယ်။ ပိုးဇာပင်တွေက မအောင်မြင်တော့ နောက်ပိုင်း ဆေးဝါးနဲ့ ဆေးသုတေသနကို လွှဲပြောင်းခဲ့တယ်။ တကယ်တော့ မြေတွေက ပိုလျှံနေတယ်။ ၁၉ နှစ်လောက် ဘာမှမစိုက်ပျိုးဘဲ ပစ်ထားလို့ ချုံတွေဖြစ်နေတယ်။ တချို့မြေတွေကိုတော့ တစ်လသုံးထောင့်ငါးရာနဲ့ ပြန်အငှားချထားတယ်။ ဒါ့ကြောင့် ကျွန်တော်တို့မြေတွေမှာ မိုးရာသီအမီ ပြန်စိုက်ပျိုးနိုင်အောင် ပြန်ပြီး ဝင်ရောက်ရှင်းလင်းရတာပါ"ဟု စည်ကားကျေးရွာမှ ဦးစံဝင်းက ပြောသည်။

အသိမ်းခံယာမြေပေါင်း ဧက ၃၀၀ ကျော် ရှိပြီး ရွာပေါင်း ခြောက်ရွာကျော် ပါဝင်ကြောင်း၊ တောင်သူလယ်သမားများက အသိမ်းခံ ယာမြေများကို ပြန်လည်ရရှိလိုပြီး အသိမ်းခံယာမြေများ ပြန်လည်မရရှိပါက ကာလပေါက်ဈေးဖြင့် လျော်ကြေးရရှိလိုကြောင်း အသိမ်းခံ တောင်သူတစ်ဦးဖြစ်သူ မြတ်မင်္ဂလာရွာနေ ဦးဖေသောင်းက ပြောသည်။

"အဓိကတော့ ကျွန်တော့် ယာမြေတွေပြန်ပြီးယူချင်တယ်။ စိုက်ပျိုးမြေတွေမရှိတော့ ကြုံရာလုပ်စားရတာ အရမ်းအခက်ခဲပါတယ်။ သိမ်းထားပြီး ဘာမှမလုပ်ဘဲ ပစ်ထားတာ အခုဆိုရင် ချုံတွေဖြစ်နေတယ်။ သိမ်းတုန်းကလည်း လျော်ကြေးမရခဲ့ပါဘူး။ သိမ်းတာတောင်မသိလိုက်ဘူး။ နှစ်လလောက်နေမှ စာရောက်လာမှသိတယ်" ဟု ၎င်းကပြောသည်။

သိမ်းထားသော ယာမြေများပေါ်တွင် မြေအငှားချထားရာ၌ တစ်လလျှင် ကျပ် ၃,၅၀၀ ပေးဆောင်ရပြီး ခြောက်လတစ်ကြိမ် မြေအငှားစာချုပ်ချုပ်ရကြောင်း၊ ယာမြေငှားခအပြင် ရေဖိုးလည်း တစ်လတစ်ကြိမ်ပေးဆောင်ရကြောင်း၊ အဆိုပါ ယာမြေများကို ငှားရမ်းလုပ်ကိုင်သူ ၇၈ ဦးခန့် ရှိကြောင်း ၁၀ နှစ်ခန့်ငှားရမ်းလုပ်ကိုင်ခဲ့သူ ဦးဖြိုးလင်းဇော်က ပြောသည်။

"ရေဖိုးက တစ်လကို ကျပ် ၁၀,၀၀၀ လောက်ပေးဆောင်ရတယ်။ မြေအငှားက ခြောက်လကို ကျပ် ၁၈,၀၀၀ ပေးရတယ်။ ကိုယ့်ရဲ့မြေကို အသိမ်းခံရပြီး ပြန်လည်ငှားပြီး လုပ်စားနေရတယ်။ ယာမြေတွေအပေါ်မှာ ပန်းနဲ့စတော်ဘယ်ရီတွေ စိုက်ပျိုးပါတယ်။ ကျွန်တော်တို့ ယာမြေတွေကို သိမ်းတာခံလိုက်ရတာ မြေခွန်ကျတော့ ဆောင်ပေးနေရတုန်းပဲ။ အခုဆို အသိမ်းခံရတာ နှစ်ပေါင်း ၁၉ နှစ်လောက် ရှိပြီ" ဟု ၎င်းကပြောသည်။

"တောင်သူတွေကတော့ သူတို့မြေတွေကို ပြန်ပြီးရချင်ကြတယ်။ မြေတွေပြန်ပြီး မရရင် ကာလတန်ကြေး လိုချင်တယ်လို့တော့ ပြောတယ်။ တတ်နိုင်သမျှတော့ ညှိနှိုင်းပေးသွားမှာပါ။ အထက်ကိုလည်း အမြန်ဆုံးတင်ပြသွားမှာပါ။ ကာလတန်ကြေး ရ၊ မရတော့ သေချာပေါက် မပြောနိုင်ဘူး" ဟု ဆေးဝါးလုပ်ငန်းစက်ရုံ စက်ရုံမှူး ဦးသန်းထူးက ပြောသည်။ ■

မြန်မာတိုင်းမ်
MYANMARTIMES
MYANMARTIMES
HEARTBEAT OF THE NATION
မန္တလေးလုပ်ငန်းရှင်များအတွက်
အထူးအခွင့်အရေး
MANDALAY
EXTRA

| Mandalay Classfied Rate | | | |
|---|---|---|---|
| 5cm x 1 col | = | ks | - 10,000 |
| 5cm x 2 col | = | ks | - 20,000 |
| 5cm x 3 col | = | ks | - 30,000 |
| 7cm x 3 col | = | ks | - 40,000 |




CALL: 02-65391, 24450,
24460 09-31448328
FAX : 02-74585

For event guide
Please send email to:
mdyadvertise@gmail.com



# မန္တလေးမြို့တွင် ပန်းစကားမေတ္တာ လှုပ်ရှားမှုပြုလုပ်

မောင်ဇော်

**မိမိနှုတ်ကို** စောင့်စည်းရန် နှိုးဆော်တိုက်တွန်းသည့် ပန်းစကား မေတ္တာလှုပ်ရှားမှုကို မန္တလေးမြို့ ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်၌ ယခုလ ၂၃ ရက်နေ့က လက်ကမ်းစာရွက်များ ဖြန့်ဝေခဲ့ကာ ပြုလုပ်ခဲ့သည်ဟု အဆိုပါလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူ ကိုညီညီကျော်က ပြောသည်။

"ကျွန်တော်တို့ အခုလိုလုပ်တာက ဒီမိုကရေစီသွားနေတဲ့ခေတ်မှာ မိမိရဲ့နှုတ်ကြောင့် မလိုလားအပ်တဲ့ပြဿနာတွေမပေါ်စေချင်လို့၊ ဒီမိုကရေစီသွားနေတဲ့အချိန်မှာ အမှားတွေ မရှိအောင်လို့၊ လွှတ်တော်ကိုယ်စားလှယ်တွေရော၊ အုပ်ချုပ်ရေးအပိုင်းကလူတွေရော၊ တိုင်းဒေသကြီးကလူတွေရော၊ ပြည်သူတွေရော အကုန်လုံးက မိမိနှုတ်ကို စောင့်ထိန်းကြပါ" ဟု ကိုညီညီကျော်က ပြောသည်။

ပန်းစကားလှုပ်ရှားမှု၌ ဝေငှသည့် စာရွက်တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့်အတူ အမုန်းပွား ပြောဆိုမှုများရောပါလာပြီး အဆိုပါ အမုန်းပွားစေသော ပြောဆိုမှုများတွင် တိုင်းပြည်နှင့် လူမှုအဖွဲ့အစည်းအတွက် အန္တရာယ်ဖြစ်စေနိုင်သော ပြောဆိုမှုများ၊ လှုံ့ဆော်မှုများကိုပါ တွေ့မြင်လာခဲ့ကြရသည်။ အဆိုပါပြောဆိုမှုများသည် အမုန်းပွားစေသော ပြောဆိုမှုအဆင့်ကိုကျော်၍ အန္တရာယ်ရှိသော ပြောဆိုမှုအဆင့်သို့ ရောက်ရှိကာ အားကောင်းမှုတစ်ခုကို ရရှိသွားပါက တိုင်းပြည်၏ ရှေ့ဆက်သွားမည့် လမ်းကြောင်းအတွက် ကြီးမားသည့် အနှောင့်အယှက်တစ်ခုဖြစ်လာနိုင်သည်ဟု ယူဆမိပါကြောင်း ပါရှိသည်။

အဆိုပါ ပန်းစကားလှုပ်ရှားမှုအစီအစဉ်ကို ပြုလုပ်သည်မှာ ခြောက်ကြိမ်ရှိပြီဖြစ်ပြီး ယခုအစီအစဉ်တွင် ပြည်သူ ၂၅ ယောက်ခန့်ပါဝင်ခဲ့ပြီး လူမျိုးဘာသာစုံပါသည်ဟု သိရသည်။ အဆိုပါလှုပ်ရှားမှုကို စတင်ကျင်းပစဉ်က အုပ်ချုပ်ရေးပိုင်းက လာရောက်တားမြစ်မှုများရှိခဲ့သော်လည်း နောက်ပိုင်းပြုလုပ်မည့်အစီအစဉ်များတွင် တားမြစ်မှုများမရှိဟု ပါဝင်သူများကပြောသည်။

မိမိတို့နှုတ်ကို စောင့်စည်းရန်ပြုလုပ်သည့် လှုပ်ရှားမှုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ပြုလုပ်ခဲ့ပြီး အထက်မြန်မာပြည်တစ်ခုလုံးတွင်လည်း ပြုလုပ်ရန်အစီအစဉ်ရှိသည်ဟု သိရသည်။ ■



**ပန်းစကားမေတ္တာလှုပ်ရှားမှုကို ၂၆ လမ်းထောင့်တွင်ပြုလုပ်နေစဉ်။** ဓာတ်ပုံ - မောင်ဇော်


# MANDALAY QuickGuide

Advertising Hotline:
02 65391 | 02 74585
www.mmtimes.com

တော်ဝင်စိန်တိုက်

ယဉ်သူထိုက် ဗိုးထည်

Diva fashion
Room(95), Level(2),
Diamond Plaza,Mandalay.
Ph: 09-5168061 ,09-73237629

Diamond Beauty Spa
78th & 77th Street,Bet 33rd & 34th Street,Diamond Plaza,4th Floor,
Mandalay,Myanmar.
Tel: 095-9-47606698,2000260

PEC
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ပညာရိပ်သာ ၊ မန္တလေး။

KMC
ကိုယ်ပိုင်အထက်တန်းကျောင်း
မန္တလေး

ဦးဟာန်မြင့်မောင်
ကိုယ်ပိုင် အထက်တန်းကျောင်း

အောင်သမာဓိ
စိန်ရွှေရတနာဆိုင်
(1) :89th st, Bet 21st & 22nd st,MDY
Ph :02-39730, 02-71744
(2): No.116, 84th st, Bet: 29th& 30thst,
MDY. Ph : 02-66785
(3): No.55, 29th st (Lower block),
YGN. Ph : 01-389922, 01-374488
(4): 14th St, Bet 87th & 88th St,
MDY. Ph : 02-73108

ရွှေသုန္ဒရီ
အထည်ဆိုင်

Ditto fashion
FUJI Classical fashion & Textiles Station
09-6814168 , 09-91042166

LECEA
Mido Cosmetic
Customer Service 09-5137016

HOTEL SHWE PYI THAR
MANDALAY MYANMAR
b-8,PyinOoLwin Road,
Bet:31x32St:Mandalay
02-74402, Fax: 02-74408

NEC
Naypyidaw Engineering Centre

GI Group Express

ဝိန်းစိန် စိန်ရတနာရွှေဆိုင်

သဇင်နွယ်
မြန်မာ့ရိုးရာ ယက္ကန်းဖိုးထည် နှင့် ချည်ထည်အမျိုးမျိုး

YADANAR YOMA INN
No-119/24A,41st Street,
bet:78th&79th Street,
Maharaungmyae Tsp,
Mandalay,Myanmar.
Tel:02-76611,02-76612,
(fax)02-76613
email:
yadanaryomainn@gmail.com

Beauty Mandalay
09-5191469,47003373,402598333

Best Care Beauty Center
Tel:95-9-2017308,91001084

Hotel Queen Mandalay

VEC

Mount Pleasant Hotel
For more information ,
Please contact to
Tel; 067-431155 (16 lines)
067-431133
H.P: 09-8586902,8586903
Fax: 067-431133,431144

ဖြူဖြူ(မန်း) B.A (Myanmar)
Mandalay Center-72
09-4711032609-402653799

Long Style Beauty Saloon
76St,Bet: 32x33 St,
Ph;09-2053849,MDY.

ချင်းတွင်းကောလိပ်

ROYAL ROOFING

စိန်စမွယ်ဖူး
စိန်တိုက်
Email : diamondsabai@myanmar.com.mm
www.seinsabaiphoo.com

ရတီမင်း
နိုင်ငံခြားဖြစ်ဖိုးထည်အမျိုးမျိုး

ဒိုလံပစ်

Pink Lady Beauty Salon
28th St,Bet:76thx77thSt,
Ph:09-43128086

မိုးမြင့်သူ
အလှပြုပြင်ရေး

Arirang
Korean Language Center
No.48, 40th St,
Bet; 72nd & 73rd St,
BJ Complex,
First Floor, Mandalay.
09-2023200

Sea Bird
Foam Store

ပွင့်ရတနာ
စိန်ရွှေရတနာဆိုင်

Advertising here with
ONLY 5000 KYATS
Call:
02-65391
02-74585

Sweet Smiles
09-2060145,09-91014885

Joy House
Food Center
09-43146445

Service
Super Mobile
Phone Sale & Service
Ph: 02-68405,68406,24809